# LIVING COLOR

စီးပွားရေး ကြော်ငြာနှင့်ဈေးဝယ်လမ်းညွှန် သတင်းမဂ္ဂဇင်း

No. 112, OCTOBER, 2004



# မြို့ပြဖွံ့ဖြိုးရေး

Design: Maung Maung Zaw

Photo: KMS(Super King)

5 263 0 2 446 530 3 75 5

## ဒို့တာဝန် အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

## ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက် ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး၊
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး၊
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး၊

## စီးပွားရေးဦးတည်ချက် (၄) ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး၊
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး၊

## လူမှုရေးဦးတည်ချက် (၄) ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး၊
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး၊

EDITORIAL

# အနာဂတ်မြို့ပြများ စနစ်တကျ ဖွံ့ဖြိုးတိုးတက်ရေး

နိုင်ငံတစ်ခု၏ ချမ်းသာကြွယ်ဝမှုနှင့် ခေတ်မီဖွံ့ဖြိုးမှုကို တိုင်းတာသောအခြင်းအရာ များစွာရှိသည့်အနက် ကြီးမားသော အထပ်မြင့်အဆောက်အအုံကြီးများစွာ တည်ဆောက်ထားသည့် မြို့ပြများကို ပြယုဂ်တစ်ခုအဖြစ် သက်သေပြုတတ်ကြသည်။ မှန်ပါသည်။ နိုင်ငံတစ်ခု၏ လက်ရှိ ဖွံ့ဖြိုးမှုအခြေအနေကို ရှုမြင်ရာတွင် ပညာရေး၊ နည်းပညာ၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု၊ စုစုပေါင်းအမျိုးသားထုတ်ကုန်ပမာဏ၊ နိုင်ငံတကာကုန်သွယ်ရေး၊ လျှပ်စစ်စွမ်းအားသုံးစွဲမှု စသဖြင့် စနစ်တကျ တိုင်းတာနိုင်သည့် ပေတံများစွာရှိသည့်အပြင် မျက်မြင်တွေ့နိုင်သော အပြင်ပိုင်းရုပ်ဝတ္ထု တိုးတက်မှုများဖြင့်လည်း အကဲခတ်နိုင်ကြသည်။

ရန်ကုန်မြို့တော်နှင့် မန္တလေးမြို့တော်အပါအဝင် မြန်မာနိုင်ငံအတွင်းရှိ မြို့ကြီးများသည်လည်း အနာဂတ်ကာလ တစ်ခုတွင် ယခုထက်ပို၍ ရုပ်ပိုင်းဆိုင်ရာဖွံ့ဖြိုးမှုများ မလွဲမသွေရရှိလာကြမည် ဖြစ်သည်။ အခြေခံ စီးပွားရေးသီအိုရီတစ်ခုတွင် နိုင်ငံတစ်ခု၏ ဖွံ့ဖြိုးတိုးတက်မှုကို (၁) ကျေးလက်မှ မြို့ပြသို့ ပြောင်းရွှေ့နေထိုင်သူများလာခြင်း၊ (၂) စိုက်ပျိုးရေးအခြေပြုမှ စက်မှုအခြေပြုသို့ ပြောင်းလဲလာခြင်း၊ (၃) အလုပ်လုပ်နိုင်သော အသက်အုပ်စု ရာခိုင်နှုန်းများလာခြင်း စသည့် အချက်သုံးချက်ဖြင့် တိုင်းတာကြောင်း ဖော်ပြထားသည်။

ဖော်ပြပါ အချက်သုံးချက်မှ ပထမနှင့် ဒုတိယအချက်ကြောင့် ကျေးလက်နေ လယ်ယာလုပ်ကိုင်သူများသည် စက်ရုံ အလုပ်ရုံများနှင့် ခေတ်ပေါ်စီးပွားရေးလုပ်ငန်းများတွင် အလုပ်လုပ်ကိုင်ရန် မြို့ပြသို့ ပြောင်းရွှေ့ခြင်းကြောင့်ပင် မြို့ပြလူဦးရေ တဖြည်းဖြည်း တိုးလာသည်။ တိုးလာသည့် လူဦးရေအချိုးနှင့် ကိုက်ညီရန် အိမ်ရာများ၊ အများပြည်သူနှင့်ဆိုင်သောနေရာ၊ အဆောက်အအုံကြီးများလည်း ကျွဲကူးရေပါ တိုးပွားလာရသည်။ ဤနေရာတွင် တိုးပွားဖြစ်ထွန်းလာသော မြို့ပြလက္ခဏာရပ် များတွင် အနာဂတ်၌ သည့်ထက်မက ဖွံ့ဖြိုးလာမည့်အခြေအနေများကို တွက်ချက်စဉ်းစား၍ ပြင်ဆင်ထားသည့်စီမံကိန်းများ ရှိနေရမည် ဖြစ်သည်။

မကြာသေးခင် လပိုင်းများအတွင်း Newsweek ဂျာနယ်တွင် အာရှတိုက်မှ မြို့တော်များ၏ မြို့ပြပေါက်ကွဲမှုနှင့် အထပ်မြင့် အဆောက်အအုံများ၏ အန္တရာယ်အကြောင်း သတင်းဆောင်းပါးတစ်ရပ် ဖတ်ရှုရသည်။ ကုန်ခဲ့သည့် နှစ် ၅၀ ခန့်မှ စတင် ဖွံ့ဖြိုးလာခဲ့သည့် အာရှမြို့တော်ကြီးများတွင် Town Plan ခေါ် မြို့ပြစီမံကိန်းတို့မှာ ရေးဆွဲသူတို့ တင်ကြိုတွက်ချက်မှု အားနည်းခဲ့ခြင်းကြောင့် ရှိနေသော အခြေခံအဆောက်အဦတို့သည် တိုးပွားလာသော လူဦးရေ၏ သုံးစွဲသော စွမ်းအင်နှင့် စွန့်ထုတ်သော အညစ်အကြေးအမှိုက်သရိုက်အတွက် လုံလောက်ပြည့်စုံအောင် ဖြည့်ဆည်းရှင်းလင်းမပေးနိုင်တော့ခြင်းကြောင့် မြို့ပြပေါက်ကွဲမှုအဆင့်မှ အန္တရာယ်ရှိသော အခြေအနေတစ်ရပ်သို့ပင် ပို့ဆောင်ပေးသကဲ့သို့ ဖြစ်နေပေသည်။

ရန်ကုန်မြို့တော်သည်လည်း မကြာမတင်ကာလတစ်ခုအတွင်း အခြားအရှေ့တောင်အာရှမြို့တော်ကြီးများကဲ့သို့ ဖွံ့ဖြိုး တိုးတက်လာမည် ဖြစ်သည်။ ထို့အတူ အခြေခံအဆောက်အဦဆိုင်ရာ အားနည်းချို့ယွင်းချက်များကြောင့် မလိုလားအပ်သော ဘေးအန္တရာယ်များ မကြုံတွေ့စေရန်လည်း စနစ်တကျ တွက်ချက်စဉ်းစားထားရမည် ဖြစ်ပေသည်။

မြေဆီမြေနှစ်ကောင်းသော၊ ရေအလုံအလောက်ရရှိနိုင်သော၊ စဉ်ဆက်မပြတ် ပြုစုထိန်းသိမ်းနိုင်သောနေရာများတွင်မှ ကောက်ပဲသီးနှံများ ဖြစ်ထွန်းရှင်သန်နိုင်သကဲ့သို့ မြို့ပြတစ်ခုအတွက် မဖြစ်မနေလိုအပ်သော အခြေခံအချက်အလက်များ ပြည့်စုံမှ သာလျှင် အမှန်တကယ် ဖွံ့ဖြိုးတိုးတက်သော မြို့တော်ကြီးများ ဖြစ်လာနိုင်ပါသည်။ သို့ဖြစ်ရန် အမှန်တကယ် နားလည်ကျွမ်းကျင် သည့် ပညာရှင်များ၏ စိတ်ကူးအကြံဉာဏ်နှင့် ဖန်တီးတီထွင်မှုများကိုလည်း အသုံးချတတ်ရန် လိုပါသည်။

ရန်ကုန်မြို့တော်၏ အချက်အချာကျနေရာများတွင် ပေါ်ပေါက်လာမည့် အထပ်မြင့်အဆောက်အအုံများသည် အနာဂတ်မြို့ပြ အဆင့်ကို ရည်ရွယ်၍ အခြေခံအဆောက်အဦပိုင်းဆိုင်ရာများကို ပထမဦးစွာ စနစ်တကျ တည်ဆောက်ပြီးမှသာ ရေရှည်တည့်တံ့ ခိုင်မြဲ၍ အမှန်တကယ် ခေတ်မီဖွံ့ဖြိုးသော မြို့တော်ကြီးတစ်ခု ဖြစ်လာနိုင်မည်ဖြစ်ကြောင်း အလေးအနက် ဖော်ပြလိုပါသည်။

**အယ်ဒီတာ**

၂၈-၈-၂၀၀၄

# လုပ်ငန်းမှတ်တမ်း


**Board of Editors**

Chief Editor – ကျော်မင်းဆွေ
Editor In Charge (Production) – မင်းဇင်
Editor In Charge (News) – ကျော်ကျော်အောင်
Senior Executive Editors – ကျော်နိုင်၊ မင်းနိုင်စိုး
Executive Editors – မျိုးညွန့်မောင်၊ အောင်ကျော်မင်း၊ နွေးအိငြိမ့်၊ ခိုင်ချိုဇော်ဝင်းတင်
Research & Development Editor – ဇင်ဇင်သော်
Chief Reporter – သောင်းထိုက်
Staff Reporters – ဆန်းဦး(စီးပွားပညာ)၊ စိုးယုဝေ၊ ထားထားမြင့်၊ ငြိမ်းအိ၊ ကေခိုင်ကျော်

**Art Director**

စိုးသော်တာ

**DTP Department**

Supervisor – မခိုင်
Staff Operators – မင်းမင်းသူ၊ ငုဝါခိုင်

**Accountant**

အေးအေးဆင့်

**Advertising Department**

General Manager – ဖေအောင်ဇင်
Manager (Marketing) – ကျော်သူမြင့်အောင်
Assistant Manager (Design & Planning) – ဇာနည်ဝင်း
Assistant Manager (Admin & Marketing) – စန်းသီတာ
Receptionist – ဖြူဖြူသီ
Marketing Assistants – စောဂေးနေထူး၊ စောဆာကီးလား၊ စောမောင်မောင်လေး၊ ယုဇနလွင်

**Printing House**

General Manager – ကျော်စိုး

**Production**

Supervisor – တင်ဝင်းထွဋ်

**Admin**

Office Superintendent – အောင်ကျော်ဆန်း
Assistant – မိုးကျော်လွင်

**Distribution Department**

သိန်းလွင်၊ စောကပေါ်ထူး

Cover Design – မောင်မောင်ဇော်
Color Seperation – Best Colour
Cover Logo – အောင်မင်း၊ ဘဌေးကြည်၊ မြင့်မောင်ကျော်
Illustrator – soe thaw dar



**Publisher**

ဦးရဲနိုင်ဝင်း (မြဲ– ၃၇၅၅)
အမှတ် ၇၀(တ)၊ ငွေဝတ်မှုန်ရိပ်သာ
ရွှေတောင်ကြား၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။

**Printer**

ခိုင်သန်း၊ Living Color ပုံနှိပ်တိုက် (မြဲ–၀၆၃၄၈)
အမှတ် ၂၇၊ ပြည်လမ်း၊ လှိုင်မြို့နယ်၊ ရန်ကုန်။

**Office**

အမှတ် ၃၈၊ (ပ–ထပ်၊ ယာ) မပိုလမ်း၊ မြေနီကုန်း၊ စမ်းချောင်းမြို့နယ်။
ရန်ကုန်။ ဖုန်း–၅၂၆၃၀၂၊ ၄၄၁၂၁၆၃၊ ဖက်စ်–၅၂၆၃၀၂

**E-mail**

Chief Editor - c-editor@myanmarpartners.com.mm
News Room - myanfo@myanmarpartners.com.mm
Marketing - paz@myanmarpartners.com.mm

**Web Site - www.foreverspace.com.mm**

Photographer – K.M.S (Super King), P.A.Z
B/W Film – PERFECT
Binding – သစ္စာ စာအုပ်ချုပ်

**Upper Myanmar Distributor**

ထွန်းဦးစာပေ၊ မန္တလေး။

Cover Permission – ၇၈၁/၂၀၀၄(၉)
Circulation – ၁၀၀၀
Price – ၅၀၀ ကျပ်


Copyright – Living Color


**ကြော်ငြာနှင့် ဈေးဝယ်လမ်းညွှန်**


## ကျေးဇူးတင်လွှာ

ဤမဂ္ဂဇင်းပါ သတင်း၊ ဆောင်းပါးနှင့် ကုန်ဈေးနှုန်းများအတွက် အကူအညီပေးခဲ့ကြသော OK အီလက်ထရောနစ်၊ ဂမုန်းပွင့်ကုန်တိုက်၊ ကျောက်မြောင်းစတိုး၊ ဘုရင့်နောင်ကုန်စည်ဒိုင်၊ ရွှေအိုးဆန်ဆိုင် (သင်္ကန်းကျွန်း)၊ ဦးဘစိန် အဆင့်မြင့် လျှပ်စစ်၊ ဒေါ်အေး အဆင့်မြင့်လျှပ်စစ်၊ Mr. Slim, Ever Fine, KMD Computer Center, Client Focus Technology Group, Bagan Cybertech, e-Empire၊ စာပေလောက(၃)တို့နှင့် ညောင်ပင်လေးဈေး၊ မင်္ဂလာဈေးမှ မိတ်ဆွေများ၊ စာရေးဆရာ၊ ပန်းချီဆရာ၊ ကာတွန်းဆရာ၊ ဒီဇိုင်းဆရာနှင့် မိတ်ဆွေသင်္ဂဟများ၊ ပုံနှိပ်၊ ဖလင်၊ စာအုပ်ချုပ်အဖွဲ့၊ ရောင်းဝယ်သူများ၊ ငှားရမ်းသူများ၊ ဖတ်ရှုအားပေးသူများနှင့် စာအုပ်ဖြစ်မြောက်ရေးအတွက် အဘက်ဘက်မှ ပါဝင်ကူညီသူအားလုံးကို Myanmar Partners Think Tank Group မှ ကျေးဇူးတင်ရှိပါသည်။

# မာတိကာ


၁ အယ်ဒီတာ့အာဘော်

၄ ယခုလ သတင်းအညွှန်း

၅ ယခုလ အကြိုက်ဆုံးကြော်ငြာ

၆ ယခုလ စိတ်ကြိုက်ကုန်ပစ္စည်း

၇ အကျိုးဆောင်

၈ မြန်မာ့စီးပွားရေးသတင်း

၂၂(R) သတင်းဆောင်းပါး

၃၀ မျက်နှာဖုံးဆောင်းပါး
**မြို့ပြဖွံ့ဖြိုးရေး**
သက်ဇော်

၄၀ အထူးဆောင်းပါး
**မြို့ပြသယ်ယူပို့ဆောင်ရေး**
ညီညီထွန်း(မြို့ပြ)

၄၈ ယနေ့စီးပွားရေးမြင်ကွင်း
**ခေတ်မီမြို့ပြတည်ထောင်ရေးနှင့်**
**မြေငလျင် (ဘယ်အချိန်ပြန်လာမလဲ)**
မျိုးညွန့်မောင်

၅၂ **ခေတ်မီအဆောက်အအုံများနှင့် ရေယိုစိမ့်မှုကာကွယ်ရေး**
မျိုးညွန့်မောင်

၅၄ **အထပ်မြင့်နှင့် ရုပ်သံဆိုင်ရာအစီအမံများ**
ကံရှင်

၅၈ **အဆင့်မြင့်အိမ်ရာများနှင့် ထိန်းသိမ်းကြီးကြပ်ရေးအဖွဲ့အစည်း**
အောင်ကျော်မင်း၊ ကျော်မျိုးညွန့်

၆၃ **ဆောင်းအကြို ဆေးဝါးဈေးကွက်**
အယ်ဒီတာတစ်ဦး

၆၇ **တိုင်းရင်းဆေးပညာ မှားယွင်းအသုံးပြုမှုနှင့် လူမှုရေး အကျိုးဆက်များ**
ထားထားမြင့်

၇၀ **ရန်ကုန်ကုန်စည်ဈေးကွက်** မင်းညွန့်(L.C)

၇၃ **LCCI သင်တန်းများနှင့် ကွန်ပျူတာ စာရင်းကိုင် ဒီပလိုမာမိတ်ဆက်** KKN

၈၀ မြန်မာ့စီးပွားရေးအမြင်
**မြို့တော်ရန်ကုန်၏ အနာဂတ်မြို့ပြအစီအမံ**
ထိုက်အောင်

၈၂ **ပထမဦးစားပေး စီးပွားရေးလုပ်ငန်း (သို့မဟုတ်) ဒေသဂုဏ်သတင်းမြှင့်တင်ခြင်း** မင်းညိုစင်

၈၈ **အထပ်မြင့်အဆောက်အအုံများမှ အဆင့်မြင့်အဆောက်အအုံဖြစ်ရန်** အောင်မျိုး

၉၂ **စနစ်တကျထားရှိသင့်သည့် လူဦးရေဆိုင်ရာမူဝါဒ**
မင်းနိုင်စိုး

၉၅ မြန်မာ့စီးပွားရေးနှင့် GDP ဇင်ဇင်သော်

၁၀၀ ဈေးဝယ်လမ်းညွှန်

၁၀၂ ကာတွန်း
**ဒါရိုက်တာအောင်ကြူကြူ** စိုးသော်တာ

၁၁၂ IT မိတ်ဆက်
မြို့ပြမြေယာစီမံခန့်ခွဲမှုနှင့် GIS စနစ်
ကျော်နိုင်

၁၁၈ ကုမ္ပဏီနှင့် စက်မှုလက်မှုလုပ်ငန်းများ
မိတ်ဆက်
**Asia Winner Industrial Limited**

၁၂၀ ထင်ရှားကျော်ကြား မြန်မာ့စီးပွား

၁၂၃ ရက်စွဲမှတ်တမ်း

၁၂၅ မြန်မာပြည်တွင်လုပ်သည်

၁၂၇ တွေ့ဆုံဆွေးနွေးမှုများ

၁၂၉ ကုန်ဈေးနှုန်း

၁၃၆ တစ်ဦးတည်းကိုယ်စားလှယ်

၁၃၈ ဘယ်ပစ္စည်းဘာ့ကြောင့်

၁၄၂ အတွေးအမြင်
**ဗုဒ္ဓအလိုကျဘောဂဗေဒ**
**(Buddhist Economics) P.A.PAYUTTO**
ကျော်ဝင်း

၁၅၁ **ကျွန်တော် ပန်းချီကုန်သည် (၂၄)**
ဦးလှဝင်း(လေသူရဲတစ်ဦး)

၁၅၅ **စီးပွားရေးလုပ်ငန်းသုံး ၃၆ ပါး**
**စစ်ဗျူဟာကျမ်း (၁၉)** လှထုစိန်ဝင်း

## ADVERTISEMENT OF THE MONTH

# ယခုလ အကြိုက်ဆုံးကြော်ငြာ

ယခုလအကြိုက်ဆုံးကြော်ငြာအဖြစ် မြန်မာတိုင်း(မ်)သတင်းနှင့် စီးပွားရေးဂျာနယ်နှင့် နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြပါရှိသည့် Yangon Directory (ရန်ကုန်လမ်းညွှန်)ကြော်ငြာကို ရွေးချယ်လိုက်ပါသည်။ အဆိုပါကြော်ငြာတွင် လူသိများ ထင်ရှားလိုသော လူ့သဘာဝကို ကောင်းစွာ အသုံးချနိုင်သည့်အပြင် ကြော်ငြာလိုသော ကုန်ပစ္စည်းအပေါ် မှတ်ချက်ပြုသူများကိုလည်း မှန်ကန်စွာ ရွေးချယ်ထားနိုင်သည်ကို တွေ့မြင်ရသည်။ မြန်မာနိုင်ငံတွင် လတ်တလောအောင်မြင်နေသော ကုမ္ပဏီလုပ်ငန်းအချို့မှ Executive Level အဆင့်ရှိသူများက Yangon Directory အား ထောက်ခံအားပေးထားသော စကားလုံးများဖြင့် တင်ဆက်ထားခြင်း၊ ထည့်သွင်းဖော်ပြသည့် သက်ဆိုင်ရာ စာမျက်နှာ၏ ထက်ဝက်နီးပါးခန့် ကြော်ငြာထားခြင်းတို့ဖြင့် စာဖတ်သူများအား အလွယ်တကူ ဆွဲဆောင်နိုင်ခြင်းတို့ကြောင့် ယခုကဲ့သို့ ရွေးချယ်လိုက်ရခြင်း ဖြစ်ပါသည်။



## P R O D U C T   O F   T H E   M O N T H

# ယခုလ အကြိုက်ဆုံးကုန်ပစ္စည်း

ယခုလ စိတ်ကြိုက်ကုန်ပစ္စည်းအဖြစ် အားကစားပုံနှိပ်မီဒီယာတစ်ခုဖြစ်သည့် Olympic ဂျာနယ်ကို ရွေးချယ်လိုက်ပါသည်။ အဆိုပါဂျာနယ်သည် အပြင်အဆင်ကောင်းမွန်ခြင်း၊ ယခင် Olympic ဂျာနယ်နှင့်မတူအောင် ထူးခြားစွာ တင်ဆက်ထားခြင်း၊ မျက်နှာဖုံးဆွဲဆောင်မှုရှိခြင်းနှင့် တစ်ရှိန်ထိုးဈေးကွက် ထိုးဖောက်လာနိုင်ခြင်းတို့ကြောင့် ယခုကဲ့သို့ ရွေးချယ်လိုက်ရခြင်း ဖြစ်ပါသည်။



# အကျိုးဆောင်ကဏ္ဍ

## အိမ်ရောင်းမည်

- ပျဉ်းမနားမြို့နယ် ပေါင်းလောင်းရပ်ရှိ ၄၅ ပေ × ၁၁၀ ပေ မြေကွက်နှင့် တစ်ထပ်တိုက်တစ်လုံး။
- ရန်ကုန်-မန္တလေး လမ်းမပေါ်၌ တည်ရှိပြီး စီးပွားရေး လုပ်ငန်းဆောင်ရွက်ရန် နေရာကောင်း။
- ဂရန်အမည်ပေါက်။
- ညှိနှိုင်းဈေး သိန်း ၁၅၀ (သို့) ကားနှင့်လဲမည်။
- ဖုန်း--၀၅၄-၂၁၆၅၆

## နေအိမ်နှင့် ဝိုင်းမြေ ရောင်းမည်

မြေ ပေ ၈၀ × ပေ ၆၀ ဂရန်မြေပေါ်တွင် နေအိမ် ၃၅ ပေ × ၄၄ ပေ တစ်ထပ်တိုက်နှင့် ၂၀ ပေ × ၅၂ ပေ ဘော်ဒါဆောင်၊ ပါဝါမီတာ၊ အိမ်မီတာ၊ တယ်လီဖုန်း၊ အဝီစိတွင်း(ရေချို)၊ လေမှုတ်စက်၊ ရေလောင်းအိမ်သာ၊ ရန်ကုန်-မန္တလေး (၆)လမ်းသွား ဟုန်ပန်းကားလမ်းမကြီးဘေး အရှေ့ဘက်လှည့်၊ ထောင့်ကွက်၊ ပိုင်ရှင်ကိုယ်တိုင်နေ၊ စက်မှုလုပ်ငန်း လုပ်ကိုင်ခြင်း၊ ဆိုင်ဖွင့်လှစ်ခြင်းလုပ်ငန်းများ လုပ်နိုင်။ ပတ်ဝန်းကျင်လူနေမှု သန့်ပြန့်ပြီး အခြားမြို့နယ်များသို့ ခရီးသွားလာမှု လွယ်ကူသည်။ အချက်အချာကျသည်။ ကျောက်ဆည် တက္ကသိုလ်(စဉ့်ကိုင်-တောမ)၊ ကွန်ပျူတာကောလိပ် (စဉ့်ကိုင်-တအုံကျေးရွာ) ရှိသည်။

- ကျပ်သိန်း ၄၅၀၊ ညှိနှိုင်းဈေး

လိပ်စာ- ဦးမျိုးတင့်

အမှတ်(၁၀၄)၊ ပိတောက်လမ်း၊ ရန်အောင်မြင်ရပ်၊ စဉ့်ကိုင်မြို့၊ ကျောက်ဆည်ခရိုင်၊ မန္တလေး။ ဖုန်း-အိမ်-စဉ့်ကိုင်(၅၉)

## ရောင်းမည်

စက်ဘီးကျွတ်လုပ်ရန် စက်ပစ္စည်းအစုံ၊ နည်းပညာအပါအဝင် အားလုံးရောင်းမည်။ ညှိနှိုင်းဈေး။

ဖုန်း-၂၈၆၀၂၃

## ပညာဒါန

ပညာရေးနယ်ပယ်တွင် ၃၅ နှစ်ကျော်၊ သုတေသနနှင့် ကျမ်းကြီးကြပ်ခြင်းတွင် နှစ်ပေါင်း ၂၀ ကျော် အတွေ့အကြုံရှိခဲ့သော ပါမောက္ခ(အငြိမ်းစား)တစ်ဦးက ဓိဝသိပ္ပံနယ်ပယ်မှ သုတေသနများ၊ ကျမ်းပြုခြင်းများတွင် ဒီဇိုင်းဆွဲခြင်းမှအစ ကျမ်းပြုခြင်းအထိ ပညာဒါနပြုပါမည်။

(၁) တယ်လီဖုန်းဖြင့် ကြိုတင်စုံစမ်းပါ။

(၂) လိုအပ်သော စာရွက်စာတမ်းများအပြည့်အစုံ ယူလာပါ။

(၃) တွေ့ဆုံချိန် စနေနေ့တိုင်း မွန်းလွဲ ၂ နာရီမှ ညနေ ၆ နာရီ အတွင်း

'မင်း' ပညာဒါန၊

အမှတ်-၃၉ (ထိပ်ဆုံးယာဘက်ခန်း)၊ ဆီဆုံလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်။ ကြိုတင်စုံစမ်းရန်-၀၉-၅၀၁၄၆၀၆ (မနှင်း)

## JOB OPPORTUNITY

### (Local Services-Salary in Kyats)

Our established sales and distribution company is seeking for skillful, energetic, initiative candidates who have positive and creative ideas to develop their future with us for the following posts.

**(1) Sales Manager** **M**

Graduate with related operational management experience and training. Good command in English (reading, writing & speaking). Able to work hard. Valid driving license.

**(2) Sales Supervisor** **M**

Graduate with related Supervisory experience and training. Able to work hard. Valid driving license.

**(3) Sales Representative** **M/F**

Graduate. Prefer certain experience in sales. Valid driving license.

Interested candidates send your CV with one recent photo, a copy of Labour Registration card and other relevant documents to PO box 713, Yangon.

## စာအုပ်အဟောင်းများ ဝယ်လိုသည်

၁၉၄၈ ခုနှစ်မတိုင်မီ ကိုလိုနီခေတ်အတွင်း ထုတ်ဝေခဲ့သော မြန်မာစာအုပ်များ ဝယ်ယူလိုပါသည်။

ဆက်သွယ်ရန်-ဦးနေမျိုးသူရ၊ အမှတ်-၅(ခ)၊ ဇေယျာသီရိလမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်။ ဖုန်း-၅၂၆၀၂၉၊ ၀၉-၅၀၀၁၉၈၃

# မြန်မာ့စီးပွားရေးသတင်း

B U S I N E S S N E W S

အမှတ် ၁၁၂ ၂၀၀၄ ခုနှစ်၊ အောက်တိုဘာလ


## အာဆီယံလေ့လာသင်ယူမှုအဖွဲ့အစည်း ထူထောင်မည်

**ရန်ကုန်၊ ဩဂုတ် ၂၃**

အာဆီယံဒေသတွင်း နိုင်ငံအချင်းချင်း ယဉ်ကျေးမှုနှင့် လူမှုဗေဒတို့ကို ပိုမိုသိရှိလာစေရန် အာဆီယံတက္ကသိုလ်များအကြား အာဆီယံလေ့လာသင်ယူမှုအဖွဲ့အစည်း ထူထောင်ရေး (Building ASEAN Studies Learning Societies) ကို (၆)ကြိမ်မြောက် အာဆီယံတက္ကသိုလ်များအဖွဲ့အစည်း ပညာရေးဆိုင်ရာ ဆွေးနွေးပွဲတွင် ဆွေးနွေးခဲ့သည်ဟု ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့ De La Salle တက္ကသိုလ်မှ အဆိုပါဆွေးနွေးပွဲသို့ တက်ရောက်လာသူ ဒေါက်တာ Julio C.Tee Hankee က Living Color သို့ ပြောကြားသည်။

မြန်မာနိုင်ငံမှ အိမ်ရှင်အဖြစ် လက်ခံပြီး ရန်ကုန်တက္ကသိုလ် စိန်ရတုခန်းမ၌ ဩဂုတ်လ ၁၆ ရက်နေ့တွင် စတင်ကျင်းပသည့် (၆)ကြိမ်မြောက် အာဆီယံတက္ကသိုလ်များအဖွဲ့အစည်း ပညာရေးဆိုင်ရာဆွေးနွေးပွဲသို့ လာအိုနှင့် ကမ္ဘောဒီးယားနိုင်ငံမှလွဲ၍ အာဆီယံနိုင်ငံ တက္ကသိုလ်များမှ ဆရာ ဆရာမ၊ ကျောင်းသား ကျောင်းသူ ၃၁ ဦး တက်ရောက်ကြသည်။

ဩဂုတ်လ ၈ ရက်နေ့က မလေးရှားနိုင်ငံတွင် ကျင်းပသော Nation Colloquim ASEAN အစည်းအဝေး၌လည်း မလေးရှားနိုင်ငံခြားရေးဝန်ကြီး ရှိတ်မိုဟာမတ်အလ်ဘာက အုပ်စုတွင်းစွမ်းရည်ကို ပိုမိုနားလည်စေရန် အာဆီယံနိုင်ငံအသီးသီးအား ASEAN Studies Center များ တည်ထောင်သွားရန် တိုက်တွန်းခဲ့သည်။

မလေးရှား နိုင်ငံခြားရေးဝန်ကြီးက ပြောကြားရာ၌ အာဆီယံဒေသအဖွဲ့အစည်းအပေါ် သုတေသနနှင့် လေ့လာမှုများပြုလုပ်နိုင်မည့် အဆိုပါအာဆီယံလေ့လာမှုဌာနကို မလေးရှားတက္ကသိုလ်၌ လက်တွေ့အကောင်အထည်ဖော်နေပြီဟု ဆိုသည်။

ဒေါက်တာ Julio ကမူ အာဆီယံဒေသအတွင်း၌ လက်ရှိ လေ့လာသင်ကြားမှုစနစ်တို့မှာ ကွဲပြားမှုအချို့ ရှိနေကြောင်း၊ အာဆီယံတက္ကသိုလ်အချင်းချင်း Network ချိတ်ဆက်၍ အာဆီယံလေ့လာသင်ယူမှု အဖွဲ့အစည်းများ ထူထောင်ပြီးပါက ဒေသတွင်း ကွဲပြားခြားနားမှုမရှိဘဲ အပြန်အလှန် ကူညီနိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

ရက်သတ္တပတ်နှစ်ပတ် ပုံမှန်ကြာမြင့်သည့် အာဆီယံတက္ကသိုလ်များ အဖွဲ့အစည်းပညာရေးဆိုင်ရာ ဆွေးနွေးပွဲကို ASEAN Universities Network မှ နှစ်စဉ်ကျင်းပပြီး သတ္တမအကြိမ်မြောက် ဆွေးနွေးပွဲကို ဖိလစ်ပိုင်နိုင်ငံမှ အိမ်ရှင်အဖြစ် လက်ခံကျင်းပပေးမည်ဖြစ်ကြောင်း ဒေါက်တာ Julio က Living Color ကို ထပ်လောင်းပြောကြားသည်။

ASEAN University Network အာဆီယံတက္ကသိုလ်များ ချိတ်ဆက်မှုအဖွဲ့အစည်းမှာ ဒေသတွင်းရှိ ကျွမ်းကျင်သူများ၊ ပညာရှင်၊ သိပ္ပံပညာရှင်များ၊ ပညာတော်သင် အများအပြား ပူးပေါင်းဆောင်ရွက်မှု ပိုမိုခိုင်မာလာစေရန် တိုးမြှင့်ပေးမည့် ရည်ရွယ်ချက်ဖြင့် ဖွဲ့စည်းခဲ့ပြီး မြန်မာနိုင်ငံရှိ ရန်ကုန်တက္ကသိုလ် အပါအဝင် အာဆီယံတက္ကသိုလ် ၁၇ ခုတို့ ချိတ်ဆက်ထားရှိသည်ဟု ASEAN Universities Network တွင် ဖော်ပြထားသည်။

ASEAN Universities Network အရ အဖွဲ့ဝင်နိုင်ငံအချင်းချင်း အထူးသဘောတူထားသည့်အချက်များတွင် တက္ကသိုလ်များအကြား ကျောင်းသားပညာတော်သင်များ ဖလှယ်ခြင်း၊ သတင်းအချက်အလက်နှင့် တခြား နည်းပညာရပ်များ ချိတ်ဆက်ဖလှယ်ယူခြင်းတို့ ပါဝင်သည်။

# Online ပေါ်တွင် အသံဖြင့် အပြန်အလှန်ဆက်သွယ်သည့်စနစ် သုံးစွဲသူများပြား

ရန်ကုန်၊ စက်တင်ဘာ ၉

ယခုအခါ ကမ္ဘာတစ်ဝန်းတွင် အင်တာနက်မှ အခမဲ့ရရှိနိုင်သော Chat ခေါ် အသံဖြင့် အပြန်အလှန်ဆက်သွယ်ရေး Software များအား အသုံးပြု၍ ဆက်သွယ်ပြောဆိုသူများတွင် မြန်မာနိုင်ငံသား User ပါဝင်လာမှုသည် တစ်နေ့တခြား များပြားလာနေသည်ကို တွေ့ရကြောင်း အဆိုပါ Chat ဖုန်းအား ရန်ကုန်မြို့တော်၌ စမ်းသပ်အသုံးပြုနေပြီး ပြည်ပ၌လည်း လွန်ခဲ့သော တစ်နှစ်ခန့်မှစ၍ အကျွမ်းတဝင် သုံးစွဲခဲ့ဖူးသူတစ်ဦးက ပြောကြားသည်။

အဆိုပါ ဆက်သွယ်မှုစနစ်သည် တူညီသော Software အသုံးပြုသူ အချင်းချင်း Online မှ အခမဲ့ ဆက်သွယ်ခေါ်ယူနိုင်ကြောင်း၊ အသုံးပြုလိုသူများ အနေနှင့် မိမိကွန်ပျူတာအား အင်တာနက်နှင့် ချိတ်ဆက်ရန် လိုအပ်ပြီး ကွန်ပျူတာတွင် Sound Card ပါဝင်ရမည်ဖြစ်ကြောင်း၊ Head Phone အသုံးပြု၍ အဆိုပါစနစ်အား အသုံးပြုနိုင်ကြောင်း၊ မိမိဆက်သွယ်လိုသူကို ရှာဖွေရာတွင် Software တွင် ပါဝင်သော Search သို့မဟုတ် Directory တွင် ရှာဖွေနိုင်ကြောင်း၊ ဥပမာ-မြန်မာစကားပြောသည့် မြန်မာနိုင်ငံသားကို ရှာဖွေလိုပါက Catagory ရှိ Language တွင် Burmese နှင့် Country တွင် Myanmar ကို ရွေးချယ်၍ ရှာဖွေလျှင် အဆိုပါ Software အသုံးပြုနေသူ User များကို အလိုအလျောက် ရှာဖွေပေးကြောင်း၊ အဆိုပါ အသံဆက်သွယ်ရေး Software တွင် Message အပြန်အလှန် ရေးသားပေးပို့နိုင်သော Messanger လည်း ပါဝင်ကြောင်း ၎င်းက ရှင်းပြသည်။

# အရှေ့ပိုင်းတက္ကသိုလ်တွင် ကျောင်းဆောင်သစ်များ ဆောက်လုပ်

ရန်ကုန်၊ စက်တင်ဘာ ၁၀

ရန်ကုန်တိုင်း သန်လျင်မြို့နယ်ရှိ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်ဝင်းအတွင်း စာသင်ဆောင်သစ်များ ဆောက်လုပ်ခြင်း စီမံကိန်းအား ရဲတံခွန်ကုမ္ပဏီလီမိတက်မှ တာဝန်ယူဆောက်လုပ်လျက်ရှိကြောင်း အဆိုပါကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးက စက်တင်ဘာလဆန်း၌ ပြောကြားသည်။

အဆိုပါဆောက်လုပ်လျက်ရှိသော အဆောင်များမှာ ပင်မ သုံးထပ်ဆောင်နှင့် လေးထပ် စာသင်ဆောင်များဖြစ်ကြောင်း အလားတူ ၂၀၀၆ ခုနှစ်တွင် တက္ကသိုလ်ကျောင်းသားကျောင်းသူများမှာ မိမိတို့တက်ရောက်နေသော တက္ကသိုလ်များတွင်သာ ဘွဲ့ပေးအပ်မည်ဖြစ်သောကြောင့် ဘွဲ့နှင်းဆောင်ကိုပါ တွဲဖက်တည်ဆောက်လျက်ရှိကြောင်း ၎င်းက ပြောကြားသည်။

# ပညာရေးနှင့် ရေရရှိရေးအတွက် အလှူငွေ အားနည်း

ရန်ကုန်၊ ဩဂုတ် ၂၇

ကုလသမဂ္ဂအဖွဲ့အစည်းများအတွက် အလှူရှင်နိုင်ငံကြီးများမှ အလှူငွေထည့်ဝင်ရာတွင် ပညာရေးနှင့် ရေရရှိရေးအတွက် ရရှိသော အလှူငွေမှာ အားနည်းသည်ဟု ကုလသမဂ္ဂကလေးများ ရန်ပုံငွေအဖွဲ့ (UNICEF) မှ ပြန်ကြားရေးအရာရှိ ဦးဖေတင်သိန်းက ဩဂုတ်လ ၂၇ ရက်နေ့၌ စာနယ်ဇင်းများနှင့် တွေ့ဆုံရာတွင် ပြောကြားသည်။

နှစ်စဉ် UN အဖွဲ့အစည်းများအတွက် အလှူငွေများလက်ခံရရှိရာတွင် ကျန်းမာရေးကဏ္ဍအတွက်ရရှိသော အလှူငွေမှာ ခန့်မှန်းထားသည်ထက် ကျော်လွန်သော်လည်း ပညာရေးနှင့် ရေရရှိရေးအတွက် ရရှိသော အလှူငွေမှာ လျာထားချက် မပြည့်မီဟု ၎င်းကဆိုသည်။ အဆိုပါ အလှူငွေအားနည်းမှုကြောင့် မြန်မာနိုင်ငံတွင် အကောင်အထည်ဖော်နေသော UNICEF ၏ 'ဘဝတွက်တာ ကျွမ်းကျင်စရာ' ပညာပေးအစီအစဉ်ကို မြန်မာနိုင်ငံရှိ မြို့နယ်ပေါင်း ၃၂၄ မြို့နယ်အနက် ၁၂၂ မြို့နယ်တွင်သာ အကောင်အထည်ဖော်နိုင်ခြင်းဖြစ်သည်ဟု အဆိုပါအစီအစဉ်မှ တာဝန်ရှိသူ ဒေါက်တာခင်မာအောင်က ပြောကြားသည်။

UNICEF ၏ လူမှုဘဝမှာ ကျွမ်းကျင်စရာ၊ ပျော်ရွှင်ကျန်းမာ ကိုယ်ခန္ဓာ၊ ရောဂါများနှင့် မူးယစ်ဆေး၊ စိတ်ကျန်းမာရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှုကဏ္ဍများ ပါဝင်သည့် 'ဘဝတွက်တာ ကျွမ်းကျင်စရာ' ဘာသာရပ်ကို အခြေခံပညာကျောင်းများ၌ သင်ရိုးဝင်ဘာသာရပ်အဖြစ် ၁၉၉၈ ခုနှစ်မှစ၍ သင်ကြားပေးလျက် ရှိသည်။ ■

# တယ်လီဖုန်း Handset နှင့် အင်တာနက် သင်တန်းတက်ခွင့်ရမည့် Bagan Cybertech ၏ အရောင်းမြှင့်တင်မှု စတင်

**ရန်ကုန်၊ ဩဂုတ် ၁၀**

Bagan Cybertech ၏ အရောင်းမြှင့်တင်ရေးအစီအစဉ်အဖြစ် စက်တင်ဘာလ ၁၆ ရက်မှ ၃၀ ရက်နေ့အတွင်း iPSTAR ဂြိုဟ်တုဆက်သွယ်ရေးစနစ်သုံး အင်တာနက် ဝယ်ယူသူဖောက်သည်များအား ကျပ် ၅၀,၀၀၀ နှင့်အထက်တန်ဖိုးရှိသော Panasonic Phone Handset တစ်လုံးစီ ချီးမြှင့်မည်ဖြစ်ကြောင်း အဆိုပါကုမ္ပဏီ၏ Media & Public Relations Department မှ သိရသည်။

ထို့အပြင် အဆိုပါရက်အတွင်း Dial-Up Internet Access စနစ် ဝယ်ယူသူတိုင်းအား KMD သို့မဟုတ် MIT မှ စဖွင့်လှစ်သော E-mail နှင့် Internet အသုံးပြုနည်း အခြေခံအဆင့်သင်တန်းအား အခမဲ့တက်ရောက်ခွင့်ပြုမည်ဖြစ်ကြောင်း သိရသည်။

၂၀၀၄ ခုနှစ် ဩဂုတ်လဆန်းအထိ ရရှိထားသောစာရင်းများအရ မြန်မာနိုင်ငံတစ်ဝန်းလုံး၌ Bagan Cybertech ၏ iPSTAR ဂြိုဟ်တုဆက်သွယ်ရေးစနစ်သုံး အင်တာနက်အသုံးပြုသူပေါင်း ၉၀၀ ဦးကျော်နှင့် Dial-Up Internet Access အသုံးပြုသူပေါင်း ၂၆,၀၀၀ ဦးကျော် ရှိကြောင်း Sales Office & Service Centre မှ ပြောကြားသည်။

# ရန်ကုန်တက္ကသိုလ် HRD သင်တန်းသားခြောက်ဦး ဂျပန်ပညာတော်သင် စေလွှတ်မည်

**ရန်ကုန်၊ ဩဂုတ် ၂၀**

ရန်ကုန်တက္ကသိုလ် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုဌာန (HRD) အစီအစဉ်ဖြင့် ဖွင့်လှစ်သင်ကြားလျက်ရှိသော ဘွဲ့သင်တန်းများမှ သင်တန်းသားခြောက်ဦးအား ဂျပန်နိုင်ငံ Association of Overseas Technical Scholarship (AOTS) ၏ အစီအစဉ်ဖြင့် ယခုနှစ်ပညာသင်နှစ်အတွင်း ဂျပန်နိုင်ငံသို့ ပထမဦးဆုံး ပညာတော်သင်ဆုအဖြစ် ရွေးချယ်စေလွှတ်မည်ဖြစ်ကြောင်း ရန်ကုန်တက္ကသိုလ် သင်တန်းရေးရာဌာန ဌာနမှူး ဦးမင်းဦးက ပြောကြားသည်။

အဆိုပါသင်တန်းသားခြောက်ဦးမှာ ရန်ကုန်တက္ကသိုလ် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုဌာနအစီအစဉ်ဖြင့် ဒဂုံတက္ကသိုလ်၌ ဖွင့်လှစ်သင်ကြားလျက် ရှိသော B.Sc. Engg. (Information Technology, Electronic နှင့် Engineering Mathematics) သင်တန်းများမှ ဒုတိယနှစ်သင်တန်းသားများဖြစ်ကြောင်းနှင့် AOTS ၏ အစီအစဉ်ဖြင့် ဂျပန်နိုင်ငံ၌ ၂ နှစ်မှ သုံးနှစ်အထိ ပညာရပ်များ လေ့လာဆည်းပူးရမည်ဖြစ်ကြောင်း ၎င်းကဆိုသည်။ ■

# ကွန်ပျူတာ ပြုပြင်ထိန်းသိမ်းတပ်ဆင်ရေး ဒီပလိုမာသင်တန်းသစ် ဖွင့်လှစ်မည်

**ရန်ကုန်၊ ဩဂုတ် ၂၂**

ကွန်ပျူတာပြုပြင်ထိန်းသိမ်းတပ်ဆင်ရေးဒီပလိုမာ (Diploma in Computer Maintenance) ဘွဲ့လွန်သင်တန်းသစ်ကို မန္တလေးကွန်ပျူတာတက္ကသိုလ်နှင့် ရန်ကုန်မြို့အဆင့်မြင့်သိပ္ပံနှင့် နည်းပညာသင်တန်းဌာနတို့တွင် အောက်တိုဘာလ ၁ ရက်နေ့မှစတင်၍ ပထမဦးဆုံး ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန၏ သတင်းထုတ်ပြန်ချက်တစ်ရပ်အရ သိရသည်။

အဆိုပါသင်တန်းသို့ အသက်(၃၀) နှစ်ထက်မကျော်လွန်သည့် B.Sc (Physics) (Hons:) သို့မဟုတ် M.Sc (Physics) သို့မဟုတ် B.C.Sc သို့မဟုတ် B.C. Tech. ဘွဲ့တစ်ခုခု ရရှိထားသူများကိုသာ ရွေးချယ်တက်ရောက်ခွင့်ပြုမည်ဖြစ်ပြီး သင်တန်းကာလမှာ အချိန်ပြည့် တစ်နှစ်ကြာမြင့်မည်ဖြစ်ကြောင်း ယင်းသတင်းထုတ်ပြန်ချက်က ဆိုသည်။

အဆိုပါဘွဲ့လွန်ဒီပလိုမာသင်တန်းသည် အဆင့်မြင့်သိပ္ပံနှင့် နည်းပညာဦးစီးဌာနမှ ပထမဦးဆုံးခေါ်ယူဖွင့်လှစ်သည့် ဝန်ထမ်းသင်တန်းဖြစ်ပြီး သင်တန်းပြီးဆုံးသွားပါက ကွန်ပျူတာတက္ကသိုလ်နှင့် အစိုးရကွန်ပျူတာကောလိပ်များတည်ရှိရာ မည်သည့်ဒေသမဆို သွားရောက်တာဝန်ထမ်းဆောင်ရမည်ဖြစ်ကြောင်း ရန်ကုန်ကွန်ပျူတာတက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာပိုက်တင်က ပြောကြားသည်။

# ၂၀၀၄ ခုနှစ်ကုန်ပိုင်းတွင် ရန်ကုန်မြို့၌ ADSL အင်တာနက်အသုံးပြုသူ ၁၆၀၀ ကျော် ရှိလာမည်

**ရန်ကုန်၊ ဩဂုတ် ၁၂**

ယခုနှစ် ၂၀၀၄ ခုနှစ်ကုန်ပိုင်းတွင် ရန်ကုန်မြို့တော်၌ ADSL (Asymmetric Digital Subscriber Line) စနစ်သုံး အင်တာနက်အသုံးပြုသူဦးရေ ၁၆၀၀ ကျော်အထိ ရှိလာမည်ဖြစ်ကြောင်း Bagan Cybertech မှ ဒါရိုက်တာ ဦးကျော်ကျော်မိုးက ပြောကြားသည်။

၂၀၀၄ ခုနှစ် ဧပြီလကုန်ပိုင်းမှ စတင်၍ ရန်ကုန်မြို့တော်ရှိ တယ်လီဖုန်း Exchange များတွင် အခြေခံအဆောက်အဦများကို တပ်ဆင်ခဲ့ပြီး စမ်းသပ်ကာလအဖြစ် အဆိုပါ ADSL အင်တာနက်စနစ်ကို အသုံးပြုနေသူဦးရေမှာ ယခုအခါ ၂၀၀ ဦးကျော် ရှိသွားပြီဖြစ်ကြောင်း၊ မန္တလေးမြို့တော်၌လည်း အဆိုပါ ADSL အင်တာနက်စနစ်ကို ဇူလိုင်လအတွင်းမှ စတင်၍ စမ်းသပ်တပ်ဆင်အသုံးပြုနေပြီ ဖြစ်ကြောင်းနှင့် လာမည့် ၂၀၀၄ ခုနှစ်ကုန်ပိုင်းတွင် မန္တလေးမြို့တော်၌ အသုံးပြုသူဦးရေ ၄၀၀ ခန့်အထိ ရှိလာမည်ဖြစ်ကြောင်း ၎င်းက ဆိုသည်။

၂၀၀၄ ခုနှစ် ဩဂုတ်လ ပထမပတ်အထိ ရန်ကုန်မြို့တော်အတွင်း တယ်လီဖုန်း Exchange ဇုန်ကြီး ၁၂ ခုရှိ မြို့နယ်ပေါင်း ၂၅ မြို့နယ်၌ ADSL အင်တာနက်စနစ် အခြေခံအဆောက်အဦများကို တပ်ဆင်ပြီးဖြစ်ကြောင်း ၎င်းက ထပ်လောင်း ပြောကြားသည်။

# နိုင်ငံခြားဖြစ် ကွာလတီစက္ကူထုပ်များ ရွက်ရေလျော့

**ရန်ကုန်၊ ဩဂုတ် ၂၄**

နိုင်ငံခြားဖြစ် ကြွေစက္ကူပါကင်ထုပ်များအတွင်း၌ စက္ကူများ ရွက်ရေမပြည့်ဘဲ ပါလာသည့်အတွက် ပုံနှိပ်သူအချို့ အခက်အခဲတွေ့နေရကြောင်း တာမွေမြို့နယ်အတွင်းရှိ ပုံနှိပ်လုပ်ငန်းရှင်တစ်ဦးက ဩဂုတ်လနှောင်းပိုင်းတွင် ပြောကြားသည်။

ရွက်ရေ ၂၅၀ ပါဝင်သည့် ပါကင်ထုပ်တစ်ထုပ်တွင် အနည်းဆုံး ၁၀ ရွက်၊ ၁၅ ရွက်ခန့် လျော့နေတတ်ကြောင်း၊ အထုပ်ရေပမာဏများများ ဝယ်ယူပုံနှိပ်သည့်အခါတွင် လျော့ကျသည့်ရွက်ရေမှာလည်း ပိုမိုများပြားလာသည့်အတွက် ပုံနှိပ်သူနှင့် ထုတ်ဝေသူအကြား များစွာ နားလည်မှု လွဲမှားတတ်ကြောင်း၊ အဓိကအားဖြင့် ကိုရီးယားနိုင်ငံလုပ် ကြွေစက္ကူအချို့တွင် လျော့နေတတ်ကြောင်း ၎င်းက ဆိုသည်။

မြန်မာကွာလတီစက္ကူဈေးကွက်အတွင်း၌ တရုတ်၊ ကိုရီးယား၊ အင်ဒိုနီးရှားနိုင်ငံတို့မှ တင်သွင်းသော အရည်အသွေးမြင့် စက္ကူများ ဈေးကွက်ဝင်လျက်ရှိသည်။ ■

# ပထဝီသတင်းအချက်အလက်စနစ် (GIS) သင်တန်းဖွင့်

**ရန်ကုန်၊ ဩဂုတ် ၁၂**

မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်းနှင့် Myanmar Intergraph တို့ ပူးပေါင်းစီစဉ်မှုဖြင့် ပထမဦးဆုံးဖွင့်လှစ်မည့် GIS (Geographic Information Systems) Certificate Course အမှတ်စဉ် (၁) ကို စက်တင်ဘာလ ၁ ရက်နေ့တွင် ရန်ကုန်မြို့ လှိုင်မြို့နယ်ရှိ Myanmar ICT Park ၌ စတင်ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း Myanmar Intergraph မှ အထွေထွေမန်နေဂျာ ဦးဇော်နိုင်က ပြောကြားသည်။

အဆိုပါသင်တန်းတွင် GIS Fundamentals, Remote Sensing, GPS (Global Positioning System) နှင့် Photogrammetry အခြေခံတို့ကို စာတွေ့လက်တွေ့သင်ကြားသွားမည်ဖြစ်ပြီး သင်တန်းပြီးဆုံးသွားပါက မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်းမှ သင်တန်းဆင်းအောင်လက်မှတ်ချီးမြှင့်မည်ဖြစ်ကြောင်း၊ သင်တန်းချိန်မှာ ညနေ ၅:၀၀ နာရီမှ ၆:၃၀ နာရီအထိ အချိန်ပိုင်းဖြစ်ပြီး သင်တန်းကာလမှာ ရက်သတ္တပတ် ၁၀ ပတ်ကြာမြင့်မည်ဖြစ်ကြောင်း၊ သင်တန်းကြေးမှာ တစ်ဦးလျှင် ၅၀,၀၀၀ ကျပ်နှုန်း သတ်မှတ်ထားပြီး အပတ်စဉ်တစ်ခုလျှင် သင်တန်းသားဦးရေ ၂၀ ဦးသာ လက်ခံသင်ကြားမည်ဖြစ်ကြောင်း ၎င်းက ဆိုသည်။

Myanmar Intergraph ၏ နည်းပညာပံ့ပိုးမှုဖြင့် Diploma in GIS ဘွဲ့လွန်ဒီပလိုမာတစ်နှစ်သင်တန်းကို ရန်ကုန်တက္ကသိုလ် ပထဝီဝင်ဌာန၌ ၂၀၀၀ ပြည့်နှစ်တွင်လည်းကောင်း၊ မန္တလေးတက္ကသိုလ် ပထဝီဝင်ဌာန၌ ၂၀၀၃ ခုနှစ်တွင်လည်းကောင်း လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုဌာန (HRD) အစီအစဉ်အဖြစ် အသီးသီးဖွင့်လှစ်သင်ကြားခဲ့သည်။ ■

# ဝိဇ္ဇာသိပ္ပံတက္ကသိုလ်များ၌ ကွန်ပျူတာသိပ္ပံပညာဌာနများ အရေအတွက် တိုးချဲ့ဖွင့်လှစ်မည်

**ရန်ကုန်၊ ဩဂုတ် ၂၀**

အဆင့်မြင့်ပညာဦးစီးဌာနများ လက်အောက်ရှိ ဝိဇ္ဇာသိပ္ပံတက္ကသိုလ်များ၌ ကွန်ပျူတာသိပ္ပံပညာဌာန (Department of Computer Studies) များအား ဘာသာရပ်ဌာနတစ်ခုအနေဖြင့် အသစ်တိုးချဲ့ဖွဲ့စည်းသွားရန် စီစဉ်လျက်ရှိကြောင်း အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်)မှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

အဆိုပါ ကွန်ပျူတာသိပ္ပံပညာဌာနများမှ B.Sc (Computer Science) ဘွဲ့သင်တန်းများကို ဖွင့်လှစ်ပို့ချသွားမည်ဖြစ်ကြောင်း၊ ယခုနှစ် ၂၀၀၄-၂၀၀၅ ပညာသင်နှစ်အတွင်း ဒဂုံတက္ကသိုလ်နှင့် ရတနာပုံတက္ကသိုလ်တို့တွင် အဆိုပါဌာနသစ်များကို တိုးချဲ့ဖွင့်လှစ်သွားမည်ဖြစ်ပြီး ၂၀၀၄ ခုနှစ် တက္ကသိုလ်ဝင်တန်း စာမေးပွဲအောင်မြင်ထားသူများမှ အရည်အချင်းပြည့်မီသူများကို စိစစ်ရွေးချယ်ကာ တက်ရောက်ခွင့်ပြုမည်ဖြစ်ကြောင်းနှင့် မကြာမီ အခြား ဝိဇ္ဇာသိပ္ပံတက္ကသိုလ်များ၌ပါ တိုးချဲ့ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း ၎င်းက ဆိုသည်။

ယခင်က အဆိုပါ ကွန်ပျူတာသိပ္ပံဘွဲ့သင်တန်းများကို သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန အဆင့်မြင့်သိပ္ပံနှင့်နည်းပညာ လက်အောက်ရှိ ကွန်ပျူတာတက္ကသိုလ်များနှင့် အစိုးရကွန်ပျူတာကောလိပ်များတွင်သာ ပို့ချသင်ကြားခဲ့ရာမှ ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်)ရှိ ရန်ကုန်တက္ကသိုလ်သင်္ချာဌာနလက်အောက်တွင် ၂၀၀၂-၂၀၀၃ ပညာသင်နှစ်မှ စတင်၍ ကွန်ပျူတာသိပ္ပံဒီပလိုမာ (Post Graduate Diploma in Computer Science-PDCS) နှင့် မဟာသိပ္ပံဘွဲ့ (ကွန်ပျူတာသိပ္ပံ) M.Sc (Computer Science) ဘွဲ့လွန်သင်တန်းနှစ်မျိုးကို အဆိုပါဝန်ကြီးဌာနလက်အောက်ရှိ ဝန်ထမ်းများနှင့် တက္ကသိုလ်ကောလိပ်များမှ ဆရာဆရာမများအတွက် ဖွင့်လှစ်သင်ကြားခဲ့ပြီး ၂၀၀၄-၂၀၀၅ ပညာသင်နှစ်တွင် ကွန်ပျူတာသိပ္ပံပညာဌာနအဖြစ် သီးခြားတိုးချဲ့ဖွင့်လှစ်ခဲ့သည်။

ယခုအခါ ရန်ကုန်တက္ကသိုလ် ကွန်ပျူတာသိပ္ပံပညာဌာန၌ PDCS အချိန်ပြည့်နှင့် အချိန်ပိုင်းသင်တန်းနှစ်မျိုးနှင့် M.Sc (Computer Science) ၂ နှစ် အချိန်ပြည့် ဒုတိယအသုတ် ဘွဲ့လွန်သင်တန်းများ ဖွင့်လှစ်ပို့ချလျက်ရှိကြောင်း၊ ပထမအသုတ် PDCS ဘွဲ့ရရှိပြီးသူ ၅၀ ဦးနှင့် M.Sc (Computer Science) ဘွဲ့ရရှိပြီးသူ ၅၀ ဦးတို့အား မကြာမီကျင်းပမည့် ရန်ကုန်တက္ကသိုလ် ဘွဲ့နှင်းသဘင်၌ ဘွဲ့များအသီးသီး ပေးအပ်ချီးမြှင့်သွားမည်ဖြစ်ကြောင်းနှင့် အဆိုပါ ကွန်ပျူတာသိပ္ပံဘွဲ့ရ ဆရာ ဆရာမများမှတစ်ဆင့် သက်ဆိုင်ရာတက္ကသိုလ်များ၌ ကွန်ပျူတာသိပ္ပံပညာဌာနများ တိုးချဲ့ဖွဲ့စည်းထူထောင်ပြီးပါက ပြန်လည်ဆင့်ပွား ပို့ချသင်ကြားသွားမည်ဖြစ်ကြောင်း ရန်ကုန်တက္ကသိုလ် ကွန်ပျူတာသိပ္ပံပညာဌာန ပါမောက္ခဌာနမှူး ဒေါ်နွဲ့နွဲ့ဝင်းက ဆိုသည်။

# ဟိုတယ်ဝန်ထမ်းခန့်ထားရေး ဈေးကွက်သစ်တစ်မျိုးဖြင့် ကျင့်သုံး

**ရန်ကုန်၊ စက်တင်ဘာ ၁၁**

ရန်ကုန်မြို့ပေါ်ရှိ ဟိုတယ်ကြီးများတွင် ဝန်ထမ်းလိုအပ်ချက်အား အလုပ်သင် သင်တန်းသားဝန်ထမ်းသစ်များ ခန့်ထား၍ ဖြေရှင်းနေကြောင်း အဆိုပါဟိုတယ်ကြီးများရှိ အလုပ်သင်ဝန်ထမ်းများထံမှ သိရှိရသည်။

ယခင်က ဝန်ထမ်းလိုအပ်ချက်ကို အမြဲတမ်းဝန်ထမ်း ခန့်ထားခြင်းထက် နေ့စားဝန်ထမ်းအချို့နှင့် အလုပ်သင်ဝန်ထမ်းအချို့ ခန့်ထားခြင်းဖြင့် ဖြေရှင်းလေ့ ရှိကြသည်။ နေ့စားကျွမ်းကျင်ဝန်ထမ်းမှာ ယခင်နှစ်များက တစ်နာရီလျှင် လုပ်အားခ ၄၀ ကျပ်မှ ၈၀ ကျပ်နှုန်းဖြင့် ခန့်ထားပြီး သင်တန်းသားဝန်ထမ်းများကိုမူ တစ်လလျှင် ၁၅ FEC၊ အချို့ဟိုတယ်များတွင် ၆၀၀၀ ကျပ်နှုန်းဖြင့် ခန့်ထားခဲ့ကြကြောင်း၊ ယခုအခါ နေ့စားဝန်ထမ်းထက် သင်တန်းသားအလုပ်သင်ဝန်ထမ်းခန့်ထားခြင်းသာ ရှိပြီး လစာအနေဖြင့် သီးခြားမရရှိဘဲ တာဝန်ချိန်အတွင်း၌ ဟိုတယ်မှ နေ့လည်စာ၊ ညနေစာကျွေးခြင်း၊ လစာအစား ဝန်ဆောင်ခ ခွဲဝေပေးခြင်းတို့ဖြင့် ပြောင်းလဲခန့်ထားလျက် ရှိကြောင်း ရန်ကုန်မြို့လယ် အထပ်မြင့် ဟိုတယ်တစ်ခုတွင် တာဝန်ထမ်းဆောင်နေသူ ဝန်ထမ်းတစ်ဦးက ဆိုသည်။

■

# အစေ့ထုတ်ပြောင်း ပြန်လည်တင်ပို့ခွင့်ပြု

**ရန်ကုန်၊ စက်တင်ဘာ ၁၀**

လယ်ယာထွက်ကုန်သီးနှံတစ်မျိုးဖြစ်သည့် အစေ့ထုတ်ပြောင်းကို ယခင်က ပြည်ပပို့ကုန်အဖြစ် ခေတ္တပိတ်ပင်ထားရာ ပြီးခဲ့သည့် ဩဂုတ်လ ၂၅ ရက်နေ့မှ စတင်၍ ပြန်လည်ခွင့်ပြုလိုက်ပြီဖြစ်ကြောင်း တရားဝင်ထုတ်ပြန်ချက်အရ သိရှိရသည်။

အဆိုပါ ပြောင်းသီးနှံ ပို့ကုန်တင်ပို့မှုအတွက် ပို့ကုန်လိုင်စင် လျှောက်ထားမည့် ကုမ္ပဏီများသည် တင်ပို့လိုသော ပမာဏအတိုင်း လျှောက်ထားနိုင်ပြီဖြစ်ကြောင်း သိရှိရသည်။ အလားတူ ဆီထွက်သီးနှံတစ်မျိုးဖြစ်သည့် နှမ်း ပြန်လည်တင်ပို့ခွင့်ကိုလည်း ပြီးခဲ့သည့်လအတွင်းက ခွင့်ပြုခဲ့မှုတွင် ပို့ကုန်လိုင်စင်ရရှိပြီးနှင့် သဘော်တင်ပြီး နှမ်းများကို တင်ပို့ခွင့်ပြုခဲ့ကြောင်း သိရှိရသည်။

# ကျောက်ဖုန်းများ ရွှေဘိုမြို့တွင် အသုံးပြုနိုင်ဟုဆို

**ရန်ကုန်၊ စက်တင်ဘာ ၃**

ကျောက်မျက်ကုမ္ပဏီများသို့ထုတ်ပေးသော ဆယ်လ်လူလာဖုန်း (ကျောက်ဖုန်း) များကို ရွှေဘိုမြို့တွင် အသုံးပြုနိုင်ကြောင်း မိုးကုတ်မြို့ရှိ ကျောက်မျက်ကုမ္ပဏီတစ်ခုမှ တာဝန်ရှိသူတစ်ဦးက ဩဂုတ်လ ၃၀ ရက်နေ့တွင် Living Color သို့ ပြောကြားသည်။

အဆိုပါကျောက်ဖုန်းများမှာ ရန်ကုန်၊ မန္တလေး၊ မိုးကုတ်၊ မိုင်းရှူးနှင့် ဖားကန့်မြို့များအပြင် ရွှေဘိုမြို့တွင်လည်း အသုံးပြုနိုင်ကြောင်း ၎င်းက ဆိုသည်။ ယခင် CDMA ဖုန်းများမှာ ရန်ကုန်၊ မန္တလေး၊ ပြင်ဦးလွင်နှင့် မိုးကုတ်တို့တွင် အသုံးပြုနိုင်ပြီး GSM ဖုန်းများမှာ ရန်ကုန်၊ မန္တလေးနှင့် ပြင်ဦးလွင်တို့တွင် အသုံးပြုနိုင်သည်။ လောလောဆယ်အနေအထားတွင် ကျောက်ဖုန်းများမှာ ဖုန်းလိုင်းများ နည်းနေသေး၍ သုံးစွဲရလွယ်ကူသည့်အပြင် ဈေးကွက်ပေါက်ဈေးမှာလည်း အနည်းဆုံးဖြစ်ခြင်း၊ ရတနာမြေများတွင်လည်း အသုံးပြုနိုင်ခြင်းတို့ကြောင့် သုံးစွဲရန်သင့်လျော်သည်ဟု လက်ရှိကိုင်ဆောင်သူများက ပြောကြားသည်။

၎င်းကျောက်ဖုန်းများကို ၂၀၀၄ ခုနှစ် ဖွန်လတွင် မန္တလေးမြို့၌ စတင်ထုတ်ပေးပြီး ရန်ကုန်တွင်အသုံးပြုလိုပါက ယခင် ဆယ်လ်လူလာဖုန်းများကဲ့သို့ပင် သက်ဆိုင်ရာ Exchange များသို့ အကြောင်းကြား၍ သုံးစွဲနိုင်သည်။ ယင်းကျောက်ဖုန်းများ၏ နောက်ဆက်တွဲအဖြစ် ရတနာမြေဒေသခံများအား ထုတ်ပေးမည့် ဖုန်းများကိုမူ ရန်ကုန်တွင် ထုတ်ပေးလျက်ရှိကြောင်း သိရသည်။

# ဖုန်းခွံများ ဈေးပြန်ကျဖွယ်ရှိ

**ရန်ကုန်၊ စက်တင်ဘာ ၃**

ကျောက်ဖုန်းများ ချပေးမှုကြောင့် ဖုန်းခွံများ ဈေးတက်နေရာမှ ယခုလပထမပတ်တွင် ဈေးပြန်ကျလာကြောင်း အရောင်းဆိုင်များ၏ ဈေးနှုန်းများအရ သိရသည်။

ယခုကဲ့သို့ ဈေးပြန်ကျလာရခြင်းမှာ ကုမ္ပဏီများမှ မှာယူထားသော ဖုန်းခွံများ ဝင်ရောက်လာခြင်းကြောင့် ဖြစ်သည်ဟု အရောင်းဆိုင်ကြီးတစ်ဆိုင်မှ ဝန်ထမ်း တစ်ဦးက ပြောကြားသည်။ မေလနောက်ဆုံးပတ်ထိ GSM ဖုန်းခွံများ၏ ဈေးနှုန်းမှာ ကျပ်နှစ်သိန်းခွဲမှ သုံးသိန်းဝန်းကျင်ဖြစ်ပြီး TDMA (D-AMPS) ဖုန်းခွံများမှာ ကျပ်တစ်သိန်းဝန်းကျင်သာရှိ၍ ကုမ္ပဏီများမှ သုံးစွဲမည့်သူများထံသို့ ကိုယ်တိုင်ကိုယ်ကျ ကမ်းလှမ်းမှုများ ရှိခဲ့သည်။ သို့ရာတွင် ကျောက်ဖုန်းများချပေးသည့် ဖွန်လဆန်းမှစ၍ ကျပ်နှစ်သိန်းခွဲမှ သုံးသိန်းနှစ်သောင်းအထိ မြင့်တက်လာခဲ့သည်။ တစ်ချိန်တည်းမှာပင် GSM ဖုန်းခွံများမှာလည်း ယင်းကဲ့သို့ ဈေးနှုန်းပြောင်းလဲမှုများကြောင့် ကျပ်ငါးသောင်း တစ်သိန်းခန့် ထပ်တက်လာပြီး သုံးသိန်းခွဲ လေးသိန်းအထိ ဖြစ်လာခဲ့သည်။ ထို့ပြင်ကျောက်ဖုန်းများ၏ နောက်ဆက်တွဲအဖြစ် မိုးကုတ်၊ မိုင်းရှူးနှင့် ဖားကန့်ဒေသများကို ထပ်မံချထားပေးရာ TDMA (D-AMPS) ဖုန်းခွံများမှာ ကျပ်သုံးသိန်းရစ်သောင်းအထိ မြင့်တက်လာ၍ ဈေးကွက်အတွင်း ပစ္စည်းပြတ်လပ်မှုနှင့် ကြုံတွေ့ရပြီး အရောင်းဆိုင်တိုင်းတွင်လည်း ဝယ်၍မရခြင်းများ ဖြစ်ပေါ်ခဲ့သည်။

ထိုကဲ့သို့ ဖြစ်ပေါ်နေရာမှ ဖုန်းခွံများ ပြန်လည်ဝင်ရောက်လာမှုကြောင့် စက်တင်ဘာပထမထပ်တွင် TDMA (D-AMPS) ဖုန်းများမှာ အချို့ဆိုင်များတွင် ကျပ်သုံးသိန်းနှစ်သောင်းပြန်ဖြစ်ခဲ့ပြီးများများယူပါက ဈေးထပ်မံလျှော့ပေးမည်ဟု အရောင်းဆိုင်ကြီးအချို့ထံမှ သိရှိရသည်။ ■

# ရဲတံခွန်မှ ထိုင်းနိုင်ငံသို့ သဘာဝဓာတ်ငွေ့ရောင်းချမှု တိုးမြှင့်မည်ဟုဆို

**ရန်ကုန်၊ စက်တင်ဘာ ၁၀**

တနင်္သာရီကမ်းလွန်ဒေသရှိ ရဲတံခွန် ရေနံနှင့်သဘာဝဓာတ်ငွေ့စီမံကိန်းသည် နောက်ထပ် တွင်းသစ်လေးတွင်းကို ဩဂုတ်လကုန်တွင် တူးဖော်အောင်မြင်ခဲ့ရာ သဘာဝဓာတ်ငွေ့များ တိုးတက်ထုတ်လုပ်လာနိုင်သောကြောင့် ထိုင်းနိုင်ငံသို့ ရောင်းချလျက်ရှိသော သဘာဝဓာတ်ငွေ့ပမာဏကို တိုးမြှင့်နိုင်တော့မည်ဖြစ်ကြောင်း ရဲတံခွန်မှ ၂၀၀၄ ခုနှစ် စက်တင်ဘာလ ၁၁ ရက် တရားဝင်ထုတ်ပြန်သည်။

ထပ်မံတူးဖော်သော တွင်းသစ်များမှ တစ်ရက်လျှင် သဘာဝဓာတ်ငွေ့ ကုဗပေ ၁၄၅ သန်းခန့် ထွက်ရှိနေရာ ရဲတံခွန် ရေနံနှင့် သဘာဝဓာတ်ငွေ့မြေမှ နေ့စဉ် ကုဗပေ သန်း ၅၀၀ အထိ ထုတ်လုပ်ပေးနိုင်တော့မည်ဖြစ်ကြောင်း အဆိုပါထုတ်ပြန်ချက်တွင် ဖော်ပြပါရှိသည်။

အလားတူပင် ရေနံစိမ်း အပေါ့စား ပမာဏကိုလည်း ယခု ထုတ်လုပ်လျက်ရှိသော စည် ၈၇၀၀ မှ ၁၂၀၀၀ အထိ တိုးမြှင့်ထုတ်လုပ်မည်ဖြစ်ကြောင်း ယင်း ထုတ်ပြန်ချက်အရ သိရသည်။

ရဲတံခွန်ကမ်းလွန်နှင့် သဘာဝ ဓာတ်ငွေ့မြေကို ၁၉၉၂ ခုနှစ် နိုဝင်ဘာလတွင် ရဲတံခွန်အစမ်းတွင်း အမှတ်(၁)၌ စတင်တွေ့ရှိခဲ့ပြီး တွင်း ၁၂ တွင်းမှ တူး ဖော်ရရှိခဲ့သော သဘာဝဓာတ်ငွေ့များကို ထိုင်းနိုင်ငံသို့ ၂၀၀၀ ပြည့်နှစ် ဧပြီလတွင် စတင်ရောင်းချခဲ့သည်။

ရဲတံခွန်စီမံကိန်းတွင် အဓိက အစုရှယ်ယာရှင်ဖြစ်သော မလေးရှားအစိုးရပိုင် Petronas International Ltd. မှ ၄၀.၉ ရာခိုင်နှုန်း၊ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း (MOGE) မှ ၂၀.၅ ရာခိုင်နှုန်းနှင့် Nippon Oil Corp မှ ၁၉.၃ ရာခိုင်နှုန်းတို့ အသီးသီး ထည့်ဝင်ထားကြသည်။

# ခရီးသွားကုမ္ပဏီတစ်ခုအား Black List ထည့်သွင်း

**ရန်ကုန်၊ ဩဂုတ် ၁၀**

ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနသည် ရန်ကုန်မြို့ ဗိုလ်ချုပ်အောင်ဆန်းလမ်းနှင့် ၃၃ လမ်းထောင့်တွင် ဖွင့်လှစ်ထားသော Concord Travel & Tours ကုမ္ပဏီအား ဇူလိုင်လအတွင်းက Black List(အမည်မည်းစာရင်း)တွင် ထည့်သွင်းလိုက်ကြောင်း အဆိုပါဝန်ကြီးဌာန၏ ၂၀၀၄ ခုနှစ် ဇူလိုင်လ ၅ ရက် သတင်းထုတ်ပြန်ချက်အရ သိရသည်။

အဆိုပါခရီးသွားကုမ္ပဏီသည် ဥပဒေချိုးဖောက်ကာ လိုင်စင်မရှိဘဲ တရားမဝင်ခရီးသွားလုပ်ငန်း ဆောင်ရွက်နေသောကြောင့် ယင်းသို့ Black List အတွင်း ထည့်သွင်းရခြင်းဖြစ်ကြောင်း သတင်းထုတ်ပြန်ချက်တွင် ဖော်ပြပါရှိသည်။

■

# City Mart ဆိုင်များတွင် အသင်းဝင်ကတ်ဖြင့် ဈေးဝယ်နိုင်

**ရန်ကုန်၊ ဩဂုတ် ၂၈**

City Mart Supermarket ဆိုင်ကြီးများတွင် ဝယ်ယူသော ပမာဏအလိုက် ပြန်အမ်းငွေထုတ်ယူနိုင်ခွင့်၊ ဝယ်ယူထားသောပစ္စည်း ပြန်လဲလှယ်ခွင့်၊ သီးသန့်ချီးမြှင့်မှုများနှင့် အထူးအခွင့်အရေးများ ခံစားခွင့်နှင့် တခြား အခွင့်အရေးခံစားခွင့်များပါဝင်သော City Mart အသင်းဝင်ကတ်စနစ်ကို ၂၀၀၄ ခုနှစ် ဩဂုတ်လမှ စတင်နေပြီဖြစ်ကြောင်း City Mart ၏ အုပ်ချုပ်မှုဒါရိုက်တာဒေါ်ဝင်းဝင်းတင့်က ပြောကြားသည်။

City Mart ၏ အသင်းဝင်ကတ် အစီအစဉ်တွင် City Mart နှင့် အကျိုးတူပူးပေါင်းထားသောလုပ်ငန်း ကုမ္ပဏီ ၄၀ ကျော် ပါဝင်သည်။

မြန်မာနိုင်ငံတွင် အသင်းဝင်ကတ်များစနစ်ကို ဟိုတယ်များနှင့် ကုမ္ပဏီအချို့မှ အကောင်အထည်ဖော်ရန် ကြိုးစားသော်လည်း မြန်မာလူမျိုးများနှင့် ရင်းနှီးမှုနည်းပါးသေးကြောင်း ဩဂုတ်လ ၂၈ ရက်တွင် ပြုလုပ်သော City Mart အသင်းဝင်ကတ်မိတ်ဆက်ပွဲအခမ်းအနားသို့ တက်ရောက်လာသူလုပ်ငန်းရှင်တစ်ဦးက Living Color သို့ ပြောကြားသည်။

City Mart အသင်းဝင်ကတ်အပြင် Member Card ဖြင့် အသင်းဝင်ဖြစ်ရန် အကောင်အထည်ဖော်ခဲ့သော ကတ်များမှာ Today ကုမ္ပဏီ၏ Executive Member Card နှင့် Lorenzo ကုမ္ပဏီ၏ Member Card စနစ်များ ဖြစ်သည်။

■

# ငွေဆောင်တွင် ၂၄ နာရီ လျှပ်စစ်မီးရတော့မည်

**ရန်ကုန်၊ ဩဂုတ် ၂၀**

ရန်ကုန်မြို့တော်နှင့် အနီးဆုံး ပင်လယ်ကမ်းခြေ အပန်းဖြေနေရာနှစ်ခု အနက် တစ်ခုဖြစ်သည့် ငွေဆောင်တွင် ဂျာမနီနိုင်ငံသား စီးပွားရေးလုပ်ငန်းရှင် တစ်ဦးက လျှပ်စစ်ဓာတ်အား ၂၀ မဂ္ဂါဝပ် ထွက်ရှိမည့် လေရဟတ်ကြီးများ အသုံးပြု၍ ၂၄ နာရီ လျှပ်စစ်မီးပေးရန် ပြင်ဆင်နေကြောင်း ငွေဆောင်မှ လာသော သတင်းများအရ သိရသည်။

ယူရိုငွေသန်းချီ၍ ကုန်ကျမည့် အဆိုပါလျှပ်စစ်မီး ရရှိရေးလုပ်ငန်း အကောင်အထည်ဖော်ခြင်းကို ပုဂ္ဂလိကလုပ်ငန်းရှင်တစ်ဦးအနေဖြင့် လတ်တလော အကျိုးအမြတ် မရရှိနိုင်သေးမှန်း သိရှိသော်လည်း ရေရှည်တွင် ဤကမ်းခြေသို့ လာရောက်လည်ပတ်ကြမည့် ပြည်တွင်းပြည်ပ ဧည့်သည်များ အဆင်ပြေစေရေး အတွက် ရည်ရွယ်ခြင်းဖြစ်ကြောင်း၊ ဂျာမနီနိုင်ငံသား ဖြစ်သော်လည်း မြန်မာ လူမျိုးတစ်ဦးလည်းဖြစ်သည့်အတွက် အကျိုးအမြတ်ရရေးသက်သက် မဟုတ်ဘဲ မိမိနိုင်ငံအတွက် တစ်စုံတစ်ရာ အကျိုးပြုနိုင်ရန် ရည်ရွယ်လိုခြင်းကြောင့် ဤလုပ်ငန်း ကို အကောင်အထည်ဖော်ရခြင်းဖြစ်ကြောင်း အဆိုပါပုဂ္ဂိုလ်က ပြောကြားသည်။

လေရဟတ်ကြီးများ တပ်ဆင်ပြီးစီးပါက ငွေဆောင်ကမ်းခြေရှိ ဟိုတယ် အားလုံးသို့ ၂၄ နာရီ လျှပ်စစ်မီး ဖြည့်ဆည်းပေးနိုင်မည့်အပြင် အနီးပတ်ဝန်း ကျင်ရှိ ဘူးခွရောက်ချောင်း၊ ရွာသစ်နှင့် ညောင်မော် ကျေးရွာများကိုပါ လျှပ်စစ် မီးပေးနိုင်မည်ဖြစ်သည်ဟု ငွေဆောင်သတင်းရပ်ကွက်က ဆိုသည်။

အလားတူ ချောင်းသာကမ်းခြေတွင်လည်း ဂျပန်နည်းပညာသုံး လေ အားဖြင့် လျှပ်စစ်ဓာတ်အားပေးခြင်းကို ပြီးခဲ့သည့်နှစ်က စတင် အကောင်အထည် ဖော်ခဲ့ပြီး ဖြစ်သည်။

# ရေထွက်ကုန်ပစ္စည်းတင်ပို့မှုမှ ဝင်ငွေတိုးတက်

**ရန်ကုန်၊ စက်တင်ဘာ ၁၁**

မြန်မာနိုင်ငံ၏ ရေထွက်ကုန်ပစ္စည်း များ တင်ပို့မှုမှ ဝင်ငွေသည် ယခုနှစ် ဧပြီ လမှ ဇူလိုင်လအထိ ငွေကျပ်သန်းပေါင်း ၂၁၉၂ ရရှိခဲ့သဖြင့် ယခင်နှစ်ကထက် ပိုမို တိုးတက်လာသည်ဟု တရားဝင်စာရင်း ဇယားများအရ သိရှိရသည်။

ယခင်နှစ်က တစ်နှစ်လုံး ရရှိခဲ့ သော ဝင်ငွေသည် ကျပ်သန်းပေါင်း ၂၆၅၉ ဖြစ်ပြီး ပြီးခဲ့သည့် ဘဏ္ဍာရေးနှစ်တွင် ပြည်ပတင်ပို့မှု စုစုပေါင်းတန်ချိန် နှစ်သိန်း ကျော်မှ အမေရိကန်ဒေါ်လာ ၁၆၆.၉၅ သန်း၊ ယူရို ၁၉.၉၈ သန်းနှင့် ကျပ်သန်း ၁၁၄၈၃.၉၉ ရရှိခဲ့သည်။ ယခု ဘဏ္ဍာ ရေးနှစ်တွင် ဧပြီလမှ ဇူလိုင်လအထိ တန်ချိန် ၆၀၃၂၅.၄၃ မှ အမေရိကန်ဒေါ်လာ ၄၃.၉၉ သန်း၊ ယူရို ၃.၃ သန်းနှင့် ကျပ်သန်းပေါင်း ၂၈၇၃၁.၉၆ ရရှိခဲ့ပြီးဖြစ်သည်။

# ပထမဆုံးအကြိမ် ငါးရှဥ့်လေလံပစ်ရောင်းချ

**ရန်ကုန်၊ စက်တင်ဘာ ၁၀**

မြန်မာနိုင်ငံ ငါးရှဥ့်လုပ်ငန်းရှင်များ အသင်းမှ ကြီးမှူး၍ တစ်လအတွင်း စုစည်းထားသော ငါးရှဥ့်များကို စက်တင် ဘာလ ၁၀ ရက်နေ့တွင် လေလံပစ်ရောင်း ချခဲ့ရာ ငါးရှဥ့်ကုန်သည် ဒေါ်လွမ်းဆိုသူမှ တစ်ဦးတည်း လေလံဆွဲသွားခဲ့ကြောင်း အင်းစိန်မြို့နယ်ရှိ အဆိုပါအသင်းရုံးမှ တာဝန်ရှိသူက ပြောကြားသည်။

ထိုကဲ့သို့ ငါးရှဥ့်အသင်းမှ စုစည်း ၍ လေလံပစ်ရောင်းချခြင်းမှာ ငါးရှဥ့်ဈေး ကွက်သို့ တရုတ်ပွဲစားများ လာရောက် ဝယ်ယူမှုကြောင့် မြန်မာငါးရှဥ့်ကုန်သည် များ နစ်နာမှုမရှိစေရန်အတွက်ဖြစ်ကြောင်း ၎င်းက ဆိုသည်။

လွန်ခဲ့သည့်လများက ငါးရှဥ့်ဖမ်း သူအချို့သည် ပရုပ်မှုန့်နှင့် ဆပ်ပြာမှုန့် များသုံး၍ ဖမ်းဆီးမှုကြောင့် တရုတ်နိုင်ငံ သို့ တင်ပို့သည့် ငါးရှဥ့်များ အသေအပျောက် ရှိပြီး ငါးရှဥ့်ဈေးအနည်းငယ် ကျသွားခဲ့ သည်။

ယခုအခါ ငါးရှဥ့်ဈေးပြန်ကောင်း လာပြီး ငါးရှဥ့်အဝါ တစ်ပိဿာလျှင် ကျပ် နှစ်ထောင်ရှိကြောင်း၊ ငါးရှဥ့်အဝါနှင့် အနက်တွင် ငါးရှဥ့်အနက်မှာ ရောဂါ ရလွယ်ကူသဖြင့် ငါးရှဥ့်အဝါမှာ ဈေးပိုမို သည်ဟု အဆိုပါအသင်းမှ သိရသည်။

မြန်မာနိုင်ငံတွင် ဧရာဝတီတိုင်း၊ ပဲခူးတိုင်းနှင့် နိုင်ငံအနှံ့အပြားမှ ငါးရှဥ့် များကို တရုတ်နိုင်ငံသို့ တင်ပို့ရောင်းချ နေပြီး စစ်ကိုင်းတိုင်းကလေးမြို့မှ ထွက်ရှိ သော ငါးရှဥ့်များကိုလည်း မန္တလေး ကုန်သည်များမှ တိုက်ရိုက်ဝယ်ယူလျက် ရှိသည်။

■

# မြန်မာ့ကမ်းရိုးတန်း ထိန်းသိမ်းရေးအဖွဲ့ ဖွဲ့စည်း

**ရန်ကုန်၊ ဩဂုတ် ၃၁**

မြန်မာနိုင်ငံ ရခိုင်ကမ်းရိုးတန်းမှ တနင်္သာရီကမ်းရိုးတန်းတစ်လျှောက် သယံဇာတထိန်းသိမ်းရေးနှင့် ရေထုညစ်ညမ်းမှုကာကွယ်ရေးအတွက် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဆောင်သော မြန်မာ့ကမ်းရိုးတန်းထိန်းသိမ်းရေးအဖွဲ့ကို ယခုနှစ် ဇူလိုင်လအတွင်း ဖွဲ့စည်းခဲ့သည်ဟု မွေးမြူရေးနှင့်ရေလုပ်ငန်း ဝန်ကြီးဌာနမှ သိရသည်။

အဆိုပါအဖွဲ့မှ မြန်မာ့ကမ်းရိုးတန်းနှင့် မြန်မာ့ပင်လယ်ပြင်အတွင်း ရေထုညစ်ညမ်းမှုနှင့် ရေနံတင်သင်္ဘောများမှ ဖိတ်စင်ကျသော ရေနံများကြောင့် ရေထုညစ်ညမ်းမှုကို ကာကွယ်သွားမည်ဖြစ်ပြီး၊ ပင်လယ်ပြင်တွင် မိုင်းထောင်၍ ငါးဖမ်းမှုကြောင့် ရေအောက်သန္တာကျောက်တန်းများ ပျက်စီးမှုကိုပါ ကာကွယ်မည်ဟု မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနထံမှ သိရှိရသည်။

မြန်မာနိုင်ငံသည် အလျားမိုင် ၁၄၀၀ ခန့် ရှည်လျားသော ကမ်းရိုးတန်းကို ပိုင်ဆိုင်ထားသည်။

# MCSA အား MCPA သို့ အမည်ပြောင်းလဲ သတ်မှတ်

**ရန်ကုန်၊ ဩဂုတ် ၂၈**

မြန်မာနိုင်ငံ၌ ကွန်ပျူတာပညာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကဆောင်ရွက်လျက်ရှိသည့် အစိုးရမဟုတ်သော လူမှုရေးအဖွဲ့အစည်း (NGO) တစ်ခုဖြစ်သော မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်းအား မူလက အင်္ဂလိပ်ဘာသာဖြင့် Myanmar Computer Scientist's Association (MCSA) ဟု ခေါ်ဝေါ်ခဲ့ရာမှ ဩဂုတ်လ ၂၈ ရက်နေ့တွင် ကျင်းပသည့် အသင်း၏နှစ်ပတ်လည်အစည်းအဝေးမှ စတင်ပြီး Myanmar Computer Professional Association (MCPA) သို့ အမည်ပြောင်းလဲသတ်မှတ်လိုက်ကြောင်း အဆိုပါအသင်း၏ အမှုဆောင်ကော်မတီဝင်တစ်ဦးက ပြောကြားသည်။

၁၉၉၈ ခုနှစ်က တည်ထောင် ဖွဲ့စည်းခဲ့သည့် မြန်မာနိုင်ငံ ကွန်ပျူတာ ပညာရှင်အသင်းသည် ယခုအခါ သက်တမ်း ငါးနှစ်ရှိသွားပြီဖြစ်ပြီး အမှုဆောင်ကော်မတီဝင် ၂၅ ဦးနှင့် အသင်းဝင် (Member) စုစုပေါင်း ၃၇၂၉ ဦးတို့ဖြင့် ဖွဲ့စည်းထားကြောင်း ၎င်းက ဆိုသည်။

# ဂြိုဟ်တုရုပ်သံ ဖမ်းစက်အသစ်များ စွမ်းဆောင်ရည်အသစ်ဖြင့် ပြိုင်ဆိုင်ဝင်ရောက်

**ရန်ကုန်၊ စက်တင်ဘာ ၆**

ယခုလပိုင်းအတွင်း မြန်မာနိုင်ငံ ဈေးကွက်အတွင်းသို့ နည်းပညာမြင့်၍ စွမ်းဆောင်ရည်အသစ်များ ထည့်သွင်းထုတ်လုပ်ထားသည့် ဒစ်ဂျစ်တယ် ဂြိုဟ်တုရုပ်သံဖမ်းစက်များ အပြိုင်အဆိုင် ဝင်ရောက်လာနေကြောင်း ဂြိုဟ်တုစလောင်းဖမ်းစက်နှင့် ဆက်စပ်ပစ္စည်းများ တစ်နိုင်ငံလုံးသို့ လက်ကားဖြန့်ချိသူ လုပ်ငန်းရှင်တစ်ဦးက ပြောကြားသည်။

အသစ်ဝင်ရောက်လာသော ရုပ်သံဖမ်းစက်များအနက် Sky Link D-Box အမှတ်တံဆိပ် ဒစ်ဂျစ်တယ်ဂြိုဟ်တုစလောင်းဖမ်းစက်သည် Agila-2 ဂြိုဟ်တုနှင့် Asia Sat-3 ဂြိုဟ်တုတို့မှ ထုတ်လွှင့်သော ရုပ်သံလိုင်းများကို ဖမ်းယူရာတွင် မကြာခဏ ပြောင်းလဲတတ်သော Hex Code များကို အလိုအလျောက် ပြောင်းလဲပေးနိုင်သည်ဟုဆိုကြောင်း ၎င်းက ပြောကြားသည်။ ယခင်က ဈေးကွက် ရှိနေသော ရုပ်သံဖမ်းစက်တချို့မှာ Agila-2 ဂြိုဟ်တုမှ ထုတ်လွှင့်သော လိုင်းများ၏ Hex Code ကိုသာ အလိုအလျောက် ပြောင်းလဲပေးနိုင်ပြီး အဆိုပါစက်မှာ Asia Sat-3 ဂြိုဟ်တုမှ Zee TV လိုင်းများ၏ Hex Code ကိုပါ ပြောင်းလဲနိုင်သည် ဆိုခြင်းမှာ ထူးခြားချက် ဖြစ်သည်။

ထို့အတူ ဈေးကွက်တွင်း အသစ်ရောက်ရှိသော GA (GA 88 DPR) ဒစ်ဂျစ်တယ်စလောင်းဖမ်းစက်သည် Hex Code များကို အလိုအလျောက် ပြောင်းလဲမပေးနိုင်သော်လည်း Broadband Internet Access တပ်ဆင်ထားရှိသော ဧရိယာအတွင်းတွင် ဂြိုဟ်တုရုပ်သံလိုင်းအားလုံးကို ဖမ်းယူနိုင်သည်ဟုဆိုကြောင်း အဆိုပါပုဂ္ဂိုလ်၏ ပြောကြားချက်အရ သိရသည်။ ယခင် ဈေးကွက်တွင် ရှိပြီးသော စက်များမှာ ထိုကဲ့သို့ Broadband Internet ရှိသည့် ပတ်ဝန်းကျင်တွင် အချို့ ရုပ်သံလိုင်းများကို ဖမ်းယူရာ၌ အလွန်ခက်ခဲကြောင်း ၎င်းက ဆိုသည်။ ■

# ပန်းလှိုင် အထွေထွေရောဂါကုဆေးရုံ ၂၀၀၅ ခုနှစ် နှစ်ဆန်းဖွင့်မည်

**ရန်ကုန်၊ ဩဂုတ် ၂၀**

ရန်ကုန်မြို့ လှိုင်သာယာမြို့နယ် ပန်းလှိုင်ဂေါက်ကွင်းဥယျာဉ်အိမ်ရာဝင်း အတွင်းရှိ ပန်းလှိုင်အထွေထွေရောဂါကု ဆေးရုံသစ်ကြီးကို လာမည့် ၂၀၀၅ ခုနှစ် ဇန်နဝါရီလအတွင်း ဖွင့်လှစ်နိုင်ရန် ရည်မှန်းထားကြောင်း အဆိုပါဆေးရုံအား ၃၅ ရာခိုင်နှုန်း ရင်းနှီးမြှုပ်နှံပိုင်ဆိုင်ထားသည့် FMI Co., Ltd. ၏ ဒါရိုက်တာအဖွဲ့ ဥက္ကဋ္ဌ ဦးသိမ်းဝေက ပြောကြားသည်။

အဆိုပါဆေးရုံသစ်ကြီးကို ယမန်နှစ်က ဖွင့်လှစ်ရန် ရည်ရွယ်ခဲ့သော်လည်း ငွေကြေးလည်ပတ်မှုအခက်အခဲကြောင့် ဆေးရုံတည်ဆောက်မှုအပိုင်းတွင် ကိုးလခန့် နှောင့်နှေးကြန့်ကြာခဲ့ရကြောင်း၊ ၂၀၀၃ ခုနှစ် ဒီဇင်ဘာလမှစတင်ပြီး အရှိန်အဟုန်ဖြင့် ပြန်လည်တည်ဆောက်နိုင်ခဲ့ကြောင်း၊ အဆောက်အအုံ တည်ဆောက်မှုအပိုင်းမှလွဲ၍ အခြားလိုအပ်သောလုပ်ငန်းများဖြစ်သည့် ဆေးရုံစီမံအုပ်ချုပ်ရေးတွင် အသုံးပြုမည့်စနစ်များနှင့် စံချိန်စံညွှန်းများ သတ်မှတ်ခြင်း၊ အရည်အချင်းပြည့်ဝသော ပညာရှင်များနှင့် ဝန်ထမ်းများ ရွေးချယ်ခန့်ထားခြင်း၊ ဆေးရုံလုပ်ငန်းသုံး ကိုယ်ပိုင် Software များရေးသားခြင်း စသည်တို့ကို ဆောင်ရွက်ပြီးဖြစ်ကြောင်း ၎င်းက ဆိုသည်။

မြန်မာနိုင်ငံ၏ ပထမဦးဆုံးသော ပုဂ္ဂလိကပိုင် နိုင်ငံတကာအဆင့်မီ အထွေထွေရောဂါကုဆေးရုံသစ်ကြီးဖြစ်လာမည့် အဆိုပါပန်းလှိုင် အထွေထွေရောဂါကုဆေးရုံသစ်ကြီးကို ထိုင်းနိုင်ငံ ဘန်ကောက်မြို့ရှိ Bumrungrad Hospital International ၏ စီမံခန့်ခွဲမှုဖြင့် လည်ပတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

# မြန်မာ-လာအို ချစ်ကြည်ရေးကြိုးတံတား တည်ဆောက်ရန်ရှိ

**ရန်ကုန်၊ စက်တင်ဘာ ၁၁**

မြန်မာနှင့် လာအို နှစ်နိုင်ငံနယ်စပ်တွင် ဖြတ်သန်းစီးဆင်းလျက်ရှိသည့် မဲခေါင်မြစ်ကို ဖြတ်သန်း၍ ချစ်ကြည်ရေး ကြိုးတံတားတစ်ခုကို သုံးနှစ်တာကာလအတွင်း အပြီးတည်ဆောက်သွားဖွယ်ရှိကြောင်း ၂၀၀၄ ခုနှစ် ဩဂုတ်လထုတ် နိုင်ငံပိုင်သတင်းစာပါ ဆောက်လုပ်ရေးဝန်ကြီးဌာန၏ တင်ဒါခေါ်ယူသည့် ကြော်ငြာအရ သိရသည်။

အဆိုပါကြိုးတံတားတည်ဆောက်ရန်အတွက် လိုအပ်သည့် အသေးစိတ်ပုံကြမ်းမှတစ်ဆင့် တည်ဆောက်ရေးလုပ်ငန်းများ၊ ဆောက်လုပ်ရေးသုံးပစ္စည်းများ၊ စက်ပစ္စည်းများ ပေးသွင်းခြင်းများ တင်ဒါခေါ်ယူထားပြီး သုံးနှစ်ဆိုင်းငံ့ငွေချေစနစ်ဖြင့် ခေါ်ယူထားခြင်း ဖြစ်သည်။ အဆိုပါ မြန်မာ–လာအို ချစ်ကြည်ရေးကြိုးတံတားတည်ဆောက်ရေးနှင့်ပတ်သက်သည့် အသေးစိတ်အချက်အလက်များကို စီမံကိန်းဌာန၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း အမှတ် ၆၀၊ ရွှေတိဂုံဘုရားလမ်းတွင် ဒီဇင်ဘာလ ၃၁ ရက်နေ့ထက် နောက်မကျစေဘဲ အမေရိကန် ဒေါ်လာ ၄၀၀၀ ပေးသွင်း၍ စုံစမ်းနိုင်ကြောင်း ဖော်ပြထားသည်။

# ၂၀၀၃-၂၀၀၄ ဘဏ္ဍာရေးနှစ်အတွင်း MCSA မှ ပညာတော်သင် ၈၀ ဦး စေလွှတ်ခဲ့

**ရန်ကုန်၊ ဩဂုတ် ၂၈**

၂၀၀၃–၂၀၀၄ ဘဏ္ဍာရေးနှစ်အတွင်း မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်း (MCSA) မှ MCSA Exam အောင်မြင်ပြီးသူ လူငယ် ၁၄၀ ဦးအနက် ၈၀ ဦးအား ပြည်ပသို့ ပညာတော်သင် ရွေးချယ်စေလွှတ်ခဲ့ကြောင်း အသင်းအတွင်းရေးမှူး ဦးခွန်ဦးက ဩဂုတ်လ ၂၈ ရက်နေ့တွင် ပြောကြားသည်။

နိုင်ငံတကာတွင် ဖွံ့ဖြိုးတိုးတက်လျက်ရှိသော ကွန်ပျူတာပညာရပ်များကို လေ့လာဆည်းပူးခွင့်ရရှိစေရန် ကွန်ပျူတာပညာရှင်အသင်းဝင်လူငယ်များကို နိုင်ငံခြားပညာတော်သင်အဖြစ် မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်းမှ ရွေးချယ်ပေးပြီး မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်က နှစ်စဉ် စီစဉ်စေလွှတ်လျက်ရှိရာ အဆိုပါလူငယ် ၈၀ ဦးအား အိန္ဒိယ၊ ဂျပန် (AOTS) နှင့် ဂျပန် (CICC) တို့သို့ စေလွှတ်ခဲ့ခြင်းဖြစ်ကြောင်း ၎င်းက ဆိုသည်။

မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်မှ ၂၀၀၃–၂၀၀၄ ခုနှစ်အထိ ဂျပန်နိုင်ငံသို့ ၁၀၈ ဦး၊ အိန္ဒိယနိုင်ငံသို့ ၄၂ ဦး၊ စင်ကာပူနိုင်ငံသို့ ၂၀ ဦး စုစုပေါင်း ၁၇၀ ဦး နိုင်ငံခြားပညာတော်သင် စေလွှတ်ခဲ့ပြီးဖြစ်ကြောင်း အသင်းချုပ်၏ ထုတ်ပြန်ထားသော အစီရင်ခံစာအရ သိရသည်။

■

## ပုံစံပြောင်းကားများ လိုင်စင်ထုတ်မပေးဟုဆို

**ရန်ကုန်၊ စက်တင်ဘာ ၁၁**

ပြည်တွင်းစက်မှုဇုန်များမှ တပ်ဆင်ထုတ်လုပ်သော ယာယီနံပါတ်ဖြင့် ပုံစံပြောင်းကားများကို တရားဝင်လိုင်စင် ထုတ်မပေးကြောင်း စက်တင်ဘာလ ၈ ရက်တွင်ပြုလုပ်သော စက်မှုဇုန်အစည်းအဝေးတွင် စက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက ပြောကြားခဲ့သည်ဟု စက်မှုဇုန်ကြီးကြပ်ရေးကော်မတီမှ သိရှိရသည်။

ထို့ပြင် ပြည်တွင်း၌ ထပ်မံတင်ဆင်ထုတ်လုပ်မည့်ကားများကို ကိုယ်ထည်နှင့် ဖရိန်တို့အား အခြားကားများနှင့် မတူညီသည့် ကိုယ်ပိုင်ပုံစံအသစ်ဖြင့် ထုတ်လုပ်ရမည်ဖြစ်ကြောင်း၊ အင်ဂျင်နှင့် ဂီယာအစိတ်အပိုင်းများကိုသာ ပြည်တွင်း၌ မပြုလုပ်နိုင်သေး၍ ပြည်ပမှ တင်သွင်းအသုံးပြုခွင့် ခွင့်ပြုမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်ဟု ၎င်းက ဆိုသည်။

## ယုဇနဥယျာဉ်မြို့တော်အတွင်း အီလက်ထရွန်နစ်ပစ္စည်း လိမ်လည်မှုဖြစ်ပွား

**ရန်ကုန်၊ ဇူလိုင် ၃၀**

ဒဂုံဆိပ်ကမ်းမြို့နယ် ယုဇနဥယျာဉ်မြို့တော် (၉၄) ရပ်ကွက်တွင် ဇူလိုင်လအတွင်းက အီလက်ထရွန်နစ်ပစ္စည်းများအား လိမ်လည်ယူဆောင်၍ ရောင်တိမ်းမှု တစ်ခု ဖြစ်ပွားခဲ့ကြောင်း ယုဇနဥယျာဉ်မြို့တော်အတွင်း နေထိုင်သူတစ်ဦးက ပြောကြားသည်။

ယုဇနဥယျာဉ်မြို့တော်အတွင်း အေဘလောက် ၇ လမ်းရှိ တိုက်အမှတ် ၁၅ တွင် မြေညီထပ်အခန်းအား သုံးဦး ပူးတွဲငှားရမ်းပြီး အီလက်ထရွန်နစ် ပြင်ဆိုင်တစ်ဆိုင် ဖွင့်လှစ်ခဲ့ကြောင်း၊ အဆိုပါဆိုင် ဖွင့်လှစ်ပြီး နှစ်လခန့်အကြာ ဇူလိုင်လ ၂၉ ရက်နေ့ ည ၈ နာရီခန့်တွင် လာရောက်အပ်နှံထားသော ပစ္စည်းများအား ယာဉ်အမှတ် ၆က/၈၈၂၆ ဖြင့် တင်ယူ၍ ထွက်ပြေးသွားရန် ပြင်ဆင်နေစဉ် အဆိုပါ တိုက်တွင် နေထိုင်သူတစ်ဦးမှ တွေ့မြင်သဖြင့် ရဲစခန်းသို့ ဖုန်းဆက်အကြောင်းကြားပေးခဲ့ကြောင်း ၎င်းက ဆိုသည်။ ဇူလိုင်လ ၃၀ ရက်နေ့တွင် အဆိုပါသုံးဦးအား ဖမ်းဆီးရရှိခဲ့ကြောင်း ယုဇနဥယျာဉ်မြို့တော်ရှိ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့စခန်းမှ တာဝန်မှူးက ပြောကြားသည်။

အဆိုပါဆိုင်တွင် ပစ္စည်းအပ်နှံထားသူတစ်ဦးက ၎င်း၏ ပစ္စည်းများအပ်ထားသည့် ကာလကြာမြင့်လှပြီ ဖြစ်သော်လည်း သွားရောက် ရွေးယူတိုင်း ယင်းဆိုင်မှ မရရှိသေးဟုသာ ဖြေဆိုခြင်းနှင့် ကြုံရကြောင်း ၎င်းက ဆိုသည်။

အပ်နှံထားကြသည့် အီလက်ထရွန်နစ်ပစ္စည်းများအား ယုဇနဥယျာဉ်မြို့တော်ရှိ မြန်မာနိုင်ငံရဲတပ်ဖွဲ့စခန်းတွင် လာရောက်ရွေးယူနိုင်ကြောင်း နိုးဆော်ချက်စာ အဆိုပါအိမ်ရာအတွင်း ထုတ်ပြန်ကြေညာသည်။ ■

## ဆရာဝန်အချို့ကြောင့် လူထုကျန်းမာရေး ဆောင်ရွက်မှုအားနည်း

**ဒေါက်တာမြဦး**

**ရန်ကုန်၊ ဩဂုတ် ၂၅**

ကျေးလက်ဒေသများသို့ မသွားရောက်လိုသည့် ဆရာဝန်အချို့ကြောင့် ကျန်းမာရေးဝန်ကြီးဌာန၏ လူထုကျန်းမာရေးဆောင်ရွက်မှု (Public Health Activities) မှာ အားနည်းနေသေးသည်ဟု ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦးက ဩဂုတ်လ ၂၅ ရက်တွင် ကျင်းပသော မြန်မာနိုင်ငံ ဆေးပညာရှင်များအဖွဲ့ နှစ်ဝက်စုံညီအစည်းအဝေး၌ ပြောကြားသည်။

အထူးသဖြင့် ကျေးလက်ဒေသများအချို့တွင် ဆရာဝန်မရှိသည့် ပြဿနာကြောင့် ကျေးလက်ကျန်းမာရေးလုပ်ဆောင်မှုမှာ အားနည်းနေကြောင်း HIV၊ တီဘီ၊ ငှက်ဖျား စသော ကူးစက်ရောဂါများကို ထိန်းချုပ်ရန် မြို့နယ်များတွင် ဆရာဝန်များရှိသော်လည်း ကျေးလက်ဒေသများသို့ ဆရာဝန်များက မသွားချင်ကြဟု ၎င်းက ဆိုသည်။

ထို့ကြောင့် အားနည်းချက်များကို ဖော်ထုတ်၍ လူထုကျန်းမာရေး (Pulic Health) ထိထိရောက်ရောက် ဆောင်ရွက်ရန် မြို့နယ်ကျန်းမာရေးအရာရှိများနှင့် သူနာပြုများကို သင်တန်းများ ပို့ချရန် လိုအပ်နေသည်ဟု ဒုတိယဝန်ကြီးက ပြောကြားသည်။

ဩဂုတ်လ ၂၅ ရက်တွင် ကျင်းပသော မြန်မာနိုင်ငံ ဆေးပညာရှင်များအဖွဲ့ နှစ်ဝက်စုံညီအစည်းအဝေးသို့ မြန်မာနိုင်ငံဆေးပညာရှင်အဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသူ စုစုပေါင်း ၂၅၀ ခန့် တက်ရောက်ခဲ့သည်။ ■

## ရော်ဘာလုပ်ငန်းရှင်များအသင်း ဖွဲ့စည်းမည်

**ရန်ကုန်၊ ဩဂုတ် ၁၃**

ရော်ဘာပို့ကုန်ပမာဏတိုးတက်ရေးအတွက် ရော်ဘာလုပ်ငန်းရှင်များအသင်းကို ဖွဲ့စည်းရန် မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) က ရော်ဘာလုပ်ငန်းရှင်များထံ အဆိုပြုလွှာတောင်းခံခဲ့သည်ဟု မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ်ရှိ ရော်ဘာခြံလုပ်ငန်းရှင်တစ်ဦးက ဩဂုတ်လဆန်းတွင် Living Color သို့ ပြောကြားသည်။

မြန်မာ့နစ်ရှည်ပင်လုပ်ငန်းမှ ဦးဆောင်ဖွဲ့စည်းမည့် ရော်ဘာလုပ်ငန်းရှင်များအသင်းတွင် ရော်ဘာခြံပိုင်ရှင်များနှင့် ရော်ဘာပြည်ပသို့ တင်ပို့နေသူများပါဝင်မည်ဖြစ်ကြောင်း၊ ရော်ဘာစိုက်ပျိုးရေး သက်ဆိုင်ရာနယ်မြေအလိုက် ရော်ဘာစိုက်ပျိုးရေး ကိုယ်စားလှယ်တစ်ဦးစီ ထားရှိရန် ရည်မှန်းထားကြောင်း၊ သို့သော်စုစည်းညှိနှိုင်းမှု အများအပြား ပြုလုပ်ရမည်ဖြစ်၍ အသင်းဖြစ်တည်ရန် အချိန်ကြာဦးမည်ဖြစ်ကြောင်း အဆိုပါလုပ်ငန်းရှင်က ဆိုသည်။

မြန်မာနိုင်ငံတွင် ရော်ဘာကို ပဲခူးတိုင်း အင်းတကော်၊ မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် အနှံ့အပြားစိုက်ပျိုးနေပြီး မြန်မာနိုင်ငံ မြောက်ဘက်ပိုင်း ကချင်ပြည်နယ်တွင်ပါ စမ်းသပ်စိုက်ပျိုးလျက်ရှိသည်ဟု ရော်ဘာစိုက်ပျိုးသူတစ်ဦးက ပြောကြားသည်။

## ဆိတ်၊ သိုး မျိုးရည်ချောင်းများ တင်သွင်းဖွယ်ရှိ

**ရန်ကုန်၊ စက်တင်ဘာ ၁၁**

မြန်မာနိုင်ငံ၏ မွေးမြူရေးကဏ္ဍအတွင်း မူဝါဒသစ်တစ်ရပ်အဖြစ် အရှိန်အဟုန်ဖြင့် လုံ့လဆော်ဆောင်ရွက်လာသော ဆိတ်နှင့် သိုးမွေးမြူရေးအတွက် လိုအပ်သည့် မျိုးကောင်းမျိုးသန့်များ ရရှိနိုင်ရန် ယင်းတို့၏ မျိုးရည်ချောင်းများကို တင်သွင်းဖွယ်ရှိကြောင်း ပုဂ္ဂလိက မွေးမြူရေး ဆရာဝန်တစ်ဦးက ဆိုသည်။

မြန်မာနိုင်ငံတွင် ယခင်က နွားမျိုးရည်ချောင်းများ တင်သွင်းမှုရှိခဲ့ပြီး (Living Color No-111 သတင်းဖော်ပြပြီး) တရုတ်နိုင်ငံမှ တင်သွင်းသော မျိုးရည်ချောင်းများများကြောင်း၊ ယခင်နှစ်ပေါင်းများစွာက နွားမျိုးရည်ချောင်း တင်သွင်းမှုရှိခဲ့ပြီး ဥရောပဒေသများမှသာ တင်သွင်းလေ့ရှိကြောင်း၊ တရုတ်မျိုးရည်ချောင်းမှာ တစ်ချောင်းလျှင် တစ်ဒေါ်လာသာ ကျသင့်ပြီး ဥရောပဒေသမျိုးရည်ချောင်းမှာ ငါးဒေါ်လာခန့် ကျသင့်ကာ မျိုးရည်ချောင်း သယ်ယူရာတွင် အသုံးပြုရသော သေတ္တာများမှာ ဈေးကြီးသည့်အတွက် ယခင် FAO မှ လှူဒါန်းထားသော ဘူးများကိုသာ အသုံးပြုနိုင်သေးကြောင်း ၎င်းက ရှင်းပြသည်။ မြန်မာနိုင်ငံ၏ ရာသီဥတုနှင့် ကိုက်ညီခြင်း၊ စားကျက်မြေကွင်းကျယ်များအလုံအလောက်ရှိခြင်း၊ အိမ်နီးချင်း အစ္စလာမ်နိုင်ငံများမှ အသားလိုအပ်ချက် ဈေးကွက်ရှိခြင်းတို့ကြောင့် ဆိတ်နှင့် သိုးမွေးမြူရေးကို ဆောင်ရွက်လာသည့်နည်းတူ မျိုးကောင်းမျိုးသန့်အတွက် မျိုးရည်ချောင်းများ လိုအပ်လာဖွယ်ရှိခြင်းဖြစ်ကြောင်း အဆိုပါပုဂ္ဂိုလ်က ဆက်လက် ပြောကြားသည်။ ■

## ရှမ်းပြည်နယ်(တောင်ပိုင်း) တယ်လီဖုန်းလမ်းညွှန်-၂၀၀၄ စာအုပ် ထုတ်ဝေ

**ရန်ကုန်၊ စက်တင်ဘာ ၁၀**

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း ရှမ်းပြည်နယ်(တောင်ပိုင်း)နှင့် မြန်မာ့တယ်လီဖုန်းလမ်းညွှန်အဖွဲ့ (Advanced Communications Myanmar Co., Ltd.) တို့ ပူးပေါင်းထုတ်ဝေပြီး Ni Lwin Soe & Associates Co., Ltd. မှ တာဝန်ယူစီစဉ်သည့် ရှမ်းပြည်နယ်တောင်ပိုင်း တယ်လီဖုန်းလမ်းညွှန် ၂၀၀၄ စာအုပ်ကို စက်တင်ဘာလအတွင်း ရှမ်းပြည်နယ်တောင်ပိုင်းရှိ မြို့များတွင်ဖြန့်ချိသွားမည်ဖြစ်ကြောင်း ACM မှ ပြောခွင့်ရပုဂ္ဂိုလ်တစ်ဦးက စက်တင်ဘာလဆန်းပိုင်းတွင် ပြောကြားသည်။

အဆိုပါစာအုပ်တွင် တောင်ကြီး၊ အေးသာယာ၊ ညောင်ရွှေ၊ ပင်လုံ၊ လွိုင်လင်၊ ရပ်စောက်၊ ဗထူး၊ ကလောနှင့် အောင်ပန်းမြို့များရှိ ဌာနဆိုင်ရာနှင့် ပုဂ္ဂလိက တယ်လီဖုန်းလိုင်း ၇၀၀၀ ကျော် ပါဝင်သည့် တယ်လီဖုန်းလမ်းညွှန်အပြင် စီးပွားရေးလမ်းညွှန်ကဏ္ဍ (Yellow Pages) ကိုပါ ထည့်သွင်းထားကြောင်း ၎င်းက ဆိုသည်။

တယ်လီဖုန်းလမ်းညွှန်ကဏ္ဍအား တစ်မြို့ချင်းစီ၏ ဌာနဆိုင်ရာ တယ်လီဖုန်းများ၊ တယ်လီဖုန်းသုံးစွဲသူတို့၏ အမည်အက္ခရာစဉ်အညွှန်းနှင့် ၎င်းတို့၏ ဖုန်းနံပါတ်စဉ်လမ်းညွှန်ဟူ၍ အပိုင်းသုံးပိုင်း ခွဲထားကြောင်း၊ စီးပွားရေးလမ်းညွှန်ကဏ္ဍတွင် စီးပွားရေးလုပ်ငန်းစာရင်းတို့ကို လုပ်ငန်းအမျိုးအစားအလိုက် ဖော်ပြထားကြောင်း၊ စာမူခွင့်ပြုချက်အမှတ် ၆၂၀/၂၀၀၄(၇)နှင့် မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၆၅၂/၂၀၀၄(၈) အရ ထုတ်ဝေခြင်းဖြစ်ကြောင်း အဆိုပါပြောခွင့်ရပုဂ္ဂိုလ်က ထပ်လောင်းပြောကြားသည်။ ■

# ASEAN-TAA အသင်း မြန်မာနိုင်ငံ ဝင်ရောက်မည်

**ရန်ကုန်၊ ဇူလိုင် ၂၉**

မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းရှင်အသင်းသည် အာဆီယံ ခရီးသွားအေဂျင်စီများအသင်း (ASEAN Tourism Agent Association) သို့ လာမည့် အောက်တိုဘာလတွင် ဝင်ရောက်ရန်ရှိကြောင်း ခရီးသွားလုပ်ငန်းရှင်အသင်းမှ တာဝန်ရှိသူတစ်ဦးက ထုတ်ဖော်ပြောကြားသည်။

အဆိုပါအသင်းသို့ ဝင်ရောက်ခြင်းဖြင့် အာဆီယံနိုင်ငံ ခရီးသွားလုပ်ငန်းအချင်းချင်း ပူးပေါင်းဆောင်ရွက်ရေး၊ သတင်းအချက်အလက် ဖလှယ်ရေးတို့တွင် ပိုမို၍ ပူးပေါင်းဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။ မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းရှင်များအနေဖြင့် လာမည့်လများအတွင်း ထိုင်းနိုင်ငံတွင် ကျင်းပမည့် ခရီးသွားပြပွဲ၊ လန်ဒန်တွင် ကျင်းပမည့် WTO အစည်းအဝေးနှင့် လန်ကာဝီတွင် ကျင်းပမည့် အာဆီယံ တိုးရစ်ဇင်ဖိုရမ်သို့ တက်ရောက်ဆွေးနွေးပြသသွားရန်ရှိကြောင်း သိရသည်။

# ယာဉ်ပိုင်ရှင်များကိုလည်း ဒဏ်ငွေနှစ်သောင်း ချမှတ်

**ရန်ကုန်၊ ဩဂုတ် ၁၀**

မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီ (မ.ထ.သ)မှ ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက်များမှနေ၍ သတ်မှတ်စည်းကမ်းဖောက်ဖျက်မှုရှိပါက ၎င်းတို့မောင်းနှင်ပြေးဆွဲမည့် မော်တော်ယာဉ်ပိုင်ဆိုင်သည့် ယာဉ်ပိုင်ရှင်များကိုလည်း အပြစ်ရှိသည်ဟုယူဆ၍ ဒဏ်ငွေ နှစ်သောင်း သတ်မှတ်၍ အရေးယူသွားမည်ဖြစ်ကြောင်း မော်တော်ယာဉ်လုပ်ငန်း ပေါင်းစုံ ထိန်းသိမ်းရေးကော်မတီမှ သိရသည်။

မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီမှ လုပ်အားယှဉ်ပြိုင်ဆုနှင့် လုပ်အားဆုချီးမြှင့်ပွဲ အား ဩဂုတ်လ တတိယပတ်အတွင်း မ.ထ.သ ရုံးချုပ်တွင် ကျင်းပမည်ဖြစ်ရာ ပြေးဆွဲမှုပျက်ကွက်ခြင်းမရှိ၊ စည်းကမ်းဖောက်ဖျက်ခြင်းမရှိသော ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက်များအား လုပ်အားယှဉ်ပြိုင်ဆု ချီးမြှင့်သည့်အခါတွင်လည်း ယာဉ်ပိုင်ရှင်များကိုပါ ဆုချီးမြှင့်မည်ဖြစ်ကြောင်း ၎င်းက ဆိုသည်။

ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက်များအား တူညီယူနီဖောင်း မဝတ်ဆင်ခြင်း၊ မ.ထ.သအဖွဲ့အစည်း၏ တံဆိပ်မတပ်ဆင်ခြင်း၊ ဝန်ထမ်းကူပွန် လက်မခံခြင်း၊ ယာဉ်စီးခ ပိုမိုတောင်းခံခြင်း၊ ခရီးသည်များကို ကိုယ်ထိလက်ရောက်ပြောဆိုပြုမူဆက်ဆံခြင်း အစရှိသည့် စည်းကမ်းများကို ဖောက်ဖျက်ကျူးလွန်မည်ဆိုပါက စွဲချက် ငါးချက်ဖြင့် တရားစွဲဆိုနိုင်ကြောင်း ၎င်းက ထပ်လောင်းပြောကြားသည်။ ■

# ရေချိုရေငန်ပုစွန်နှင့် ငါးသားပေါက်များ ယခင်နှစ်ထက် ပိုမိုရောင်းနိုင်မည်

**ရန်ကုန်၊ စက်တင်ဘာ ၁၀**

မြန်မာနိုင်ငံ ရေချိုရေငန်ပုစွန်နှင့် ငါးသားပေါက်များကို ယခင်နှစ်ကထက် ပိုမို၍ ရောင်းချရဖွယ်ရှိသည်ဟု ပုစွန်မွေးမြူရေးလုပ်ငန်းရှင်တစ်ဦးက စက်တင်ဘာလဆန်းက ပြောကြားသည်။

အဆိုပါ သားပေါက်ရောင်းချမှုတွင် ယခုနှစ် ဧပြီမှ ဇူလိုင်လအထိ ရေချိုရေငန်ပုစွန်သားပေါက် ကောင်ရေ ၅၁ သန်းကျော် ထုတ်လုပ်ရောင်းချခဲ့ပြီး ငါးသားပေါက်လုပ်ငန်းမှ ကောင်ရေ သိန်းပေါင်းတစ်ထောင့်ငါးရာကျော် ရောင်းချပေးခဲ့သည်ဟု အဆိုပါပုဂ္ဂိုလ်မှ ဆိုသည်။ ပြီးခဲ့သည့်နှစ် ရေချိုရေငန်ပုစွန်နှင့် ငါးသားပေါက်ရောင်းချမှုတွင် ငါးသားပေါက်ကောင်ရေ ငါးသိန်းကျော်မှ သုံးသိန်းကျော်ကို ရောင်းချပေးခဲ့ပြီး ရေချို ရေငန်ပုစွန်သားပေါက်လုပ်ငန်းမှ ကောင်ရေ သန်းနှစ်ရာကျော်ကို ရောင်းချပေးနိုင်ခဲ့သည်ဟု သိရှိရသည်။

ယခုအခါ ငါးမွေးမြူရေးအတွက် အရေးပါသော ငါးသားပေါက်လုပ်ငန်းကို ပြည်နယ်နှင့် တိုင်း ၁၄ ခုရှိ စခန်းပေါင်း ၂၆ ခုမှ ထုတ်လုပ်လျက် ရှိသည်။ ငါးသားပေါက်စခန်းများ၏ အဓိက ထုတ်လုပ်လျက်ရှိသော ငါးအမျိုးအမည်များသည် ငါးမြစ်ချင်း၊ ရွှေဝါငါးကြင်း၊ မြက်စားငါးကြင်း၊ ငါးခေါင်းပွ၊ ငါးကြင်းဖြူရောင်စုံ၊ တလားဗီးယား၊ ငါးရူ၊ ငါးတန်၊ ငါးဖမ်းမ၊ ငါးမုတ်၊ ငါးနက်ပြာများကို ထုတ်လုပ်လျက်ရှိသည်။ မြန်မာ့ရေထွက်ကုန်ပစ္စည်းထုတ်လုပ်တင်ပို့မှုသည် ဆန်စပါး၊ ကျွန်းသစ်ပြီးလျှင် နိုင်ငံခြားဝင်ငွေ တတိယအများဆုံး ရရှိလျက် ရှိသည်။ ■

## ရှန်ဟိုင်း ကမ္ဘာ့ခရီးသွားပြပွဲ-၂၀၀၅ မြန်မာခရီးသွားလုပ်ငန်းရှင်များ သွားရောက်မည်

**ရန်ကုန်၊ ဩဂုတ် ၁၃**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ Shanghai Municipal Tourism Administration Commission နှင့် VNU Exhibitions Asia တို့၏ ကြီးမှူးစီစဉ်မှုဖြင့် ရှန်ဟိုင်းမြို့တွင် ၂၀၀၅ ခုနှစ် ဇန်နဝါရီလ ၂၀ ရက်မှ ၂၃ ရက်နေ့အထိ ကျင်းပပြုလုပ်မည့် 'ကမ္ဘာ့ခရီးသွားပြပွဲ–၂၀၀၅ (World Travel Fair-2005)'သို့ မြန်မာနိုင်ငံမှ ခရီးသွားလုပ်ငန်းရှင်များ သွားရောက်ပြသရန် စီစဉ်လျက်ရှိကြောင်း မြန်မာနိုင်ငံခရီးသွားလုပ်ငန်းရှင်အသင်းမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ ခရီးသွားလုပ်ငန်းဈေးကွက် ဖွံ့ဖြိုးတိုးတက်ရန်နှင့် နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်နိုင်ရန် ရည်ရွယ်လျက် နှစ်စဉ်ကျင်းပသည့် အဆိုပါခရီးသွားပြပွဲကို စတုရန်းမီတာ ၁၂,၀၀၀ ကျော် ကျယ်ဝန်းသည့် Shanghai New International Expo Centre ၌ ခင်းကျင်းပြသမည်ဖြစ်ကြောင်း၊ ယခုနှစ် ဖေဖော်ဝါရီလ ၁၉ ရက်မှ ၂၂ ရက်နေ့အထိ ကျင်းပခဲ့သော ကမ္ဘာ့ခရီးသွားပြပွဲ–၂၀၀၄ သို့ နိုင်ငံပေါင်း ၄၀ ကျော်မှ ခရီးသွားလုပ်ငန်းနှင့် ကုမ္ပဏီပေါင်း ၄၅၁ ခု လာရောက်ပြသခဲ့ကြကြောင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှသာမက အာရှတိုက်၊ ဥရောပတိုက်၊ အာဖရိကတိုက်၊ တောင်အမေရိကတိုက်နှင့် မြောက်အမေရိကတိုက်တို့မှ တစ်နေ့လျှင် ခရီးသည် ၅၀,၀၀၀ ခန့် လာရောက်လေ့လာခဲ့ကြကြောင်း Shanghai Municipal Tourism Administartion Commission ၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

## မြန်မာ့မွေးမြူရေးငါးများ အိန္ဒိယနယ်စပ်တွင် အဝယ်လိုက်

**ရန်ကုန်၊ ဩဂုတ် ၂၇**

မြန်မာ့မွေးမြူရေးငါးများဖြစ်သည့် ငါးကြင်း၊ ငါးမြစ်ချင်း၊ ငါးတန် စသည့် ငါးမျိုးစုံကို အိန္ဒိယနယ်စပ်မှ အဝယ်လိုက်နေ၍ ငါးမျိုးစုံအရောင်းသွက်လျက်ရှိသည်ဟု ငါးမွေးမြူရေးလုပ်ငန်းရှင်တစ်ဦးက ဩဂုတ်လတွင်း ပြောကြားသည်။

အဆိုပါငါးမျိုးစုံကို ရန်ကုန်မှ ကလေးသို့ လေကြောင်းဖြင့် တင်ပို့ပြီး ထိုမှတစ်ဆင့် တမူး၊ မိုရေး၊ အိန္ဒိယနယ်စပ်သို့ ဆက်လက်တင်ပို့ရောင်းချလျက်ရှိသည်ဟု ၎င်းက ဆိုသည်။ အိန္ဒိယ၏ ငါးစားသုံးမှုပိုမိုလာခြင်းကြောင့် ယခုကဲ့သို့ တိုးတက်၍ တင်ပို့လာရခြင်းဖြစ်ဖွယ်ရှိကြောင်း၊ ယခုအခါ ရန်ကုန်မှ တိုက်ရိုက်တင်ပို့နေခြင်းအပြင် အဆိုပါဒေသရှိ မွေးမြူရေးကန်များမှ ငါးမျိုးစုံကိုပင် တင်ပို့ရောင်းချလျက်ရှိနေကြောင်း အဆိုပါလုပ်ငန်းရှင်က ထပ်လောင်းပြောကြားသွားသည်။

## အမေရိကန်ပြန်ကြားရေးဌာန သင်တန်းချိန်များ တိုးမြှင့်

**ရန်ကုန်၊ စက်တင်ဘာ ၁**

ရန်ကုန်မြို့ တော်ဝင်လမ်းတွင်း ဖွင့်လှစ်ထားသော အမေရိကန်ပြန်ကြားရေးဌာနရှိ Core Class 1,2,3 အင်္ဂလိပ်စာ သင်တန်းများကို ယခင် သင်တန်းချိန် တစ်နာရီအစား တစ်နာရီခွဲအဖြစ် ပြောင်းလဲသတ်မှတ်ကြောင်း အမေရိကန်ပြန်ကြားရေးဌာန သတင်းထုတ်ပြန်ချက်အရ သိရှိရသည်။

စက်တင်ဘာ ၁၃ ရက်နေ့တွင် စတင်မည့် အဆိုပါသင်တန်းများ၏ သင်တန်းဝင်ကြေးကိုလည်း ကျပ်သုံးသောင်းစီတိုးမြှင့်ခဲ့ပြီး သင်တန်းချိန် တိုးမြှင့်ရခြင်းမှာ ကျောင်းသားအများစု၏ တောင်းဆိုမှုကြောင့် ဖြစ်သည်ဟု အဆိုပါဌာနမှ သင်တန်းရေးရာတာဝန်ရှိသူက ပြောကြားသည်။

အမေရိကန်ပြန်ကြားရေးဌာနနည်းတူ မြန်မာကျောင်းသားလူငယ်များ အင်္ဂလိပ်စာသင်ယူနေသော ဌာနတစ်ခုမှာ ဗြိတိသျှကောင်စီ အင်္ဂလိပ်စာ သင်ကြားမှုဌာနတွင် ဖွင့်လှစ်ထားသော အင်္ဂလိပ်စာ သင်တန်းများဖြစ်ပြီး ဗြိတိသျှကောင်စီ၏ Young Learner Course ၌ အင်္ဂလိပ်စာ သင်ကြားနေသူကလေးငယ် ၅၀၀ ကျော်ရှိသည်ဟု ဗြိတိသျှကောင်စီ သင်တန်းရေးရာဌာနမှ ဒေါ်ဖြူဖြူထိုက်က ဆိုသည်။

မကြာသေးခင်က ကျင်းပခဲ့သော ကမ္ဘာတစ်လွှားရှိ ဗြိတိသျှကောင်စီ၏ Book Review ပြိုင်ပွဲတွင် ရန်ကုန် Young Learner Course မှ ကျောင်းသူနှစ်ဦးသည် ပထမဆုနှင့် နှစ်သိမ့်ဆု အသီးသီး ရရှိခဲ့သည်။

■

# တီဘီတိုက်ဖျက်ရေးအတွက် UN မှ ကန်ဒေါ်လာ ခုနစ်သန်း ထောက်ပံ့မည်

**ရန်ကုန်၊ ဩဂုတ် ၁၄**

ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့အစည်း၏ ကမ္ဘာလုံးဆိုင်ရာရန်ပုံငွေအဖွဲ့မှ တီဘီရောဂါတိုက်ဖျက်ရေး ၂ နှစ်အစီအစဉ်အတွက် မြန်မာနိုင်ငံရှိ အမျိုးသားတီဘီတိုက်ဖျက်ရေးတွင် မပါဝင်သေးသည့် နေရာဒေသသစ်များ၌ ယင်းအစီအစဉ်အား လုပ်ဆောင်နိုင်ရန် အမေရိကန်ဒေါ်လာ ခုနစ်သန်း ထောက်ပံ့မည်ဖြစ်ကြောင်း UN ၏ သတင်းထုတ်ပြန်ချက်တစ်ရပ်တွင် ဖော်ပြထားသည်။

မြန်မာနိုင်ငံ၌ တီဘီရောဂါဖြစ်ပွားမှုကို ၂၀၀၆ ခုနှစ်၌ ၇၅ ရာခိုင်နှုန်းအထိ ကာကွယ်ကုသသွားနိုင်ရန် ရည်မှန်းထားကြောင်း အဆိုပါ ထုတ်ပြန်ချက်တွင် ဖော်ပြပါရှိသည်။ မြန်မာနိုင်ငံ၌ နှစ်စဉ် တီဘီရောဂါဖြစ်ပွားသူ ၈၀,၀၀၀ ခန့်ရှိပြီး ဖြစ်ပွားမှုနှုန်းအမြင့်ဆုံး ၂၂ နိုင်ငံတွင် ပါဝင်သည်ဟု ယင်းသတင်းက ဆိုသည်။

Source-UN News Centre

# AUN Education Forum မြန်မာနိုင်ငံ၌ ပထမဦးဆုံး လက်ခံကျင်းပ

**ရန်ကုန်၊ ဩဂုတ် ၂၀**

အာဆီယံနိုင်ငံများရှိ တက္ကသိုလ်များ ပူးပေါင်းဖွဲ့စည်းထားသည့် အဖွဲ့အစည်းဖြစ်သော ASEAN Universities Network (AUN) ၏ (၆)ကြိမ်မြောက် အာဆီယံတက္ကသိုလ်များအဖွဲ့အစည်း ပညာရေးဆိုင်ရာဆွေးနွေးပွဲ 'The 6th AUN Education Forum'ကို မြန်မာနိုင်ငံ၌ ဩဂုတ်လ ၁၅ ရက်နေ့မှ ၂၇ ရက်နေ့အထိ အိမ်ရှင်နိုင်ငံအဖြစ် ပထမဦးဆုံး လက်ခံ ကျင်းပခဲ့သည်။

ရန်ကုန်တက္ကသိုလ် စိန်ရတုခန်းမနှင့် ရန်ကုန်တက္ကသိုလ်တို့၌ ရက်သတ္တပတ်နှစ်ပတ်ကြာမျှ ကျင်းပခဲ့သော အဆိုပါ Forum သို့ အာဆီယံအဖွဲ့ဝင်နိုင်ငံများရှိ နိုင်ငံကိုယ်စားပြုတက္ကသိုလ်များမှ ဆရာဆရာမတစ်ဦးစီနှင့် ကျောင်းသားကျောင်းသူနှစ်ဦးစီစုစု ပေါင်း ၃၀ ဦးကျော် တက်ရောက်ခဲ့ကြကြောင်း၊ ဆွေးနွေးပွဲများအပြင် ရန်ကုန်မြို့အတွင်းရှိ ကျောက်မျက်ရတနာပြတိုက်၊ လှိုင်သာယာစက်မှုဇုန်၊ ပျဉ်းမပင်စက်မှုဇုန်၊ MICT Park၊ ဗိုလ်ချုပ်အောင်ဆန်းဈေး၊ ရွှေတိဂုံစေတီ၊ မူးယစ်ဆေးဝါးပြတိုက်၊ တိုင်းရင်းသားကျေးရွာ၊ ရန်ကုန်စီးပွားရေးတက္ကသိုလ်(ရွာသာကြီး)၊ Boat Club နှင့် ပဲခူးမြို့ပေါ်ရှိ ထင်ရှားသည့် နေရာများသို့ သွားရောက်လေ့လာခဲ့ကြကြောင်းနှင့် အဆိုပါ Forum ကို ယမန်နှစ် မေလအတွင်းက မြန်မာနိုင်ငံ၌ လက်ခံကျင်းပရန် သတ်မှတ်ခဲ့သော်လည်း အရှေ့တောင်အာရှနိုင်ငံအချို့တွင် ဖြစ်ပွားခဲ့သော ကြက်ငှက်တုပ်ကွေး (SARS) ရောဂါဂယက်ကြောင့် မကျင်းပဖြစ်ဘဲ ယခုနှစ်မှ လက်ခံကျင်းပနိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ■

# မြန်မာသီချင်း ၉၀ ရာခိုင်နှုန်း ကော်ပီသီချင်းများဖြစ်

**ရန်ကုန်၊ စက်တင်ဘာ ၅**

**ဆောင်းဦးလှိုင်**

မြန်မာနိုင်ငံပြည်တွင်းဂီတဈေးကွက်၏ တေးသီချင်း ၉၀ ရာခိုင်နှုန်းသည် ဥရောပနှင့် အာဆီယံနိုင်ငံ တေးသီချင်းများကို ပြန်လည်သီဆိုထားသော ကော်ပီတေးသီချင်းများသာဖြစ်ကြောင်း တေးသံရှင်ဆောင်းဦးလှိုင်က စက်တင်ဘာ ၅ ရက်နေ့က ရန်ကုန်မြို့ IBC အဆောက်အအုံ၌ Myanmar Information Technology Pte. Ltd. က ကျင်းပသော အခြေခံတေးဂီတကွန်ပျူတာသင်တန်း မိတ်ဆက်အခမ်းအနား၌ ပြောကြားသွားသည်။

ဆောင်းဦးလှိုင်က မြန်မာနိုင်ငံဂီတလောကတွင် နိုင်ငံတကာအဆင့်မီအောင်တီးခတ်၊ သီဆိုနိုင်သူအများအပြားရှိသော်လည်း ၎င်းတို့မှာ ကိုယ်ပိုင်သီချင်းထက် ကော်ပီကိုသာ ထက်သန်နေကြသည်ဟု ဆိုသည်။

ယခုအခါတွင် စတီရီယိုတေးသံရှင်အချို့သည် Website များ တင်ထားကြပြီဖြစ်၍ နိုင်ငံတကာမှ မြန်မာအဆိုတော်များ၏ Website ကို ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း၊ အာဆီယံမော်တော်ကားလမ်းမကြီးပြီးစီးသွားပါကလည်း နိုင်ငံတကာနှင့် ကူးလူးဆက်ဆံမှုပိုမိုများလာနိုင်မည်ဖြစ်၍ မြန်မာအဆိုတော်တို့သည် နိုင်ငံတကာသီချင်းများအား ကော်ပီကူးချခြင်းကို စွန့်လွှတ်သင့်ပြီဖြစ်ကြောင်း သီချင်းတိပ်ခွေ ၂၀ ကျော် ထွက်ရှိပြီးသူ တေးသံရှင် ဆောင်းဦးလှိုင်က ရှင်းပြသည်။

ထို့ပြင် မြန်မာနိုင်ငံ၏ ကြေးအမြင့်ဆုံးရရှိသူတေးရေးဆရာမှာ ကော်ပီသံကို ရေးသားသူမဟုတ်ဘဲ ကိုယ်ပိုင်သံစဉ်ဖန်တီးသူတစ်ဦးသာ ဖြစ်သည်ဟု အဆိုတော် ဆောင်းဦးလှိုင်က ပြောကြားသည်။ ■

# လင်ဇီးဆေးဝါးကုမ္ပဏီသစ် Marketing အရ အောင်မြင်မှုရရှိနေဟုဆို

**ရန်ကုန်၊ စက်တင်ဘာ ၁၀**

မလေးရှားအခြေစိုက် လင်ဇီးဆေးဝါးသစ် ဖြန့်ချိသည့် M & M GANO Trading Co., Ltd. အနေဖြင့် ၎င်းတို့လက်ရှိ ကျင့်သုံးလျက်ရှိသော Marketing စနစ်သည် ပြည်တွင်း၌ အောင်မြင်မှုရနေကြောင်း အဆိုပါကုမ္ပဏီမှ Marketing Member တစ်ဦးက စက်တင်ဘာလဆန်းပိုင်းတွင် ပြောကြားသည်။

အဆိုပါကုမ္ပဏီမှ လင်ဇီးမှို ပါဝင်သော ဆေးတောင့်များ၊ ကော်ဖီမှုန့်၊ ဆပ်ပြာစသည့်ထုတ်ကုန်များ ဖြန့်ချိနေပြီး ယခင်ဈေးကွက်တွင် နေရာရပြီးဖြစ်သော အမျိုးအစားတူ ထုတ်ကုန်များထက် ဈေးသက်သာမှုရှိကြောင်း၊ ဈေးကွက်အတွင်း၌လည်း အထိုက်အလျောက် နေရာရနေပြီဖြစ်ကြောင်း ၎င်းက ဆိုသည်။

၎င်းတို့ကျင့်သုံးသော Marketing စနစ်အရ လက်ငင်း အကျိုးခံစားခွင့်များ ရရှိနေသော်လည်း ကုမ္ပဏီများ ဖြစ်လေ့ဖြစ်ထ ရှိတတ်သည့် ဖျက်သိမ်းခြင်းမျိုး ကြုံရနိုင်မှု (Living Color မဂ္ဂဇင်းတွင် ဖော်ပြပြီး)အပေါ်လည်း သက်ဆိုင်ရာကုမ္ပဏီမှ အာမခံချက်ပေးထားကြောင်း၊ Member တစ်ယောက်ဖြစ်ရန် ဝင်ကြေးကျပ်လေးထောင်အပါအဝင် ရောင်းချပေးရမည့် ဆေးဝါး၊ ထုတ်ကုန်ပစ္စည်းတန်ဖိုးစုစုပေါင်း ကျပ်သုံးသောင်းခန့် ပေးသွင်းကြရကြောင်း အဆိုပါပုဂ္ဂိုလ်က ထပ်လောင်းပြောကြားသည်။

**LIVING COLOR**
**526302 , 4412163**

# ပဲခူးရိုးမအနောက်ခြမ်း၌ ဆတ်ကောင်ရေထိန်းသိမ်းရန် လိုအပ်နေကြောင်း NCEA က ပြောကြား

**ရန်ကုန်၊ ဩဂုတ် ၂၇**

ယခင်က ဆတ်ကောင်ရေ အမြောက်အမြား တည်ရှိသော ပဲခူးရိုးမအနောက်ခြမ်း တိုက်ကြီးမြို့နယ်ပတ်ဝန်းကျင်တွင် ဆတ်ကောင်ရေလျော့နည်းကျဆင်းလာသည့်အတွက် ထိန်းသိမ်းရန်လိုအပ်နေပြီဖြစ်ကြောင်း သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအမျိုးသားကော်မရှင် (NCEA)မှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ဆတ်သားသည် ဈေးကွက်လိုအပ်ချက် ကြီးမားလျက်ရှိပြီး မြန်မာလူမျိုးတို့သည် ဆတ်သားခြောက်ကို ခုံမင်စွာ စားသုံးလေ့ရှိသည့်အတွက် ဆတ်လိုက်သည့် မုဆိုးများ ပိုမို၍ များပြားလာကာ ဖမ်းဆီးထုတ်ယူမှုများလာခြင်းကြောင့် ယခုကဲ့သို့ ကောင်ရေကျဆင်းလာခြင်းဖြစ်ကြောင်း အဆိုပါတာဝန်ရှိသူက ရှင်းပြသည်။ သစ်တောထွက်ပစ္စည်းဖက်စပ်ကော်ပိုရေးရှင်းမှ ဆတ်မွေးမြူရေးခြံတစ်ခြံကို ဆတ်ချိုနုထုတ်လုပ်ရန်အတွက် တိုက်ကြီးမြို့နယ်တွင် ထူထောင်ထားသည်။ ဆတ်သည် တစ်နှစ်လျှင် တစ်သားနှစ်သားသာ ကျသည့်အတွက် နွားနောက်မွေးမြူခြင်းကဲ့သို့ ဆတ်မွေးမြူရေးခြံများ ထူထောင်ပေးရေးတွင် ငွေကြေးဆိုင်ရာ ပံ့ပိုးမှုများလိုအပ်လာနိုင်ကြောင်း ၎င်းက ပြောကြားသွားသည်။

# သိန်းတစ်ရာမကျော်သော ကားများ အရောင်းအဝယ်ရှိ

**ရန်ကုန်၊ စက်တင်ဘာ ၁**

ကျပ်ငွေသိန်းတစ်ရာအောက် ဈေးကွက်ပေါက်ဈေးရှိ မော်တော်ယာဉ်များ အရောင်းအဝယ်ဖြစ်လေ့ ရှိကြောင်း စမ်းချောင်းမြို့နယ်မှ မော်တော်ယာဉ် ဝယ်ရောင်း ဦးမောင်မောင်က စက်တင်ဘာလဒုတိယပတ်တွင် Living Color သို့ ပြောကြားသည်။

စက်မှုဇုန်များမှနေ၍ ကိုယ်တိုင်ရေးဆွဲသော ဒီဇိုင်းများဖြင့် ထုတ်လုပ်သည့် ကားများ မထွက်ပေါ်လာသေးသောကြောင့် မော်တော်ယာဉ်နှင့် ငွေကြေးပါ ထပ်မံဝင်ရောက်မှု မရှိသော ကားဈေးကွက်တွင် မဖြစ်မနေအသုံးပြုရန် လိုအပ်သူများက တစ်နိုင်တစ်ပိုင် ဝယ်ယူမှုရှိလာ၍ ကျပ်သိန်းတစ်ရာအောက် မော်တော်ယာဉ်များ အရောင်းအဝယ် အနည်းငယ်ဖြစ်လျက် ရှိကြောင်း ဦးမောင်မောင်က ဆိုသည်။ သို့သော် ဝယ်ရောင်းအများစုက ဈေးကွက်အပြောင်းအလဲကို မျှော်မှန်းထားသည့်အတွက် ပြည်တွင်းထုတ် ဂျစ်ကားများနှင့် Pick-Up ယာဉ် အကွခရာနိမ့်အချို့သာ သိန်းတစ်ရာ အောက်ဈေးနှုန်းဖြင့် ကားသန့်သန့် ရရှိနိုင်ကြောင်း ၎င်းက ထပ်လောင်းပြောကြားသည်။ ■

# ငါးမျိုးများ ပျက်စီးမျိုးသုန်းစေမည့် ငါးဖမ်းကိရိယာများဖြင့် ဖမ်းဆီးမှုများ မပြုလုပ်ရန် တားမြစ်

**ရန်ကုန်၊ စက်တင်ဘာ ၃**

တနင်္သာရီတိုင်း မြိတ်ခရိုင်အတွင်းရှိ ကမ်းရိုးတန်းဒေသငါးဖမ်းဆီးမှု လုပ်ကိုင်လျက်ရှိသော ရေလုပ်ငန်းရှင်များ၊ ရေလုပ်သားများအား ရေထွက်ကုန်ပစ္စည်းများဖြစ်သည့် ငါးပုစွန်နှင့် သဘာဝပတ်ဝန်းကျင် ပျက်စီးဆုံးရှုံးခြင်းမှ ကာကွယ်ရန်အလို့ငှာ ကြေညာချက်တစ်ရပ်ကို ပြီးခဲ့သည့် ၂၀၀၄ ခုနှစ် ဇူလိုင်လ ၉ ရက်နေ့တွင် ထုတ်ပြန်ကြေညာခဲ့သည်ဟု မြိတ်အခြေ စိုက်ရေလုပ်ငန်းရှင် တစ်ဦးက ဆိုသည်။

အဆိုပါတားမြစ်ကိရိယာနှင့် တားမြစ်မှုတွင်

(၁) လက်စွမ်းဟုခေါ်သော ဒရွတ်ဆွဲပိုက်ဖြင့် ငါးဖမ်းဆီးခြင်း၊

(၂)စက်တပ်ယာဉ်ထွန်ဖြင့် ငါးဖမ်းခြင်း၊

(၃) မိုင်းခွဲဖမ်းဆီးခြင်း၊ အဆိပ် အတောက်ဖြစ်စေမည့် ဓာတုပစ္စည်းများ အသုံးပြုဖမ်းဆီးခြင်း၊

(၄) သန္တာကျောက်ခက်၊ ကျောက်ပွင့်များကို ရေငုပ်တူးဖော်လုပ်ကိုင်ခြင်း၊

(၅) ပင်လယ်မြစ်ချောင်းများအတွင်း ကျားပါးစပ်ပိုက်၊ ကျားပိုက်၊ ထောင်ပိုက်၊ ချောင်းပိတ်ပိုက်၊ တားပိုက်များဖြင့် ဖမ်းဆီးရာတွင် နှစ်လက်မအောက် ပိုက်များဖြင့် ဖမ်းဆီးခြင်း၊

(၆) လှေ၊ သင်္ဘောများသွားရာ လမ်းကြောင်းများတွင် စန္ဒား၊ ဟိန်းလုံး၊ ကျားပါးစပ်၊ စသည်တို့ဖြင့် ဖမ်းဆီးခြင်း၊

(၇) မည်သည့်ကိရိယာဖြင့်မဆို ငါးမန်းဖမ်းဆီးခြင်း စသည့် ကြေညာချက်များကို ထုတ်ပြန်ခဲ့သည်ဟု သိရှိရသည်။ အဆိုပါငါးဖမ်းကိရိယာများဖြင့် ဖမ်းဆီးကြောင်း စစ်ဆေးတွေ့ရှိပါက မြန်မာ့ပင် လယ်ငါးလုပ်ငန်းဥပဒေအရ ထိရောက်စွာအရေးယူမည်ဖြစ်သည်ဟု ကြေညာခဲ့ကြောင်း အဆိုပါပုဂ္ဂိုလ်က ဆိုသည်။

# ညောင်တုန်းနယ်တွင် ကျေးလက် တန်ဖိုးနည်း အိမ်ရာများ တည်ဆောက်

**ရန်ကုန်၊ ဩဂုတ် ၁၄**

ညောင်တုန်းမြို့နယ် ဖိုးပိန်ကုန်း ကျေးရွာအနီး ရန်ကုန်–ညောင်တုန်းကားလမ်းမဘေးတွင် ညောင်တုန်းမြို့နယ် စည်ပင်သာယာရေးဦးစီးဌာနမှ ကျေးလက်တန်ဖိုးနည်းအိမ်ရာစီမံကိန်းကို အကောင်အထည်ဖော် တည်ဆောက်လျက်ရှိကြောင်း ညောင်တုန်းမြို့နယ် ဒေသခံတစ်ဦးက Living Color သို့ ဇူလိုင်လအတွင်း ပြောကြားသည်။

ကျေးလက်အိမ်ရာစီမံကိန်းများအနေဖြင့် ဈေးနှုန်းသက်သာစွာ အဆင့်မြင့်မြင့် နေထိုင်နိုင်စေရန် ရည်ရွယ်၍တည်ဆောက်ပေးခြင်းဖြစ်ကြောင်း၊ အဆိုပါအိမ်ရာများမှာ လုံးချင်းပျဉ်ထောင် သွပ်မိုးအိမ်များဖြစ်ပြီး တစ်လုံးလျှင် ခြောက်သိန်းခွဲဖြစ်ကြောင်း ၎င်းက ထပ်လောင်းပြောကြားသည်။

ပြည်နယ်နှင့် တိုင်း အချို့တွင် နေအိမ်များ ၂ နှစ်တစ်ကြိမ်ခန့် ပြောင်းလဲဆောက်လုပ်သည်မှာလည်း ဒေသခံအချို့၏ စားဝတ်နေရေးကို ပြေလည်စေကြောင်း စီးပွားရေးလေ့လာသူတစ်ဦးက ဆိုသည်။

# စစ်တွေ၌ ဘိလပ်မြေဈေးကျ

**ရန်ကုန်၊ ဩဂုတ် ၁၀**

ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ အရှိန်အဟုန်ဖြင့် လုပ်ကိုင်နေသည့် တိုင် စစ်တွေမြို့တော်၌ ဘိလပ်မြေဈေးနှုန်းများ ကျဆင်းလျက်ရှိကြောင်း မြို့ခံကုန်သည်တစ်ဦးက ဩဂုတ်လနောက်ဆုံးပတ်၌ ပြောကြားသည်။

ရန်ကုန်မှ မှာယူအသုံးပြုရသောကြောင့် တစ်အိတ်လျှင် ကျပ်ခြောက်ထောင်ကျော်အထိ ဈေးမြင့်ခဲ့သော ဘိလပ်မြေဈေးနှုန်း မှာ ဩဂုတ်လအတွင်း ကျပ်နှစ်ထောင်ဝန်းကျင် ပြန်လည်ကျဆင်းသွားကြောင်း အဆိုပါကုန်သည်က ဆိုသည်။

ဈေးနှုန်း ပြန်လည်ကျဆင်းရသည့် အကြောင်းရင်းမှာ ဘင်္ဂလားဒေ့ရှ်ဘက်မှ ဘိလပ်မြေများ ပြန်လည်တင်သွင်းခွင့်ပြု၍ ဖြစ်ကြောင်း၊ ဇူလိုင်လလယ်တွင် ပို့ကုန်ရငွေရရှိသူများအား ဘိလပ်မြေတင်သွင်းခွင့်ပြုခဲ့၍ဖြစ်ကြောင်း ၎င်းက ထပ်လောင်းပြောကြားသည်။ ■

# မြန်မာနိုင်ငံ၏ PC အသုံးပြုမှု ၉၀ ရာခိုင်နှုန်းကျော်မှာ Clone ကွန်ပျူတာများဖြစ်ဟု ဆို

**ရန်ကုန်၊ စက်တင်ဘာ ၄**

မြန်မာနိုင်ငံ၌ အသုံးပြုလျက်ရှိကြသော PC ကွန်ပျူတာများ၏ ၉၀ ရာခိုင်နှုန်းမှ ၉၅ ရာခိုင်နှုန်းခန့်သည် Branded ကွန်ပျူတာများနှင့် ပုံစံတူပြုလုပ်ထားသည့် Clone ကွန်ပျူတာများဖြစ်ကြကြောင်း KMD Co., Ltd. မှ မန်နေဂျင်းဒါရိုက်တာ ဦးသောင်းတင်က စက်တင်ဘာလ ၄ ရက်နေ့က ပြောကြားသွားသည်။

ထိုနေ့ မွန်းလွဲပိုင်းက ရန်ကုန်မြို့ ကမ်းနားဟိုတယ်၌ ကျင်းပသည့် KMD Computer Sales and Service Centre ၏ ဈေးနှုန်းသက်သာသော Family PC မိတ်ဆက်ပွဲအခမ်းအနားတွင် ၎င်းက မိတ်ဆက်ရှင်းလင်းရင်း အထက်ပါအတိုင်း ထည့်သွင်းပြောကြားခဲ့ခြင်း ဖြစ်သည်။

နိုင်ငံတကာရှိ ကွန်ပျူတာဈေးကွက်တွင် Branded ကွန်ပျူတာများအစား Clone ကွန်ပျူတာများကို အသုံးများလာကြကြောင်း၊ Branded ကွန်ပျူတာများသည် အာမခံချက်ရှိကာ ယုံကြည်စိတ်ချရသော်လည်း ဈေးနှုန်းကြီးမြင့်ကြောင်း၊ Clone ကွန်ပျူတာများမှာမူ အာမခံချက်မရှိသော်လည်း မိမိလိုအပ်သည့် အစိတ်အပိုင်းအလိုက် တပ်ဆင်နိုင်ကာ ဈေးနှုန်းသက်သာကြောင်း၊ ယခုနောက်ပိုင်းတွင် Branded ကွန်ပျူတာများ ထုတ်လုပ်သည့် ကုမ္ပဏီကြီးများသည် သုတေသနလုပ်ငန်းများ၊ Quality Control နှင့် Marketing အပိုင်းကိုသာ ဆောင်ရွက်လာကြပြီး စက်ရုံနှင့် ထုတ်လုပ်တပ်ဆင်မှုအပိုင်းကို အခြားနိုင်ငံများသို့ Contract စနစ်ဖြင့် အပ်နှံဆောင်ရွက်လာကြကြောင်း ၎င်းက ဆိုသည်။

ယခုအခါ ထိုင်း၊ မလေးရှား၊ စင်ကာပူ၊ အိန္ဒိယ စသည့် အိမ်နီးချင်းနိုင်ငံများတွင် ဈေးနှုန်းသက်သာသည့် Budget PC များကို ၎င်းတို့နိုင်ငံအတွင်း၌ပင် တပ်ဆင်ထုတ်လုပ်လာကြကြောင်း၊ အိမ်နီးချင်း ထိုင်းနိုင်ငံ၌ ၂၀၀၃ ခုနှစ် တစ်နှစ်အတွင်း Budget PC ပေါင်းတစ်သန်းကျော် တပ်ဆင် ထုတ်လုပ်ခဲ့သည်ဟု သိရကြောင်း၊ KMD ၌လည်း ၁၉၉၅ ခုနှစ်ကတည်းက KMD အမှတ်တံဆိပ်ဖြင့်ပင် ကွန်ပျူတာများကို တပ်ဆင်ရောင်းချခဲ့ကြောင်း ဦးသောင်းတင်က ထပ်လောင်းပြောကြားသွားသည်။

KMD မှ ပထမဦးဆုံး စီစဉ်ရောင်းချလိုက်သည့် အဆိုပါ Family PC သည် မိသားစုအိမ်တွင်း အသုံးပြုရန်နှင့် သင်တန်းပို့ချရန်အတွက် အသုံးဝင်ပြီး ဈေးနှုန်းသက်သက်သာသာဖြင့် ကွန်ပျူတာအသစ်တစ်လုံး ပိုင်ဆိုင်ထားလိုသူများအတွက် အထူးသင့် လျော်ကြောင်း၊ Modem, Sound Card နှင့် Network Card တစ်ပါတည်းပါရှိသောကြောင့် Internet E-mail အသုံးပြုရန်၊ Games ကစားရန်နှင့် Network ချိတ်ဆက်အသုံးပြုနိုင်ကြကြောင်း၊ Multimedia ပါဝင်ပြီး ကွန်ပျူတာတစ်လုံးလျှင် ၂၆၅,၀၀၀ ကျပ်နှုန်း၊ Multimedia မပါဝင်ပါက ၂၅၅,၀၀၀ ကျပ်နှုန်းဖြင့် စက်တင်ဘာလ ၅ ရက်နေ့မှ စတင်ပြီး ရန်ကုန်နှင့် မန္တလေးမြို့တို့ရှိ KMD Sales Centre များတွင် တစ်ပြိုင်နက် ရောင်းချမည်ဖြစ်ကြောင်း၊ ကွန်ပျူတာဝယ်ယူသူများအား ရန်ကုန်နှင့် မန္တလေးမြို့များတွင် အိမ်တိုင်ရာရောက် တပ်ဆင်ပေးပြီး ကွန်ပျူတာပြုပြင်ထိန်းသိမ်းမှုနှင့် Internet အသုံးပြုမှုအခြေခံ မိတ်ဆက်သင်တန်းကို အခမဲ့ ရွေးချယ်တက်ရောက်ခွင့်ပြုမည်ဖြစ်ကြောင်းနှင့် အာမခံအဖြစ် တစ်နှစ်အတွင်း လက်ခံမဲ့ ပြုပြင်ပေးခြင်းနှင့် ပျက်စီးသွားသော ပစ္စည်းများအတွက် အခမဲ့ လဲလှယ်ပြင်ဆင်ပေးမည်ဖြစ်ကြောင်း ၎င်းက ဆိုသည်။

အလားတူ ဈေးနှုန်းသက်သာသည့် Budget PC ကို တစ်လုံးလျှင် ကျပ် ၂၅၀,၀၀၀ နှုန်းဖြင့် ၂၀၀၄ ခုနှစ် ဇန်နဝါရီလအတွင်းက ကျင်းပခဲ့သည့် တတိယအကြိမ်မြောက် မြန်မာ ICT ရက်သတ္တပတ်၌ မြန်မာ့သတင်းအချက်အလက်နှင့် ဆက်သွယ် ရေးနည်းပညာဖွံ့ဖြိုးတိုးတက်ရေးကုမ္ပဏီလီမိတက် (MICTDC) မှ တပ်ဆင်ရောင်းချသွားရန် မိတ်ဆက် ကြော်ငြာခဲ့သော်လည်း အကြောင်းအမျိုးမျိုးကြောင့် ဈေးကွက်သို့ ရောင်းချနိုင်ခြင်း မရှိခဲ့ပေ။ ■

# မြန်မာ-ထိုင်း ပဲပုပ်ဆီ ပူးပေါင်းထုတ်လုပ်မည်

**ရန်ကုန်၊ ဩဂုတ် ၂၅**

မြန်မာနှင့် ထိုင်းနိုင်ငံတို့သည် ပဲပုပ်မှ စားသုံးဆီထွက်ရှိလာသည်အထိ သုတေသနစီမံကိန်းတစ်ခုကို ပူးပေါင်းစီစဉ်ဆောင်ရွက်လျက်ရှိနေကြောင်း စီးပွားရေးလုပ်ငန်းရှင်တစ်ဦးက ဩဂုတ်လ ၂၅ ရက်နေ့တွင် ပြောကြားသည်။ အဆိုပါ စီမံကိန်းတွင် ပထမအဆင့်အနေဖြင့် ထိုင်းနိုင်ငံမှ ပဲပုပ်မျိုးများကို မှာယူ၍ စိုက်ပျိုးမည်ဖြစ်ပြီး ပဲပုပ်စိုက်ပျိုးမှုနည်းနာများအတွက်လည်း ထိုင်းနိုင်ငံတွင် သင်တန်းများ ပို့ချသွားမည်ဖြစ်သည်ဟု ၎င်းက ဆိုသည်။ ပဲပုပ်မှ ဆီထွက်ရှိလာသည်အထိ ထုတ်ယူမှုနည်းပညာများကို တိုးချဲ့သွားရန် စီစဉ်ထားပြီး ပဲပုပ်မှ ဆီကြိတ်ယူမှုအတွက် စက်ရုံတည်ဆောက်ရေးအစီအမံများလည်း ပါဝင်မည်ဖြစ်ကြောင်း ၎င်းက ထပ်လောင်းပြောကြားသည်။

# CP အုပ်စုမှ မျိုးကြက်ဥ တစ်သိန်းကျော် တင်သွင်းမည်

**ရန်ကုန်၊ စက်တင်ဘာ ၁၁**

မြန်မာနိုင်ငံတွင် လတ်တလော ဖြစ်ပေါ်လျက်ရှိသော မွေးမြူရေးကြက်သားပေါက်ပြဿနာကို တစ်စိတ်တစ်ပိုင်း ဖြေရှင်းပေးရန်အတွက် CP အုပ်စုက ထိုင်းနိုင်ငံမှ မွေးမြူရေး မျိုးကြက်ဥ တစ်သိန်းခွဲခန့် တင်သွင်းရန်ရှိနေကြောင်း မွေးမြူရေးလောကအတွင်းရှိ ခြံပိုင်ရှင်တစ်ဦးထံမှ သတင်းရရှိသည်။

အဆိုမျိုးဥများသည် လာမည့်လအတွင်း ရောက်ရှိလာဖွယ်ရှိကြောင်း၊ ယင်းမျိုးဥများမှ သားဖောက်၍ မျိုးဥများ ပြန်လည်ထုတ်ပေးသည့်အချိန်အထိ ၁၁ လ၊ ၁၂ လပိုင်းများတွင်မှ မွေးမြူရေးကြက်သားပေါက်များ ဈေးကွက်အတွင်းသို့ ရောက်ရှိလာဖွယ်ရှိကြောင်း အဆိုပါခြံပိုင်ရှင်က ရှင်းပြသည်။ ယခု တင်သွင်းမည့် မျိုးဥများမှာ မွေးမြူရေးလောကအခေါ် GS ခေါ် ဘိုးဘွားကြက်မျိုးဥများဖြစ်ပြီး အဆိုပါမျိုးဥများမှ ပေါက်ဖွားလာသော ကြက်သားပေါက်များသည် P.S ဟု ခေါ်ကြသည့် အမိအဖကြက်များဖြစ်ကြောင်း၊ အဆိုပါကြက်များမှရရှိသော ဥများသည် C.S ဟု ခေါ်သော စီးပွားဖြစ်မွေးမြူသည့် ဥစား၊ အသားစားကြက်များအဆင့်သို့ ရောက်ရှိပြီး ဈေးကွက်အတွင်း မွေးမြူရေးသမားများလက်တွင်းသို့ ရောက်ရှိသွားမည်ဖြစ်ကြောင်း ယခုအခါ စီးပွားဖြစ်မွေးမြူရေး C.S ကြက်သားပေါက်ဈေးမှာ ဥစားကြက်ဆိုလျှင် ကျပ် ၄၀၀ ကျော်ရှိပြီး အသားစားကြက်ဆိုလျှင် ၃၅၀ ကျပ်ကျော် ကျသင့်ကြောင်း အဆိုပါခြံပိုင်ရှင်က ဆိုသည်။

# ကွန်ပျူတာ ပညာဒါနသင်တန်း အခမဲ့သင်ကြား

**ရန်ကုန်၊ ဩဂုတ် ၁၀**

ကမာရွတ်မြို့နယ် လှည်းတန်းရှိ AKG Computer Center တည်ထောင်ဖွင့်လှစ်ခဲ့သည့် (၆)နှစ်ပြည့် အထိမ်းအမှတ် ၂၀၀၃ ခုနှစ်နှင့် ၂၀၀၄ ခုနှစ် တက္ကသိုလ်ဝင်တန်း အောင်မြင်ထားသူများအား ဩဂုတ်လအတွင်း လာရောက်အပ်နှံပါက သင်တန်းကြေးမယူဘဲ ပညာဒါနအဖြစ် ကွန်ပျူတာအခြေခံ (Office Windows Course) ကို အခမဲ့သင်ကြားပေးလျက်ရှိကြောင်း အဆိုပါသင်တန်းမှ ဒေါ်သင်းပပမိုးက ပြောကြားသည်။

အဆိုပါ Office Windows Course တွင် Window's XP, Microsoft Words 2003, Microsoft Excel 2003, Page Maker 7.0, E-mail နှင့် Internet အသုံးပြုနည်း အခြေခံတို့ပါရှိပြီး သင်တန်းကာလမှာ အချိန်ပိုင်းနှစ်လဖြစ်ကြောင်း၊ သင်တန်းပြီးဆုံးသွားပါက ပုံမှန်သင်တန်းများအတိုင်း သင်တန်းဆင်းအောင်လက်မှတ် ချီးမြှင့်မည်ဖြစ်ကြောင်း ၎င်းက ဆိုသည်။

# LCCI ဝင်ရောက်ဖြေဆိုသူဦးရေ လျော့နည်းစပြု

**ရန်ကုန်၊ ဩဂုတ် ၂၉**

မြန်မာနိုင်ငံ၏ စာရင်းကိုင်ပညာနယ်ပယ်တွင် ရေပန်းစားလျက်ရှိပြီး အင်္ဂလန်နိုင်ငံ LCCI Examination Board မှ တိုက်ရိုက်စစ်ဆေးချီးမြှင့်သော အသက်မွေးဝမ်းကျောင်း အောင်လက်မှတ်ဖြစ်သည့် LCCI Level I,II နှင့် III စာမေးပွဲများအား ဝင်ရောက်ဖြေဆိုသူဦးရေမှာ လွန်ခဲ့သည့် ၁၀ စုနှစ်ကနှင့် နှိုင်းယှဉ်ပါက လျော့နည်းစပြုလာကြောင်း ဗြိတိသျှကောင်စီ (B.C) မှ စာမေးပွဲမန်နေဂျာ ဦးကျော်ထင်က ဇူလိုင်လကုန်ပိုင်းက ပြောကြားသည်။

လွန်ခဲ့သည့် ၁၉၉၅–၉၆ ခုနှစ် ပတ်ဝန်းကျင်က မြန်မာနိုင်ငံမှ LCCI Level I, II နှင့် III ဝင်ရောက်ဖြေဆိုသူဦးရေမှာ တစ်ကြိမ်လျှင် ၅၀၀၀ ဦး ခန့်ရှိပြီး ဘာသာရပ်တစ်ခုချင်းအလိုက် စာမေးပွဲပေါင်း ၁၂,၀၀၀ ခန့်အထိ လက်ခံစစ်ဆေးပေးခဲ့ရကြောင်း၊ ယခုအခါ ဝင်ရောက်ဖြေဆိုသူဦးရေမှာ ၄၀၀၀ ဦးခန့်အထိရှိပြီး ဘာသာရပ်တစ်ခုချင်းအလိုက် စာမေးပွဲပေါင်း ၁၀,၀၀၀ ခန့်ကိုသာ လက်ခံစစ်ဆေးပေးရကြောင်း၊ ထို့အတူ ယခင်က မြန်မာနိုင်ငံမှ ဘာသာရပ်အလိုက် အမှတ်အမြင့်ဆုံး ရွှေတံဆိပ်ဆွတ်ခူးရရှိနေခဲ့ရာမှ ယခုအခါ နိုင်ငံအလိုက်သာ ဆုတံဆိပ်ရရှိတော့ကြောင်း ၎င်းက ဆိုသည်။

ထိုသို့ လျော့နည်းလာရခြင်းမှာ B.C မှ LCCI Examination Board သို့ ပေးသွင်းရသည့် စာမေးပွဲဝင်ကြေး အမေရိကန်ဒေါ်လာနှင့် စတာလင်ပေါင်

ငွေလဲလှယ်မှုနှုန်း ကွာဟမှုရှိခြင်းနှင့် ဖြေဆိုသူများမှ B.C သို့ ပေးသွင်းရသည့် အမေရိကန်ဒေါ်လာ ပေါက်ဈေး မြင့်တက်လာခြင်းတို့ကြောင့်ဖြစ်ကြောင်း၊ အမှန်တကယ်တွင်မူ မြန်မာနိုင်ငံမှ ပေးသွင်းရသည့် စာမေးပွဲဝင်ကြေးနှင့် သင်တန်းကြေးများမှာ အခြားနိုင်ငံများနှင့် နှိုင်းယှဉ်ပါက များစွာ သက်သာကြောင်း ၎င်းက ဆိုသည်။

ယခုအခါ မြန်မာနိုင်ငံ၌ LCCI အပါအဝင် အခြားနိုင်ငံတကာ အသက်မွေးဝမ်းကျောင်း အောင်လက်မှတ်နှင့် ဒီပလိုမာ စာမေးပွဲများ လက်ခံကျင်းပ စစ်ဆေးပေးသည့် B.C ၏ စာစစ်ဌာန (Exam Centre) နှစ်ခုနှင့် LCCI ဝင်ခွင့်သင်တန်း စုစုပေါင်း ၅၀ ကျော် ဖွင့်လှစ်ထားကြောင်း B.C မှ ထုတ်ပြန်ထားသော စာရင်းများအရ သိရသည်။

# မိတ္တူကူးဆိုင်အချို့ ဝင်ငွေကောင်း

**ရန်ကုန်၊ စက်တင်ဘာ ၁**

ရန်ကုန်မြို့တော်တစ်ဝန်းရှိ မိတ္တူဆိုင်များမှာ ဩဂုတ်လအတွင်း အလုပ်လက်ခံရမှုများပြားကာ ဝင်ငွေကောင်းလျက်ရှိကြောင်း တာမွေမြို့နယ်၌ မိတ္တူကူးဆိုင်သစ်ဖွင့်လှစ်သည့် လုပ်ငန်းရှင်တစ်ဦးက ပြောကြားသည်။

အတိတ်ပြဟောချက်ထုတ်သော တရားမဝင် စာရွက်စာတမ်းများအား လုံးဝကူးယူခွင့်မပြုသည့်တိုင် ဝင်ငွေကောင်းရသည့်အကြောင်းရင်းမှာ လျှပ်စစ်မီး ၂၄ နာရီနီးပါး မှန်မှန်ရရှိလာခြင်း၊ ရပ်ဆိုင်းထားသောလုပ်ငန်းအချို့၏ ပေးရန်တာဝန်များကို လေလံစနစ်ဖြင့် ရောင်းချ၍ ခွဲဝေခြင်းများ နေ့စဉ်ထုတ်သတင်းစာများတွင် တွေ့မြင်လာရခြင်းတို့နှင့် ဆက်စပ်ကြောင်း ၎င်းက ဆိုသည်။ ■

# မင်္ဂလာတောင်ညွန့်မြို့နယ်၌ အဆင့်မြင့်အိမ်ရာစီမံကိန်းတစ်ခု တည်ဆောက်

**ရန်ကုန်၊ ဩဂုတ် ၂၃**

မြို့တော်အိမ်ရာစီမံကိန်းကြီးကြပ်မှုကော်မတီ၏ လမ်းညွှန်မှုဖြင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီနှင့် ငပလီဆောက်လုပ်ရေးကုမ္ပဏီတို့ ပူးပေါင်း၍ မင်္ဂလာတောင်ညွန့်မြို့နယ် ရွှေမြရာကုန်းလမ်းနှင့် မြန်မာ့ဂုဏ်ရည်လမ်းမပေါ်၌ ရွှေမြရာအဆင့်မြင့်အိမ်ရာစီမံကိန်းကို စတင်အကောင်အထည်ဖော် တည်ဆောက်နေပြီဖြစ်ကြောင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ သတင်းထုတ်ပြန်ချက်အရ သိရသည်။

အဆိုပါအဆင့်မြင့် အိမ်ရာစီမံကိန်းတွင် အထပ် ၁၂ ထပ်နှင့် ခုနစ်ထပ် အသီးသီးပါရှိမည့် အထပ်မြင့်တိုက်နှစ်လုံးနှင့် နှစ်ထပ်တိုက် အဆင့်မြင့် လုံးချင်းအိမ်ရာများပါဝင်ကြောင်း၊ အထပ်မြင့်တိုက်များ၌ ၂၄ နာရီ ရေမီးရရှိမှုနှင့် လုံခြုံရေးစနစ်၊ သန့်ရှင်းရေးစနစ်၊ အခန်းတိုင်းအတွက် ယာဉ်ရပ်နားရန်နေရာ၊ PABX တယ်လီဖုန်းလိုင်းတစ်ခုစီ၊ ဂြိုဟ်တုရုပ်သံဖမ်းစက်စနစ်၊ ၁၀ ယောက်စီး ဓာတ်လှေကားတစ်စီး၊ ကိုယ်ပိုင် Transformer စသည်တို့ ပါဝင်မည်ဖြစ်ပြီး အဆင့်မြင့် လုံးချင်းအိမ်ရာများတွင်မူ A ပုံစံနှင့် B ပုံစံဟူ၍ ပုံစံနှစ်မျိုး ရှိကာ ကိုယ်ပိုင်မီတာ၊ ကိုယ်ပိုင်အဝီစိတွင်း၊ ရေပူရေအေးစနစ်၊ PABX တယ်လီဖုန်းလိုင်းတစ်လိုင်း၊ လေအေးပေးစက်ခုနစ်လုံး စသည်တို့ ပါဝင်မည်ဖြစ်ကြောင်း ယင်းထုတ်ပြန်ချက်တွင် ဖော်ပြပါရှိသည်။

အဆိုပါစီမံကိန်းများနေရာမှာ ရန်ကုန်မြို့တော်၏ အချက်အချာကျသော နေရာတစ်ခုဖြစ်ပြီး ရန်ကုန်မြို့လယ်၊ ရွှေတိဂုံဘုရား၊ ကန်တော်ကြီး၊ တိရစ္ဆာန်ဥယျာဉ်၊ ယုဇနပလာဇာ၊ မင်္ဂလာဈေးတို့နှင့် အနီးဆုံးနေရာဖြစ်ကြောင်းနှင့် ၂၀၀၆ ခုနှစ်အတွင်း ပြီးစီးအောင် တည်ဆောက်သွားမည်ဖြစ်ကြောင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ သိရှိရသည်။ Ref: မြို့တော်မဂ္ဂဇင်း (၂၀၀၄ ဩဂုတ်)

# ကယားဆန် ရှမ်းပြည်နယ်တွင် ဈေးကောင်းရ

**မန္တလေး၊ စက်တင်ဘာ ၁**

ကယားပြည်နယ် မိုးဗြဲဒေသတစ်ဝိုက်မှ ထွက်ရှိသော ဆန်များအား မန္တလေးမြို့မှ ဆန်ကုန်သည်များ တစ်ဆင့်ခံ မှာယူရောင်းချလျက်ရှိရာ အရည်အသွေးကောင်းသည့်အတွက် ဈေးကောင်းရရှိနေကြောင်း မန္တလေးအခြေစိုက်ဆန်ကုန်သည်တစ်ဦးက စက်တင်ဘာလဆန်း၌ ပြောကြားသည်။ ကယားပြည်နယ်မှ ထွက်ရှိပြီး ကုန်သည်ဈေးကွက်မှ ရှမ်းဆန် ၂၀၃ ဟု ခေါ်တွင်သော အဆိုပါဆန်အမျိုးအစားတစ်အိတ်မှာ ရှမ်းပြည်နယ်အရောက် ပေါက်ဈေးကျပ် ငါးထောင်စွန်းစွန်းရှိပြီး မန္တလေးမြို့မှတစ်ဆင့် နေ့စဉ် တင်ပို့နေရကြောင်း ၎င်းက ဆိုသည်။ မန္တလေးကုန်သည်အနေဖြင့် Transit ပြုလုပ်သည့်အကျိုးအမြတ်အနေနှင့် ဆန်တစ်အိတ်လျှင် ၂၀၀ ကျပ်ခန့် ရရှိကြောင်း ၎င်းက ဆိုသည်။ ■

# မလေးရှားသို့ နွားဆက်လက်တင်ပို့ရန် ညှိနှိုင်း

ရန်ကုန်၊ ဩဂုတ်လ ၃၀

မြန်မာနိုင်ငံမှ နွားများကို မလေးရှားနိုင်ငံသို့ ဆက်လက်တင်ပို့သွားရန် မလေးရှားစိုက်ပျိုးရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနတို့အကြား ညှိနှိုင်းမှုများ ပြုလုပ်နေသည်ဟု မလေးရှားသို့ နွားများ တင်ပို့ခဲ့သည့် T & K Trading Co., Ltd. က Living Color သို့ ပြောကြားသည်။

T & K Trading Co., Ltd. သည် Eursaia International Co., Ltd. နှင့် အတူ ၁၉၉၈ ခုနှစ်မှ ၂၀၀၁ ခုနှစ်အထိ မလေးရှားနိုင်ငံသို့ နွားများ တင်ပို့ခဲ့သည်။

မလေးရှားသို့ တင်ပို့သော မြန်မာနွားများ ရောဂါကင်းရှင်းစေရန်အတွက် တိရစ္ဆာန်နှင့် တိရစ္ဆာန်ပစ္စည်း စစ်ဆေးသည့် စခန်း (Quarantine Station) တစ်ခုကို တနင်္သာရီတိုင်း မြိတ်မြို့တွင် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနက တည်ဆောက်ထားရှိသည်။

# မြန်မာနိုင်ငံ ဝိဇ္ဇာနှင့်သိပ္ပံပညာရှင်အဖွဲ့သို့ ဘာသာရပ်စာတမ်းပေါင်း ၁၆၀ ခန့် နှစ်စဉ် တင်သွင်း

ရန်ကုန်၊ ဩဂုတ် ၁၁

မြန်မာနိုင်ငံ ဝိဇ္ဇာနှင့်သိပ္ပံပညာရှင်အဖွဲ့မှ နှစ်စဉ်ထုတ်ဝေလျက်ရှိသော သုတေသနဂျာနယ် (Journal of Myanmar Academy of Arts and Science) အတွင်း ထည့်သွင်းဖော်ပြရန်အတွက် ဝိဇ္ဇာသိပ္ပံတက္ကသိုလ်များမှ ဘာသာရပ်အလိုက် ဘွဲ့လွန်စာတမ်း ပေါင်း ၁၆၀ ခန့် နှစ်စဉ် လက်ခံစိစစ်ပေးရလျက်ရှိကြောင်း အဆိုပါအဖွဲ့မှ အမှုဆောင်ကော်မတီဝင်တစ်ဦးဖြစ်သူ အငြိမ်းစားပါမောက္ခ ဦးစိုးသူက ပြောကြားသည်။

ဘာသာရပ်အလိုက် Ph.D (ပါရဂူဘွဲ့) သင်တန်းများ တိုးချဲ့ဖွင့်လှစ်လာသဖြင့် စာတမ်းအရေအတွက်မှာ တစ်နှစ်ထက်တစ်နှစ် ပိုမိုများပြားလာကြောင်း၊ စာတမ်းအများစုမှာ အင်္ဂလိပ်စာအရေးအသားနှင့် သဒ္ဒါအသုံးအနှုန်းပါ မှားယွင်းလျက်ရှိသဖြင့် ပြန်လည်ပြင်ဆင်တည်းဖြတ်ပေးနေရကြောင်းနှင့် သက်ဆိုင်ရာပါမောက္ခများမှတစ်ဆင့် စနစ်တကျ တည်းဖြတ်ပြီးမှသာ တင်သွင်းသင့်ကြောင်း ၎င်းက ဆိုသည်။

မြန်မာနိုင်ငံ ဝိဇ္ဇာနှင့်သိပ္ပံပညာရှင်အဖွဲ့ကို တက္ကသိုလ်ကောလိပ်များမှ အငြိမ်းစားပါမောက္ခချုပ်များ၊ ပါမောက္ခများ၊ ဘာသာရပ်အလိုက် ကျွမ်းကျင်သူပညာရှင်များဖြင့် ၁၉၉၉ ခုနှစ်က ဖွဲ့စည်းတည်ထောင်ခဲ့ပြီး ယခုအခါ အငြိမ်းစားပညာရှင် ၃၅၈ ဦးနှင့် တာဝန်ထမ်းဆောင်ဆဲပညာရှင် ၃၂၀ ဦး စုစုပေါင်း ၆၇၈ ဦးဖြင့် ဖွဲ့စည်းထားသည်။ (Living Color-109 သတင်းဖော်ပြပြီး) ■

# ပြည်သူ့ဆေးရုံများ ကျန်းမာရေးစောင့်ရှောက်မှု တိုးတက်

ရန်ကုန်၊ စက်တင်ဘာ ၃

ပုဂ္ဂလိကဆေးခန်းများ၏ ဝန်ဆောင်မှုနှင့် ပတ်သက်၍ ဝေဖန်သုံးသပ်မှုများ မကြာခဏထွက်ပေါ်နေချိန်တွင် ကျန်းမာရေးဝန်ကြီးဌာနလက်အောက်ရှိ ဆေးရုံများမှာ ကျန်းမာရေးစောင့်ရှောက်မှုအရည်အသွေး တိုးတက်လျက်ရှိကြောင်း ဆေးကုသသူအချို့ အဆိုအရ သိရသည်။

ပြည်သူလူထုအား ကျန်းမာရေးစောင့်ရှောက်ရာ၌ သက်ဆိုင်ရာဝန်ကြီးဌာနအသီးသီးရှိ လူသားအရင်းအမြစ်များ၏ Capacity Building ကိုလည်း မြှင့်တင်နိုင်ရေးအတွက် Master နှင့် Ph.D သင်တန်းများ ပို့ချနေသည့်အပြင် Public Health Institute (ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုသင်တန်းဌာန)ကိုလည်း ဖွင့်လှစ်ရန် စီစဉ်လျက်ရှိသည်။ ပြည်သူ့ဆေးရုံအချို့တွင် ငွေကြေးအခက်အခဲရှိသော ဝေဒနာရှင်များအား ဝန်ထမ်းများမှပင် ငွေကြေးစိုက်ထည့်ကုသပေးသည်များရှိကြောင်း၊ ဩဂုတ်လ ၂၉ ရက်နေ့က သန်လျင်မြို့နယ် ပြည်သူ့ဆေးရုံတွင် အမျိုးသမီးတစ်ဦးမှာ မီးဖွားရင်းတိမ်းပါးသွားရာ မီးဖွားရာတွင် ကုန်ကျသော ဆေးဝါးအသုံးအဆောင်များအား လက်မှတ်ထိုး ထုတ်ယူခဲ့သော သူနာပြုအမျိုးသမီးမှနေ၍ အဆိုပါအမျိုးသမီးမှာ တိမ်းပါးပြီးနောက်တွင် လေးသောင်းကျပ်ကျော်ခန့် ကုန်ကျစရိတ်များ ကျခံခဲ့ကြောင်း အဆိုပါဆေးရုံနှင့် နီးစပ်သည့်သတင်းရပ်ကွက်တစ်ခုက ပြောကြားသည်။

■

# မန္တလေး၌ OSIM အရောင်းဆိုင်ခွဲ ဖွင့်လှစ်မည်

**ရန်ကုန်၊ စက်တင်ဘာ ၅**

မြန်မာနိုင်ငံ၌ ဂျပန်နိုင်ငံထုတ် တန်ဖိုးကြီးမားသော OSIM အားကစားပစ္စည်းများနှင့် အိမ်တွင်းသုံးပစ္စည်းများကို ရောင်းချနေသည့် Nat Ray ကုမ္ပဏီမှ ၎င်း၏ OSIM အရောင်းဆိုင်ခွဲကို မန္တလေးမြို့၌ မကြာခင်ဖွင့်လှစ်သွားမည်ဟု Nat Ray ကုမ္ပဏီအရောင်းမန်နေဂျာက ပြောကြားသည်။

OSIM အားကစားသုံးပစ္စည်းများအနက် လူကြိုက်များထင်ရှားသည့် ငွေ ကျပ်သိန်း ၅၀ ကျော် ပေးရသော အနှိပ်ကုလားထိုင်မှာ တန်ဖိုးကြီးမားသော်လည်း ယခုအထိ အလုံး ၁၀၀ ကျော် ရောင်းချရပြီဖြစ်ကြောင်း Nat Ray ကုမ္ပဏီထံမှ သိရသည်။

OSIM ၏ Traders ဟိုတယ်ဆိုင်ခွဲ အပါအဝင် Nat Ray ကုမ္ပဏီမှ OSIM ကျန်းမာရေးအထောက်အကူပြုပစ္စည်းဆိုင် လေးခုကို ၁၉၉၆ ခုနှစ်မှစတင်၍ ဖွင့်လှစ်ထားရှိပြီး Lorenzo တံဆိပ် အိမ်သုံးပရိဘောဂများကိုပါ တွဲဖက်ရောင်းချလျက်ရှိသည်ဟု OSIM ၏ ဈေးကွက်မန်နေဂျာက ပြောကြားသည်။

# Programming နှင့် Web Development ပြိုင်ပွဲ ပထမဦးဆုံးအကြိမ် ကျင်းပ

**ရန်ကုန်၊ ဩဂုတ် ၂၉**

မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်းက ပထမဦးဆုံးအကြိမ် ကြီးမှူးစီစဉ်သည့် Programming နှင့် Web Development အလွတ်တန်းပြိုင်ပွဲတစ်ရပ်ကို ဩဂုတ်လ ၂၉ ရက်နေ့က လှိုင်မြို့နယ် MICT Park အဆောက်အအုံ၌ ကျင်းပခဲ့ကြောင်း အဆိုပါပြိုင်ပွဲအကဲဖြတ်အဖွဲ့တွင်ပါဝင်ခဲ့သည့် မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်းအမှုဆောင် ကော်မတီဝင်တစ်ဦးဖြစ်သူ ဦးသောင်းစုငြိမ်းက Living Color သို့ ပြောကြားသည်။

မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်၊ မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်း၊ မြန်မာနိုင်ငံကွန်ပျူတာလုပ်ငန်းရှင်အသင်းနှင့် မြန်မာနိုင်ငံကွန်ပျူတာဝါသနာရှင်အသင်းတို့၏ နှစ်ပတ်လည်အထိမ်းအမှတ် စီစဉ်ကျင်းပသည့် အဆိုပါပြိုင်ပွဲ၌ နှစ်သက်ရာကွန်ပျူတာဘာသာရပ်ဖြင့် ပါဝင်ယှဉ်ပြိုင်ခွင့်ပြုခဲ့ပြီး Programming ပြိုင်ပွဲတွင် အဖွဲ့ခုနစ်ဖွဲ့နှင့် Web Development ပြိုင်ပွဲတွင် အဖွဲ့ခြောက်ဖွဲ့ ပါဝင်ယှဉ်ပြိုင်ခဲ့ကြကြောင်း၊ ပြိုင်ပွဲတွင် ပထမဆု ကျပ်သုံးသိန်း၊ ဒုတိယဆု ကျပ်နှစ်သိန်းနှင့် တတိယဆု ကျပ်တစ်သိန်း အသီးသီးသတ်မှတ်ထားပြီး ဆုရရှိသူများအား လာမည့်အောက်တိုဘာလတွင် ရန်ကုန်မြို့ တပ်မတော်ခန်းမ၌ ကျင်းပမည့် ဆဋ္ဌမအကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ ICT ပြပွဲ၌ ဆုများပေးအပ်ချီးမြှင့်သွားမည်ဖြစ်ကြောင်း ၎င်းက ဆိုသည်။ ■

# ရေးဟောင်းသုတေသန သင်တန်းကျောင်းအတွက် ဘာသာရပ်များ သတ်မှတ်

**ရန်ကုန်၊ စက်တင်ဘာ ၁၃**

ပြည်မြို့တွင် ဖွင့်လှစ်မည့် ရှေးဟောင်းသုတေသနသင်တန်းကျောင်းအတွက် ဝန်ထမ်းအကြီးအကဲနှင့် ဘာသာရပ်ဌာနခွဲများကို ရွေးဆွဲသတ်မှတ်ခဲ့ပြီး လာမည့် ၂၀၀၅ ခုနှစ် ဧပြီလတွင် ဖွင့်လှစ်ရန် စီစဉ်လျက်ရှိကြောင်း ယဉ်ကျေးမှုဝန်ကြီးဌာနမှ သတင်းရရှိသည်။

သင်တန်းကျောင်းတွင် ဌာနခြောက်ခုခွဲထားပြီး သင်တန်းကာလမှာ ခြောက်လဖြစ်ကြောင်း၊ ဌာနတွင်း ဝန်ထမ်းနှင့် ပြင်ပပုဂ္ဂိုလ်များပါ သင်ယူနိုင်မည့် သင်တန်းများအား ဘာသာရပ်အလိုက် ခွဲခြားသတ်မှတ်ထားရှိမည်ဖြစ်ကြောင်း သိရသည်။ ဘာသာရပ်ဌာနများမှာ GIS နည်းပညာဌာန၊ ဓာတုဗေဒနည်းဖြင့် ထိန်းသိမ်းရေးပညာဌာန၊ ရှေးဟောင်းအဆောက်အအုံ ထိန်းသိမ်းရေးနည်းပညာဌာန၊ ကွန်ပျူတာသင်ကြားရေးနည်းပညာဌာန၊ ရေအောက်ရှေးဟောင်း သုတေသနနည်းပညာဌာနနှင့် ပုံဆွဲ၊ ပုံထုတ်နည်းပညာဌာနတို့ဖြစ်သည်။

ရှေးဟောင်းသုတေသနသင်တန်းကျောင်းမှာ ပြည်–ပေါက်ခေါင်းကားလမ်းနံဘေး မှော်ဇာမြို့ဟောင်းအနီးတွင် တည်ရှိကြောင်း သိရသည်။

**တင်လင်း**

LIVING COLOR
526302
4412163

# ကျိုင်းတုံမြို့ကို ဖြတ်သန်းမည့် တရုတ်-ထိုင်း ကုန်သွယ်ရေး ကားလမ်းကြောင်းသစ် ဖွင့်လှစ်

**ရန်ကုန်၊ စက်တင်ဘာ ၁၁**

မြန်မာနိုင်ငံ ကျိုင်းတုံမြို့ကို ဖြတ်သန်းသွားသည့် တရုတ်–ထိုင်း ကုန်သွယ်ရေး မော်တော်ကားလမ်းတစ်ခုကို ပြီးခဲ့သည့် ဇူလိုင်လ ၁ ရက်နေ့မှ စတင်၍ ဖွင့်လှစ်လိုက်ပြီး ကုန်သွယ်မှုလုပ်ငန်းများကို စတင်၍ ဆောင်ရွက်နေပြီ ဖြစ်ကြောင်း တာချီလိတ်မြို့ခံကုန်သည်များထံမှ သိရသည်။

အဆိုပါကားလမ်းသည် ထိုင်းနိုင်ငံ မဲဆောက်နှင့် တရုတ်ပြည်သူ့သမ္မတ နိုင်ငံ ယူနန်ပြည်နယ်ရှိ ဂျန်ဟောင်း (Jung Hong) မြို့တို့ ဆက်သွယ်ပေးမည့် လမ်း ကြောင်းတစ်ခု ဖြစ်သည်။

အဆိုပါကားလမ်းမှ တရုတ်နှင့် ထိုင်းနိုင်ငံတို့အကြား ၁၂ နာရီခန့်သာ မောင်းနှင်ရသည့်အတွက် တရုတ်မှ ကုန်ပစ္စည်းများ အချိန်တိုအတွင်း ရောက်ရှိနိုင်ပြီး ထိုင်းနိုင်ငံဒေသထွက် သစ်သီးဝလံများကို လတ်လတ်ဆတ်ဆတ် ပို့ဆောင်ပေးနိုင်မည် ဖြစ်သည်။

ယင်းကားလမ်းအပေါ် အမှီပြု၍ ကုန်သွယ်မှုဆိုင်ရာဝန်ဆောင်မှုများ လုပ် ဆောင်ရန် ၃၂ ဟက်တာ ကျယ်ဝန်းသည့် ကုန်သွယ်မှုစင်တာတစ်ခုကို လာမည့်နှစ်အတွင်း ဖွင့်လှစ်နိုင်ရန် စီစဉ်လျက် ရှိသည်။

# မြန်မာဘီယာ ISO 14001:1996 လက်မှတ်ရရှိ

**ရန်ကုန်၊ ဩဂုတ် ၂၆**

မြန်မာနိုင်ငံစားသောက်ကုန်ထုတ်လုပ်ရေးဈေးကွက်တွင် အင်အားအကြီးမားဆုံးကုမ္ပဏီတစ်ခုဖြစ်သည့် Myanmar Brewery Ltd. သည် မြန်မာနိုင်ငံ၌ ပထမဆုံးသဘာဝပတ်ဝန်းကျင် ထိန်းသိမ်းကွပ်ကဲမှုစနစ် လက်မှတ် ISO 14001:1996 လက်မှတ်ရရှိခဲ့ကြောင်း မိတ်ဆက်ရှင်းလင်းသည့် အခမ်းအနားတစ်ရပ်ကို ဩဂုတ်လ ၂၄ ရက်နေ့တွင် အဆိုပါကုမ္ပဏီ၏ စက်ရုံတည်ရှိရာ ပျဉ်းမပင်စက်မှုဇုန်၌ ကျင်းပခဲ့သည်။

အဆိုပါအခမ်းအနားတွင် ISO လက်မှတ်ရရှိခြင်းနှင့်အတူ အမေရိကန်ဒေါ်လာ ၁.၄ သန်းတန်ဖိုးရှိသော စည်ဘီယာသွင်းစက်လိုင်းတစ်ခုကိုပါ ဖွင့်လှစ်ခဲ့သည်။ Myanmar Brewery Ltd. သည် ၁၉၉၆ ခုနှစ် လုပ်ငန်းစတင်သည်မှ ယနေ့အထိ ရင်းနှီးမြှုပ်နှံမှုပမာဏမှာ အမေရိကန်ဒေါ်လာ ၄၅ သန်းခန့်ရှိနေပြီဖြစ်ကြောင်း ၎င်းကုမ္ပဏီမှ ထုတ်ပြန်ချက်အရ သိရသည်။ Myanmar Brewery Ltd. ကိုစင်ကာပူနိုင်ငံ Fraser & Neave Ltd. နှင့် မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်တို့ ဖက်စပ်တည်ထောင်ထားခြင်းဖြစ်ပြီး မြန်မာဘီယာ၊ တိုက်ဂါးဘီယာ၊ ABC ဘီယာ၊ Anchor ဘီယာများကို ထုတ်လုပ်ဖြန့်ချိလျက်ရှိသည်။ မြန်မာနိုင်ငံ၏ စားသောက်ကုန်ထုတ်လုပ်ရေးလုပ်ငန်းများထဲတွင် ရင်းနှီးမြှုပ်နှံမှု ပမာဏအများဆုံးနှင့် ဈေးကွက်ပြိုင်ဘက် မရှိသည့် ထိပ်တန်းကုမ္ပဏီတစ်ခု ဖြစ်လျက် ရှိသည်။

# သွေးလှူရှင်စုဆောင်းရေး အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

**ရန်ကုန်၊ စက်တင်ဘာ ၆**

တက္ကသိုလ်ကျောင်းသူ ကျောင်းသားများကို အဓိကထားသည့် သွေးလှူရှင်စုဆောင်းရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲတစ်ရပ်ကို ဩဂုတ်လ ၁၄ ရက်မှ ၁၅ ရက်နေ့အထိ ရန်ကုန်သူနာပြုတက္ကသိုလ်ခန်းမဆောင်၌ ကျင်းပပြုလုပ်ခဲ့သည်။

အဆိုပါသင်တန်းသို့ ရန်ကုန်မြို့ပေါ်ရှိ တက္ကသိုလ်အသီးသီးမှ ဆရာ ဆရာမများ၊ တက္ကသိုလ်ကြက်ခြေနီအသင်းများမှ တာဝန်ရှိသူများ စုစုပေါင်း ၄၀ ဦးခန့် တက်ရောက်ခဲ့ကြပြီး သွေးလှူဒါန်းခြင်းနှင့် ပတ်သက်သည့် သွေးလှူရှင်စုဆောင်းရေးဆိုင်ရာ နည်းဗျူဟာများ၊ အစီအစဉ်များကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ အဆိုပါသင်တန်းကို ကျန်းမာရေးဝန်ကြီးဌာနနှင့် ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA) တို့၏ ပံ့ပိုးမှုဖြင့် ကျင်းပခဲ့ခြင်း ဖြစ်သည်။ တက္ကသိုလ် ကြက်ခြေနီအသင်းများ၏ လှုပ်ရှားမှုများသည် ရန်ပုံငွေအခက်အခဲ၊ လူသစ်စုဆောင်းနိုင်မှုအခက်အခဲနှင့် အထွေထွေ အကျပ်အတည်းများကြောင့် ၁၀ စုနှစ် တစ်ခုစာမျှ လှုပ်ရှားမှုများ တုံ့ဆိုင်းနေခဲ့ရာ ယခု သွေးလှူဒါန်းသူများ စုဆောင်းရေးနှင့် စုပေါင်းသွေးလှူပွဲများဖြင့် စတင်လာခဲ့ခြင်း ဖြစ်သည်။

**LIVING COLOR**
**526302**
**4412163**

# MCSA ၏ ကွန်ပျူတာပညာရပ်ဆိုင်ရာ စာမေးပွဲအောင်မြင်ပြီးသူများအား အသိအမှတ်ပြု ရင်ထိုးတံဆိပ် အသုံးပြုခွင့်ပေး နိုင်ငံခြားပညာသင်ဆုများ လျှောက်ထားနိုင်

**ရန်ကုန်၊ ဩဂုတ် ၂၈**

မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်း (MCSA)မှ ကျင်းပစစ်ဆေးလျက်ရှိသော MCSA Exam ဖြေဆိုအောင်မြင်ပြီးသူများအား စာမေးပွဲအောင်လက်မှတ်အပြင် IT Industry အလိုက် စာမေးပွဲအောင်မြင်ကြောင်း အသိအမှတ်ပြု ရင်ထိုးတံဆိပ် (Logo) အသုံးပြုခွင့်အား ၂၀၀၄ ခုနှစ် ဩဂုတ်လ ၂၈ ရက်နေ့က ပြုလုပ်ခဲ့သည့် ကွန်ပျူတာအသင်းများ၏ နှစ်ပတ်လည်အစည်းအဝေးမှစ၍ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း MCSA မှ အမှုဆောင်ကော်မတီဝင်တစ်ဦးက ပြောကြားသည်။

စာမေးပွဲအောင်မြင်ကြသူများအနေဖြင့် MCSA Certified IT Professional သို့မဟုတ် MCSA Certified Software Developer သို့မဟုတ် MCSA Certified Network Professional စသည်ဖြင့် IT Industry အလိုက် အသိအမှတ်ပြုသွားမည်ဖြစ်ပြီး မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်မှ စီစဉ်သော နိုင်ငံခြားပညာသင်ဆုများကို လျှောက်ထားနိုင်ခြင်း၊ IT ကုမ္ပဏီအသီးသီးတွင် ကျွမ်းကျင်သော ပညာရှင်အဖြစ် သတ်မှတ်ချက်တစ်ခုအနေဖြင့် အလုပ်ဝင်ရောက် လျှောက်ထားနိုင်ခြင်း၊ လက်ရှိတာဝန်ထမ်းဆောင်ဆဲ ဝန်ထမ်းများဖြစ်ပါက ခံစားခွင့်များ၊ အခွင့်အရေးများ ရရှိနိုင်ခြင်း၊ နိုင်ငံတကာရှိ ICT သင်တန်းများနှင့် ညှိနှိုင်းပြီး ဘာသာရပ်နှင့် Diploma သင်တန်းများတွင် အထူးကင်းလွတ်ခွင့် (Credit Exception) များ စသော အကျိုးကျေးဇူးများ ရရှိနိုင်မည်ဖြစ်ကြောင်း ၎င်းက ဆိုသည်။

IT ပညာဖွံ့ဖြိုးတိုးတက်ရန်နှင့် Industrial Recognized Standard ရရှိစေရန် ရည်ရွယ်၍ မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်းမှ MCSA Certification Examination များကို ၂၀၀၂ ခုနှစ် မတ်လ ၁၇ ရက်နေ့မှ စတင်၍ ကျင်းပခဲ့ရာ ၂၀၀၄ ခုနှစ် မတ်လအထိ ၁၅ ကြိမ် ကျင်းပစစ်ဆေးခဲ့ပြီးဖြစ်ကြောင်း၊ ဝင်ရောက်ဖြေဆိုသူ စုစုပေါင်း ၆၇၉ ဦးရှိပြီး ၁၄၀ ဦး အောင်မြင်ခဲ့ကြကြောင်း အသင်း၏ သတင်းထုတ်ပြန်ချက်တစ်ရပ်အရ သိရှိရသည်။

# မြန်မာ e-Book ကျပ်သုံးသိန်းဖိုးသာ ရောင်းချရ

**ရန်ကုန်၊ ဩဂုတ် ၁၄**

Forever Group မှ စီစဉ်လွှင့်တင်ထားသည့် www.foverspace.com မှ မြန်မာ e-Book ကို ၂၀၀၃ ခုနှစ် စက်တင်ဘာလမှ ၂၀၀၄ ခုနှစ် ဧပြီလ ၁ ရက်အထိ ကျပ်သုံးသိန်းဖိုးသာ ရောင်းချရသည်ဟု ဩဂုတ်လ ၁၄ ရက်နေ့တွင် အမျိုးသားစာကြည့်တိုက်၌ ကျင်းပသော မြန်မာနိုင်ငံစာကြည့်တိုက်အသင်းနှစ်ပတ်လည် အစည်းအဝေး၌ ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်စာကြည့်တိုက်မှူး ဒေါ်နီနီအေးက ပြောကြားသွားသည်။

မြန်မာ e-Book အခြေအနေစာတမ်းကို အဆိုပါအစည်းအဝေး၌ ဖတ်ကြားခဲ့သူ ဒေါ်နီနီအေးက မြန်မာ e-Book စနစ်မှာ အောင်မြင်ခြင်း၊ မအောင်မြင်ခြင်းဆိုသည်ထက် ဈေးကွက်ဖွင့်နိုင်မဖွင့်နိုင်ဆိုသည့် အချက်ကိုသာ စမ်းသပ်ဆဲဖြစ်ကြောင်း၊ e-Book ကို မြန်မာစာကြည့်တိုက်ပညာရှင်များကိုယ်တိုင် အသုံးမပြုနိုင်သေးကြောင်းနှင့် e-Book စနစ် မျှော်မှန်းသလောက် မအောင်မြင်ရခြင်းမှာ Online မှတစ်ဆင့် ငွေပေးချေရသော Banking စနစ် မဖွံ့ဖြိုးသေး၍ဖြစ်ကြောင်း ဆိုသည်။

မြန်မာ e-Book စနစ်ဖြင့် ရောင်းချရသော စာအုပ်အများစုမှာ မဂ္ဂဇင်းများဖြစ်ပြီး ၂၀၀၄ ခုနှစ် ဧပြီလ ၁ ရက်နေ့အထိ စာရင်းအရ စာအုပ်မျိုးစုံ ၈၅၇ အုပ်၊ ကာတွန်း ၂၂၉ အုပ်၊ ဂျာနယ် ၃၂ စောင်၊ မဂ္ဂဇင်း ၂၉ စောင်နှင့် သတင်းစာသုံးစောင် ရောင်းချခဲ့ရသည်ဟု Forever Group ၏ စာရင်းများတွင် ဖော်ပြထားသည်။

မြန်မာ e-Book စနစ်သည် ပြည်ပရှိ မြန်မာနိုင်ငံသားများအတွက် ရည်ရွယ်ထားသော်လည်း ပြည်ပရှိ မြန်မာနိုင်ငံသားအချို့မှာ Online Banking စနစ်ကို အသုံးမပြုနိုင်သေး၍ ဆွေမျိုးများထံမှ မြန်မာစာအုပ်များကိုသာ မှာယူဖတ်ရှုနေဆဲဖြစ်သည်ဟု ဒေါ်နီနီအေးက Living Color သို့ ပြောကြားသည်။

■

# တို့ကျေးရွာဂျာနယ် ထုတ်ဝေမည်

ရန်ကုန်၊ စက်တင်ဘာ ၁၀

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ တာဝန်ယူထုတ်ဝေမည့် တို့ကျေးရွာ ကျေးလက်ကိုယ်စားပြု ဂျာနယ်တစ်စောင်ကို လာမည့် အောက်တိုဘာလခန့်တွင် ထုတ်ဝေသွားရန်ရှိကြောင်း အဆိုပါဦးစီးဌာန၏ ညွှန်ကြားရေးမှူးချုပ် ဦးချစ်နိုင်က ဆိုသည်။

အဆိုပါဂျာနယ်သည် ကျေးလက်ဒေသနေ ပြည်သူများအတွက် အဓိက ရည်ရွယ်ထုတ်ဝေခြင်းဖြစ်ပြီး ကျေးလက်ဖွံ့ဖြိုးရေးပညာပေးနှင့် ဖျော်ဖြေရေးကဏ္ဍတို့ကို အချိုးမျှတစွာ ထည့်သွင်းသွားမည် ဖြစ်ကြောင်း၊ ဈေးနှုန်းအနေဖြင့် ကျေးလက်နေပြည်သူများ လက်လှမ်းမီစေရန် ကျပ် ၁၀၀ ဝန်းကျင်ဖြင့် ရောင်းချနိုင်ရန် ရည်ရွယ်ထားကြောင်း ၎င်းက ဆိုသည်။ တို့ကျေးရွာဂျာနယ်တွင် ပြင်ပစာမူများလည်း လက်ခံမည်ဟု သိရသည်။ အဆိုပါဂျာနယ်နှင့် ပတ်သက်၍ အချစ်ဂျာနယ်မှ ဦးမြတ်ခိုင်၊ စာရေးဆရာ ဦးဟိန်းလတ်၊ ဒေါက်ထွေး (ဆေး/မန်း)၊ အိုလံပစ်ဂျာနယ် အစရှိသည့် ဂျာနယ်လောကအတွင်းမှ တာဝန်ရှိသူများမှ ဩဂုတ်လ ၉ ရက်နေ့က အဆိုပါဦးစီးဌာနတွင် ပြုလုပ်သောဆွေးနွေးပွဲ၌ အကြံပြုဆွေးနွေးပေးခဲ့ကြသည်။ အဆိုပါဂျာနယ်၏ အယ်ဒီတာအဖွဲ့ကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ တာဝန်ယူမည်ဖြစ်ကြောင်း သိရသည်။ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ထုတ်ဝေသော ကျေးလက်အထူးပြုစိုက်ပျိုးရေးပညာပေး 'လယ်ယာစီးပွားဂျာနယ်'သည် ဈေးကွက်အတွင်း ရှိပြီးဖြစ်ရာ ယခုထွက်ရှိမည့် တို့ကျေးရွာဂျာနယ်မှာ စိုက်ပျိုးရေးနှင့် မွေးမြူရေးဆိုင်ရာ သတင်းအချက်အလက် ဦးစားပေးမည် သို့မဟုတ် ပညာပေးဦးစားပေးမည် သို့မဟုတ် ဖျော်ဖြေရေး ဦးစားပေးမည်ဆိုသည်ကို စဉ်းစားစီစဉ်လျက်ရှိကြောင်း သိရသည်။

# ဖုန်း Bill ဝန်ဆောင်မှုအချို့ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းနှင့် ပူးပေါင်းလုပ်ကိုင်

ရန်ကုန်၊ စက်တင်ဘာ ၁

အီးမေးလ်၊ ဖက်(စ်)နှင့် တယ်လီဖုန်း Bill ဝန်ဆောင်မှုလုပ်ငန်းအချို့သည် ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာနနှင့် ပူးပေါင်းလုပ်ကိုင်လျက်ရှိကြောင်း ယင်းဝန်ဆောင်မှုလုပ်ငန်း လုပ်ကိုင်သည့် မြန်မာ့တံခွန်ကုမ္ပဏီလီမိတက်မှ ဦးသာဝင်းက ဆိုသည်။ ယင်းကဲ့သို့ ဝန်ဆောင်မှုပေးရာတွင် ဖုန်းသုံးစွဲသူများ အချိန်မကုန်စေဘဲ အဆင်ပြေစေနိုင်ရန် အလို့ငှာ ငွေရပြေစာများကို အိမ်အရောက် လက်ငင်းငွေချေစနစ်ဖြင့် ဝန်ဆောင်ပေးလျက်ရှိသည်ဟု ၎င်းက ဆိုသည်။

အလားတူ MCC (Myanma Computer Co., Ltd.) နှင့် M.O.B Bank တို့သည်လည်း မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းနှင့် ပူးပေါင်း၍ ယင်း Bill ကောက်ခံခြင်းလုပ်ငန်းကို လုပ်ကိုင်လျက်ရှိကြောင်း သိရသည်။

# ဆောက်လုပ်ရေးကုမ္ပဏီတစ်ခုမှ ဝန်ထမ်းအချို့ အပိုဆောင်းလစာ သဘောတူညီချက်အတိုင်းရရှိရန် ကြိုးပမ်း

ရန်ကုန်၊ စက်တင်ဘာ ၁၁

ရန်ကုန်မြို့ ပြည်လမ်းရှိ အပြည်ပြည်ဆိုင်ရာ စီးပွားရေးအဆောက်အအုံတွင် ရုံးခန်းဖွင့်လှစ်ထားသော ဆောက်လုပ်ရေးကုမ္ပဏီကြီးတစ်ခုမှ ကျွမ်းကျင်ဝန်ထမ်းများသည် ၎င်းတို့ အလုပ်စတင်ဝင်ရောက်စဉ်က ကုမ္ပဏီနှင့် သဘောတူညီထားသော လစာနှင့် အပိုဆောင်းစရိတ်များအတိုင်း မရရှိခြင်းကို စက်တင်ဘာလအတွင်း ညှိနှိုင်း၍ ရယူနိုင်ခဲ့ကြောင်း အဆိုပါကုမ္ပဏီမှ အင်ဂျင်နီယာတစ်ဦးက ပြောကြားသည်။

အဆိုပါကုမ္ပဏီသည် ဆည်မြောင်းနှင့် လျှပ်စစ်စီမံကိန်းကြီးတစ်ခု၌ ကုမ္ပဏီမှ ပံ့ပိုးရမည့် ကန်ထရိုက်အပိုင်းအား ဖြည့်ဆည်းပေးရန်အတွက် ကျွမ်းကျင်အင်ဂျင်နီယာဘွဲ့ရဝန်ထမ်း ၂၀ ဦးကျော်အား စီမံကိန်းဒေသတွင် ပေးမည့်လစာနှင့်အတူ အပိုဆောင်းစရိတ်ကိုပါပေးရန် ဩဂုတ်လအတွင်း သဘောတူညီ ခန့်ထားခဲ့သည်ဟု ၎င်းက ဆိုသည်။ လုပ်ငန်းခွင်ဖြစ်သည့် စီမံကိန်းဒေသသို့ မသွားရောက်နိုင်သေးမီ အပိုဆောင်းလစာ ဖြတ်တောက်မှုကြောင့် သဘောတူညီချက်အတိုင်း လိုက်လျောပါရန် အင်ဂျင်နီယာဝန်ထမ်းများ စုပေါင်းတောင်းဆိုခဲ့၍ ကုမ္ပဏီဘက်မှ မူလသဘောတူညီချက်အတိုင်း လိုက်လျောပေးခဲ့ခြင်းဖြစ်ကြောင်း အဆိုပါအင်ဂျင်နီယာက ထပ်လောင်း ရှင်းပြသည်။

မြန်မာနိုင်ငံ၏ ပုဂ္ဂလိက ဝန်ထမ်းရေးရာစီမံခန့်ခွဲမှုအပိုင်း၌ လုပ်ငန်းရှင်နှင့် ဝန်ထမ်းများအကြား ထိန်းညှိပေးမည့် လူသားအရင်းအမြစ်ဌာန (Human Resources Department) များ ပိုမို၍ စနစ်တကျ ဖွံ့ဖြိုးတိုးတက်ရန် လိုအပ်ကြောင်း ဝန်ထမ်းရေးရာလေ့လာသူတစ်ဦးက သုံးသပ်သည်။ ■

## အမျိုးသားစာကြည့်တိုက်တွင် အသုံးပြုမည့် စီမံခန့်ခွဲမှုဆိုင်ရာ Software လုံးဝပြီးစီး

**ရန်ကုန်၊ ဩဂုတ် ၁၅**

အမျိုးသားစာကြည့်တိုက်နှင့် မြန်မာနိုင်ငံရှိ စာကြည့်တိုက်များတွင် အသုံးပြုမည့် စီမံခန့်ခွဲမှုဆိုင်ရာ Software ကို ယဉ်ကျေးမှုဝန်ကြီးဌာန အမျိုးသားစာကြည့်တိုက်နှင့် Forever Group တို့မှ အကောင်အထည်ဖော် ရေးဆွဲခဲ့ရာ လုံးဝပြီးစီးသည့်အခြေအနေတွင်ရှိကြောင်း အမျိုးသားစာကြည့်တိုက်မှူး ဦးကျော်ဦးက ဩဂုတ် ၁၅ ရက်တွင် ကျင်းပသော မြန်မာနိုင်ငံ စာကြည့်တိုက်အသင်း နှစ်ပတ်လည်အစည်းအဝေးတွင် ပြောကြားသည်။

အဆိုပါ Software ကို ၂၀၀၃ ခုနှစ် မေလတွင် စတင်ရေးဆွဲခဲ့ပြီး အမျိုးသားပြတိုက်မှ ဝန်ထမ်းများကို MICT Park သို့ တစ်ရက်ခြား ပို့ဆောင်ကာ စာကြည့်တိုက်လုပ်ငန်းနှင့် IT နည်းပညာကို ပူးပေါင်းခဲ့ကြောင်း ဦးကျော်ဦးက ဆိုသည်။

မြန်မာနိုင်ငံစာကြည့်တိုက်အသင်းနာယကဦးတင်မောင်လွင်ကမူ မြန်မာနိုင်ငံစာကြည့်တိုက်အသင်း လက်အောက်ရှိ စာကြည့်တိုက်များမှာ အစိုးရ၏ ပံ့ပိုးမှုအောက်တွင်ရှိ၍ ရန်ပုံငွေနည်းပါးကြောင်း၊ ထို့ကြောင့် နည်းပညာပံ့ပိုးမည့် Software ကုမ္ပဏီများအနေဖြင့် ဈေးနှုန်း လျှော့ချပေးစေလိုကြောင်း ပြောကြားသည်။

## ဂျပန်ဧည့်လမ်းညွှန်များအား မဟာယာနဗုဒ္ဓဘာသာအကြောင်း ပို့ချ

**ရန်ကုန်၊ ဩဂုတ် ၂၇**

၂၀၀၄ ခုနှစ် ဒီဇင်ဘာလတွင် မြန်မာနိုင်ငံ ရန်ကုန်မြို့၌ ကျင်းပမည့် စတုတ္ထအကြိမ်မြောက် ကမ္ဘာ့ဗုဒ္ဓဘာသာညီလာခံတွင် အဓိကဧည့်လမ်းညွှန်အဖြစ် ဆောင်ရွက်မည့် ဂျပန်ဧည့်လမ်းညွှန်များအား မဟာယာန၊ ထေရဝါဒ ဗုဒ္ဓဘာသာနှင့်ပတ်သက်သော သိမှတ်ဖွယ်များကို သက်ဆိုင်ရာမှ တစ်ပတ်လျှင် တစ်ကြိမ် သင်ကြားပို့ချပေးလျက်ရှိကြောင်း ဂျပန်ဧည့်လမ်းညွှန်တစ်ဦးက ပြောကြားသည်။

ထို့ပြင် ဩဂုတ်လ ၂၆ ရက်နေ့တွင် ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနမှ တာဝန်ရှိသူ ဦးစောလွင်က ဂျပန်ဧည့်လမ်းညွှန် ၁၁၀ ဦးနှင့် သံတမန်ဆက်ဆံရေးနှင့် သာသနာရေးဝန်ထမ်းများအား ညီလာခံဧည့်သည်များနှင့် ပတ်သက်၍ သိသင့်သိထိုက်သည်များကို ရှင်းလင်းပြောကြားခဲ့သည်ဟု အဆိုပါဧည့်လမ်းညွှန်က ဆိုသည်။

ဧည့်သည်များအတွက် စင်းလုံးငှားလေယာဉ်များ စီစဉ်ပေးမည်ဖြစ်ပြီး နေ့ချင်းပြန် ပုဂံခရီးစဉ်နှင့် တည်းခိုမည့် ဟိုတယ်များအားလည်း သက်ဆိုင်ရာမှ စီစဉ်ထားပြီးဖြစ်ကြောင်း၊ ဧည့်သည်များအတွက် အဓိက တာဝန်ယူမည့် ဂျပန်ခရီးသွားကုမ္ပဏီ ခြောက်ခုမှာ Apex၊ SAI၊ SM၊ GTS ၊ Karaweik Tour နှင့် Tour Mandalay တို့ဖြစ်ကြောင်း ဂျပန်ခရီးသွားကုမ္ပဏီတစ်ခုထံမှ သိရှိရသည်။

■

## ရန်ပုံငွေဇာတ်ကားများ ဈေးကွက်၌ အောင်မြင်

**ရန်ကုန်၊ စက်တင်ဘာ ၁**

မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရန်ပုံငွေအတွက် ရိုက်ကူးဖြန့်ချိသော မြန်မာဗီဒီယိုဇာတ်ကားများ အငှားဆိုင်များ၌ အငှားသွက်လျက်ရှိကြောင်း ဗီဒီယိုအငှားဆိုင်ပိုင်ရှင်တစ်ဦးက ပြောကြားသည်။

ရုံတင်ပြီးရက်သတ္တပတ်အနည်းငယ်အတွင်း ဗီဒီယိုအငှားဆိုင်များတွင် ငှားရမ်းနိုင်ရန် စီစဉ်ထားခြင်း၊ ကျပ်ငွေသိန်းဂဏန်းရရှိနိုင်သည့် ဉာဏ်စမ်းအစီအစဉ်များ ထည့်သွင်းထားခြင်းတို့ကြောင့် ဈေးကွက်တွင် အောင်မြင်ခြင်းဖြစ်ကြောင်း ၎င်းက ဆိုသည်။ သရုပ်ဆောင်လွင်မိုး၊ နဝရတ်တို့ပါဝင်သော 'ခရမ်းပြာကို စောင့်ကြည့်ပါ' ဗီဒီယိုဇာတ်ကားသည် တရားခံဖော်ထုတ်ဖမ်းဆီးမှုကို ပဟေဠိအဖြစ်ထားရှိကာ အဖြေလွှာများအား ဆုငွေသတ်မှတ်ခေါ်ယူသည်ကို တွေ့ရသည်။ လူမင်းနှင့် အိန္ဒြာကျော်ဇင်တို့ ပါဝင်သော 'နှာမည်တစ်လုံးနှင့် နေကြသူများ' ဇာတ်ကားမှာ ဒီဗီဒီအဖြစ် ရုံတင်ပြီး ရက်သတ္တပတ်အနည်းငယ်၌ ဗီဒီယိုအဖြစ် ငှားရမ်းပြသခွင့်ပြုသည့်အပြင် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး ဗီဒီယိုအခြေခံအဖွဲ့မှ တိုက်ရိုက်ဖြန့်ချိကာ ရုပ်ရှင်အစည်းအရုံးတွင် ဆိုင်ရှင်ကိုယ်တိုင် သွားရောက်ဝယ်ယူရန် စီစဉ်ထားသည့်အတွက် ဈေးကွက်တွင် အောင်မြင်ခဲ့ကြောင်း ၎င်းက ထပ်လောင်းပြောကြားသည်။

**LIVING COLOR**
**526302**
**4412163**

# မြို့နယ်ကျန်းမာရေးစနစ်အတွက် မြို့နယ်ဆရာဝန် အရေးကြီးဆုံးဖြစ်

**ရန်ကုန်၊ ဩဂုတ် ၂၅**

မြို့နေလူထုကျန်းမာရေးအတွက် မြို့နယ်ကျန်းမာရေးစနစ် (Township Health System) ကို အကောင်အထည်ဖော်ရာတွင် မြို့နယ်ဆရာဝန်၏ အခန်းကဏ္ဍမှာ အရေးကြီးဆုံးဖြစ်သည်ဟု ဩဂုတ်လ ၂၅ ရက်နေ့က မြန်မာနိုင်ငံ ဆေးပညာရှင်များအဖွဲ့၏ Symposium on Township Health System စာတမ်းဖတ်ပွဲတွင် စာတမ်းဖတ်ကြားသူများက ဖတ်ကြားသွားသည်။

စာတမ်းဖတ်ပွဲသို့ တက်ရောက်လာသူ မြန်မာနိုင်ငံ အဓိကဆေးဝါးစီမံကိန်းမှ အတိုင်ပင်ခံ ဒေါက်တာဦးလှမြင့်က မြို့နယ်ဆရာဝန်များသည် မြို့နယ်အုပ်ချုပ်ရေး အပေါ် ဩဇာသက်ရောက်မှုရှိကြောင်း၊ သို့သော် အချို့ မြို့နယ်ဆရာဝန်များသည် Township Health System ကို စိတ်ဝင်စားမှု မရှိကြောင်း၊ မြို့နယ်ဆရာဝန်အချို့ဆိုလျှင် အဓိက ဆေးဝါးစီမံကိန်းမှပေးသော ဆေးဝါးများကို အာနိသင်နည်းပါးသော တရုတ်ဆေးဝါးများဖြင့် လဲလှယ်ယူလေ့ရှိကြောင်း ပြောကြားသည်။

ထို့ကြောင့် မြို့နယ်ကျန်းမာရေးစနစ်အတွက် မြို့နယ်ဆရာဝန်ကို အထောက်အကူပေးနိုင်မည့် လူထုကျန်းမာရေးစနစ်ကို နားလည်သည့် သူနာပြုဆရာများ ခန့်အပ်ရန်နှင့် သင်တန်းများပေးရန် လိုအပ်နေပြီဟု စာတမ်းဖတ်ကြားသူအချို့မှ သုံးသပ်သည်။

မြို့နယ်ကျန်းမာရေးစနစ်ကို အကောင်အထည်ဖော်ရာတွင် ကူညီမှု အများဆုံးပေးသော အစိုးရမဟုတ်သည့် အဖွဲ့အစည်းမှာ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဖြစ်သည်ဟု Non Govermental Sector in Township Health System စာတမ်းဖတ်ကြားသူ ဒေါက်တာရိမာဟိန်းက ပြောကြားသည်။

# ဝင်းဝင်းကုမ္ပဏီမှ မြေနုကွန်ဒိုမီနီယံ တည်ဆောက်မည်

**ရန်ကုန်၊ စက်တင်ဘာ ၁**

မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနနှင့် Win Win Co., Ltd. တို့ပူးပေါင်း၍ စမ်းချောင်းမြို့နယ် မြေနုလမ်းတွင် အထပ်ရှစ်ထပ်ပါ မြေနုကွန်ဒိုမီနီယံကို တည်ဆောက်သွားမည်ဖြစ်ကြောင်း Win Win Co., Ltd. မှ ပြောကြားသည်။

မြေနုကွန်ဒိုမီနီယံကို မြေအကျယ်အဝန်း ၀.၅၅၅၆ ဧကပေါ်တွင် တည်ဆောက်မည်ဖြစ်ပြီး စက်လှေကားနှစ်စင်းနှင့် မြေအောက်ကားရပ်နားစခန်း ပါရှိမည်ဟု ယင်းကုမ္ပဏီက ဆိုသည်။

ကွန်ဒိုမီနီယံ အခန်းတစ်ခန်းလျှင် စတုရန်းပေ ၁၆၀၀ ပါရှိပြီး အိပ်ခန်းသုံးခန်းပါရှိသည့်အတွက် ဝယ်ယူသူများ နှစ်ခြိုက်လိမ့်မည်ဟု အဆိုပါကုမ္ပဏီက ထပ်လောင်းပြောကြားသည်။

# ဂျပန်ဘာသာကျွမ်းကျင်မှု Advanced Level 2 အောင်မြင်သူများ ဒီပလိုမာတတိယနှစ်သင်တန်း တက်ရောက်နိုင်

**ရန်ကုန်၊ ဩဂုတ် ၂၄**

ဂျပန်ဘာသာကျွမ်းကျင်မှု Advanced Level 2 အောင်မြင်သူများသည် ၂၀၀၄ ခုနှစ်မှစတင်၍ ဂျပန်ဘာသာအချိန်ပိုင်း ဒီပလိုမာ တတိယနှစ်သင်တန်းသို့ တက်ရောက်နိုင်ပြီဖြစ်ကြောင်း ဩဂုတ်လ ၂၄ ရက်တွင် ကျင်းပသော ၂၀၀၄ ခုနှစ် ဂျပန်ဘာသာစကားပြောပြိုင်ပွဲတွင် ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်မှ လက်ထောက်ကထိက ဒေါ်ချစ်ချစ်မြင့်က Living Color သို့ ပြောကြားသည်။

နိုင်ငံခြားဘာသာတက္ကသိုလ် ဂျပန်ဌာနသည် ဂျပန် NGO အဖွဲ့အစည်းများထံမှ ဂျပန်ဘာသာစကားဆိုင်ရာ တိပ်ခွေနှင့် စာအုပ်များ အထောက်အပံ့ စုံစုံလင်လင် ရရှိကြောင်း၊ ဂျပန်စကားသင်ယူသူကျောင်းသားများအတွက် မှီငြမ်းစရာများ ပိုမိုပေးနိုင်ခဲ့သဖြင့် ဂျပန်စကားသင်ယူသူကျောင်းသားများ၏ ကျွမ်းကျင်မှု မြင့်မားလာကြောင်း ၎င်းက ဆိုသည်။

နိုင်ငံခြားဘာသာတက္ကသိုလ်တွင် ကျင်းပခဲ့သော ၂၀၀၄ ခုနှစ် ဂျပန်ဘာသာစကားပြောပြိုင်ပွဲကို ဂျပန်သံရုံးနှင့် နိုင်ငံခြားဘာသာတက္ကသိုလ်တို့မှ စီစဉ်ကျင်းပခဲ့ပြီး ပြိုင်ပွဲဝင်သူ ၇၁ ဦးအနက် ၂၅ ဦးကို ယှဉ်ပြိုင်ရန် ရွေးချယ်ခဲ့သည်။

၂၀၀၄ ခုနှစ် ဂျပန်ဘာသာစကားပြောပြိုင်ပွဲတွင် ပထမဆုအား ဂျပန်ဘာသာစကား ညနေပိုင်းသင်တန်းမှ ကိုနောင်နောင်လတ်က ဆွတ်ခူးခဲ့ပြီး အဆိုပါဆုကို ရရှိရန် ဂျပန်ဘာသာစကားကို တစ်နှစ်ခွဲကြာ လေ့ကျင့်ခဲ့ရကြောင်း ၎င်းက Living Color သို့ ပြောကြားသည်။ ■

# သုံးမတ်ကျော် ထိုင်ဝမ်တာယာ အကြိုက်များ

**ရန်ကုန်၊ စက်တင်ဘာ ၃**

ရန်ကုန်မြို့တော် မော်တော်ကား တာယာဈေးကွက်သို့ ထိုင်ဝမ်မှ ဝင်ရောက်လာသည့် သုံးမတ်တာယာများအား မော်တော်ယာဉ်ပိုင်ရှင်အများစု နှစ်ခြိုက်ကြကြောင်း တာမွေမြို့နယ်နှင့် ကျောက်တံတားမြို့နယ်အတွင်းရှိ တာယာအရောင်းဆိုင်ဖွင့်လှစ်သူအချို့ထံမှ စက်တင်ဘာလဆန်းတွင် သတင်းရရှိသည်။

စတီးလ် Type နှင့် ကြိုး Type ဟူ၍ အမျိုးအစားနှစ်မျိုးရှိသည့်အနက် ထိုင်ဝမ်တာယာမှာ ကြိုး Type အမျိုးအစားဖြစ်ကြောင်း၊ ပန်းသားအထူလေးပုံသုံးပုံခန့် ကျန်ရှိနေသော အဆိုပါသုံးမတ်တာယာအား အရောင်းဆိုင်များမှ ကျပ်တစ်သောင်းခုနှစ်ထောင်ဝန်းကျင် သတ်မှတ်ရောင်းချကြောင်း၊ အရွယ်အစားအနေဖြင့် ဈေးကွက်အခေါ် ၁၅ ဆိုဒ်များ ဝင်ရောက်မှုများပြားပြီး လက်ကားဈေးက သောင်းနှစ်ထောင်ကျပ်ဝန်းကျင်ဖြင့် ဝယ်ယူရသည့်အတွက် တစ်ဆင့်ပြန်လည်ရောင်းချသူမှာ တစ်လုံးလျှင် ခြောက်ထောင်ကျပ်ခန့် အမြတ်အစွန်းရရှိကြောင်း တာယာအရောင်းဆိုင်ရှင်တစ်ဦးက ရှင်းပြသည်။ ထိုင်ဝမ်တာယာမှာ စက်ပစ္စည်းများ တင်သွင်းသည့် ကွန်တိန်နာများအတွင်း ကြားညှပ်ယူဆောင်လာလေ့ရှိကြောင်းနှင့် တရုတ်တာယာထက် ပိုမိုကြာမြင့်စွာ အသုံးခံသည်ဟု သုံးစွဲသူအချို့ကဆိုကြောင်း ၎င်းက ထပ်လောင်းပြောကြားသည်။

# သူနာပြုဒီပလိုမာသင်တန်း အမှတ်စာရင်းဖြင့် လက်ခံမည်

**ရန်ကုန်၊ ဩဂုတ် ၆**

သူနာပြုစုနည်းဆိုင်ရာဒီပလိုမာ (Diploma in Nursing) ဝင်ခွင့်ကို ၂၀၀၄ ခုနှစ် တက္ကသိုလ်ဝင်ခွင့်မှစတင်၍ တက္ကသိုလ်ဝင်တန်းအောင်သည့် ရမှတ်ဖြင့်သာ ဝင်ခွင့်ပြုမည်ဟု ရန်ကုန်သူနာပြု တက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာမေဝင်းအောင်ခင်က ဩဂုတ်လ ၆ ရက်နေ့က ပြောကြားသည်။

ယခင်က သူနာပြုသင်တန်း ကျောင်းဝင်ခွင့်ကို ဝင်ခွင့်စာမေးပွဲ ဖြေဆို၍ အောင်မြင်မှသာ လက်ခံခဲ့ပြီး မြန်မာနိုင်ငံတွင် သူနာပြုသင်တန်း ကျောင်း ၄၃ ကျောင်းရှိသည်ဟု ကျန်းမာရေးဝန်ကြီးဌာန၏ သတင်းထုတ်ပြန်ချက်များအရ သိရသည်။ သူနာပြုသင်တန်းကျောင်းဝင်ခွင့် အမှတ်အတိုးအလျှော့ရှိမည်ဖြစ်ပြီး လက်ခံမည့် ကျောင်းသား၏ အသက်ကန့်သတ်ချက်ကို ညှိနှိုင်းဆဲဖြစ်ကြောင်း ၎င်းက ဆိုသည်။

အခြေခံပညာအထက်တန်းအောင် ရမှတ်ဖြင့် သူနာပြုသင်တန်းကျောင်းများတွင် ကျောင်းဝင်ခွင့်ရရှိသူများသည် ပညာသင်နှစ်သုံးနှစ် ပြီးဆုံးပါက သက်ဆိုင်ရာ သင်တန်း ကျောင်းရှိရာဒေသတွင်သာ အမှုထမ်းဆောင်ရမည်ဖြစ်ပြီး နယ်မြေကျော် တာဝန်ထမ်းဆောင်ခွင့်ရမည်မဟုတ်ဟု ဒေါက်တာမေဝင်းအောင်ခင်က ပြောကြားသည်။ ■

# Myanmar Yellow Pages (၁၀)နှစ်မြောက်စာအုပ်တွင် ခရီးသွားလာရေးနှင့် ကုန်သွယ်မှုကဏ္ဍများ ထည့်သွင်းမည်

**ရန်ကုန်၊ ဩဂုတ် ၁၃**

လာမည့် ၂၀၀၅ ခုနှစ်တွင် ထုတ်ဝေမည်ဖြစ်သော Myanmar Yellow Pages-2005 စာအုပ်၏ (၁၀)နှစ်မြောက် အထူးအစီအစဉ်အဖြစ် မြန်မာနိုင်ငံ၏ ခရီးသွားလာရေးအကြောင်းနှင့် မြန်မာ့ကုန်သွယ်မှုကဏ္ဍများကို ထည့်သွင်းဖော်ပြသွားမည်ဖြစ်ကြောင်း အဆိုပါလမ်းညွှန်စာအုပ်ကို နှစ်စဉ် ထုတ်ဝေဖြန့်ချိလျက်ရှိသည့် IMEX (Myanmar) Co., Ltd. မှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ယခုလက်ရှိ ထုတ်ဝေပြီး ဖြစ်သည့် (၉)ကြိမ်မြောက် Myanmar Yellow Pages အထိ နိုင်ငံတကာ ကုန်သွယ်မှုကဏ္ဍကိုသာ ထည့်သွင်းဖော်ပြခဲ့ကြောင်း၊ လာမည့် Myanmar Yellow Pages-2005 တွင် စတင်ထည့်သွင်းဖော်ပြမည့် မြန်မာ့ကုန်သွယ်မှုကဏ္ဍတွင် ကုန်ပစ္စည်းတင်ပို့သူနှင့် တင်သွင်းသူများ၏ လိပ်စာ၊ ဖုန်း၊ ဖက်စ်၊ E-mail၊ အင်တာနက်လိပ်စာများအပြင် တင်ပို့သည့်ကုန်ပစ္စည်း အမျိုးအမည်နှင့် တင်သွင်းသည့်ကုန်ပစ္စည်း အမျိုးအမည်စာရင်းများကိုပါ အသေးစိတ် ဖော်ပြထားမည်ဖြစ်ကြောင်း ၎င်းက ဆိုသည်။

**LIVING COLOR**
**526302 , 4412163**

# မြန်မာ e-Book Prepaid ကတ် နိုင်ငံခြားတွင် မရောင်းချနိုင်သေး

**ရန်ကုန်၊ ဩဂုတ် ၁၄**

မြန်မာ e-Book ဝယ်ယူသည့်အခါ အသုံးပြုရန်အတွက် Prepaid ကတ်များကို မြန်မာလူမျိုးအများအပြား ရှိနေသည့် နိုင်ငံခြားတိုင်းပြည်များတွင် ရောင်းချမည့် အစီအစဉ်အား ယခုအထိ အကောင်အထည်မဖော်နိုင်သေးဟု Forever Group မှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

Prepaid ကတ်များကို ပြည်ပတွင် ရောင်းချခြင်း မပြုနိုင်သေးသည်မှာ ရန်ကုန်မြို့နှင့် မန္တလေးမြို့တွင် Prepaid ကတ်ရောင်းချမှု အခြေအနေသည် နေ့စဉ် တစ်ကတ်နှစ်ကတ်သာ ရှိနေသေး၍ ဖြစ်သည်ဟု ၎င်းက ဆိုသည်။ မြန်မာ e-Book ကို ဝယ်ယူဖတ်ရှုနိုင်မည့် Prepaid ကတ်တစ်ခု၏ တန်ဖိုးမှာ ငွေ ၅၀၀၀ ကျပ်ဖြစ်ပြီး e-Book ဝယ်ယူပါက စာအုပ်တန်ဖိုးကို Prepaid ကတ်မှ ဖြတ်တောက်ယူသွားမည် ဖြစ်သည်။

ယခုအခါ Prepaid ကတ်များကို ရန်ကုန်မြို့ ၄၃ လမ်းရှိ e-Book Store နှင့် City Mart ဆိုင်များတွင် ရောင်းချလျက်ရှိသည်ဟု Forever Group မှ ဆိုသည်။

# ဘင်္ဂလားဒေ့ရှ်ဓာတ်မြေသြဇာ ရန်ကုန်အရောက်နည်း

**ရန်ကုန်၊ စက်တင်ဘာ ၉**

ရန်ကုန်တိုင်း၊ ပဲခူးတိုင်းနှင့် ဧရာဝတီတိုင်းရှိ စပါးစိုက်ပျိုးရာ ဒေသများသို့ ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ ထုတ်လုပ်သော ပုလဲဓာတ်မြေသြဇာ အဝင်နည်းကြောင်း ဓာတ်မြေသြဇာ လက်ကားကုန်သည်တစ်ဦးက စက်တင်ဘာလဆန်း၌ Living Color သို့ ပြောကြားသည်။

ရခိုင်ပြည်နယ်မှ ဘင်္ဂလားဒေ့ရှ်သို့ ဆားနှင့် ဗီး(ဆီး)သီးခြောက်များ တင်ပို့မှုနည်းပါးကာ ပို့ကုန်ရငွေ လျော့နည်းလာခြင်းကြောင့် ယခုနှစ်အတွင်း ဓာတ်မြေသြဇာ တင်သွင်းမှုမှာလည်း ယခင်နှစ်များ၏ ပမာဏထက်ဝက်ခန့် လျော့နည်းခြင်းဖြစ်ကြောင်း ၎င်းက ဆိုသည်။ ဘင်္ဂလားဒေ့ရှ်မှ တင်သွင်းသော ဓာတ်မြေသြဇာများအား စစ်တွေမြို့ကုန်သည်များမှတစ်ဆင့် မြန်မာနိုင်ငံတစ်ဝန်းရှိ ဆန်စပါးစိုက်ပျိုးရာ ဒေသများသို့ ဖြန့်ဖြူးလျက်ရှိကြောင်း ၎င်းက ရှင်းပြသည်။

# အိမ်သုံးပလတ်စတစ်ပစ္စည်းများ ဈေးငြိမ်ဦးမည်

**ရန်ကုန်၊ စက်တင်ဘာ ၁**

ရန်ကုန်မြို့တော်ဈေးကွက်၌ ကော်စေ့ဈေးနှုန်းပြောင်းလဲမှုရှိသော်လည်း အိမ်သုံးပလတ်စတစ်ပစ္စည်းများ ဈေးမတက်နိုင်သေးကြောင်း ဈေးကွက်စီးပွားရေးစနစ်မတိုင်မီကပင် ပလတ်စတစ်ပစ္စည်းများ အစဉ်တစိုက် ထုတ်လုပ်လာသော လုပ်ငန်းရှင်ကြီးတစ်ဦးက စက်တင်ဘာလဆန်း၌ ပြောကြားသည်။

မြန်မာနိုင်ငံတစ်ဝန်းသို့ ပလတ်စတစ်ပစ္စည်းများ ဖြန့်ဖြူးရောင်းချအားနည်းပါးနေသည့်အတွက် ထုတ်လုပ်သူများ၏ လက်တွင် ထုတ်လုပ်ပြီးပစ္စည်းများ သိုလှောင် ကျန်ရှိနေ၍ ဈေးမြှင့်ရောင်းချရန် မလွယ်ကူခြင်းဖြစ်ကြောင်း ၎င်းက ဆိုသည်။

မြန်မာနိုင်ငံသို့ ထိုင်ဝမ်မှ ကော်စေ့များ ပုံမှန်တင်သွင်းလျက်ရှိရာ မူရင်းနိုင်ငံတွင်ပင် ဈေးနှုန်းပြောင်းလဲသည့်အပြင် အခွန်တွက်ချက်ပုံ အပြောင်းအလဲများကြောင့် ကော်စေ့တစ်ပေါင်လျှင်ပင် ကျပ် ၅၀ခန့် ဈေးနှုန်းအမြင့်သို့ ပြောင်းလဲမှုဖြစ်ပေါ်နေကြောင်း၊ ယခင် ၄၈၀ ကျပ်မှ ယခု ၅၃၀ ကျပ်သို့ ရောက်ရှိလာကြောင်း ၎င်းက ဆိုသည်။

# ဗီစီဒီပြစက်များ မူဆယ်၌စုပုံ

**မန္တလေး၊ စက်တင်ဘာ ၂**

မြန်မာနိုင်ငံအီလက်ထရွန်နစ်ပစ္စည်းဈေးကွက်အတွင်း ဗီစီဒီပြစက်များ စဦးဝင်ရောက်ချိန်ကပင် လူသိများသော တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ထုတ်လုပ်တင်သွင်းသည့် ဗီစီဒီပြစက်တစ်မျိုးမှာ ဈေးကွက်မှနှစ်သက်မှု နည်းပါးသဖြင့် မူဆယ်၌ ဂိုဒေါင်ဖြင့် စုပုံသိမ်းဆည်းထားရကြောင်း ရန်ကုန်မြို့တော်အခြေစိုက် မန္တလေးမြို့သား ကုန်သည်တစ်ဦးက စက်တင်ဘာလဆန်းတွင် ပြောကြားသည်။

အဆိုပါအမှတ်တံဆိပ် ထုတ်လုပ်မှုအဆင့်ဆင့်၌ Quality Control (အရည်အသွေးကြပ်မတ်မှု) အားနည်းသည့်အတွက် ဝယ်ယူပြီး မကြာမီ ချွတ်ယွင်းမှုများပြားသည်ဟူသော ဈေးကွက်သတင်းအရ ဈေးကွက်ဝယ်လိုအား ကျဆင်းခြင်းဖြစ်ကြောင်း ၎င်းက ဆိုသည်။ မန္တလေးမြို့၌ ဆိုင်တင်ထားပြီး ခြောက်လခန့် အရောင်းထိုင်း သောင်တင်နေသဖြင့် မူဆယ်သို့ ပြန်ပို့ခြင်းဖြစ်ကြောင်း အဆိုပါကုန်သည်က ထပ်လောင်းပြောကြားသည်။ ■

# ၁ ပေ× ၃ ပေအထိ ကူးနိုင်သော ဒစ်ဂျစ်တယ်ဓာတ်ပုံကူးစက်များ ဝင်ရောက်

**ရန်ကုန်၊ ဩဂုတ် ၂၄**

ယခင်က ၁ ပေ × ၁ ပေခွဲအထိသာ ကူးယူနိုင်သော ဒစ်ဂျစ်တယ်ဓာတ်ပုံကူးစက်များထက် လုပ်ဆောင်ချက်မြင့်မားပြီး ၁ ပေ × ၃ ပေအထိ ကူးယူနိုင်သည့် ဒစ်ဂျစ်တယ်ဓာတ်ပုံကူးစက်များ မြန်မာဈေးကွက်အတွင်းသို့ ဝင်ရောက်နေပြီဖြစ်ကြောင်း ဒစ်ဂျစ်တယ်ဓာတ်ပုံကူးစက်အသုံးပြုသူတစ်ဦးက ဩဂုတ်လနှောင်းပိုင်းတွင် ပြောကြားသည်။

အဆိုပါစက်များကို Myanmar Golden Rock Co., Ltd. က တင်သွင်းခြင်းဖြစ်ပြီး လောလောဆယ် ခြောက်လုံးခန့် ရောင်းချပြီးဖြစ်ကြောင်း၊ စက်အမျိုးအစားမှာ NORITSU QSS-32 Series ကိုးမျိုးရှိသည့်အနက် QSS-3201 အမျိုးအစားဖြစ်ကြောင်း ၎င်းက ဆိုသည်။ တစ်နာရီလျှင် ပုံထွက်နှုန်း ၉၀၀ နှင့် ဖလင်ထွက်နှုန်း ၉၀၀ စီရှိပြီး စက်တစ်လုံးလျှင် အမေရိကန်ဒေါ်လာ ၁၀၀,၀၀၀ ကျသင့်၍ ကျပ်ငွေဖြင့် ပေးချေလျှင်လည်း ရနိုင်ကြောင်း ၎င်းက ထပ်လောင်းပြောကြားသည်။ လောလောဆယ် ယင်းစက်ဖြင့် ၁ ပေ× ၃ ပေအရွယ် ဓာတ်ပုံတစ်ပုံလျှင် ၅၀၀၀ ကျပ်ခန့်ဖြင့် ကူးပေးနေသည်ကို တွေ့ရသည်။

# ပြင်ဆင်ချက်

၁။ ၂၀၀၄ ခုနှစ် စက်တင်ဘာလထုတ် Living Color မဂ္ဂဇင်း အမှတ် ၁၁၁၊ စာမျက်နှာ ၉ ရှိ 'ရန်ကုန်ဟိုတယ်ကြီးခြောက်ခု ကြယ်ငါးပွင့်အဆင့်အတန်းသတ်မှတ်' ခေါင်းစဉ်အောက်ရှိ ကြယ်ငါးပွင့်အဆင့်အတန်းရရှိသော ဟိုတယ်များတွင် Dusit Inya Lake Hotel ကိုပါ ဖြည့်စွက်ဖတ်ရှုပါရန်။

၂။ ၂၀၀၄ ခုနှစ် ဩဂုတ်လထုတ် Living Color မဂ္ဂဇင်း အမှတ် ၁၁၀၊ စာမျက်နှာ ၂၄ ရှိ 'နိုင်ငံခြားတက္ကသိုလ် ဝင်ခွင့်လျှောက်ရာတွင် NGO များ အထောက်အပံ့ကောင်းဖြစ်' သတင်းဆောင်းပါးတွင် ဖော်ပြထားသော ဓာတ်ပုံမှာ အဆိုပါသတင်းနှင့် သက်ဆိုင်မှုမရှိသည်ကိုလည်းကောင်း၊ စာမျက်နှာ ၂၅ ဒုတိယကော်လံရှိ "စေတနာ့ဝန်ထမ်း လုပ်ငန်းအတွေ့အကြုံရှိသူများကိုသာ ရွေးချယ်သင့်ကြောင်း သူမက ဆိုသည်" စာပိုဒ်တွင် "သူမက ဆိုသည်" စာသား အစား "အခြား ကျောင်းသူတစ်ဦးက ဆိုသည်"ဟုလည်းကောင်း ပြင်ဆင်ဖတ်ရှုပါရန်။

# စစ်တွေနယ်စပ်ကုန်သွယ်ရေး ပို့ကုန်ရငွေ တိုးတက်ဖွယ်

**ရန်ကုန်၊ စက်တင်ဘာ ၆**

ရခိုင်ပြည်နယ် ဆားထွက်ဒေသများတွင် ပိုလျှံလျက်ရှိသော ဆားများအား ဘင်္ဂလားဒေ့ရှ်မှ ဝယ်ယူရန် မကြာခဏ ကမ်းလှမ်းနေသည့်အတွက် ၂၀၀၄-၂၀၀၅ ဘဏ္ဍာနှစ်၌ ပို့ကုန်ရငွေတိုးတက်ဖွယ်ရှိကြောင်း ဒေသခံကုန်သည်ကြီးတစ်ဦးက Living Color သို့ ပြောကြားသည်။

ဆား၊ ဟင်းခတ်ပစ္စည်းအချို့နှင့် ဆန်စပါးများ တင်ပို့မှုကြောင့် ၂၀၀၂-၂၀၀၃ ဘဏ္ဍာရေးနှစ်တွင် အဆိုပါနယ်စပ်ကုန်သွယ်ရေးစခန်းမှ ပို့ကုန်ရရှိငွေမှာ အမေရိကန်ဒေါ်လာ ၅.၆၀၅ သန်း ဖြစ်ကြောင်း၊ ၂၀၀၃-၂၀၀၄ ဘဏ္ဍာရေးနှစ်တွင် ယခင်နှစ်၏ ထက်ဝက်ဖြစ်သော အမေရိကန်ဒေါ်လာ ၂.၃၃၈ သန်း ပို့ကုန်ဝင်ငွေရရှိကြောင်း ဇွန်လ ၂၆ ရက်နေ့တွင် ပြုလုပ်သော စစ်တွေမြို့ရှိ ကုန်သည်များနှင့် စက်မှုလုပ်ငန်းရှင်များအသင်း နှစ်ပတ်လည်အစည်းအဝေးထုတ်ပြန်ချက်ကို ကိုးကား၍ အဆိုပါကုန်သည်က ပြောကြားသည်။

LIVING COLOR
526302
4412163

# သတင်းဆောင်းပါး

ဤကဏ္ဍတွင်......


- တစ်နိုင်ငံလုံးအတိုင်းအတာအရ နှစ်စဉ် သန့်စင်သောသွေးအိတ် နှစ်သိန်းကျော် လိုအပ်
- မြန်မာနိုင်ငံ၏ e-Commerce စနစ် အခက်အခဲများစွာနှင့် ရင်ဆိုင်နေရ
- ကိုယ်ဝန်ဆောင်နှင့် ကလေးငယ်များတွင် HIV အန္တရာယ်ရှိ၊ ဘဝတွက်တာ ကျွမ်းကျင်စရာ ဘာသာရပ်ဖြင့် ကလေးများအား ပညာပေး
- ထိုင်းနိုင်ငံမှ မြန်မာနိုင်ငံအတွင်း မျှစ်စိုက်ပျိုးထုတ်လုပ်ရန် ကမ်းလှမ်း
- ရန်ကုန်တွင် Agila-2 ဂြိုဟ်တုဖမ်းယူနိုင်သော စလောင်းများ မကြာခင်ဈေးကွက်သို့ ရောက်မည်
- မြေစိုက်ကြော်ငြာဈေးကွက်သို့ စာအုပ်ကြော်ငြာ စုပေါင်းစနစ်ဖြင့် ဝင်ရောက်
- ဗိသုကာများ ကာလသုံးပါးဆက်စပ် စဉ်းစားတတ်ရန် အရေးကြီးအိမ်ရာများ အပြီးသတ်ဆောက်လုပ်ပြီးမှ ရောင်းဝယ်သင့်




ရန်ကုန်တက္ကသိုလ်မှ စုပေါင်းသွေးလှူဒါန်းနေစဉ်

# တစ်နိုင်ငံလုံးအတိုင်းအတာအရ နှစ်စဉ် သန့်စင်သောသွေးအိတ် နှစ်သိန်းကျော် လိုအပ်

**မင်းနိုင်စိုး**

၂-၉-၂၀၀၄

**မြန်မာနိုင်ငံ၌ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် တစ်နှစ်လျှင် သန့်စင်သောသွေးအိတ်ပေါင်း နှစ်သိန်းငါးသောင်းကျော်ခန့်နှင့် အမျိုးသားသွေးဌာန၌ တစ်လလျှင် သွေးအိတ်ပေါင်း ၂၀၀၀ ကျော်ခန့် လိုအပ်လျက်ရှိကြောင်း အမျိုးသားသွေးဌာနမှ တာဝန်ခံ ဆရာဝန်ကြီး ဒေါက်တာသီတာအောင်က Living Color သို့ ထုတ်ဖော်ပြောကြားသည်။**

လက်ရှိ အမျိုးသားသွေးဌာနမှ ဖြည့်ဆည်းပေးနိုင်မှုမှာ ယင်း သွေးဌာနမှ တာဝန်ယူထားသော ဆေးရုံကြီး ကိုးရုံ၏ သွေးလိုအပ်ချက်မှ ၅၀ ရာခိုင်နှုန်းကျော်ကျော် ဖြည့်ဆည်းပေးလျက် ရှိကြောင်း၊ အမျိုးသားကျန်းမာရေး စောင့်ရှောက်မှုအတွက် လိုအပ်သည့်သွေးပမာဏကို ရရှိရန်နှင့် လိုအပ်သည့်အချိန်တွင် အရန်သင့် အသုံးပြုနိုင်ရန် သိုလှောင်ထားသော ပမာဏတစ်ခုရရှိနိုင်ရန်အတွက် စေတနာဖြင့် Voluriteer သွေးလှူရှင်တစ်ဦးချင်းဖြစ်စေ၊ အုပ်စုလိုက်ဖြစ်စေ ပိုမို၍ ဖိတ်ခေါ်ပါကြောင်း သူမက ဆိုသည်။ ယခုအခါ အမျိုးသားသွေးဌာန၌ သွေးကို အအေးခံစနစ်ဖြင့် သိုလှောင်ထားနိုင်ရန် လိုအပ်သည့် ကိရိယာများ တပ်ဆင်ထားပြီးဖြစ်ရာ ယခင် ၂၁ ရက်သာ သိုလှောင်ထားနိုင်ရာမှ ယခု ၃၅ ရက်ထိ သိုလှောင်ထားနိုင်ပြီဖြစ်ကြောင်း၊ ယခင် ငှက်ပျောဖူးပုလင်းအစား ယခုအခါ ပလတ်စတစ်အိတ်ဖြင့် အသုံးပြုသည့်စနစ်ကို ပြောင်းလဲအသုံးပြုလျက်ရှိကြောင်း သိရသည်။ သန့်စင်သောသွေး (Safe Blood) ရရှိရန်အတွက် နည်းပညာအသစ်များ အသုံးပြု၍ ရောဂါရှာဖွေစစ်

ဆေးလျက်ရှိကြောင်း၊ အမေရိကန်၊ အင်္ဂလန်နှင့် ဥရောပဒေသများတွင် အသုံးပြုလျက်ရှိသော စံချိန်စံညွှန်းများကို အသုံးပြု၍ စစ်ဆေးပေးလျက်ရှိပြီး စမ်းသပ်မှုအပိုင်းကို ဩစတြေးလျနိုင်ငံမှ ထိန်းသိမ်းပေးလျက်ရှိကြောင်း အမျိုးသားသွေးဌာနမှ ဆိုသည်။ အမျိုးသားသွေးဌာနမှ ပြောကြားချက်များအရ သန့်စင်သောသွေးကို ရရှိစေရန်အတွက် သွေးလှူရှင်၏သွေးကို HIV၊ အသည်းရောင်အသားဝါ B နှင့် C နှင့် အခြားလိုအပ်သည့် စစ်ဆေးမှုများအတွက် လူတစ်ဦးလျှင် ခုနစ်ဒေါ်လာနှင့် ၁၀ ဒေါ်လာကြား အကုန်အကျခံ၍ စစ်ဆေးပေးလျက်ရှိကြောင်း သိရသည်။

"မိန်းကလေးတွေ ယောကျ်ားလေးကို အကဲခတ်တဲ့နေရာမှာ သွေးလှူရှင်ရင်ထိုးတံဆိပ်လေးတပ်ထားရင် ဒါစိတ်ချရတယ်လို့ မှတ်ဖို့စံတစ်ခုလိုတောင် ယူဆလို့ရတယ်" ဟု ဆရာဝန်ကြီး ဒေါ်သီတာအောင်က စစ်ဆေးမှုပိုင်းကို စိတ်ချရအောင် စီမံထားမှုကို ဥပမာပြု၍ ပြောခဲ့သည်။

ယခုအခါ သွေးလှူရှင်အရင်းအမြစ်အနေဖြင့် တစ်ဦးချင်းအလှူရှင်များ၊ မအူပင်သွေးလှူရှင်အသင်းကဲ့သို့ အသင်းအဖွဲ့များ၊ သာသနာ့အနွယ်ဝင်များနှင့် တက္ကသိုလ်ကျောင်းသူကျောင်းသားများကို အဓိကအားကိုးရလျက်ရှိသည်။ မအူပင် သွေးလှူရှင်အသင်းကဲ့သို့ အသင်းမျိုးသည် တစ်ခုတည်းသာ ရှိနေသေးပြီး အခြားမြို့နယ်များမှလည်း လာရောက်လှူဒါန်းလိုသည့် ဆန္ဒ ရှိနေကြသော်လည်း သယ်ယူပို့ဆောင်ရေးမှအစ စရိတ်စကအခက်အခဲရှိနေ၍ လောလောဆယ် စီစဉ်ရန် အခက်အခဲအချို့ရှိနေကြောင်း ၎င်းတို့ထံမှ သိရသည်။ လက်ရှိအခြေအနေတွင် အမျိုးသားသွေးဌာနအတွက် သက်ဆိုင်ရာမှ သွေးထည့်သည့်အိတ် ထောက်ပံ့ပေးခြင်း၊ လိုအပ်သည့် ကိရိယာများ ဖြည့်ဆည်းပေးခြင်း၊ အတတ်ပညာရှင်နှင့် နည်းပညာ




ပိုင်းဆိုင်ရာ ဖြည့်ဆည်းပေးခြင်းတို့ ရှိနေသော်လည်း သွေးလှူရှင် စုဆောင်းခြင်း၊ သယ်ယူပို့ဆောင်ရေး၊ ဧည့်ခံကျွေးမွေးရေးစသည့် စရိတ်စကများကို အလှူရှင်များ၏ ပံ့ပိုးမှုဖြင့် လည်ပတ်နေခြင်း ဖြစ်သည်။ အမျိုးသားသွေးဌာန၏ ပြောကြားချက်အရ အလှူရှင်များအနေဖြင့် နာမည်မခံလိုသည့် ငွေကြေးတတ်နိုင်သူများ၊ ရှင်ဆန္ဒာဓိကနှင့် ဆုထူးပန်ဆရာတော်တို့ကဲ့သို့ သာသနာ့နွယ်ဝင်များ၊ ရွှေတိဂုံစေတီဂေါပကအဖွဲ့ကဲ့သို့အဖွဲ့များ၊ NGO များ၏ ပံ့ပိုးမှုဖြင့် လည်ပတ်နေကြောင်း သိရသည်။

အမျိုးသားသွေးဌာန၌ တစ်ပြိုင်နက်တည်း လူ ၁၃ ဦးကို သွေးဖောက်နိုင်ပြီး နေ့စဉ်ပုံမှန် သွေးလှူရှင် ၆၀ မှ ၇၀ ဦးခန့် ရှိသည်။ အဆိုပါသွေးများကို နေ့စဉ်ပုံမှန် လိုအပ်သည့် လူနာများအတွက် ပြန်သုံးပေးကြောင်း သိရသည်။ သွေးလှူရာတွင် စေတနာအလှူရှင်အနေဖြင့် မည်သည့် ကုန်ကျစရိတ်မျှ ကျခံရန်မလိုကြောင်း၊ အစားပြန်ပေးသည့်သွေးလှူရှင်အနေဖြင့် လူနာရှင်မှသန့်ပြီး သွေးကို ယူဆောင်သွားပြီးဖြစ်၍ အစားပြန်ပေးသည့် သွေးအတွက် စစ်ဆေးခအချို့ကိုသာ ကျခံပေးရကြောင်း အမျိုးသားသွေးဌာနမှ တာဝန်ရှိသူများက ရှင်းပြသည်။ ယခုအခါ အမျိုးသားသွေးဌာနအနေဖြင့် လူနာရှင်မှ အစားပြန်ပေးသည့် သွေးလှူရှင် ရှာနေရမည့် အစား လိုအပ်သည့် သွေးလှူရှင်ကို သွေးလှူဘဏ်မှပင် ရှာဖွေပေးနိုင်သည့်အထိ ဝန်ဆောင်မှုပေးနိုင်ရန်အတွက် စာရင်းဇယားနှင့်အချက်အလက်များ၊ သွေးလှူရှင် ရာဇဝင်၊ ပြန်လည်ခေါ်ယူနိုင်သော စိတ်ချရသည့် Data များရရှိရန် ပြုစုလျက်ရှိကြောင်း ဆက်လက်ရှင်းပြသည်။ ပြီးခဲ့သည့် ဩဂုတ်လအတွင်းက ပြုလုပ်ခဲ့သော အသည်းအစားထိုးကုသမှုအတွက် လိုအပ်သည့် သွေးလှူရှင်ပေါင်း ၁၀၀ ကျော်ကို လိုအပ်သည့် အချိန်အတွင်း အံကိုက်ရှာဖွေစုဆောင်းနိုင်ခဲ့သည့်အတွက် ခွဲစိတ်ကုသမှုတွင် သွေးအခက်အခဲမဖြစ်ပေါ်ခဲ့ကြောင်းနှင့် အဆိုပါကုသမှုအတွက် သွေးအိတ်ပေါင်း ၈၆ အိတ် အသုံးပြုခဲ့သည်ဟု သွေးလှူဘဏ်က ဆိုသည်။

အုပ်စုလိုက် သွေးလှူဒါန်းမှုများမှ စနစ်တကျသုတေသနပြု တွက်ချက်၍ စောင့်ကြည့်လေ့လာခဲ့ရာ ယခုအခါ တက္ကသိုလ်ကျောင်းသူ ကျောင်းသားများ အုပ်စုမှ သွေးများကို ပိုမို၍ လိုချင်ပါကြောင်း အမျိုးသားသွေးဌာနမှ ရှင်းပြသည်။ ကျောင်းသူ ကျောင်းသားများ သွေးစတင်လှူဒါန်းနိုင်သော အသက်အရွယ်မှစတင်၍ လှူဒါန်းသည့် အလေ့အကျင့်ရရှိသွားပြီး ကျောင်းပြီးခဲ့ပါကလည်း ဆက်လက်၍ စေတနာ့ဝန်ထမ်း ပုံမှန်သွေးလှူရှင်များအထိ ဖြစ်ပေါ်လာစေရန် ရည်ရွယ်ထားသည်ဟုလည်း ၎င်းတို့ပြောကြားချက်အရ သိရသည်။ ကျောင်းသူကျောင်းသားများအား သပ်ရပ်လှပသော သွေးလှူရှင်ကတ်ကလေးများ ထုတ်ပေးမည်ဖြစ်ပြီး သွေးပြန်လှူနိုင်မည့်အချိန်၊ အကြိမ်ရေနှင့် ဆောင်ရန်ရှောင်ရန်များ၊ (ဥပမာ–ဆေးလိပ်နှင့် လိင်ကိစ္စ) များ ထည့်သွင်းပေးထားခြင်းဖြင့် အနာဂတ်၏ လူငယ်များသည် သွေးလှူရန်ကိစ္စကို စဉ်းစားမိတိုင်း ၎င်းတို့၏ စာရိတ္တကို တစ်စိတ်တစ်ပိုင်း ထိန်းချုပ်ပြီး ဖြစ်စေလိုသည့် စေတနာလည်း ထားရှိပါကြောင်း ဒေါက်တာဒေါ်သီတာအောင်က ဆိုသည်။ ထို့အပြင် ၎င်းတို့၏ သွေးဖြင့် လူ့အသက်ကို ကယ်နိုင်သည့် အကျိုးပြုနိုင်စွမ်းရှိသည်ဆိုသည့် လူသားခြင်းစာနာသည့် လူမှုရေးစိတ်ဓာတ်



တာဝန်ခံဆရာဝန်ကြီး ဒေါက်တာသီတာအောင်

ကလေးများ ကိန်းအောင်းသွားစေမည်ဖြစ်ကြောင်းလည်း ရှင်းပြသည်။ ယခုအခါ ရန်ကုန်တက္ကသိုလ်အပါအဝင် ရန်ကုန်မြို့ရှိ တက္ကသိုလ်အသီးသီးမှ ကြက်ခြေနီအသင်းများနှင့် တာဝန်ရှိသူများအား သွေးလှူဒါန်းခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲတစ်ရပ်ကို ပြီးခဲ့သည့် ဩဂုတ်လ ဒုတိယပတ်အတွင်း ပထမအကြိမ် ကျင်းပ၍ လုပ်ငန်းများ စတင်လျက်ရှိသည်။ တက္ကသိုလ်ကျောင်းသူ ကျောင်းသားများ စုပေါင်းသွေးလှူပွဲကို ရန်ကုန်တက္ကသိုလ်၊ ဒဂုံတက္ကသိုလ် ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်၊ ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်နှင့် စီးပွားရေးတက္ကသိုလ်တို့တွင် ၂၀၀၄ ခုနှစ်အတွင်း စုစုပေါင်း ငါးကြိမ် ကျင်းပနိုင်ခဲ့ပြီးဖြစ်သည်။

သွေးလှူဒါန်းခြင်းသည် သွေးလှူလိုသည့် အလှူရှင်အရင်းအမြစ်မှာ အဓိကဖြစ်ကြောင်း၊ သွေးလှူရှင်တို့သည်လည်း ၎င်းတို့၏ သွေးကို သန့်စင်စိတ်ချရသောသွေးဖြစ်စေရန် မည်သို့နေထိုင်ကျင့်ကြံရမည်ဆိုသည်ကိုလည်း ပညာပေးရန်လိုအပ်သည့်အတွက် မီဒီယာအသီးသီးမှလည်း ဝိုင်းဝန်းဆောင်ရွက်ပေးနိုင်ပါကပိုမို၍ ထိရောက်မည်ဖြစ်ကြောင်း အမျိုးသားသွေးဌာနက ဆိုသည်။ ယခုအခါ သွေးလှူရှင်များအတွက် မေးခွန်းလွှာများ ထုတ်ပေးထားပြီး သွေးလှူရှင်အနေဖြင့် အဆိုပါမေးခွန်းလွှာများကို ဖတ်ရှုဖြေကြားရင်းဖြင့် မိမိသည် သွေးလှူဒါန်းရန် အဆင်သင့်ဖြစ်နိုင် မဖြစ်နိုင်ကို မိမိကိုယ်တိုင် ခွဲဝေဆုံးဖြတ်နိုင်ရန် စီစဉ်ပေးထားကြောင်း၊ လှူဒါန်းပြီးသည့်နောက် စစ်ဆေးမှုအဆင့်ဆင့်ရရှိလာသော အဖြေလွှာကို မူတည်၍ လိုအပ်သလို နှစ်သိမ့်ဆွေးနွေးနိုင်ရန် သက်ဆိုင်ရာဌာနသို့ လွှဲပေးကြောင်း တာဝန်ရှိသူများထံမှ သိရသည်။

သွေးလှူဒါန်းခြင်းသည် လူသားခြင်းစာနာမှုဖြင့် လုပ်ဆောင်ရသောအလုပ်ဖြစ်ကြောင်း ဒေါက်တာဒေါ်သီတာအောင်က ဆိုသည်။ ကျန်းမာရေးစောင့်ရှောက်မှုအတွက် လိုအပ်သောသွေးများကို ပံ့ပိုးပေးနိုင်ရန်မှာ သွေးလှူရှင်များသည် အဓိကကျသည့်အတွက် သန့်စင်စိတ်ချရသော သွေးရရှိစေရန် စမ်းသပ်စစ်ဆေးမှုများအတွက် တစ်ဦးလျှင် အမေရိကန်ဒေါ်လာ ခုနစ်ဒေါ်လာမှ ၁၀ ဒေါ်လာအတွင်း ကျခံပေးလျက် ရှိသည်။ ယခုအခါ တက္ကသိုလ်ကျောင်းသူကျောင်းသားအုပ်စုထံမှ သွေးလှူရှင်များ ရရှိနိုင်ရန် ကြိုးပမ်းလျက်ရှိရာ သွေးလှူရှင်များအနေဖြင့် သန့်စင်သောသွေးကို ပုံမှန်လှူဒါန်းခြင်းဖြင့် စာရိတ္တမြင့်တင်ရေးကိုပါ အထောက်အကူပြုနိုင်မည် ဖြစ်သည်။ ■

# မြန်မာနိုင်ငံ၏ e-Commerce စနစ် အခက်အခဲများစွာနှင့် ရင်ဆိုင်နေရ

**KKN**

၂၉-၈-၂၀၀၄

**မြန်မာနိုင်ငံ၌ e-Commerce စနစ်ကို ထိထိရောက်ရောက် များများစားစား ဆောက်ရွက်နိုင်ခြင်း မရှိသေးဘဲ အခက်အခဲပေါင်း (Challenges) များစွာနှင့် ရင်ဆိုင်နေရလျက်ရှိကြောင်း မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်း အမှုဆောင်ကော်မတီဝင် ဦးသောင်းစုငြိမ်းက ဩဂုတ်လ ၂၈ ရက်နေ့တွင် ထုတ်ဖော်ပြောကြားသည်။**

မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ် (MCF)၊ မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်း (MCSA)၊ မြန်မာနိုင်ငံ ကွန်ပျူတာလုပ်ငန်းရှင်အသင်း (MCIA) နှင့် မြန်မာနိုင်ငံ ကွန်ပျူတာဝါသနာရှင်အသင်း (MCEA) တို့၏ နှစ်ပတ်လည်အထိမ်းအမှတ် လှိုင်မြို့နယ်ရှိ မြန်မာ့သတင်းအချက်အလက်နှင့် ဆယ်သွယ်ရေးနည်းပညာ ဖွံ့ဖြိုးတိုးတက်ရေးအဆောက်အအုံ (MICT Park) ၌ ဩဂုတ်လ ၂၈ ရက်မှ ၂၉ ရက်နေ့အထိ နှစ်ရက်ကြာ ကျင်းပသော မြန်မာနိုင်ငံ၏ Software လုပ်ငန်းခွင်နှင့် ပတ်သက်သည့် အခွင့်အလမ်းများနှင့် ကြုံတွေ့ရမည့်အခက်အခဲများ (Issues in Establishing Myanmar Software Industry) Seminar တွင် ၎င်းက Challenges in e-Commerce ခေါင်းစဉ်ဖြင့် ဆွေးနွေးပြောကြားရင်း အထက်ပါအတိုင်း ပြောကြားခဲ့ခြင်း ဖြစ်သည်။

မြန်မာနိုင်ငံရှိ ICT Provider များနှင့် ၎င်းနှင့်ဆက်စပ်လျက်ရှိသော စီးပွားရေးလုပ်ငန်းများသည် ယခုအခါ အခက်အခဲ

များစွာနှင့် ရင်ဆိုင်နေရလျက်ရှိကြောင်း၊ မြန်မာနိုင်ငံ၏ e-Commerce စနစ်မအောင်မြင်ရခြင်းကို သုံးသပ်ပါက (၁) အသုံးပြုသူ မိသားစုများ၏ဝင်ငွေ နည်းပါးခြင်း (Users' Household Income)၊ (၂) e-Commerce အကြောင်းနှင့် အသုံးဝင်ပုံကို သိရှိသူနည်းပါးခြင်း (Awareness)၊ (၃) ဆက်သွယ်ရေးဆိုင်ရာ အခြေခံအဆောက်အဦများ အားနည်းနေသေးခြင်း (Telecoms Infrastructure)၊ (၄) ကျေးလက်ဒေသများအထိ Digital တယ်လီဖုန်းလိုင်းများ မရှိသေးခြင်း (Access Devices)၊ (၅) အင်တာနက်ကို ကျွမ်းကျင်စွာ အသုံးပြုနိုင်သူ နည်းပါးနေသေးခြင်း (Human Capacity and Skills)၊ (၆) ကန့်သတ်ချက်အချို့နှင့် ဘောင်အတွင်းမှ ဆောင်ရွက်နေရခြင်း (Legal and Regulatory Framework)၊ (၇) Credit Card စနစ်အပါအဝင် ငွေကြေးကိစ္စကို Online မှ ဆက်သွယ်ဆောင်ရွက်၍ မရသေးခြင်း (Finical Institutions)၊ (၈) ကုန်ပစ္စည်းတစ်ခုခုကို စိတ်ကူးပေါက်မှ ဝယ်ယူခြင်း၊ ကိုယ်တိုင်ရွေးချယ်ဝယ်ယူလိုသည့် အလေ့အထရှိခြင်းနှင့် စီးပွားရေးလုပ်ငန်းများကို ယုံကြည်စိတ်ချမှုမရှိခြင်း (Culture and Lifestyle)၊ (၉) ကျယ်ကျယ်ပြန့်ပြန့် သယ်ယူပို့ဆောင်ပေးနိုင်မှု မရှိသေးခြင်းနှင့် ပြည်ပသို့ ပေးပို့ပါက Overseas ကုန်ကျစရိတ် ကြီးမြင့်ခြင်း (Supply Chain)၊ (၁၀) Online လုံခြုံစိတ်ချမှု မရှိခြင်း (Security)၊ (၁၁) ဒေသသုံးဘာသာစကား အခက်အခဲရှိခြင်း (Local Language)၊ (၁၂) နေရပ်လိပ်စာ၊ လူပုဂ္ဂိုလ်၊ ဌာနဆိုင်ရာ၊ စာပို့သင်္ကေတ စသည့် အခေါ်အဝေါ်အသုံးအနှုန်းများ စံချိန်စံညွှန်း သတ်မှတ်ထားမှု မရှိသေးခြင်း (Technical Standards) နှင့် (၁၃) ပြည်ပ၌ လျင်မြန်စွာ ပြောင်းလဲနေသော နည်းပညာသစ်များအား အမြဲတမ်းထိတွေ့နေရန် လိုအပ်ခြင်း (Fast Changes) စသည့် အချက်များ




**ပြည်တွင်းမှ e-Commerce Web Site တစ်ခု**

ကြောင့်ဖြစ်ကြောင်း ၎င်းက ထောက်ပြဆွေးနွေးသွားသည်။

အဆိုပါ Seminar ပထမနေ့၌ Keynote Speech ကို မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်ဥက္ကဋ္ဌ ဦးသိန်းဦးကလည်းကောင်း၊ Secret of Software Success ခေါင်းစဉ်ဖြင့် မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဦးတင်ဝင်းအောင်ကလည်းကောင်း၊ Software Development Opportunities and Challenges ခေါင်းစဉ်ဖြင့် မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်း အမှုဆောင်ကော်မတီဝင် ဦးထွန်းသူရသက်ကလည်းကောင်း၊ Goal Directed Product Development ခေါင်းစဉ်ဖြင့် မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်းအဖွဲ့ဝင် ဦးထွန်းခိုင်ကလည်းကောင်း၊ A Foreign IT Firm Experience in Myanmar ခေါင်းစဉ်ဖြင့် မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်း အမှုဆောင်ကော်မတီဝင် ဦးဇော်နိုင်ကလည်းကောင်း၊ ဟောပြောဆွေးနွေးသွားသည်။

ဒုတိယနေ့၌ Cyber Security ခေါင်းစဉ်ဖြင့် မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်းဥက္ကဋ္ဌ ဦးသောင်းတင်ကလည်းကောင်း၊ Public Key Infrastructure ခေါင်းစဉ်ဖြင့် မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်း တွဲဖက်အတွင်းရေးမှူး ဦးသိန်းထွန်းကလည်းကောင်း၊ Outsourcing Issues ခေါင်းစဉ်ဖြင့် မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်း အမှုဆောင်ကော်မတီဝင် ဦးဇော်ထွန်းကလည်းကောင်း၊ Mature Profession ခေါင်းစဉ်ဖြင့် မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်း အမှုဆောင်ကော်မတီဝင် ဦးရဲရင့်ဝင်းကလည်းကောင်း၊ Software Services and Contractual Agreement ခေါင်းစဉ်ဖြင့် မြန်မာနိုင်ငံ ကွန်ပျူတာလုပ်ငန်းရှင်အသင်း ဥက္ကဋ္ဌ ဦးအောင်ဇော်မြင့်ကလည်းကောင်း၊ Unified Modeling Language ခေါင်းစဉ်ဖြင့် CE Technology မှ ဦးသတိုးထွန်း၊ ဦးကျော်ဇေယျဟန်နှင့် MY Associate မှ ဦးမောင်မောင်သန့်တို့ကလည်းကောင်း၊ Net ခေါင်းစဉ်ဖြင့် MIT မှ ဒါရိုက်တာ ဦးရဲသူရသက်ကလည်းကောင်း၊ J2EE ခေါင်းစဉ်ဖြင့် MIT မှ လက်ထောက်မန်နေဂျာ ဦးတင်ထွန်းထွန်းနိုင်ဦးကလည်း



**MIT ၏ Stationery.com Web Site**

ကောင်း၊ Open Source Platform ခေါင်း စဉ်ဖြင့် မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင် အသင်း အမှုဆောင်ကော်မတီဝင် ဦးဝေလင်းကျော်ကလည်းကောင်း အသီးသီး ဆွေးနွေးသွားကြသည်။

"လွန်ခဲ့တဲ့ ၂၀၀၀ ပြည့်နှစ်ဝန်းကျင်ကာလက မြန်မာနိုင်ငံရဲ့ Software Opportunities ဟာ ယခုထက် ပိုကောင်းခဲ့တယ်။ Software ရေးခကလည်း အိန္ဒိယ၊ ဂျပန်၊ အမေရိကန်တို့နဲ့ ယှဉ်ရင် အများကြီး သက်သာတယ်။ အခု တရုတ်တို့၊ ဗီယက်နမ်တို့က မြန်မာနောက်က ကျော်တက်ကုန်ပြီ။ မြန်မာနိုင်ငံမှာက အခွင့်အရေးတွေ ရှိနေပေမယ့်လည်း Telecom Infrastructure နဲ့ Legal Infrastructure တွေရယ်၊ H.R (Software Engineers) တွေရယ် ပြည့်စုံဖို့ လိုအပ်နေသေးတယ်။ ဘာပဲဖြစ်ဖြစ် လူငယ်တွေရဲ့ စိတ်ဓာတ်သည်သာ Biggest Challenge ပါပဲ"ဟု ဦးသိန်းဦးက ဆိုသည်။

Software ကုမ္ပဏီတစ်ခု၏ အုပ်ချုပ်စီမံခန့်ခွဲမှုနှင့် ပတ်သက်ပြီး ဦးတင်ဝင်းအောင်က "Software ကုမ္ပဏီတစ်ခုကို တည်ထောင်ရ လွယ်ကူပေမယ့် အောင်မြင်အောင် Management လုပ်ဖို့က ခက်တယ်။ Knowledge Business ဖြစ်နေလို့ လူတွေကို ထိန်းသိမ်းအုပ်ချုပ်ရခက်တာပဲ။ Orchestra (သံစုံတီးဝိုင်း)တွေမှာ Conductor လုပ်တဲ့သူတွေလို Balance ဖြစ်နေအောင် ဆောင်ရွက်နိုင်ဖို့ လိုပါတယ်"ဟု ပြောကြားသွားသည်။ Software ကုမ္ပဏီများ၏ ၂၀ ရာခိုင်နှုန်းကျော်သည် Project များ မပြီးစီးမီ ဖျက်သိမ်းလိုက်ရသည်များ ရှိကြောင်း၊ ၈၄ ရာခိုင်နှုန်းသော Project များသည် အချိန်မီ မပြီးစီးခြင်း၊ သတ်မှတ်ငွေကြေးဖြင့် မလောက်ငခြင်း စသည်တို့နှင့် ရင်ဆိုင်ကြုံတွေ့ကြရကြောင်း၊ ကောင်းသထက်ကောင်းမွန်အောင် အချိန်ယူ ရေးဆွဲနေခြင်းထက် အချိန်မီ ပြီးသလောက်ကို အကောင်းဆုံးဖြစ်အောင် ရေးဆွဲဆောင်ရွက်ရန် လိုအပ်ကြောင်း ၎င်းက ဖြည့်စွက်ပြောကြားသွားသည်။

e-Commerce စနစ် အောင်မြင်ရေးနှင့် စပ်လျဉ်း၍ ဦးသောင်းစုငြိမ်းက e-Commerce စနစ်ကို ပြင်ပဈေးကွက် အခြေအနေအတိုင်း ဖန်တီးပေးရန်လိုကြောင်း၊ ကွန်ပျူတာ၊ အီလက်ထရွန်နစ်ပစ္စည်းတွေချည်း တင်ရောင်းနေ၍ မရဘဲ အမျိုးသမီးများအကြိုက် ကုန်ပစ္စည်းများပါ တင်ရောင်းရန်လိုအပ်ကြောင်း၊ မြန်မာအမျိုးသမီးများ ကြိုက်/မကြိုက်၊ သုံး/မသုံး လေ့လာဖို့ပါ လိုအပ်ကြောင်း၊ ယခုလောလောဆယ် တေးသီချင်းနှင့် စာအုပ်များ ရောင်းချနေကြသည်ကို တွေ့ရကြောင်းနှင့် ထိုသို့ဆောင်ရွက်နိုင်ပါက မြန်မာနိုင်ငံ၏ e-Commerce စနစ်သည် ၂၀၀၆ ခုနှစ် မတိုင်မီ အောင်မြင်စွာ အကောင်အထည်ဖော်နိုင်မည်ဟု မျှော်လင့်ကြောင်း အကြံပြုသုံးသပ်ပြောကြားသွားသည်။

"Software တွေ ရေးတဲ့အခါမှာ ကွဲပြားခြားနားတဲ့ Business Model တွေ ဖြစ်အောင် ရေးဖို့၊ သူများတွေနဲ့ မတူအောင် ရေးနိုင်ဖို့ လိုပါတယ်။ အဓိက,ကတော့ Customer လိုအပ်မယ့် Total Solution ပေးနိုင်ဖို့ပါပဲ။ နည်းပညာတွေချည်းပဲ သွားပေးရင် နားလည်မှာ မဟုတ်ဘူး။ လိုအပ်ချက်တွေကိုပဲ ဖြည့်ဆည်းပေးဖို့ လိုပါတယ်။ ကိုယ်ကျွမ်းကျင်တဲ့အပိုင်းကိုပဲ Intensive Focus ထားပြီး ဆောင်ရွက်ပေးဖို့ လိုပါတယ်"ဟု ဝန်ဆောင်မှုကဏ္ဍနှင့် စပ်လျဉ်းပြီး ဦးဇော်နိုင်က ထည့်သွင်းပြောကြားသွားသည်။ ပြင်ပ ဆက်သွယ်ရေးနှင့် ပတ်သက်၍ ၎င်းက လုပ်ငန်းတူ ကုမ္ပဏီအချင်းချင်းသာမက Customer များနှင့်ပါ Personal Relationship ရှိနေရန် လိုအပ်ကြောင်း၊ Software Technician အများစုအနေဖြင့် အဆိုပါ Relationship အားနည်းနေကြသည်ကို တွေ့ရကြောင်း၊ IT Industry တိုးတက်စေရန်အတွက် IT ပညာရပ်များ တိုးတက်နေရန်သာမကဘဲ Customer များအပေါ် အမှန်တကယ် စေတနာထားဖို့ပါ လိုအပ်ကြောင်း ဖြည့်စွက်ပြောကြားသွားသည်။

■

# ကိုယ်ဝန်ဆောင်နှင့် ကလေးငယ်များတွင် HIV အန္တရာယ်ရှိ၊ ဘဝတွက်တာ ကျွမ်းကျင်စရာဘာသာရပ်ဖြင့် ကလေးများအား ပညာပေး

**HHM**

၂၇-၈-၂၀၀၄

**မြန်မာနိုင်ငံရှိ HIV ပိုး ကူးစက်ခံရသူများတွင် ကိုယ်ဝန်ဆောင်မိခင်များနှင့် ကလေးငယ်များပါ တွေ့လာရသဖြင့် ကုလသမဂ္ဂကလေးများ ရန်ပုံငွေအဖွဲ့ (UNICEF) မှ မြန်မာနိုင်ငံ ပညာရေးဝန်ကြီးဌာနနှင့် ပူးပေါင်း၍ ကျောင်းအခြေပြု ကိုယ်စိတ်ကျန်းမာဘဝတာနှင့် HIV/AIDS ကာကွယ်တားဆီးရေးပညာပေးစီမံချက်ကို အကောင်အထည်ဖော်ရခြင်းဖြစ်သည်ဟု မြန်မာနိုင်ငံ UNICEF ရုံးမှ စီမံချက်မန်နေဂျာ ဒေါက်တာတင်မာအောင်က ပြောကြားသည်။**

SHAPE Project ဟု ခေါ်တွင်သည့် အဆိုပါပညာပေးစီမံချက်အရ ၁၉၈၈ ခုနှစ်မှ စတင်၍ မြန်မာနိုင်ငံအတွင်း မြို့နယ် ၁၂၂ မြို့နယ်ရှိ အခြေခံပညာမူလတန်း၊ အလယ်တန်း၊ အထက်တန်းကျောင်းများ၌ ဒုတိယတန်းမှ နဝမတန်းအထိ ကျောင်းသားများကို ဘဝတွက်တာ ကျွမ်းကျင်စရာ ဘာသာရပ်အဖြစ် ဝမ်းလျှောရောဂါ၊ သံဓာတ်ချို့တဲ့မှု၊ တုပ်ကွေး၊ တီဘီ၊ အသည်းရောင်ဘီ၊ ငှက်ဖျား၊ HIV/AIDS နှင့် ဆေးစွဲခြင်း၊ ဆေးလိပ်သောက်ခြင်း တို့နှင့် ပတ်သက်သည့် ဆောင်ရန်ရှောင်ရန်အချက်များကို သင်ကြားစေခဲ့သည်။

"UNICEF ရဲ့ အဓိကရည်ရွယ်ချက်က ကလေးတွေဟာ ဒီဘာသာရပ်ကို သင်ကြားခြင်းအားဖြင့် ရောဂါတွေကို ကာကွယ်လာနိုင်မယ်။ မိသားစုကိုလည်း ပြောပြနိုင်မယ်။ ရောဂါသည်တွေကိုလည်း မပစ်ပယ်တတ်အောင်တို့ ဖြစ်ပါတယ်"ဟု ဒေါက်တာတင်မာအောင်က ဆိုသည်။

HIV/AIDS ပညာပေးစီမံချက်အရ ဒုတိယတန်းမှစ၍ ကလေးငယ်များအား HIV ပညာပေးသင်ခန်းစာများ သင်ကြားပေးရန် ငယ်ရွယ်လွန်းသည် မှန်သော်လည်း တချို့ကလေးငယ်များမှာ လေးတန်းအထိသာ ပညာသင်ကြားမှု ရှိသည့်အတွက် မူလတန်းတွင်ပင် သင်ကြားရခြင်းဖြစ်သည်ဟု UNICEF စီမံချက်မန်နေဂျာက ရှင်းပြသည်။ ထို့ပြင် ကျောင်းနေသည့်ကလေးများအရွယ်တွင် လိင်ရောဂါများနှင့် ပတ်သက်၍ အန္တရာယ်မရှိနိုင်ဟု မယူဆသင့်ကြောင်း၊ ကလေးငယ်တော်တော်များများမှာ ဗီဒီယို၏ ဩဇာလွှမ်းမိုးမှုကို ခံရသဖြင့် လိင်ကိစ္စနှင့် ပတ်သက်၍ တော်တော်များများ သိနေပြီဖြစ်ကြောင်း ဒေါက်တာတင်မာအောင်က ပြောကြားသည်။



"တချို့ ပညာပေးအစီအစဉ်တွေမှာ လိင်ကိစ္စနဲ့ ပတ်သက်တာတွေကို ပြောလို့ရှိရင် ဆရာ ဆရာမတွေက မသိဘူး။ ဒါပေမယ့် ကလေးတွေက ပြုံးနေကြပြီ"ဟု ဒေါက်တာတင်မာအောင်က သူမ၏ အတွေ့အကြုံကို ရှင်းပြသည်။

UNICEF ၏ဘဝတွက်တာကျွမ်းကျင်စရာဘာသာရပ်မှာ ကျွမ်းကျင်သူပညာရှင်များက ခုနစ်နှစ်မျှကြာအောင် ရေးဆွဲခဲ့သော သင်ရိုးဖြစ်ပြီး ဆရာ ဆရာမများက သင်ကြားပို့ချပေးခြင်းထက် ကလေးများ အချင်းချင်း မေးမြန်းစေခြင်းနှင့် အဖြေရှာခြင်းဖြစ်ရာ သင်ကြားမှုတွင် ငယ်ရွယ်သူ ဆရာ ဆရာမများက ပို၍ ကျွမ်းကျင်မှုရှိသည်ဟု ဆိုသည်။ ငယ်ရွယ်သူ ဆရာ ဆရာမများအား အဆိုပါဘာသာရပ်ကို

ကျွမ်းကျင်စွာ သင်ယူတတ်စေရန်အတွက် ဆရာအတတ်သင်သိပ္ပံများတွင်ပါ သင်ကြားပို့ချပေးနေပြီဟု ဒေါက်တာတင်မာအောင်က ပြောကြားသည်။

ကျေးရွာမြို့နယ်များရှိ ကျောင်းမနေသော လူငယ်များအတွက်လည်း UNICEF က Out of School စီမံချက်ဖြင့် လိင်ပညာပေး Reproductive Health နှင့် ငယ်ရွယ်စဉ် အိမ်ထောင်ကျပါက မည်သို့ ဆိုးကျိုးများ ရှိနိုင်ပုံကို ကျေးရွာမြို့နယ်အတွင်းရှိ လူငယ်များအား သင်ကြားပို့ချလျက် ရှိသည်။

UNICEF ၏ ဘဝတွက်တာကျွမ်းကျင်စရာဘာသာရပ်မှာ ရုပ်ပုံများ၊ ဓာတ်လမ်းများဖြင့် ဆွဲဆောင်မှုရှိအောင် ပြုလုပ်ထား၍ ကလေးများက အထူးစိတ်ဝင်စား သင်ယူလိုမှု ရှိသည်ဟု အဆိုပါဘာသာရပ်ကို သင်ကြားပို့ချရသော ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် အခြေခံပညာအထက်တန်းကျောင်းအမှတ် (၄) မှ ဆရာမတစ်ဦးက ဆိုသည်။ ၎င်းက UNICEF၊ PSI နှင့် ဂျပန်ဖောင်ဒေးရှင်းတစ်ခုမှ ထုတ်ဝေခဲ့သော ထာဝရအလှ AIDS ပညာပေးကာတွန်းတွဲများမှာ ကလေးများအတွင်း အတော်ပေါက်ရောက်ပြီး စိတ်ဝင်စား နှစ်ခြိုက်မှု ရရှိသည်ဟု ပြောကြားသည်။

ကလေးများအား ပညာပေးပို့ချရာတွင် ကာတွန်း၊ ရုပ်ပြဓာတ်လမ်းများ၊ ဗီဒီယိုအစီအစဉ်များသည် ထိရောက်မှုရှိသော်လည်း UNICEF အနေနှင့် ပညာပေးဗီဒီယိုအစီအစဉ်များကို ထပ်မံ မတိုးချဲ့နိုင်သေးဟု UNICEF ရုံးမှ ပြန်ကြားရေးအရာရှိ ဦးဖေတင်သိန်းက ပြောကြားသည်။ UNICEF ၏ ပညာပေးဓာတ်လမ်းများမှာ မြဝတီနှင့် မြန်မာ့ရုပ်မြင်သံကြားတို့၏ Prime Time ရရှိရန် မလွယ်ကူကြောင်း၊ လက်ရှိ ဗီဒီယိုဓာတ်လမ်းများတွင်သာ ထည့်သွင်းပေးနိုင်ကြောင်း၊ UNICEF တွင် စက်ပစ္စည်းများ ရှိသော်လည်း လက်ရှိ ငွေအင်အား၊ လူအင်အားနှင့် ပညာပေးဗီဒီယိုဓာတ်လမ်းများ မထုတ်လုပ်နိုင်သေးကြောင်း ၎င်းက ရှင်းပြသည်။

"UNICEF က ဒီပညာပေးအစီအစဉ်တွေအတွက် ရန်ပုံငွေကို UN အဖွဲ့အစည်းတွေက ရတယ်။ အလှူခံလို့ ရတယ်။ နိုင်ငံကြီးတွေကလည်း ရပါတယ်။ ကျန်းမာရေးနဲ့ ပတ်သက်တဲ့ အလှူငွေက နှစ်စဉ်လျာထားချက်တဲ့ ကျော်ပေမယ့် ပညာရေးနဲ့ ပတ်သက်တဲ့ အလှူငွေက အင်မတန်နည်းပါတယ်။ ဒါကြောင့် မြန်မာနိုင်ငံမှာ ဒီပညာပေးအစီအစဉ်ကို မြို့နယ် ၁၂၂ မြို့နယ်အထိပဲ ဆောင်ရွက်နိုင်သေးတာပါ" ဟု ပြန်ကြားရေးအရာရှိ ဦးဖေတင်သိန်းက ထပ်လောင်းပြောကြားသည်။ ■

# မြန်မာနိုင်ငံအတွင်း မျှစ်စိုက်ပျိုးထုတ်လုပ်ရန် ထိုင်းနိုင်ငံမှ ကမ်းလှမ်း

**ရန်ကုန်၊ စက်တင်ဘာ ၃**

**ထားထားမြင့်**

**မြန်မာနိုင်ငံတွင် အလိုအလျောက် ပေါက်ရောက်နေသောမျှစ်ကို စနစ်တကျ စိုက်ပျိုးထုတ်လုပ်၍ ထိုင်းနိုင်ငံသို့ တင်ပို့သွားရန် ဩဂုတ်လနောက်ဆုံးပတ်၌ ထိုင်းနိုင်ငံတွင် ကျင်းပသည့် ထိုင်း-မြန်မာနယ်စပ်ကော်မတီ အကြီးတန်းအရာရှိများ အစည်းအဝေး၌ ထိုင်းနိုင်ငံက ကမ်းလှမ်းပြောကြားသည်။**



**ပတ်ကင်ထုပ်ထားသော မျှစ်**

မျှစ်သည် ဝါးပင်၏ အဓိကထွက်ကုန်ဖြစ်ပြီး မြန်မာနိုင်ငံတွင် တွင်ကျယ်စွာ စားသုံးနေသော်လည်း ယခုအချိန်ထိ မျှစ်ရရှိရန်အတွက် ဝါးကို တကူးတက စိုက်ပျိုးခြင်း မရှိသေးဟု ၂၀၀၄ ခုနှစ် မေလ ၃၀ ရက်နေ့က သစ်တောဦးစီးဌာန၌ ကျင်းပခဲ့သော National Forum on Substa- inable Teak And Bamboo Development in Myanmar စာတမ်းဖတ်ပွဲ၌ ဦးစိုးတင့်ဦးဆောင်သော သစ်တောပညာရှင်တစ်စုက စာတမ်းဖတ်ကြားခဲ့သည်။

သို့ရာတွင် မျှစ်ထွက်ရှိရာ ဝါးသည် မြန်မာနိုင်ငံတွင် အရေးပါဆုံး သစ်တောအရင်းအမြစ်တစ်ခုဖြစ်ပြီး မြန်မာ့သစ်တောများ၏ ငါးဆယ်ရာခိုင်နှုန်းတွင် ဝါးပင်များသည် သီးခြားသော်လည်းကောင်း၊ သစ်ပင်ကြီးများနှင့် ရောနှော၍လည်းကောင်း နိုင်ငံအနှံ့ ပေါများစွာ ပေါက်ရောက်နေကြောင်း၊ ပဲခူးတိုင်းသည် မြန်မာနိုင်ငံ၏ ဝါးအထွက်ဆုံးဒေသဖြစ်ပြီး ပဲခူး

တိုင်းမှ နှစ်စဉ် ဝါးလုံးရေ ၂၈.၈၆ သန်း ထုတ်လုပ်နိုင်သကဲ့သို့ ဝါးထွက်ကုန်မျှစ်လည်း မြန်မာနိုင်ငံတွင် အထွက်ရှိဆုံး အရပ်ဖြစ်သည်ဟု သစ်တောပညာရှင်တို့က ဆိုသည်။

မျှစ်ကျွမ်းကျင်သူတို့၏ အဆိုအရ မြန်မာနိုင်ငံတွင် မျှစ်အဖြစ်စားသောက်နိုင်သော ဝါးအမျိုးအစားများမှာ ကြသောင်းဝါး၊ ဝါးပိုးဝါး၊ မျှင်ဝါး၊ ဝါးဝါ၊ ဝါးနက်၊ ထီးရိုးဝါး၊ ဝါးပိုးမျက်သန်ကျယ်တို့ဖြစ်ပြီး ထို အမျိုးအစားများအနက် မျှင်ဝါး၊ ဝါးပိုးနှင့် ကြသောင်းဝါးများသည် မျှစ်အဖြစ်စား၍ အကောင်းဆုံးဝါးများဖြစ်သည်ဟု သိရှိရသည်။

မြန်မာနိုင်ငံတွင် မျှစ်ကို မျှစ်ချဉ်၊ မျှစ်ဆားနယ်၊ မျှစ်ခြောက်၊ မျှစ်စို့၊ မျှစ်စည် သွတ်ဘူးအဖြစ် စားသုံးကြပါသည်။ မျှစ်သည် မြန်မာနိုင်ငံ ကျေးလက်ဒေသရှိ ပြည်သူလူထုအတွက် ဝင်ငွေရရှိစေသော ကုန်ပစ္စည်းဖြစ်ပြီး ပြည်တွင်း၌ ရောင်းဝယ်ဖောက်ကားရန်အတွက် မိုးရာသီတွင် သဘာဝသစ်တောများမှ နှစ်စဉ် ရရှိသည်။

မြန်မာလူမျိုးတို့က ကြသောင်းဝါးနှင့် ဝါးပိုးဝါးမျှစ်ကို မျှစ်ချဉ်ပြုလုပ်လေ့ရှိပြီး ပျဉ်းမနားမြို့သည် အကြီးမားဆုံး မျှစ်ချဉ်ဈေးကွက်ဖြစ်သည်။ ပျဉ်းမနားမြို့မှ ဒေသခံမျှစ်ကုန်သည်များသည် မျှစ်စိမ်းကို ဝယ်ယူကြပြီး မျှစ်ချဉ်ကို တစ်နှစ်ပတ်လုံး သိုလှောင်ပြုလုပ်လေ့ရှိသည်။ ပျဉ်းမနား၏ အဓိက မျှစ်ဈေးကွက်မှာ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့ဖြစ်ပြီး ကျန်ဒေသများမှာ ဒေသထွက်မျှစ်ကိုသာ စားသုံးလေ့ရှိသည်ကို တွေ့ရသည်။ သို့ရာတွင် ၎င်းတို့ရင်းနှီးမြှုပ်နှံမှုသည် နည်းပါးသေးကြောင်း၊ ဈေးကွက်ကို ချဲ့ထွင်ရန် အခက်အခဲနှင့် ကန့်သတ်မှုရှိနေသေးကြောင်း၊ ထို့ကြောင့် ကျေးလက်နေပြည်သူလူထုသည် မျှစ်ကြောင့် လက်ရှိအခြေအနေထက်ပို၍ ဝင်ငွေမတိုးပွားနိုင်သေးကြောင်း သစ်တောဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးခင်မောင်ဦးက စာတမ်းဖတ်ကြား တင်ပြခဲ့သည်။

သီရိမင်္ဂလာဈေးမှ မျှစ်ချဉ်နှင့် မျှစ်စိမ်းကုန်သည်တစ်ဦးကမူ ရာသီအလိုက်ရရှိနိုင်မှုအပေါ် မူတည်၍ မျှစ်ချဉ်၏တန်ဖိုးမှာ မျှစ်စိမ်းထက် နှစ်ဆမှ ငါးဆအထိသာ ဈေးပိုကြောင်း၊ မျှစ်အဓိကထွက်ရှိသည့် ရာသီတွင် မျှစ်ထွက်ရှိမှုမှာ ဒေသခံကုန်သည်တို့ လိုအပ်သည်ထက် ပိုမိုနေလျှင် မျှစ်သိုလှောင်သူတို့က အနည်းဆုံးဈေးနှင့် ဝယ်ယူစုဆောင်းနိုင်သဖြင့် တစ်နှစ်လုံး မျှစ်ဈေးမတက်နိုင်ဟု ပြောကြားသည်။

မြန်မာနိုင်ငံ၏အိမ်နီးချင်းနိုင်ငံများတွင်မူ မျှစ်ကြောင့်ရသော ဝင်ငွေမှာ မက်မောစရာ ဝင်ငွေတစ်ရပ်ဖြစ်နေပြီး ဥပမာ တရုတ်နိုင်ငံတွင် စနစ်တကျစိုက်ပျိုးထားသော ဝါးဧက တစ်ဟက်တာမှ မျှစ်ထုတ်လုပ်၍ အမေရိကန်ဒေါ်လာ ၈၀၀၀ နှစ်စဉ် ဝင်ငွေရရှိနေသည်ကို တွေ့ရှိရသည်။

မျှစ်ကို စနစ်တကျစိုက်ပျိုးထုတ်လုပ်မည်ဆိုပါက သင့်တော်သည့်နည်းပညာကို မြန်မာနိုင်ငံတွင် လေ့လာမှုမရှိသေးကြောင်း၊ ထို့ကြောင့် ဝါးကိုစိုက်၍ မျှစ်ထုတ်လုပ်ရန် နိုင်ငံတကာမှ အကြံပြုချက်နှင့် နည်းပညာကို ကမ်းလှမ်းထားကြောင်း သစ်တောပညာရှင် ဦးစိုးတင့်က ၎င်း၏ စာတမ်းတွင် ဖော်ပြထားသည်။

မြန်မာနိုင်ငံတွင် မျှစ်ထုတ်လုပ်ရန် ဝါးကို စိုက်ပျိုးမည့် ထိုင်းနိုင်ငံ၏ အစီအစဉ်ကို အသေးစိတ်မသိရှိရသေးသော်လည်း မြန်မာနိုင်ငံ၏ ရေမြေသဘာဝအရ အလျှံပယ်ပေါကြွယ်ဝနေသော မျှစ်ကို နည်းပညာဖြင့် စနစ်တကျ စိုက်ပျိုးထုတ်လုပ်မည်ဆိုပါက မိရိုးဖလာ ပြည်တွင်းဈေးကွက်သည် တစ်နည်းတစ်ဖုံ ပြောင်းလဲလာစရာ ရှိသည်ဟု ပျဉ်းမနားမြို့မှ ဝါရင့်မျှစ်ကုန်သည်တစ်ဦးက သုံးသပ်ပြောကြားသည်။

■

# ရန်ကုန်တွင် Agila-2 ဂြိုဟ်တုဖမ်းယူနိုင်သော စလောင်းများ မကြာခင်ဈေးကွက်သို့ ရောက်မည်

**အောင်ကျော်မင်း**

၆-၉-၂၀၀၄

**ရန်ကုန်မြို့တော်တွင် Agila-2 ဂြိုဟ်တုမှ ကတ်စနစ်သုံးရုပ်သံလိုင်းများကို အခမဲ့ဖမ်းယူနိုင်သော စလောင်းနှင့် ဆက်စပ်ပစ္စည်းများ မြန်မာနိုင်ငံဈေးကွက်သို့ များမကြာမီ ဝင်ရောက်လာတော့မည်ဖြစ်ကြောင်း ဂြိုဟ်တုစလောင်းနှင့် ဆက်စပ်ပစ္စည်းအမျိုးအစားအချို့အား မြန်မာနိုင်ငံ၌ာနေကိုယ်စားလှယ်အဖြစ် ဖြန့်ဖြူးရောင်းချနေသူ စီးပွားရေးလုပ်ငန်းရှင်တစ်ဦးက Living Color သို့ ပြောကြားသည်။**

**အဆိုပါ ဂြိုဟ်တုစလောင်းနှင့် ဆက်စပ်ပစ္စည်းများကို ထုတ်လုပ်မည့် ကုမ္ပဏီမှာ ထိုင်းနိုင်ငံမှ Dynasat ဖြစ်ပြီး တောင်ကိုရီးယား နည်းပညာကို အသုံးပြု၍ ထုတ်လုပ်ကာ မြန်မာနိုင်ငံသို့ တင်ပို့မည်ဖြစ်ကြောင်း ၎င်းက ဆိုသည်။**

အဆိုပါဂြိုဟ်တုစလောင်းနှင့် ဆက်စပ်ပစ္စည်းများကို ထုတ်လုပ်မည့်ကုမ္ပဏီမှာ ထိုင်းနိုင်ငံမှ Dynasat ဖြစ်ပြီး တောင်ကိုရီးယားနည်းပညာကို အသုံးပြု၍ ထုတ်လုပ်ကာ မြန်မာနိုင်ငံသို့ တင်ပို့မည်ဖြစ်ကြောင်း ၎င်းက ဆိုသည်။ အဆိုပါ ကုမ္ပဏီမှ ထုတ်လုပ်သော Dynasat Silver Box ဂြိုဟ်တုရုပ်သံဖမ်းစက်မှာ လွန်ခဲ့သော ငါးလခန့်ကပင် မြန်မာနိုင်ငံဈေးကွက်သို့ ရောက်ရှိခဲ့ပြီး ဖြစ်သည်။ ယခုထပ်မံတင်သွင်းမည့်ပစ္စည်းနှစ်မျိုးမှာ Dynasat Silver Box စက်နှင့် တွဲဖက်အသုံးပြု၍ ရန်ကုန်မြို့တော်တွင် Agila-2 ဂြိုဟ်တုကို ဖမ်းယူကြည့်ရှုနိုင်ရန် အထူးထုတ်လုပ်ထားသော စလောင်းဗန်းနှင့် LNB ထိပ်ဖူးတို့ဖြစ်ကြောင်း အဆိုပါပုဂ္ဂိုလ်က ပြောကြားသည်။

အဆိုပါ Dynasat Silver Box Receiver ကို အသုံးပြု၍ အထက်မြန်မာနိုင်ငံတွင် Agila-2 ဂြိုဟ်တုမှ ထုတ်လွှင့်သော ရုပ်သံလိုင်းများကို ဖမ်းယူကြည့်ရှုနိုင်သော်လည်း ရန်ကုန်မြို့အပါအဝင် အောက်မြန်မာနိုင်ငံ၌ ဖမ်းယူ၍မရသေးပေ။ ယင်း Receiver ကို ထုတ်လုပ်သော Dynasat ကုမ္ပဏီမှ ဂြိုဟ်တုရုပ်သံဆိုင်ရာ ကျွမ်းကျင်သူပညာရှင်များသည် ဇူလိုင်လကုန်ပိုင်းတွင် ရန်ကုန်မြို့တော်သို့ လာရောက်၍ ၎င်းတို့ကုမ္ပဏီမှ စီမံထုတ်လုပ်ထားသော စလောင်းဗန်းများ၊ LNB ထိပ်ဖူးအမျိုးမျိုးနှင့် Dynasat Silver Box တို့ကို တွဲဖက်အသုံးပြု၍ Agila-2 ဂြိုဟ်တုအား စမ်းသပ်ဖမ်းယူခဲ့ရာ အောင်မြင်ခဲ့ကြောင်း အဆိုပါစမ်းသပ်မှုတွင် ပါဝင်သော မြန်မာနိုင်ငံသားတစ်ဦးက ပြောပြသည်။ သို့အတွက် အဆိုပါ ရုပ်သံဖမ်းစက်နှင့် တွဲဖက်အသုံးပြုကာ Agila-2 ဂြိုဟ်တုအား ဖမ်းယူနိုင်မည့် စလောင်းဗန်းနှင့် LNB တို့ကို ဈေးကွက် လိုအပ်ချက်ပမာဏပေါ်မူတည်၍ ထုတ်လုပ်တင်ပို့ရန် စီစဉ်မည်ဖြစ်ကြောင်း ၎င်းက ဆိုသည်။

အထက်မြန်မာနိုင်ငံတွင် Agila-2 ဂြိုဟ်တုအား Dynasat Silver Box အပြင် အခြားနည်းပညာမြင့် Receiver များဖြစ်သော Meta Box, Top Field 3030 (Upgrade လုပ်ပြီးသော), Sky Link D-Box စသော ရုပ်သံဖမ်းစက်များဖြင့်လည်း ဖမ်းယူနိုင်ကြောင်း ဂြိုဟ်တုရုပ်သံဆိုင်ရာ နည်းပညာကျွမ်းကျင်သူ အင်ဂျင်နီယာတစ်ဦးက ဆိုပါသည်။ သို့သော် Dynasat Silver Box ၏ ထူးခြားချက်မှာ Agila-2 ဂြိုဟ်တုမှ ရုပ်သံလိုင်းများတွင် ရက်ပိုင်းအလိုက် ပြောင်းလဲတတ်သော Hex Code များကို အလိုအလျောက် ပြောင်းလဲပေးနိုင်ကြောင်း အဆိုပါ Receiver အား လက်ကားဖြန့်ချိသူ စီးပွားရေးလုပ်ငန်းရှင်တစ်ဦးက ဆိုပါသည်။ ထို့အတူ Sky Link D-Box D-Receiver သည်လည်း ထိုကဲ့သို့ Code အလိုအလျောက် ပြောင်းလဲပေးနိုင်သည်ဟု ကြော်ငြာထားသည်ကို တွေ့ရသည်။ အချို့သော စလောင်းတပ်ဆင်ပြုပြင်ရေး ဝန်ဆောင်မှုလုပ်ကိုင်သူများက ထိုကဲ့သို့ Code အလိုအလျောက် ပြောင်းလဲပေးနိုင်သည်ဆိုသည်မှာ မဟုတ်မှန်ကြောင်း ငြင်းဆိုသည်။ ယင်းကိစ္စနှင့် ပတ်သက်၍ ရန်ကုန်နှင့် မန္တလေးမြို့တို့တွင် စလောင်းနှင့် ဆက်စပ်ပစ္စည်းများ လက်ကားဖြန့်ချိသူတစ်ဦးက ထိုကဲ့သို့ ငြင်းဆိုသူများမှာ အခြားဂြိုဟ်တုများရှိ ရုပ်/သံလိုင်းများ၏ Code များကိုလည်း အလိုအလျောက် ပြောင်းလဲပေးနိုင်သည်ကို ဆိုလိုသည်ဟု အထင်မှားနေသူများဖြစ်ကြောင်း၊ အမှန်မှာ Agila-2 ဂြိုဟ်တုမှ ရုပ်သံလိုင်းများ၏ Code များကိုသာ အလိုအလျောက် ပြောင်းလဲပေးနိုင်ခြင်းဖြစ်ကြောင်း ရှင်းပြသည်။ လွန်ခဲ့သည့် တစ်လဝန်းကျင်က Asia Sat-3 ဂြိုဟ်တုမှ လပိုင်းအလိုက် ပြောင်းလဲတတ်သော Code များကို အလိုအလျောက် ပြောင်းလဲပေးနိုင်သည်ဟု ကြော်ငြာရောင်းချနေသော Receiver တစ်မျိုးကိုလည်း ဈေးကွက်တွင် တွေ့ရှိရသည်။

များမကြာမီကာလတွင် ရန်ကုန်မြို့တော်၌ Agila-2 ဂြိုဟ်တုမှ ကတ်စနစ်ဖြင့် ထုတ်လွှင့်သည့် ရုပ်သံလိုင်းများကို အခမဲ့ဖမ်းယူကြည့်ရှုနိုင်မည့် Dynasat Silver Box ရုပ်သံဖမ်းစက်သည် လောလောဆယ်တွင် လူကြိုက်များ၍ ဝယ်လိုအားမြင့်လာကာ ပစ္စည်းပြတ်လပ်ခဲ့သဖြင့် ဈေးနှုန်းများ မြင့်တက်သွားသည်။ စက်တင်ဘာလဆန်းပိုင်းတွင် အဆိုပါပစ္စည်း၏ ဈေးကွက်ပေါက်ဈေးမှာ တစ်သိန်းသုံးသောင်း ကျပ်ဝန်းကျင်ခန့်အထိ ရောက်ရှိသွားသည်။

Agila-2 ဂြိုဟ်တုဖြင့် HBO, Hallmark, Cinemax, AXN, Star Movies စသော ရုပ်ရှင်လိုင်းများ၊ ESPN, Star Sports, Dream Golf စသော အားကစားလိုင်းများ၊ CNN, CNBC, BBC, Fox News စသော သတင်းလိုင်းများ၊ Cartoon Network, Disney, Ani Max စသော ကာတွန်းရုပ်ရှင်လိုင်းများ၊ National Geographic, Teach Channel, Adventure စသည့် ထူးဆန်းထွေလာဗဟုသုတလိုင်းများ၊ MTV, V- Channel စသော သီချင်းလိုင်းများအားလုံး စုစုပေါင်း လိုင်း ၅၀ ကျော်ခန့်ကို ထုတ်လွှင့်ပေးလျက်ရှိသည်။ ■

# မြေစိုက်ကြော်ငြာဈေးကွက်သို့ စာအုပ်ကြော်ငြာ စုပေါင်းစနစ်ဖြင့် ဝင်ရောက်

ကေခိုင်ကျော်

၈-၉-၂၀၀၄

**စီးပွားရေးလုပ်ငန်းများမှာ မိမိတို့၏ကုန်ပစ္စည်း(အမှတ်တံဆိပ်)များကို အများပြည်သူ အမြန်ဆုံး၊ အလွယ်ကူဆုံး သိရှိနိုင်ရေးအတွက် ကြော်ငြာရန်လိုအပ်သည့်အလားတူ စာပေတိုးတက်ဖွံ့ဖြိုးရေးနှင့် စာပေလေ့လာလိုက်စားမှုများပြားလာစေရေး၊ စာအုပ်ကောင်းများကို ဈေးကွက်အတွင်းသို့ ရောက်ရှိနိုင်ရန် ရည်ရွယ်၍ စာအုပ်ကြော်ငြာများကို မြေစိုက်ပိုစတာ ဘုတ်များဖြင့် ကြော်ငြာမှုများအား စက်တင်ဘာလလယ်မှစ၍ စတင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အဆိုပါအစီအစဉ်၏ တာဝန်ခံပုဂ္ဂိုလ် လွိုင်ဆမ်ဆစ်စာပေမှ မန်နေဂျာ ဦးညီညီလတ်က Living Color သို့ ပြောကြားသည်။**

ကြော်ငြာမည့်နေရာကို လူစည်ကားဆုံးဖြစ်သော မြေနီကုန်းမီးပွိုင့်အနီး ပြည်လမ်းနှင့် ဗားကရာလမ်းထောင့်တွင် သတ်မှတ်ထားပြီး ပေ ၂၀ ရှိ ဘုတ်အားအလျား ၅ ပေ× အနံ ၂ ပေစီဖြင့် လေးပိုင်းပိုင်းခြားကြော်ငြာခြင်း၊ အလျား ၁ ပေ × အနံ ၁ ပေစီရှိ ကြော်ငြာပေါင်း အခု ၂၀ ကြော်ငြာခြင်း အစရှိသည့် ကြော်ငြာဘုတ် အရွယ်အစားများအား ၎င်းက ရှင်းပြသည်။

အဆိုပါကြော်ငြာဘုတ်တွင် စာအုပ်၊ မဂ္ဂဇင်း၊ ဂျာနယ် စသော စာအုပ်များကိုသာ ကြော်ငြာပေးမည်ဖြစ်ပြီး စာအုပ်ကြော်ငြာရှင်များမှာ ထည့်သွင်းကြော်ငြာရန်အတွက် စာမူခွင့်ပြုချက်ပါရှိရမည်ဖြစ်ကြောင်း၊ ကြော်ငြာချိန်အား အနည်းဆုံး ၁၀ ရက်အထက် ကြော်ငြာရမည်ဖြစ်ကြောင်း၊ လစဉ်ထွက်ရှိသော စာအုပ်များကို ကြော်ငြာဘုတ်ပေါ်တွင် မြင်တွေ့သိရှိပြီး စာအုပ်ကောင်းများကို ရွေးချယ်ဖတ်ရှုနိုင်ကြမည်ဖြစ်ကြောင်း ၎င်းက ဆိုသည်။

ကြော်ငြာရှင်သည် မိမိထည့်သွင်းလိုသော ကြော်ငြာအကွက်အတွင်း အရောင်နှစ်မျိုး ရွေးချယ်အသုံးပြုနိုင်ကြောင်း (ဥပမာ-အမည်းခံတွင် အဖြူစာလုံးဖြင့် ရေးသား၍သော်လည်းကောင်း၊ အပြာခံတွင် အနီစာလုံးဖြင့် ရေးသား၍သော်လည်းကောင်း အသုံးပြုနိုင်သည်။) ကြော်ငြာနှုန်းထားများကိုလည်း ဈေးနှုန်းသက်သာနိုင်မှုရှိစေရန် တစ်ရက်လျှင် နှစ်ထောင်ကျပ် သတ်မှတ်ထားပြီး တစ်လနှင့်အထက် ကြော်ငြာရှင်များအား ၁၀ ရာခိုင်နှုန်းလျှော့ဈေး ခံစားခွင့်ပြုမည်ဟု ဦးညီညီလတ်က ဆိုသည်။ အဆိုပါကြော်ငြာဘုတ်ရှိ အကွက် ၂၀ တွင် ကြော်ငြာများ မပြည့်မီပါက လွိုင်ဆမ်ဆစ်စာပေမှ ထွက်ရှိသော စာအုပ်များကို ထည့်သွင်းမည်ဖြစ်ပြီး လုပ်ငန်းတိုးတက်မှုရှိပါက အများပြည်သူ နေ့စဉ်ဖြတ်သန်းသွားလာမှု အများဆုံးနေရာဟု ယူဆသော လှည်းတန်းလမ်းဆုံနှင့် ရန်ကင်းမြို့နယ်တို့တွင်ပါ ဆက်လက်ထိုးဖောက်ကြော်ငြာမည်ဖြစ်ကြောင်း၊ ဆက်လက်၍ မန္တလေး၊ ပြည်မြို့ကြီးများရှိ နေရာဒေသများတွင် တိုးချဲ့စိုက်ထူသွားမည်ဖြစ်ကြောင်း ဦးညီညီလတ်က ဆိုသည်။

"စီးပွားရေးလုပ်ငန်းရှင်တွေက ကြော်ငြာဘုတ်တွေမှာ တစ်ခုချင်း ကြော်ငြာကြတယ်။ အဲဒီလိုကြော်ငြာရင် သိန်းနဲ့ချီပြီး ကုန်ကျတယ်။ စာအုပ်တစ်အုပ်ချင်းကို တစ်ခုစီမှာ ကြော်ငြာဖို့ဆိုတာ မတတ်နိုင်ကြဘူး။ ဈေးနှုန်းသက်သာစွာနဲ့ စုပြီး ကြော်ငြာတဲ့နည်းကို အသုံးပြုလိုက်တာပါ" ဟု ၎င်းက ပြောကြားသည်။ ■


**LIVING COLOR MAGAZINE**

**E-mail**

Chief Editor - c-editor@myanmarpartners.com.mm

News Room - myanfo@myanmarpartners.com.mm

Marketing - paz@myanmarpartners.com.mm

# ဗိသုကာများ ကာလသုံးပါးဆက်စပ်စဉ်းစားတတ်ရန် အရေးကြီး အိမ်ရာများအပြီးသတ်ဆောက်လုပ်ပြီးမှ ရောင်းဝယ်သင့်

ဦးဝင်းဇော်

မျိုးညွန့်မောင်

၁၀-၉-၂၀၀၄

**ဖွံ့ဖြိုးသော ခေတ်မီမြို့ပြများတည်ထောင်ရေးတွင် ရုပ်လုံးဖော်ပေးရသော ဗိသုကာများအနေဖြင့် မိမိရုပ်လုံးဖော် ဒီဇိုင်းဆွဲမည့် နိုင်ငံ၊ ဒေသ၏အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်သုံးပါးကို ပေါင်းစပ်သုံးသပ်၍ ခေတ်၏တူရှုချက်ကို တွက်ချက် ဒီဇိုင်းထုတ်နိုင်စွမ်းသည် လွန်စွာအရေးပါကြောင်း ဆောက်လုပ်ရေးဝန်ကြီးဌာန ဗိသုကာဌာနမှ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးဝင်းဇော်က Living Color သို့ ပြောကြားသည်။**

အာရှဒေသတွင်း နိုင်ငံများအနက် စင်ကာပူနိုင်ငံသည် ရာသီဥတု၊ လူသား အရင်းအမြစ်ပြုစုပျိုးထောင်မှု စီးပွားရေး ဆောင်ရွက်မှုပုံသဏ္ဍာန်တို့တွင် မြန်မာနိုင်ငံ၏ အခြားအိမ်နီးချင်းနိုင်ငံများနှင့် များစွာ ခြားနားသည့်နည်းတူ ၎င်း၏ ပထဝီအနေအထားနှင့် ကိုက်ညီသော မြို့ပြဖွဲ့စည်းမှုအနေအထား၊ အဆောက်အအုံများ ဆောက်လုပ်မှုပုံသဏ္ဍာန်တို့သည် အမေရိကန်နှင့် ဥရောပနိုင်ငံအချို့၏ စနစ်များကို စံပြုထားရာ ၎င်းတို့၏ မြို့ပြတည်ထောင်ရေးနည်းနာများကို မြန်မာနိုင်ငံမှ မိတ္တူကူးရန် မဖြစ်နိုင်ကြောင်း ဦးဝင်းဇော်က ပြောကြားသည်။ ထို့ပြင် ၎င်းက "ကိုယ့်အခြေအနေ၊ ကိုယ့် Resource ကို သေချာသုံးသပ်ရမယ်။ သူများရဲ့ ရုပ်ပိုင်းဆိုင်ရာလေးကို အလွယ်တကူ ယူလိုက်တာမျိုး မဖြစ်ရဘူး။ တခြားနိုင်ငံက လျှပ်စစ်အလင်းရောင်၊ လေအေးပေးစက်ကို အားကိုးတယ်။ ကျွန်တော်တို့ဆီမှာက သဘာဝလေနဲ့ သဘာဝအလင်းရောင်ကို ကောင်းကောင်းရသေးတယ်။ စက်မှုကို အရမ်းအားပြုတဲ့နိုင်ငံမျိုးကို အားကျပြီး ဆောက်လိုက်ရင် လွဲသွားတာမျိုးရှိနိုင်တယ်။ နေရတာအဆင်မပြေဘူး ဆိုတဲ့ ရာခိုင်နှုန်းတော်တော်များများက သူများနိုင်ငံကို အားကျပြီး သုံးလိုက်မိလို့ ဖြစ်သွားတာများတယ်" ဟု ရှင်းပြသည်။



ခေတ်ပေါ်ဗိသုကာ လက်ရာတစ်မျိုး

အထူးသဖြင့် ရန်ကုန်မြို့တော်၏ အိမ်ရာ တည်ဆောက်မှုများတွင် မိလ္လာစနစ်၌ Conventional Treatment စနစ်သည် မဖြစ်မနေ လိုအပ်လာပြီဖြစ်ကြောင်း ဦးဝင်းဇော်က ပြောကြားသည်။ မိလ္လာကန်စနစ်သည် အင်္ဂလိပ်ခေတ်မှ Infrastructure ကို အခြေခံသည့်အတွက် မြို့ပြလူဦးရေ တိုးတက်မှုအား လက်ခံနိုင်ရေးတွင် ၎င်းအတွက် မြေနေရာပေးရမှုအား ရေရှည်လက်ခံနိုင်ရန် မလွယ်ကူကြောင်း၊ ဗိသုကာများအနေဖြင့် ပစ္စုပ္ပန်အခြေအနေတွင် အတိတ်မှနည်းပညာနှင့် အသုံးမတည့်နိုင်ပါက အနာဂတ်အတွက် Solution (ဖြေရှင်းနည်း)ကို ရှာဖွေကြံဆကြရမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

ရန်ကုန်မြို့တော်အတွင်း နေထိုင်

သူများအဆင်ပြေ၍ အောင်မြင်မှုရရှိနေသည့် အိမ်ရာများကို ဗိသုကာပညာရှင် ရှုထောင့်မှ လေ့လာပါက အိမ်ရာဝယ်ယူမည့် Customer အမျိုးအစားကို ဦးစွာစဉ်းစားရွေးချယ်ပြီးမှ မြေနေရာကို ရွေးချယ်တတ်ခြင်းသည်လည်း အဓိက အကြောင်းရင်းဖြစ်ကြောင်း ဦးဝင်းဇော်က ပြောကြားသည်။ “ဘယ်သူတွေနေမလဲဆိုတာ အခြေခံစဉ်းစားပြီးမှ ဘယ်နေရာမှာ ဆောက်မလဲ ရွေးသင့်တယ်” ဟု ၎င်းက ဆိုသည်။ ဆက်လက်၍ ဦးဝင်းဇော်က မြေနေရာကျယ်ဝန်းသော အိမ်ရာများမှာ ရပ်ကွက်တစ်ခုအရွယ်အစားရှိပါက မူလတန်းကျောင်း ထည့်သွင်းရန် စဉ်းစားနိုင်လျှင် ပိုမိုကောင်းမွန်မည်ဖြစ်ကြောင်း၊ သို့သော် အနည်းဆုံး အိမ်ရာအတွင်းနေကလေးငယ်များ၏ ကိုယ်ကာယကြံ့ခိုင်မှုအတွက် မဖြစ်မနေလိုအပ်သော ကလေးကစားကွင်းကို အိမ်ရာအကျယ်အဝန်းနှင့် လျော်ညီသော အကျယ်အဝန်းအလိုက် ထည့်သွင်းပေးရန်လိုအပ်ကြောင်း ပြောကြားသည်။ “မြေ လေးငါးဧကပဲရှိရင်တော့ ပန်းခြံတို့ဘာတို့ ထည့်သွင်းဖို့ မလွယ်ဘူးပေါ့။ အစိုးရအနေနဲ့လည်း Town Planning မှာ မြို့နယ်အဆင့်လောက်ရှိမှ ဆေးရုံ၊ Departmental Store တို့ ထည့်စဉ်းစားလေ့ရှိတယ်။ ဒါပေမယ့် သားငါးဈေးမဟုတ်ဘဲ နေ့စဉ်လိုအပ်တဲ့ အိမ်အသုံးအဆောင်ရောင်းတဲ့ Store ဆိုင်မျိုး အိမ်ရာမှာပါသင့်တယ်။ အဓိကအကျဆုံးက အိမ်ရာမှာနေတဲ့ကလေးတွေ ကျန်းမာသန်စွမ်းဖို့က ကစားကွင်းလိုတယ်။ ကစားတဲ့အခါ ကိုယ့်ဝင်းထဲမှာဆိုတော့ Safe ဖြစ်တယ်။ လူ ယာဉ်နဲ့ မတော်တဆ အန္တရာယ်တွေ မရှိနိုင်ဘူး” ဟု ၎င်းက ရှင်းပြသည်။

အဆင့်မြင့်အိမ်ရာစီမံကိန်းများတွင် နေထိုင်သူများ၏ မဖြစ်မနေလိုအပ်ချက်များထည့်သွင်းရန် လိုအပ်သကဲ့သို့ Developer များဘက်တွင်လည်း မြေတန်ဖိုး၊ အဆောက်အအုံတည်ဆောက်စရိတ်၊ ပြန်ရမည့်အကျိုးအမြတ်တို့နှင့် ကိုက်ညီအောင် ဆောင်ရွက်ရမည့်အခက်အခဲအချို့ရှိကြောင်း ဦးဝင်းဇော်က ပြောကြားသည်။ “အများအားဖြင့် အကျိုးတူဆောက်ကြရတာများတော့ အကျိုးတူဘက်ကို ပေးရမယ့်ပမာဏ၊ ဝယ်ချင်အောင်လုပ်ရမယ့်အပိုင်း၊ ကိုယ့်အတွက် ပြန်ရမယ့်ပမာဏ ချိန်ညှိပြီး လုပ်ကြရတယ်။ အကုန်လုံးဘက်က အဆင်ပြေမယ့်နည်းကတော့ အဆောက်အအုံကို လုံးဝအချောသပ်ပြီးမှ အရောင်းအဝယ်လုပ်ကြတာ အကောင်းဆုံးပါပဲ။ ကိုယ့်ဘက်က ကိုယ်ပေးနိုင်မယ့် Quality နဲ့ ကျသင့်တဲ့တန်ဖိုးကို တောင်း၊ ဝယ်သူက Quality ကြိုက်ရင် မျက်မြင်စိတ်တိုင်းကျရွေးချယ်ဝယ်နိုင်တော့ အငြင်းပွားစရာ၊ နာမည်ပျက်စရာ မရှိဘူးပေါ့။ ဥပမာပေးရရင် အကျိုတစ်ထည်ချုပ်ပေးမယ်။ ငွေ ၂၀၀၀ ကြိုပေးဆိုပြီး ၁၆၀၀ တန် ချုပ်ပေးရင် ဝယ်သူက ဘယ်ကျေနပ်မလဲ။ ပိုကောင်းအောင်လို့ ၂၄၀၀ ဖိုးလုပ်ရင်လည်း ကိုယ့်ဘက်က နာမယ်။ အကောင်းဆုံးက အဆင့်သင့်ဆောက်ပြီးမှ ဈေးစကားပြောတဲ့ နည်းလမ်းပဲ” ဟု ဦးဝင်းဇော်က ထပ်လောင်း ပြောကြားသည်။

■

**LIVING COLOR MAGAZINE**

**E-mail**

Chief Editor - c-editor@myanmarpartners.com.mm

News Room - myanfo@myanmarpartners.com.mm

Marketing - paz@myanmarpartners.com.mm



# မြို့ပြဖွံ့ဖြိုးရေး

သက်ဇော်

**ရန်ကုန်မြို့တော်အပါအဝင် မြန်မာနိုင်ငံအတွင်းရှိ မြို့ကြီးအချို့သည် မဝေးတော့သည့်ကာလတစ်ခုတွင် အခြားအာရှမြို့ကြီးများကဲ့သို့ ဖွံ့ဖြိုးလာတော့မည် ဖြစ်ပါသည်။ ထိုသို့ ဖွံ့ဖြိုးလာရာတွင် အထပ်မြင့်အဆောက်အအုံကြီးများ၊ မိုးပျံရထားများ၊ မြေအောက်ရထားများ စသည့် မြင်သာထင်သာရှိမည့် ရုပ်ဝတ္ထုများသာမက ရေနှင့် မိလ္လာစနစ်၊ အမှိုက်သိမ်းစနစ်၊ စိတ်ချရသော လျှပ်စစ်မီးသွယ်တန်းမှု၊ ရေနုတ်မြောင်းနှင့် သဘာဝဘေးအန္တရာယ်ကာကွယ်တားဆီးရေး စသော အတွင်းပိုင်းကျသည့် မရှိမဖြစ် အခြေခံလိုအပ်ချက်များ စသဖြင့် မြို့တော်တစ်ခု၏ အင်္ဂါရပ်နှင့် ညီညွတ်သော အခြေခံအဆောက်အဦများ ဟန်ချက်ညီညီ လိုက်ပါဖွံ့ဖြိုးလာရန် အထူး အရေးကြီးလှပါသည်။**

## သစ်လွင်သောမြို့တော်

ရန်ကုန်မြို့တော်သည် ကုန်ခဲ့သည့် နှစ် ၂၀ ကနှင့်စာလျှင် မမှတ်မိနိုင်လောက်အောင် အပြောင်းအလဲတွေ များလှသည်။ အထူးသဖြင့် အထပ်မြင့်အဆောက်အအုံကြီးများနှင့် နိုင်ငံတကာအဆင့်မီ ဟိုတယ်ကြီးများက မြို့ပြ၏ သွင်ပြင်လက္ခဏာတစ်ခုကို ဖော်ညွှန်းနေသကဲ့သို့ပင်။ ထို့အတူ စုလစ်မွန်းချွန်တို့ဖြင့် ရွှေရောင်တဝင်းဝင်းရှိလှသည့် ရန်ကုန်မြို့တော်၏ အဝင်ပေါက် မင်္ဂလာဒုံလေဆိပ် တိုးချဲ့အဆောက်အအုံမှသည် မြို့လယ် ဆူးလေစေတီတော်အထိ

ဖြူးဖြောင့်နေသော လမ်းမကြီးများမှာ အိမ်နီးချင်းနိုင်ငံတို့မှ လမ်းမကြီးများကဲ့သို့ပင်။ မြင်သာထင်သာရှိသည့် လမ်းမကြီးတစ်လျှောက်မှ ဘတ်စ်ကားမှတ်တိုင်တို့မှာလည်း အရောင်စိုစို ခေတ်မီမီ သပ်သပ်ရပ်ရပ် ရှိနေသည်။

ခေတ်မီသည့်အသွင်ရှိသည့် ထိုမှတ်တိုင်ကလေးများမှာ ခေတ်နှင့် မလျော်ညီသယောင် ထင်ရသော်လည်း အမိုးကျယ်ကျယ်၊ မိုးလုံလုံ ထိုင်ခုံနေရာ လုံလုံလောက်လောက်နှင့် အတန်ငယ် ကြီးမားခန့်ထည်သော မှတ်တိုင်များနေရာတွင် အစားထိုးထားခြင်း ဖြစ်ပါသည်။ ထို့အတူ ရန်ကုန်မြို့တော်ရှိ အိုဟောင်းညစ်နွမ်းသယောင်ရှိနေသော နေရာ၊ အဆောက်အအုံအချို့သည်လည်း သစ်လွင်ခေတ်မီသောအသွင်သို့ ပြောင်းသွားသည်။ ယခင်က လမ်းမကြီးများပေါ်ရှိ ထုထည်ကြီးကြီး၊ ဗိသုကာဒီဇိုင်းရိုးရိုး အဆောက်အအုံများနေရာတွင်လည်း အထပ်မြင့်အဆောက်အအုံသစ်များ၊ သံကူကွန်ကရစ် ထိုးထိုးထောင်ထောင် ဆောက်လက်စ စီမံကိန်းများက အစားထိုးနေရာယူလျက် ရှိနေပါပြီ။

မြို့တွင်းရှိ အဓိကလမ်းမကြီးများပေါ်တွင် ရွှေလိမ္မော်ရောင်ဝတ်စုံကိုယ်စီဖြင့် အမှိုက်လှဲနေကြသော မြို့တော်စည်ပင်ဝန်ထမ်းများကို တွေ့မြင်ရသည်။ ပလက်ဖောင်းနှင့် ခြစ်ညည်းရိုးအကြားတွင် မြက်တစ်ပင်ချင်း တယုတယ စိုက်နေကြသည့် အပြင် သိန်းဂဏန်းထောင်ချီ၍ ပြုပြင်မွမ်းမံထားသော အဝိုင်းလမ်းဆုံတို့ရှိ ပန်းပြသဒ်နှင့် အလှမွေးမြက်ခင်း၊ ပန်းပင်ငယ်တို့ကို လျှပ်စစ်မော်တာနှင့် အလိုအလျောက် ရေဖျန်းနေသည်ကို တွေ့ရသည်။ လမ်းဆုံမီးပွိုင့်တိုင်းတွင် အရောင်အသွေးစုံသော ကားကြီးကားငယ်တို့ မှတ်တိုင်နှစ်တိုင်စာခန့်အထိ နှစ်ဖက်ယှဉ်ကြောအပြည့် ရပ်နားစောင့်ဆိုင်းနေကြသည်။ အထူးသဖြင့် ပြည်လမ်းမကြီးတစ်လျှောက်ကို ကြည့်ရသည်မှာ အမှန်တကယ်ပင် သစ်လွင်တောက်ပကာ သန့်ရှင်းလုပနေပါသည်။ ကမ္ဘာအေးဘုရားလမ်းနှင့် ပြည်လမ်းမအကြားရှိ အင်းလျားကန်ဘောင်ကိုလည်း နေ့မနား၊ ညမအား ဆင်ယင်ခြယ်သနေသည်ကို မြင်တွေ့ရသည်။ မည်မျှ မြို့ပြဆန်သည့် မြင်ကွင်း များပါနည်း။

စင်စစ်အားဖြင့် ရန်ကုန်မြို့တော်ကြီးအား မကြာမီကာလတစ်ခုအတွင်း ခေတ်မီလှပသော ဥယျာဉ်မြို့တော်ကြီးအသွင် ရှုမြင်နိုင်ကြစေရန် ယခုကဲ့သို့ ဖီးလိမ်းခြယ်သနေခြင်း ဖြစ်ပါသည်။ ကန်တော်ကြီးဥယျာဉ်သည်လည်း သိန်းပေါင်းမြောက်မြားစွာ အကုန်အကျခံ၍ အဆင့်မြင့် မွမ်းမံပြုပြင်ပြီးပါက ရန်ကုန်မြို့တော်သူမြို့တော်သားတို့ စိတ်လက်အပန်းဖြေရာနေရာဌာနကြီးတစ်ခု ဖြစ်လာပေတော့မည်။

မြို့တော်တစ်ခု၏ အင်္ဂါရပ်များတွင် ထိုထိုသော ရုပ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးမှုများမှာ အရေးပါသော နေရာတွင် ရှိနေပါသည်။ မြို့တော်၏ ရုပ်ပတ်ဝန်းကျင်သည်လည်း မြို့တော်နေလူထုအား တစ်နည်းတစ်ဖုံ ကိုယ်စိတ်အပန်းပြေစေနိုင်သည် မဟုတ်ပါလော။

## အခြေခံအဆောက်အဦ အရေးကြီး

၂၀၀၄ ခုနှစ်အတွင်း သက်ဆိုင်ရာ အဖွဲ့အစည်းတို့မှ တရားဝင်ထုတ်ပြန် ခန့်မှန်းထားသော ကိန်းဂဏန်းများအရ လူဦးရေ



၆ သန်းကျော်စ ပြုနေပြီဖြစ်သည့် မဟာရန်ကုန်သည် မဝေးလှသည့်အချိန်ကာလတစ်ခုတွင် ယခုထက်ပို၍ စည်ကားသိုက်မြိုက်လာတော့မည် ဖြစ်သည်။ မြို့ပြများဖွံ့ဖြိုးလာခြင်းမှာ မြန်မာနိုင်ငံတွင်သာမက ကမ္ဘာ့နိုင်ငံအသီးသီးတို့ မည်သို့မျှ ရှောင်လွှဲ၍မရနိုင်သော ဝိသေသလက္ခဏာရပ်များဖြစ်ပါသည်။ စီမံခန့်ခွဲသူတို့၏ အမြော်အမြင်ပေါ် မူတည်ကာ မြို့ပြဖွံ့ဖြိုးမှုတို့လည်း စနစ်ကျနတတ်ပါသည်။ တိုးပွားလာသော လူဦးရေအချိုးနှင့် လျော်ညီစွာအခြေခံအဆောက်အဦကလည်း လိုက်ပါဖြည့်ဆည်းရသည်။ အခြေခံအဆောက်အဦဟု ဆိုရာတွင်လည်း မြို့တော်၏ပစ္စုပ္ပန်နှင့် အနာဂတ် နှစ်ခုစလုံးအတွက်မရှိမဖြစ် မပါမနေရ ခြေခြေမြစ်မြစ် ကျကျနန ရှိကိုရှိရမည့်အရာများကို ဆိုလိုပါသည်။ လူဦးရေပေါက်ကွဲမှုကြောင့် အာရှတိုက်နှင့် လက်တင်အမေရိကတိုက်တို့မှ မြို့ကြီးအချို့ဆိုလျှင် မြို့ပြဖွံ့ဖြိုးလာမှု၏နောက်ဆက်တွဲ ဘေးအကျိုးဆက်များဒဏ်ကို ခါးစည်းခံနေကြရပြီ ဖြစ်သည်။ အဓိက အရေးအကြီးဆုံးအချက်မှာ တိုးပွားလာမည့် လူဦးရေနှင့် ယင်းလူထု နေ့စဉ်နေထိုင်၊ စားသောက်၊ သုံးစွဲ၊ ပြုမူ၊ သွားလာ၊ စွန့်ပစ်ကြမည့် ပမာဏအတိုင်းအတာကို တင်ကြိုတွက်ချက်ထားနိုင်ဖို့ပင် ဖြစ်သည်။

## သီအိုရီသဘော

မြို့ပြဖွံ့ဖြိုးရေးဟု ဆိုသည်နှင့် ဖွံ့ဖြိုးမှု (Develope) နှင့် ကြီးထွားတိုးတက်မှု (Growth) နှစ်ခု မရောထွေးဖို့ လိုပါသည်။ ကြီးထွားတိုးတက်မှုဖက်ကို ဖောင်းပေးမိပါက ဖွံ့ဖြိုးမှုကို ထိခိုက်နိုင်ပါသည်။ စီးပွားရေးသီအိုရီတွင်မူ Growth ပြီးမှ Develope လာသည်။ Growth အရှိန်ရပါမှ Develope ဖြစ်နိုင်မည်ဟု ဆိုထားသည်။ ဤသီအိုရီအတိုင်းပင် မြို့ပြဖွံ့ဖြိုးမှုသည်လည်း ‘ဖွံ့ဖြိုးမှု’ဟူသည့် ဝေါဟာရဖြင့် အသိအမှတ်ပြုရန် မြို့ပြတစ်ခု၏ ဝိသေသလက္ခဏာရပ်များအားလုံး မျှတညီညွတ်စွာ ပြိုင်တူ အားကောင်းဖွံ့ဖြိုးရမည်ဖြစ်သည်။

မြို့ပြများ ဖွံ့ဖြိုးလာခြင်း၏ အဓိကအကြောင်းအရင်းများကို ပညာရှင်အချို့က စီးပွားရေးရှုထောင့်မှ အောက်ပါအချက်များဖြင့် အဓိပ္ပာယ်ဖွင့်ဆိုကြသည်။

၁။ ကျေးလက်မှ မြို့ပြသို့ ပြောင်းရွှေ့နေထိုင်သူ များပြားလာခြင်း၊

၂။ စိုက်ပျိုးရေးအခြေပြုမှ စက်မှုအခြေပြုသို့ ပြောင်းလဲလာခြင်း၊

**ရန်ကင်းမြို့နယ်အတွင်းရှိ အဆင့်မြင့်အိမ်ရာနှင့် အဆောက်အအုံအချို့**



၃။ အလုပ်လုပ်နိုင်သော အသက်အုပ်စု ရာခိုင်နှုန်းမြင့်တက်လာခြင်း၊

စိုက်ပျိုးရေးအခြေပြုမှ စက်မှုအခြေပြုသို့ ကူးပြောင်းလာသည့်အခါ ယခင်ကလယ်ယာကဏ္ဍတွင် လူ၏ လုပ်အား လျော့ပေါ့ သုံးစွဲလာရသဖြင့် အလုပ်အကိုင်သစ်တို့ရှိရာ မြို့ပြဆီသို့ အစုလိုက်အပြုံလိုက် ရွှေ့ပြောင်းလာကြသည်။ နိုင်ငံ၏ အဓိကစီးပွားရေးလုပ်ငန်းတို့၏ ဗဟိုချက်မရှိရာ၊ နည်းပညာအဆင့်မြင့်လုပ်ငန်းတို့ တည်ရှိရာ၊ နိုင်ငံတကာနှင့် ဆက်သွယ်ကူးလူးနိုင်သောနေရာ၊ ခေတ်မီ လူ့အသုံးအဆောင်ပစ္စည်းတို့ကို တွေ့ထိခံစားနိုင်သောနေရာစသည့် ဆွဲဆောင်အားကောင်းသော အခြင်းအရာ များစွာတို့၏ ညို့ငင်မှုကြောင့် မြို့တော်များ၏ လူဦးရေ တဖြည်းဖြည်း တိုးပွားလာရသည်။ ဤတွင် တိုးပွားလာသော လူဦးရေအချိုးအစားနှင့်အညီ နေရာထိုင်ခင်းအဆောက်အအုံနှင့် ယာဉ် ရထားတို့ကိုလည်း တိုးမြှင့်ဖြည့်ဆည်းကြရသည်။

## ကြိုတင်စီမံချက်

မြို့ပြကြီးထွားမှုကို စနစ်တကျစီမံခန့်ခွဲနိုင်ပါက ဖွံ့ဖြိုးသောမြို့ပြအဖြစ်သို့ ရောက်ရှိနိုင်သော်လည်း စီမံခန့်ခွဲမှု ညံ့ဖျင်းပါက မြို့ပြပေါက်ကွဲမှုအန္တရာယ်နှင့် ရင်ဆိုင်ကြရသည်။ သာဓကမှာ လက်တင်အမေရိကရှိ မက္ကဆီကိုစီးတီး၊ အာရှတိုက်မှ မွန်ဘိုင်း (ဘုံဘေ)တို့ ဖြစ်သည်။ အခြားသော အာရှမြို့တော်ကြီးအချို့သည်လည်း မြို့ပြပေါက်ကွဲမှုအန္တရာယ်က ခြိမ်းခြောက်လျက် ရှိနေပါသည်။

မော်တော်ယာဉ်များ အဆမတန် တိုးပွားများပြားမှုကြောင့် ယာဉ်ကြောပိတ်ဆို့မှု အကြီးအကျယ် ကြုံတွေ့နေရသည့် ဘန်ကောက်နှင့် လူဦးရေ အလွန်အမင်း တိုးပွားလာကာ အကြမ်းဖက်အန္တရာယ်နှင့် ဒုစရိုက်မှုခင်းထူပြောမှုတို့ ရင်ဆိုင်နေရသည့် ဂျကာတာတို့မှာလည်း မြို့ပြဖွံ့ဖြိုးမှု၏ ခါးသီးသော အကျိုးဆက်များကို ခါးပိုက်

ပိုက်ထားရသကဲ့သို့ ရှိနေပါသည်။ ဤသည်တို့ကို ထောက်ရှု၍ အလားတူဖြစ်ရပ်များ မကြုံတွေ့စေရန် ယခုကတည်းက စီမံချက်များ၊ စီမံကိန်းများ စနစ်တကျ ပြင်ဆင်ထားရမည် ဖြစ်ပါသည်။

## ပညာရှင်၏ အကြံဉာဏ်

သို့ဆိုလျှင် မြို့ပြတစ်ခု စနစ်တကျ ဖွံ့ဖြိုးရန် မည်သို့ စီမံလုပ်ဆောင်သင့်ပါသနည်း။ ရှင်းလင်းပြတ်သားသော အဖြေမှာ သက်ဆိုင်ရာ နယ်ပယ်အလိုက် အမှန်တကယ် တတ်ကျွမ်းနားလည်သော ပညာရှင်စစ်စစ်များ၏ ဉာဏစွမ်းရည်နှင့် အကြံဉာဏ်ကို လုံးဝရယူရမည်ဟူ၍ ဖြစ်ပါသည်။ လတ်တလောတိုးပွားလာသော လူဦးရေအချိုးအဆနှင့် နောင်လာမည့် အနှစ် ၅၀၊ ၁၀၀ အတွင်း ဖြစ်ပေါ်လာနိုင်သော အနေအထားတို့ကိုပါ ထည့်သွင်းတွက်ချက်ကြရမည် ဖြစ်ပါသည်။ ပညာရှင်များ၏ စကားနှင့် နိုင်ငံတကာမှ အလားတူဖြစ်ရပ်များအကြောင်း ရေးသားဖော်ပြချက်တို့ကို လေ့လာကြည့်ပါက မြို့ပြစီမံကိန်းများ ရေးဆွဲရာတွင်လည်းကောင်း၊ ချဲ့ထွင်ရာတွင်လည်းကောင်း၊ နေရာသစ်သို့ ပြောင်းရွှေ့ရာတွင်လည်းကောင်း ယေဘုယျ အခြေခံအချက်အလက်များ ရှိပါသည်။

အရေးအကြီးဆုံးမှာ မြို့တော်တွင် နေထိုင်ကြမည့် လူထုအတွက် မည်မျှ ထည့်သွင်းစဉ်းစားသနည်းဆိုသော အချက်ပင် ဖြစ်သည်။ မြို့တော်နေ လူထု၏ နေ့စဉ်ဘဝများ ဖြတ်သန်းရာတွင် အဆင်ပြေချောမွေ့မှုရှိစေရေးအတွက် အမြဲဖြည့်ဆည်းပေးနိုင်ရမည် ဖြစ်သည်။

## အကောင်းဆုံးအချိန်

လက်ရှိအခြေအနေအတိုင်းဆိုပါက ရန်ကုန်မြို့တော်သည်လည်း လူဦးရေတိုးနှုန်း၊ စီးပွားရေးဖွံ့ဖြိုးမှုနှင့် ခေတ်သစ်ရပ်ဝတ္ထုပစ္စည်း မက်လုံးတို့ကြောင့် အခြား



ရန်ကုန်မြို့လယ် ဆူးလေဘုရားလမ်းမမြင်ကွင်း

အာရှမြို့တော်ကြီးများကဲ့သို့ မြို့ပြပေါက်ကွဲမှုနှင့် ကြုံတွေ့လာရဖွယ် ရှိပေသည်။ ဤအခြေအနေအတိုင်း မပြုမပြင် ပုံမှန်သွားနေပါ က မကြာမီ နှစ်များအတွင်း ကြီးမားသော အခက်အခဲပြဿနာရပ်များနှင့် ရင်ဆိုင်ရပေမည်။ ထို့ကြောင့် လတ်တလော ကာလသည် ပြုပြင်ရန် အကောင်းဆုံးအချိန်အခါပင် ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် အမိန့်အာဏာ တည်မြဲမှုနှင့် တရားဥပဒေစိုးမိုးမှုမှာ မည်သည့်ကာလနှင့်မျှမတူအောင် ထိရောက်လျက်ရှိနေခြင်းပင်။ မြို့သစ်များ ဖော်ထုတ်ခြင်း၊ အိမ်ရာသစ်များ တည်ဆောက်ခြင်း၊ လမ်းမကြီးများ ချဲ့ထွင်ခြင်း၊ ကျူးကျော်မြေနေရာများ ရှင်းလင်းခြင်း၊ ကြီးမားသည့် အထပ်မြင့်အဆောက်အအုံများ ဆောက်လုပ်ခြင်းတို့ကို လျင်လျင်မြန်မြန်၊ လွယ်လွယ်ကူကူ အကောင်အထည်ဖော်နိုင်သည်ကို တွေ့ရသည်။ ထို့ကြောင့်ပင် ရေရှည်တွင် အန္တရာယ်ရှိလာနိုင်သည့် ရန်ကုန်မြို့တော်၏ မြို့ပြ

ဆိုင်ရာ အခြေခံအဆောက်အဦများကို ပြင်ဆင်တည်ဆောက်နိုင်ရန် အချိန်အခါကောင်း ကျရောက်နေပြီဖြစ်သည်။

## ယေဘုယျလိုအပ်ချက်များ

မြို့တော်တစ်ခု စနစ်တကျဖြင့် ရေရှည်ဖွံ့ဖြိုးတိုးတက်စေရန်မှာ အောက်ဖော်ပြပါ ယေဘုယျအချက်များနှင့် ကိုက်ညီရန် လိုပေမည်။

၁။ လူဦးရေနှင့် အိမ်ရာအချိုးအစား ညီညွတ်မျှတမှု၊

၂။ သုံးစွဲသည့်ရေ လုံလောက်စွာ ရရှိမှု၊

၃။ ရေဆိုး၊ အမှိုက်နှင့်မိလ္လာ စွန့်ပစ်သည့်စနစ် ကောင်းမွန်မှု

၄။ ဆက်သွယ်ရေးမြန်ဆန်ထိရောက်မှု၊

၅။ လူထုသယ်ယူပို့ဆောင်ရေး ချောမောပြေပြစ်မှု၊

၆။ အပန်းဖြေနားနေရန်ပန်းခြံနှင့် အားကစားကွင်းဧရိယာ လုံလောက်မှု

၇။ အရေးပေါ်အန္တရာယ်ကာကွယ်ရေးစနစ် လုံခြုံစိတ်ချမှု၊

၈။ ရောင်းဝယ်ဖောက်ကားရေးနှင့် စက်မှုလုပ်ငန်းဧရိယာသတ်မှတ်မှု၊

၉။ အန္တရာယ်နည်းပါးသော လျှပ်စစ်စွမ်းအင်ဖြည့်ဆည်းပံ့ပိုးမှု၊

၁၀။ အခြေခံပညာကျောင်းနှင့် တက္ကသိုလ်၊ ကောလိပ် မြေဧရိယာများ စံသတ်မှတ်ချက်များနှင့် ညီညွတ်မှု၊

၁၁။ ယာဉ်စည်းကမ်း လမ်းစည်းကမ်း ထိန်းသိမ်းကြပ်မတ်မှု၊

၁၂။ အထပ်မြင့်အဆောက်အအုံများ နိုင်ငံတကာစံနှုန်းများနှင့် ကိုက်ညီမှု၊

ဖော်ပြပါအချက်များသည် ယေဘုယျအခြေခံလိုအပ်ချက်များဖြစ်ကြပြီး ခေတ်မီဖွံ့ဖြိုးသော မြို့ပြတစ်ခုအတွက်မူ ထိုထက်အသေးစိတ်၍ စနစ်ကျနသော 'စံ' သတ်မှတ်ချက်များ ရှိပါသေးသည်။ ဥပမာအားဖြင့် နံပါတ်တစ်အချက်မှ လူဦးရေနှင့်အိမ်ရာအချိုးအစား ညီညွတ်မျှတမှုဟု ဆိုရာတွင် 'အိမ်ရာ'ဟူသော စကားလုံး၏ နောက်ကွယ်၌ သီးခြားသတ်မှတ်ထားသော အချက်အလက်များစွာ ရှိပါသေးသည်။ လူအများနေထိုင်ကြမည့် အဆောက်အအုံများဖြစ်၍ ကျန်းမာရေးနှင့်ညီညွတ်ခြင်း၊ လေဝင်လေထွက်ကောင်းမွန်ခြင်း၊ သဘာဝဘေးအန္တရာယ် ကာကွယ်ရေးအစီအမံများပါဝင်ခြင်း (ဥပမာ–မီးအန္တရာယ်အတွက် အရေးပေါ်လှေကား)၊ အဆောက်အအုံ အာမခံသက်တမ်း ကန့်သတ်ပေးခြင်း စသည့် အသေးစိတ်အချက်အလက်များနှင့်လည်း ကိုက်ညီရမည် ဖြစ်သည်။ ရန်ကုန်မြို့တော် စည်ပင်သာယာရေး

Sakura Tower အဆောက်အအုံ



ကော်မတီတွင် အဆောက်အအုံများအား လူနေထိုင်ရန် သင့်မသင့် မှတ်ချက်ပေးရန် တိုက်ဆိုင်စစ်ဆေး အတည်ပြုပေးသည့် သတ်မှတ်စည်းကမ်းချက်များ ရှိနေပြီး ဖြစ်သည်။

## ခေတ်နှင့်အညီ ပြောင်းလဲရန်

လက်ရှိရန်ကုန်မြို့တော်သည် ဗြိတိသျှကိုလိုနီလက်ထက်ကတည်းက ဗိသုကာပညာရှင်မဟုတ်သူ အင်္ဂလိပ်လူမျိုးဆရာဝန် ဒေါက်တာဖရေဇာ ရေးဆွဲခဲ့သည့် မြို့ပြဖြစ်သဖြင့် ထိုခေတ်နှင့် မျက်မှောက်ကာလတို့၏ လူဦးရေတိုက်တာအဆောက်အအုံအချိုးအဆမှာ များစွာ ကွာဟသွားပြီ ဖြစ်သည်။ လူဦးရေတိုးလာသည့်အတွက် သုံးစွဲသော လျှပ်စစ်ဓာတ်အား၊ ရေ၊ ယာဉ်ရထား ပမာဏအရေအတွက်တို့မှာလည်း လိုက်ပါမြင့်တက်လာပါသည်။ ထို့ကြောင့် ယခင်က ရှိနေခဲ့သည့် မြေအောက်လျှပ်စစ်ဝါယာကြိုးများ၊ ရေပိုက်များ၊ မိလ္လာပိုက်များ၊ ရေနုတ်မြောင်းများသည် တိုးပွားလာသော လူဦးရေနှင့် နှိုင်းယှဉ်၍မရလောက်အောင် အကွာကြီး ကွာသွားပါသည်။ ထို့ကြောင့်ပင် တစ်နာရီနီးပါးခန့် မိုးသည်းထန်စွာ ရွာသွန်းလိုက်ပါက ရန်ကုန်မြို့တော်၏ နေရာတော်တော်များများ မိုးရေလွှမ်းမိုးသွားရခြင်း ဖြစ်သည်။ ယင်းမှာ ရေနုတ်မြောင်းများ၏ ခံနိုင်ဝန်အားထက် အဆမတန် ကျော်လွန်အောင် အသုံးပြုနေရသောကြောင့်ပင် ဖြစ်သည်။ အထူးသဖြင့် မြို့လယ်ဧရိယာအတွင်း အထပ်မြင့်အဆောက်အအုံများ တိုး၍တိုး၍ ဆောက်ခြင်းသည် ယခင်ရှိနေသော မြို့ပြအခြေခံအဆောက်အဦများအပေါ် မနိုင်ဝန်ထမ်းခိုင်းသကဲ့သို့ ဖြစ်စေပါသည်။ ဥပမာ– အထပ် ၂၀ မြင့်သော အဆောက်အအုံကြီးတစ်ခု၏ စွန့်ထုတ်အညစ်အကြေးများကို သမားရိုးကျ Septic Tank နည်းဖြင့် အသုံးပြုရှင်းလင်းမည်ဆိုပါက အဆိုပါအဆောက်အအုံတွင် နေထိုင်မည့်လူအားလုံးအတွက် အနိမ့်ဆုံး တစ်ဧကကျယ်၍ ပေ ၁၀၀ ခန့်နက်သည့် Septic Tank ကြီးတစ်ခု တူးဖော်ရပေမည်။

## မြို့တော်၏ ဂုဏ်ကျက်သရေ

ထို့အတူ အရည်အသွေး စံမမီသည့် အဆောက်အအုံများသည်လည်း မြို့တော်၏ ဂုဏ်သိက္ခာကို လျော့ပါးစေပါသည်။ အပြင်ပန်းအပေါ်ယံလှပမှုထက် အတွင်းပိုင်း ခိုင်ခံ့မှုနှင့် အခြား မရှိမဖြစ် အခြေခံအဆောက်အဦဆိုင်ရာ လိုအပ်ချက်များ ပြည့်စုံရေးသည်သာ အဓိကကျပါသည်။

မြို့တော်၏ ဂုဏ်ကျက်သရေကို တိုးပွားစေသော သမိုင်းဝင်အဆောက်အအုံများအား မေးမှိန်အားပျော့သွားစေမည့် ခေတ်မီအထပ်မြင့်အဆောက်အအုံများ ကပ်လျက်ဆောက်လုပ်ခြင်းကိုလည်း သတိကြီးစွာ ထားရပေမည်။ ကိုလိုနီခေတ်လက်ရာ သမိုင်းဝင် ရှေးဟောင်းအဆောက်အအုံများစွာရှိသည့် ကျောက်တံတားမြို့နယ်ပတ်ဝန်းကျင်နှင့် ရွှေတိဂုံစေတီတော်ပတ်ဝန်းကျင်ကဲ့သို့သော နေရာများတွင် အထပ်မြင့် အဆောက်အအုံကြီးများ မဆောက်လုပ်သင့်ကြောင်း မြန်မာနိုင်ငံဗိသုကာပညာရှင်များအသင်း၏ နှစ်ပတ်လည်စာတမ်းဖတ်ပွဲတစ်ရပ်တွင် မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနမှ တင်သွင်းဖတ်ကြားသွားခဲ့သည်။

## ဝန်နှင့်အား မျှရန်

အထူးသဖြင့် ရန်ကုန်မြို့လယ်ဧရိယာသည် ဗြိတိသျှ ကိုလိုနီလက်ထက်က တည်ဆောက်ခဲ့သဖြင့် ဝန်နှင့်အား မမျှနိုင်သော အထပ်မြင့် အဆောက်အအုံကြီးများ တိုးမလာသင့်တော့ဟု ဗိသုကာပညာရှင်များက ဆိုသည်။ ယင်းနေရာများ၏ မြို့ပြဆိုင်ရာ အခြေခံအဆောက်အဦမှာ ထပ်မံ တိုးလာသည့် အထပ်မြင့် အဆောက်အအုံများက သုံးစွဲ စွန့်ပစ်မည့် ရေ၊ မိလ္လာနှင့် အမှိုက်သရိုက်တို့ကို နိုင်နင်းစွာ ဖြည့်ဆည်းရှင်းလင်းနိုင်ခြင်း မရှိတော့ပါ။ အကယ်၍ မဖြစ်မနေ ဆောက်လုပ်မည်ဆိုပါကလည်း အဆိုပါအခြေခံအဆောက်အအုံများအားလုံး တူးဖော်၍ အသစ်ပြုပြင်တည်ဆောက်ရမည်ဖြစ်ရာ ကုန်ကျစရိတ် အဆမတန် ကြီးမားသွားနိုင်ပါသည်။ ထို့ကြောင့် ဖွံ့ဖြိုးလာမည့် မြို့ပြအသစ်အတွက် အကောင်းဆုံး အစီအမံမှာ မြို့တော်နှင့် မနီးမဝေးနေရာတစ်ခုကို ရွေးချယ်သတ်မှတ်၍ မြို့ပြအသစ်တည်ဆောက်ခြင်းပင် ဖြစ်သည်။ ထို့ကြောင့်ပင် ဆိုးလ်နှင့် ကွာလာလမ်ပူကဲ့သို့သော အာရှမြို့တော်ကြီးအချို့၏ အနာဂတ်မြို့တော်သစ်များအား သီးသန့်နေရာတွင် တည်ဆောက်လာကြသည်ကို တွေ့ရသည်။

အသစ်တည်ဆောက်သော မြို့သစ်များကိုလည်း နောင်နှစ် ၅၀၊ နှစ် ၁၀၀ အထိ စဉ်းစားတွက်ချက် စီမံခန့်ခွဲရမည် ဖြစ်သည်။ သို့မှသာ နှစ်ပေါင်းများစွာ အခြေတကျ နေထိုင်လာသူများအတွက် မကြာခဏ ရွှေ့ပြောင်းဖျက်သိမ်းရခြင်း၊ ဖွံ့ဖြိုးလာသည့်အချိန်ရောက်မှ ပြန်လည်ပြုပြင်ရခြင်းတို့ ကင်းဝေးစေနိုင်ပေမည်။

မြို့သစ်တည်ဆောက်ခြင်းဟု ဆိုရာတွင်လည်း မြို့ပြတစ်ခု အစအဆုံး တည်ဆောက်ရန်မဟုတ်ဘဲ လူအများနှင့် သက်ဆိုင်သောနေရာများ၊ စီးပွားရေးအချက်အချာနေရာများ၊ မဖြစ်မနေ ဆက်သွယ်ဆောင်ရွက်ရမည့် အစိုးရဌာနများကို ဖြန့်ကျက် နေရာချထားသည့်သဘောကို ဆိုလိုခြင်းဖြစ်သည်။ တစ်နိုင်ငံလုံး၏ စီးပွားရေးလုပ်ငန်းများနှင့် အစိုးရ၏ လုပ်ငန်းဆောင်တာများအားလုံး၏ ဗဟိုချက်မသည် မြို့လယ်တစ်နေရာတည်းတွင်သာ ရှိနေသမျှ ယာဉ်ကြောပိတ်ဆို့ခြင်း၊ မြို့လယ်သို့ ပြေးဆွဲသော ဘတ်စ်ကားများ ရုံးဆင်း၊ ရုံးတက်ချိန်၌ ဝန်နှင့်အား မမျှခြင်းတို့ နေ့စဉ်ဖြစ်ပေါ်နေဦးမည် ဖြစ်သည်။

## ယာဉ်ကြောပိတ်ဆို့မှု၏ သော့ချက်

ယာဉ်ကြောပိတ်ဆို့ခြင်းကိုလည်း ရန်ကုန်တိုင်း၊ ယာဉ်ထိန်းရဲတပ်ဖွဲ့နှင့် မော်တော်ယာဉ်လိုင်းပေါင်းစုံထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီတို့မှ ကြီးကြပ်ဖြေရှင်းလျက်ရှိသော်လည်း လူဦးရေနှင့် ယာဉ်အရေအတွက် နှစ်စဉ် တိုးနေသဖြင့် ထိုက်သင့်သလောက်သာ လျှော့ချနိုင်ပါသည်။ လမ်းမပေါ်တွင်ရှိသည့် ယာဉ်ကြောအားလုံး အပြည့်အဝ အသုံးချနိုင်ခြင်း၊ ရုံးဆင်း၊ ရုံးတက်ချိန်များတွင် ခရီးသည်တင် ဘတ်စ်ကားများကို ဦးစားပေးယာဉ်ကြောမှ အသုံးပြုခွင့်ပေးခြင်း၊ မလိုလားအပ်ဘဲ ဖြူနီကြားပလက်ဖောင်းဘေး အစွန်ဆုံး ယာဉ်ကြောပေါ်တွင် ပိတ်ဆို့ရပ်နားထားသော မော်တော်ယာဉ်များကို ရှင်းလင်းခြင်း၊ လမ်းမကြီးများပေါ်ရှိ အခြေခံပညာကျောင်းများ၏ ကြို၊ ပို့ကားများ စနစ်တကျ ရပ်နားစေခြင်းတို့ ဆောင်ရွက်လိုက်ပါက ယာဉ်ကြောပိတ်ဆို့မှု များစွာ လျော့ကျသွားနိုင်ပါသည်။

ယာဉ်ကြောရှိသလောက် အပြည့်အဝ အသုံးချနိုင်ရန်မှာလည်း အစွန်ယာဉ်ကြောများ၏လမ်းသားများ ကောင်းမွန်ရန် လိုအပ်ပါသည်။ လမ်းအခြေအနေအရ အလယ်ယာဉ်ကြောများပေါ်တွင်သာ မောင်းနှင်နေလျှင်လည်း လမ်း၏ စွမ်းဆောင်ရည်ကို အပြည့်အဝ အသုံးမချနိုင်ဘဲ ယာဉ်ကြောပိတ်ဆို့စေနိုင်ပါသည်။ ဆင်ခြေဖုံးမြို့နယ်များမှ ရန်ကုန်မြို့လယ်သို့ ဆက်သွယ်ထားသည့် အသွားအလာအများဆုံး လမ်းမများ ကောင်းမွန်နေရန် လိုပေမည်။

## လမ်းများ၏ အရည်အသွေး

လမ်းများ ယိုယွင်းပေါက်ပြဲရခြင်း၏ အဓိကအကြောင်းအရင်းမှာ မိုးရေအိုင်ခြင်းကြောင့် ဖြစ်သည်။ အထူးသဖြင့် မိုးရာသီကာလအတွင်းတွင် လမ်းပေါ်၌ ရေဝပ်၊ ရေအိုင်ခြင်းကြောင့် လမ်းများ ပေါက်ပြဲယိုယွင်းတတ်သည်။ ရေဝပ်၊ ရေအိုင်ရခြင်းမှာ ရေနုတ်မြောင်းများ တိမ်ကောနေခြင်းနှင့် ရေစီးရေလာ ပိတ်ဆို့ခြင်းကြောင့် ဖြစ်ပါသည်။ သို့ဖြစ်ရခြင်းကို လေ့လာကြည့်သောအခါ ရေနုတ်မြောင်းများအတွင်း အမှိုက်စွန့်ပစ်ခြင်း၊ လမ်းခင်းထားမှု စနစ်မကျ၍ လမ်းပေါ်မှရေသည် ရေနုတ်မြောင်းအတွင်း မစီးဝင်နိုင်ခြင်းတို့ကို တွေ့ရသည်။

ဗြိတိသျှကိုလိုနီခေတ် ရန်ကုန်မြို့လယ်၏ ရေနုတ်မြောင်းများမှာ အပေါ်ယံတူးမြောင်းအဆင့်သာမက မြေအောက်ပိုက်လိုင်းများဖြင့်လည်း ရေဆိုးများ ထုတ်ပစ်နိုင်သည့်စနစ် ဖြစ်သည်။ မိုးမည်မျှကြီးကြီး မြေအောက်ရေပိုက်လိုင်းများအတွင်းသို့ လျှောကျသွားခြင်းကြောင့် ယခုကာလကဲ့သို့ ရေဝပ်၊ ရေကျန်ခြင်း အလျဉ်းမရှိခဲ့ဟု ထိုခေတ်ကာလကို ကျော်ဖြတ်ခဲ့သူ ရန်ကုန်မြို့တော်သားအချို့က ဆိုသည်။ ပင်လယ်ဒီရေတက်လျှင်ပင် တက်လာသော ဒီရေကို လှောင်ပေးနိုင်သည့် မြေအောက်တူးမြောင်းစနစ်ထားရှိပြီး ကမ်းနားလမ်းပေါ်သို့ ရေကျော်မလာစေရန် စီစဉ်ထားခဲ့သည်ဟု ၎င်းတို့က ပြောကြားသည်။

ကုန်ခဲ့သည့် နှစ် ၂၀၊ ၃၀ အတွင်းက ရန်ကုန်မြို့တော်၏ လမ်းပေါက်များ ပြုပြင်ဖာထေးစရိတ်ကို စုပေါင်းတွက်ချက်ပါက လက်ရှိ ရေနုတ်မြောင်းများအား မိုးရာသီရေလျှံခြင်းကို ကာကွယ်နိုင်မည့် စနစ်အသွင်သို့ ပြောင်းလဲနိုင်လောက်သည်အထိ ငွေကြေးပမာဏ ထွက်လာနိုင်ပေသည်။ လမ်းများ ပေါက်ပြဲ၍ ဖာထေးရခြင်းမှာ မြန်မာနိုင်ငံတွင်သာမက နိုင်ငံတကာ မြို့တော်အသီးသီးတွင်လည်း ရှိပါသည်။ သို့သော် အကြိမ်အရေအတွက်ချင်းမှာ များစွာ ကွာဟပါသည်။ လမ်းပေါက် ပြဲရခြင်းမှာ ရေနုတ်မြောင်း မကောင်း၍ ရေဝပ်ခြင်းတစ်ခုတည်းကြောင့် မဟုတ်ပါ။ လမ်းသား မကောင်းခြင်း၊ သတ်မှတ်ထားသည့် ကျောက်စရစ်အရွယ်အစားနှင့် ကတ္တရာအချိုးအဆ မှန်ကန်မှုမရှိခြင်း၊ မူလအောက်ခြေလမ်းကြံ့ခိုင်မှုမရှိခြင်းတို့ကြောင့်လည်း လမ်းများ ပေါက်ပြဲ

ကမ္ဘာအေးဘုရားလမ်းရှိ အိမ်ရာစီမံကိန်းအချို့



ပျက်စီးတတ်ပါသည်။ အောက်ခြေလမ်းသား မကောင်းပါက မည်မျှ ထပ်ဖို့ခင်းစေကာမူ အားပျော့သောနေရာတွင် ယိုယွင်းနိုင်ပေသည်။ ထို့ကြောင့် ဖြောင့်ဖြူးကောင်းမွန်သော မြို့တော်အတွင်းရှိ လမ်းမကြီးငယ် အသွယ်သွယ်သည်လည်း ဖွံ့ဖြိုးသည့် မြို့ပြတစ်ခုဖြစ်ရန် အခြေခံကျသော အကြောင်းအရင်းတစ်ခု ဖြစ်နေပါသည်။

## အထက်မြင့်အဆောက်အအုံများ

မြို့ပြအင်္ဂါရပ်အဖြစ် တညီတညွတ်တည်း သတ်မှတ်လေ့ရှိသော အခြားအချက်တစ်ခုမှာ အထပ်မြင့်အဆောက်အအုံကြီးများ ဖြစ်ပါသည်။ ယင်းတို့တွင် နိုင်ငံတကာအဆင့်မီ ဟိုတယ်ကြီးများ၊ ကွန်ဒိုမီနီယံများ၊ အရောင်းစင်တာများ ပါဝင်သည့် တာဝါများ၊ ရုံးခန်းများ၊ ခန်းမများ၊ ရုပ်ရှင်ရုံများ၊ ဈေးဆိုင်များ ပါဝင်သည့် ပလာဇာကြီးများ စသဖြင့် အများပြည်သူနှင့်ဆိုင်သော အဆောက်အအုံကြီးများ ပါဝင်သည်။ အဆိုပါအဆောက်အအုံတို့မှာ အဓိကလမ်းမကြီးများပေါ်နှင့် လမ်းဆုံ၊ လမ်းခွများတွင်သာ ရှိနေတတ်သည်။ မြေနေရာ ရှားပါးလွန်းသည့် နိုင်ငံတကာမြို့တော်ကြီးများတွင်မူ ထိုကဲ့သို့ အဆောက်အအုံကြီးများ ဆောက်လုပ်မည်ဆိုကတည်းက အထပ်အရေအတွက်နှင့် ထည့်သွင်းတည်ဆောက်မည့် အများပြည်သူနှင့်ဆိုင်သော နေရာအမျိုးအစား၊ အခန်းအရေအတွက်၊ အများဆုံးလာရောက်နိုင်မည့် လူဦးရေ၊ စွမ်းအင်သုံးစွဲမည့် ပမာဏ၊ သုံးစွဲစွန့်ထုတ်မည့်စနစ်၊ အရေးပေါ် အန္တရာယ်ကာကွယ်ရေး၊ လုံလောက်သော ယာဉ်ရပ်နားရန်နေရာ စသဖြင့် ဘက်စုံထောင့်စုံ တင်ကြိုစဉ်းစား တွက်ချက်ကြသည်။

လူအများနှင့်ဆိုင်သော ခန်းမများ၊ အရောင်းစင်တာများနှင့် ဆူပါမားကတ်များ ဖွင့်လှစ်ရန် ရည်ရွယ်သည်ဆိုပါက ရှိသင့်ရှိထိုက်သည့် အမြင့်၊ အကျယ်အဝန်း၊ လေဝင်လေထွက်ကောင်းမွန်မှု၊ အရေးပေါ်ထွက်ပေါက်တို့မှအစ အများသုံး သန့်စင်ခန်းအဆုံး ဝန်နှင့်အားမျှအောင် တွက်ချက်စဉ်းစားကြရသည်။ သို့မဟုတ်ပါဘဲ အခန်းအရေအတွက် များများရရှိရေး၊ အဆောက်အအုံကုန်ကျစရိတ် နည်းနိုင်သမျှ နည်းစေရေးကိုသာ ဦးတည်လုပ်ဆောင်ထားပါက ဖွင့်လှစ်ပြီး မကြာခင်မှာပင် နောက်ဆက်တွဲ ပြဿနာများနှင့် တွေ့ကြုံရတတ်ပေသည်။ ဥပမာအားဖြင့် ယာဉ်ရပ်နားရန်နေရာ လုံလောက်စွာ ထည့်သွင်းမထား၍ အနီးပတ်ဝန်းကျင်တွင် ဆိုးဆိုးဝါးဝါး ယာဉ်ကြောပိတ်ဆို့ခြင်းမှာ ထင်သာမြင်သာအရှိဆုံး ဖြစ်သည်။ ထို့ထက်ပို၍ အန္တရာယ်ကြီးသည်မှာ မူလက ယာဉ်ရပ်နားရန် သီးသန့်ပြုလုပ်ထားသော Basement ခေါ် မြေအောက်ထပ်များတွင် ဈေးဆိုင်ခန်းများ နေရာချထားပေးခြင်းကဲ့သို့ ကျင့်ဝတ်ဆိုင်ရာ ဖောက်ဖျက်မှုများ ကျူးလွန်လာကြခြင်းပင်။ ယင်းမှာ တစ်နည်းတစ်ဖုံအားဖြင့် မြို့ပြဖွံ့ဖြိုးရေးကို အဟန့်အတားပြုခြင်းဟု မှတ်ယူနိုင်ပေသည်။

## အားလုံးတွင် တာဝန်ရှိ

အချုပ်အားဖြင့်ဆိုရပါမူ မြို့ပြများဖွံ့ဖြိုးရေးသည် တစ်နေရာတည်းက ဆောင်ရွက်ပြုပြင်၍ မရနိုင်ဘဲ မြို့တော်သူ၊ မြို့တော်သားအားလုံး ဝိုင်းဝန်းကူညီကြရန်လည်း အရေးကြီးပါသည်။ တစ်ဦးတစ်ယောက်၏ စည်းကမ်းမဲ့မှုမှသည် အများစု စည်းကမ်းမဲ့လာပါက မြို့တော်၏ မျက်နှာစာများ ညစ်ထေးနေဦးမည် ဖြစ်သည်။ နိုင်ငံကြီးသားပီသစေရေး၊ မြို့ကြီးသားဂုဏ်အင်္ဂါနှင့် ညီညွတ်စေရေးမှာ တစ်ဦးချင်းစီ၏ လုံလောက်သော အသိပညာအပေါ်တွင် မူတည်ပါသည်။ ထိုသို့ အသိပညာမြင့်မားလာစေရန်အတွက် ထိရောက်လုံလောက်သော ပညာပေးမှုရှိရန်လိုပါသည်။ အမှိုက်ပစ်လျှင် ဒဏ်ငွေတပ်ခြင်း၊ အရေးယူခြင်းများ မဆောင်ရွက်မီ အမှိုက်ဆိုသောအရာကို အမှိုက်ပုံးထဲတွင် စွန့်ပစ်တတ်အောင် လေ့ကျင့်ပညာပေးဖို့ လိုနေပါသေးသည်။ ပညာပေးသည်ဆိုရာတွင်လည်း လမ်းဘေးတွင် ဆိုင်းဘုတ်ထောင်၊ စာကပ်၍ စက္ကန့်ပိုင်းမျှ ရုပ်သံမှ လွှင့်ထုတ်ရုံမျှဖြင့် မလုံလောက်ပါ။ အခြေခံပညာ မူလတန်းကြိုအရွယ်ကပင် အမှိုက်ဆိုသည်နှင့် အမှိုက်ပုံးအတွင်း ထည့်တတ်စေရန်၊ စည်းကမ်းမဲ့ အမှိုက်စွန့်ပစ်ခြင်းသည် ရှက်စရာဟူ၍ စွဲမှတ်သွားစေရန်၊ အမှိုက်ကြောင့် ဖြစ်ပွားနိုင်သော နောက်ဆက်တွဲအန္တရာယ်နှင့် ရောဂါများအကြောင်း သိရှိနေစေရန်၊ တစိမ့်စိမ့်ပညာပေးထားရမည် ဖြစ်သည်။ 'ပညာပေးခြင်း' သည် အခုရေတွင်းတူး အခု ရေကြည်သောက်၍ မရနိုင်ဘဲ လုံလောက်သော အချိန်အတိုင်းအတာတစ်ခု လိုအပ်ပါသည်။ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး နယ်ပယ်အသီးသီးတွင် ကိုယ်စီကိုယ်င ရှိနေပြီးသားဖြစ်သည့် 'ကျင့်ဝတ်' များ လိုက်နာကြစေရန်လည်း အသိပညာရေချိန်နှင့် ပညာပေးမှု လိုအပ်ပါသည်။

နိုင်ငံသားအားလုံးသည် မိမိကိုယ်ကိုယ်မိမိ ဖွံ့ဖြိုးအောင်လုပ်ဆောင်ရန်၊ မိမိမိသားစုနှင့် ပတ်ဝန်းကျင်ကို ဖွံ့ဖြိုးအောင် စွမ်းဆောင်ရန်၊ မိမိကျင်လည်ရာ လောကကို ဖွံ့ဖြိုးအောင် အားစိုက်ရန်၊ မိမိမြို့ရွာ ဖွံ့ဖြိုးအောင် သယ်ပိုးရန်၊ မိမိတိုင်းနိုင်ငံ ဖွံ့ဖြိုးအောင် ထမ်းရွက်ရန် ကိုယ်စီကိုယ်င ကျင့်ဝတ်များ လိုက်နာခြင်းအားဖြင့်၊ မိမိ၏ အသိပညာရေချိန်ကို အဆုံးမရှိ မြှင့်တင်ခြင်းအားဖြင့် အမှန်တကယ် တတ်စွမ်းနိုင်မည်မှာ အသေအချာပင် ဖြစ်ပါသည်။ မြို့ပြဖွံ့ဖြိုးရေးတစ်ခုတည်းအတွက်သာ မကပါ။

**သက်ဇော်**

■



# မြို့ပြသယ်ယူပို့ဆောင်ရေး

ညီညီထွန်း(မြို့ပြ)

**မျက်မှောက်ခေတ်အာရှသည် Globalization ဖြစ်စဉ်နှင့်အတူ 'အာရှအား' (Asian Miracle) ဟု တင်စားရလောက်အောင် အနောက်ဘက်သို့ နှစ်ပေါင်းရှည်ကြာ အလေးသာနေသည့် စီးပွားရေးချိန်ခွင်လျှာကို အာရှသို့ရောက်အောင် ဆွဲတင်နိုင်ခဲ့ပြီဟု ဆိုရပါမည်။ ဤသို့ ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ အာရှ၏ မြို့ပြများသည်လည်း အလျင်အမြန် ဖွံ့ဖြိုးတိုးတက်လာပါသည်။ တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် မြို့ကြီးများ၏ စီးပွားရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းကောင်းများကြောင့် ကျေးလက်နေပြည်သူတို့ မြို့ပေါ်သို့ အလုံးအရင်း ပြောင်းရွှေ့လာကြသည့်အတွက် ကမ္ဘာပေါ်တွင် မြို့ပြလူဦးရေ အထူထပ်ဆုံးစာရင်းတွင် ပါဝင်နေပြီ ဖြစ်သည်။**

အာရှ၏ မြို့ပြများ လျင်မြန်စွာဖြစ်ထွန်းမှု (Rapid Urbanization) ကြောင့် ခမန်းလိလိ ဖြစ်နေခြင်းကြောင့် မြို့ပြအဖွဲ့အစည်းအသီးသီးနှင့် အစိုးရအဖွဲ့အစည်းအသီးသီးတို့သည် မြို့ပြစီမံကိန်း အမျိုးမျိုးပြုလုပ်၍ မြို့ပြများ၏ ဖွံ့ဖြိုးတိုးတက်မှု စနစ်ကျစေရန် အားထုတ်လာကြရသည်။ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေး စသော အခန်းကဏ္ဍမျိုးစုံ ကူးလူးယှက်နွယ် ပါဝင်သည့် ရှုပ်ထွေးဖြစ်စဉ်များကို စနစ်ကျနစွာ ကွပ်ကဲနိုင်ပြီး တိုးတက်ရန် လုပ်ဆောင်နိုင်မည့် မြို့ပြစီမံကိန်းကောင်းတစ်ခု ဖြစ်ပေါ်လာရန်မှာမူ မလွယ်ကူလှပေ။ အဖွဲ့အစည်းပေါင်းစုံ၊ ပညာရှင်ပေါင်းစုံနှင့် မြို့သူမြို့သားများ ကိုယ်တိုင်ကိုယ်ကျ ပါဝင်ကာ ဘက်စုံထောင့်စုံအောင် ဆင်ခြင်သုံးသပ်ပြီးမှ အကောင်အထည်ဖော်ရခြင်းမျိုး ဖြစ်ပါသည်။ အကောင်အထည်ဖော်

သောအခါတွင်လည်း ကြုံလာသည့်အခြေအနေ အမျိုးမျိုးအပေါ်တွင် မူတည်ကာ တစ်ခါတစ်ရံ ကြိုတင်ရေးဆွဲထားသော စီမံကိန်းအချို့ကို ပယ်ဖျက်၍ လက်တွေ့နှင့် လိုက်လျောညီထွေစေရန် ပြောင်းလဲပေးရတတ်ပါသည်။

အခြေခံယူဆချက်များ တူသော်ငြား မြို့တစ်မြို့တွင် အောင်မြင်သည့် အစီအမံကောင်းတစ်ခုသည် အခြားမြို့တစ်မြို့တွင် မအောင်မြင်နိုင်ပါ။ တစ်ကျောင်းတစ်ဂါထာ၊ တစ်ရွာတစ်ပုဒ်ဆန်းဆိုသလိုပင် သူ့အရပ်နှင့်သူ့ဇာတ် လိုက်ဖက်စေရန် ရေးဆွဲရသည်။ ယခုဆောင်းပါးတွင် Urban Planning အထဲမှ အရေးကြီးကဏ္ဍတစ်ခုဖြစ်သည့် မြို့ပြသယ်ယူပို့ဆောင်ရေး (Urban Transportation)အကြောင်း တင်ပြပါမည်။

## သယ်ယူပို့ဆောင်ရေး

သယ်ယူပို့ဆောင်ရေးဆိုသည်မှာ ခရီးသည်(သို့) ကုန်စည်များကို အချိန်ကုန် ငွေကုန်သက်သာစွာဖြင့် လိုရာခရီးကို လုံခြုံချောမွေ့စွာ ရောက်ရှိစေရန် လုပ်ဆောင်ပေးခြင်း ဖြစ်သည်။

သယ်ယူပို့ဆောင်ပေးသောနည်းဆိုခြင်းမှာ သယ်ယူပို့ဆောင်ရာတွင် အသုံးပြုသည့် ယာဉ်တစ်မျိုးမျိုးကို ဆိုလိုပါသည်။ အဆိုပါယာဉ်များ တစ်မျိုးတည်းဖြစ်စေ၊ တစ်မျိုးထက်ပို၍ဖြစ်စေ၊ စုပေါင်းဖွဲ့စည်းထားခြင်းကို သယ်ယူပို့ဆောင်ရေးစနစ်ဟု ခေါ်ပါသည်။

အနောက်နိုင်ငံများတွင် မြို့ပြသယ်ယူပို့ဆောင်ရေးစနစ် ထူထောင်ခဲ့သည်မှာ နှစ်ပေါင်းရာချီ ရှိခဲ့ပြီဖြစ်သည်။ အနောက်နိုင်ငံများ၏ မြို့ပြသယ်ယူပို့ဆောင်ရေးစနစ်အပေါ် ထားရှိသည့် သဘောထားကို သိသာစေရန် ၁၉၈၃ ခုနှစ် ဘယ်လ်ဂျီယမ်နိုင်ငံ ဘရပ်ဆဲလ်မြို့၌ ပြုလုပ်ခဲ့သော နိုင်ငံတကာ မြို့ပြသယ်ယူပို့ဆောင်ရေး ညီလာခံ၏ ကြေညာချက်မှ အောက်ပါအချက်အချို့ကို ကောက်နုတ်တင်ပြလိုပါသည်။

"မြို့ပြသယ်ယူပို့ဆောင်ရေးသည် အရှုပ်ထွေးဆုံး အခက်အခဲဆုံး လုပ်ငန်းများထဲမှတစ်ခုဖြစ်ပြီး ယာဉ်ကြောပိတ်ဆို့ခြင်း၊ လောင်စာဆီသုံးစွဲမှု၊ ပတ်ဝန်းကျင်နှင့် လေထုညစ်ညမ်းမှု စသည့် ပြဿနာများနှင့် ပတ်သက်နေပါသည်။ သို့ဖြစ်ပါ၍ ယင်းပြဿနာပေါင်းစုံအား ပြေလည်စေရန်မှာ သယ်ယူပို့ဆောင်မှု နည်းပေါင်းစုံအား ပေါင်းစပ်အသုံးပြုခြင်း၊ အဖွဲ့အစည်းပေါင်းစုံမှ ပူးပေါင်းပါဝင်ခြင်းဖြင့်သာ ဖြေရှင်းနိုင်ပါသည်။ ယင်းသို့ အကောင်အထည်ဖော်ထားသော မြို့ပြသယ်ယူပို့ဆောင်ရေးသည်လည်း တိုင်းပြည်စီးပွားရေး၊ ကျန်းမာရေး၊ လူမှုရေး၊ ယဉ်ကျေးမှုကဏ္ဍများ၏ ကျောရိုးစစ်စစ်ဖြစ်သည်ဟု ကျွန်ုပ်တို့ ယုံကြည်ပါသည်။ မြို့ပြသယ်ယူပို့ဆောင်ရေးစနစ်သည် အနာဂတ် သယ်ယူပို့ဆောင်ရေး၏ အဓိက ယန္တရားတစ်ခု မလွဲမသွေဖြစ်လာပေမည်"ဟူ၍ ဖြစ်ပါသည်။

အဆိုပါကြေညာချက်ပါ စာသားမှာ မြို့ပြသယ်ယူပို့ဆောင်ရေး၏ အနှစ်ချုပ်သဘောကို မီးမောင်းထိုးပြထားသကဲ့သို့ပင်။ ထို့အပြင် အနာဂတ်ကာလတွင် နိုင်ငံများသည် နိုင်ငံတစ်ဝန်းလုံး မြို့ပြအသွင်ဆောင်လာကာ နိုင်ငံတစ်ခုလုံး၏ သယ်ယူပို့ဆောင်ရေးသည်လည်း မြို့ပြသယ်ယူပို့ဆောင်ရေးအသွင် ဆောင်လာလိမ့်မည်ဟု ပညာရှင်များက ယုံကြည်ခန့်မှန်းထားကြသည်။

အနောက်နိုင်ငံများတွင်သာမက အာရှတစ်လွှား၌လည်း မြို့ပြသယ်ယူပို့ဆောင်ရေးစနစ်များကို တည်ထောင်လာကြပြီဖြစ်သည်။ ရန်ကုန်မြို့တော်တွင်လည်း ၁၈၈၄ ခုနှစ် မတ် ၄ ရက်၌ ရေနွေးငွေ့ရထား (Steam Tramway) နှင့် ၁၉၀၆ ခုနှစ်တွင် ဓာတ်ရထား (Electric Tramway) များ စတင်ပြေးဆွဲခဲ့သည်။ ရန်ကုန်မြို့၏ ပထမဆုံး ဘတ်စ်ကားလိုင်းကို ၁၉၁၃ ခုနှစ် အောက်တိုဘာလအတွင်း ကားငါးစီးဖြင့် စတင်ခဲ့သည်။

ယခုကဲ့သို့ အာရှတစ်လွှား မြို့ပြသယ်ယူပို့ဆောင်ရေးများ ထူထောင်လာသော်လည်း တိုးတက်လာသော လူဦးရေ၊

**ရန်ကုန်မြို့ရှိ ဘတ်စ်ကားဂိတ်တစ်ခုမြင်ကွင်း**



စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး စသည့် အရေးအထွေထွေကြောင့် ခရီးသွားလာလိုမှု (Travel Demand) များ မြင့်တက်လာကာ မြို့ပြသယ်ယူပို့ဆောင်ရေးကဏ္ဍတွင် လိုအပ်ချက်နှင့် ဝန်ဆောင်မှုတို့ မမျှတမှု ပေါ်ပေါက်လာပါသည်။ ဤနေရာတွင် ဖြစ်ပေါ်လာနိုင်သော အခက်အခဲများ အကြမ်းဖျင်းအားဖြင့် သုံးမျိုးခွဲခြားနိုင်ပါသည်။

(၁) သယ်ယူပို့ဆောင်ရေးတွင်ဖြစ်သောပြဿနာများ (Transportation Service Problem)

(၂) သယ်ယူပို့ဆောင်ရေးကြောင့်ဖြစ်သော ပြဿနာများ (Problems from the External Effects of Traffic)

(၃) သယ်ယူပို့ဆောင်ရေးအား ထိခိုက်စေသော ပြဿနာများ (Problems Affecting Transportation) ဟူ၍ ဖြစ်ပါသည်။

## (၁) သယ်ယူပို့ဆောင်ရေးတွင်ဖြစ်သော ပြဿနာများ

### (က) ယာဉ်ကြောပိတ်ဆို့ခြင်း (Congestion)

အထက်ကဆိုခဲ့သလို ခရီးသွားလာလိုမှု မြင့်တက်လာခြင်းကြောင့် ယာဉ်အသုံးပြုမှု မြင့်တက်လာကာ ယာဉ်အရေအတွက် များပြားလာပါသည်။ လမ်းများလည်း ထပ်ချဲ့၍ မရနိုင်တော့သည့် အခြေအနေတွင် ယာဉ်ကြောပိတ်ဆို့မှုများ ဖြစ်စေပါသည်။

### (ခ) လုံလောက်သော ယာဉ်အရေအတွက် မရှိခြင်း

လူဦးရေတိုးတက်မှုနှုန်း (Growth Rate) နှင့် ခရီးသွားလာမှုများ မြင့်တက်သည်နှင့်အမျှ ယာဉ်လိုအပ်ချက်မှာ မြင့်တက်လာပါသည်။ လုံလောက်သော ယာဉ်အရေအတွက်မရှိပါက ကားကျပ်ခြင်း၊ ကားစောင့်ရခြင်း၊ လိုရာခရီးကို အချိန်မီရောက်ရန် ခဲယဉ်းခြင်း စသည့် အခက်အခဲမျိုးစုံ တွေ့နိုင်ပါသည်။

ထို့အပြင်–

### (ဂ) ယာဉ်စီးခနှုန်းထားမြင့်မားခြင်း၊ (ဃ) ပေးရသောငွေနှင့် ပြန်ရသော ဝန်ဆောင်မှုကွာဟခြင်း

စသည်တို့ကို ခရီးသည်များအား သက်သာသော ဝန်ဆောင်မှုမပေးနိုင်ပါက မြို့ပြသယ်ယူပို့ဆောင်ရေးစနစ်အပေါ် အားကိုးအားထားပြုမှု လျော့နည်းလာစေနိုင်သည့်အချက်များ ဖြစ်သည်။

### (င) လုံခြုံစိတ်ချမှုမရှိခြင်း

ဒုတိယအချက်ဖြစ်သော ယာဉ်အသစ် အလုံအလောက် မဖြည့်ဆည်းနိုင်သည့်အခါ ယာဉ်အဒိုအဟောင်းများအား ဆက်လက်သုံးစွဲရတတ်ပါသည်။ ထိုအခါ ယာဉ်ကြောများပိတ်ဆို့မှုဖြစ်ခြင်း၊ ကားများတွင် လူကျပ်ခြင်းတို့ကြောင့် မတော်တဆဖြစ်မှုများ အချိန်မရွေး ဖြစ်လာတတ်ပါသည်။

### (စ) ခရီးသည်များ၏ စွမ်းဆောင်နိုင်မှု လိုအပ်ချက်

ယခုကဲ့သို့ ကားကျပ် လူကျပ်ဖြစ်နေသည့်အတွက် ကာလအပိုင်းအခြားတစ်ခုခုတွင်ဖြစ်စေ၊ အမြဲတမ်းဖြစ်စေ မသန်စွမ်းသူများ၊ ကျန်းမာရေးချို့တဲ့သူများအဖို့ အများပြည်သူသုံး သယ်ယူပို့ဆောင်ရေးစနစ်ကို အသုံးပြုရန် အခက်အခဲတွေ့စေနိုင်ပါသည်။

### (ဆ) သက်သောင့်သက်သာမရှိခြင်းနှင့် သီးသန့်မဖြစ်ခြင်း

အများပြည်သူသုံး သယ်ယူပို့ဆောင်ရေးဖြစ်သည့်အတွက် တစ်ဦးချင်း လွတ်လပ်ခွင့် မရှိခြင်းနှင့် ကာယဉာဏဆိုင်ရာ ဖိစီးမှုများ ဖြစ်ပေါ်နိုင်ပါသည်။

## (၂) သယ်ယူပို့ဆောင်ရေးကြောင့်ဖြစ်သော ပြဿနာများ

သယ်ယူပို့ဆောင်ရေးစနစ်များကြောင့် လေထုညစ်ညမ်းခြင်း၊ ဆူညံသံများဖြစ်ပေါ်ခြင်း၊ အမြင်အာရုံအနှောင့်အယှက်ပေးခြင်းများ ဖြစ်နိုင်ပါသည်။ ထို့အပြင် သယ်ယူပို့ဆောင်ရေး လွယ်ကူမှု၊ မလွယ်ကူမှုပေါ် မူတည်ပြီး အိမ်ရာမြေတန်ဖိုးကွာဟမှုများ ဖြစ်စေနိုင်ပါသည်။ ပို့ဆောင်ဆက်သွယ်ရေးမကောင်းပါက မသွားမဖြစ်သွားရမည့် လုပ်ငန်းများကိုသာ သွားလာကြမည်ဖြစ်သည့်အတွက် လူအများ၏ လူမှုရေး၊ ဘာသာရေး၊ ကျန်း

ယာဉ်များဖြင့် ပြည့်ကျပ်နေသော ရန်ကုန်မြို့လယ်လမ်းမတစ်နေရာ



မာရေး အစရှိသည့် လုပ်ငန်းဆောင်တာ ဆောင်ရွက်မှုများ လျော့နည်းသွားနိုင်ပါသည်။ ဆင်းရဲချမ်းသာကွာဟမှုအပေါ် မူတည်၍ လူတန်းစားအသီးသီးအပေါ်၌ မညီမျှသည့် ဆိုးကျိုးများ သက်ရောက်စေနိုင်ပါသည်။

## (၃) သယ်ယူပို့ဆောင်ရေးအား ထိခိုက်စေသော ပြဿနာများ

လူဦးရေတိုးတက်မှုနှုန်းမြင့်မားခြင်းနှင့် လူအများ၏ ပုံ့နှံ့နေထိုင်မှုပုံစံများသည် သယ်ယူပို့ဆောင်ရေးစနစ်၏ ယာဉ်အမျိုးအစား၊ အရေအတွက်နှင့် ယာဉ်ပြေးဆွဲသည့် လမ်းကြောင်းများအား အချိန်နှင့်အမျှ ပြောင်းလဲရန် တွန်းအားပေးနေပါသည်။ ယာဉ်ပိုင်ဆိုင်မှု မြင့်တက်ခြင်းသည်လည်း အများပြည်သူပို့ဆောင်ရေးစနစ် အသုံးပြုမှုအား လျော့နည်းစေပါသည်။ ယာဉ်ကျပ်ချိန် (ဥပမာ–ရုံးဆင်း၊ ရုံးတက်ချိန်၌ အသုံးပြုလိုသူအရေအတွက်မြင့်တက်ခြင်းနှင့် ယာဉ်ကျပ်ချိန်ကာလမြင့်တက်ခြင်းတို့သည်လည်း သယ်ယူပို့ဆောင်ရေးစနစ်ကို အကျပ်အတည်းတွေ့စေနိုင်သည့် အချက်တစ်ခု ဖြစ်ပါသည်။

## မည်ကဲ့သို့ဖြေရှင်းမည်နည်း

ဖြေရှင်းပုံဖြေရှင်းနည်းများမှာ နိဒါန်းတွင်ဆိုသကဲ့သို့ ကမ္ဘာတစ်လွှား အမျိုးမျိုးအဖုံဖုံပင်။ သို့သော် အခြေအနေများ မည်ကဲ့သို့ပင်။ ကွဲပြားသည်ဖြစ်စေ အားလုံးအတွက် မရှိမဖြစ်လိုအပ်ချက်မှာ ငွေအရင်းအနှီးပင် ဖြစ်သည်။

အာရှတွင်မူ ယင်းဘဏ္ဍာရေးပြဿနာအား နိုင်ငံတကာငွေကြေးအကူအညီနှင့်ဖြစ်စေ၊ ပြည်ပမှ ချေးငှားခြင်းဖြင့်ဖြစ်စေ ဖြေရှင်းကြပါသည်။ ယင်းကဲ့သို့ အထောက်အပံ့နှင့် ချေးငှားမှု လွတ်သည့်နိုင်ငံဆိုပါက စင်ကာပူနှင့် ယခင် ဟောင်ကောင်တို့သာ ရှိပါသည်။ အနောက်နိုင်ငံများတွင်မူ နှစ်စဉ်



ရန်ကုန်မြို့လယ်ရှိ အနော်ရထာလမ်းမမြင်ကွင်း

ငွေကြေးအမြောက်အမြား အဆုံးရှုံးခံပြီး သယ်ယူပို့ဆောင်ရေးလုပ်ငန်းများကို လုပ်ကိုင်လျက်ရှိသည်။ မြန်မာနိုင်ငံတွင်လည်း သယ်ယူပို့ဆောင်ရေးလုပ်ငန်းအတွက် တတ်စွမ်းသရွေ့ ဆောင်ရွက်နေသည်ကို တွေ့ရသည်။

ငွေကြေးအရင်းအနှီးနှင့် ပြည်စုံပြီဆိုပါက အထက်မှ ပြဿနာများအား အောက်ပါနည်းလမ်းလေးသွယ်နှင့် ပေါင်းစပ်ဖြေရှင်းရပါသည်။

(၁) လုံလောက်သောလမ်းများ ဆောက်ခြင်း၊ ချဲ့ခြင်း၊

(၂) လမ်းများအား အသုံးပြုမှု၊ ယာဉ်အသုံးပြုမှုကို ကန့်သတ်ခြင်း၊

(၃) ခေတ်မီနည်းပညာများ အသုံးပြုခြင်း၊

(၄) မူဝါဒချမှတ်ခြင်းနှင့် ကွပ်ကဲခြင်းတို့ ဖြစ်ပါသည်။

### (၁) လုံလောက်သောလမ်းများ ဆောက်ခြင်း၊ ချဲ့ခြင်း

များပြားလာသည့် လူဦးရေနှင့် ယာဉ်များအတွက် လက်ရှိလမ်းများနှင့် မလုံလောက်သောအခါတွင် လမ်းသစ်များ ဖောက်ခြင်း၊ ချဲ့ထွင်ခြင်းပြုလုပ်ပြီး ဖြေရှင်းရပါသည်။

### (၂) လမ်းများ အသုံးပြုမှုနှင့် ယာဉ်အသုံးပြုမှုကို ကန့်သတ်ခြင်း

စီးပွားရေးတိုးတက်လာသည်နှင့်အမျှ ယာဉ်ပိုင်ဆိုင်မှု များပြားလာပြီး ခရီးသွားလိုမှုများ မြင့်တက်လာသည့်အခါတွင်မူ အထက်ပါ နည်းလမ်းအတိုင်း ဖြေရှင်းရုံနှင့် မလုံလောက်တော့ပေ။ အရှေ့တောင်အာရှနိုင်ငံများတွင်မူ ပျမ်းမျှခြင်းအားဖြင့် တစ်နိုင်ငံလုံး မော်တော်ယာဉ်ပိုင်ဆိုင်မှု၏ ၅၀ ရာခိုင်နှုန်းသည် မြို့ကြီးများတွင် စုပြုံနေကြသည်။ ထို့ကြောင့် ယာဉ်တစ်စီးလျှင် လူတစ်ယောက်နှစ်ယောက်သာ စီးနိုင်သည့် ကိုယ်ပိုင်ယာဉ်များအစား လူအများအပြား စီးနိုင်သော အများပြည်သူပို့ဆောင်ရေးစနစ်များအား အသုံးပြုလာစေရန် ယင်း ဒုတိယနည်းလမ်းကို အသုံးပြုရပါသည်။ ယာဉ်အသွားအလာ ထူထပ်သော ရည်ရွယ်ချက်မှာ မြို့တွင်းတွင်ရှိသည့် လူနေထူထပ်၍ ယာဉ်အသွားအလာများလွန်းသောနေရာများတွင် ယာဉ်ဖောင်းပွမှုကို လျှော့ချပေးရန် ဖြစ်ပါသည်။ စင်ကာပူတွင်ဆိုလျှင် မြို့၏ ဗဟိုစီးပွားရေးဇုန် (Central Business District-CBD) ကို

ဦးတည်လာသည့် ယာဉ်များအားလုံးသည် ဝင်ကြေးပေးရပါသည်။ CBD အတွင်းတွင် ယာဉ်ရပ်နားမှုနည်းစေရန်နှင့် ကြာရှည်ရပ်နားမှုမပြုစေရန် ကားပါကင်ကြေးများကို အခြားနေရာများထက် ပိုမြှင့်ထားပါသည်။ ထိုင်းနိုင်ငံ ဘန်ကောက်မြို့တွင်လည်း ကားပါကင်ကွပ်ကဲရေးများကို ၁၉၇၅ ခုနှစ်မှစ၍ တင်းကျပ်စွာ လုပ်ဆောင်ခဲ့ပါသည်။

ဂရိနိုင်ငံ အေသင်မြို့နှင့် မက္ကဆီကိုစီးတီးတို့တွင် မော်တော်ယာဉ်များအား မြို့တွင်းသို့ အလှည့်ကျဖြင့် ဝင်ခွင့်ပြုသောစနစ်ကို အသုံးပြုသည်။ ကားနံပါတ် စုံဂဏန်းနှင့် မဂဏန်းများအား CBD ဧရိယာအတွင်းသို့ အလှည့်ကျ တစ်ရက်စီ ဝင်ခွင့်ပြုထားပါသည်။ ဂျကာတာတွင်မူ CBD ဧရိယာအတွင်းသို့ ၃.၅ တန်အထက် ယာဉ်များကို ဝင်ခွင့်မပြုပေ။ မြို့တွင်းသို့ ဝင်လာသည့် ကိုယ်ပိုင်ကားများကိုလည်း လူအနည်းဆုံး သုံးယောက်ပါမှ ဝင်ခွင့်ပြုပါသည်။ ယင်းစနစ်မှာ အောင်မြင်သော်လည်း ရာဇဝတ်မှုခင်းများ ဖြစ်လာသည့်အတွက် ၁၉၉၂ ခုနှစ် ဇွန်လတွင်ပင် ဖျက်သိမ်းခဲ့သည်။ တိုကျိုတွင် ကိုယ်ပိုင်ကား ဝယ်မည်ဆိုပါက ကားထားရန် ကိုယ်ပိုင်သို့မဟုတ် အငှား ကားပါကင်ရှိမှ ဝယ်ခွင့်ရပါသည်။ တောင်ကိုရီးယားတွင် ကိုယ်ပိုင်ကား ဝယ်ယူပါက ကားတန်ဖိုး၏ ၆၀ ရာခိုင်နှုန်း အခွန်ပေးဆောင်ရပါသည်။ တစ်နှစ်ကို အခွန် အမေရိကန်ဒေါ်လာ ၄၀၀ ခန့် ပေးဆောင်ရပါသည်။ ဓာတ်ဆီဈေးကိုလည်း အမေရိကန်ဒေါ်လာ ၄.၅ ခန့် အထိ မြှင့်တင်ထားပါသည်။ စီးပွားရေးလုပ်ငန်းသုံး မော်တော်ယာဉ်နှင့် ဘတ်စ်ကားများကိုမူ ဝယ်ခွန် ၁၅ ရာခိုင်နှုန်းနှင့် နှစ်စဉ်အခွန် အမေရိကန်ဒေါ်လာ ၅၀ ခန့်သာ ကောက်ခံပါသည်။ ထို့ကြောင့် တစ်ဦးချင်းဝင်ငွေနှင့် အခြေခံပြီး အချိုးချကြည့်လျှင် ကိုရီးယားနိုင်ငံသည် ကမ္ဘာတွင် ကားပိုင်ဆိုင်မှုနှုန်း အနည်းဆုံးနိုင်ငံ ဖြစ်ပါသည်။

အနောက်နိုင်ငံများတွင် ယာဉ်ပိုင်ဆိုင်မှုအပေါ် တင်းကျပ်စွာ ကန့်သတ်မထားဘဲ ယာဉ်သွားလာမှုလမ်းကြောင်းကိုသာ ဦးစားပေးထိန်းချုပ်လေ့ ရှိပါသည်။

နော်ဝေနိုင်ငံ ဘာဂန်မြို့နှင့် ဆွီဒင်နိုင်ငံ ဂိုသင်ဘက်တို့တွင် CBD ဧရိယာကို ဇုန်နယ်မြေများ ခွဲခြားထားပါသည်။ ယင်းဇုန်တွေများထဲသို့ သတ်မှတ်ထားသည့် ဝင်ပေါက်ထွက်ပေါက်များမှသာ ဝင်ထွက်ရပါသည်။ ဇုန်နှစ်ခုကြား နယ်နိမိတ်စည်းမျဉ်းအဖြစ် သတ်မှတ်ထားသည့် အဓိကလမ်းမကြီးများပေါ်တွင် ကိုယ်ပိုင်ယာဉ်များ ဖြတ်သန်းခွင့် မရှိပေ။ ဇုန်တစ်ခုမှ နောက်တစ်ခုသို့ သွားလိုပါက CBD ဧရိယာပြင်ပကို ပြန်ထွက်ပြီး မြို့ပတ်လမ်းမှတစ်ဆင့် မိမိသွားချင်သည့် ဇုန်၏ ဝင်ပေါက်သို့ သွားရပါသည်။ အများပြည်သူသုံး မော်တော်ယာဉ်၊ ဘတ်စ်ကားစသည်များကိုသာ CBD ဇုန်၏ နယ်နိမိတ်များကို ဖြတ်သန်းသွားလာခွင့်ပေးပါသည်။

မြင်သာစေရန် ဂိုသင်ဘက် CBD ဇုန်ဧရိယာ၏ ယာဉ်ကြောဇုန်နယ်မြေများ သတ်မှတ်ထားပုံကို ပုံနှင့်တကွ တင်ပြပေးပါမည်။

**(၃) ခေတ်မီနည်းပညာများ အသုံးပြုခြင်း**

ယခင်ဖြေရှင်းနည်းများဖြစ်သည့်




**ဂိုသင်ဘတ်မြို့ရှိ ယာဉ်အသွားအလာဇုန် (Traffic Cell) များ အသုံးချပုံ။**

**NO - အရှေ့မြောက်**

**NV - အနောက်မြောက်**

**SV - အနောက်တောင်**

**S - တောင်**

**SO - အရှေ့တောင်**



လမ်းတံတားများ ဖောက်လုပ်ခြင်း၊ ချဲ့ထွင်ခြင်း၊ လမ်းအသုံးပြုမှု၊ ယာဉ်အသုံးပြုမှု ကန့်သတ်ခြင်း စသည်တို့ကို ယခု တတိယနည်းနှင့် ကူညီပံ့ပိုးပေးရပါသည်။ နည်းပညာများ ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ မြေပေါ်လမ်း၊ မြေအောက်လမ်း၊ မိုးပျံလမ်းများ အမျိုးမျိုးတည်ဆောက်၍ သယ်ယူပို့ဆောင်ရေး မြန်ဆန်ချောမွေ့စေရန် လုပ်ဆောင်နေခြင်းမျိုးအား စာဖတ်သူတို့ တွေ့ဖူးကြားဖူးကြပေမည်။ လမ်းများ ချဲ့ထွင်နေသကဲ့သို့ ယာဉ်များ၏ အမြန်နှုန်းနှင့် သယ်ယူပို့ဆောင်နိုင်စွမ်းကိုလည်း မြင့်သထက်မြင့်စေရန် ကြိုးပမ်းနေကြပါသည်။ ကားရထား၊ မြေအောက်ရထား၊ Metro Light Rail အစရှိသည့် ယာဉ်မျိုးစုံများသည် ကြိုးပမ်းမှု၏ ရလဒ်များပင် ဖြစ်ပါသည်။

ထို့ကြောင့် ယခင် တစ်နာရီနှင့် လူတစ်ရာပို့ပေးနိုင်ခဲ့သည့် ခရီးအား တစ်မိနစ်နှင့် အယောက် ၅၀၀၊ ၁၀၀၀ သယ်ယူပို့ဆောင်ပေးလာနိုင်ပါသည်။ ခေတ်မီနည်းပညာများ စွမ်းပကားဖြင့် မြို့ပြသယ်ယူပို့ဆောင်ရေးသည် လူထုအလိုက် သယ်ယူပို့ဆောင်ရေး (Mass Transit) အသွင်ဆောင်လာပါသည်။ လူသိများသည့် ဥပမာတစ်ခုကို ပြရမည်ဆိုပါက တိုကျိုမြို့၏ နာမည်ကျော် ကျည်ဆန်ရထားများပင် ဖြစ်ပါသည်။

### (၄) မူဝါဒချမှတ်ခြင်းနှင့် ကွပ်ကဲခြင်း

အထက်ပါအချက်သုံးချက်ကို အကျဉ်းချုံးသုံးသပ်မည်ဆိုလျှင် ယခုကဲ့သို့ တွေ့ရပါမည်။ ခရီးသွားလိုမှုနှင့် မော်တော်ယာဉ်အရေအတွက်များပြားပါက လမ်းများပေါ်တွင် ကားများ ကျပ်လာပါသည်။ ယင်းကြောင့် လမ်းသစ်များဖောက်၍ လမ်းဟောင်းများ ချဲ့ရပါသည်။ ယင်းနှင့် မလုံလောက်သည့်အခါ လူအများကို တစ်ပြိုင်နက် သယ်ပို့နိုင်မည့်စနစ် (Public Transportation System) များကို ထူထောင်ရပါသည်။ အဆိုပါစနစ်များ အနှောင့်အယှက်ကင်းကင်းနှင့် မြန်မြန်သယ်ပို့နိုင်စေရန် ယာဉ်ဖောင်းပွမှုကို နည်းအမျိုးမျိုးနှင့် ဖြေရှင်းရပါသည်။ ထို့အပြင် များသထက်များ၊ မြန်သထက်မြန် သယ်ယူပို့ဆောင်ပေးနိုင်ရန် ခေတ်မီနည်းပညာများကိုလည်း အသုံးချကြရပါမည်။

ယင်းနည်းလမ်းသုံးသွယ်နှင့် ဖြေရှင်းပါက မြို့ပြသယ်ယူပို့ဆောင်ရေး ပြဿနာများ ပြေလည်ပြီလားဟု စာဖတ်သူက မေးလာလျှင် 'မပြေလည်သေး'ပါဟူ၍ပင် ဖြေရပါမည်။ ယင်းနည်းလမ်းများသည် ရေတိုဗျူဟာမျှသာ ဖြစ်ပါသည်။ အမှန်ပင် အဓိကကျသည့် ရေရှည်အဖြေရှာခြင်းအတွက် မူဝါဒနှင့် စီမံခန့်ခွဲခြင်းအပိုင်းပင် ဖြစ်ပါသည်။

ယင်းအား အကောင်အထည်ဖော်မည်ဆိုပါက မိမိမြို့ရွာ၏ ဖွံ့ဖြိုးမှုပုံစံ (Development Pattern) ကို အခြေခံရပါမည်။ ဖွံ့ဖြိုးမှုပုံစံများ ပြောင်းလဲလာသည်နှင့်အမျှ ခရီးသွားလိုမှုများသည်လည်း အချိန်နှင့်အမျှ ပြောင်းလဲနေပါလိမ့်မည်။ ယင်းအပေါ်တွင် မူတည်၍ ယာဉ်လိုအပ်ချက်၊ လမ်းလိုအပ်ချက်များအား အချိန်မီဖြည့်ဆည်းပေးရပါမည်။ အောက်တွင်ဖော်ပြထားသော Flow Chart ကို ကြည့်ပါက မြင်သာပေလိမ့်မည်။

ကိုလံဘီယာနိုင်ငံ ဘိုဂိုတာမြို့မှာဆိုလျှင် CBD ဧရိယာအတွင်းတွင် ရှိနေသည့် ရုံးများ၊ ကျောင်းများကို CBD ဧရိယာ၏ ပြင်ပသို့ ပြောင်းရွှေ့ပြီး လုံလောက်သည့် သယ်ယူပို့ဆောင်ရေးစနစ်ကို စီစဉ်ပေးသည့်အခါတွင် အထက်ပါ Flow Chart ၏ ဖြစ်စဉ်အား သိသာစွာ ပေါ်လွင်စေခဲ့ပါသည်။ ရလဒ်အနေနှင့် မြို့၏ CBD ဧရိယာမှာသာ စုပြုံဖွံ့ဖြိုးနေမှု (Ring Type Development) ကို ဗဟိုမှ အညီအမျှ ဖြာထွက်လာသော ဖွံ့ဖြိုးမှု (Concentric Development) အဖြစ်သို့ ပြောင်းလဲနိုင်ခဲ့ပါသည်။ သယ်ယူပို့ဆောင်ရေးအပိုင်းတွင်လည်း ယခင်က CBD သို့ အသွား သို့မဟုတ် အပြန်တစ်ခုတည်းတွင်သာ ကားစုပြုံ ပိတ်ဆို့နေမှုကို လျှော့ချပေးနိုင်ခဲ့ပါသည်။

ထို့ကြောင့် မူဝါဒနှင့် စီမံခန့်ခွဲမှု ပြုသည့်အခါ မြို့၏ ဖွံ့ဖြိုးမှုပုံစံပေါ် မူတည်၍ ဗဟိုဇုန်နယ်နိမိတ်၊ အပြင်ဇုန်နယ်နိမိတ်နှင့် အချိန်ပိုင်းဇုန်နယ်နိမိတ်ဟူ၍ ခွဲခြားရပါသည်။ ဗဟိုစီးပွားရေးဇုန်အတွင်းတွင်မှု

## ဒေသတစ်ခုအတွင်း မြေနေရာသုံးစွဲမှုနှင့် မြို့ပြနေထိုင်မှုပုံစံအပေါ် ယာဉ်အသွားအလာ များပြားလာမှု၏ အကျိုးသက်ရောက်ပုံ




လူထုပို့ဆောင်ရေးအပိုင်းကို အဓိက ဦးစားပေးရပါသည်။ ကိုယ်ပိုင်ယာဉ်များ ဝင်ရောက်မှု၊ ရပ်နားမှုများကို နည်းအမျိုးမျိုးနှင့် ကြီးကြပ်ကန့်သတ်ရပါသည်။ အဓိက နည်းလမ်းများမှာမူ ခွဲခြားသည့်နည်းလမ်းနှင့် အဝင်အထွက်လမ်းကြောင်းများ သတ်မှတ်ခြင်းပင် ဖြစ်သည်။

### မြို့တွင်း ယာဉ်မသုံးစွဲရနေ့ "In town, without my car" day

အထက်တွင် နိုင်ငံအချို့၌ ကျင့်သုံးသည့် နည်းလမ်းများအား နမူနာအဖြစ်ဖော်ပြခဲ့ပြီးပါပြီ။ သို့ပါ၍ "In town, Without my car" (မိမိ၏ကား မြို့ထဲ တွင် မရှိသောနေ့)အကြောင်း အနည်း ငယ်တင်ပြချင်ပါသည်။ ယင်းစနစ်ကို ၁၉၉၈ ခုနှစ် စက်တင်ဘာလ ၂၂ ရက်နေ့၌ ပြင်သစ်နိုင်ငံရှိ မြို့ပေါင်း ၃၅ မြို့တွင်

စတင် ကျင့်သုံးခဲ့ပါသည်။ ပြည်သူလူထု၏ ထောက်ခံမှုအား အပြည့်အဝရသည့်အတွက် ၁၉၉၉ ခုနှစ် စက်တင်ဘာလ ၂၂ ရက် ဗုဒ္ဓဟူးနေ့တွင် ပြင်သစ်နိုင်ငံရှိ မြို့ပေါင်း ၆၆ မြို့၊ အီတလီနိုင်ငံရှိ မြို့ပေါင်း ၉၂ မြို့နှင့် ဆွစ်ဇာလန်နိုင်ငံ ဂျနီဗာမြို့တို့ ပါဝင် အကောင်အထည်ဖော်ခဲ့ကြပါသည်။ ယင်းနေ့၏ ရည်ရွယ်ချက်မှာ ပတ်ဝန်းကျင်ညစ်ညမ်းမှုနှင့် ယာဉ်များ အားမဆင်မခြင် သုံးစွဲမှုများအား လျှော့ချ ရန်နှင့် လမ်းလျှောက်ခြင်း၊ စက်ဘီးစီးခြင်း စသည့် စက်တပ်ယာဉ်မဟုတ်သည့် ယာဉ်အသုံးပြုမှုနှင့် လူထုသယ်ယူပို့ဆောင်ရေး စနစ်များကို အားကိုးအားထားပြုမှု မြင့်တက်လာစေရန် ရည်ရွယ်ပြုလုပ်ခြင်း ဖြစ်ပါသည်။ ထိုကဲ့သို့ မြို့၏ ဗဟိုဇုန်နယ်မြေအတွင်း ကိုယ်ပိုင်ယာဉ်အသုံးပြုမှုများအား နည်းမျိုးစုံ အသုံးပြု၍ ကန့်သတ်ထားသည့်အတွက် လူထုပို့ဆောင်ရေး အထောက်အပံ့နှင့် လမ်းလျှောက်သူများအတွက် လုံလောက်သော ပလက်ဖောင်းများလည်း အထူးပင် မြှင့်တင်ထားရန် လိုအပ်ပါသည်။ သယ်ယူပို့ဆောင်ရေးယာဉ်များရပ်မည့် မှတ်တိုင်များသည် ခရီးသည်များ သွားလိုသည့် ဈေး၊ ကျောင်း၊ ရုံး၊ လုပ်ငန်းခွင် စသည့် နေရာများနှင့် အနီးစပ်ဆုံးဖြစ်စေရန် စီစဉ်ပေးထားရပါမည်။ လိုရာခရီးသို့ လွယ်ကူလျင်မြန်စွာ ရောက်စေရန်အတွက် ဘတ်စ်ကားများ အသုံးပြုမည့် လမ်းကြောင်းသည်လည်း သီးသန့်လမ်းကြောင်း ဖြစ်ရပါမည်။

Peripheric Zone မှာမူ Central Zone ထက် ပိုမိုကျယ်ပြန့်ပြီး လူဦးရေ ထူထပ်မှုလည်း ပိုနည်းသည့်မြို့စွန်ဒေသများ ဖြစ်ပါသည်။ ထိုအပိုင်းတွင်မူ ကိုယ်ပိုင်ယာဉ်များ အသုံးပြုမှုအား ကန့်သတ်မထားရပေ။ အများပြည်သူသွားလာရေး အတွက်ကိုမူ မြို့၏အချက်အချာကျသော နေရာနှင့် နီးစပ်ရာ Peripheric Zone ချင်း ဆက်သွယ်ရန်ထားပေးရပါမည်။ ယင်းဒေသတွင် ကိုယ်ပိုင်ယာဉ်ရပ်နားရန်နေရာများ အလုံအလောက်ထားပေးရပါမည်။ မြို့တွင်းသို့သွားရာတွင် ကိုယ်ပိုင်ကားမှ နေ၍ အများပြည်သူသုံး သယ်ယူပို့ဆောင်ရေးယာဉ်များကို ပြောင်းလဲအသုံးပြုမည့်သူများ၊ မြို့တွင်းမှ ပြန်လာသူများ အဆင်ပြေစေရန် ဘတ်စ်ကား ဂိတ်စဂိတ်ဆုံးများ အနီးတွင် ယာဉ်ရပ်နားရန်နေရာများရှိရန် လိုအပ်ပါသည်။ ထို့အပြင် ယင်းဒေသ၌ အဝေးပြေးကားဂိတ်များ၊ လေဆိပ်များ တည်ရှိတတ်သောကြောင့် မြို့တွင်းသို့ တိုက်ရိုက်သွားနိုင်ရန် အများပြည်သူသုံး သယ်ယူပို့ဆောင်ရေးယာဉ်များ စီစဉ်ပေးထားရပါမည်။

Transitary Zone မှာ မြို့တွင်း မကျ မြို့ပြင်မကျ အလယ်အလတ်ဖြစ်ပြီး

**ခရီးသည်တင်ဘတ်စ်ကားတစ်စီး**



ယင်းဒေသတွင် အများပြည်သူသုံးယာဉ်နှင့် ကိုယ်ပိုင်ယာဉ်များအား မျှတစေရန် စီစဉ်ပေးရပါသည်။

## ပူးပေါင်းဖြေရှင်းခြင်း (The Method of Integration)

ဖုန်အလိုက်ခွဲပြီး စဉ်းစားသည့်အခါတွင် မြို့ပြသယ်ယူပို့ဆောင်ရေးစနစ်၏ ရုပ်လုံးမှာ တဖြည်းဖြည်းနှင့် ပုံပေါ်လာပြီဟု ဆိုရပေမည်။ မြို့ပြသယ်ယူပို့ဆောင်ရေး စနစ်ဆိုသည်မှာ သယ်ယူပို့ဆောင်ရေး နည်းလမ်းအမျိုးမျိုး၊ ယာဉ်အမျိုးမျိုး ပေါင်းစပ်ပါဝင်နေခြင်းပင် ဖြစ်ပါသည်။ ခရီးသွားတစ်ဦးသည် ၎င်းသွားလိုရာသို့ ယာဉ်တစ်မျိုးတည်းစီးရုံနှင့် မလုံလောက်နိုင်ပေ။ ထို့ကြောင့် ယာဉ်တစ်မျိုးနှင့်တစ်မျိုး ပြောင်းစီးရာတွင် လွယ်ကူချောမွေ့စေရန် လိုအပ်ပါသည်။ အောက်ပါအချက်အလက်များသည် ပူးပေါင်းဖြေရှင်းခြင်း၏ အဓိကအာရုံစူးစိုက်ရမည့်အချက်များ ဖြစ်လာပါသည်။

(၁) ယာဉ်ပြေးဆွဲရာလမ်းကြောင်းနှင့် ကူးပြောင်းရန်နေရာများ၊

(၂) မြို့ပြအရေးကြီးနေရာများနှင့် ချိတ်ဆက်မှု၊

(၃) အချိန်ကိုက်ညှိခြင်း၊

(၄) တစ်ပြေးညီသတ်မှတ်ချက်များ၊

(၅)အခြားသော အများပြည်သူဝန်ဆောင်မှုလုပ်ငန်းများနှင့် ချိတ်ဆက်မှုများပင် ဖြစ်ပါသည်။

ပြေးဆွဲရန်လမ်းကြောင်းနှင့် အကူးအပြောင်း အတက်အဆင်းလုပ်ရန် နေရာများ သတ်မှတ်ရာတွင် နေရာအသီးသီး၏ သယ်ယူပို့ဆောင်ရေးလိုအပ်ချက်၊ ခရီးသွားများ၏ မူလနေရာနှင့် သွားလိုသည့်ခရီးစသည့် အချက်များအား နေ့စဉ် နာရီအလိုက် လနှင့်ချီ၍ စာရင်းကောက်ယူသတ်မှတ်ရပါသည်။ ပြောင်းလဲဖြစ်ပေါ်လာသည့် သယ်ယူပို့ဆောင်ရေးလိုအပ်ချက်များနှင့်အညီ ပြောင်းလဲပြေးဆွဲပေးရပါသည်။ ထို့နောက် ခရီးသွားလိုမှုပမာဏအပေါ် မူတည်၍ ယင်းဒေသနှင့် လိုက်ဖက်မည့် သယ်ယူပို့ဆောင်ပေးသည့်နည်းလမ်းကို ရွေးချယ်ရပါသည်။ ဥပမာ–ယင်းဒေသတွင်ရှိသည့် ခရီးသည်များသည် ဘတ်စ်ကားများနှင့်ပင် လုံလောက်မည်လား၊ ရထားနှင့်မှဖြစ်မည်လား၊ ဒါမှမဟုတ် မြေအောက်ရထားနှင့်မှလား စသည်ဖြင့် ဖြစ်ပါသည်။ ထို့အပြင် အတက်အဆင်း၊ ဘူတာရုံ၊ ကားမှတ်တိုင်များ၏ အကွာအဝေး၊ ယာဉ်များ၏ မောင်းနှင်နိုင်မည့်နှုန်း၊ တစ်ပတ်ပြည့်ရန် မောင်းရမည့်ကြာချိန်၊ ယာဉ်တစ်စီးနှင့် တစ်စီးကြား ကြာချိန်၊ ယာဉ်လိုအပ်ချက်များကို ထည့်သွင်းတွက်ချက်၍ ဒီဇိုင်းရေးဆွဲပေးရပါမည်။ လူထုသယ်ယူပို့ဆောင်ရေးဆိုင်ရာ ယာဉ်ရပ်နားစခန်းကောင်းတစ်ခုသည် အများပြည်သူသုံးယာဉ်အချင်းချင်းသာမကပဲ ကိုယ်ပိုင်ယာဉ်နှင့် အဝေးပြေးယာဉ်များအား ခရီးသည်များနှစ်သက်ရာကို လွယ်ကူလျင်မြန်စွာ ပြောင်းစီးနိုင်ရပါမည်။

မြို့ပြ၏အရေးကြီးသည့်နေရာများဖြစ်သည့် ကျောင်း၊ တက္ကသိုလ်၊ ဆေးရုံ၊ ဈေး၊ လေဆိပ်၊ ဆိပ်ကမ်းနှင့် အခြားလူနေထူထပ်သည့်နေရာများကို အဓိကချိတ်ဆက်မိရန်လည်း လိုအပ်ပါသည်။ အရေးကြီးနေရာများအား သယ်ယူပို့ဆောင်ပေးသည့် နည်းအမျိုးမျိုးနှင့် ချိတ်ဆက်ထားရပါမည်။

မြို့ပြသယ်ယူပို့ဆောင်ရေးသည် သယ်ယူပို့ဆောင်ရေးစနစ်များ ပေါင်းစပ်ဖွဲ့စည်းထားခြင်းဖြစ်သည့်အတွက် တစ်ခုနှင့်တစ်ခု အချိန်ဇယားချင်း ချိတ်ဆက်နေရပါမည်။ ဤသို့ဆိုလျှင် ကူးပြောင်းစီးသည့် ခရီးသည်အဖို့ ယာဉ်တစ်မျိုးမှ တစ်မျိုးသို့ ပြောင်းစီးသည့်အခါ၌ အချိန် ကြာကြာစောင့်ရန် မလိုအပ်တော့ပေ။

ထို့ပြင် ယာဉ်အမျိုးမျိုးကို ကူးပြောင်းစီးမှု လွယ်ကူစေရန်အတွက် 'စံ' သတ်မှတ်ချက်များ ထားပေးရပါမည်။ အဓိကအချက်မှာ ယာဉ်စီးခနှုန်းထားပင် ဖြစ်သည်။ ဤနေရာတွင် မြင်လွယ်စေရန် ဘရပ်ဆဲလ်မြို့တွင် အသုံးပြု

**Rail Bus တစ်စီးအတွင်း မြင်ကွင်း**



သည့် လက်မှတ်စနစ်ကို နမူနာပြပါမည်။

ငင်းတို့ထံတွင် လက်မှတ်တစ်ခုကို ဝယ်လိုက်သည်နှင့် ကြိုက်ရာ ကား၊ ရထား၊ ယာဉ်အမျိုးမျိုးကို စီးနိုင်ပါသည်။ ခရီးစဉ်တစ်ခုအတွက် လက်မှတ်၊ ၂၄ နာရီလက်မှတ်၊ တစ်ပတ်လက်မှတ်၊ ကျောင်းသားလက်မှတ်၊ လပေး၊ နှစ်ဝက်ပေး စသည်ဖြင့် အမျိုးမျိုး ရှိပါသည်။

မိမိသွားလိုသည့် ခရီးတစ်ခုအတွက် လက်မှတ်ယူမည်ဆိုပါက ကြိုက်ရာ ကား (သို့) ရထား တစ်မျိုးမျိုး ရွေးလိုက်ပါ။ မဆင်းမချင်း နောက်ထပ် လက်မှတ်ဝယ်ရန် မလိုပေ။ ၂၄ နာရီ လက်မှတ်မှာမူ လက်မှတ်ဝယ်သည့်နေ့၌ ကြိုက်ရာ ကား၊ ရထား တစ်မျိုးမျိုးကို ရွေးနိုင်သည့်အပြင် ကြိုက်သလောက် ပြောင်းစီး၍ ရပါသည်။ တစ်ပတ်လက်မှတ်ကတော့ ခဏတစ်ဖြုတ် အလည်လာသည့် မြို့အနှံ့လျှောက်ကြည့်ချင်သော နိုင်ငံခြားသားဧည့်သည်များအတွက် ရည်ရွယ်ရောင်းချပါသည်။ ကျန်လက်မှတ်ကမူ အချိန်ကာလ ကွာခြင်းမျိုးပင် ရှိပါသည်။ ရနိုင်သည့် အခွင့်အရေးမှာ အတူတူပင်။ သက်တမ်းမြင့်လက်မှတ်ကို ဝယ်ပါက နေ့တွက်နှင့် ချိန်ကြည့်ရင် ပိုမိုသက်သာပါသည်။ ကျောင်းသူ၊ ကျောင်းသားများကိုမူ လျှော့ဈေးနှင့် ရောင်းချပါသည်။ ယခုကဲ့သို့ အရှုံးခံလုပ်သည့်အတွက် ဘယ်လ်ဂျီယမ်မှာ ပုဂ္ဂလိကပိုင် မြို့ပြသယ်ယူပို့ဆောင်ရေးကုမ္ပဏီတစ်ခုသာ ရှိပါသည်။

မြို့ပြသယ်ယူပို့ဆောင်ရေးစနစ်ကောင်းတစ်ခုသည် ရဲတပ်ဖွဲ့၊ ယာဉ်ထိန်းရဲ၊ မီးသတ်၊ လမ်းဌာန၊ ဓာတ်ဆီဆိုင်များ၊ လျှပ်စစ်ဌာန၊ စွမ်းအင်ဌာနများနှင့် ချိတ်ဆက်ထားရပါမည်။ သယ်ယူပို့ဆောင်ရေးယာဉ်တိုင်းနှင့် ချိတ်ဆက်နိုင်လျှင်မူ ပိုကောင်းပါသည်။ အနောက်နိုင်ငံများတွင်မူ ကြိုးမဲ့စနစ်၊ ဂြိုဟ်တုစနစ်များနှင့် ယာဉ်တိုင်းကို ဆက်သွယ်ထားတတ်ပါသည်။ ယင်းကဲ့သို့ ဆက်သွယ်ထားသည့်အတွက် မတော်တဆမှု သို့မဟုတ် အရေးပေါ်ကိစ္စရပ်များနှင့် ရင်ဆိုင်ရသည့်အခါတွင် လိုအပ်သရွေ့ အကူအညီများ အလျင်အမြန် ရရှိနိုင်မည် ဖြစ်ပါသည်။ အချို့မြို့ကြီးများ၌ Traffic Intelligence System များ ထူထောင်ထားပြီး သတင်းဌာနတစ်ခုခုကို အသုံးပြုကာ မတော်တဆမှု ဖြစ်သည့်နေရာများ၊ လမ်းချွတ်ယွင်းနေသည့်နေရာများ၊ ယာဉ်ပိတ်ဆို့မှုဖြစ်သည့်နေရာများအား အချိန်နှင့်တစ်ပြေးညီ ကြေညာပေးနေပါသည်။ ယခုကဲ့သို့ ကြေညာပေးသည့်အတွက် ယာဉ်မောင်းများသည် ၎င်းတို့အတွက် အလွယ်တကူအလျင်မြန်ဆုံးလမ်းကို ရွေးချယ်နိုင်ပါသည်။

## နိဂုံး(သို့) ဆန်းစစ်ခြင်း

နိဂုံးချုပ်အနေနှင့် တင်ပြရမည်ဆိုပါက မြို့ပြသယ်ယူပို့ဆောင်ရေးသည် အလွန်တရာနူးညံ့လှသည့် အပင်ပေါက်ကလေးတစ်ခုကဲ့သို့ပင် ဖြစ်ပါသည်။ ၎င်းအား ရောဂါပိုးများ၊ ပယောဂဆိုးများ မဝင်နိုင်စေရန် အမြဲတစေ စောင့်ကြပ်ကြည့်ရှုပြီး ရေလောင်းချိန်တန်လောင်း၊ ပေါင်းသင်ချိန်တန်ပေါင်းသင် ရပါမည်။

စိတ်ကူးပုံဖော်ထားသည့် မြို့ပြသယ်ယူပို့ဆောင်ရေး အပင်ငယ်ကလေး၏ အခြေအနေကောင်းမကောင်းဆိုသည်ကို အောက်ပါအချက်အလက်များနှင့် အမြဲဆန်းစစ်ရပါမည်။

(၁) ခရီးသည်တစ်ယောက်သည် မိမိသွားလိုသောအချိန်တွင် မြို့ပြသယ်ယူပို့ဆောင်ရေးစနစ်ကို အချိန်မရွေးအသုံးပြု၍ ရ၊ မရ။

(၂) နေရာမရွေးသွား၍ ရ၊ မရ။

(၃) သွားနိုင်သည့်နှုန်း (သို့) သွားရန် ကြာချိန်သည် သင့်တင့်သောနှုန်း၊ သင့်တင့်သော ကြာမြင့်မှု ရှိ၊ မရှိ။

(၄) မြို့ပြသယ်ယူပို့ဆောင်ရေးစနစ် တည်ဆောက်မှုနှင့် ထိန်းသိမ်းမှုကုန်ကျစရိတ်များသည် ရလာသည့် အကျိုးအမြတ်နှင့် နှိုင်းဆပါက ညီမျှမှု ရှိ၊ မရှိ စသည်များပင် ဖြစ်ပါသည်။

ယင်းအချက်ထဲမှ အချက်တစ်ခုနှင့် ကိုက်ညီနေမည်ဆိုပါက ပြစ်ချက်ကိုရှာ၊ ဖြေရှင်းချက်ကိုထုတ်၊ ပြုပြင်ပြောင်းလဲရမည်ပင်။ မည်သို့ပင်ဖြစ်စေ ယခုအတိုင်းဆိုလျှင် မိမိတို့စိတ်ကူး အကောင်အထည်ဖော်ထားသည့် မြို့ပြသယ်ယူပို့ဆောင်ရေးစနစ်သည် အခက်အလက်များ ဝေဝေဆာဆာနှင့် ခရီးသည်အများကို စိတ်အေးချမ်းမြေ့မှုများ ပေးနိုင်သည့် အပင်ကြီးတစ်ပင်အဖြစ်နှင့် ရှင်သန်ကြီးထွားလာမည်မှာ အမှန်ပင်ဖြစ်ပါသည်။

**ညီညီထွန်း(မြို့ပြ)**


**မှီငြမ်းကိုးကားသော စာအုပ်စာတမ်းများ**

1. The Transportation and Traffic Engineering Handbook, 3rd Ed, John E.Bearwald.
2. The Traffic and Highway Engineering, Nichdas J.Garber and hester A.Hoel. 2nd ed, 1999.
3. Urban Transportation Seminar held in Belgium, report 1985
U Aung Myint
Road Transport Administrative Department.
4. The History of Urban Transportation System of Yangon, 1986.
U Khin Mg Than and Group.
R.T.A.D
5. The Impact of Bangkok, Transit System Services on the Tarffic Conditions in Bangkok, M.E.Thesis. 2000
Kaiwut Simtarakao
AIT.
6. The Reconsideration of Urban Public Transportation System of Yangon Downtown Area, 2003, M.E.Thesis.
Nyi Nyi Htunn, Htin Lin Oo, Win Kyaw Kyaw (YIT).
7. Lecture notes, Transportation Planning 2000, M.E Course Daw Kyaing Lecture Y.I.T



ဤကဏ္ဍတွင်......


၄၈ ဘယ်အချိန်ပြန်လာမလဲ (မြို့ပြဖွံ့ဖြိုးရေးနှင့် မြေငလျင်)

၅၂ ခေတ်မီအဆောက်အအုံများနှင့် ရေယိုစိမ့်မှုကာကွယ်ရေး

၅၄ အဆင့်မြင့်နှင့် ရုပ်သံဆိုင်ရာ အစီအမံများ

၅၈ အဆင့်မြင့်အိမ်ရာများနှင့် ထိန်းသိမ်းကြီးကြပ်ရေးအဖွဲ့အစည်း

၆၃ ဆောင်းအကြိုဈေးဝါးဈေးကွက်

၆၇ တိုင်းရင်းဆေးပညာ မှားယွင်းအသုံးပြုမှုနှင့် လူမှုရေးအကျိုးဆက်များ

၇၀ ရန်ကုန် ကုန်စည်ဈေးကွက်

၇၃ LCCI သင်တန်းများနှင့် ကွန်ပျူတာစာရင်းကိုင် ဒီပလိုမာမိတ်ဆက်


# ဘယ်အချိန် ပြန်လာမလဲ

## (မြို့ပြဖွံ့ဖြိုးရေးနှင့် မြေငလျင်)

မျိုးညွန့်မောင်

မက္ကဆီကို၊ တူရကီနိုင်ငံများတွင် ငလျင်နှင့်ပတ်သက်သော သဘာဝဘေးအန္တရာယ်ကြုံတွေ့ခဲ့စဉ်က လဲကျနေသော နံရံကြီးများအောက်မှ အချိန်မီကယ်မထုတ်နိုင်၍ အသက်ပေါင်းများစွာ ဆုံးရှုံးခဲ့ရသည်ကို ဂြိုဟ်တုရုပ်သံများ၊ အင်တာနက်ချိတ်ဆက်ထားသော မော်နီတာ၏ ဖန်သားပြင်များပေါ်တွင် တွေ့မြင်ခဲ့ကြဖူးမည်ဖြစ်သော်လည်း မြန်မာနိုင်ငံတွင် အဆိုပါဖြစ်ရပ်နှင့် ပမာတူ ပျက်စီးဆုံးရှုံးမှုများ မကြုံတွေ့ဖူးကြောင်း၊ သို့သော် မြန်မာနိုင်ငံအစိုးရမှနေ၍ ငလျင်အန္တရာယ် ကာကွယ်ရေးအတွက် မြေငလျင်ပညာရှင်များအသင်းကို ဖွဲ့စည်းစေကာ ဥပဒေနှင့် လုပ်ထုံးလုပ်နည်းများ ပေါ်ပေါက်ရေး ဆောင်ရွက်ရန် တွန်းအားပေးပံ့ပိုးလျက်ရှိကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးထွန်းလွင်က ပြောပါသည်။

P(1) ။ ။ သူ့ထက်ကြီးတဲ့နောက်တစ်ခု မလာနိုင်ဘူးဆိုတာ သေချာပါသလား ဆရာ။

P(2) ။ ။ သေချာပါတယ်။

P(1) ။ ။ ဒါဆို လုံးဝမလာဘူးလို့ စိတ်ချရမလား။ ကျွန်မတော့ ညတိုင်းကို အိပ်မပျော်တော့ဘူး။ စိတ်ရောဂါ ဝင်နေလို့ပါ။

P(2) ။ ။ လုံးဝမလာဘူးလို့ ကျွန်တော် မပြောပါဘူး။ နောက်ဆက်တွဲတွေက မူလပင်မထက် ပိုမကြီးတာတော့ ကျိန်းသေပါတယ်။

P(1) မှာ တောင်တွင်းကြီးမြို့မှ အမျိုးသမီးတစ်ဦးဖြစ်၍ P(2) မှာ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ ဦးထွန်းလွင်ဖြစ်ပါသည်။ မြန်မာနိုင်ငံတွင် ဖြစ်ပေါ်ခဲ့သော အင်အားပြင်းထန်သည့် ငလျင်လှုပ်ရှားမှုများအနက် ယခုအချိန်

အထိ နောက်ဆုံးဟု ဆိုနိုင်သော ၂၀၀၃ ခုနှစ် စက်တင်ဘာလ ၁၉ ရက်နေ့ ရစ်ချက် တာစကေး (၆.၂) အဆင့်ရှိ လျှောင်လှုပ်ရှား ပြီးနောက်ပိုင်း ၎င်းထံသို့ ဖုန်းဆက်မေး မြန်းမှုကို ဦးထွန်းလွင်က ပြန်ပြောင်းပြော ပြခြင်း ဖြစ်သည်။

ထို့ပြင် "ကန်ထရိုက်တိုက်တစ်လုံး၏ ကြံ့ခိုင်မှုကို ဘယ်လိုမှ ခန့်မှန်း၍ မရနိုင်ပါ။ ....တစ်ခန်းဝင်တစ်ခန်းထွက် လိုက်စစ်ဆေးကြ၏။ ထိုအခါမှာပင် တိုက်နံရံအတော်များများ၌ အက်ကြောင်းများစွာကို သတိပြုမိကြသည်။... မြေငလျင်လှုပ်ခြင်းအား ကြိုတင်ခန့်မှန်းနိုင်မည်ဆိုပါက မြေငလျင်ဟူသည် ဤမျှလောက် ကြောက်စရာကောင်းမည်မဟုတ်သလို ငလျင်ကို ကြိုတင်ကာကွယ်နိုင်မည့် နည်းလမ်းလို့လည်း ပေါ်ပေါက်လာပါလိမ့်မည်။... (ပထမအကြိမ်ထက်) ပိုမို ပြင်းထန်စွာ ရောက်ရှိလာလိမ့်မည်ဟူသော ငလျင်အတွက် သူတို့မိသားစုအပါအဝင် တစ်တိုက်လုံးရှိလူများ တုန်လှုပ်ချောက်ခြားကြရသလို ကြိုတင်ကာကွယ်မှုကိုလည်း စုပေါင်းစီမံကြရလေသည်။ အစီအစဉ်မှာ မိုးချုပ်သည်နှင့် တိုက်ပေါ်မှ ဆင်း၍ တိုက်ရှေ့ပန်းခြံထဲ၌ သွားနေကြရန် ဖြစ်သည်။ ... တိုက်ပြိုမှာ စိုးရိမ်စိတ်ကြောင့် ဖြစ်သည်။ ... ပန်းခြံထဲသို့ ရောက်ရှိနေသော သူတို့အားလုံး စီရင်ချက်တစ်စုံတစ်ရာကို စောင့်ဆိုင်းနေကြသော တရားခံများသဖွယ် စိတ်လှုပ်ရှားစွာ တထင့်ထင့် ဖြစ်နေကြရသည်။ အမျိုးသမီးအများစုက ဂုဏ်တော်တစ်ခုခုကို ရွတ်ဆိုရင်း၊ စိတ်ပုတီးစိပ်ရင်း ထိတ်လန့်မှုကို တွန်းလှန်ကြသော်လည်း ၎င်းတို့၏ မျက်နှာသွင်ပြင်အရ အောင်မြင်ကြဟန်မတူပါ။... ထူးဆန်းတာတစ်ခုက ငလျင်လှုပ်သည်ဟု အခိုင်အမာသတင်းဖြန့်ချိခဲ့သော ကိုသန်းထိုက်အား ငလျင်မလှုပ်သည့်အတွက် ဘယ်သူမှ အပြစ်မတင်ကြခြင်းဖြစ်သည်" ဟူ၍ စာရေးဆရာနေနော်က ကန်ထရိုက်တိုက်ခန်းတွင် နေထိုင်သည့် ကိုယ်တိုင်တွေ့ကြုံမှုကို ဝတ္ထုတိုရေးဖွဲ့ဖူးရာတွင် နှစ်ခြိုက်သူများပြားခဲ့ပါသည်။

ဦးထွန်းလွင်ကလည်း "ငလျင်လှုပ်တဲ့အကြိမ်အရေအတွက်နဲ့ ပြင်းထန်မှုပမာဏက Inversely Proportional (ပြောင်းပြန်အချိုး) ဖြစ်ပါတယ်။ စင်ကာပူနိုင်ငံက ပညာရှင်တစ်ယောက်ကလည်း တိတိကျကျ Survey လုပ်ပြီး စာတမ်းဖတ်ဖူးပါတယ်။ ငလျင်တိုင်းစက်တွေမှာ နေ့စဉ်ရက်ဆက်ဆိုသလို တိုင်းယူရရှိနေတယ်ဆိုရင် အင်အားကြီးငလျင်မလှုပ်နိုင်သေးဘူးလို့ ခန့်မှန်းနိုင်ပါတယ်" ဟု ရှင်းပြသည်။ သို့သော် ကမ္ဘာနှင့်အဝန်း အင်အားကြီး ငလျင်တစ်ကြိမ် လှုပ်ရှားပြီးပါက နောက်ဆက်တွဲငလျင်များ တစ်နှစ်အတွင်း လှုပ်ရှားတတ်ကြောင်း၊ သို့သော် ပင်မငလျင်ကဲ့သို့ လှုပ်ရှားမှုပမာဏ မြင့်မားလေ့မရှိကြောင်း ၎င်းက ဆိုသည်။

မြေငလျင်ဆိုသည်မှာ အလွှာများဖြင့် ဖွဲ့စည်းထားသော ကမ္ဘာမြေကြီး၏ မြေလွှာများ တစ်ခုနှင့်တစ်ခု ဘေးတိုက်ထိတွေ့ခြင်း၊ မြေအက်ကြောင်းများ ရွေ့လျားခြင်းတို့ကြောင့် လှုပ်ရှားမှု ဖြစ်ပေါ်ခြင်း ဖြစ်ကြောင်း၊ အဆိုပါဖြစ်ရပ်များ မကြာခဏဖြစ်ပေါ်တတ်ပြီး အက်ကြောင်းရှိရာ ဒေသများမှာ ငလျင်ဘေးအန္တရာယ်နှင့် အများဆုံးကြုံတွေ့နိုင်ကြောင်း ဦးထွန်းလွင်က ပြောပါသည်။

မြန်မာနိုင်ငံတွင် ငလျင်ကြောနှင့် နီးစပ်သော စစ်ကိုင်းတိုင်းအထက်ပိုင်း ဟုမ္မလင်း၊ ခန္တီးဒေသများတွင် ငလျင်ဘေးအန္တရာယ် မကြာခဏကြုံတွေ့ရလေ့ရှိကြောင်း ၎င်းက ဆိုသည်။

မြန်မာနိုင်ငံတွင် လှုပ်ရှားခဲ့ဖူးသော ငလျင်များကို လေ့လာပါက ၁၉၁၇ ခုနှစ်မှ ၁၉၃၉ ခုနှစ်အတွင်း ပျမ်းမျှ ၇ နှစ်တစ်ကြိမ် လှုပ်ရှားလေ့ရှိပြီး ပြင်းထန်မှုပမာဏမှာ ရစ်ချက်တာစကေး (၇) အထက်ဖြစ်ကြောင်း၊ ၁၉၄၁ ခုနှစ်မှ ၁၉၆၃ ခုနှစ်အတွင်း ပျမ်းမျှ လေးနှစ်ခြားတစ်ကြိမ် လှုပ်ရှားခဲ့ပြီး ပြင်းထန်မှုပမာဏမှာ ရစ်ချက်တာစကေး (၇) နှင့်အထက် ဖြစ်ကြောင်း၊ ၁၉၇၀ ခုနှစ်မှ လက်ရှိအချိန်အထိတွင် ငါးကြိမ်လှုပ်ရှားခဲ့ပြီး ရစ်ချက်တာစကေး (၇) ကို ကျော်လွန်သည့် လှုပ်ရှားမှု တစ်ကြိမ်သာ ရှိခဲ့ကြောင်း သက်ဆိုင်ရာဌာနမှတ်တမ်းများအရ သိရပါသည်။ ငလျင်လှုပ်ရှားသည့်နှစ် ကွာခြားမှုမှာ ခန့်မှန်းရခက်ခဲပြီး သုံးနှစ်မှတစ်နှစ်ကြား အင်အားပြင်း ငလျင်တစ်ကြိမ် လှုပ်သည်ဟု သုတေသနများက ဖော်ပြကြောင်း၊ အဆိုပါ အချက်အလက်များကို ခြုံငုံသုံးသပ်ရမည်ဆိုပါက ငလျင်သည် စနစ်တကျ တွက်ချက်၍ မရနိုင်ဟုဆိုရမည်ဖြစ်ကြောင်း ဦးထွန်းလွင်က ရှင်းပြပါသည်။ မြန်မာနိုင်ငံတွင် လှုပ်ရှားခဲ့သည့် အင်အားပြင်းထန်သော ငလျင်လှုပ်ရှားမှုများကို ဇယားဖြင့် ဖော်ပြထားပါသည်။

## တစ်နေ့အကြိမ် ရှစ်ထောင်

ငလျင်သည် လူတို့နေ့စဉ်ဘဝနှင့် နီးကပ်နေသော သဘာဝအန္တရာယ်တစ်ခု ဖြစ်သည့်အတွက် ကမ္ဘာနှင့်အဝန်းတွင် ငလျင်လှုပ်ရှားမှုမှ ဖြစ်ပေါ်လာသည့် အန္တရာယ်ကြောင့် ဆိုးရွားသော အကျိုးသက်ရောက်မှု လျော့ပါးရင်ဆိုင်ရေး အတွက် အားထုတ်လျက်ရှိကြပါသည်။

"မှန်းဆတဲ့ တိုင်းပြည်က မှန်းဆ၊ နီးစပ်တာရှိသလို ကွဲလွဲသွားတာလည်း မကြာခဏပါပဲ။ ဒါပေမယ့် ခန့်မှန်းနိုင်အောင်တော့ ကြိုးစားနေဆဲပါပဲ" ဟု ဦးထွန်းလွင်က ဆိုပါသည်။

အမေရိကန်နိုင်ငံမှနေ၍ ငလျင်နှင့် ပတ်သက်သော ခန့်မှန်းမှုများ ပြုလုပ်နိုင်ရန်အတွက် ငလျင်လှုပ်ရှားမှုများကို စနစ်တကျ တိုင်းတာသုတေသနပြုလျက်ရှိရာတွင် တိုင်းတာရရှိသော အင်အားအလိုက် တစ်နှစ်ပျမ်းမျှ ငလျင်လှုပ်ရှားမှုများမှာ ရစ်ချက်တာစကေး (၈) နှင့်အထက်



မြေငလျင်ပမာဏပြ ရစ်ချက်တာစကေး

တစ်ကြိမ်၊ ရစ်ချက်တာစကေး (၇ မှ ၇.၉ ကြား) ၁၈ ကြိမ်၊ ရစ်ချက်တာစကေး (၆ မှ ၆.၉ ကြား) ၁၂၀ ကြိမ်၊ ရစ်ချက်တာ စကေး (၅ မှ ၅.၉ ကြား) ၈၀၀ ကြိမ်၊ ရစ်ချက်တာစကေး (၄ မှ ၄.၉ ကြား) ၆၂၀၀ ကြိမ်၊ ရစ်ချက်တာစကေး (၃ မှ ၃.၉ ကြား) ၄၉,၀၀၀ ကြိမ် အသီးသီးရှိပါသည်။ ထို့ပြင် ငလျင်လှုပ်ရှားမှုမရှိသည့်နေ့ လုံးဝမရှိဘဲ ရစ်ချက်တာစကေး (၂ မှ ၃ ကြား) တစ်နေ့ ၁၀၀၀ ကြိမ်နှင့် ရစ်ချက်တာစကေး (၁ မှ ၂ ကြား) တစ်နေ့ ၈၀၀၀ ကြိမ် လှုပ်ရှားမှုရှိသည်ဟု သိရသည်။

## တိမ်းနိုင်ယိမ်းနိုင်စွမ်း

“မြန်မာအယူအဆမှာ အဆောက်အအုံဆောက်မယ်ဆိုရင် တောင့်ဖို့ကို ပိုအားသန်တယ်။ Rigidity လို့ ခေါ်တဲ့ တောင့်တင်းမှုရှိမှ ခံနိုင်ရည်ရှိမယ်ထင်တယ်။ ကမ္ဘာနဲ့အဝန်း ဆွေးနွေးပွဲမှာဖတ်တဲ့ စာတမ်းတွေအရ ပညာရှင်တွေအားလုံး လက်ခံထားတာက Earthquake Engineering (မြေငလျင်အင်ဂျင်နီယာစနစ်) အရ မြေငလျင်ဒေသမှာရှိတဲ့ အဆောက်အအုံဟာ Flexibility (တိမ်းနိုင်ယိမ်းနိုင်စွမ်း) ရှိတဲ့ ဒီဇိုင်းနဲ့ ဆောက်ထားမှ ငလျင်ဒဏ်ကို ပိုခံနိုင်မယ်” ဟု ဦးထွန်းလွင်က မြေငလျင်နှင့် အဆောက်အအုံတည်ဆောက်ရာတွင် အသုံးပြုသော အင်ဂျင်နီယာပညာ အဆက်အစပ်ကို ရှင်းပြပါသည်။

ယခုအခါတွင် မြန်မာနိုင်ငံတစ်ဝန်းလုံး၌ ဈေးကွက်စီးပွားရေးစနစ်နှင့် လျော်ညီနိုင်သည့် အဆောက်အအုံများ တည်ဆောက်ခြင်းအပြင် ASEAN Summit ကျင်းပမည့် ၂၀၀၆ ခုနှစ်အမီ ခေတ်မီအဆောက်အအုံများ တည်ဆောက်လျက်ရှိရာ ၂၅ ထပ်နှင့်အထက် အဆောက်အအုံများ တည်ဆောက်ရာတွင် ငလျင်ဘေးအန္တရာယ်ကိုပါ ထည့်သွင်းတွက်ချက်လာကြကြောင်း အစိုးရနှင့် အစိုးရတစ်ပိုင်း မီဒီယာအချို့ ဖော်ပြချက်အရ သိရသည်။ ငလျင်ဘေးအန္တရာယ်နှင့်ပတ်သက်သော နိုင်ငံတကာဆွေးနွေးပွဲသို့ ကျွမ်းကျင်ပညာရှင်များ သွားရောက်၍ နည်းပညာဖလှယ်လျက်ရှိသည်ကိုလည်း အထက်ပါ မီဒီယာများတွင် တွေ့မြင်ရပါသည်။ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနသို့လည်း ဩစတြေးလျ၊ ဂျပန်၊ စင်ကာပူ၊ အိန္ဒိယမှ မြေငလျင်ဆိုင်ရာ အင်ဂျင်နီယာများ လာရောက်၍ သင်တန်းပို့ချခြင်း၊ အတွေ့အကြုံဖလှယ်ခြင်းများ ဆောင်ရွက်ခဲ့သည်ဟု ဦးထွန်းလွင်က ဆိုပါသည်။

မြန်မာနိုင်ငံတွင် ပမာဏကြီးမားသော ငလျင်လှုပ်ရှားမှုများ ကြုံရသည့်တိုင် သက်ရှိအသေအပျောက်၊ ရုပ်ဝတ္ထုအပျက်အစီးနည်းပါးခြင်းမှာ ငလျင်ကြောအတွင်း ကျရောက်သည့်နေရာများတွင် အဆောက်အအုံကြီးကြီးမားမား မရှိသေးခြင်း၊ လူနေထူထပ်မှု ပြောပလောက်အောင် မရှိခြင်းတို့ကြောင့်ဖြစ်ကြောင်း ဦးထွန်းလွင်က ရှင်းပြပါသည်။ တောင်တွင်းကြီးတွင် ဖြစ်ပေါ်ခဲ့သော ငလျင်လှုပ်ရှားမှုအပြီး ဦးထွန်းလွင်အပါအဝင် ပညာရှင်အဖွဲ့များ သွားရောက်လေ့လာရာတွင် ပြိုကျအဆောက်အအုံများမှာ တည်ဆောက်စဉ်က နှစ်ထပ်တိုက်များဖြစ်သည့်အတွက် သံချောင်းဖြင့် တည်ဆောက်သော RC စနစ် မဟုတ်သည့်အပြင် သစ်သားတိုင်နှင့် အုတ်တွဲဆက်မှုတွင် အားနည်းချက်ရှိခြင်း၊ အင်္ဂတေချပ်များအား သင့်တင့်သော အရွယ်အစားထက် ကြီးမားစွာ အချပ်ကြီးများ ပြုလုပ်တည်ဆောက်ခြင်းတို့ကြောင့် အလွယ်တကူပြိုပျက်သည်ကို တွေ့ရသည်ဟု ဆိုပါသည်။ Earthquake Engineering ရှုထောင့်မပါရှိ၍ဖြစ်ကြောင်း ဦးထွန်းလွင်က ရှင်းပြသည်။

## အချက်အလက်ကို ဒီဇိုင်းဆင်

(၁) အချက်အလက်စုဆောင်းခြင်း၊ (၂) Zoning Map ခေါ် ငလျင်မြေပုံဆွဲခြင်း၊ (၃) Planning ခေါ် အစီအစဉ် ရေးဆွဲခြင်း (၄) Siting ခေါ် နေရာရွေးချယ်ခြင်း၊ (၅) Designing ခေါ် မိမိရွေးချယ်ရာနေရာသို့ ငလျင်အန္တရာယ်ရင်ဆိုင်ရနိုင်မှုပမာဏကိုလိုက်၍ အဆောက်အအုံပုံစံထုတ်ခြင်းတို့သည် ခေတ်မီမြို့ပြထူထောင်ရေးတွင် အဆောက်အအုံနေရာ ရွေးချယ်ရာ၌ Earthquake Engineering အမြင်ဖြင့် ဆောင်ရွက်ရသည့်လုပ်ငန်းစဉ် ဖြစ်ပါသည်။ သက်ဆိုင်ရာမှ မှတ်တမ်းများအရ မြန်မာနိုင်ငံတွင် WSSI (World Seismic Safety Initative) မှ ပံ့ပိုးထားသော SMA

**အင်အားကြီးမြေငလျင်လှုပ်ရှားမှုပြဇယား**

| စဉ် | ရက်စွဲ | ရစ်ချက်တာ စကေး | ဒေသ | ဆုံးရှုံးမှု |
|---|---|---|---|---|
| ၁။ | ၁၅-၈-၁၉၅၀ | ၈.၅ | အာသံ (ချင်းပြည်နယ်အနီး) | - |
| ၂။ | ၂၃-၃-၁၈၃၉ | ၈.၀ | အမရပူရ (မန္တလေး) | လူ ၃၀၀ သေ |
| ၃။ | ၅-၅-၁၉၃၀ | ၇.၃ | ပဲခူး | ပဲခူးရွှေမော်ဓော ထီးတော်မြေခ၊ ပဲခူး၌ လူ ၅၀၀ ခန့်သေ၊ ရန်ကုန်၌ လူ ၅၀ ခန့် သေပြီး အဆောက်အအုံအချို့ပြို |
| ၄။ | ၈-၇-၁၉၇၅ | ၆.၈ | ပုဂံ | ဘုရားပုထိုးများ ပျက်စီး |
| ၅။ | ၁၆-၇-၁၉၈၆ | ၇.၀ | စစ်ကိုင်း | လူ ၄၀ သေ |
| ၆။ | ၅-၁-၁၉၉၁ | ၇.၁ | တကောင်း | အဆောက်အအုံနှင့် စိုက်ပျိုးဧရိယာများ ပျက်စီး |

Source: မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန

(Strong Motion Accelograph) ငလျင်တိုင်းစက်များဖြင့် တိုင်းတာပြီး အစိုးရ၊ ပုဂ္ဂလိက Developer များ လိုအပ်သည့် ငလျင်ဆိုင်ရာ Data များ ပံ့ပိုးနိုင်ကြောင်း ဦးထွန်းလွင်က ပြောပါသည်။ ထို့ပြင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ်ရှိ YSP (Yunan Seismological Bureau) မှ ပံ့ပိုးပေးထားသော Digital အမျိုးအစား ငလျင်ဖမ်းစက် နှစ်လုံးအား ကမ္ဘာအေးမြေငလျင်စခန်းနှင့် မန္တလေး မြေငလျင်စခန်းတို့တွင် တပ်ဆင်ထားရာ လိုအပ်သောအချက်အလက်များကို ပညာရှင်မှ ပြန်လည်တွက်ချက်စရာ မလိုဘဲ အဆင်သင့် Print Out ထုတ်နိုင်ကြောင်း ဦးထွန်းလွင်က ဆိုပါသည်။

ပြည်ပသို့ သွားရောက်ပညာဆည်းပူးမှုများကိုလည်း တိုးမြှင့်ဆောင်ရွက်လျက်ရှိရာ ငလျင်ဆိုင်ရာနှင့်ပတ်သက်၍ မိုးလေဝသနှင့် ဇလဗေဒဦးစီးဌာနတွင် ဂျပန်နိုင်ငံမှ ဘွဲ့ရတစ်ဦးရှိနေပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့လည်း ကာလတိုပညာသင်ကြားရေးအတွက် ဝန်ထမ်းများ ဆက်တိုက်စေလွှတ်လျက်ရှိကြောင်း မှတ်တမ်းများအရ သိရသည်။ အနာဂတ်အတွက် အဆောက်အအုံများ ဆောက်လုပ်ရာတွင် ဘက်စုံလုံခြုံသော ဒီဇိုင်းဆင်နိုင်ရေးအတွက် အာဆီယံပူးပေါင်းဆောင်ရွက်မှု အကျိုးရလဒ်တစ်ခုအနေဖြင့် အင်ဒိုနီးရှားနိုင်ငံရှိ ခေတ်မီတိုင်းတာရေးစခန်းနှင့် Internet မှတစ်ဆင့် ဆက်သွယ်ကာ ငလျင်နှင့်ပတ်သက်သည့် လိုအပ်သော သတင်းအချက်အလက် အစုံအလင်ရရှိနေကြောင်း ဦးထွန်းလွင်က ဆိုပါသည်။

## Substainable Development

ခေတ်မီမြို့ပြများ စနစ်တကျ ထူထောင်ရေးတွင် မဖြစ်မနေ ပြုလုပ်ရမည့် အချက်မှာ Substainable Development ခေါ် ရေရှည်တည်မြဲဖွံ့ဖြိုးရေးကို ကမ္ဘာနှင့်အဝန်း နိုင်ငံများကို ဦးတည်ဆောင်ရွက်လျက် ရှိပါသည်။ ဖွံ့ဖြိုးတိုးတက်ရုံသက်သက်သာမက ဖွံ့ဖြိုးမှုသည် ရေရှည်ဖွံ့ဖြိုးမှုဖြစ်ရမည့်သဘောပင် ဖြစ်သည်။ မြို့ပြတည်ထောင်ရေးတွင် နေရာလွတ်သည့်နေရာကို ဦးစားပေးရွေးချယ်ရမည် မဟုတ်ဘဲ ရေရှည်တွင် အန္တရာယ်အနည်းဆုံးဖြစ်၍ အဆောက်အအုံများတည်တံ့ကာ ပြည်သူလူထုလူနေမှုဘဝများ လုံခြုံရေးကို ဦးစားပေးဆောင်ရွက်ရမည် ဖြစ်သည်။ ထိုသို့ဆောင်ရွက်ရာတွင် တစ်ကမ္ဘာလုံး ရှေ့တန်းတင်စဉ်းစားလာကြသည်မှာ Enviroment Factors ခေါ် သဘာဝပတ်ဝန်းကျင်ရေးရာ အချက်အလက်များပင် ဖြစ်သည်။ မြေငလျင်နှင့်ပတ်သက်သည့် အရေးကိစ္စကိုပင် ခေတ်မီမြို့ပြထူထောင်ရေးတွင် ထည့်သွင်းစဉ်းစားရာ၌ (၁) ဒေသများအား Political Zone အရ မခွဲခြားဘဲ မြေငလျင် တိုင်းတာမှုအချက်အလက်မှတ်တမ်းပေါ် အခြေခံ၍ Seismic Zone ခွဲခြားနည်းဖြင့် ခွဲခြားခြင်း၊ (၂) မြေငလျင်ဆိုင်ရာ ဥပဒေနှင့် လုပ်ထုံးလုပ်နည်းများ ပြဋ္ဌာန်းရေးဆွဲကာ အဆောက်အအုံဆောက်လုပ်ရာတွင် မြေငလျင်ပညာရှင်အသင်း၏ ထောက်ခံချက်ဖြင့်သာ ဆောက်လုပ်ခွင့်ပါမစ်ချပေးခြင်း၊ (၃) တည်ဆောက်ရန် ချေးငွေရယူရာတွင်ဖြစ်စေ၊ အစုရှယ်ယာရောင်းချရာတွင်ဖြစ်စေ ယင်းထောက်ခံချက်ပါရှိမှသာ ဆောင်ရွက်ခွင့်ပြုရန် ထိန်းညှိပေးမှုများ ဆောင်ရွက်ခြင်းတို့ပင် ဖြစ်ပါသည်။

**မျိုးညွန့်မောင်**



ရေယိုစိမ့်မှု ဖြစ်ပေါ်နေသည့် ကန်ထရိုက်တိုက်တစ်ခု၏ မြင်ကွင်း

# ခေတ်မီအဆောက်အအုံများနှင့် ရေယိုစိမ့်မှုကာကွယ်ရေး

မျိုးညွန့်မောင်

**ဈေးကွက်စီးပွားရေးစနစ် စတင်အကောင်အထည်ဖော်ချိန်မှစ၍ ခေတ်စနစ်နှင့်လျော်ညီသော အဆောက်အအုံများ မြန်မာနိုင်ငံတစ်ဝန်းတွင် တိုးတက်များပြားလာလျက်ရှိရာ ဗိသုကာလက်ရာနှင့် ပြင်ပအသွင်အပြင်များ တင့်တယ်လှပရန်လိုအပ်သည့်နည်းတူ အဆိုပါအဆောက်အအုံများတွင် နေထိုင်သူများ ကိုယ်၊ စိတ်နှစ်ပါးလုံး လုံခြုံချမ်းမြေ့မှုတွင် အရေးပါသော ရေယိုစိမ့်မှုကာကွယ်ရေးနည်းလမ်းများလည်း ပေါ်ပေါက်အသုံးပြုလျက် ရှိပြီဖြစ်သည်။**

"လူတိုးခန့်ဖို့ စီစဉ်နေပါတယ်။ ရှေ့လျှောက်ပြီး အနာဂတ်မှာ ဈေးကွက်ပိုပြီး ကျယ်ပြန့်လာမှာပါ။ ၂၀၀၀ ပြည့်နှစ်ကနေ Demand (ဝယ်လိုအား) တက်တက်လာပြီး ၂၀၀၃-၂၀၀၄ မှာ Waterpoofing (ရေယိုစိမ့်မှုကာကွယ်ခြင်း ဝန်ဆောင်မှု) အသုံးပြုမှု အမြင့်ဆုံးလို့ ပြောနိုင်ပါတယ်" ဟု ရေယိုစိမ့်မှုကာကွယ်ခြင်းအတွက် ဝန်ဆောင်မှုပေးနေသည့် Z & H Co., Ltd. ၏ Managing Director ဦးဇော်ဇော်က ဆိုပါသည်။ Z & H Co., Ltd. သည် ၁၉၉၇ ခုနှစ်တွင် စတင်ထူထောင်ပြီး ရေယိုစိမ့်မှုကာကွယ်သည့် ဝန်ဆောင်မှုပေးခြင်း၊ အဆိုပါလုပ်ငန်းသုံး ဓာတုဗေဒပစ္စည်းများကို မလေးရှားမှ တင်သွင်းရောင်းချခြင်းတို့ကို ဆောင်ရွက်လျက် ရှိသည်။ သိန်းဂဏန်းသောင်းချီသော Htoo Trading Co., Ltd. ၏ အိမ်ရာများ၊ Dagon Intl Co., Ltd. ၏ အဆောက်အအုံများ၊ Shwe Than Lwin Co., Ltd.၊ Tokyo Enterprise Co., Ltd. တို့၏ အဆောက်အအုံအတော်များများတွင် ရေယိုစိမ့်မှုကာကွယ်ရေးကို ဆောင်ရွက်ကြကြောင်း ၎င်းက ဆိုသည်။

## Want မဟုတ်ပါ

တာမွေမြို့နယ် ကန်ထရိုက်တိုက်တစ်ခု၏ ပထမထပ်အား ကျပ်သိန်း ၁၅၀ ဖြင့် ဝယ်ယူနေထိုင်သူ ဒေါ်မိုးမိုးသည် ရေချိုးခန်းသို့ ဝင်ရောက်သည့်အခါတိုင်း ဦးခေါင်းတွင် လူတစ်ကိုယ်စာ လုံခြုံသော ဦးထုပ်ကို ဆောင်းရပါသည်။ ရေချိုးခန်းတွင် ခေါင်းလျှော်လေ့မရှိဘဲ နီးစပ်ရာ Beauty Parlor သို့သာ သွားရောက်ရပါသည်။ ရေချိုးခန်းမျက်နှာကြက်တွင် ရေစက်များက အစဉ်သီးနေပြီး အောက်သို့ ရေပေါက်များ ကျရောက်နေ၍ဖြစ်ကြောင်း ဒေါ်မိုးမိုးက ရှင်းပြပါသည်။

ကမာရွတ်မြို့နယ်နေ ဦးထွန်းခိုင်သည် ၎င်း၏ အပေါ်ထပ်နေ ခရီးသွားကုမ္ပဏီ မန်နေဂျာ အလုပ်မှ ပြန်အလာကို စောင့်ဆိုင်းနေပါသည်။ အဆိုပါပုဂ္ဂိုလ်မှာ ညည့်နက်မှ ပြန်ရောက်တတ်သော်လည်း မပြောမဖြစ်သောကိစ္စဖြစ်၍ စောင့်ဆိုင်းကာ ညှိနှိုင်းပြောဆိုသော်လည်း "ကျွန်တော်က အိမ်မှာ အိပ်ရုံပဲနေတာ။ Toilet လုံးဝမသုံးသလောက်ပဲ။ ကျွန်တော် အကုန်အကျမခံနိုင်ဘူး" ဟု တုံ့ပြန်ပါသည်။ ဦးထွန်းခိုင်နေထိုင်သည့် ကန်ထရိုက်တိုက်ခန်း မျက်နှာကြက်မှ ရေများ ယိုကျနေ၍ အပေါ်ထပ်နေသူနှင့် ညှိနှိုင်းခဲ့သည့် အတွေ့အကြုံကို ကာယကံရှင်က ရှင်းပြခြင်း ဖြစ်သည်။

အလုံမြို့နယ် လေးထပ်ကန်ထရိုက်တိုက်၏ သုံးထပ်မြောက်နေ ဒေါ်အေးအေးသိန်း၏ အိပ်ပျက်၊ စားမဝင်မှုကတော့ ၎င်းတိုက်ခန်း ခေါင်းရင်းဘက်နံရံနှင့် မျက်နှာ

ကြက် ထိစပ်ရာနေရာတွင် အမည်းရောင် မှိုကွက်တစ်ခု ပြန့်လာချိန်မှ စတင်ပါသည်။ နောင်တွင် ရေများ အစဉ်စွတ်စိုကာ ဘီတင်မသုံးဘဲ သွယ်တန်းထားသည့် ဓာတ်ကြိုး၏ ပေါက်ပြဲမှုနှင့် အချိန်ကိုက်တိုက်ဆိုင်၍ Main Switch များ ချထားရပါသည်။ ဒေါ်အေးအေးသန်း၏ အပေါ်ထပ်နှင့် ၎င်းအထပ်တို့၏ ခေါင်းရင်းဘက်နံရံသို့ မိုးဆက်တိုက်ပက်ရာမှ ယခုကဲ့သို့ ဖြစ်ပေါ်ခြင်း ဖြစ်သည်။ အပေါ်ထပ်အခန်း၏ သံမံတလင်းနှင့် ပျဉ်ကြမ်းခင်းအကြား ရေအိုင်ကြီးပင် ဖြစ်နေခဲ့သည်ဟု ဒေါ်အေးအေးသန်းက ပြောပြပါသည်။

အထက်ဖော်ပြပါဖြစ်ရပ်များ မဖြစ်ပေါ်စေရန်အတွက် ရေယိုစိမ့်မှု ကာကွယ်ခြင်းကို အဆောက်အအုံများ စတင် ဆောက်လုပ်စဉ်ကပင် မဖြစ်မနေ ထည့်သွင်းရန်လိုအပ်သည့်နည်းတူ မထည့်သွင်းဖြစ်ခဲ့သော အဆောက်အအုံများအတွက်လည်း Repairing ခေါ် ပြန်လည်ပြင်ဆင်ခြင်း ဝန်ဆောင်မှုများ မဖြစ်မနေလိုအပ်လာပါသည်။ Want ဟု ဆိုနိုင်သော ငွေပို၍ ထည့်သွင်းခြင်း မဟုတ်ဘဲ Need ဟု ဆိုနိုင်သော မဖြစ်မနေလိုအပ်သော ဝန်ဆောင်မှုပင် ဖြစ်ပါသည်။

"၁၉၉၆ ခုနှစ်ဝန်းကျင်တုန်းက အဆောက်အအုံတွေ အများကြီး ဆောက်ကြပေမယ့် Waterproofing မထည့်ခဲ့ကြဘူး။ အခု ပြဿနာပေးနေပြီ"ဟု Z & H Co., Ltd. မှ ဦးဇော်ဇော်က ပြောပါသည်။

## ပုံဆောင်ခဲနှင့် အလွှာပါး

အဆောက်အအုံများ၏ ကွန်ကရစ်သားများတွင် သာမန်မျက်စိဖြင့် မြင်နိုင်စွမ်းမရှိသော ဆံချည်မျှင်အကြောများသည် ရေယိုစိမ့်မှု၏ အဓိက တရားခံဖြစ်သည်ဟု ရေယိုစိမ့်မှုကာကွယ်ရေးဝန်ဆောင်မှု လုပ်ငန်းကျွမ်းကျင်သူတစ်ဦးက ပြောပါသည်။ မျက်နှာကြက်နှင့် နံရံများမှာ နွေတွင် ပူ၍ ပွလာပြီးနောက် မိုးတွင်းအရောက်တွင် ကျုံ့ဝင်ရာမှ အဆိုပါဆံချည်မျှင်များ မူလထက် ကြီးမားလာသည့်အခါ မဖြစ်မနေ ပြုပြင်ဆောင်ရွက်ရပါတော့သည်။ ထိုအခါ Green Sea 200 ကဲ့သို့ Construction Chemical ကို Negative Side (အတွင်းဘက်နံရံ)မှနေ၍ ရေဖျော်သုတ်ကာ ဆံချည်မျှင်ကြောများထဲသို့ ပုံဆောင်ခဲအဖြစ် ပြောင်းလဲစေပါသည်။ တစ်ဖက်နံရံမှဝင်လာသော ရေကို Block လုပ် (တားဆီး)ထားနိုင်သည်ဟု ကျွမ်းကျင်သူတစ်ဦးက ဆိုပါသည်။

အဆောက်အအုံအချို့တွင် မြေအောက်ခန်းကဲ့သို့ နေရာများတွင် ရေယိုစိမ့်မှု များပြားလာပါက ရေစိမ့်သည့်နေရာသို့ PU Foam ခေါ် ဆေးအရည်ကို Injection Pump ဖြင့် ထိုးသွင်းရိုက်ထည့်ပါက စိမ့်ဝင်သည့်ရေနှင့် ဓာတ်ပြုကာ အဆ ၂၀ ပွပြီး ရေကို Block လုပ်ထားနိုင်ကြောင်း ကျွမ်းကျင်သူတစ်ဦးက ရှင်းပြသည်။ "Hydrualic Cement ဆိုတာ ရှိသေးတယ်။ ရေစိမ့်တဲ့နံရံကို တွင်း၊ သန့်ရှင်းရေးလုပ်ပြီး သူနဲ့ပိတ်ရင် တစ်မိနစ်အတွင်း ခဲပြီး ရေပိတ်သွားတယ်"ဟု ၎င်းက ဆိုသည်။ သို့သော် ရေယိုစိမ့်မှုအား ကြိုတင်ကာကွယ် ထည့်သွင်းခြင်းသည်သာ အကောင်းဆုံးဖြစ်ကြောင်း၊ ကျောက်ပြားကပ်မည့် နံရံများ၊ ရေကန်တို့ကို Construction Chemical အရည်၊ အမှုန့်နှစ်မျိုးရော၍ သုတ်ပါက Memberance (အလွှာပါး) တစ်ခု ဖြစ်ပေါ်ကာ ရေစိမ့်မဝင်အောင် တားဆီးပေးနိုင်ကြောင်း ၎င်းက ထပ်လောင်းပြောပြပါသည်။

ရေယိုစိမ့်မှုကာကွယ်ရေးဝန်ဆောင်မှုလုပ်ငန်းများသည် အထက်ပါ Construction Chemical များဖြင့် ဆောင်ရွက်ပေးသည့်အပြင် ကတ္တရာချပ် အလွှာပါးများ (Green Seal Everpol) အား အပေါ်ထပ်၏ ကြမ်းတွင်တွင် ခင်း၍ အောက်သို့ ရေမစိမ့်ရန် ဆောင်ရွက်ခြင်း၊ ရေကူးကန်၊ မွေးမြူရေးကန်၊ ရေဆိုးလှောင်ကန်များ ပြုလုပ်ရာ၌ ကွန်ကရစ် နှစ်ထပ်လောင်းရာတွင် PVC Waterstops များ ထည့်သွင်းခြင်းတို့ကိုပါ ဝန်ဆောင်မှုပေးလျက် ရှိသည်။

## ၁၀ ပေ ပတ်လည် ကျပ်ငါးသောင်း

လူနေအိမ်ခန်းများတွင် ရေယိုစိမ့်မှု ကာကွယ်ခြင်းကို ပြုလုပ်လိုပါက ဆင်ခြေဖုံး ကန်ထရိုက်တိုက်အများစု၏ အကျယ်အဝန်း ၁၅ × ၆၀ ပေဖြင့် တွက်ချက်ပါက တစ်ခန်းစာလျှင် ကျပ်သုံးသိန်းဝန်းကျင်သာ ကုန်ကျမည်ဖြစ်ကြောင်း ဦးဇော်ဇော်က တွက်ချက်ပြပါသည်။ "တစ်ကျင်းကို ငါးသောင်း (တစ်ကျင်း ၁၀၀ sqft) ပဲ ကျပါတယ်။ ရေချိုးခန်း ၈၀ sqft၊ အိမ်ကြ ၅၀ sqft၊ ပန်းစိုက်တဲ့ Planting Box အတွက် ပေ ၅၀ sqft၊ ဘေးနံရံအတွက် ပေ ၆၀ × ပေ ၃၀ နဲ့ အမြင့် ၉ ပေထားတွက်ရင် ၁၃၅၀ sqft အတွက်ပဲ လုပ်ဖို့လိုပါတယ်။ လူနေပြီဆို ရေထားရမယ်။ ရေထားတော့ ကွန်ကရစ်က စိမ့်မယ်။ သံချောင်း အစိုပြန် သံချေးတက်ရာက စိမ့်မယ်။ ကာကွယ်ထားတော့ ကုန်ကျစရိတ်နည်းနည်းနဲ့ စိတ်အေးရတာပေါ့"ဟု ၎င်းက ရှင်းပြသည်။

ရေယိုစိမ့်မှုကာကွယ်ရန် ပစ္စည်းရောင်းချသည့်အပြင် ဝန်ဆောင်မှုပါ ပေးနေတော့ လုပ်ငန်းများမှ ပစ္စည်းအမျိုးအစားအလိုက် Grade သုံးမျိုးခန့် ခွဲခြားထားရှိတတ်ပြီး အာမခံသက်တမ်းကိုလည်း ငါးနှစ်၊ ခုနစ်နှစ်၊ ၁၀ နှစ် စသည်ဖြင့် ကုန်ကျစရိတ်အလိုက် စာချုပ်ချုပ်ဆိုပေးလျက်ရှိသည်။ "မဖြစ်မနေ လုပ်စရာရှိလို့ (ဥပမာ– ရေပိုက်အသစ်လဲခြင်း၊ မီးကြိုးပိုက် အသစ်ထည့်ခြင်း) Slab ကို ဖောက်လိုက်ရရင်လည်း ဈေးသက်သာအောင် ညှိနှိုင်းပြီး ပြန်လုပ်ပေးပါတယ်"ဟု After Sale Service ထားရှိပုံကို ဝန်ဆောင်မှုလုပ်ငန်းရှင်တစ်ဦးက ရှင်းပြပါသည်။

**မျိုးညွန့်မောင်**



ဂြိုဟ်တုစလောင်းထိန်းချုပ်ခန်း တပ်ဆင်နေပုံ

# အထပ်မြင့်နှင့် ရုပ်သံဆိုင်ရာ အစီအမံများ

ကံရှင်

**နေရာဒေသ၊ လမ်းပန်းဆက်သွယ်ရေး၊ စီးပွားရေးနှင့် ပညာရေးဆိုင်ရာ အချက်အချာကျမှုတို့ကြောင့် လူနေထူထပ်သော မြို့ပြများတွင် တိုးပွားလာသော လူဦးရေနှင့် လိုက်လျောညီထွေဖြစ်စေသည့် အထပ်မြင့်အဆောက်အအုံများကို တည်ဆောက်ကြရပေရာ သာမန်လုံးချင်းအိမ်ရာများနှင့် မတူညီသည့် သဘာဝရှိသော မြေတစ်ကွက်တည်းအပေါ်ရှိ အိမ်ထောင်စုအများအပြား စုစည်းနေထိုင်ရခြင်း၌ သာတူညီမျှအခွင့်အရေးရှိရေးအတွက် ကြိုတင်ပြင်ဆင်အပ်သည့် အစီအမံများမှာ လိုအပ်မည် ဖြစ်ပေသည်။**

အိမ်ထောင်စုများ အထပ်မြင့်အဆောက်အအုံတစ်ခုတည်း၌ စုစည်းနေထိုင်ရာတွင် အဆိုပါအဆောက်အအုံနှင့် ပတ်သက်သော ဘုံပိုင်ဆိုင်ခွင့်ရှိသည့် အရာများကို ကြိုတင်ပြင်ဆင်ထားသော အစီအမံများ မရှိပါက အိမ်ခန်းများ၌ ဆောလျင်စွာ နေထိုင်သူများက လက်ဦးမှုရယူကာ တစ်ဦးတည်းပိုင်အဖြစ် အသုံးချသွားနိုင်ပေသည်။ ထိုအခါ နောက်ကျရောက်ရှိသော အိမ်ထောင်စုများအနေနှင့် ရသင့်ရထိုက်သော ခံစားခွင့်ကို ပြည့်ဝစွာ မရရှိနိုင်တော့ဘဲ နစ်နာဆုံးရှုံးကြရမည် ဖြစ်သည်။ ယင်းကဲ့သို့ သာတူညီမျှအခွင့်အရေးကို မရရှိပါက တရားမျှတမှုကို အလေးထားသည့် လူမှုကျင့်ဝတ်ဆိုင်ရာ စံနှုန်းများ ပျက်ပြားစေနိုင်ပါသည်။ အဆိုပါစံနှုန်းများကို ထိန်းညှိနိုင်စေရန်အတွက် လိုအပ်သော အထပ်မြင့်ဆိုင်ရာဥပဒေ စည်းမျဉ်းစည်းကမ်းများနှင့် ကြိုတင်အစီအမံများကို ခိုင်မာတိကျသော လုပ်ထုံးလုပ်နည်းများဖြင့် ပြဋ္ဌာန်းဆောင်ရွက်မှသာ မြို့ပြလူနေမှုဘဝများအား အဆင်ပြေချောမွေ့စေမည် ဖြစ်ပါသည်။

## မရှိမဖြစ် အသုံးအဆောင်

နည်းပညာတိုးတက်မှုနှင့်အတူ လူ့ဝန်းကျင်တစ်ခုလုံး ရုပ်ဝတ္ထုပစ္စည်းဆိုင်ရာ လိုအပ်ချက်များ တစ်နေ့တခြား များပြားလာသည်မှာ သေချာလှပါသည်။ အိမ်ထောင်စုတိုင်းအတွက် မရှိမဖြစ် လိုအပ်လာသော လူ့အသုံးအဆောင်ပစ္စည်းများတွင် ရုပ်မြင်သံကြားကဲ့သို့သော လူထုဆက်သွယ်ရေးဆိုင်ရာ အသုံးအဆောင်များမှာလည်း အများအားဖြင့် မြို့ပြတွင်နေထိုင်သူတို့၏ အိမ်တွင်း၌ မဖြစ်မနေ ပါဝင်လာရမည့် အနေအထားပင် ရှိလာသည်။ အဓိကအားဖြင့် ပြည်တွင်းမှ ထုတ်လွှင့်သော ရုပ်သံလိုင်းများကိုသာမက နိုင်ငံတကာမှ ထုတ်လွှင့်သော ရုပ်သံမီဒီယာများကိုပါ ဖမ်းယူကြည့်ရှုနိုင်သော ဂြိုဟ်တုစနစ်သုံး ရုပ်သံဆိုင်ရာ အီလက်ထရွန်နစ်ပစ္စည်းများမှာ တစ်နေ့တခြား ဖမ်းယူကြည့်ရှုသူများပြားလာကာ အိမ်ထောင်စုတိုင်းအတွက် မရှိမဖြစ် အနေအထားသို့ပင် ရောက်လုနီးနေပြီ ဖြစ်သည်။

လုံးချင်းအိမ်ရာများတွင် နေထိုင်သူ

များအနေဖြင့် မိမိတို့၏ အိမ်ရာအတွင်း၌ ဝန်ကျယ်လှသော အဆိုပါဂြိုဟ်တုစလောင်းနှင့် ဆက်စပ်ပစ္စည်းများကို အလွယ်တကူ တပ်ဆင်၍ ဖမ်းယူကြည့်ရှုရန် အခက်အခဲ မရှိသော်လည်း မြေနေရာတစ်ကွက်တည်း အပေါ်၌ လူနေအိမ်ခန်းများစွာဖြင့် ဖွဲ့စည်းထားသော အထပ်မြင့်အဆောက်အအုံများစွာတွင်မူ နေထိုင်သော အိမ်ထောင်စုအရေအတွက်နှင့် ဂြိုဟ်တုစလောင်း တပ်ဆင်ရန်နေရာအကျယ်အဝန်း မလုံလောက်မှုတို့ကြောင့် များစွာ အခက်အခဲ ကြုံကြရသည်။ ယင်းအခါမျိုး၌ တိုက်ခန်းများတွင် နေထိုင်သူတို့အနက်မှ အဦးဆုံးစလောင်း တပ်ဆင်သူများအတွက် အဆင်ပြေသွားသော်လည်း နောက်ကျ၍ တပ်ဆင်သူများမှာ စလောင်းတပ်ဆင်ရန် နေရာမရှိတော့သည့်အခါ ဂြိုဟ်တုရုပ်သံ အစီအစဉ်များ ကြည့်ရှုရမည့်အခွင့်အရေးကို လက်လွှတ်ရမလို ဖြစ်ကုန်၏။ ထို့အပြင် အဆောက်အအုံတစ်မိုးအောက်တည်းတွင် နေထိုင်သူချင်း ဦးရာလူစနစ်ကြောင့် ရပိုင်ခွင့်မမျှတမှုများ ဖြစ်ပေါ်လာတော့သည်။

## ရှုပ်ထွေးနေသော မြင်ကွင်းများ

မြို့ပြ၏ အမှတ်သရုပ်တစ်ခုဖြစ်သော အထပ်မြင့်အဆောက်အအုံတိုင်းလိုလိုတွင် တွေ့ရလေ့ရှိသည်မှာ ရှုပ်ထွေးနေသော ရုပ်သံဖမ်းအင်တင်နာတိုင်များ၊ ဂြိုဟ်တုစလောင်းဘန်းများနှင့် စနစ်ကျနမှုမရှိဘဲ တိုက်မျက်နှာစာများ၌ မျက်စိနောက်စရာဖြစ်နေသော ဝါယာကြိုး၊ စလောင်းကြိုး အပါအဝင် ကြိုးတန်းမျိုးစုံပင် ဖြစ်ပါသည်။ ယင်းကဲ့သို့ ရှုပ်ထွေးမှုသည် မြို့ပြ၏ ကျက်သရေကိုဆောင်သော အထပ်မြင့်များ၏ တင့်တယ်မှုကိုပင် ထိခိုက်စေ၏။ ထို့အပြင် အိမ်ခန်းတစ်ခန်းမှ တွဲလောင်းချဆက်သွယ်ထားသော ဝါယာကြိုး၊ စလောင်းကြိုးတို့မှာ အခြားသော တိုက်ခန်းများ၏ မျက်နှာစာများကို ဖြတ်သန်းဆက်သွယ်မှုများရှိသဖြင့် အဆောက်အအုံတစ်ခုတည်းနေသူချင်း မသင့်မမြတ်ဖြစ်ကာ လူမှုဝန်းကျင်တည်ငြိမ်မှုကို ထိခိုက်နိုင်ပါသေးသည်။ အထပ်မြင့်အဆောက်အအုံများနှင့်ပတ်သက်သော ပဋိပက္ခများတွင် မကြာခဏကြားရလေ့ရှိသည်မှာ အဆောက်အအုံ၏အမိုးပေါ်ရှိ ကွန်ကရစ်ကြမ်းခင်း (Slab) ပေါ်တွင် ဂြိုဟ်တုစလောင်းဘန်းများအား ကြမ်းပြင်တွင် မူလီဆွဲတပ်ဆင်ထားသဖြင့် အောက်ဘက်အိမ်ခန်းသို့ ရေစိမ့်ဝင်မှုများ ဖြစ်ပေါ်တတ်ခြင်းပင် ဖြစ်သည်။ စလောင်းဘန်းအရေအတွက် များလာလေ မိုးရေစိမ့်ဝင်ရန် အခွင့်အလမ်း ပိုမိုများပြားလေဖြစ်သဖြင့် အပေါ်ဆုံးထပ်တွင် နေထိုင်သူတို့အား များစွာ အနှောင့်အယှက်ပြုရာ ရောက်လေတော့သည်။

## ဘုံသုံးစလောင်းစနစ်

အဆိုပါပြဿနာအရပ်ရပ်ကို ပြေလည်စေရန်အတွက်မှာ ရုပ်သံနှင့်ပတ်သက်သည့် အစီအမံများကို ကြိုတင်ချမှတ်ဆောင်ရွက်ထားရန် လိုအပ်သည်။ အိမ်ထောင်စုများ ဝင်ရောက်နေထိုင်ခြင်း မရှိသေးသော အထပ်မြင့်အဆောက်အအုံများအတွက် ယင်းကဲ့သို့ ကြိုတင်အစီအမံများ ချမှတ်ဆောင်ရွက်ထားရန်မှာ အဆင်ပြေမည်ဖြစ်သော်ငြား လူအများ ဝင်ရောက်နေထိုင်ပြီး ဖြစ်နေသော အဆောက်အအုံများအတွက်မူ ညှိနှိုင်းဖြေရှင်းရန် အခက်အခဲရှိမည် ဖြစ်သည်။ အဆိုပါ အခက်အခဲကို ပြေလည်စေရန်အတွက် သက်ဆိုင်ရာအဆောက်အအုံအသီးသီး၌ တိုက်သာယာရေးကော်မတီများ ဖွဲ့စည်းထားရှိပြီး တစ်မိုးအောက်တည်းနေသူအားလုံး၏ အခွင့်အရေးနှင့်တာဝန်ကို သာတူညီမျှဖြစ်စေရန် တာဝန်ယူ၍ စီမံခန့်ခွဲနိုင်ရန် လိုအပ်မည် ဖြစ်သည်။

ရုပ်သံဆိုင်ရာခံစားခွင့်များကို အထပ်မြင့်နေ အိမ်ထောင်စုအားလုံး တစ်ပြေးညီရရှိစေရန်အတွက် SNATV, S.CATV စနစ်တို့ကဲ့သို့သော ဘုံသုံး စလောင်းစနစ်များကို အသုံးပြုရမည် ဖြစ်သည်။ SNATV စနစ်မှာ တပ်ဆင်ထားသော ဂြိုဟ်တုစလောင်းများအား ထိန်းချုပ်ခန်း (Control Room) တစ်ခန်းမှ စီမံခန့်ခွဲ၍ တိုက်ခန်းအသီးသီးသို့ ဆက်သွယ်ဆောင်ရွက်ပေးသောစနစ် ဖြစ်သည်။ အဆိုပါစနစ်တွင် တိုက်ခန်းအသီးသီးက တောင်းဆိုသော ဂြိုဟ်တုလိုင်းများအား ထိန်းချုပ်ခန်းတွင်ရှိသော Operator က သက်ဆိုင်ရာ ဂြိုဟ်တုစလောင်းအား Positioner ဖြင့် ရွေးချယ်ပြောင်းရွှေ့ပေးခြင်းဖြစ်သည်။ ယင်းစနစ်သည် ဂြိုဟ်တုလိုင်းမျိုးစုံအား ရွေးချယ်သုံးစွဲနိုင်သော အားသာချက်ရှိသော်ငြား အခြားသော အားနည်းချက်များလည်း ရှိပေသည်။ အားနည်းချက်များမှာ ထိန်းချုပ်ခန်းအတွက် နေရာပေးရခြင်း၊ အော်ပရေတာထားရှိရခြင်းနှင့် ကုန်ကျစရိတ်များပြားခြင်းတို့ပင် ဖြစ်သည်။

အခြားစနစ်တစ်မျိုးမှာ S.CATV စနစ် (Sattelite Community Antenna Television System) ဖြစ်သည်။ ယင်းစနစ်သည် လိုအပ်သော ဂြိုဟ်တုအရေအတွက်နှင့်အညီ ဂြိုဟ်တုစလောင်းဘန်းများ တပ်ဆင်ရန် လိုအပ်သည်။ စလောင်းဘန်းတစ်ခုစီသည် ဂြိုဟ်တုတစ်လုံးစီအား သီးခြားစီ အငြိမ်ချိန်ညှိထားရသည်။ သို့အတွက် ဂြိုဟ်တု ရှစ်လုံးမှ ရုပ်သံလိုင်းများကို ဖမ်းယူလိုပါက စလောင်းဘန်း ရှစ်ချပ်အသုံးပြုရန် လိုအပ်မည် ဖြစ်သည်။ စလောင်းတစ်ချပ်ချင်းစီတွင် Horizontal နှင့် Vertical Single LNB ထိပ်ဖူးနှစ်လုံးစီ အသုံးပြုရသည်။ အဆိုပါစလောင်းအသီးသီးမှ ဝါယာကြိုးများသည် System Amplifier (Booster) ဆီသို့ ရောက်ရှိပြီး ယင်းမှတစ်ဆင့် Separator စက်ဆီသို့ ရောက်ရှိသည်။ Separator မှ ထွက်သော ကြိုးများအား တိုက်ခန်းအသီးသီးရှိ ဂြိုဟ်တုရုပ်သံဖမ်းစက်များသို့ Switcher ဖြင့် ခွဲထုတ်ပေးသည်။ အဆိုပါစနစ်သည်



တိုက်ခေါင်မိုးပေါ်မှ စလောင်းများ

Operator မလိုဘဲ အလိုအလျောက် ပြောင်းလဲပေးနိုင်သောစနစ် ဖြစ်သည်။

အဆိုပါစနစ်အား ကျယ်ကျယ်ပြန့်ပြန့် ဝန်ဆောင်မှုပေးနေသော စွမ်းအားရှင် အီလက်ထရွန်နစ်မှ ကိုချိုက "ဒီစနစ်မှာ အားသာချက်တွေ အများကြီးရှိပါတယ်။ အခန်းတစ်ရာ၊ နှစ်ရာရှိတဲ့ တိုက်တွေမှာ စလောင်းရှစ်ချပ်လောက် တပ်လိုက်ရုံနဲ့ လိုင်း ၂၀၀ လောက်ကို အခန်းတိုင်း ကြည့်နိုင်မှာ။ ပြီးတော့ ခေါင်မိုးမှာ စလောင်းတွေ အများကြီးတပ်ထားလို့ မိုးရေစိမ့်တာမျိုး၊ စလောင်းတွေ ရှုပ်ထွေးနေတာမျိုးတွေ မရှိတော့ဘူး။ နောက်ပြီး စလောင်းကြိုးတွေကို စနစ်တကျစီ တပ်ဆင်ဆက်သွယ်ထားလို့ တိုက်တွေမှာ ကြိုးတွေတိုးလိုးတွဲလောင်းနဲ့ ရှုပ်နေတာမျိုးတွေ မရှိတော့ဘူး" ဟူ၍ အဆိုပါစနစ်၏ အားသာချက်များကို ဖော်ထုတ်ပြောဆိုပါသည်။

ယင်းစနစ်ကို တိုက်ခန်းများ တည်ဆောက်ရောင်းချရာတွင် ထည့်သွင်းအသုံးပြုပါက များစွာ အဆင်ပြေကြောင်း၊ တိုက်ခန်းများ၏ အလှအပကို မထိခိုက်နိုင်တော့သလို တိုက်ခန်းတိုင်းတွင် ဂြိုဟ်တုရုပ်သံလိုင်း ဖမ်းယူကြည့်ရှုနိုင်သည်ဟူသော အားသာချက်ကြောင့် စားသုံးသူကို ပိုမိုဆွဲဆောင်နိုင်မည်ဖြစ်ကြောင်း အဆိုပါ ပုဂ္ဂိုလ်က သုံးသပ်သည်။

"နိုင်ငံတကာမှာတော့ ရုပ်သံလိုင်းတွေကို ကေဘယ်လ်စနစ်နဲ့ ထုတ်လွှင့်ပေးတာ များပါတယ်။ ဒီစနစ်ကလည်း ကေဘယ်လ်အခြေခံပါပဲ။ ဂြိုဟ်တုတစ်ခုချင်းစီက ထုတ်လွှင့်တာကို တိုက်ခန်းတွေဆီ ကေဘယ်လ်နဲ့ ခွဲဝေဆက်သွယ်ပေးတာပါ" ဟု ကိုချိုက ထပ်လောင်းရှင်းပြသည်။

ယင်းစနစ်ကို အသုံးပြုထားသော အထပ်မြင့်အဆောက်အအုံများရှိ အခန်းအသီးသီးတွင် ဂြိုဟ်တုရုပ်သံဖမ်းယူကြည့်ရှုခွင့်ကို အသီးသီးတူညီစွာ ရရှိနိုင်မည်ဖြစ်သည်။ ထို့အပြင် စနစ်၏အားသာချက်ကြောင့် ထုတ်လွှင့်သည့် ဂြိုဟ်တုမတူညီသော ရုပ်သံလိုင်းများကို တစ်ခုမှတစ်ခုသို့ ပြောင်းလဲဖမ်းယူရာတွင် စလောင်းဘန်းအား ရွှေ့လျားစေရန် မလိုသဖြင့် လွန်စွာလျင်မြန်သောအကျိုးကို ရရှိမည်ဖြစ်သည်။ ဥပမာ–ဒီဂရီများစွာ ကွာခြားသော ဂြိုဟ်တုနှစ်လုံးဖြစ်သည့် MWD ရုပ်သံပါဝင်သော ဂြိုဟ်တုနှင့် MRTV ရုပ်သံပါဝင်သော Thaicom-3 ဂြိုဟ်တုတို့မှ လိုင်းများကို ပြောင်းရွှေ့ဖမ်းယူရာ၌ လွန်စွာ အဆင်ပြေစေမည် ဖြစ်သည်။ အဆိုပါစနစ်တွင် စလောင်းဘန်း ရွှေ့လျားရန်မလိုအပ်သဖြင့် Positioner မော်တာသုံးမောင်းတံစသော ပစ္စည်းများ မလိုအပ်တော့ပေ။ ယင်းစနစ်နှင့် တွဲဖက်အသုံးပြုသင့်သည့် ဂြိုဟ်တုရုပ်သံဖမ်းစက်အမျိုးအစားများမှာ Meta Box, Top Field, To Field စသည်တို့ဖြစ်ကြောင်း ကိုချိုက ပြောပြသည်။ အဆိုပါစနစ်အား အသုံးပြုမည်ဆိုပါက ၁၆ ခန်းစာအတွက် ထိန်းသိမ်းစရိတ်နှင့် ဝန်ဆောင်ခအပါအဝင် တစ်ခန်းလျှင် တစ်သိန်းသုံးသောင်းကျပ်ခန့် ကျသင့်မည်ဟု ၎င်းက ဆိုသည်။ ယင်းနှုန်းထားတွင် ဂြိုဟ်တုရုပ်သံဖမ်းစက်တန်ဖိုး မပါဝင်သေးကြောင်း၊ ရုပ်သံဖမ်းစက်ကို မိမိနှစ်သက်ရာ ဝယ်ယူအသုံးပြု၍ ဖမ်းယူကြည့်ရှုနိုင်ကြောင်း ၎င်းက ရှင်းပြသည်။

တိုးတက်များပြားလာသော မြို့ပြလူဦးရေများ၏ ရုပ်ပိုင်းဆိုင်ရာ လိုအပ်ချက်များကို ဖြည့်ဆည်းရန်အတွက် ကြိုတင်အစီအမံများကို စနစ်တကျနှင့် အကောင်အထည်ဖော်ရန် လိုအပ်သည့်အားလျော်စွာ ယင်းကဲ့သို့ ရုပ်သံဆိုင်ရာ အစီအမံများကို မြို့ပြအထပ်မြင့် နေထိုင်သူတို့အားလုံးအတွက် သာတူညီမျှ အခွင့်အရေး ဖန်တီးပေးနိုင်သောစနစ်များကို မလွဲမသွေ အသုံးပြုသွားရန် အရေးကြီးပါသည်။ အိမ်နီးချင်းနိုင်ငံများသို့ ရောက်ရှိခဲ့ဖူးသူ မြန်မာဂျာနယ်လစ်တစ်ဦးက ပြောပြသည်မှာ "ကမ္ဘောဒီးယား မှာဆိုရင် ကေဘယ်လ်စနစ်နဲ့ ပေးနေတဲ့ ရုပ်သံလိုင်းက ၅၀ ဝန်းကျင်လောက် ရှိတယ်။ အိမ်တစ်လုံးပေါ်တက်နေပြီဆိုရင် ရုပ်သံလိုင်းက အဆင်သင့်ပဲ။ ရုပ်သံလိုင်း ၅၀ လောက်ကို ဖမ်းယူဖို့ တီဗီကို ပလပ်ပေါက်နဲ့ Join လိုက်ရုံပဲ။ တီဗီရှိတဲ့ အိမ်တိုင်း လိုင်း ၅၀ လောက် ကြည့်နိုင်တယ်။ ဈေးလည်း အရမ်းသက်သာတယ်။ မြို့ပေါ်က အိမ်တိုင်းလိုလိုမှာလည်း တီဗီရှိတယ်" ဟူ၍ ၎င်း၏ အတွေ့အကြုံကို ဖွင့်ဟပါသည်။

**ကံရှင်**

ကျေးဇူးစကား။ ။ တွေ့ဆုံမေးမြန်းခွင့်ပြုခဲ့သော စွမ်းအားရှင် အီလက်ထရွန်နစ်မှ ကိုချိုနှင့် အသိမိတ်ဆွေများအား အထူးကျေးဇူးတင်ရှိပါသည်။



# အဆင့်မြင့်အိမ်ရာများနှင့် ထိန်းသိမ်းကြီးကြပ်ရေးအဖွဲ့အစည်း

အောင်ကျော်မင်း ၊ ကျော်မျိုးညွန့်

**ခေတ်မီစီးပွားရေးလုပ်ငန်းများ လုပ်ဆောင်ရာတွင် ပညာရှင်တို့၏ စကားဝိုင်း၌ Ownership နှင့် Management ခွဲခြားရေးကို အရေးကြီးသောကဏ္ဍတစ်ခုအဖြစ် ဆွေးနွေးခဲ့ကြသည့်နည်းတူ ခေတ်မီမြို့ပြထူထောင်ရေးတွင်လည်း တိုးတက်များပြားလာသော အဆင့်မြင့်အိမ်ရာများ၌ Development နှင့် Maintenance ခွဲခြားလုပ်ကိုင်ရန်ကို အလေးထားစဉ်းစားရန် လိုအပ်လာပြီ ဖြစ်သည်။**

## နေမည်ဆိုလျှင် လိုက်နာပါ

### (၁) ချက်ပြုတ်ခြင်း

ဟင်းလျာများအား ကြော်လှော်ချက်ပြုတ်ရာတွင် အိမ်ရာထိန်းသိမ်းကြီးကြပ်အုပ်ချုပ်ရေးကော်မတီက သတ်မှတ်ထားသော ခွင့်ပြုနေရာများတွင်သာ ချက်ပြုတ်ကြရမည်ဖြစ်သည်။ ဝရန်တာ၊ လသာဆောင်၊ အိမ်ရာအတွင်းရှိ လမ်းများပေါ်တွင် ချက်ပြုတ်ခြင်းအား ခွင့်မပြု။

### (၂) ယာဉ်ရပ်နားခြင်း

အိမ်ရာအတွင်း အခန်းတစ်ခန်းစီအတွက် ယာဉ်ရပ်နားရန် နေရာနှစ်ခုစီ သတ်မှတ်ပေးထားပြီးဖြစ်ရာ သတ်မှတ်မျဉ်းသားထားသောနေရာများတွင် စနစ်တကျရပ်နားကြရမည် ဖြစ်သည်။ မြတ်ပင်နှင့် အလှစိုက်ပင်များ စိုက်ပျိုးသည့် အများပိုင်နေရာတွင် ရပ်နားခြင်း၊ အိမ်ရာဝင်ပေါက်နံဘေးတွင် စုပြုံရပ်နားခြင်းတို့ကို လုံးဝခွင့်မပြုပါ။

### (၃) ပုဂ္ဂလိကပိုင်ပစ္စည်းများ

အိမ်ရာအတွင်း နေထိုင်သူများအနေဖြင့် မိမိတို့၏ ပုဂ္ဂလိကပိုင်ပစ္စည်းများကို မိမိတို့၏ အခန်းရှေ့နှင့် လှေကားနေရာလွတ်များ၊ အများပိုင်နေရာများတွင် ယာယီသဘောဖြင့်ပင် ထားရှိခြင်း၊ သိုလှောင်ခြင်းတို့ကို လုံးဝခွင့်မပြု။

### (၄) အိမ်မွေးတိရစ္ဆာန်များ

အိမ်ရာအတွင်း နေထိုင်သူများထံသို့ လာရောက်သော ဧည့်သည်များ၊ ကာလတိုငှားရမ်းနေထိုင်သူများအား အိမ်ရာအတွင်းသို့ အိမ်မွေးတိရစ္ဆာန်များ ယူဆောင်လာခြင်းကို ခွင့်မပြု။ အိမ်ရာအတွင်း ဝယ်ယူ၍ ကိုယ်တိုင် နေထိုင်သူများအနေဖြင့်လည်း အောက်ပါစည်းကမ်းချက်များကို လိုက်နာရပါမည်။ (က) တိရစ္ဆာန်များကို အိမ်ရာအတွင်း လွှတ်ထားခြင်းမပြုရ၊ (ခ) ရေတိုက်ခြင်း၊ အစာကျွေးခြင်းတို့ကို မိမိပိုင်အခန်းအတွင်းသာ ဆောင်ရွက်ရမည်၊ (ဂ) တိရစ္ဆာန်များ အသံဆူညံမှု ဆက်တိုက်ဖြစ်ပေါ်ခြင်း၊ မကြာခဏ ဟောင်ခြင်းတို့ဖြစ်ပေါ်ပါက အိမ်ရာထိန်းသိမ်းရေးကော်မတီက ဖယ်ရှားခြင်းကို လက်ခံကြရမည်၊ (ဃ) ခြံဝင်းအတွင်း ပိုင်ရှင်ကိုယ်တိုင် ကြိုးချည်ထိန်းကျောင်းရာတွင် တိရစ္ဆာန်က အညစ်အကြေးစွန့်ခဲ့ပါက လှည်းကျင်းသန့်စင်မှုကို ပိုင်ရှင်က ဆောင်ရွက်ပေးရမည်။

### (၅) အများပိုင်ပစ္စည်းများ

ထိန်းသိမ်းရေးကော်မတီ၏ ခွင့်ပြုချက်တစ်စုံတစ်ရာ မပါရှိဘဲ အများပိုင်ပစ္စည်းများအား နေရာရွှေ့ပြောင်းခြင်းကို ခွင့်မပြုရ။

### (၆) ဆိုင်းဘုတ်ချိတ်ဆွဲခြင်း

မည်သည့် ကြော်ငြာဆိုင်းဘုတ်ကိုမျှ အိမ်ရာဝင်းအတွင်း ချိတ်ဆွဲခြင်းမပြုရ။ အခန်းယူနစ်ပိုင်ရှင်၏အမည်ကိုသာ မိမိ၏ အခန်းဝတွင် ချိတ်ဆွဲခွင့်ပြုသည်။

### (၇) ဆူညံမှု

ကလေးသူငယ်များ စိတ်ထင်တိုင်း အခန်းအတွင်း ဆော့ကစားခြင်းမပြုအောင် ထိန်းသိမ်းရမည်။ ကျယ်လောင်သော အသံများ ထွက်ပေါ်စေမည့် တေးသီချင်းများဖွင့်ခြင်း၊ ဗီဒီယိုရိုက်ကူးသူများအား ငှားရမ်းခြင်း၊ ဧည့်ခံပွဲများ ပြုလုပ်ကာ ဆူညံခြင်းတို့ မပြုရ။

**(၈) အန်တင်နာ**

ရုပ်မြင်သံကြား အန်တင်နာတိုင်များ၊ တစ်ဦးချင်းပိုင် ဂြိုဟ်တုစလောင်းများကို အများပိုင်နေရာတွင် တပ်ဆင်ခြင်း မပြုရ။

**(၉) ငှားရမ်းခြင်း**

၂၅ နှစ်အောက် လူငယ်၊ လူရွယ်များအား ထပ်ဆင့်ငှားရမ်းခြင်း မပြုရ။

**(၁၀) တရားမဝင်ပစ္စည်းများ**

စက်သုံးဆီများအပြင် တရားဥပဒေနှင့် မလွတ်ကင်းသော မည်သည့်ပစ္စည်းကိုမျှ အိမ်ရာအတွင်းသို့ ယူဆောင်ခြင်း၊ သိုလှောင်ခြင်းတို့ကို ခွင့်မပြု။ အိမ်ရာအတွင်းရှိ အရောင်းဆိုင်များမှ အိမ်ရာအတွင်းရှိ ၂၁ နှစ်အောက် လူငယ်များသို့ အရက်သေစာ ရောင်းချခြင်းကို သိရှိပါက ကော်မတီမှ ပိတ်သိမ်းရန် ဆုံးဖြတ်ပိုင်ခွင့်ရှိသည်။

**(၁၁) စည်းကမ်းချက်များ**

အိမ်ရာအတွင်း နေထိုင်သူများ လိုက်နာရမည့် စည်းကမ်းများနှင့် ကော်မတီ၏ လုပ်ထုံးလုပ်နည်းများအား မိတ္တူတစ်စောင်စီ ဖြန့်ဝေထားပြီးဖြစ်သည်။ ထပ်ဆင့် လွှဲပြောင်းငှားရမ်းပါက ငှားရမ်းနေထိုင်မည့်သူအား ကော်မတီသို့ ခေါ်ဆောင်၍ စည်းကမ်းချက်များ သိရှိကြောင်း လက်မှတ်ရေးထိုးရန် လိုအပ်သည်။ ဧည့်သည်များ ခေတ္တနေထိုင်မည်ဆိုပါက နေ့စဉ်သတင်းပို့ရမည်။

**(၁၂) ငှက်စာကျွေးခြင်း**

ဘာသာရေးအတွက်ဖြစ်စေ၊ ယတြာချေခြင်းအတွက်ဖြစ်စေ အိမ်ရာဝင်းအတွင်း ခိုနှင့် အခြားငှက်များအား အစာကျွေးခြင်းကို ခွင့်မပြု။

အထက်ဖော်ပြပါအချက်များမှာ ပြည်ပမှ အိမ်ရာတစ်ခု၏ ထိန်းသိမ်းကြီးကြပ်ရေးကော်မတီမှ ထုတ်ပြန်ထားသော မဖြစ်မနေ လိုက်နာရမည့် စည်းကမ်းများဖြစ်ပါသည်။ (Source: beachvacation properties.com)

## လူတိုင်းကြုံဖူးပါလိမ့်မည်

"ငါးမိနစ်ထက် ပိုမကြာပါဘူး။ ပြန်ဆင်းလာတိုင်း ရှေ့မှန်မှာ ကပ်ထားပြီးနေပြီ။ လူလိုသိပါ၊ နောက်မရပ်ပါနဲ့ဆိုတာပါသေးတယ်။ သူ့အတွက် ဘယ်လောက်ထိခိုက်မှာမို့လဲ"ဟု ကိုဒေးဗစ်က ပြောပါသည်။ 'ကြော်ငြာရမယ်'ဆိုသည့် ဆောင်ပုဒ်လက်ကိုင်ပြု၍ စီးပွားရေးလုပ်ငန်းလေးခုခန့် လုပ်ကိုင်နေသူ၏ ကန်ထရိုက်တိုက်ခန်းတစ်ခုတွင် နေထိုင်သည့် နာမည်ကျော်ဒီဇိုင်း ရေးဆွဲသည့် ကာတွန်းပညာရှင်ထံ သွားရောက်တိုင်း တွေ့ကြုံရမှု ဖြစ်သည်။

ရန်ကင်းမြို့နယ်မှ မော်တော်ယာဉ်ဝယ်ရောင်း ကိုပြည့်ကြီးသည် ကမာရွတ်မြို့နယ်အတွင်းရှိ ၎င်းနှင့် အကျိုးတူ လုပ်ကိုင်သူထံ သွားရောက်လေ့ရှိရာ "တံခါးပေါက်ထဲ သော့ထိုးမယ်ကြံလိုက်တော့ ပီကေတွေ သော့ပေါက်ထဲ သိပ်ထားတယ်။ သွားကြားထိုးတံတွေလည်း ထိုးထားတယ်။ တစ်ပေါက်ထဲ မဟုတ်ဘူး၊ အပေါက်တိုင်း။ သော့ပြင်တဲ့လူ ခေါ်လုပ်ရတဲ့အပြင် အဲဒီနေ့က ချိန်းထားတဲ့ အဝယ်သမားနဲ့ လွဲသွားတယ်"ဟူသည့် ဖြစ်ရပ်ကို ကြုံတွေ့ခဲ့ရကြောင်း ရှင်းပြပါသည်။

ဒေါ် (     )သည် တာမွေမြို့နယ်

**ဗဟန်းမြို့နယ်ရှိ Excel Treasure Tower တည်ဆောက်နေစဉ်**



ကျောက်မြောင်းရှိ တိုက်သစ်တစ်လုံး၏ မြေညီထပ်ကို ငှားရမ်းကာ လက်ဖက်ရည်ဆိုင် ဖွင့်လှစ်ပါသည်။ အဆိုပါတိုက်၏ အဋ္ဌမထပ်တွင် နေထိုင်သူက ကိုယ်တိုင်သောက်သုံးရန်ဖြစ်စေ၊ မိတ်ဆွေလာလျှင်ဖြစ်စေ လက်ဖက်ရည်နှင့် စားသောက်ဖွယ်ရာများ မှာယူလေ့ရှိပြီး ဆိုင်မှ စားပွဲထိုးဝန်ထမ်းငယ်များ သွားရောက်ပို့ဆောင်ရသည်။ သိမ်းယူရသည်။ ချေးများသည်ဟု ယူဆရသော အဆိုပါ အဋ္ဌမထပ်နေသူက ရေနွေးတွင် လက်ဖက်ခြောက်အနည်းအများ၊ လက်ဖက်ရည်အရသာစိတ်နှင့် ထပ်တူမကျမှု၊ စမူဆာစားရန်အချဉ်ရည်လိုအပ်မှုတို့ကို အကြောင်းပြုကာဆိုင်ဝန်ထမ်းများအား အကြိမ်ကြိမ်အတက်အဆင်းပြုလုပ်စေကြောင်း ဒေါ်(    )က ဆိုသည်။ ဝန်ထမ်းများ၏တောင်းဆိုမှုကြောင့် နောင်တွင် အိမ်ပို့ခြင်းကို မပြုတော့ဟုဆိုသည့်နောက် လက်ဖက်ရည်ဆိုင်တွင် ထိုင်နေသူများပေါ် ရေများသွန်ချခြင်း၊ လူခေါ်ခေါင်းလောင်းကြိုးတွင် အလေးချိန်စီးသော သံပိုက်ဟောင်းကြီးကို ချိတ်ဆွဲခြင်းတို့ ပြုလုပ်လာပါသည်။ သည်းခံနေသည့်ကြားမှပင် အဆိုပါပိုက်အား မကြာခဏ တိုက်မိသည်ကို ၎င်း၏ခေါင်းလောင်းအား မကြာခဏဆွဲကာ အနှောင့်အယှက်ပေးသည်ဟုဆို၍ အုပ်ချုပ်ရေးကောင်စီသို့ တိုင်ကြားခံရကြောင်း ၎င်းက ပြောပြပါသည်။

ထမင်းကျန်၊ ဟင်းကျန်များ ပစ်ချမှု၊ စီးပွားဖြစ် စက်ချုပ်လုပ်ငန်းများအား အောက်ထပ်မှ နားမခံသာအောင် ပြုလုပ်မှု၊ အရွယ်အစားကြီးသော အိမ်မွေးတိရစ္ဆာန်မွေးမြူမှု၊ စီးပွားဖြစ် အာလူးကြော်မှုတို့မှာ အထပ်မြင့်အိမ်ရာနေသူများ ရှောင်လွှဲမရနိုင်သော ကိစ္စရပ်များပင် ဖြစ်သည်။

## ဆားမပါသော ဟင်းခွက်များ

မြို့ပြအိမ်ရာများ၏ လက်ရှိအနေအထားကို လေ့လာကြည့်လျှင် ဝယ်ယူနေထိုင်သူများအနေနှင့် ကြိုတင်မျှော်မှန်းထားသော နောက်ဆက်တွဲ မပြေလည်မှုတို့နှင့် ရင်ဆိုင်ကြရခြင်းကို မကြာခဏကြားကြရပါသည်။ အကြောင်းရင်းမှာ အဆင့်မြင့်အိမ်ရာများ၊ ကွန်ဒိုမီနီယံများ၊ အထပ်မြင့်အဆောက်အအုံများ စသောမြို့ပြလူနေမှုစနစ်များနှင့် အကျွမ်းတဝင်မဖြစ်သေးသောကြောင့် ဖြစ်သည်။ ထို့အပြင်ကြိုတင်လေ့လာစိစစ်မှု အားနည်းခြင်း၊ လူအများနှင့် စုပေါင်းနေထိုင်ရာတွင် လိုက်နာရမည့် ကျင့်ဝတ်များအား အကျွမ်းဝင်သိရှိမှု နည်းပါးခြင်း၊ အခွင့်အရေးနှင့်တာဝန်ခွဲခြား သိရှိသည့် အလေ့အထ မရှိသေးခြင်းတို့ကြောင့်ပင် ဖြစ်သည်။ မြို့ပြအိမ်ရာနှင့် ပတ်သက်သော ပြဿနာမျိုးစုံတို့၏ အခြေခံမှာ ရုပ်ဝတ္ထုသက်သက်ဖြစ်သော အိမ်၊ တိုက်ခန်း၊ ရေကူးကန်၊ အားကစားကွင်း၊ ကားပါကင်အခင်းအကျင်း၊ ရှုကွင်းရှုကွက်၊ နေရာဒေသအချက်အချာ စသည်တို့ပေါ်တွင်သာ တန်ဖိုးဖြတ်ကာ အရေးပါသော ဝန်ဆောင်မှုကဏ္ဍကို အလေးထား ရှေ့တန်းတင်ရန် လိုအပ်နေသေးခြင်းကြောင့် ဖြစ်သည်။ အဆိုပါသဘောအယူမှာ ဟင်းအမယ်ကောင်းတစ်ခွက်ကို ဆားမထည့်ဘဲ ချက်ခြင်းနှင့် တူပါလိမ့်မည်။

လက်ရှိ မြို့ပြအိမ်ရာများတွင် အိမ်ရာတွင်း နေထိုင်သူတို့အတွက် ဝန်ဆောင်မှုကဏ္ဍကို အိမ်ရာတည်ထောင်သည့် ကုမ္ပဏီများ (Developers) က တာဝန်ယူ ဖြေရှင်းနေသည်ကို တွေ့ရသည်။ အိမ်ရာမွမ်းမံပြင်ဆင်မှု၊ ထိန်းသိမ်းမှု၊ လုံခြုံရေး၊ စီမံအုပ်ချုပ်ရေး စသည်တို့ကို အိမ်ရာတည်ဆောက်သူများက အိမ်ရာပြီးစီးပြီးနောက်ပိုင်းကာလအထိ ၎င်းတို့ ကုမ္ပဏီမှ ကိုယ်တိုင်ဝန်ထမ်းများ ငှားရမ်း၍ ဝန်ဆောင်မှုပေးနေကြသည်။ အချို့အိမ်ရာများတွင်မူ အိမ်ရာတွင် နေထိုင်သူများထဲမှ နားလည်တတ်ကျွမ်းသူ၊ အချိန်အားလပ်မှု ရှိသူတို့က တာဝန်ယူ၍ အိမ်ရာစီမံအုပ်ချုပ်ရေးအဖွဲ့များ ဖွဲ့စည်းကာ လုပ်ကိုင်ဆောင်ရွက်ကြသည်။ ယင်းကဲ့သို့ ကိုယ့်နည်းကိုယ့်ဟန်ဖြင့် ဖြေရှင်းဆောင်ရွက်နေကြသော အိမ်ရာဝန်ဆောင်မှုသည် စနစ်ကျနမှု၊ ကျွမ်းကျင်မှုတို့တွင် အားနည်းသဖြင့် အိမ်ရာနေသူများအတွက် နေ့စဉ်လည်ပတ်မှု အဆင်ပြေချောမွေ့မှု မရနိုင်သည်မှာ အထင်အရှားပင် ဖြစ်သည်။ အိမ်ရာတည်ဆောက်သူများမှ တာဝန်ယူ၍ စီမံအုပ်ချုပ်ရေးအဖွဲ့အစည်းကို ဖွဲ့စည်းကာ

**လှိုင်သာယာမြို့နယ်ရှိ FMI CITY ပဒေသာပင်မြို့တော်**



ဝန်ထမ်းများ ခေါ်ယူခန့်ထား ဆောင်ရွက်ပေးသော်ငြား အဆိုပါဝန်ဆောင်မှုလုပ်ငန်းသည် အိမ်ရာတည်ဆောက်သူများ၏ အဓိက ပင်မလုပ်ငန်း မဟုတ်သဖြင့် အလေးထားမှု လျော့နည်းနိုင်သလို အတွေ့အကြုံပြည့်ဝသည့် ကျွမ်းကျင်သော ဝန်ဆောင်မှုမျိုးကို ပေးနိုင်ရန်မှာ မလွယ်ကူလှပေ။ ယင်းကဲ့သို့ စီမံအုပ်ချုပ်ရေးနှင့် အိမ်ရာပြင်ဆင်ထိန်းသိမ်းရေးဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများအတွက် အဆိုပါလုပ်ငန်းတွင် အတွေ့အကြုံရင့်ကျက်၍ ကျွမ်းကျင်မှုရှိသော ကုမ္ပဏီအဖွဲ့အစည်းများ သီးခြားပေါ်ထွက်လာရန် လိုအပ်မည် ဖြစ်သည်။

## Maintenance ကို စျေးကွက်တင်ပါ

အဆိုပါဝန်ဆောင်မှုကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းများအား အိမ်ရာတည်ဆောက်သော ကုမ္ပဏီများအနေနှင့် အိမ်ရာမရောင်းချမီ၊ မပြီးစီးမီကတည်းကပင် ကြိုတင်ညှိနှိုင်းမှုများ ပြုလုပ်၍ ညှိနှိုင်းကာ လုပ်ငန်းအပ်နှံရမည်ဖြစ်သည်။ ထိုအခါ အိမ်ရာတွင်ပါဝင်မည့် တန်ဖိုးအရပ်ရပ်တွင် စီမံခန့်ခွဲမှုနှင့် ထိန်းသိမ်းမှု (Management and Maintenance) ကောင်းမွန်ခြင်းကိုပါ ထည့်သွင်း၍ ကြော်ငြာရောင်းချနိုင်မည် ဖြစ်သည်။ အိမ်ရာစီမံခန့်ခွဲမှုနှင့် ဝန်ဆောင်မှုဆိုင်ရာအဖွဲ့အစည်းများ၏ လုပ်ရည်ကိုင်ရည်နှင့် ဂုဏ်သတင်းအလိုက် အိမ်ရာဝယ်ယူမည့် စားသုံးသူများအား ဆွဲဆောင်ခေါ်ယူနိုင်မည် ဖြစ်သည်။ အဆိုပါအိမ်ရာစီမံခန့်ခွဲရေးကုမ္ပဏီများ၏ တာဝန်မှာ အိမ်ရာ၊ ကွန်ဒိုမီနီယံ စသည်တို့ ကောင်းမွန်စွာ ပုံမှန်လည်ပတ်နိုင်ရေး ဖြစ်သည်။ ကောင်းမွန်သော လူနေမှုစနစ်နှင့် လူမှုဝန်းကျင်ကို ရရှိနိုင်ရန် ယင်းအဖွဲ့အစည်းက တာဝန်ယူလုပ်ဆောင်ပေးရမည် ဖြစ်သည်။ နေထိုင်သူတို့၏ လိုအပ်ချက်အသီးသီးကို လိုအပ်သလို တာဝန်ယူဖြေရှင်းပေးနိုင်သော စွမ်းဆောင်ရည် ရှိရမည် ဖြစ်သည်။ အိမ်ရာတွင်ပါဝင်သော အဆောက်အအုံ၊ လျှပ်စစ်သွယ်တန်းမှုစနစ်၊ လုံခြုံရေးစနစ်၊ ဓာတ်လှေကား၊ ပန်းခြံ၊ ရေကူးကန်၊ ကစားကွင်း၊ ကားပါကင် စသည်တို့အား အရည်အသွေးလျော့ကျမသွားစေရန် ထိန်းသိမ်းစောင့်ရှောက်ရမည့်တာဝန် ရှိပေသည်။ ထိန်းသိမ်းမှုနှင့် ဝန်ဆောင်မှုအတွက် လိုအပ်သော ငွေကြေးအား စနစ်တကျ ကောက်ခံ၍ မှန်ကန်သော လုပ်ထုံးလုပ်နည်းများအတိုင်း စာရင်းဇယားနှင့် တိတိကျကျ ဆောင်ရွက်ထားရန် လိုအပ်သည်။ အိမ်ရာတစ်ခုလုံးအား စနစ်တကျ ထိန်းသိမ်းထားနိုင်ရန် လိုအပ်သော အိမ်ရာဆိုင်ရာ စည်းမျဉ်းဥပဒေများကို စနစ်တကျ ပြဋ္ဌာန်းထားရန်လည်း လိုအပ်မည်ဖြစ်သည်။ ကောင်းမွန်သော စည်းမျဉ်းစည်းကမ်းများ ချမှတ်ထားသော်လည်း စနစ်ကျနသော စီမံခန့်ခွဲမှုရှိပါက အိမ်ရာအား ရေရှည်ထိန်းသိမ်းစောင့်ရှောက်ရန် လွယ်ကူမည် ဖြစ်သည်။

ဝန်ဆောင်မှုနှင့် ပတ်သက်သော ကုန်ကျစရိတ်များအား နေထိုင်သူများအနေနှင့် ပေးရန်တာဝန်ရှိကြောင်းကို နားလည်သဘောပေါက်စေရန် ပညာပေးစည်းရုံးရပေမည်။ စီမံအုပ်ချုပ်ရေးအဖွဲ့နှင့် နေထိုင်သူများကြား နွေးထွေးသော ဆက်ဆံမှုရှိမှသာ နှစ်ဦးနှစ်ဖက် အဆင်ပြေမည်ဖြစ်သည်။ အိမ်ရာနေထိုင်သူများ ဝန်ဆောင်ခပေးရခြင်းမှာ အများသုံးနေရာများအတွက် စီမံအုပ်ချုပ်မှုစရိတ်၊ မွမ်းမံပြင်ဆင်စရိတ်နှင့် ထိန်းသိမ်းစရိတ်များ ကျခံရန်ဖြစ်ကြောင်း အိမ်ရာနေထိုင်သူများ နားလည်သဘောပေါက်စေရေးအတွက် စည်းရုံးတာဝန်ပေးရန် အိမ်ရာစီမံအုပ်ချုပ်ရေးအဖွဲ့များတွင် တာဝန်ရှိသကဲ့သို့ပင် နေထိုင်သူများအနေနှင့်လည်း လိုက်နာဆောင်ရွက်ရန် လိုအပ်မည်ဖြစ်သည်။ ကုန်ကျစရိတ်များ ကောက်ခံရာတွင် ပြင်ဆင်ထိန်းသိမ်းရမည့် အချိန်ကာလအလိုက် လစဉ် ပုံမှန် ခွဲဝေကောက်ခံထားရန် လိုအပ်သည်။ သို့မှသာ အိမ်ရာအား ဆေးသုတ်ခြင်း၊ ပြုပြင်ခြင်း၊ ဖြည့်စွက်ခြင်း စသည်တို့ကို ဆောင်ရွက်သည့်အချိန်တွင် ငွေကြေးမြောက်မြားစွာ ကောက်ခံရခြင်း မရှိတော့သည့်အတွက် အိမ်ရာနေထိုင်သူများအနေဖြင့် ငွေကြေးအကျပ်အတည်း မတွေ့နိုင်တော့သလို ငွေကြေးအမြောက်အမြားကို ကောက်ခံခြင်းကြောင့် ဖြစ်ပေါ်လာနိုင်သော မကျေနပ်မှုများကိုလည်း ရှောင်ရှားနိုင်မည် ဖြစ်သည်။ သို့အတွက် အိမ်ရာစီမံအုပ်ချုပ်မှုအဖွဲ့များအနေနှင့် ငွေကြေးခွဲဝေသုံးစွဲမှုနှင့် ရန်ပုံငွေဆိုင်ရာတို့တွင် စနစ်ကျနသော စီမံခန့်ခွဲမှုပုံသဏ္ဌာန် လိုအပ်မည်ဖြစ်သည်။ ဝန်ထမ်းလစာ၊ ပုံမှန်ထိန်းသိမ်းစရိတ်၊ ဆက်သွယ်ရေးဆိုင်ရာ ကုန်ကျစရိတ်၊ လျှပ်စစ်မီးအတွက် ကုန်ကျစရိတ် စသည်တို့အပြင် နှစ်အပိုင်းအခြားအလိုက် ပြုပြင်ထိန်းသိမ်းရမည့် စရိတ်များကို ကြိုတင်တွက်ချက်၍ စီမံခန့်ခွဲနိုင်ရန် လိုအပ်မည် ဖြစ်သည်။ ကုန်ကျစရိတ်နှင့် ခွဲဝေသုံးစွဲမှုတို့တွင် စနစ်ကျနသော စာရင်းဇယားများထားရှိမှု လိုအပ်သော်လည်း စာရင်းစစ်အဖွဲ့များအား ဝင်ရောက်အစစ်အဆေးခံခြင်း၊ အာမခံချက်ရယူခြင်းတို့မှာ စီမံအုပ်ချုပ်မှုလုပ်ငန်းကို ထိခိုက်စေသည့်အပြင် ကုန်ကျစရိတ်လည်း ပိုမိုစေသဖြင့် စီမံအုပ်ချုပ်ရေးအဖွဲ့တွင် အိမ်ရာနေထိုင်သူများပါ ပါဝင်ဆောင်ရွက်လာစေရန် လိုအပ်မည်ဖြစ်သည်။

## သာမန်အထပ်မြင့်အဆောက်အအုံများ

အိမ်ရာကြီးများ၊ ကွန်ဒိုမီနီယံများသည် အခန်းအရေအတွက် များပြားသလို Facilities လည်း ပိုမိုများပြားကောင်းမွန်သဖြင့် အဆိုပါအိမ်ရာများတွင် နေထိုင်သူတို့အတွက် အိမ်ရာနှင့် ပတ်သက်သော စည်းမျဉ်းစည်းကမ်းများကို ထိန်းသိမ်းကြပ်မတ်၍ စီမံအုပ်ချုပ်မည့်အဖွဲ့အစည်းများမှာ မလွဲမသွေ လိုအပ်မည် ဖြစ်သည်။ သို့သော် သာမန်လူနေအိမ်ခန်းသက်သက်သာ ပါဝင်သော အထပ်မြင့်အဆောက်အအုံများအတွက်မူ ယင်းကဲ့သို့ အဖွဲ့အစည်း

မျိုးအား ငှားရမ်းအသုံးပြုရလောက်အောင် ကျယ်ပြန့်သော ဝန်ဆောင်မှုလုပ်ငန်းမျိုး ရှိမည်မဟုတ်ပေ။ အိမ်ထောင်စုအနည်း ငယ်သာရှိသော အဆိုပါအဆောက်အအုံ များတွင် အများပိုင်အသုံးအဆောင်နှင့် နေရာမှာ အနည်းငယ်သာ ရှိသဖြင့် နေထိုင် သူအချင်းချင်း နားလည်မှုဖြင့် ဆောင်ရွက် နိုင်ပေသည်။ အများပိုင်ဖြစ်ရန် လိုအပ် သော အိမ်ခေါင်ကြမ်းပြင် (Slab) နှင့် ခေါင်မိုးများအား အိမ်ထောင်တစ်ခုတည်း က လက်ဝါးကြီးအုပ်ထားသည့်အဖြစ်မျိုး ကို ရှောင်ရှားနိုင်ရန် နေထိုင်သူတို့၏ လူမှု ရေးကျင့်ဝတ် လိုက်နာရေးက အခရာကျ မည်ဖြစ်သည်။

လူအမျိုးမျိုး စိတ်အထွေထွေရှိသည့် အလျောက် တစ်ဦးနှင့်တစ်ဦး နားလည်မှု ရှိရေးမှာ လွယ်ကူသည့် အခြေအနေမျိုး မဟုတ်ပေ။ ယခုအခါ အနယ်နယ်အရပ် ရပ်မှ မြို့ပြသို့ ပြောင်းလဲအခြေချမှု များပြား လာနေရာ မတူညီသောနေရာဒေသမှလာ သော မတူညီသည့် လူမှုစံနှုန်းများသည် မြို့ပြ၌ တွန်းတိုက်မိသည့် လူမှုရေးအကျိုး ဆက်များကို မြင်တွေ့လာရတော့သည်။ နေရာဒေသအမျိုးမျိုးမှ ဓလေ့စရိုက်နှင့် လူမှုစံနှုန်းရောင်စုံတို့သည် တစ်မိုးတည်း အောက်၌ တစ်တိုက်တည်းနေ အိမ်ထောင် စုများ ဖြစ်လာသောအခါ ပဋိပက္ခမျိုးစုံ၊ ပြဿနာမျိုးစုံတို့ ပေါ်ပေါက်လာရတော့ သည်။ အဆိုပါပြဿနာအရပ်ရပ်ကို ဖြေ ရှင်းနိုင်ရန် အထပ်မြင့်အဆောက်အအုံ အသီးသီးတို့တွင် တိုက်သာယာရေးကော် မတီများကို နေထိုင်သူများပါဝင်၍ ဖွဲ့ စည်းထားကြသည်။ အများအားဖြင့် မူလ တိုက်ပိုက်ရှင်မှ ဦးစီး၍ ဆောင်ရွက်ကြ သည်။ သို့သော် အထပ်မြင့်တိုက်များတွင် ဦးစွာ နေထိုင်သူတို့က အများပိုင်နေရာ များကို ကြိုတင်နေရာယူ သုံးစွဲထားသဖြင့် နောက်ကျ ရောက်ရှိနေထိုင်သူတို့အတွက် တစ်မိုးအောက်တည်းနေသူချင်း အခွင့် အရေးချင်း ကွာခြားမှုများ ဖြစ်လာသည်။ ထိုကဲ့သို့ ဦးရာလူစနစ်ကြောင့် အခြားသူ များ နစ်နာဆုံးရှုံးမှု မဖြစ်ပေါ်ရလေအောင် အများပိုင်နေရာများ၊ အများပိုင်ပစ္စည်း များကို ဘုံသုံးစွဲနိုင်ရန် စီမံခန့်ခွဲအုပ်ချုပ် ပေးခြင်းကို နေထိုင်သူများ ပါဝင်သော တိုက်သာယာရေးကော်မတီအဖွဲ့က ဆောင် ရွက်ပေးရမည်ဖြစ်သည်။ သို့သော် တိုက် သာယာရေးကော်မတီကဲ့သို့ အဖွဲ့အစည်း သည် လူနည်းစုပါဝင်ပြီး အကျိုးအမြတ် မပါဝင်သောလုပ်ငန်းမျိုးကို လုပ်ကိုင်ရ သဖြင့် အချို့သော ပြဿနာများကို ဖြေ ရှင်းပေးနိုင်မည် မဟုတ်ပေ။

ထိုကဲ့သို့သော အိမ်ထောင်စုအနည်း ငယ်သာရှိသည့် အထပ်မြင့် အဆောက် အအုံငယ်များတွင် လူမှုဝန်းကျင်သာယာ ချမ်းမြေ့ရေးမှာ တစ်ဦးချင်း၏ တာဝန်သိ တတ်မှု၊ လိုက်လျောညီထွေရှိမှု၊ နားလည်မှု စသော လူမှုရေးကျင့်ဝတ်စံနှုန်းများကို ကိုယ်စီစောင့်ထိန်းနိုင်မှသာ အဆင်ပြေ ချောမွေ့မည် ဖြစ်သည်။ လူအများနှင့် ရောနှောနေထိုင်ခြင်း၌ မိမိအတ္တသက် သက်ကိုသာ ရှေ့တန်းတင်တတ်သော အလေ့အထသည် မြို့ပြရှိ အထပ်မြင့် လူ နေမှုစနစ်နှင့် အံဝင်ခွင်ကျဖြစ်မည် မဟုတ် ပေ။ လူတစ်ဦးချင်း၏ အခွင့်အရေးကို တစ်ဦးနှင့်တစ်ဦး အပြန်အလှန် လေးစား တန်ဖိုးထားရန် လိုအပ်သလို လူတစ်ဦး ချင်း ထမ်းဆောင်အပ်သော တာဝန်တို့ကို လည်း အလေးထားသင့်ပေသည်။ သို့မှ သာ တစ်မိုးအောက်တည်း စုပေါင်းနေထိုင် ရသော မြို့ပြ၏ အထပ်မြင့်လူနေမှုစနစ်၌ ဆိုးရွားသော လူမှုရေးအကျိုးဆက်များကို ရှောင်ရှားနိုင်မည် ဖြစ်ပါသည်။

## နိဂုံး

မြို့ပြများ တည်ထောင်ရာတွင် အထပ်မြင့်အိမ်ရာများ တည်ဆောက်ရခြင်း မှာ သက်ဆိုင်ရာမြို့ပြ၏ ဖွံ့ဖြိုးတိုးတက်မှု သို့ ခိုဝင်လိုသူများပြားခြင်းကြောင့်ဖြစ်ရာ မည်သည့်နိုင်ငံတွင်မဆို ရှောင်လွှဲမရသည့် ကိစ္စရပ်တစ်ခုပင် ဖြစ်သည်။ မြို့ကို ချဲ့ထွင် ရာတွင် ဆက်သွယ်ရေးအခြေခံအဆောက် အဦများ တိုးချဲ့ဆောင်ရွက်ဆဲကာလတွင် လိုအပ်ချက်အလိုက် အထပ်မြင့် တည် ဆောက်ခွင့်များ ပြုကြရပါသည်။ အများ စုပေါင်းနေထိုင်ကြရာတွင် လူမှုကိစ္စ အရှုပ် အထွေးများ ကြုံတွေ့ရမည်မှာ ဓမ္မတာပင် ဖြစ်သော်လည်း ဖြေရှင်းနိုင်မည့် နည်းလမ်း များမှာလည်း ရှိရမည် ဖြစ်သည်။ မြို့ပြဖွံ့ ဖြိုးမှုကြောင့် ရွှေ့ပြောင်းရောက်ရှိလာသူ များအနေဖြင့် နေရာသစ်နှင့် အသားကျ သည့်အခါတွင် အဆောက်အအုံတစ်ခု တည်းတွင် နေထိုင်သူအချင်းချင်း စာနာ နားလည်မှုမှတစ်ဆင့် နဂိုမူလထက် ယဉ် ကျေးမှုမြင့်မားသော ကျင့်ဝတ်နှုန်းစံများ ရရှိလာမည် ဖြစ်သည်။ Sociology ပညာ ရပ်၏ ရှုထောင့်မှ သုံးသပ်မည်ဆိုပါက မြို့ပြယဉ်ကျေးမှုနှင့် ရေရှည်ထိတွေ့လာရ သည်နှင့်အမျှ Individual (တစ်ဦးချင်း) နှင့် Organization (အစုအဖွဲ့) ကြားရှိ ငြင်း ပယ်မရသော ဆက်စပ်မှုများ၊ အပြန် အလှန် အမှီသဟဲပြုရမှုတို့ကို သိမြင်နား လည်နိုင်သော Evolution (တိုးတက်မှု ဖြစ်စဉ်) တစ်ခုလည်း လူတစ်ဦးချင်းစီတွင် ရှိလာမည်မှာ အသေအချာ ဖြစ်သည်။ တန်ကြေးမြင့်အိမ်ရာများတွင်လည်း ထိန်း သိမ်းကြီးကြပ်ရေးဝန်ဆောင်မှုလုပ်ငန်းများ ပေါ်ပေါက်လာတော့မည့် အလားအလာ များကို တွေ့မြင်ရပါသည်။ အဆိုပါဝန် ဆောင်မှုလုပ်ငန်းများ ပေါ်ပေါက်ခြင်းဖြင့် အလုပ်အကိုင် နေရာသစ်များ ပေါ်ပေါက် လာကာ GDP ၏ ဝန်ဆောင်မှုအခန်းကဏ္ဍ မှာလည်း မြင့်မားလာဖွယ် ရှိပါသည်။

**အောင်ကျော်မင်း၊ ကျော်မျိုးညွန့်**

■




# ဆောင်းအကြို ဆေးဝါးဈေးကွက်

အယ်ဒီတာတစ်ဦး

**လူသားတို့အတွက် ကျန်းမာရေးသည် လာဘ်တစ်ပါးဟု ဆိုပါသည်။ လူတိုင်းအတွက် လာဘ်ဖြစ်သော အဆိုပါ ကျန်းမာရေးကဏ္ဍသည် လူတို့နှင့် စုစည်းထားသော နိုင်ငံတစ်နိုင်ငံစီအတွက်လည်း စီးပွားရေး၊ လူမှုရေး၊ ပညာရေး စသော နယ်ပယ်များတွင် အရေးကြီးသော ကဏ္ဍတစ်ရပ်ပင် ဖြစ်သည်။ နိုင်ငံသားတို့၏ ကျန်းမာရေးစောင့်ရှောက်မှုအတွက် မရှိမဖြစ် လိုအပ်ချက်ဖြစ်သော အိမ်သုံးဆေးဝါး၊ ဆေးရုံသုံးဆေးဝါးတို့၏ ဈေးကွက်တွင် လည်ပတ်နေပုံကို လေ့လာခြင်းအားဖြင့် နိုင်ငံသားတို့၏ ကျန်းမာရေးဆိုင်ရာ ရေချိန်ကို တစ်စိတ်တစ်ပိုင်းအားဖြင့် မှန်းဆနိုင်မည် ဖြစ်ပါသည်။**

နိုင်ငံလူဦးရေ တိုးပွားလာမှု၊ ပတ်ဝန်းကျင် ညစ်ညမ်းမှု၊ ရာသီဥတုအပြောင်းအလဲ၊ လူနေမှုအဆင့်၊ စီးပွားရေးရေချိန်၊ ကျန်းမာရေးနှင့် ပတ်သက်သော ပညာရေးဆိုင်ရာ ရေချိန်၊ ကျန်းမာရေးအသိအမြင် စသော အရာများက နိုင်ငံသားတို့၏ ကျန်းမာရေးဆိုင်ရာ ကြံ့ခိုင်မှုကို ပြဋ္ဌာန်းပေမည်။ ဖွံ့ဖြိုးဆဲနိုင်ငံတစ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံသည်လည်း အများနည်းတူ ကျန်းမာရေးဆိုင်ရာ လိုအပ်ချက်များစွာ ရှိနေဦးမည်မှာ မလွဲပေ။ အဆိုပါလိုအပ်ချက်များအနက် ဆေးဝါးပစ္စည်း ဖူလုံကောင်းမွန်ရေးသည်လည်း ပဓာနကျမည်ဖြစ်သည်။ လက်ရှိ မြန်မာနိုင်ငံသည် ဈေးကွက်စီးပွားရေးစနစ်၏ လမ်းကြောင်းပေါ်သို့ တစ်စိတ်တစ်ပိုင်းအားဖြင့် တက်လှမ်းရောက်ရှိနေသည့် အားလျော်စွာ ကျန်းမာရေးဆိုင်ရာ ဆေးဝါးပစ္စည်းများ ထုတ်လုပ်မှု၊ တင်သွင်းမှုသည်လည်း ယခင်ကနှင့်မတူဘဲ တစ်နေ့တခြား

တိုးတက်များပြားလာသည်ကို မြင်တွေ့ရသည်။ တရားဝင်ထုတ်ပြန်သော ကိန်းဂဏန်းများအရ ပြည်ပမှ ဆေးဝါးတင်သွင်းခွင့်ရရှိထားသော ကုမ္ပဏီစုစုပေါင်း အရေအတွက်သည် ၂၀၀ ကျော်ခန့် ရှိနေပြီး မှတ်ပုံတင်ထားသော ဆေးဝါးအမယ်ပေါင်း ၆,၀၀၀ ဝန်းကျင်ခန့် ရှိနေသည်ဟု သိရသည်။

ဤမျှ စုံလင်များပြားလှသော ဆေးဝါးအမျိုးမျိုးသည် ဈေးကွက်တွင် မည်ကဲ့သို့ ရောင်းဝယ်ဖြန့်ချိနေပြီး နိုင်ငံသားများအနေဖြင့် မည်သို့မည်ပုံ ရွေးချယ်သုံးစွဲနေသနည်းဆိုသည်မှာ စိတ်ဝင်စားဖွယ် အကြောင်းခြင်းရာ ဖြစ်သည်။

## ဆေးဝါးဈေးကွက်နှင့် ဆေးညွှန်း

"အများစုက ဆရာဝန်ဆေးစာ ရေးထားတဲ့ စာအုပ်တွေနဲ့ လာဝယ်ကြတာပါ"

တာမွေမြို့နယ်တွင် ဆေးဝါးများ လက်လီလက်ကားဖြန့်ချိသည့် သိဒ္ဓိစုံ ဆေးဝါးအရောင်းဆိုင်ပိုင်ရှင်ဖြစ်သူ အငြိမ်းစား သူနာပြုဆရာမက အထက်ပါအတိုင်း ဆိုပြီးနောက် ကုမ္ပဏီများက ပြည်ပမှတစ်ဆင့် တင်သွင်းသော ဆေးဝါးများသည်လည်း အထူးကုဆရာဝန်ကြီးများ စာညွှန်းမှသာလျှင် ရောင်းအားတက်ကြောင်း၊ အများအားဖြင့် အစာအိမ်ဆေး၊ သွေးကျဆေး၊ နှလုံးဆေး၊ ဆီးချိုသွေးချိုဆေး၊ အာရုံကြောဆေး၊ အဆုတ်ဆေး စသည်တို့မှာ ဆရာဝန်ဆေးညွှန်းဖြင့်သာ လာရောက်ဝယ်ယူကြခြင်းဖြစ်ကြောင်း ဆက်လက်ပြောပြသည်။

ဆေးဝါးနှင့် ဆေးရုံဆေးခန်းသုံးပစ္စည်းများ လက်လီလက်ကားဖြန့်ချိရာ အချက်အချာဖြစ်သော မင်္ဂလာဈေးကြီး အပေါ်ထပ်ရှိ ဆေးဝါးဖြန့်ချိရေးဆိုင်တချို့အား မေးမြန်းကြည့်ရာတွင် မြို့ပြတွင်နေထိုင်သူအများစုသည် ဆရာဝန်ညွှန်ကြားချက်အတိုင်းပင် ဝယ်ယူသုံးစွဲကြကြောင်း၊ သို့အတွက် အမျိုးအစားတူ၊ အာနိသင်တူသော ဆေးဝါးပင်ဖြစ်လင့်ကစား ဆရာဝန်စာညွှန်းသည့် ဆေးဝါးများကသာ ပိုမိုတွင်ကျယ်ကြောင်း၊ တစ်ခါတစ်ရံ ဆရာဝန်ဆေးညွှန်းစာတွင် ပါရှိသော ဆေးဝါးမှာ ပြတ်လပ်သွားသဖြင့် လာရောက်ဝယ်ယူသူများအား အခြားမျိုးတူ၊ အာနိသင်တူ ဆေးဝါးကို အစားထိုးပေးသော်လည်း လက်မခံသည်ကို တွေ့ရလေ့ရှိကြောင်း၊ မိမိတို့၏ ဆေးဝါးကို အရောင်းမြှင့်တင်လိုသော ကုမ္ပဏီများအနေနှင့်လည်း ဆရာဝန်ကြီးများ၏ ထောက်ခံအားပေးမှုကို ရရှိရန် နည်းမျိုးစုံဖြင့် ကြိုးစားကြသည်ကို တွေ့ရကြောင်း၊ သက်ဆိုင်ရာမှလည်း ဆရာဝန်ကြီးများအား အမှန်တကယ် အာနိသင်၊ အရည်အသွေးကောင်းမွန်သည့် ဆေးဝါးများကိုသာ ညွှန်းဆိုရန် ညွှန်ကြားချက်ထုတ်ပြန်ထားကြောင်း စသဖြင့် ဆေးဝါးဈေးကွက်အနေအထားအား ဆရာဝန်ဆေးညွှန်းနှင့် ဆက်စပ်ပုံကို ၎င်းတို့ထံမှ သိရသည်။

သို့သော် ကျေးလက်ဒေသတွင် နေထိုင်သူအများစုသည် ဆေးဝါးများအား ဆရာဝန်ညွှန်ကြားချက် မပါဝင်ဘဲ သင့်လျော်ရာ မေးမြန်းဝယ်ယူကြသည်ဟု ၎င်းတို့က ပြောပြသည်။ လူအများ မကြာခဏ ဆေးမြီးတိုအဖြစ် သုံးစွဲလေ့ရှိသော သာမန်အိမ်သုံးဆေးဝါးများကိုမူ ဆရာဝန်ဆေးညွှန်းစရာမလိုဘဲ များစွာ ရောင်းချရကြောင်း ၎င်းတို့က ဆိုသည်။ ထိုဆေးများကိုမူ ဆရာဝန်များကိုယ်တိုင် လာရောက်ဝယ်ယူခြင်းသာ အများဆုံးဖြစ်ကြောင်း၊ ဆရာဝန်ကိုယ်တိုင် လာရောက်ဝယ်ယူရာတွင် အရည်အသွေးကို အဓိကထား ဝယ်ယူကြသည်များ ရှိသကဲ့သို့ပင် ဈေးနှုန်းကို အဓိကထားသည်များလည်း ရှိကြောင်း ဆေးဆိုင်အချို့က ပြောကြားသည်။

## ကြော်ငြာနှင့် ဆေး

အမျိုးအစားတူ၊ အာနိသင်တူညီနေကာမူ ကြော်ငြာအားကောင်းသော ဆေးဝါးများက ပိုမိုအရောင်းသွက်သည်ဟု ဆေးဆိုင်အများစုက တညီတညွတ်တည်း ဆိုကြ၏။ အဓိကအားဖြင့် မြန်မာ့ရုပ်မြင်သံကြားနှင့် မြဝတီရုပ်မြင်သံကြားမှ ကြော်ငြာသောဆေးဝါးများသည် ဈေးကွက်ရရှိမှု အကောင်းဆုံးဖြစ်ကြောင်း၊ ဘောလုံးပွဲများတွင် ထည့်သွင်းကြော်ငြာသည့် ဆေးဝါးများမှာ ပိုမိုရောင်းအားတက်လာသည်ကို တွေ့ရကြောင်း၊ အာနိသင်ချင်း၊ ဆေးစွမ်း



ချင်း တူညီနေလင့်ကစား လူအများစုသည် ဦးနှောက်တွင် စွဲမြဲနေသည့် အမှတ်တံဆိပ်ကိုသာ မေးမြန်းဝယ်ယူလေ့ရှိကြောင်း၊ သို့အတွက် အဆိုပါကြော်ငြာအားကောင်းသော ဆေးဝါးအများစုသည် အခြားဆေးဝါးများထက် ပိုမိုဈေးများတတ်ကြောင်း စသဖြင့် ဆေးဝါးနှင့် ကြော်ငြာအဆက်အစပ်ကို ဆေးဝါးဖြန့်ဖြူးသောနေရာဌာနများအား လှည့်လည်မေးမြန်းရာမှ သိရှိရသည်။

ဆေးကြော်ငြာများတွင် အများဆုံးတွေ့ရှိရလေ့ရှိသော တိုင်းရင်းဆေးများသည်လည်း ထိရောက်သော ကြော်ငြာအင်အားကြောင့် အချို့သော နိုင်ငံခြားအိမ်သုံးဆေးဝါးများနှင့်ပင် ပခုံးချင်းယှဉ်လာနိုင်သည်ကို တွေ့ရသည်။ သုံးစွဲသူအများစုသည် ယခုအခါ နိုင်ငံခြားအိမ်သုံးဆေးနေရာတွင် တိုင်းရင်းဆေးအား အစားထိုး သုံးစွဲမှုများလာသဖြင့် နိုင်ငံခြား အိမ်သုံးဆေးပင် အနည်းငယ် အရောင်းကျဆင်းခဲ့ကြောင်း ဆေးဝါးရောင်းဝယ်ရေးလောကသားတို့က ဆိုသည်။ တိုင်းရင်းဆေးများသည် ဈေးကွက်ရလာသည်နှင့်အမျှ ခေတ်မီထုပ်ပိုးမှု၊ ထုတ်လုပ်မှုတို့ကိုသုံး၍လည်းကောင်း၊ ကြော်ငြာအင်အားကို အသုံးပြု၍လည်းကောင်း ဈေးကွက်နယ်ပယ်ချဲ့ထွင်နိုင်ရန် ကြိုးပမ်းလာကြသည်။ ထိုအခါ စားသုံးသူလက်ဝယ် ရောက်ရှိလာသည့် တိုင်းရင်းဆေးဝါးတချို့၏ တန်ဖိုးသည် သာမန်နိုင်ငံခြား အိမ်သုံးဆေးဝါးတို့ထက်ပင် ပိုမိုကြီးမြင့်လာရကြောင်း၊ အရည်အသွေးမှာမူ ထူးထူးခြားခြား ပိုမိုကောင်းမွန်လာခြင်း မရှိသည့်အပြင် အချို့ဆေးဝါးများဆိုလျှင် ပို၍ပင် အာနိသင်နည်းသွားကြောင်း ဆေးဝါးရောင်းချမှု၌ ဝါရင့်အတွေ့အကြုံရှိသူတစ်ဦးက ဝေဖန်သည်။

## ဝယ်လိုအားနှင့် ဈေးနှုန်း

မြန်မာနိုင်ငံ၌ ရာသီအကူးအပြောင်းကာလများဖြစ်သော မိုးဦးကျကာလ မေလနှင့် ဇွန်လများတွင်လည်းကောင်း၊ မိုးအကုန် ဆောင်းအကူး အောက်တိုဘာလ၊ နိုဝင်ဘာလတို့တွင်လည်းကောင်း၊ ဆောင်းမှ နွေကူးပြောင်းချိန် ဖေဖော်ဝါရီလဝန်းကျင်များ၌လည်းကောင်း၊ ကျန်းမာရေးချို့တဲ့မှုအများဆုံးဖြစ်လေ့ရှိသော ကာလဖြစ်သဖြင့် ဆေးဝါးအရောင်းအဝယ်အကောင်းဆုံးကာလပင် ဖြစ်သည်ဟု ဈေးကွက်အတွင်းမှ သိရသည်။ အဓိကအားဖြင့် အဆိုပါကာလများတွင် အိမ်သုံးဆေးဝါးများ အရောင်းရဆုံးဖြစ်ကြောင်း၊ အခြားဆရာဝန်သုံးဆေးများသည်လည်း အတန်အသင့် ရောင်းအားတက်လေ့ရှိကြောင်း၊ တစ်နှစ်ပတ်လုံးတွင် မိုးတွင်းကာလသည် ဆေးဝါးအရောင်းအဝယ် အထိုင်းမှိုင်းဆုံးကာလဖြစ်ကြောင်း ဆေးဝါးလက်လီလက်ကားရောင်းချသူတို့က ဆိုသည်။

ဆေးဝါးတစ်မယ်ချင်း၏ အရောင်းအဝယ်အနေအထားသည်မူ အရည်အသွေး၊ ဈေးနှုန်း၊ ကြော်ငြာအင်အား၊ ဆရာဝန်ဆေးညွှန်း စသည်တို့ပေါ်တွင် မူတည်သည်ဟု ၎င်းတို့က ပြောပြသည်။ နိုင်ငံသားတို့၏ ဓနအင်အားပေါ်မူတည်၍ ဆေးဝါးရွေးချယ်သုံးစွဲမှုကွာခြားကြောင်း၊ ယခင်က အရည်အသွေးကောင်းမွန်သော ဆေးဝါးတချို့အား ဈေးကောင်းပေး၍ သုံးစွဲနိုင်ခဲ့သူများပြားခဲ့သော်လည်း ယခုအခါ အဖိုးနှုန်းချိုသာသော နယ်စပ်ဖြတ်ကျော်ဝင်ရောက်လာသည့် အိမ်နီးချင်းနိုင်ငံများမှ ဆေးဝါးများသာ ဈေးကွက်တွင်ကျယ်နေကြောင်း၊ လူအများစုသည် ကျန်းမာရေးစရိတ်အားသီးခြားဖယ်ထုတ်ထားနိုင်သော အင်အားမရှိကြသဖြင့် ကျန်းမာရေးချို့တဲ့၍ အရေးကြုံလာသောအခါများ၌ စရိတ်သက်သာဖွယ်ရှိသော ဆေးဝါးများကိုသာ အားကိုးရကြောင်း ၎င်းတို့က သုံးသပ်ပြောကြားသည်။

ယခုအခါ ဆေးဝါးလက်လီဆိုင်များတွင် သာမန်ကျန်းမာရေးချို့တဲ့မှုများအား ကွန်ပေါင်ဒါများဖြင့်ပင် ကုသနေသူများပြားလာကြောင်း၊ အဆိုပါလက်မှတ်ရ/မရ ဆေးကွန်ပေါင်ဒါများ၏ အကျိုးကျေးဇူးကြောင့် သာမန်လူတန်းစားများအနေနှင့် ကျန်းမာရေးစရိတ်ကို ချွေတာလာနိုင်ကြကြောင်း ဆေးဝါးလက်လီအရောင်းဆိုင် ဖွင့်လှစ်သူတစ်ဦးက ၎င်း၏အမြင်ကို ပြောပြသည်။ ဆေးဝါးလက်လီဆိုင်များသို့ လာရောက်ဝယ်ယူသူများသည် မိမိ၏ ရောဂါဝေဒနာအခြေအနေကို ဆေးရောင်းချသူအား ပြောပြ၍ ဝယ်ယူလေ့ရှိကြောင်း၊ လူအများစု ရင်းနှီးစွာ သိရှိထားကြသော ဆေးဝါးအမျိုးအစားကိုမူ အမည်ပြော၍ တိုက်ရိုက်ဝယ်ယူကြကြောင်း၊ မြန်မာနိုင်ငံသားအများစုသည် ဘီပီအိုင်ဆေးဟုခေါ်သော MPF မှ ထုတ်လုပ်သောဆေးဝါးများကို ယုံကြည်စွာ သုံးစွဲကြကြောင်း၊ အဆိုပါဆေးဝါးများသည် အရည်အသွေးကောင်းမွန်သော်လည်း တစ်ခါတစ်ရံ ဈေးကွက်ဝယ်လိုအားကို ပြည့်ဝအောင် မဖြည့်တင်းနိုင်သဖြင့် ဈေးနှုန်းတည်ငြိမ်မှုမရှိကြောင်း၊ ထို့အတူ ပြည်ပမှ တင်သွင်းသော ဆေးဝါးအချို့လည်း ပြတ်လပ်သောအခါ၌ ဈေးတက်တတ်ကြောင်း ၎င်းက ဆိုသည်။

ပြည်ပမှ တင်သွင်းသောဆေးဝါးများ၏ ဈေးနှုန်းအနေအထားသည် နိုင်ငံခြားငွေတန်ဖိုးအတက်အကျနှင့် တိုက်ရိုက်ဆက်စပ်သည်ဟု လက်ကားအရောင်းဆိုင်ရှင်တစ်ဦးက ပြောကြားသည်။ အချို့ဈေးနှုန်း အလွန်ချိုသာသော ဆေးဝါးများသည် အရည်အသွေးအာနိသင်ကို စိတ်ချရခြင်းမရှိကြောင်း၊ လူသုံးများသော ဆေးဝါးများသည် အတုဝင်ရောက်မှုရှိကြောင်း၊ သက်ဆိုင်ရာမှ အဆိုပါဆေးဝါးအတုများ၊ အာနိသင်လျော့ချထားသော ဆေးဝါးများအား မကြာခဏ စစ်ဆေးလေ့ရှိပြီး တွေ့ရှိပါက ထိရောက်စွာ အရေးယူဆောင်ရွက်လျက်ရှိကြောင်း၊ ဆေးဝါးရောင်းဝယ်မှုလုပ်ငန်းသည် လူတို့၏အသက်နှင့်ဆိုင်



သောလုပ်ငန်းဖြစ်သဖြင့် ငွေကြေးအကျိုး စီးပွားတစ်ခုတည်းကို မျက်နှာမမူသင့်ဘဲ ကျင့်ဝတ်ကိုပါ စောင့်ထိန်းရန် လိုအပ်ကြောင်း ဆရာဝန်တစ်ဦးက ဝေဖန်သုံးသပ်၏။

## ဆေးဝါးလက်လီဆိုင်

လက်ရှိ မြန်မာနိုင်ငံတွင် တရားဝင် မှတ်ပုံတင်ထားသော ဆေးဝါးအရောင်းဆိုင်ပေါင်း ၇,၀၀၀ ကျော်ခန့် ရှိနေသည်။ အဆိုပါဆေးဝါးဆိုင်များအား သက်ဆိုင်ရာ မြို့နယ်များမှ ဒေသန္တရကျန်းမာရေးဌာနများတွင် မှတ်ပုံတင်ရသည်။ ဆေးဝါးဆိုင် ဖွင့်လှစ်မည့်သူသည် သက်ဆိုင်ရာမှ သတ်မှတ်ချက်များနှင့် ပြည့်စုံရမည်ဖြစ်သည်။ အသက် ၁၈ နှစ်ပြည့်ပြီးသူဖြစ်ရမည်၊ ဘွဲ့ရရှိပြီးသူ ဖြစ်ရမည်၊ ဆေးဝါးလုပ်ငန်းကို စီမံခန့်ခွဲနိုင်သူ ဖြစ်ရမည်၊ ဆေးပညာနှင့် ပတ်သက်၍ အစိုးရအသိအမှတ်ပြုလက်မှတ်ရထားသူ ဖြစ်ရမည်၊ သို့မဟုတ်ပါက ဆေးဝါးသုတေသနလုပ်ငန်းမှ ဖွင့်လှစ်သင်ကြားပေးသော ဆေးဝါးကျွမ်းကျင်မှုပညာသင်တန်းသို့ တက်ရောက်ရမည်စသော သတ်မှတ်ချက်များနှင့် ညီညွတ်ရမည်ဖြစ်သည်။

"တလောက ကျွန်မဆိုင်ဘေးက ဆေးဆိုင်တစ်ဆိုင်မှာ ယောကျ်ားမရှိတုန်း မိန်းမက ဆေးဆိုင်ထိုင်ရောင်းတယ်။ ဝယ်သူကို ဆေးမှားပေးမိတယ်။ ယောကျ်ားပြန်လာတော့မှ ဆေးမှားသွားမှန်း သိတယ်။ ယောကျ်ားက ဆေးနဲ့ပတ်သက်ပြီး ကျွမ်းကျင်တယ်။ မိန်းမက ကောင်းကောင်းမသိဘူး။ ကျွန်မတို့လည်း အဲဒီမိန်းမဆီမှာ မဝယ်ရဲတော့ဘူး"ဟူ၍ မိသားစုထဲမှ ဆေးဝါးပညာမကျွမ်းကျင်သူတစ်ဦး ဝင်ရောက်ရောင်းချခဲ့သဖြင့် မှားယွင်းသွားပုံကို အဆိုပါဆိုင်အနီးတွင် အခြားပစ္စည်းအရောင်းဆိုင်တစ်ခု ဖွင့်လှစ်ခဲ့သူ ယုဇနပလာဇာမှ ဈေးသည်တစ်ဦးက ပြောပြသည်။

## နိဂုံး

နိုင်ငံသားတို့၏ ကျန်းမာရေးကဏ္ဍအတွက် အထူးအရေးပါလှသော ဆေးဝါးပစ္စည်းများနှင့်ပတ်သက်၍ နိုင်ငံသားအားလုံး ကောင်းမွန်သောဆေးဝါးများကို လက်လှမ်းမီစွာ သုံးစွဲကြနိုင်ရေးမှာ အရေးကြီးလှပေသည်။ ထိုကဲ့သို့ နိုင်ငံသားတို့၏ ကျန်းမာရေးဆိုင်ရာ လိုအပ်ချက်အတွက် လူမှုဖူလုံရေးဆိုင်ရာ ဖြည့်တင်းမှုအား အစိုးရမှ အလုံးစုံတာဝန်ယူမှုသည်လည်း ခေတ်မမီတော့သောပုံစံ ဖြစ်နေပေသည်။ နိုင်ငံတကာတွင် လူမှုဖူလုံရေး အချိုးကဏ္ဍအား အစိုးရနှင့်အတူ ပုဂ္ဂလိကပိုင်းမှ ကုမ္ပဏီကြီးများ၊ အသင်းအဖွဲ့များမှစ၍ လူတစ်ဦးချင်းအဆင့်ထိ ခွဲဝေတာဝန်ယူလာရပြီ ဖြစ်သည်။ ထို့အပြင် နိုင်ငံသားအများစု လူတစ်ဦးချင်းအဆင့်ထိ ခွဲဝေတာဝန်ယူလာရပြီဖြစ်သည်။ ထို့အပြင် နိုင်ငံသားအများစု လက်လှမ်းမီရေးဟုဆိုရာတွင် ကုန်ပစ္စည်းကို အောက်ဘက်သို့ နှိမ့်ချပေးရန်မဟုတ်မူဘဲ နိုင်ငံသားတို့၏ စီးပွားရေးရေချိန်ကို မြှင့်တင်ပေးရန် ဖြစ်သည်။ ဆေးဝါးနှင့်ပတ်သက်သော စည်းမျဉ်းဥပဒေများနှင့် စနစ်များအား ထိရောက်စွာ ပြဋ္ဌာန်းအကောင်အထည်ဖော်ရေးသည်လည်းကောင်း၊ အခါအားလျော်စွာ အသိပေးသတင်းထုတ်ပြန်မှုတို့ကို အချိန်နှင့်တစ်ပြေးညီ လုပ်ဆောင်ရေးသည်လည်းကောင်း၊ ကျန်းမာရေးနှင့် ပတ်သက်သော အသိပညာပေးလုပ်ငန်းများသည်လည်းကောင်း အရေးပါလှသောလုပ်ငန်းစဉ်များဖြစ်ပေသည်။ ဆေးဝါးရောင်းချသူ ကျန်းမာရေးဝန်ထမ်းဟောင်းတစ်ဦးက ဆိုသည်မှာ "သက်ဆိုင်ရာက ထုတ်ပြန်တဲ့ မူးယစ်ဆေးဝါးအဖြစ် သတ်မှတ်တဲ့ ဆေးဝါးတွေကို သူတို့မထုတ်ပြန်သေးခင်ကတည်းက ရောင်းဝယ်တဲ့သူတွေက မူးယစ်ဆေးမှန်း အစောဆုံး ကြိုသိနှင့်နေကြပါပြီ"ဟူ၍ ဖြစ်သည်။

ဆောင်းအကြိုကာလမှာ ထုံးစံအတိုင်း ပွင့်လင်းရာသီဖြစ်သည့်အပြင် ရာသီအကူးအပြောင်းမို့ ရောဂါပိုးများ ပျော်မြူးတတ်လေ့ရှိရာ ဆေးဝါးဈေးကွက် အရောင်းအဝယ် ပြန်လည်ကောင်းမွန်လာမည်ကို မှန်းမိသော်လည်း မြန်မာနိုင်ငံသားအပေါင်း ကျန်းမာစေရေးသာ Living Color မှ ဆုတောင်းမည်ဖြစ်သည်။

**အယ်ဒီတာတစ်ဦး**



# ဆေးပညာ မှားယွင်းအသုံးပြုမှုနှင့် လူမှုရေးအကျိုးဆက်များ

ထားထားမြင့်

**ယနေ့ခေတ်တွင် အနောက်တိုင်းဆေးပညာ၏စွမ်းရည်မှာ မြင့်မားလာသလို နိုင်ငံတိုင်း၏ ရိုးရာတိုင်းရင်းဆေးပညာကိုလည်း တွင်ကျယ်စွာ အသုံးပြုနေဆဲဖြစ်သည်။ အဖိုးနှုန်းချိုသာခြင်း၊ နိုင်ငံခြားဆေးဝါးဖြင့် မကုသနိုင်သော ရောဂါအချို့ကို ရိုးရာတိုင်းရင်းဆေးက ကုသပေးနိုင်ခဲ့ခြင်းတို့ကြောင့် မြို့နေလူတန်းစားများကပါ တိုင်းရင်းဆေးပညာကို ယုံကြည်စွာ သုံးစွဲလာကြပါသည်။ သို့ရာတွင် စစ်မှန်သော တိုင်းရင်းဆေးဝါးနှင့် မှန်ကန်စွာ တတ်ကျွမ်းသော သမားတော်ကိုသာ ရွေးချယ်ရန် လိုအပ်ပါသည်။**

ယခုအခါ သက်ဆိုင်ရာမှ မြန်မာတိုင်းရင်းဆေးပညာရပ်ကို အားပေးမြှင့်တင်လျက်ရှိပြီး တိုင်းရင်းဆေးရုံများ၊ ဆေးသိပ္ပံများနှင့် ဆေးကုဌာနများ ဖွင့်လှစ်ပေးနေသလို စစ်မှန်သော မြန်မာသမားတော်များ ပေါ်ထွန်းလာရေးအတွက်လည်း မန္တလေးမြို့တွင် တိုင်းရင်းဆေးပညာသင်တန်းကျောင်း ဖွင့်လှစ်ကာ တိုင်းရင်းဆေးသမားတော်များ မွေးထုတ်ပေးလျက် ရှိပါသည်။

သို့ရာတွင် အစိုးရမှ ကြိုးပမ်းမြှင့်တင်ပေးနေသည်မှာ စစ်မှန်သော တိုင်းရင်းဆေးပညာဖြစ်ပြီး အန္တရာယ်ဖြစ်စေမည့် အများပြည်သူလူထုသုံးစွဲရန် မသင့်သော တိုင်းရင်းဆေးများကို ဖော်ထုတ်အရေးယူလျက် ရှိပါသည်။ အနောက်တိုင်းဆေးဝါးများ ရောစပ်ပြီး မြန်မာတိုင်းရင်းဆေးအဖြစ် ထုတ်လုပ်ရောင်းချနေသော ဆေးဝါးများကို သုံးစွဲရန် မသင့်သော ဆေးဝါးအဖြစ် သတ်မှတ်ကြေညာချက်များကို နိုင်ငံပိုင်သတင်းစာများတွင် မကြာခဏတွေ့ရသည်။

## တကယ့်အဖြစ်အပျက်

မခင်ဖြူသည် အစိုးရဌာနတစ်ခုမှ အရာရှိငယ်တစ်ဦး ဖြစ်ပါသည်။ တစ်နေ့ ရေချိုးခန်းထဲမှာ ချော်လဲကျ၍ လက်ဆစ်လွဲသွားသည်။ မခင်ဖြူက အဆစ်လွဲသွားသော တံတောင်ဆစ်ကို မိသားစုပြနေကျ တရုတ်အကြောဆေးဆရာဆီမှာ ဆေးသွားစည်းလိုက်သည်။ ဆေးစည်းစက ပူရှိန်းကာ သက်သာသလိုရှိသော်လည်း လက်တံတောင်ဆစ်မှာ ရောင်ကိုင်းလာသည်။ သုံးလေးရက်ကြာတော့ နီရဲရောင်ရမ်းကာ မခံမရပ်နိုင်အောင် နာလာသဖြင့် ပုဂ္ဂလိကဆေးရုံတစ်ရုံမှ အရိုးအထူးကုဆရာဝန်ထံ သွားပြသည်။

ဆရာဝန်က Infection (ရောဂါပိုးဝင်ခြင်း) ဝင်၍ ရောင်အန်းနေသော တံတောင်ဆစ်ကိုကြည့်ကာ အရေးပေါ်ခွဲစိတ်ကုသမှု ပြုလုပ်ရမည်ဟု ဆိုပါသည်။ ထို

နေ့က ဆေးခန်းသွားပြသော မခင်ဖြူမှာ လက်ခွဲစိတ်ရန် ဆေးရုံတက်လိုက်ရပါတော့သည်။

“ဒီထက် နောက်ကျမှ ဆေးခန်း လာပြရင် လက်ဖြတ်ရလိမ့်မယ်လို့ ဆရာဝန် က ပြောတယ်။ ဖြစ်ဖြစ်ချင်းသာ ဆေးခန်း ပြ၊ ကျောက်ပတ်တီးစည်းခဲ့ရင် ဒီလိုဖြစ်မှာမဟုတ်ဘူး၊ ခုတော့ အင်္ကျီလက်တိုတောင် မဝတ်ရဲတော့ဘူး”

တံတောင်ဆစ်ဝန်းကျင်မှ ရှည်လျားသော ခွဲစိတ်ဒဏ်ရာ အမာရွတ်ကို ပြသရင်း မခင်ဖြူက ဆိုပါသည်။ ဩဂုတ်လ ၇ ရက်နေ့က မြန်မာနိုင်ငံ ဆရာဝန်အသင်းတွင် ကျင်းပခဲ့သော 13th Basic Orotopadeic Refresher Course ဟောပြောပွဲအခမ်းအနား၌ မြန်မာနိုင်ငံ အရိုးရောဂါကုဆရာဝန်အသင်းဥက္ကဋ္ဌ ပါမောက္ခဆရာဝန်ကြီး ဒေါက်တာကျော်မြင့်နိုင်က မခင်ဖြူတို့ကဲ့သို့ တရုတ်တိုင်းရင်းဆေးနှင့် ရိုးရာအကြောအရိုးကုဌာနအချို့၏ မှားယွင်းကုသမှုကြောင့် ရောဂါပိုမိုဆိုးရွားလာပြီး အရိုးအထူးကုဆေးရုံကြီးသို့ လာရောက်သော ဝေဒနာရှင် အများအပြား ရှိသည်ဟု ပြောကြားသွားသည်။

“ဒီလိုဖြစ်ရတဲ့ ဝေဒနာသည်တွေ ဘယ်လောက်များလဲဆိုတော့ နေ့စဉ်ကို လာတယ်။ မနေ့ကအထိတောင် အဲဒီလို Case နဲ့လာတဲ့လူနာ ရှိပါတယ်”

အဆိုပါအရိုးကုဆရာဝန်များအသင်း ဆေးပညာရပ်ဆိုင်ရာ ဟောပြောပွဲတွင် အရိုးအထူးကုဆရာဝန်ကြီးတစ်ဦးက တရုတ်တိုင်းရင်းဆေးနှင့် မြန်မာ့ရိုးရာအကြောအထူးကုဌာနအချို့၏ မှားယွင်းစွာကုသမှုကြောင့် အသက်အန္တရာယ်ဖြစ်လုနီးပါး ဝေဒနာဆိုးရွားခဲ့သော လူနာတစ်ဦးအကြောင်း Slide များ အသုံးပြုပြီး အကျယ်တဝင့် ဆွေးနွေးသွားပါသည်။

တရုတ်ဆေးဟု အလွယ်ခေါ်ကြသည့် တရုတ်ရိုးရာဆေးရည်များဖြင့် ထိခိုက်ဒဏ်ရာ ကျပ်စည်းခြင်း၊ မြန်မာ့ရိုးရာအရိုးအကြော နှိပ်နယ်ခြင်းတို့ကြောင့် ဝေဒနာ ပိုမိုဆိုးရွားလာ၍ အရိုးအထူးကုဆေးရုံသို့ ရောက်လာကြသော လူနာများမှာ မှားယွင်းစွာ နှိပ်နယ်မှုကြောင့် ဝေဒနာပိုမိုဆိုးရွားလာခြင်း၊ ပူလောင်သောဆေးရည်ကြောင့် အရေပြားပူလောင်ခြင်း၊ ပိုးသတ်သန့်စင်ခြင်း မရှိသည့် ဆေးရည်နှင့် ဂွမ်း၊ ပတ်တီးများကြောင့် Infection ခေါ် ရောဂါပိုးဝင်ခြင်း၊ ခန္ဓာကိုယ်တွင်းဖြစ်နေသောရောဂါရင်းကိုမသိဘဲ အပေါ်ယံလိမ်းဆေးလူးထားမှုကြောင့် အနာနှင့် ဆေး တခြားစီဖြစ်ခြင်းတို့ကို ခံစားကြရသည်ဟု ဒေါက်တာကျော်မြင့်နိုင်က ရှင်းပြသည်။

## စစ်ဆေးပြီးမှ ကုသပါ

“အမှန်တော့ အရိုးရောဂါဆိုတာ သာမန်ဆရာဝန်တောင် မသိနိုင်ဘူး။ ခန္ဓာကိုယ် အရိုးထဲမှာ ဘာဖြစ်နေလဲဆိုတာ ဓာတ်မှန်ရိုက်၊ သွေးစစ်ဆေးပြီးမှ ကုသရတာ၊ ဒါကို ဆေးပူတွေ ပတ်စည်းထားလို့ ဒုက္ခရောက်ရတာ”

တရုတ်ဆေးနှင့် မြန်မာအရိုးအကြောအထူးကုဌာနအချို့ကြောင့် အရိုးအထူးကုဆေးရုံသို့ ရောက်ရှိလာသောလူနာများမှာ ရိုးရာတိုင်းရင်းဆေးပညာ၏ မှားယွင်းမှုကြောင့်မဟုတ်ဘဲ ရိုးရာဆေးပညာကို သေချာမတတ်ကျွမ်းသော သမားတု၊ သမားယောင်များကြောင့်သာ ဖြစ်သည်ဟု အထူးကုဆရာဝန်ကြီးတစ်ဦးက ပြောကြားသည်။

“တကယ်တော့ စစ်မှန်တဲ့ တိုင်းရင်းဆေးဝါးနဲ့ ကုသခဲ့ရင် ကျွန်တော်တို့အတွက် First Aid တောင် ဖြစ်ပါသေးတယ်။ ဒါပေမယ့် အထဲက ဘာဖြစ်နေမှန်းမသိဘဲ လိမ်းဆေးတွေလူး၊ နှိပ်နယ်ကြလို့ ဒုက္ခရောက်ကြတာ”

ထိုကဲ့သို့ ဝေဒနာရှင်များ ရှိနေလင့်ကစား ထိခိုက်ဒဏ်ရာ တစ်စုံတစ်ရာရတိုင်း တရုတ်တိုင်းရင်းဆေးစည်း၍ ကုသမှုခံယူလိုသူ၊ မြန်မာ့ရိုးရာ အကြောပညာဖြင့် နှိပ်နယ်မှုခံယူလိုသူများထံတွင် ခေတ်ပညာတတ်များသာမက အထူးကုဆရာဝန်ကြီးများ၏ မိသားစု၊ ဆွေမျိုးများပင် ပါဝင်နေသည်ကို တွေ့ရသည်။ ခွဲစိတ်ကုသမှု၊ သွေး၊ ဝမ်း၊ ဆီးစစ်မှု စသည့် အဆင့်ဆင့် ကုသရသော အနောက်တိုင်း ဆေးဝါးထက် ဆေးရည်ကိုသာ လိမ်းရသော ရိုးရာတိုင်း

**ဆေးဆိုင်တစ်ဆိုင်**



**ဒေါက်တာရမ်းကုနှင့် သမားတု၊ သမားယောင်များ ယနေ့အထိ တွင်ကျယ်နေရာယူနေခြင်းနှင့် တီဘီဆေးဝါးကဲ့သို့သော ဆရာဝန်ခွင့်ပြုချက်ဖြင့်သာ သုံးစွဲနိုင်သည့် ဆေးဝါးများကို လမ်းဘေးဆေးဆိုင်တွင် အလွယ်တကူ ဝယ်ယူနေသော ပြည်သူလူထုအတွက် ကျန်းမာရေးပညာပေးမှုများ အထူးလိုအပ်နေပြီဖြစ်ရာ အရိုးအထူးကုဆရာဝန်ကြီး ဒေါက်တာကျော်မြင့်နိုင်ကမူ ယခုကဲ့သို့ အကြံပြုပြောကြားသွားပါသည်။**

ရင်းဆေးကို နှစ်ခြိုက်သူ များလှပေသည်။

"တခြားသူတွေ မပြောနဲ့၊ ကျုပ်အမေနဲ့ အမျိုးတွေပဲကြည့်၊ တစ်ခုခုဖြစ်လာရင် ကျုပ်ဆီလာဖို့ထက် တရုတ်ဆေးပဲ ပြေးစည်းကြတာ"ဟု အရိုးအထူးကုဆရာဝန်ကြီး တစ်ဦးက ရယ်မောကာ ပြောပြသည်။

ကျန်းမာရေးဦးစီးဌာနမှ အဆင့်မြင့် အရာရှိကြီးတစ်ဦး၏ မိခင်ကမူ မီးရထားဖြင့် ခရီးထွက်ရင်း ထိခိုက်ဒဏ်ရာရခဲ့ရာ နီးရာဆေးခန်းသို့မပြဘဲ ရန်ကုန်သို့ အမြန်ဆုံးပြန်ကာ တရုတ်ဆေးစည်းခဲ့ပါသည်။

ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်၌ ပညာသင်ကြားနေသော သုံးခွမြို့မှ ကျောင်းဆရာမတစ်ဦးဖြစ်သူ ဒေါ်ဝင်းဝင်းပြုံးက တရုတ်တိုင်းရင်းဆေးဆရာကြီးတစ်ဦးဖြစ်သော ဦးမောင်စိန်မှာ သူမတို့ မျိုးရိုးစဉ်ဆက် ထိခိုက်ဒဏ်ရာနှင့် အကြောဝေဒနာများ၏ လက်စွဲဆရာတစ်ဆူ ဖြစ်သည်ဟု ပြောကြားသည်။

## မရလျှင် မကုပါ

"ချော်လဲလို့၊ ထိခိုက်ဒဏ်ရာဖြစ်လို့ သူ့ဆီသွားပြရင် ကျိုးလား၊ မကျိုးလား ဆိုတာ သူက စမ်းကြည့်တာနဲ့ သိတယ်။ ဆေးသုံးလေးခါစည်းပြီးရင် ပျောက်သွားတာ၊ ဒါကြောင့် ထိခိုက်ဒဏ်ရာရရင် သူ့နဲ့ပဲ ပြတယ်"

ရန်ကုန်မြို့ ၁၅ လမ်းမှတ်တိုင်အနီးတွင် ဖွင့်လှစ်ထားရှိသော ဆရာကြီးဦးမောင်စိန်၏ အရိုးအကြောအထူးကုဌာနတွင်မူ တရုတ်ပြည်မှ မျိုးရိုးစဉ်ဆက် လက်ဆင့်ကမ်းလာသော ရိုးရာဆေးပညာကို ညီနှစ်ဦးနှင့်အတူ ဝေဒနာရှင်များအား ကုသပေးလျက်ရှိကြောင်း ရိုးရာနည်းဖြင့် ဖော်စပ်ထားသော မိမိတို့၏ လိမ်းဆေးရည်မှာ ဆေးအေးဖြစ်ပြီး အပူလောင်ခြင်းမရှိပါဟု ဆရာဦးမောင်စိန်၏ ညီတစ်ဦးမှ ပြောကြားသည်။ ၎င်းက–

"ကျွန်တော်တို့ ကိုယ်ကုသနိုင်တာပဲ ပြောပြီး ကုပါတယ်။ အရိုးကင်ဆာ မကုနိုင်ပါဘူး။ တခြား ကျွန်တော်တို့ ကုမရနိုင်တဲ့ ရောဂါတွေဆို အရိုးဆေးရုံကိုပဲ သွားခိုင်းပါတယ်"ဟု ရှင်းပြသည်။

တရုတ်တိုင်းရင်းဆေးကြောင့် အရိုးအထူးကုဆေးရုံသို့ ရောက်လာကြသော လူနာအများစုသည် ရန်ကုန်မြို့ထဲဝန်းကျင်မှ တရုတ်တိုင်းရင်းဆေးကုဌာနတစ်ခုနှင့် အခြားပြင်ပမှ မကျွမ်းကျင်သော သမားတု သမားယောင်များကြောင့်ဖြစ်သည်ဟု ဒေါက်တာကျော်မြင့်နိုင်က ဆိုသည်။

## ကုန်ကျစရိတ်ကို ရှေ့တန်းတင်

"ဆေးရုံကိုလာတဲ့ လူနာအများစုက မြို့ထဲက တရုတ်ဆေးဌာနတစ်ခုရဲ့ လူနာတွေ များပါတယ်။ အဲဒီဆရာရဲ့ မိသားစုက ဆရာဝန်တွေပါ။ ဒါကို အခွင့်ကောင်းယူပြီး လုပ်စားနေတာပါ"ဟု ဒေါက်တာကျော်မြင့်နိုင်က ရှင်းပြသည်။ ထိုကဲ့သို့ တရုတ်ဆေးနှင့် မြန်မာ့ရိုးရာအကြောပြင်ဌာနများကြောင့် ဒုက္ခရောက်ရသူများရှိသော်လည်း မရှိမဖြစ် အသုံးပြုရသည့် အဓိကအကြောင်းရင်းကို ဆရာမဒေါ်ဝင်းဝင်းပြုံးက ယခုကဲ့သို့ ပြောကြားသည်။

"အဓိက,က ဆေးဖိုးဝါးခပါ။ တရုတ်ဆေးစည်းရင် တစ်ခါစည်း ငါးရာပဲကုန်တယ်။ အထူးကုဆရာဝန်ဆီသွားရင် ထောင်ချီကုန်မယ်။ ဓာတ်မှန်ရိုက်ရမယ်၊ သွေးစစ်ရမယ်။ ဒါကြောင့် မြန်လည်းမြန်၊ သက်လည်းသက်သာတဲ့ တရုတ်ဆေးပဲ စည်းချင်တယ်"

တိုင်းရင်းဆေးဝါး၏ အဓိက အားသာချက်မှာ အဖိုးနှုန်းချိုသာခြင်းပင်ဖြစ်ရာ အဖိုးနှုန်းချိုသာပြီး စစ်မှန်သော တိုင်းရင်းဆေးဝါးဖြင့် ကုသပါက ရွေးချယ်မှု မှန်ကန်မည်ဖြစ်သော်လည်း အဖိုးနှုန်းချိုသာသည့်နောက်ကိုလိုက်ရင်း မဖြစ်သင့်သည့် အဖြစ်ဆိုးများ ကြုံတွေ့ရပေသည်။ ဆေးစွမ်းထက်မြက်သော အနောက်တိုင်းဆေးဝါးနှင့် ကုသခများ ဈေးနှုန်းချိုသာပါက ပြည်သူတို့အနေဖြင့်လည်း နှိုင်းယှဉ်ရွေးချယ်စရာ ရှိလာမည်ဖြစ်သည်။

ဒေါက်တာရမ်းကုနှင့် သမားတု၊ သမားယောင်များ ယနေ့အထိ တွင်ကျယ်နေရာယူနေခြင်းနှင့် တီဘီဆေးဝါးကဲ့သို့သော ဆရာဝန်ခွင့်ပြုချက်ဖြင့်သာ သုံးစွဲနိုင်သည့် ဆေးဝါးများကို လမ်းဘေးဆေးဆိုင်တွင် အလွယ်တကူ ဝယ်ယူနေသော ပြည်သူလူထုအတွက် ကျန်းမာရေးပညာပေးမှုများ အထူးလိုအပ်နေပြီဖြစ်ရာ အရိုးအထူးကုဆရာဝန်ကြီး ဒေါက်တာကျော်မြင့်နိုင်ကမူ ယခုကဲ့သို့ အကြံပြုပြောကြားသွားပါသည်။

"ပြည်သူလူထုတွေမှာ ဆေးဝါးနဲ့ ပတ်သက်တဲ့ ဗဟုသုတတွေ ရှိလာအောင်လို့ ဆေးပညာရှင်တွေက ပညာပေးဖို့ လိုအပ်နေပါတယ်။ ပြည်သူတွေဘက်ကလည်း အရာရာကို သိပ္ပံနည်းကျကျ သုံးသပ်ဆုံးဖြတ်ကြပါလို့ ပြောချင်ပါတယ်။"

**ထားထားမြင့်**

■



# ရန်ကုန် ကုန်စည်ဈေးကွက်

မင်းညွန့် (L.C)

**ဈေးကွက်တွင် ငြိမ်သက်အေးစက်နေသော ကုန်စည်အချို့မှာ စက်တင်ဘာလဆန်းပိုင်းတွင် ဈေးကွက်၏ သဘောသဘာဝအတိုင်း ဝယ်လိုအား မြင့်မြင့်မားမား ပေါ်ပေါက်ခဲ့သဖြင့် ဈေးနှုန်းများ ကောင်းမွန်ကာ အရောင်းအဝယ် ပွင့်လန်း၍ အနုတ်အသိမ်း များပြားမြန်ဆန်လာသည်ကို တွေ့ရသည်။ အဓိကအားဖြင့် ပြည်တွင်း၌ အခြေခံအကျဆုံး နံ့စားကုန်စည်တို့၏ ဈေးနှုန်းမှာ လွန်မင်းသိသာစွာ ပြောင်းလဲ၍ ဈေးအမြင့်တွင် ရောင်းဝယ်ဖောက်ကားနေကြသည်ကို မြင်တွေ့ရပါသည်။**

ဈေးကွက်၏ ဝယ်လိုအားကို အဓိက ပြဋ္ဌာန်းနေသည်မှာ ဒေသဖြတ်ကျော်နိုင်မှုဆိုင်ရာလမ်းပန်းဆက်သွယ်ရေးအခြေအနေနှင့် ကုန်စည်ပမာဏတို့ဖြစ်ကြောင်း ကုန်စည်ဒိုင်မှ ဝါရင့်ကုန်သည်တစ်ဦးက ဆိုသည်။ လက်ရှိဈေးနှုန်း ရုတ်ချည်းမြင့်လာသော ကုန်စည်သည် ဝယ်လိုအားကောင်းသော ဈေးကွက်သို့ ရောက်ရှိရန် လမ်းပန်းပွင့်လန်းလာသော အခြေအနေနှင့် အဆိုပါဝယ်လိုအားကို ရုတ်တရက် မဖြည့်ဆည်းနိုင်သော ကုန်စည်ပမာဏတို့ကြောင့်ဖြစ်ကြောင်း ၎င်းက ဆိုပါသည်။ ယင်းကဲ့သို့ ဝယ်လိုအားများသည့် အခြေခံအကျဆုံးသော စားကုန်မှလွဲ၍ ကျန်ကုန်စည်အများစုမှာ ဈေးနှုန်းများစွာ မပြောင်းလဲဘဲ အရောင်းအဝယ်လည်း ခပ်အေးအေးပင်ဖြစ်သည်။

## ဆန်ကြာဆံဈေးစွာ

သိသာထင်ရှားစွာ ဈေးနှုန်းပြောင်းလဲသော စားကုန်များတွင် ဆန်ကြာဆံပါဝင်သည်။ ဆန်ကြာဆံ အမှတ်တံဆိပ်အမျိုးမျိုးသည် စက်တင်ဘာလဆန်းပိုင်းတစ်ပတ်အတွင်း တစ်ဆယ်ရာခိုင်နှုန်းခန့် ဈေးမြင့်တက်သွားသည်။ လင်းယုန်အမှတ်တံဆိပ် ဆန်ကြာဆံအထုပ်ကြီး (၅၀ သား ထုပ် ၁၂ ထုပ် ပါဝင်)သည် ဩဂုတ်လကုန်ပိုင်းတွင် ၂၉၅၀ ကျပ်နှုန်းရှိရာမှ စက်တင်ဘာလ ပထမပတ်တွင် ၃၂၀၀ ကျပ်အထိလည်းကောင်း၊ ကောင်းကောင်းအမှတ်တံဆိပ်သည် ၂၉၀၀ ကျပ်မှ ၃၀၀၀ ကျပ်သို့လည်းကောင်း ဈေးမြင့်တက်သွားသည်။ ဂျုံကြာဆံများမှာမူ ၈၂၀၀ ကျပ်မှ ၇၈၀၀ ကျပ်သို့ ဈေးကျဆင်းသွားသည်။ ကော်မှုန့်များလည်း တစ်ပိဿာ ၂၄၅ ကျပ်မှ ၂၆၅ ကျပ်အထိ ရောက်ရှိလာသည်။ ဆန်ကို အဓိကကုန်ကြမ်းအဖြစ်သုံးစွဲသော စားသုံးကုန်ပစ္စည်းအားလုံး အဆိုပါရက်ပိုင်းအတွင်း ဈေးနှုန်းအမြင့်သို့ ပြောင်းလဲသွားသည်ကို တွေ့ရသည်။




## ဆန်အနုတ်အသိမ်းမြန်

ရာကျော်ညွှန့်မထသည် တစ်တင်းခွဲ တစ်အိတ်လျှင် ၄၃၀၀ ကျပ်မှ ၆၀၀၀ ကျပ်သို့ ၂-၉-၂၀၀၄ နေ့ တစ်နေ့တည်းတွင် ပြောင်းလဲသွားသည်။ ယင်းကဲ့သို့ ဖြစ်ရခြင်းမှာ ပြည်ပဝယ်လိုအားကို ကုန်သည်များအနေနှင့် ကိုယ်ပိုင်နည်းလမ်းသုံး ဖြည့်ဆည်းပေးနိုင်ခဲ့ခြင်းကြောင့်ဖြစ်ကြောင်း ဘုရင့်နောင်ပွဲရုံမှ ကုန်သည်တစ်ဦးက ဆိုပါသည်။ ရန်ကုန်ဈေးကွက်သို့ ရာကျော်အဓိက တင်ပို့ရာနေရာဖြစ်သော ကျောက်တန်းမြို့နယ်တွင် ကမ်းနားမှ ကုန်စည်ဝင်ရောက်မှု နည်းပါးခြင်းနှင့်အတူ ဝယ်လိုအားကပါ မြင့်မားခဲ့သဖြင့် ယခုကဲ့သို့ ဈေးကောင်းသွားခြင်းဖြစ်ကြောင်း ၎င်းက ဆိုသည်။ ရာကျော်ညွှန့်မထ၏ ရိုက်ခတ်မှုကြောင့် ရွှေဝါထွန်းသည်လည်း တစ်တင်းခွဲ တစ်အိတ်လျှင် တစ်ထောင်ကျပ်ခန့် ဈေးပိုသွားသည်။ မုန့်မျိုးစုံနှင့် စားကုန်အချို့၏ အခြေခံကုန်ကြမ်းဖြစ်သော ငစိန်သည် ရာကျော်ထက်ပင် ဈေးမြင့်နေသည်ကို တွေ့ရသည်။ အဓိကအားဖြင့် ဈေးကွက်တွင် ဗိုက်ဖြူငစိန်ဟု ခေါ်ဝေါ်သော ထွန်းရွှေဝါမှာ အဝယ်လိုက်နေကြောင်း သိရသည်။ ကြာဆံ၊ မုန့်ဖတ်နှင့် မုန့်မျိုးစုံ ပြုလုပ်ရာတွင် အဓိက ကုန်ကြမ်းဖြစ်သော ငစိန်ဆန်ကွဲပင်လျှင် ၄၉၀၀ ကျပ်တွင် ရောက်ရှိနေသည်။ ယမ်ယမ် အသင့်စားကြာဆံထုပ် အထုပ် ၃၀ တစ်ပါကင်လျှင် ၃၀၂၅ ကျပ်မှ ၃၁၅၀ ကျပ်သို့ ဈေးနှုန်းမြင့်တက်သွားသည်။

ဆန်ကြမ်းများ ဈေးကောင်း၍ အနုတ်အသိမ်း မြန်ဆန်လာပြီးနောက်ပိုင်း ယင်းရိုက်ခတ်မှုကြောင့် ၆-၉-၂၀၀၄ နေ့တွင် ဆန်များ၏ ဈေးနှုန်းအသီးသီး ဈေးအမြင့်သို့ ရောက်ရှိလာကြသည်။ ပြည်တွင်းစားသုံးမှု အများဆုံးဖြစ်သော ပေါ်ဆန်းဆန်သည်ပင် ဝယ်လိုအားပုံမှန်၊ ရောင်းလိုအားပုံမှန်နှင့် တည်ငြိမ်နေသော်ငြား အဆိုပါကာလတွင် ဆန်ကြမ်းဈေးနှင့် ဈေးနှုန်းတူညီလာသဖြင့် မသိမသာ ဈေးမြင့်သွားသည်။ ကောက်ညှင်းသည်လည်း တစ်ပြည် ၆၅၀ ကျပ်မှ ၇၀၀ ကျပ်သို့ ရောက်ရှိသွားသည်။ ကောက်ညှင်းဆန်သည် ယခုနှစ်တွင် ဈေးအလွန်ကောင်းနေကြောင်း၊ ကောက်ညှင်း၏ ဈေးကွက်သဘာဝမှာ တစ်နှစ်ခြားတစ်ခါ ဈေးကောင်းရတတ်ကြောင်း၊ ယင်းသို့ဖြစ်ရခြင်းမှာ ဈေးကောင်းရပြီး နောက်နှစ်တွင် တောင်သူအစိုက်များ၍ ထွက်ရှိသည့်ပမာဏများကာ ဈေးကျဆင်းသွားတတ်ခြင်းကြောင့် ဖြစ်ကြောင်း၊ ဈေးကောင်းမရသောအခါ စိုက်ပျိုးမှု လျော့ကျပြန်သဖြင့် ထုတ်လုပ်မှုနည်းသွားကာ ဈေးကောင်းသွားပြန်ကြောင်း ဝါရင့်ဆန်ကုန်သည်ကြီးတစ်ဦးက ရှင်းပြပါသည်။

## ညောင်ပင်လေးဈေးကုန်စည်

ညောင်ပင်လေးဈေးမှ အဓိက ဖြန့်ဖြူးသော စားကုန်များအနက် ဆန်နှင့်ဆက်စပ်သော ကုန်စည်များသာ ဈေးကောင်း၍ ကျန်ကုန်ပစ္စည်းအားလုံးလိုလို ဈေးကျဆင်းကာ အရောင်းအဝယ်သည်လည်း ကောင်းမွန်ခြင်း မရှိသေးကြောင်း အဆိုပါဈေးကြီးမှ ကုန်သည်များထံမှ သိရသည်။ အိတ်စ်ပို့ ဒူးယားတစ်မျိုးမှာမူ ထူးထူးခြားခြား ၈၈၀ ကျပ်မှ ၁၂၀၀ ကျပ်သို့ ရောက်သွားသည်။ နက်စ်ကော်ဖီ (3 in 1) အထုပ် ၃၀ တစ်ပါကင်သည် စက်တင်ဘာလဆန်းပိုင်းတွင် ၁၅၆၅ ကျပ်မှ ၁၆၁၀ ကျပ်သို့ ဈေးတက်သွားသည်။

ကလေးခေါင်း နို့စိမ်းမှာ တစ်ဘူးလျှင် ၃၇၀ ကျပ်မှ ၃၆၈ ကျပ်သို့လည်းကောင်း၊ Dawn နို့ဆီတစ်ဘူးလျှင် ၄၆၀ ကျပ်မှ ၄၅၈ ကျပ်သို့လည်းကောင်း၊ Orchid နို့ဆီတစ်ဘူးလျှင် ၃၄၆ ကျပ်မှ ၃၅၀ ကျပ်သို့လည်းကောင်း၊ နွားနီနို့မှုန့် ၂၀၀ ဂရမ်တစ်ထုပ်လျှင် ၄၅၅ ကျပ်မှ ၄၄၅ ကျပ်သို့လည်းကောင်း၊ နွားနီနို့မှုန့် ၅၀၀ ဂရမ် တစ်ထုပ်လျှင် ၁၂၁၅ ကျပ်မှ ၁၂၀၅ ကျပ်သို့လည်းကောင်း၊ ရွှေဝါဆပ်ပြာ တစ်ပါကင်လျှင် ၇၂၅၀ ကျပ်မှ ၇၂၀၀ ကျပ်သို့လည်းကောင်း၊ ယမ်ယမ် ခေါက်ဆွဲပြုတ်မှာ ၂၂၅၀ ကျပ်မှ ၂၁၀၀ ကျပ်သို့လည်းကောင်း အသီးသီး ဈေးကျဆင်းသွားသည်။ ကျန်ကုန်စည်များမှာ ဈေးနှုန်းများစွာ ပြောင်းလဲခြင်း မရှိပေ။



သည်။ စားအုန်းဆီဈေးမှာ ပြင်ပပေါက်ဈေးနှင့် ကိုယ်စားလှယ်ထုတ်ဈေးမှာ များစွာ ကွာဟမှု မရှိချေ။ စားအုန်းဆီ ကိုယ်စားလှယ်များ ရောင်းချသည့်နှုန်းထားမှာ ၁၀၈၀ ကျပ်ဖြစ်ပြီး ပြင်ပပေါက်ဈေးမှာ ၁၁၃၀ ကျပ်ဖြစ်ကြောင်း သိရသည်။ မန်ကျည်းသီးမှာ ပြည်ပဝယ်လက်ရှိသဖြင့် ဈေးမြင့်တက်သွားသည်။ ယခင် တစ်ပိဿာ ၄၀၀ ကျပ်မှ တစ်ပတ်အတွင်း ၅၀၀ ကျပ်သို့ ရောက်ရှိသွားသည်။

ယခုလ ကုန်စည်ဈေးကွက်အနေအထားမှာ များစွာ ထူးခြားပြောင်းလဲမှု မရှိဘဲ မိုးအေးအေးတွင် အရောင်းအဝယ် ခပ်အေးအေးပင် ဖြစ်နေသည်ကို တွေ့ရသည်။

**မင်းညွန့် (L.C)**

LIVING COLOR MAGAZINE

**Ph: 526302, 4412163**

## အခြားကုန်စည်များ

စက်တင်ဘာလဆန်းပိုင်းအတွင်း ထူးထူးခြားခြား ဈေးကောင်းခဲ့သော ကုန်စည်တစ်မျိုးမှာ ဆားဖြစ်သည်။ ဆား ပိဿာငါးဆယ် တစ်အိတ်လျှင် ၁၃၀၀ ကျပ်မှ ၁၇၅၀ ကျပ်အထိ ဖြစ်သွားသည်။ ဒုံးပျံအမှတ်တံဆိပ် အိုင်အိုဒင်းဆားမှာ ၅၀ သားထုပ် အထုပ် ၅၀ ပါ တစ်အိတ်လျှင် ၁၁၅၀ ကျပ်မှ ၁၃၀၀ ကျပ်သို့ ရောက်သွားသည်။ ထိုကဲ့သို့ ဆားဈေးများ ခုန်တက်ခဲ့ရခြင်းမှာ ရာသီဥတုပြင်းထန်မှုကြောင့်ဖြစ်ကြောင်း ကုန်သည်တို့က ဆိုသည်။ ပဲအမျိုးမျိုးဈေးနှုန်းမှာ များစွာ ပြောင်းလဲမှု မရှိပေ။ အရောင်းအဝယ်သည်လည်း ခပ်အေးအေးပင် ဖြစ်သည်။ မီးဖိုချောင်သုံး ပဲအမျိုးမျိုးအနက် မြေပဲသည် တစ်ပိဿာ ၁၁၅၀ ကျပ်မှ ၁၀၁၀ ကျပ်သို့ ကျဆင်းခဲ့ပြီး ကုလားပဲမှာ တစ်ပိဿာ ၆၂၅ ကျပ်မှ ၅၉၃ ကျပ်အထိ ကျဆင်းခဲ့သည်။ သကြား အညို တစ်ပိဿာလျှင် ၄၄၀ ကျပ်မှ ၄၃၀ ကျပ်သို့လည်းကောင်း၊ သကြားအဖြူ တစ်ပိဿာလျှင် ၄၆၀ ကျပ်မှ ၄၅၅ ကျပ်သို့လည်းကောင်း ကျဆင်းခဲ့ပြီး ရွှေကြည်မှာ တစ်ပိဿာ ၄၀၀ ကျပ်မှ ၄၂၀ ကျပ်သို့ မြင့်တက်သွားသည်။ ကျန်ကုန်စည်အများစု ဈေးနှုန်း မှန်တန်းပင် ရှိနေသည်။

ငရုတ်၊ ကြက်သွန်ဈေးနှုန်းမှာ အနိမ့်မှာပင် ဆက်လက်တည်ရှိနေပြီး အရောင်းအဝယ် အလွန်ပါးသည်ကို တွေ့ရသည်။ ပဲဆီဈေးမှာ တစ်ပိဿာ ၁၆၀၀ ကျပ်မှ ၁၇၀၀ ကျပ်အထိ ဈေးတက်သွား




# LCCI သင်တန်းများနှင့် ကွန်ပျူတာစာရင်းကိုင် ဒီပလိုမာမိတ်ဆက်

**KKN**

**မြန်မာနိုင်ငံရှိ စာရင်းကိုင်သင်တန်းလောကအတွင်း ရေပန်းအစားဆုံးနှင့် တက်ရောက်ဖြေဆိုသူဦးရေ အများဆုံးဖြစ်သည့် LCCI စာရင်းကိုင်ဒီပလိုမာ စာမေးပွဲများကို ကျင်းပစစ်ဆေးပေးလျက်ရှိသော အင်္ဂလန်နိုင်ငံမှ LCCI EB သည် ၂၀၀၄ ခုနှစ်အတွင်း ကွန်ပျူတာစာရင်းကိုင်ဒီပလိုမာ (LCCI Computerized Accounting Diploma) အစီအစဉ်သစ်ကို မိတ်ဆက်ခဲ့ရာ မြန်မာလူငယ်များ အဖို့ ရွေးချယ်တက်ရောက်စရာ နိုင်ငံတကာအသက်မွေးဝမ်းကျောင်း ဒီပလိုမာ တစ်ခု တိုးလာပြီဖြစ်သည်။**

## မြန်မာနိုင်ငံနှင့် LCCI စာရင်းကိုင်သင်တန်းများ

အင်္ဂလန်နိုင်ငံ London Chamber of Commerce and Industry Examinations Board မှ တိုက်ရိုက်စစ်ဆေးအောင်လက်မှတ်ချီးမြှင့်သော နိုင်ငံတကာအဆင့် အသက်မွေးဝမ်းကျောင်းသင်တန်းများဖြစ်သည့် LCCI စာရင်းကိုင်ဒီပလိုမာ သင်တန်းနှင့် စာမေးပွဲများကို မြန်မာနိုင်ငံတွင် ၁၉၅၄–၅၅ ခုနှစ်မှ စတင် ကျင်းပစစ်ဆေးခဲ့ကြောင်း သိရှိရသည်။ ထိုစဉ်က မြန်မာနိုင်ငံ၌ LCCI ကို သိသူနည်းသလို ဝင်ရောက်ဖြေဆိုသူဦးရေလည်း နည်းပါးခဲ့ကြောင်း၊ ၁၉၇၀ ခုနှစ်နောက်ပိုင်းတွင် ဝင်ရောက်ဖြေဆိုသူဦးရေ ရာဂဏန်းအထိ ရှိလာခဲ့ကြောင်း၊ ၁၉၈၀ ခုနှစ် နောက်ပိုင်းတွင် ဝင်ရောက်ဖြေဆိုသူဦးရေ ထောင်ဂဏန်းအထိ တိုးတက်လာခဲ့ကြောင်း၊ ၁၉၉၅–၉၆ ခုနှစ် နောက်ပိုင်းကာလများတွင် ဝင်ရောက်ဖြေဆိုသူဦးရေ အများဆုံးဖြစ်ခဲ့ကြောင်းနှင့် ဘာသာရပ်တစ်ခုချင်းအလိုက် တစ်နှစ်လျှင် စာမေးပွဲပေါင်း ၁၂၀၀၀ ခန့်အထိ စစ်ဆေးပေးခဲ့ရပြီး ဝင်ရောက်ဖြေဆိုသူ ၅၀၀၀ ခန့်အထိ ရှိကြောင်း အဆိုပါစာမေးပွဲများကို တာဝန်ယူ ကျင်းပစစ်ဆေးပေးနေသည့် ဗြိတိသျှကောင်စီ (B.C)မှ စာမေးပွဲမန်နေဂျာ ဦးကျော်ထင်က ဆိုသည်။

"LCCI က ၁၉၈၈ ခုနှစ် မတိုင်မီက ဒီလောက်ရေပန်းမစားခဲ့ဘူး။ ၁၉၈၈ ခုနှစ် အရေးအခင်းဖြစ်လို့ ကျောင်းတွေပိတ်လိုက်ပြီး နောက်ပိုင်းမှာ လူငယ်တွေ ရွေးချယ်တက်စရာ ပြင်ပက သင်တန်းနှစ်မျိုး ပေါ်လာတယ်။ တစ်ခုက ကွန်ပျူတာ၊ နောက်တစ်ခုက စာရင်းကိုင်ပညာ။ စာရင်းကိုင်ပညာသင်တဲ့ သင်တန်းလောကမှာတော့ LCCI က ရေပန်းအစားဆုံး ဖြစ်လာတာပေါ့"ဟု KMD Computer Centre မှ စာရင်းကိုင်ပညာသင်တန်း ဒါရိုက်တာလည်းဖြစ်၊ မြန်မာယူနီဗာဆယ်ဘဏ်၏ အမှုဆောင်ဒါရိုက်တာလည်းဖြစ်သူ ဆရာဦးဝင့်ကျော်က ရှင်းပြသည်။

ထိုစဉ်က မစ္စတာချမ်း၊ ဆရာဦးလှမြင့်တို့၏ သင်တန်းများမှာ LCCI သင်တန်းလောက၌ ထင်ရှားခဲ့ကြောင်း၊ စာမေးပွဲကြေးမှာလည်း သက်သာပြီး သင်တန်းကြေးမှာလည်း ၁၀၀၀ ကျပ်ဝန်းကျင်သာ ရှိခဲ့ကြောင်း၊ ၁၉၉၀ ခုနှစ် နောက်ပိုင်းတွင် စာမေးပွဲကြေး မြင့်တက်သွားသလို သင်တန်းကြေးပါ တက်သွားခဲ့ကြောင်း ၎င်းက ဆိုသည်။

"၁၉၉၆ ခုနှစ်ကုန်ပိုင်းမှာ ကျောင်း

တွေ ဒုတိယအကြိမ် ပြန်ပိတ်သွားတော့ LCCI သင်တန်း တက်ရောက်တဲ့ဦးရေ ပိုများလာတယ်။ ကုမ္ပဏီတွေကလည်း အလုပ်ခေါ်ရင် LCCI Level III ဒီပလိုမာ ရထားတဲ့သူကို B.Com. နဲ့ တန်းတူထားပြီး ခေါ်လာကြတယ်။ B.Com. က သီအိုရီ အားဖြင့် ပိုစုံတယ်။ LCCI ကျတော့ Accounting, Marketing, Management စသဖြင့် တစ်ခုချင်းကို ဖောင်းပေးသင် တယ်။ B.Com. ထက်ပိုပြီး Specialize ဖြစ်တယ်။ Practical ပိုများတယ်။ အင်္ဂလန် က သင်ရိုးညွှန်းတမ်းအတိုင်း ရေးဆွဲပြီး စာမေးပွဲစစ်ဆေးလို့ ပိုပြီး Modernize ဖြစ်တယ်။ လုပ်ငန်းခွင်တွေမှာ ပိုပြီး အသုံး တည့်မှန်း သိလာကြတယ်"ဟု LCCI စာရင်းကိုင်ဒီပလိုမာ၏ အားသာချက်နှင့် ပတ်သက်ပြီး ဦးဝင့်ကျော်က ထပ်လောင်း ပြောပြသည်။

၁၉၉၅-၉၆ နောက်ပိုင်းတွင် မစ္စတာ ချမ်း၊ ဆရာဦးလှမြင့် တို့၏ တပည့်များဖြစ်သော ဆရာ ဦးအောင်ဝင်း၊ ဒေါက်တာ တင်လတ်တို့၏ သင်တန်းများ ကလည်း ထင်ရှားလာကြ ကြောင်း၊ MCC, KMD စသည့် ကွန်ပျူတာသင်တန်း များကလည်း လက်ခံသင်ကြား လာကြကြောင်း၊ ဝင်ရောက်ဖြေ ဆိုသည့် သင်တန်းသားဦးရေ များပြားလာသဖြင့် မန္တလေးမြို့၌ ပါ Exam Centre ခွဲကို တိုး ချဲ့ဖွင့်လှစ်ခဲ့ကြောင်း၊ ယခုအခါ မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် LCCI စာရင်းကိုင်ဒီပလိုမာ သင်တန်းများကို လက်ခံဖွင့် လှစ် သင်ကြားပေးလျက်ရှိ သည့် သင်တန်းကျောင်းပေါင်း ၅၀ ကျော် ရှိနေပြီဖြစ်ကြောင်း ဦးကျော်ထင်က ဖြည့်စွက်ရှင်း ပြသည်။

## LCCI သင်တန်းအတွေ့အကြုံနှင့် လုပ်ငန်းခွင် ပြန်လည်အသုံးချနိုင်မှု

LCCI Level လေးခုရှိသည့်အနက် မြန်မာနိုင်ငံ၌ Level I, II နှင့် III ဟူ၍ Level သုံးခုမှာ ရေပန်းအစားဆုံး ဖြစ်သည်။ Level I တွင် Book-keeping ဘာသာရပ်၊ Level II တွင် Book-keeping နှင့် Accounting ဘာသာရပ်တို့ကို ရွေးချယ် ဖြေဆိုမှုနှုန်း များကြပြီး Level III တွင်မူ ဘာသာရပ်ပေါင်းများစွာ ရှိသည့်အနက် Accounting, Cost Accounting, Statistics, Management Accounting, Business Calculation စသည့် ဘာသာရပ် များကို အများဆုံး ရွေးချယ်ဖြေဆိုကြလေ့ ရှိသည်။

"အချို့က Level I နဲ့ II ကို မဖြေ ဘဲနဲ့ Level III ကို တန်းဖြေကြတယ်။ စာရင်းကိုင်အခြေခံ နားလည်ထားဖို့တော့ လိုတယ်။ Level I နဲ့ II ဖြေထားရင်တော့ Exam အတွေ့အကြုံနဲ့ အခြေခံတွေ နား လည်ထားပြီး Level III ကို ဖြေတဲ့အခါမှာ အထောက်အကူဖြစ်တာပေါ့"ဟု LCCI ဒီပလိုမာရရှိထားသူ ဒေါ်ခင်သီတာကိုက ရှင်းပြသည်။ သူမသည် ၁၉၉၈ ခုနှစ်က Diploma in Accounting ဘာသာရပ်ဖြင့် LCCI Level III ကို အောင်မြင်ခဲ့ပြီး ယခု အခါ Myanmar Information Technology Pte. Ltd. တွင် Biz Acc Xp Accounting Software များ ရေးဆွဲနေ သည့် ဌာနခွဲ၏ Product Manager အဖြစ် တာဝန်ထမ်းဆောင်လျက် ရှိသည်။

"LCCI သင်တန်းတွေမှာ ဆယ်တန်း (တက္ကသိုလ်ဝင်တန်း) အောင်ပြီး တက်တဲ့ သူတွေလည်း ပါတယ်။ ဘွဲ့ရတွေလည်း ပါတယ်။ အချို့ B.Com. ဘွဲ့ရပြီးသား တွေတောင် ပါကြတယ်။ အလုပ်လုပ်နေ ကြသူတွေလည်း ပါတယ်။ သင် ရိုးကိုက Practical ပိုင်း ပိုများ တာမို့လို့ လုပ်ငန်းခွင်ဝင်ရင်း ဖြေ ဆိုသူတွေက အောင်မြင်မှုရာခိုင် နှုန်း ပိုများကြတယ်။ စာကျက် ပြီး ဖြေတာထက် လက်တွေ့ လုပ်နေရင်း ဖြေတာက ပိုနား လည်တာပေါ့။ လက်တွေ့က အဓိက လိုအပ်ပါတယ်"ဟု သင် တန်း၌ လက်တွေ့အရေးကြီးပုံ နှင့် ပတ်သက်ပြီး Myanmar Information Technology Pte. Ltd. မှ Administration, Finance and Human Resource Department ၏ အထွေထွေမန်နေဂျာ ဒေါ်တင်ခိုင်လင်းက ဆိုသည်။ သူမသည် ၂၀၀၁ ခုနှစ်က Diploma in Management Accounting ခေါင်းစဉ်ဖြင့် LCCI Level III ကို ဂုဏ်ထူးတစ် ဘာသာဖြင့် အောင်မြင်ခဲ့သူ ဖြစ် သည်။ ငွေစာရင်းနှင့်ပတ်သက်၍

LCCI Level III Diploma


Diploma

This is to certify that

TIN KHAING LINN

has been awarded the

Third Level Group Diploma in Management Accounting

having been examined by the London Chamber of Commerce and Industry Examinations Board in the following

| | |
|---|---|
| Accounting - Third Level | Pass with Credit |
| Business Statistics - Third Level | Pass with Distinction |
| Cost Accounting - Third Level | Pass |
| Management Accounting - Third Level | Pass |

*****

Fulfil your career potential with LCCIEB

W J Swords
Chief Executive

Brian Harris
Chairman

အခြေခံဗဟုသုတများ၊ သိသင့်သိထိုက်သည်များအားလုံး ပါဝင်သဖြင့် စာရင်းကိုင်ပညာတတ်ထားလိုသူများနှင့် စာရင်းကိုင်အဖြစ် အသက်မွေးဝမ်းကျောင်း ပြုလုပ်လိုသူများ တက်ထားသင့်ကြောင်း သူမက အကြံပြုပြောကြားသွားသည်။

"စာမေးပွဲဖြေဖို့ လေ့ကျင့်တဲ့အခါ သင်တန်းတွေ၊ ကျူရှင်တွေက သင်တာချည်း အားကိုးနေလို့ မရဘူး။ ကိုယ့်ဘာသာကိုယ် မေးခွန်းဟောင်းတွေကို ကျေညက်အောင် လေ့ကျင့်ဖို့ လိုတယ်။ အချို့ဆို စာကျေအောင်ဆိုပြီး သင်တန်းကို နှစ်ခေါက်လောက်တက်ပြီးမှ ဝင်ဖြေကြတာ ရှိတယ်" ဟု စာမေးပွဲအတွက် ပြင်ဆင်လေ့ကျင့်မှုနှင့်ပတ်သက်ပြီး ဒေါ်တင်ခိုင်လင်းက ဖြည့်စွက် ပြောကြားသည်။

ဘာသာရပ်ရွေးချယ်မှုနှင့်ပတ်သက်၍ သူမက "Level III မှာ ခေါင်းစဉ်တင်တဲ့ အဓိက မေဂျာအပါအဝင် သုံးဘာသာဖြေလို့ အောင်ရင် Diploma ရပြီ။ အချို့ကျတော့ ခြေချော်လက်ချော်ဖြစ်ပြီး တစ်ဘာသာကျသွားရင် သုံးဘာသာအောင်နေအောင် လေးဘာသာဖြေကြတယ်။ အဲဒီအခါ ခေါင်းစဉ်တင်တဲ့ဘာသာ ကျသွားရင် ဒီပလိုမာ မရတော့ဘူး။ မြန်မာနိုင်ငံမှာတော့ အများစုက Accounting ဘာသာရပ်ကို ခေါင်းစဉ်တင် ဖြေကြတာ တွေ့ရတယ်"ဟု ရှင်းပြသည်။

LCCI သင်တန်းတွင် သင်ယူခဲ့ရသည့် သင်ခန်းစာနှင့် လုပ်ငန်းခွင်ဆက်စပ်မှုရှိကြောင်း၊ ကုမ္ပဏီ၌ Accounting Software ရေးဆွဲရင်း အတွေ့အကြုံက ထပ်မံသင်ကြားပေးကြောင်း၊ လုပ်ငန်းခွင်ရောက်မှ ပိုမိုသိရှိလာရသည်များရှိကြောင်း ဒေါ်ခင်သီတာကိုက အလုပ်အကိုင်အတွေ့အကြုံနှင့် ပတ်သက်၍ ရှင်းပြသည်။

Level III အောင်မြင်ပြီးသည်နှင့် ကုမ္ပဏီများတွင် အနိမ့်ဆုံး Assistant Accountant ရာထူး ရရှိနိုင်ကြောင်း၊ အများစုမှာ လုပ်ငန်းခွင်၌ ပြန်လည်အသုံးချနေကြသလို အချို့မှာ Diploma တစ်ခုလိုချင်၍ တက်ရောက်သူများလည်းရှိကြောင်း ဒေါ်တင်ခိုင်လင်းက ဆိုပါသည်။

## ပုဂ္ဂလိက LCCI သင်တန်းများနှင့် ကျူရှင်များ

"မြန်မာနိုင်ငံမှာ LCCI ဆိုတဲ့ Brand Name က လူငယ်ထုကြားမှာ ရေပန်းအစားဆုံး သင်တန်းတစ်ခုပါ။ ၁၉၈၀ ကျော်ကနေ အခုထက်ထိပါပဲ။ LCCI ဒီပလိုမာနဲ့ ပတ်သက်လို့ အများဆုံးဖြေဆိုနေကြတာက Accounting ဘာသာရပ်ပါ။ စာရင်းကိုင်၊ စီမံခန့်ခွဲမှုတွေနဲ့ ပတ်သက်တဲ့ ဘာသာရပ်တွေကို တစ်ခုနဲ့တစ်ခု တွဲပြီး ဖြေရတာမို့လို့ သီးခြားသင်တန်းတက်ဖို့ မလိုတော့ဘဲ အကုန်လုံးသိသွားနိုင်ပါတယ်"ဟု Myanma Computer Co., Ltd. (MCC) မှ ဒုတိယဥက္ကဋ္ဌနှင့် Chief Operation Officer ဒေါ်ချောခင်ခင်က ဆိုသည်။

**LCCI Computerized Accounting Diploma မိတ်ဆက်ပွဲအခမ်းအနား**



မြန်မာနိုင်ငံ၌ Management နှင့်ပတ်သက်သည့် သင်တန်းများစွာ ရှိနေကြသော်လည်း ယင်းသင်တန်းတက်ပြီးသူတိုင်းမှာ Management Level ၌ အလုပ်ပြန်လည်မလုပ်ဖြစ်ကြသည်ကို တွေ့ရကြောင်း၊ LCCI မှာမူ စာရင်းကိုင်ပညာသာမကဘဲ Marketing, Management စသည့် ဘာသာရပ်များပါ ပူးတွဲသင်ကြားရသဖြင့် သင်တန်းပြီးဆုံးသွားသူတစ်ဦးအဖို့ အလုပ်အကိုင်ရှာဖွေရာတွင် အခွင့်အလမ်း ပိုမိုရရှိကြောင်း သူမက အလုပ်အကိုင်အခွင့်အလမ်းနှင့်ပတ်သက်ပြီး ရှင်းပြသည်။ LCCI နှင့် ပတ်သက်သည့် သင်တန်းများကို တိုးချဲ့လက်ခံ သင်ကြားသွားမည်ဖြစ်ကြောင်း သူမက ထပ်လောင်းပြောကြားသွားသည်။

"အရင်ကဆို ရန်ကုန်နဲ့ မန္တလေးမှာပဲ LCCI သင်တန်းတွေ ရှိခဲ့တာ။ အခုနောက်ပိုင်းမှာ မုံရွာ၊ ရွှေဘို၊ တောင်ကြီး၊ မကွေးနဲ့ ပဲခူးမြို့တွေမှာပါ သင်တန်းကျောင်းတွေ တိုးချဲ့ဖွင့်လှစ်လာကြတာကို တွေ့ရပါတယ်။ အထက်မြန်မာနိုင်ငံအတွက် စာမေးပွဲကိစ္စဆက်သွယ်ဆောင်ရွက်တဲ့အခါမှာ လွယ်ကူနိုင်အောင် မန္တလေးမှာ B.C ရဲ့ ရုံးခွဲတစ်ခုကို ၁၉၉၆ ခုနှစ်မှာ ဖွင့်လှစ်ခဲ့ပါတယ်"ဟု စာမေးပွဲမန်နေဂျာ ဦးကျော်ထင်က သင်တန်းကျောင်းခွဲ တိုးပွားလာပုံနှင့် ပတ်သက်ပြီး ရှင်းပြသည်။ အချို့သင်တန်းကျောင်းများက လေ့ကျင့်သင်ကြားပို့ချမှုသာမက B.C သို့ စာမေးပွဲဝင်ကြေး ပေးသွင်းသည့်

ကိစ္စကိုပင် တာဝန်ယူဆောင်ရွက်ပေးကြကြောင်း၊ အချို့သင်တန်းကျောင်းများမှာမူ လေ့ကျင့်သင်ကြားပို့ချမှုတစ်ခုတည်းကိုသာ ဆောင်ရွက်ကြကြောင်း ၎င်းက ဆိုသည်။

"B.C နဲ့ ဆက်သွယ်ထားတဲ့ သင်တန်းကျောင်းတွေကို အင်္ဂလန် LCCI EB က LCCI နဲ့ ပတ်သက်တဲ့ သင်ရိုးညွှန်းတမ်းစာအုပ်တွေ ပို့ပိုးပေးပါတယ်။ LCCI EB က သင်ရိုးအသစ် ပြောင်းလဲတာမျိုး ရှိရင် သင်တန်းကျောင်းတွေက ဆရာဆရာမတွေ၊ တာဝန်ရှိတဲ့သူတွေကို စုစည်းပြီး ရန်ကုန်မှာ Workshop လုပ်ပေးတယ်"ဟု သင်တန်းကျောင်းများအား B.C မှ ပို့ပိုးဆောင်ရွက်နေမှုနှင့်ပတ်သက်ပြီး ၎င်းက ဖြည့်စွက်ရှင်းပြသည်။

အချို့သင်တန်းများမှာ LCCI သင်ရိုးညွှန်းတမ်းအတိုင်း စာမေးပွဲ သီးခြားစစ်ဆေးပေးပြီး အောင်လက်မှတ် (Internal Certificate) ပြန်လည်ချီးမြှင့်ကြကြောင်း၊ LCCI စာမေးပွဲကြီး မတတ်နိုင်သူများအဖို့ ယင်း Certificate က များစွာ အထောက်အကူပြုကြောင်း ရန်ကုန် စီးပွားရေးတက္ကသိုလ်၌ LCCI Level III သင်တန်းတက်ရောက်ခဲ့သူတစ်ဦးက ဆိုသည်။

## LCCI စာမေးပွဲနှင့် ဗြိတိသျှကောင်စီ၏ တာဝန်ယူနေမှုများ

ကမ္ဘာတစ်ဝန်း၌ LCCI မှ ကျင်းပစစ်ဆေးသည့် စာမေးပွဲအသီးသီးအား နှစ်စဉ် ဝင်ရောက်ဖြေဆိုနေကြသူဦးရေ ၀.၅ သန်းခန့်ရှိပြီး နိုင်ငံပေါင်း ၁၀၀ ကျော်၌ စာစစ်ဌာနများ ဖွင့်လှစ်ထားကြောင်း စင်ကာပူနိုင်ငံအခြေစိုက် LCCI Asia မှ ဌာနေမန်နေဂျာ Mr.Jefeery Soon က ဆိုသည်။

"LCCI Level I, II နဲ့ III မှာ ဘာသာရပ်ပေါင်း ၁၀၀ ကျော် ရှိပါတယ်။ မြန်မာနိုင်ငံမှာက ငါးခုခြောက်ခုလောက်ပဲ ဖြေကြတာများတယ်။ ရေပန်းအစားဆုံးကတော့ Accounting ပေါ့။ လုပ်ငန်းသဘာဝကြောင့်လား မပြောတတ်ဘူး။ ဖြေကြတဲ့သူတွေထဲမှာ မိန်းကလေးဦးရေက သိသိသာသာ ပိုများနေတယ်"ဟု ဦးကျော်ထင်က ရှင်းပြသည်။

စာမေးပွဲကြေးနှင့် ပတ်သက်၍ ၎င်းက "Level I ဖြေမယ့်သူတွေက တစ်ဘာသာကို ၃၆ US$၊ Level II ဖြေမယ့်သူတွေက တစ်ဘာသာကို US$ ၄၀ နဲ့ Level III ဖြေမယ့်သူတွေက တစ်ဘာသာကို ၄၃ US$ နှုန်းစီ B.C ကို ပေးသွင်းရပါတယ်။ Level III သုံးဘာသာဖြေမယ်ဆိုရင်တော့ အနည်းဆုံး ၁၇၂ US$ ပေးရတာပေါ့။ B.C ကတစ်ဆင့် အင်္ဂလန်က LCCI EB ကို စတာလင်ပေါင်နဲ့ ပြန်ပေးသွင်းရပါတယ်"ဟု ရှင်းပြသည်။

"အဲဒီမှာ ပြဿနာတစ်ခုက စတာလင်ပေါင်နဲ့ အမေရိကန်ဒေါ်လာ Exchange Rate အမြဲပြောင်းနေတာပဲ။ စတာလင်ပေါင်ရဲ့ ပေါက်ဈေးနဲ့ ညီမျှတဲ့ အမေရိကန်ဒေါ်လာကို သွင်းရတော့ စတာလင်တစ်ပေါင်ကို ၁.၅ US$ ကနေ ၁.၈ US$ (၀.၃ US$ စီလောက်) တက်သွားရင်ပဲ သိသိသာသာတက်သွားပြီ။ တစ်ခါ အမေရိကန်ဒေါ်လာပေါက်ဈေးကလည်း မြန်မာနိုင်ငံမှာ မြင့်တက်နေပြန်တော့ စာမေးပွဲကြေးမတက်ပေမယ့် စာမေးပွဲကြေးပေးသွင်းရတဲ့ မြန်မာကျောင်းသားတွေအတွက် နစ်နာသွားပါတယ်"ဟု ၎င်းက ရှင်းပြသည်။ Exchange Rate ကွာဟမှုကြောင့် ယမန်နှစ်များက မြန်မာနိုင်ငံမှ ဖြေဆိုသူဦးရေ လျော့ကျသွားခဲ့ကြောင်း ၎င်းက ပြောကြားသည်။

အောင်ချက်ရာခိုင်နှုန်းနှင့်ပတ်သက်ပြီး ဦးကျော်ထင်ကပင် မြန်မာတစ်နိုင်ငံလုံးမှ LCCI စာမေးပွဲ အောင်ချက်ရာခိုင်နှုန်း ၆၀ ရာခိုင်နှုန်းခန့်ရှိကြောင်း၊ ယခင်က ဘာသာရပ်တစ်ခုချင်းအလိုက် တစ်ကမ္ဘာလုံး၌ အမြင့်ဆုံး ရွှေတံဆိပ် (Gold Medal) ရရှိခဲ့သူများ ပေါ်ထွန်းခဲ့ကြောင်း၊ ယခုမူ နိုင်ငံအလိုက်သာ ရွှေတံဆိပ်၊ ငွေတံဆိပ်နှင့် ကြေးတံဆိပ်များ ရရှိတော့ကြောင်း၊ ယခင်က ကမ္ဘာ့အဆင့်တစ်နှင့် နှစ်နေရာ၌ ရှိခဲ့ရာက ယခုမူ သုံးနေရာ၌ ရှိနေကြောင်း ရှင်းပြသည်။ Level III စာမေးပွဲနှင့် စပ်လျဉ်းပြီး ဦးဝင့်ကျော်က "အမှန်တော့ LCCI Level III Course က မခက်ပါဘူး။ အင်္ဂလိပ်စာအားနည်းလို့ မလိုက်နိုင်ကြတာပါ။ အင်္ဂလိပ်စာ အခြေခံကောင်းတဲ့သူတစ်ယောက် ဒါမှမဟုတ် B.A (English) ရထားတဲ့သူတစ်ယောက်ဖြေရင် စာရင်းကိုင်ပညာ မကျွမ်းကျင်သေးပေမယ့် မေးခွန်းကို နားလည်သဘောပေါက်ပြီး အလွယ်တကူ ဖြေဆိုနိုင်ကြတာကို တွေ့ရပါတယ်။ မြန်မာနိုင်ငံက Gold Medal ရသွားတဲ့သူတွေက အင်္ဂလိပ်စာ အခြေခံကောင်းကြသူတွေချည်းပဲ။ အင်္ဂလိပ်စာ အားနည်းတဲ့သူတွေအဖို့ မေးခွန်းနားမလည်တော့ အခက်အခဲရှိနိုင်တာပေါ့"ဟု ရှင်းပြသည်။

LCCI Level III ဖြေဆိုထားပြီး ကျရှုံးမည့်မှန်းသိ၍ အောင်စာရင်းမထွက်မီ အချိန်မီ ထပ်မံ ဖြေဆိုလိုသူများအတွက် LCCI EB မှ အစီအစဉ်သစ်တစ်ခုကို ယမန်နှစ် ၂၀၀၃ ခုနှစ် နိုဝင်ဘာလမှစ၍ တိုးချဲ့လက်ခံပေးခဲ့ကြောင်း သိရသည်။ ယင်းအစီအစဉ်မှာ ဖြေဆိုသူက ခေါင်းစဉ်တင်သည့် Major ဘာသာနှင့် ကျန် နှစ်ဘာသာ (သို့) သုံးဘာသာအနက် ခေါင်းစဉ်တင်သည့် Major ဘာသာ ကျရှုံးမည်မှန်း ရိပ်မိလျှင် ဖြေဆိုပြီး ရက် ၁၀၀ အတွင်း လူစုပြီး ယင်းတစ်ဘာသာတည်းကို On Demand ပြန်လည်ဖြေဆိုခွင့် စီစဉ်ပေးခြင်းပင် ဖြစ်သည်။ ယခင်က ခေါင်းစဉ်တင်သည့်ဘာသာ ကျရှုံးခဲ့ပါက Group Diploma မရတော့ဘဲ Diploma in Business Studies (DBS) ဖြင့် ကျေနပ်ခဲ့ရရာမှ ယခုမူ Group Diploma ကို ပြန်လည်လျှောက်ထား ဖြေဆိုခွင့်ပြုလိုက်ခြင်းပင် ဖြစ်သည်။

ကမ္ဘာတစ်ဝန်းလုံး၌ LCCI စာမေးပွဲများကို နှစ်စဉ် ဇန်နဝါရီ၊ ဧပြီ၊ ဇူလိုင်နှင့်

နိုဝင်ဘာလများတွင် Series အလိုက် လေးကြိမ် စစ်ဆေးသော်လည်း မြန်မာနိုင်ငံ၌မူ Series 2 စစ်ဆေးသည့် ဧပြီလနှင့် Series 4 စစ်ဆေးသည့် နိုဝင်ဘာလတို့တွင်သာ စာမေးပွဲကျင်းပစစ်ဆေးသည်။ ယင်းနှင့်ပတ်သက်၍ ဦးကျော်ထင်က တက္ကသိုလ်ဝင်တန်း ဖြေဆိုပြီးချိန် ဧပြီလနှင့် ထိုလတွင် ဖြေဆိုသည့် Series အောင်စာရင်း ထွက်ပြီး ကျရှုံးပါက နောက်တစ်ကြိမ် သင်တန်းတက်ပြီး ပြန်လည်လေ့ကျင့်ဖြေဆိုလိုသူများ အချိန်မီစေရန် နိုဝင်ဘာလတို့တွင် စစ်ဆေးရခြင်းဖြစ်ကြောင်း ရှင်းပြသည်။ စာမေးပွဲဖြေဆိုပြီး နှစ်လအတွင်း အောင်စာရင်းထုတ်ပြန်ကာ LCCI EB မှ ဒီပလိုမာနှင့် အောင်လက်မှတ်များကို ပို့ပေးကြောင်း ၎င်းက ထပ်လောင်းပြောကြားသည်။

## LCCI ကွန်ပျူတာစာရင်းကိုင်ဒီပလိုမာ

၂၀၀၄ ခုနှစ် နှစ်လယ်အတွင်း ဩစတြေးလျနိုင်ငံ အခြေစိုက် MYOB Accounting Software ကုမ္ပဏီနှင့် LCCI EB တို့ ပူးပေါင်းစီစဉ်သည့် LCCI Computerized Accounting Diploma Program ကို မြန်မာနိုင်ငံအပါအဝင် LCCI Exam Centre များ ဖွင့်လှစ်ထားသည့် နိုင်ငံအသီးသီးတွင် မိတ်ဆက်လာခဲ့သည်။ နိုင်ငံတကာ၌ ရေပန်းစားလျက်ရှိသည့် MYOB Accounting Software ကို အခြေပြုရေးဆွဲထားပြီး LCCI EB မှ ပေးအပ်ချီးမြှင့်မည့် ကွန်ပျူတာစာရင်းကိုင် ဒီပလိုမာစာမေးပွဲ ဖြစ်သည်။

ယခင် LCCI Level I, II, III စာမေးပွဲကဲ့သို့မဟုတ်ဘဲ Level 2 နှင့် 3 ဟူ၍ Level နှစ်မျိုးခွဲထားသည်။ Level 2 (Group Certificate in Computerized Accounting) ရရှိရန်အတွက် Computerized Accounting နှင့် Book-keeping and Accounts မဖြေမနေရ ဘာသာရပ် နှစ်ခုအပြင် ကျန်ဘာသာရပ် ၁၂ မျိုးအနက်မှ နှစ်သက်ရာတစ်ခုကိုပါ ပူးတွဲ၍ ၂၄ လအတွင်း ဖြေဆိုအောင်မြင်ရမည် ဖြစ်သည်။ Level 3 (Group Diploma in Computerized Accounting) ရရှိရန်အတွက်မူ Computerized Accounting နှင့် Accounting/Accounting IAS မဖြေမနေရ ဘာသာရပ်နှစ်ခုအပြင် ကျန်ဘာသာရပ် ၁၉ မျိုးအနက်မှ နှစ်သက်ရာတစ်ခုခုကိုပါ ပူးတွဲ၍ ၂၄ လအတွင်း ဖြေဆိုအောင်မြင်ရမည် ဖြစ်သည်။

အဆိုပါ ဒီပလိုမာစာမေးပွဲ ဝင်ရောက်ဖြေဆိုလိုသူများအဖို့ ၂၀၀၄ ခုနှစ် ဧပြီလတွင် ကျင်းပခဲ့သော Series 2 စာမေးပွဲ၌ LCCI Level III အား Accounting ဘာသာရပ်ဖြင့် Group ဒီပလိုမာရရှိထားပြီး နှစ်နှစ်အတွင်း MYOB Computerized Accounting တစ်ဘာသာ ထပ်မံဖြေဆိုပါက နောက်ထပ် ဒီပလိုမာတစ်ခုအဖြစ် Diploma in Computerized Accounting ကို ရရှိနိုင်မည် ဖြစ်သည်။ ထို့အပြင် ၂၀၀၁ ခုနှစ် ဧပြီလ စာမေးပွဲမှ စတင်၍ ၂၀၀၅ ခုနှစ် မတ်လအတွင်း LCCI Level III အား Accounting ဘာသာအပါအဝင် အခြားဘာသာတစ်ခုခုဖြင့် အောင်မြင်ထားပြီး MYOB Computerized Accounting တစ်ဘာသာ ထပ်မံဖြေဆိုပါကလည်း Diploma in Computerized Accounting ကို ရရှိနိုင်ရန် စီစဉ်ထားကြောင်း၊ အဆိုပါ ဒီပလိုမာရရှိပြီးသွားပါက စာရင်းကိုင်စနစ်နှင့် ကွန်ပျူတာစနစ် နှစ်မျိုးစလုံးပါ တတ်ကျွမ်းနားလည်သွားမည်ဖြစ်ကြောင်း ဦးကျော်ထင်က ရှင်းပြသည်။

အဆိုပါဒီပလိုမာစာမေးပွဲကို မကြာမီ မြန်မာနိုင်ငံတွင် လက်ခံကျင်းပစစ်ဆေးသွားနိုင်ရန်အတွက် သင်တန်းကျောင်းအသီးသီးမှ ဆရာ ဆရာမ ၃၀ ဦးအား ရန်ကုန်မြို့ Traders ဟိုတယ်၌ ပြီးခဲ့သည့် ဇူလိုင်လအတွင်းက LCCI EB နှင့် MYOB တို့မှ ကျွမ်းကျင်ပညာရှင်များနှင့် တာဝန်ရှိသူများ လေ့ကျင့်သင်တန်းပေးခဲ့သည်။

Computerized Accounting Diploma ဖြေဆိုနိုင်ရန်အတွက် အထောက်အကူပြု သင်တန်းနှင့်စပ်လျဉ်းပြီး KMD Computer Centre မှ ဒါရိုက်တာဦးဘိုဘိုလွင်က KMD ၌ ဩဂုတ်လမှစတင်ပြီး Level 2 တစ်မျိုးတည်းကိုသာ ဦးစွာ လေ့ကျင့်သင်ကြားပေးလျက်ရှိကြောင်း၊ ဖြေဆိုရန် လာရောက်စာရင်းပေးတက်ရောက်ကြသည့် သင်တန်းသားဦးရေမှာ မမျှော်လင့်ထားဘဲ တိုးလာ၍ Section ခြောက်ခုခွဲထားရကြောင်း၊ Level 2 ဖြေဆိုအောင်မြင်ပြီးသူများကို တစ်ဆင့်တက်၍ Level 3

**MYOB Software စနစ် နမူနာ**



ဖြေဆိုနိုင်ရန် လေ့ကျင့်သင်ကြားပေးသွားမည်ဖြစ်ကြောင်း၊ LCCI EB မှ ချမှတ်ပြဋ္ဌာန်းထားသည့် MYOB Guide Book နှင့် Software အတိုင်း စာတွေ့လက်တွေ့ တစ်လခွဲခန့် လေ့ကျင့်သင်ကြားပေးသွားမည်ဖြစ်ကြောင်းနှင့် Exam ဖြေဆိုချိန်မှာ ၂ နာရီ ၃၀ မိနစ် သတ်မှတ်ထားကြောင်း ရှင်းပြသည်။

အဆိုပါ Computerized Accounting Diploma စာမေးပွဲမှာ ယခင် LCCI Manual စာမေးပွဲများကဲ့သို့ Series အလိုက် ဝင်ရောက်ဖြေဆိုစရာမလိုဘဲ မိမိတို့ ဖြေဆိုလိုသည့်အချိန်တွင် လူစုပြီး On Demand ဖြေဆိုနိုင်ကြကြောင်း၊ ဖြေဆိုရန် အဆင်သင့်ဖြစ်ပါက LCCI EB သို့ ရက်သတ္တပတ်ခြောက်ပတ်ခန့် ကြိုတင်အကြောင်းကြားရမည်ဖြစ်ကြောင်း၊ စာမေးပွဲကြေးမှာ Level 2 တစ်ဘာသာလျှင် ၃၀ US$ နှင့် Level 3 တစ်ဘာသာလျှင် ၄၀ US$ ပေးသွင်းရမည်ဖြစ်ကြောင်းနှင့် ရန်ကုန်နှင့် မန္တလေးမြို့တို့၌ ယင်းစာမေးပွဲ ဖြေဆိုနိုင်ရန် လေ့ကျင့်သင်ကြားပေးမည့် သင်တန်းကျောင်းအရေအတွက်မှာ စက်တင်ဘာလဆန်းအထိ ၁၄ ခုအထိ ရှိလာပြီဖြစ်ကြောင်း ဦးကျော်ထင်က ဆိုသည်။

MYOB ကွန်ပျူတာစာရင်းကိုင်စနစ် အလားအလာနှင့်ပတ်သက်၍ ဦးဝင့်ကျော်က "MYOB Software စနစ်ကို ပြည်တွင်းစီးပွားရေးလုပ်ငန်းတွေမှာ ဘယ်လောက်အတိုင်းအတာအထိ အသုံးပြုလာကြသလဲဆိုတာ မူတည်ပြီးမှ အဲဒီစနစ် အောင်မြင်မယ်/မအောင်မြင်ဘူးဆိုတာ ခန့်မှန်းလို့ရမှာပါ။ လောလောဆယ် ပြည်တွင်းမှာက ACCPAC Plus တို့ Peachtree တို့ကို သုံးနေကြတယ်။ ပြည်တွင်းက ထုတ်လုပ်တဲ့ Packaged Accounting Software တွေလည်း ရှိနေကြတယ်။ MYOB ကို သုံးလာကြပြီး MYOB Computerized Accounting Diploma သင်တန်းတွေ ဖွင့်လှစ်လာကြရင် အောင်မြင်မှာပါ"ဟု သုံးသပ်သည်။ ဦးကျော်ထင်ကမူ လုပ်ငန်းရှင်အများစု MYOB ကို တစ်စတစ်စ အသုံးပြုလာမည်ဟု မျှော်လင့်မိကြောင်း၊ နိုင်ငံတကာ စီးပွားရေးလုပ်ငန်းများနှင့် ကိုက်ညီအောင် ဆောင်ရွက်ရာ၌ MYOB ကွန်ပျူတာစာရင်းကိုင်စနစ်သည် ပြည့်စုံလုံလောက်ကြောင်း၊ မိမိတို့ဝန်ထမ်းများ၊ ကုမ္ပဏီစာရင်းကိုင်များ အရည်အသွေးတက်လာလေလေ၊ မိမိတို့လုပ်ငန်းအတွက် အကျိုးရှိလာလေလေပင်ဖြစ်ကြောင်း၊ အချို့သော ကုမ္ပဏီလုပ်ငန်းရှင်များက ၎င်းတို့ဝန်ထမ်းများကို ကုမ္ပဏီစရိတ်ဖြင့် ယင်းကဲ့သို့သောသင်တန်းများ စေလွှတ်တက်ရောက်စေသည်ကို တွေ့ရကြောင်း ရှင်းပြသည်။

## သုံးသပ်ချက်နှင့် နိဂုံး

မြန်မာနိုင်ငံ၌ LCCI စာရင်းကိုင်ဒီပလိုမာရရှိရုံနှင့် ကျွမ်းကျင်စာရင်းကိုင်အဆင့် မရောက်နိုင်သေးကြောင်း၊ ကျွမ်းကျင်စာရင်းကိုင်တစ်ဦးဖြစ်ရန် လုပ်ငန်းအတွေ့အကြုံနှင့် ပညာများ လိုအပ်နေသေးကြောင်း၊ မြန်မာနိုင်ငံအနေနှင့် Accounting Expert တစ်ဦးခန့်ထားရလောက်သည့် စီးပွားရေးလုပ်ငန်းကြီးများ နည်းပါးနေသေးကြောင်း၊ ACCA ကဲ့သို့ Advanced Diploma ရရှိထားသူတစ်ဦးအဖို့ နိုင်ငံခြားတွင် လစာ ဒေါ်လာထောင်ချီ ရနိုင်သော်လည်း မြန်မာနိုင်ငံတွင် မပေးနိုင်ကြောင်း၊ အများစုမှာ LCCI Level III အောင်မြင်ထားသူကိုသာ ခန့်အပ်ကြကြောင်း၊ ထို့ကြောင့်ပင် LCCI သင်တန်းဈေးကွက်သည် မြန်မာနိုင်ငံ၌ ရေရှည်တည်တံ့အောင်မြင်နေဦးမည်ဖြစ်ကြောင်း ကုမ္ပဏီကြီးတစ်ခုမှ ဝါရင့်စာရင်းကိုင်တစ်ဦးက သုံးသပ်သည်။

ပြည်တွင်းစီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် Manual စာရင်းကိုင်စနစ်မှ Computerized စာရင်းကိုင်စနစ်ကို ပြောင်းလဲအသုံးပြုသင့်ကြပြီဖြစ်ကြောင်း၊ ထိုအခါ အလုပ်သမားဦးရေ လျှော့ပါးသွားနိုင်ခြင်း၊ အလုပ်ထိရောက်မြန်ဆန်ခြင်း၊ ငွေစာရင်းနှင့် မှတ်တမ်းများကို သိမ်းဆည်းရှာဖွေရလွယ်ကူခြင်း စသည့် အကျိုးကျေးဇူးများ ခံစားရမည်ဖြစ်ကြောင်း ဦးဝင့်ကျော်က အကြံပြု ပြောကြားသည်။

"ကျွန်တော်တို့ဆီမှာ အသုံးများနေကြတဲ့ ACCPAC တို့လို Accounting Software တွေက Doc Base ဖြစ်နေတော့ သင်တန်းတက်ထားတဲ့ Accountant တစ်ယောက်ပဲ နားလည်တယ်။ MYOB က Windows Base ဖြစ်လို့ သုံးရတာ လွယ်တယ်။ MD ကအစ ဝင်သုံးလို့ရတယ်။ MYOB သင်တန်းဆင်းတွေ ပေါ်လာရင် ကုမ္ပဏီတွေ အဲဒီ Software ကို တဖြည်းဖြည်း ပြောင်းသုံးလာမယ်လို့ ထင်ပါတယ်။ လိုင်စင်နဲ့ ဝယ်သုံးရရင်လည်း ကုမ္ပဏီတစ်ခုအတွက် အဲဒီ Software ရဲ့ ဈေးနှုန်းက မပြောပလောက်ပါဘူး"ဟု Inforithm Maze Ltd. မှ အုပ်ချုပ်မှုဒါရိုက်တာ ဦးသောင်းစုငြိမ်းက သုံးသပ်ပြောကြားသည်။

မြန်မာနိုင်ငံ၌ စာရင်းကိုင် (သို့မဟုတ်) ငွေစာရင်းစနစ်မရှိသည့် လုပ်ငန်းဟူ၍ မရှိသလောက်ပင် ဖြစ်သည်။ အနည်းဆုံး စတိုးဆိုင်လုပ်ငန်းကလေးမှအစ စာရင်းကိုင်ထားရှိကြသည်။ အရှုံးအမြတ်၊ လက်ကျန် စသည့် အခြေခံငွေစာရင်းကို နားမလည်ဘဲ လုပ်ငန်းဆောင်ရွက်ပါက အရင်းပါပြုတ်သွားနိုင်ပေသည်။ အင်ဂျင်နီယာမရှိသည့်လုပ်ငန်း ရှိကောင်း ရှိမည်။ ကွန်ပျူတာပညာရှင် မရှိသည့်လုပ်ငန်း ရှိကောင်း ရှိမည်။ စာရင်းကိုင်မရှိသည့်လုပ်ငန်းဟူ၍ မရှိပေ။ မြန်မာနိုင်ငံအနေဖြင့် နိုင်ငံတကာနည်းတူ စီးပွားရေးဖွံ့ဖြိုးမှု၌ ရင်ပေါင်တန်းနိုင်ခြင်း မရှိသေးသော်လည်း စာရင်းကိုင်ပညာရှင်များကို စိစစ် လေ့ကျင့်မွေးထုတ်ပေးလျက်ရှိသည့် LCCI စာရင်းကိုင်သင်တန်းများနှင့် စာမေးပွဲများကတော့ ရင်ပေါင်တန်း အောင်မြင်နေဦးမည်သာ ဖြစ်သည်။

**KKN**




မြို့တော်ရန်ကုန်၏ ဂြိုဟ်တုဓာတ်ပုံ

ဤကဏ္ဍတွင်......

၈၀ မြို့တော်ရန်ကုန်၏ အနာဂတ်မြို့ပြ အစီအမံ
၈၂ ပထမဦးစားပေး စီးပွားရေးလုပ်ငန်း (သို့မဟုတ်) ဒေသဂုဏ်သတင်း မြှင့်တင်ခြင်း
၈၈ အထပ်မြင့်အဆောက်အအုံများမှ အဆင့်မြင့်အဆောက်အအုံဖြစ်ရန်
၉၂ စနစ်တကျထားရှိသင့်သည့် လူဦးရေဆိုင်ရာ မူဝါဒ
၉၅ မြန်မာ့စီးပွားရေးနှင့် GDP

# မြို့တော်ရန်ကုန်၏ အနာဂတ်မြို့ပြအစီအမံ

ထိုက်အောင်

**၂၀၀၀ ပြည့်နှစ် စစ်တမ်းများအရ ၅.၆ သန်းမျှ ရှိနေပြီဖြစ်သည့် ရန်ကုန်မြို့တော်၏ လူဦးရေသည် လက်ရှိနှုန်းအတိုင်း လူဦးရေ တိုးတက်များပြားလာမှုအရဆိုလျှင် နောင်လာမည့် နှစ်အနည်းငယ်အတွင်း မဟာမြို့ပြ (MEGA City) အဖြစ်သို့ ရောက်ရှိလာတော့မည်ဖြစ်ရာ မြို့ပြဆိုင်ရာ အခင်းအကျင်းများနှင့် စပ်လျဉ်း၍ မြို့ပြအစီအမံများအဖြစ် ပညာရေး၊ ကျန်းမာရေး၊ အလုပ်အကိုင်နှင့် နေရာထိုင်ခင်း စသည်တို့ကို ကြိုတင်တွက်ဆနိုင်ရန် လိုအပ်လာပြီ ဖြစ်သည်။**

မြို့ပြဖြစ်ထွန်းမှု (Urbanization) များနှင့် စပ်လျဉ်း၍ ဂျာမနီနိုင်ငံတွင် မြို့ပြ ၂၁ (Urban 21) အမည်ဖြင့် နိုင်ငံတကာ ကွန်ဖရင့်တစ်ခုကို ကျင်းပခဲ့ရာ မြို့ပြဖြစ်ထွန်းမှုနှင့် စပ်လျဉ်း၍ ၂၀၀၀ ပြည့်နှစ်အထိ ကောက်ခံရရှိသည့် အချက်အလက်များတွင် ၁၉၀၀ ပြည့်နှစ်မှ ၂၀၀၀ ပြည့်နှစ်ကြား ကမ္ဘာ့လူဦးရေတိုးနှုန်းသည် သန်း ၆၀ အထိ ရှိလာပြီး အများစုမှာ မြို့ပြများတွင် အခြေကျနေထိုင်သူများ ဖြစ်သည်ဟု ဆိုသည်။ သို့ဖြစ်၍ ၂၀၀၇ ခုနှစ် အရောက်တွင် ကျေးလက်နှင့် မြို့ပြလူဦးရေ တူညီသွားမည်ဖြစ်ကြောင်း အဆိုပါကိန်းဂဏန်းများက ဆိုသည်။

ထိုမှတစ်ဖန် ၂၀၁၀ ခုနှစ်တွင် မြို့ပြလူဦးရေသည် ကျေးလက်ထက်ပို၍ ၂၀၁၅ ခုနှစ် အရောက်တွင် မြို့ပြလူဦးရေသည် သန်း ၅၀၀၀ မျှ ရှိလာမည်ဟု ခန့်မှန်းတွက်ချက်ကြသည်။

မြန်မာနိုင်ငံသည်လည်း အလားတူ မြို့ပြခေတ် ပြောင်းလဲမှုများနှင့် ၁၉၉၀ ပြည့်နှစ်များဆီမှ စတင်၍ ထိတွေ့မှုများ ဖြစ်ပေါ်လာခဲ့ရာ ၂၀၀၀ ပြည့်နှစ် ရန်ကုန်မြို့တော်လူဦးရေသည် ၅.၆ သန်းမှသည် ယနေ့အချိန်ကာလတွင် ၅.၈ သန်းခန့် ရှိလာပြီဟု တရားဝင်စာရင်းဇယားများအရ သိရှိရသည်။ သို့ဖြစ်၍ မြို့ပြခေတ် စိန်ခေါ်မှုများ

နှင့် မလွဲမသွေ ရင်ဆိုင်လာရမည် ဖြစ်သည်။

ရန်ကုန်မြို့တော်ဆီသို့ အနယ်နယ် အရပ်ရပ်မှ နှစ်စဉ် လူဦးရေ တစ်သိန်းကျော် (မြို့တော်မွေးဖွားမှုနှုန်းမပါ) ပြောင်းရွှေ့ဝင်ရောက်မှုများကြောင့် နေမှုထိုင်ခင်းများတွင် လက်ရှိ တည်ဆောက်ပြီး အိမ်ခြံမြေအနေအထားများအရ လူဦးရေ တစ်သိန်းတွင် တစ်သောင်းခန့်အတွက်သာ နေရာထိုင်ခင်း ရရှိနိုင်သည့်အနေအထားရှိသည်ဟု ၂၀၀၃ ဒီဇင်ဘာလထုတ် ဂျာနယ်ကြီးတစ်စောင်၏ တွေ့ဆုံခန်းတစ်ခုတွင် ဖော်ပြခဲ့သည်။ ထို့အတွက် နေရာထိုင်ခင်း လိုအပ်ချက်တို့ ရှိလာမည်ဟု လေ့လာဆန်းစစ်သူတစ်ဦးက ဆိုသည်။ ရန်ကုန်မြို့တော်၏ မြို့ပြ ပုံသဏ္ဌာန်ကို ၁၉၈၈ နောက်ပိုင်းတွင် ယခင် ရှည်မျှောမျှောပုံသဏ္ဌာန်မှ အရပ်လေးမျက်နှာသို့ မြို့ကွက်များ ဆန့်ထုတ်ချဲ့ထွင်မှုကြောင့် လေးထောင့်ကျကျ စတုရန်းပုံအသွင်သို့ ပြောင်းလာသည်။ တည်ဆောက်ဆဲ အိမ်ရာဆောက်လုပ်ရေးစီမံကိန်းများ အပြင် ၃ ထပ်နှင့်အထက် လူနေအဆောက်အအုံများကို မှတ်တမ်းပြုခဲ့ရာ ၁-၄-၉၄ မှ ၃၁-၁၀-၀၃ အထိ အထပ်မြင့်အဆောက်အအုံပေါင်း ၃၇၁၂ ရှိကြောင်း မြို့ရွာနှင့် အိုးအိမ်မှတ်တမ်းများအရ သိရသည်။

အထပ် ၂၀ နှင့်အထက် အထပ်မြင့် အဆောက်အအုံများ ဆောက်လုပ်မှုကို မကြာသေးမီနှစ်အတွင်းက စတင်ခဲ့ရာ ယခုအချိန်အထိ ၁၆ ထပ် အဆောက်အအုံ တစ်လုံး၊ ၁၅ ထပ်တစ်လုံး၊ ၁၄ ထပ်တစ်လုံး၊ ၁၂ ထပ် ၂၃ လုံး၊ ၁၁ ထပ် လေးလုံး၊ ၁၀ ထပ် ၁၉ လုံး၊ ကိုးထပ် သုံးလုံး၊ ရှစ်ထပ် ၁၁၂၉ လုံး၊ ခုနစ်ထပ် ၁၁၇၀ လုံး၊ ခြောက်ထပ် ၈၆၆ လုံး၊ ငါးထပ် ၂၁၂ လုံး၊ လေးထပ် ၂၄၃ လုံးနှင့် သုံးထပ် အလုံး ၃၀ မျှ ရှိနေပြီ ဖြစ်သည်ဟု အဆိုပါမှတ်တမ်းတွင် ဖော်ပြထားသည်။

အဆောက်အအုံဆောက်လုပ်မှုတွင်လည်း တာမွေမြို့နယ်သည် ၇၈၄ လုံးဖြင့် အများဆုံးဖြစ်ပြီး စမ်းချောင်းမြို့နယ်သည် ၅၂၆ လုံးဖြင့် ဒုတိယအများဆုံးနှင့် မင်္ဂလာတောင်ညွန့်မြို့နယ်သည် ၄၄၅ လုံးဖြင့် တတိယအများဆုံး ဖြစ်သည်။

၁၉၉၇ ခုနှစ်အတွင်း နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးမှုနှင့်အတူ အိမ်ခြံမြေ ဆောက်လုပ်မှုလုပ်ငန်းများ ကောင်းမွန်ပြီး သင့်တင့်သောနှုန်းထားများ ဖြစ်ပေါ်ခဲ့သည်။ သို့ရာတွင် အာရှစီးပွားရေးပျက်ကပ်နောက်တွင် အိမ်ခြံမြေဈေးကွက် အလှုပ်အခတ် နည်းပါးခဲ့ပြီး ဈေးနှုန်းတို့သည်လည်း လူအများစုအတွက် အလှမ်းဝေးခဲ့ရသည်ဟု မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ဂျာနယ်တစ်စောင်နှင့် တွေ့ဆုံရာတွင် ပြောကြားထားသည်။

သို့ဖြစ်၍ နှစ်စဉ် တိုးပွားလာလျက်ရှိသော လူဦးရေတိုးနှုန်းနှင့်အတူ နေမှုထိုင်ခင်းတို့သည် အဓိက အခက်အခဲ ဖြစ်လာနိုင်သည်ဟု လေ့လာစန်းစစ်သူတစ်ဦးက ဆိုသည်။ မြို့ပြခေတ် စိန်ခေါ်မှုတွင် အလုပ်အကိုင်အခွင့်အလမ်း၊ မြို့တော် သယ်ယူပို့ဆောင်ရေးကဏ္ဍနှင့် အခြား မြူနီစီပယ်လုပ်ငန်းဆိုင်ရာ စီမံခန့်ခွဲမှုများဖြစ်သည့် အမှိုက်နှင့် ရေဆိုးထိန်းသိမ်းရေး၊ မြူနီစီပယ်လုပ်ငန်းဆိုင်ရာ အသုံးအဆောင်ပစ္စည်းများ၊ ယာဉ်နှင့် နည်းပညာပံ့ပိုးမှု၊ Recycling စနစ်၊ ပတ်ဝန်းကျင် ပြုပြင်ထိန်းသိမ်းရေးဆိုင်ရာ နည်းဥပဒေများ စသည်တို့လည်း ပြည့်စုံလိုအပ်သည်ဟု မြို့ပြဆိုင်ရာ ကျွမ်းကျင်ပညာရှင်တစ်ဦးက သုံးသပ်သည်။

အဘယ်ကြောင့်ဆိုသော် အနောက်ဥရောပ၏ မြို့ပြဖြစ်ပေါ်လာမှုသည် နှစ်ပေါင်း ၁၀၀ မျှ ကြာမြင့်ခဲ့သော်လည်း အာရှသည် နှစ်ပေါင်း ၅၀ ခန့်အတွင်း မြို့ပြခေတ်အဖြစ် အမီလိုက်မည့် အသွင်ဆောင်လာပြီဖြစ်ရာ ရန်ကုန်မြို့ပြခေတ်သည်လည်း ဤအချိုးအတိုင်း ဖြစ်ထွန်းလာဖွယ်ရာရှိသည်ဟု အဆိုပါပညာရှင်က ဆိုသည်။

ကမ္ဘာ့မြို့ပြဆိုင်ရာ ပညာရှင်များက ဖြစ်နိုင်ဖွယ်ရှိသော အခြေအနေအကြောင်းအရာများနှင့် ချိန်ထိုး၍ အောက်ပါရှုရပ်သုံးမျိုးဖြင့် ပုံဖော်ကြသည်။ ပထမမြို့ပြပုံစံကို ကြိုတင်ပြင်ဆင်မှု အားနည်းသော မြို့ပြ (City of Dustbin) အဖြစ်လည်းကောင်း၊ ဒုတိယမြို့ပြပုံစံကို သည်းထန်ပြင်းထန်သောမြို့ပြ (City of Volcano) နှင့် တတိယပုံစံတွင် ဘက်ပေါင်းစုံ ပြင်ဆင်မှုရှိသောမြို့ပြ (City of Knowledge) ဟူ၍ သတ်မှတ်ကြသည်။

အနာဂတ် ရန်ကုန်မြို့တော်သည်လည်း သီးခြားပြည်ထောင်စုနယ်မြေတစ်ခုအဖြစ် ပေါ်ထွန်းလာမည်ဖြစ်သည့်အတွက် အခြေခံအဆောက်အဦ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး၊ အုပ်ချုပ်ရေး စသည့် အကြောင်းအရာများသည် အဓိက အကြောင်းတရားများ ဖြစ်လာမည် ဖြစ်သည်။ ထို့ကြောင့် မြို့တော်နေပြည်သူများ၏ အခြေခံလိုအပ်ချက်များမှသည် အခြား အိမ်နီးချင်းနိုင်ငံများ၏ မြို့တော်များနှင့် ယှဉ်ပြိုင်နိုင်စေရန် ကြိုးစားအားထုတ်သွားရမည် ဖြစ်သည်။

နိဂုံးချုပ်အနေဖြင့်ဆိုရလျှင် နည်းပညာပြောင်းလဲမှုများ၊ ကမ္ဘာပြုခြင်းဖြစ်စဉ်များသည် လူများ၊ ဘဏ္ဍာအရင်းအနှီး၊ နည်းပညာနယ်နိမိတ်များကို ဖြတ်ကျော်၍ မြို့ပြခေတ်ရေစီး၏ တွန်းအားစုများအဖြစ် ပေါ်ပေါက်လာပြီ ဖြစ်သည်။ ထို့အတွက် နိုင်ငံတကာမှ အရင်းအနှီးနည်းပညာနှင့် နည်းပညာများကို သယ်ဆောင်ပံ့ပိုးနိုင်မည့် လူသားအရင်းအမြစ်များ ဆွဲဆောင်ရေးကို တိုးမြှင့်လုပ်ဆောင်သွားနိုင်ရန် လိုအပ်ပေသည်။ သို့မှသာလျှင် မြို့တော်များ၏ အခြေခံအဆောက်အဦ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး၊ အုပ်ချုပ်ရေးတာဝန်များနည်းတူ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ပိုမိုဆောင်ကြဉ်းလာနိုင်မည် ဖြစ်သည်။

**ထိုက်အောင်**

Ref: ကျော်ဝင်း-မြို့ပြခေတ်



မလေးရှားနိုင်ငံ၏ ဂုဏ်သတင်းကို မြှင့်တင်ပေးနေသော Petronas မျှော်စင်

# ပထမဦးစားပေး စီးပွားရေးလုပ်ငန်း (သို့မဟုတ်) ဒေသဂုဏ်သတင်းမြှင့်တင်ခြင်း

မင်းညိုစင်

**ယနေ့ကမ္ဘာပေါ်တွင် ထွက်ပေါ်နေသော မီဒီယာမျိုးစုံကို အသေအချာ လေ့လာကြည့်မည်ဆိုလျှင် ကမ္ဘာ့နိုင်ငံအသီးသီးသည် ကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှုနှင့် ခရီးသွားလုပ်ငန်းမြှင့်တင်ရေးတို့အတွက် နည်းအမျိုးမျိုးဖြင့် အပြိုင်အဆိုင် ဆွဲဆောင်နေကြသည်ကို ထူးခြားစွာ မျက်ဝါးထင်ထင် တွေ့မြင်ရပေမည်။ ကမ္ဘာ့သတင်းစာ၊ မဂ္ဂဇင်းနှင့် www.website များတွင် ကြော်ငြာစာမျက်နှာ၏ ငါးရာခိုင်နှုန်းမှ ၁၀ ရာခိုင်နှုန်းကို နိုင်ငံများ၊ ဒေသကြီးများ၊ မြို့များ၏ ဂုဏ်သတင်းမြှင့်တင်ရေး (Place Marketing) ကြော်ငြာများက နေရာယူထားကြသည်။ ထို့ပြင်မက နေရာဒေသများ၏ အကြောင်းအရာ၊ အသေးစိတ်အချက်အလက်များကို လေ့လာဆန်းစစ်ထားသည့် အထူးစစ်တမ်း (Special Surveys) များကိုလည်း နိုင်ငံတကာ စာဖတ်ပရိသတ်များပြားသော စာနယ်ဇင်းများတွင် ပုံမှန်လိုလို တွေ့မြင်ကြရသည်။**

## ထိပ်တန်းဦးစားပေး

ဒေသများ၏ ဂုဏ်သတင်းမြှင့်တင်ခြင်း (Place Marketing) သည် ထိပ်တန်းဦးစားပေး စီးပွားရေးဆောင်ရွက်မှုတစ်ခု ဖြစ်လာပေပြီ။ အခြေခံအနေအထားချင်း အတူတူ ဂုဏ်ရှိန်မြှင့်တင်မှု အားကောင်းသောဒေသများက စီးပွားရေးတစ်ရှိန်ထိုး တိုးတက်သွားပြီး မြှင့်တင်မှုအားနည်းသော နေရာဒေသများမှာမူ နောက်တွင် ပြတ်ကျန်ရစ်ခဲ့သည်ကို တွေ့မြင်ကြရသည်။

မဟာဗျူဟာမြောက် ဂုဏ်သတင်းမြှင့်တင်ခြင်းနိယာမများ (Principles of Strategic Marketing) ကို လိုက်နာကျင့်သုံးသည့် ဒေသအတော်များများသည် ထူးခြားသော ဝိသေသ (Identity) နှင့် ဖွံ့ဖြိုးတိုးတက်မှုတို့ကို ရရှိပိုင်ဆိုင်နေကြသည်။ ဥရောပတွင် ပဲရစ်မြို့ (Paris) သည် ကမ္ဘာ့ဖက်ရှင်နှင့် ယဉ်ကျေးမှုဗဟိုဌာနဆိုသော ပုံရိပ်ကို အပတ်တကုတ် ထိန်းသိမ်းထားသည်။ ဂျာမနီရှိ ဖရန့်ဖတ်မြို့ (Frankfurt) သည် ဥရောပ၏ ဘဏ္ဍာရေးမြို့တော်အဖြစ် ပေါ်ထွန်းလာသည်။ ကင်းဗရစ်ချ် (Cambridge) သည် တက္ကသိုလ် တည်နေရာကို ဇီဝနည်းပညာသုတေသန (Bio-technology Research) ဆိုင်ရာ အရေးပါသော နေရာဌာနတစ်ခုအဖြစ် ထင်ပေါ်ကျော်ကြားစေရန် အစွမ်းကုန် ကြိုးစားအားထုတ်နေသည်။ စင်ကာပူသည် အာရှတိုက်၏ ဘဏ္ဍာရေးဆိုင်ရာ ဗဟိုချက်အဖြစ်ရရှိရန် ဟောင်ကောင်ကို ယှဉ်ပြိုင်နေသည်။

## ဒေသဂုဏ်သတင်း ဘယ်လိုမြှင့်တင်မလဲ

ဒေသတစ်ခုအနေဖြင့် ဂုဏ်သတင်းမြှင့်တင်တော့မည်ဆိုလျှင် နိုင်ငံခြားသားဧည့်သည်များ တိုးတက်ဝင်ရောက်လာစေရေး၊ အရည်အချင်းပြည့်မီသော လူသားအရင်းအမြစ်များ ဆွဲဆောင်ရေး (Brain Gain)၊ ဌာနေ လူသားအရင်းအမြစ်များကို နိုင်ငံတွင် ထိန်းသိမ်းထားရေး၊ စီးပွားရေးနှင့် စက်မှုလုပ်ငန်းများ ဆွဲဆောင်ရေးနှင့် ပို့ကုန်တိုးမြှင့်ရေးတို့အတွက် ကျယ်ပြန့်သော မဟာဗျူဟာ လေးခုရှိသည် (ဌာနေများသည်လည်း အခွင့်အလမ်းသာသော အခြားဒေသများသို့ ပြောင်းရွှေ့သွားနိုင်သဖြင့် ၎င်းတို့ကို ဒေသတွင်း၌ ဆက်လက်နေစေ

ရန် ဆွဲဆောင်နေရသည်) ဟု ဆိုသည်။ ဤတာဝန်သည် အစိုးရအသီးသီး၏ တာဝန်သက်သက်မဟုတ်တော့ဘဲ ပြည်နယ်အစိုးရများ၊ ဒေသဆိုင်ရာအုပ်ချုပ်ရေး အဖွဲ့အစည်းများ၊ ဒေသဆိုင်ရာ စီးပွားရေး အဖွဲ့အစည်းများမှသည် ပုဂ္ဂလိက ကဏ္ဍအထိ ကျယ်ပြန့်စွာ ပါဝင်လာနေသည်ကို တွေ့ရသည်။

အဆိုပါဗျူဟာများမှာ–

(၁) ပုံရိပ်လွှာဂုဏ်သတင်း မြှင့်တင်ခြင်း (Image Marketing)

(၂) ဆွဲဆောင်မှုဂုဏ်သတင်း မြှင့်တင်ခြင်း (Attraction Marketing)

(၃) အခြေခံအဆောက်အဦ ဂုဏ်သတင်းမြှင့်တင်ခြင်း (Infrastructure Marketing)

(၄) လူပုဂ္ဂိုလ် ဂုဏ်သတင်းမြှင့်တင်ခြင်း (People Marketing) တို့ ဖြစ်သည်။

## ဒေသပုံရိပ်လွှာ ဂုဏ်သတင်းမြှင့်တင်ခြင်း

ခိုင်မာ၍ ဆီလျော်သည့်ပုံရိပ် ပျံ့နှံ့စေခြင်းဖြင့် အခွင့်အလမ်းကောင်းများကို ဆွဲဆောင်ရန် ကြိုးစားပြိုင်ဆိုင်နေသည့် ဒေသများမှာ အာရုတိုက်တစ်ခုတည်းတွင်ပင် ခြောက်သိန်းခန့် ရှိသည်။ အများနှင့်မတူ တစ်မူထူးသော ပုံရိပ်လွှာမရှိလျှင် အလားအလာကောင်းသော ဒေသတစ်ခုသည် ကျယ်ပြောလှသော ဒေသဈေးကွက်ကြီး (Place Market) ထဲတွင် နစ်မြုပ်သွားလိမ့်မည်။

ပုံရိပ်လွှာဂုဏ်သတင်း မြှင့်တင်ခြင်း၏ ပန်းတိုင်တစ်ခုမှာ ယုတ္တိလည်းရှိ၊ သက်သေလည်းပြနိုင်သည့် ကြွေးကြော်သံတစ်ခု ဖော်ထုတ်ရေး ဖြစ်သည်။ ဥပမာ– စင်ကာပူသည် 'အာရှစီးပွားရေးကျား– စင်ကာပူ' ဟူသော ကြွေးကြော်သံကို ကိုင်စွဲခဲ့သည်။ အဆိုပါကြွေးကြော်သံမှာ အခြေလည်း ခိုင်မာသည်။ ကျွန်းဆွယ်မလေးရှား (မလေးရှားနိုင်ငံ၏ အာရှကုန်းမကြီးပေါ်ရှိ အစိတ်အပိုင်း)၏ အနားသတ်ပေါ်တွင်ရှိသည့် စင်ကာပူနိုင်ငံလေးသည် တည်နေရာအချက်အချာကျမှုကြောင့် ကုန်သွယ်ရေး၊ ပို့ဆောင်ရေး၊ ဘဏ်လုပ်ငန်း၊ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းနှင့် ဆက်သွယ်ရေးတို့တွင် ဒေသတွင်းဗဟိုဌာန ဖြစ်သည်။

## လွန်လွန်ကဲကဲ ဆွဲဆောင်နိုင်သော ပုံရိပ်လွှာ (Overly Attractive Image)

ဆွဲဆောင်နိုင်စွမ်းအားကြီးလှသော ပုံရိပ်လွှာကြောင့် အချို့ဒေသများမှာ ဒုက္ခပင်ရောက်နေကြသည်။ ထိုင်းနိုင်ငံရှိ နာမည်ကျော် ဖူးခက်ကမ်းခြေ (Phuket) သို့ လူအကျဆုံးအချိန်တွင် ရောက်သွားသူတိုင်းသည် လူအုပ်ကြီးများ၊ အသံလိုင်းလုံးများ၊ တန်းစီစောင့်ဆိုင်းနေသော လူတန်းရှည်များ၊ မိုးထိခေါင်ခိုက်နေသော ဈေးနှုန်းများနှင့် ရင်ဆိုင်နေကြရသည်။ အဆိုပါဒေသဆိုလျှင် ဂုဏ်သတင်းမြှင့်တင်ခြင်း လုံးဝရပ်ဆိုင်းရန်ပင် စဉ်းစားသင့်သည်။ သို့မှသာ လာရောက်လည်ပတ်သူတို့အဖို့ ဖူးခက်ကမ်းခြေ၏ လှပသာယာပုံကို အပြည့်အဝခံစားနိုင်မည့်အပြင် ဒေသအနေဖြင့်လည်း ဆွဲဆောင်အား ဆက်လက်ကောင်းနေလိမ့်မည်။

## ပုံရိပ်လွှာကောင်း(Positive Image)

စီးပွားရေးလုပ်ငန်းကြီးများသည် ပုံရိပ်လွှာကောင်းသော ဒေသများ၏ အားသာချက်ကို အရယူတတ်ကြသည်။ အများသုံး မော်တော်ယာဉ်များသည် ဂျပန်နည်းပညာဖြင့် ထုတ်လုပ်သည်ဟု အလေးထား ထုတ်ဖော်ကြပြီး တစ်ပိုင်းလျှပ်ကူးပစ္စည်း (Semiconductors) ထုတ်လုပ်သူများက ၎င်းတို့၏ ဂျပန်၊ ကိုရီးယား၊ စင်ကာပူ (သို့) ထိုင်ဝမ်နှင့် အဆက်အသွယ်ကို ဦးစားပေး ဖော်ပြကြသည်။ ထို့အတူ ကျောက်မျက်နှင့် လက်ဝတ်ရတနာ ထုတ်လုပ်ရောင်းချသူများကလည်း ထိုင်းနိုင်ငံနှင့် ပတ်သက်ကြောင်း ကြော်ငြာတတ်ကြသည်။ (မြန်မာသည် ကျောက်မျက်ရတနာ အဓိက ထုတ်လုပ်သော်လည်း ထိုင်းက မြန်မာ့ကျောက်မျက်များကို ပြန်လည်ရောင်းချခြင်းဖြင့် နာမည်ကောင်းရနေခြင်း ဖြစ်သည်။) ပြိုးချင်စရာကောင်းသည်မှာ ကမ္ဘာ့ဈေးကွက်ကြီးက တစ်ကမ္ဘာလုံးအနေအထားဖြင့် နီးနွယ်ပတ်သက်လာစဉ် (Global) တွင် စီးပွားရေးလုပ်ငန်းကြီးများက ပုံရိပ်ကောင်းသော ဒေသများနှင့် ယှဉ်တွဲအသိအမှတ်ပြုခံချင်လာခြင်း (Local) ဖြစ်သည်။

## မှုန်ရီဝါးပုံရိပ်လွှာ (Weak Image)

ဒေသအတော်များများ၏ ပုံရိပ်လွှာသည် မှုန်ဝါးနေသည်။ အကြောင်းရင်းမှာ

**လမ်းလျှောက်ရင်း ဈေးဝယ်နိုင်သော ဩစတြေးလျနိုင်ငံရှိ Hay Street**



ယင်းဒေသတို့တွင် တိကျပြတ်သားသော အသိပေးလိုမှုနှင့် ခေါင်းဆောင်မှုတို့ ပူးတွဲပါဝင်သော မြှင့်တင်ရေးဗျူဟာ ကင်းမဲ့ခြင်းကြောင့် ဖြစ်သည်။

မှုန်ဝါးသောပုံရိပ်သည် လူဦးရေနည်းပါးလှခြင်း၊ နယ်စွန်နယ်ဖျားတွင် တည်ရှိခြင်း၊ အရင်းအမြစ်များ ကင်းမဲ့ခြင်း စသည်တို့မှလည်း အခြေတည်နိုင်သည်။ အဆိုပါဒေသများသည် မိမိတို့၏ ပုံရိပ်လွှာကို ကျွမ်းကျင်လိမ္မာစွာ ပြောင်းလဲတတ်ရန်လိုသည်။ ယင်းတို့တွင် ဆွဲဆောင်အားကောင်းသည့်အရာများ ရှိကောင်းရှိမည်။ သို့သော် ထိုအရာများကို ယှဉ်ပြိုင်နိုင်စွမ်းရှိသည့် အားသာချက်များအဖြစ် မပြောင်းလဲနိုင်ကြချေ။ အားပေါထိရောက်သည့် ပုံရိပ်လွှာများ မပိုင်ဆိုင်သေးသရွေ့၊ ထိုဒေသများသည် လူမသိသူမသိအညတရဘဝတွင်သာ ရှိနေပေသည်။

## ပဋိပက္ခပုံရိပ်လွှာ (Contradictory Image)

ဒေသအများတွင် ပဋိပက္ခပုံရိပ်လွှာများ ရှိကြသည်။ အဘယ့်ကြောင့်ဆိုသော် လူအများသည် ဒေသတစ်ခုတည်းအပေါ်တွင်ပင် ဆန့်ကျင်ဘက်အမြင်များ ရှိတတ်ကြခြင်းကြောင့် ဖြစ်သည်။ ဥပမာ–ဆိုလ်မြို့ကို အရှိန်အဟုန်ကောင်းစွာ လည်ပတ်နေသည့် ခေတ်ရှေ့ပြေး နိုင်ငံတကာမြို့ကြီးအဖြစ် မြင်ကြသလို၊ လူရှုပ်ထွေးသော၊ မွန်းကျပ်သော၊ စရိတ်ကြီးသောမြို့ဟုလည်း ရှုမြင်ကြသည်။ ဟောင်ကောင်တွင်လည်း ဤကဲ့သို့ ဆန့်ကျင်ဘက် ပုံရိပ်များရှိသည်။ အချို့အတွက်ဆိုလျှင် ဟောင်ကောင်သည် ကုမ္ပဏီကြီးများ ရုံးစိုက်ရာ ခေတ်မီအဆင့်မြင့်မြို့ကြီးများ ဖြစ်သည်။ တီဗီအစီအစဉ်များတွင်မူ အထူးအုပ်ချုပ်ခွင့်ရဇုန် ဖြစ်လာသည့်အခါတွင် ဟောင်ကောင်၏ တစ်ချိန်က နာမည်ကျော်ဗျူရိုကရေစီယန္တရားသည် အုပ်ချုပ်ရေး၊ စီးပွားရေးတို့၌ အကျပ်အတည်း တွေ့နေပုံကို မြင်တွေ့ကြရသည်။

**ထို့အတူ ကျောက်မျက်နှင့် လက်ဝတ်ရတနာ ထုတ်လုပ်ရောင်းချသူများကလည်း ထိုင်းနိုင်ငံနှင့် ပတ်သက်ကြောင်း ကြော်ငြာတတ်ကြသည်။ (မြန်မာသည် ကျောက်မျက်ရတနာ အဓိက ထုတ်လုပ်သော်လည်း ထိုင်းက မြန်မာ့ကျောက်မျက်များကို ပြန်လည်ရောင်းချခြင်းဖြင့် နာမည်ကောင်းရနေခြင်း ဖြစ်သည်။)**

ထိုသို့ ပဋိပက္ခပုံရိပ်လွှာရှိနေသည့်အခါတွင် ပုံရိပ်လွှာကောင်းကို မြှင့်တင်ကြော်ငြာပြီး တစ်ပြိုင်တည်းမှာပင် ပုံရိပ်ဆိုးဖြစ်ပေါ်စေသည့် အကြောင်းရင်းများကို ရှာဖွေဖော်ထုတ်၍ ပြောင်းလဲပစ်ရမည်ဖြစ်သည်။ ပုံရိပ်လွှာများကို ပြောင်းပြန်လုပ်ပစ်ရန်မှာမူ အလွန် ခက်ခဲလေ့ရှိသည်။ အကြောင်းမှာ တွေ့တွေ့ချင်းအမြင် (First Impression) သည် အစဉ်စွဲမြဲနေတတ်သောကြောင့် ဖြစ်သည်။

အာရှတွင် ပုံရိပ်ဆိုးကြောင့် ဒုက္ခရောက်နေသည့် အခြားဒေသများရှိနေသေးသည်။ ဖိလစ်ပိုင် မနီလာမြို့နားရှိ ပတ်ဆန်ဂျန် (Pagsanjan) မြို့သည် ပတ်ဆန်ဂျန်ရေတံခွန်ကြောင့် နာမည်ကျော် လူသိများသည်။ သို့သော် ထိုဒေသသည် 'ကာမရွှေပြည်' ဟု တဖြည်းဖြည်းနှင့် အမည်တွင်လာခဲ့သည်။ ဤသို့တွင်လာရခြင်းမှာ ဒေသခံ မိဘများသည် ရေတံခွန်သို့ လာရောက်ကြသော နိုင်ငံခြားသားခရီးသွားများထံမှ လက်ဆောင်များ၊ လာဘ်လာဘများကို ပြောင်ပြောင်တင်းတင်း လက်ခံပြီး ခရီးသည်များက ကလေးငယ်များထံမှ 'လိင်အခွင့်အရေး' ကို တန်ရာတန်ဖိုး ပြန်လည်ရယူကြသောကြောင့် ဖြစ်သည်။

ထိုသို့သော နာမည်ပျက်ဒေသများသည် လူအများအာရုံစိုက်မှု လျှော့ချရန်နှင့် ပုံရိပ်လွှာကောင်းရရှိရန် နည်းဗျူဟာသစ် ချမှတ်ကျင့်သုံးရမည်။ ပတ်ဆန်ဂျန်ဖြစ်ရပ်တွင် ဒေသအုပ်ချုပ်ရေးအဖွဲ့သည် ပုံရိပ်ဆိုးကို ဖယ်ရှားရန် အပြင်းအထန်ကြိုးစားနေသည်။ အာရှခရီးသွားလုပ်ငန်း၌ ကလေး

အင်ဒိုနီးရှားရှိ နာမည်ကျော် ဘာလီကမ်းခြေ



ပြည့်တန်ဆာပပျောက်ရေးအဖွဲ့ (End Child Prostitution in Asian Tourism (ECPAT) နှင့် ပြည်သူ့ဘဝတိုးတက်ရေး အဖွဲ့တို့က ဒေသခံကလေးသူငယ်များ၏ ဘဝအခြေအနေ တိုးတက်မြင့်မားလာရေးအတွက် ကြိုးပမ်းနေကြပြီး ဤနည်းဖြင့်သာ ပတ်ဆန်ဂျန်၏ပုံရိပ်ကို ပြင်ဆင်နိုင်ပေမည်။

အမှန်အားဖြင့် ဒေသတစ်ခု၏ ပုံရိပ်လွှာကို တည်ထောင်ရန် (သို့) ပြင်ဆင်ရန်မှာ ထင်သလောက် မလွယ်ကူလှပေ။ ပုံရိပ်လွှာ ဂုဏ်သတင်း မြှင့်တင်ရာတွင် 'ယခု ရေတွင်းတူး၊ ယခု ရေကြည်သောက်ချင်၍မရ' ထိရောက်သော ပုံလွှာသစ်တစ်ခု ပျိုးထောင်ဖန်တီးရန်မှာ နှစ်ပေါင်းများစွာ ကြာမြင့်နိုင်သည်။ အစိုးရအဖွဲ့အပြောင်းအလဲကြောင့် စီမံချက်များမှာ သုံး၊ လေးနှစ်ခန့်သာခံပြီး ပုံရိပ်လွှာပြောင်းလဲခြင်းကို စိုက်လိုက်မတ်တတ် လုပ်ဆောင်ရန် ခဲယဉ်းသည်။ ပုံရိပ်လွှာ ဂုဏ်သတင်းမြှင့်တင်ရာတွင်လည်း ဒေသခံများ၊ ဧည့်သည်များ၊ ပြင်ပနှင့် ဒေသတွင်း စီးပွားရေးလုပ်ငန်းများက ဒေသအပေါ် မည်သို့ ရှုမြင်ကြသည်ကို ပထမဦးစွာ စနစ်တကျ သုတေသနပြုရန် လိုအပ်သည်။ ဒေသအများစုသည် ဤသို့ ဈေးကွက်ဆန်းစစ်လေ့လာမှု ဆောင်ရွက်ရန် အတွေ့အကြုံလုံးဝမရှိကြ။ ထို့ပြင် မည်သို့သော ပုံရိပ်မျိုး လိုချင်သလဲဆိုသော မေးခွန်းကို ဖြေဆိုဆုံးဖြတ်နိုင်မည့် ပုဂ္ဂိုလ်တစ်ဦးချင်းနှင့် အဖွဲ့အစည်းများကို ဆက်သွယ်ရှာဖွေရန်လည်း မလွယ်ကူပါ။ ဒေသပုံရိပ်လွှာကို ခိုင်မာသထက်ခိုင်မာအောင် အရောင်တင်ပေးရန် အတွက် အရင်းအနှီး ရှာဖွေလုပ်ကိုင်ရန်မှာမူ (ဖြစ်တောင့်ဖြစ်ခဲ) ဟုပင် ဆိုရပေမည်။

## ဆွဲဆောင်မှုဂုဏ်သတင်းမြှင့်တင်ခြင်း (Attraction Marketing)

ဒေသတစ်ခု၏ အခြေခံ ဆွဲဆောင်နိုင်စွမ်းအားကို တွန်းအားပေးနိုင်ရန် ပုံရိပ်လွှာ ဂုဏ်သတင်းမြှင့်တင်ခြင်းဖြင့် မလုံလောက်နိုင်ပါ။ ဒေသများအနေဖြင့် သီးသန့်ဆွဲဆောင်မှုများ အလေးပေးလုပ်ဆောင်ရန်လည်း အထူးလိုအပ်လှသည်။

## သဘာဝအလှ

ကံကောင်းထောက်မသည့်ဒေသများတွင် သဘာဝဆွဲဆောင်မှုများ 'ရေကန်အသင့်၊ ကြာအသင့်' ရှိနေသည်။ 'နတ်ဘုရားများ စံမြန်းရာကျွန်း' (Island of Gods) (သို့မဟုတ်) 'ကမ္ဘာ့အာရုဏ်ဦး' (Dawn of the World) ဟု တင်စား ခေါ်ဝေါ်ကြသော ဘာလီကျွန်း (Bali) သည် ထိုကဲ့သို့သောဒေသမျိုး ဖြစ်သည်။ ဘာလီကျွန်းသည် သာယာလှပသော ပင်လယ်ကမ်းခြေများ၊ ခင်မင်ဖွယ်ကောင်းသော ကျွန်းသူကျွန်းသားများနှင့် ကြွယ်ဝသော သမိုင်းနောက်ခံတို့ကြောင့် ကမ္ဘာ့ထိပ်တန်း ခရီးသွားဒေသစာရင်းဝင် ဖြစ်လာသည်။ အိန္ဒိယနိုင်ငံရှိ 'သန့်စင်ရေကန်တော်' ဟု အဓိပ္ပာယ်ရသော အမ်ရစ်ဆာမြို့ (Amritsar) သည် ဆစ်ခ်ဘာသာဝင်တို့၏ အထွက်မြတ်ဆုံး ရွှေကျောင်းတော် (Golden Temple) နှင့် ကျောင်းပရဝုဏ်တွင်းရှိ မြင့်မြတ်သော 'အမတကန်' (The Pool of Immortality) တို့ကြောင့် ထင်ရှားကျော်ကြားသည်။ မောလဒိုက်ကျွန်းဆိုလျှင်လည်း ဘော်ငွေရောင်သဲသောင်ပြင်များ၊ အောက်ခြေအထိ ထွင်းဖောက်မြင်ရလောက်အောင် ကြည်လင်သည့် ရေအိုင်များနှင့် လှပဆန်းကြယ်သည့် ပင်လယ်ရေအောက် ရှုခင်းတို့ဖြင့် ပြိုင်ဘက်ကင်းအောင် ဆွဲဆောင်နေသည့် အောင်မြင်သော ခရီးသွားဒေသ ဖြစ်သည်။

## ဘိုးဘွားအမွေ

အချို့ဒေသများမှာ ဘိုးဘွားအမွေအနှစ် သမိုင်းဝင်အဆောက်အအုံတို့မှ အကျိုးကျေးဇူးခံစားနေရသည်။ အိန္ဒိယနိုင်ငံရှိ အဂ္ဂရာ (Agra) သည် တပ်ချ်မဟာ အချစ်ဗိမာန် (The Taj Mahal) ကြောင့်လည်းကောင်း၊ ကမ္ဘောဒီးယား အနောက်မြောက်ပိုင်းသည် ၁၂ ရာစု ခမာမင်းဆက်များလက်ထက်တွင် တည်ဆောက်ခဲ့သော အန်ကောဝပ်ကျောင်းတော် (Angkor Wat) ကြောင့်လည်းကောင်း လူသိများ ထင်ရှားသည်။ ထို့အတူ မြန်မာနိုင်ငံ ဆိုလိုက်သည်နှင့် ခရီးသွားများစိတ်အာရုံတွင် ပုဂံဒေသမှ ရှေးဟောင်းဘုရားပုထိုးများနှင့် ရွှေတိဂုံစေတီတော်တို့ကို မြင်ယောင်လာတတ်ကြသည်။

## ဂင်းနစ်စ်စံချိန်ဝင်

ကမ္ဘာကျော်အဆောက်အအုံတို့ကြောင့် လက်တွေ့အကျိုးဖြစ်ထွန်းနေသော ဒေသများတွင် ၁,၄၈၃ ပေရှိ ကမ္ဘာ့အမြင့်ဆုံး ပက်ထရိုနာ့စ်မျှော်စင် (Petronas Towers) တည်ရှိရာ မလေးရှားနိုင်ငံရှိ ကွာလာလမ်ပူမြို့ (Kuala Lumpur) မြို့ ပါဝင်သည်။ ပေ ၃၀၀ ကျော် ရှိသည့် ကမ္ဘာ့အကြီးဆုံး မိုးပျံသည်းထိတ်ရင်ဖိုရထား (Roller Coaster) သည် ဂျပန်နိုင်ငံ နာဂါရှီးမားမြို့ (Nagashima) တွင် ရှိပြီး၊ အာရှတွင် အကျယ်ဝန်းဆုံး ၁၇၈ ဧကကျယ်ဝန်းသည့် နန်းတော်ကြီးမှာ တရုတ်နိုင်ငံ ဘေဂျင်းမြို့တော်တွင် ရှိသည်။ ထိုကဲ့သို့ ဆွဲဆောင်မှုများကို ဂင်းနစ်စ်စံချိန်စာအုပ်ဝင် ဆွဲဆောင်မှု (Guiness Attraction) ဟု ခေါ်ဆိုကြပြီး ထိုအမျိုးအစားတွင် ပါဝင်ရန်မှာ မြို့ဆိုလျှင် အကြီးဆုံး၊ အဆောက်အအုံဆိုလျှင် အမြင့်ဆုံး၊ တံတားဆိုလျှင် အရှည်ဆုံး စသည့် သက်ဆိုင်ရာ အတန်းအစားအလိုက် အကောင်းဆုံးဖြစ်နေရန် လိုအပ်သည်။

## ဥယျာဉ်များ

လှပသော ရှုမျှော်ခင်း (သို့) ဥယျာဉ်များကြောင့် အချို့နေရာများမှာ အကျိုးကျေးဇူး ခံစားကြရသည်။ ကမ္ဘာ့ပန်းမျိုးစုများ၏ တစ်ဝက်ကျော် ရှိနေသည့် မလေးရှားနိုင်ငံရှိ ကင်နာဘာလူးဥယျာဉ် (Kinabalu Park)၊ Asiaweek မဂ္ဂဇင်းက ၂၀၀၀ ပြည့်

နှစ် အကောင်းဆုံး မြို့ပြပန်းခြံဟု သတ်မှတ်ခံရသော တိုကျိုမြို့အနီးရှိ မေဂျီ–ဂျင်ဂူ–ဂရိုအင်ပန်းခြံ (Meiji-Jingu-Gyoen Park) နှင့် အာရှအကောင်းဆုံး အမျိုးသားဥယျာဉ်များထဲတွင် တစ်ခုအပါအဝင်ဖြစ်သော နီပေါနိုင်ငံ တော်ဝင်အမျိုးသားဥယျာဉ် (The Royal Chitwan National Park)တို့မှာ အထက်ပါဒေသအမျိုးအစားဝင်များပင် ဖြစ်သည်။



## ရောမညီလာခံဗဟိုဌာနများ

ဒေသတစ်ခု၏ ဆွဲဆောင်နိုင်စွမ်းအား အရှိန်အဟုန်တိုးမြင့်ရာတွင် အလွန်အသုံးများသည့် နည်းလမ်းတစ်ခုမှာ ရောမညီလာခံ၊ ပြပွဲဗဟိုဌာနများ တည်ဆောက်ခြင်းနည်း ဖြစ်သည်။ ကိုရီးယားသမ္မတနိုင်ငံ ပူဆန်မြို့ကိုပင် ကြည့်ပါ။ ကိုရီးယားနိုင်ငံ၏ အဆင့်အမြင့်ဆုံး ပင်လယ်ဆိပ်ကမ်းမြို့များတွင် အပါအဝင်ဖြစ်သည့် ယင်းမြို့တွင် ကမ္ဘာ့အဆင့် ဆွေးနွေးပွဲများ ကျင်းပရာ ပူဆန်ပြပွဲနှင့် ညီလာခံဗဟိုဌာန (Pusan Exhibition and Convention Center (PUEXCO) သည် မဟာဗျူဟာမြောက်စွာ တည်ရှိနေသည်။ PUEXCO တွင် ပြခန်းငယ်ပေါင်း ၁,၇၃၈ ခန်း ပါဝင်ပြသနိုင်သည့် ပြပွဲခန်းမကြီး သုံးခု၊ လူ ၂,၈၀၀ ဆံ့ အစည်းအဝေးခန်းမကြီး၊ တစ်နှစ်ပတ်လုံး ခင်းကျင်းထားနိုင်သည့် ပြခန်းတစ်ခု၊ စားသောက်ဆိုင်တွဲကြီးတစ်ခု၊ Shopping Mall တစ်ခုတို့ ပါဝင်သည်။ PUEXCO ၏ ဆွဲဆောင်အားအနေအထားကို ပိုမိုထူးခြားစေသည်မှာ ယင်းဌာနသည် ကိုရီးယား၏ ထိပ်တန်း အပန်းဖြေစခန်းဖြစ်သည့် Hacundae ကမ်းခြေတွင် တည်ရှိနေခြင်း ဖြစ်သည်။

အဆိုပါပြပွဲနှင့် ညီလာခံဗဟိုဌာနသည် နှစ်စဉ် ဧည့်သည် နှစ်သိန်း လက်ခံရသည်ဟု ခန့်မှန်းပြီး ပြည်ပပို့ကုန် ကန်ထရိုက်များမှ အမေရိကန်ဒေါ်လာ ၁.၂ ဘီလီယံထက်မနည်း ရရှိနေသည်။ ဖွင့်လှစ်ပြီး ၁၅ လ အတွင်းမှာပင် နိုင်ငံတကာပြပွဲ ၃၉ ခုနှင့် နိုင်ငံတကာညီလာခံ ၅၉ ခု လက်ခံကျင်းပခဲ့ပြီး အမှုထမ်း ၃၉,၀၀၀ ခန့်ကို အလုပ်ပေးနိုင်ခဲ့သည်။ ထို့ကြောင့် တန်ဖိုးမြင့်ဝန်ဆောင်မှုလုပ်ငန်းတွင် ပြပွဲဗဟိုဌာနများ၏ အရေးပါသော အခန်းကဏ္ဍကို ဤဥပမာတွင် သိသာထင်ရှားစွာ မြင်တွေ့ရသည်။

## လမ်းလျှောက်ရင်း ဈေးဝယ်

အခြားဆွဲဆောင်မှုနည်းလမ်းတစ်ခုမှာ မြို့လယ်ခေါင်ရပ်ကွက် (သို့) မြို့နယ်တစ်ခုကို လမ်းလျှောက်ရင်း ဈေးဝယ်နိုင်သည့် ကုန်တိုက်ဒေသကြီးအဖြစ် ပြောင်းလဲပစ်ခြင်းနည်း ဖြစ်သည်။ ဩစတြေးလျနိုင်ငံ ပါ့သ်မြို့ရှိ ဟေးလမ်း (Hay Street) သည် စိတ်လက် ပေါ့ပါးလန်းဆန်းစွာ ဈေးဝယ်ရသည့်အရသာကို ခံစားလိုသည့် ဧည့်သည်များအတွက် နတ်ဘုံနတ်နန်းသဖွယ်ပင် ဖြစ်သည်။ ဟောင်ကောင်ရှိ လန်ကွေဖုန်းနှင့် ရှန့်ဟိုင်ရှိ ယူယွမ်ဈေးတို့မှာ ဆွဲဆောင်မှုမြင့်မားလှသည့် ကားမဝင်ရ လျှောက်လမ်းများ ဖြစ်ကြသည်။ စီးပွားရေးသမားများ၊ လုပ်ငန်းရှင်များသည် တစ်ဝီဝီ သွားလာနေသည့် ယာဉ်အသွားအလာ၊ အရှုပ်အထွေးများမှ ခေတ္တ ကင်းလွတ်ပြီး သက်သောင့်သက်သာ အေးအေးဆေးဆေး လမ်းလျှောက်ရသည့် အရသာကို ခုံမင်ကြသည်။ မနီလာမြို့လယ်ရှိ စီးပွားရေးခရိုင်တစ်ခုဖြစ်သော အေယာလာဒေသဆိုလျှင် အဆောက်အအုံများအကြား လူကူးတံတားများ၊ စင်္ကြန်လမ်းများနှင့် ဆက်သွယ်ထားပြီး ယာဉ်မဝင်ရနယ်မြေအဖြစ် သတ်မှတ်ကာ လမ်းလျှောက်ခြင်းကို မြတ်နိုးသည့် စီးပွားရေးလုပ်ငန်းရှင်များကို ဆွဲဆောင်ရန် ကြိုးပမ်းနေသည်။

## အခြေခံအဆောက်အဦ ဂုဏ်သတင်းမြှင့်တင်ခြင်း

ပုံရိပ်နှင့် ဆွဲဆောင်မှုကောင်းရုံဖြင့် ဒေသတစ်ခု ဖွံ့ဖြိုးတိုးတက်ရန် ပြီးပြည့်စုံသောအဖြေ ရရှိမည်မဟုတ်ပါ။ အဓိကလိုအပ်ချက်တစ်ရပ်မှာ ထိရောက်ကောင်းမွန်သော အခြေခံအဆောက်အဦ ရှိရေးပင် ဖြစ်သည်။ ဒေသတစ်ခု၏ ဂုဏ်သတင်းပျံ့မွှေးလာစေရေးတွင် အခြေခံအဆောက်အဦ တိုးတက်ကောင်းမွန်ရန်မှာ မရှိမဖြစ်အရေးပါပြီး ယခုဆိုလျှင် ပိုမိုအဓိကကျသော အခန်းကဏ္ဍမှ ပါဝင်လျက် ရှိသည်။ ဤကဏ္ဍတွင် ရင်းနှီးမြှုပ်နှံခြင်းသည် 'တစ်ချက်ခုတ်၊ နှစ်ချက်ပြတ်'ဆိုသကဲ့သို့ အလုပ်လက်မဲ့ပြဿနာကိုပါ ဖြေရှင်းပြီးဖြစ်စေသည်။

အဝေးပြေးလမ်းများ၊ ရထားလမ်းများ၊ လေဆိပ်နှင့် အဝေးဆက်သွယ်ရေးကွန်ရက်များသည် မကြာခဏဆိုသလို အဆင့်မြှင့်တင်မွမ်းမံရသည့် အခြေခံအဆောက်အဦများ ဖြစ်သည်။ အာရှသည် အခြေခံအဆောက်အဦများ တိုးတက်ရေး

အတွက် ဒေါ်လာ ၁၅၀ မှ ၂၀၀ ဘီလီယံ အထိ နှစ်စဉ် အကုန်အကျခံခဲ့သည်ဟု ကမ္ဘာ့ဘဏ်က ခန့်မှန်းသည်။

## IT

ဒေသဂုဏ်သတင်းမြှင့်တင်သူများသည် သတင်းအချက်အလက် နည်းပညာ IT တွင် မိမိတို့ ရောက်ရှိနေသော အဆင့်အတန်းကို အခြားဒေသများနှင့် ကွဲပြားစေလိုသည်။ အချို့ဒေသများက ယင်းတို့တွင် ထိပ်တန်း IT နည်းပညာနှင့် အရင်းအမြစ်များရှိသည်ဟု ကြွေးကြော်ကြသည်။ (ဥပမာ-မလေးရှားရှိ Multimedia Super Corridor) အချို့က IT လုပ်ငန်းအတွေ့အကြုံ အလျှံပယ်ကြွယ်ဝသည်ဟု အသံပြုကြသည်။ (ဥပမာ-စင်ကာပူသည် အာရှပစိဖိတ်ဈေးကွက်ရှိ IT သုံးစွဲသူများဆိုင်ရာ ဗဟိုဌာနဟု မိမိဘာသာ ခေါ်ဆိုသည်။) အခြားဒေသများက သီးသန့် IT နယ်ပယ်တစ်ခုတွင် ပြိုင်ဘက်ကင်း အနေအထားရှိသည်ဟု ကြော်ငြာသည်။ (ဟောင်ကောင်ရှိ ပစိဖိတ်ရာစုနှစ်ကုမ္ပဏီသည် အာရှ၏ အင်တာနက် အဓိက ဝန်ဆောင်သူ ဖြစ်လိုသည့်ဆန္ဒ ပြင်းပြနေသည်။) ကျန်ဒေသအချို့ကမူ ယင်းတို့၏ အဝေးဆက်သွယ်ရေးလုပ်ငန်းဆိုင်ရာ အခွန်အကောက်များ နည်းပါးပုံကို ထုတ်ဖော် ဆွဲဆောင်ကြသည်။ (ဥပမာ-ဟောင်ကောင်နှင့် စင်ကာပူ)

## မီးရထားလမ်းများ

မီးရထားလမ်းများ၏ အခန်းကဏ္ဍသည်လည်း တစ်ဖန်ပြန်၍ ဆန်းသစ်လာသည်။ ထိုင်ဝမ်သည် တစ်မြို့နှင့်တစ်မြို့ ၃၄၅ ကီလိုမီတာ ကွာဝေးသည့် ဒေသမြောက်ပိုင်းရှိ တိုင်ပေမြို့ (Taipei) နှင့် တောင်ပိုင်းရှိ ကာအိုစီယမ်မြို့ (Kaohsiung) တို့ကို ဆက်သွယ်ပေးမည့် မြန်နှုန်းမြင့် ခရီးသည်တင် ရထားစနစ်တစ်ခုကို တည်ထောင်နေသည်။ အဆိုပါစီမံကိန်းသည် အမေရိကန်ဒေါ်လာ ၁၇.၅ ဘီလီယံ ကုန်ကျမည်ဖြစ်ပြီး ရထား၏ အမြန်နှုန်းမှာ တစ်နာရီလျှင် ၃၀၀ ကီလိုမီတာနှုန်းဖြင့် နေ့စဉ် ခရီးသည် ၃ သိန်း သယ်ပို့ပေးနိုင်မည်။ တရုတ်နိုင်ငံကမူ ဂျပန်နိုင်ငံ၏ ရှင်ကန်ဆန် (ကျည်ဆန်ရထား) နည်းပညာကို ဝယ်ယူပြီး ယင်း၏ ဘေဂျင်း-ရှန်ဟိုင်းမြန်နှုန်းမြင့် ရထားလမ်း တည်ဆောက်ရာတွင် အသုံးပြုမည်။ တရုတ်နိုင်ငံသည် မကြာသေးခင်ကပင် ဂျာမန် Maglev ရထားနည်းပညာကို သုံးပြီး ပူဒုန်နိုင်ငံတကာလေဆိပ် (Pudong)နှင့် ရှန်ဟိုင်းအကြား ရှစ်မိနစ်ဖြင့် သွားလာနိုင်စေမည့် ၃၀ ကီလိုမီတာ အရှည် ရထားလမ်းကို ဖောက်လုပ်ခဲ့သည်။ ၂၀၀၃ ခုနှစ်တွင် ဘေဂျင်းမြို့နှင့် တီယန်ကျင့်၊ ရှန်ဟိုင်းနှင့် ဟန်ကျိုး၊ ရှန်ဟိုင်းနှင့် ဘေကျင်းတို့အကြား အမေရိကန်ဒေါ်လာ တစ်ဘီလီယံတန် Maglev ရထားလမ်းများ ဖောက်လုပ်ရေး ဆုံးဖြတ်ချက်ချခဲ့သည်။ အရှေ့တောင်အာရှရှိ မလေးရှား၊ ထိုင်းနှင့် ဖိလစ်ပိုင်နိုင်ငံများသည်လည်း စီးပွားရေးခရိုင်များနှင့် ဆင်ခြေဖုံးဒေသများကို ဆက်သွယ်ပေးမည့် ပမာဏကြီးမားသော ရထားလမ်းစီမံကိန်းများ လုပ်ဆောင်ရန် စိုင်းပြင်းနေကြသည်။

အလားတူ အဖြစ်အပျက်မျိုးကို ကျွန်းတစ်ကျွန်းနှင့် တစ်ကျွန်း အလှမ်းကွာဝေးသည့် ကျွန်းစုနိုင်ငံ ဂျပန်တွင်လည်း တွေ့မြင်ရသည်။ ကျွန်းများအကြား ရထားနှင့် ခရီးသွားခြင်းက သင်္ဘောခရီးထက် ပို၍ မြန်ဆန်ထိရောက်သည်။ ၁၉၈၅ တွင် တည်ဆောက်ပြီးစီးခဲ့သည့် ဆဲကမ်းရထားဥမင်လိုဏ်ခေါင်း (Seikan) သည် ကမ္ဘာ့အရှည်ဆုံး ရထားဥမင် ဖြစ်သည်။ ထိုဥမင်သည် ၅၃.၉ ကီလိုမီတာ ရှည်လျားပြီး ဂျပန်မြောက်ပိုင်း ဟော့ကိုင်းဒိုးကျွန်း (Hokkaido) နှင့် ဂျပန်ကျွန်းမကြီး ဟွန်ရှူး (Honshu) ကို ဆက်သွယ်ထားသည်။ ဂျမ်ဘိုဂျက်ခရီးစဉ်ကြောင့် ထိုစီမံကိန်းကြီးသည် 'သဲထဲရေသွန်' ဖြစ်ပြီဟု အဆိုပါ ဥမင်တည်ဆောက်ရေးကို ဆန့်ကျင်ဝေဖန်သူများက ပြောကြားကြသော်လည်း ယနေ့အခါတွင် ထိုရထားလမ်းသည် တိုကျိုနှင့် ဆပ်ပိုရိုမြို့များအကြား ခရီးသည် သန်း ၁၀၀ ကို နှစ်စဉ် သယ်ယူပို့ဆောင်ပေးနေသည်။

## သိပ္ပံဥယျာဉ်များ

သိပ္ပံဥယျာဉ်များ (Science Parks) သည် ကမ္ဘာအနှံ့အပြားတွင် 'မိုးဦးကျမှို'များကဲ့သို့ အလျှိုလျှိုပေါ်ပေါက်လာကြပြီး အခြေခံအဆောက်အအုံ ဂုဏ်သတင်းမြှင့်တင်ခြင်းတွင် ဒေသများ တစ်ခုနှင့်တစ်ခု မညာတမ်း ပြိုင်ဆိုင်နေကြခြင်းကို သိသာထင်ရှားစေသည်။ အဆိုပါဥယျာဉ်များ အနက်မှ ဟောင်ကောင်သိပ္ပံဥယျာဉ်၊ အိန္ဒိယရှိ ကန်ဟာအမျိုးသားသိပ္ပံဥယျာဉ် (Kanha National Science Park) နှင့် အင်ဒိုနီးရှားရှိ သီဘိုဒါနှင့် ဟာလီမန်ရှိ သိပ္ပံဥယျာဉ်များသည် သီးသန့်သိပ္ပံနယ်ပယ်တစ်ခုတွင် အထူး အာရုံစူးစိုက်ထားသည်။ အခြား ဥပမာများမှာ စင်ကာပူ သိပ္ပံဥယျာဉ်၊ ထိုင်ဝမ်ရှိ 'အာရှ၏ အအောင်မြင်ဆုံး သိပ္ပံဥယျာဉ်' ဟု တင်စားခံရသော ရှင်ချူသိပ္ပံ အခြေခံစက်မှုလုပ်ငန်းဥယျာဉ်၊ တောင်ကိုရီးယားရှိ တေဒေါက်သိပ္ပံမြို့နှင့် တရုတ်နိုင်ငံရှိ အမျိုးသားစက်မှုဥယျာဉ်များ ဖြစ်သည်။ အထက်ပါဥယျာဉ်အတော်များများတွင် လက်လီစတိုးများ၊ လူနေရပ်ကွက်များ၊ အပန်းဖြေစခန်းများနှင့် အခြားမြို့ပြအင်္ဂါရပ်များ ပါဝင်သည်။

တိုးမြှင့်လုပ်ဆောင်သင့်သည့် အခြေခံအဆောက်အဦ ရင်းနှီးမြှုပ်နှံမှုများတွင် ဆိပ်ကမ်းများ၊ လူနေအိမ်ရာနှင့် ရုံးအဆောက်အအုံများ၊ လျှပ်စစ်စွမ်းအင်ထုတ်လုပ်ဖြန့်ဖြူးရေး၊ ရေပေးဝေရေးလုပ်ငန်းတို့ ပါဝင်သည်။

**မင်းညိုစင်**

Ref: Marketing Asian Places



# အထပ်မြင့်အဆောက်အအုံများမှ အဆင့်မြင့်အဆောက်အအုံဖြစ်ရန်

**အောင်မျိုး**

**မြို့ပြဖွံ့ဖြိုးတိုးတက်စေရေးအတွက် အဖက်ဖက်က ဆောင်ရွက်နေချိန်တွင် ရန်ကုန်မြို့တော်အတွင်း၌ ပေါ်ပေါက်လာခဲ့သော အဆင့်မြင့်လူနေအဆောက်အအုံ သို့မဟုတ် ကွန်ဒိုမီနီယံကြီးများသည် အထင်ရှားဆုံးသင်္ကေတပင် ဖြစ်သည်။ ရန်ကုန်မြို့တော် ခေတ်မီတိုးတက်စေရေးအတွက် အဆင့်မြင့်အဆောက်အအုံများ အပြိုင်အဆိုင် ဆောက်လုပ်ခဲ့ကြရာတွင် အရည်အသွေးပိုင်းထက် အရေအတွက်ကိုသာ ဦးစားပေးဆောက်လုပ်ခဲ့ကြသည့် ကွန်ဒိုမီနီယံများကို ပိုမိုတွေ့မြင်နေရသည်။**

သာမန် ကန်ထရိုက်တိုက်များထက် စျေးနှုန်းများစွာ ပိုမိုသော်လည်း အချက်အချာကျသောနေရာတွင် ရှိခြင်း၊ လုပခန့်ညားမှုရှိခြင်း၊ ကျယ်ဝန်းခြင်း၊ အထပ်မြင့်သို့တက်ရန် ဓာတ်လှေကားပါရှိခြင်း၊ အရေးပေါ်မီးစက်များ ထားရှိခြင်း စသောအချက်များကြောင့် ကွန်ဒိုများသည် အရောင်းအဝယ်ကောင်းမွန်ခဲ့သော်လည်း တကယ်တမ်းနေထိုင်သူများအတွက် အဆင်မပြေမှုများစွာကြုံတွေ့ရတတ်ပါသည်။

## အခန်းဖွဲ့စည်းပုံ စနစ်မကျခြင်း

စတင်ဆောက်လုပ်စဉ်ကပင် ကွန်ဒိုအဆင့်မမီဘဲ သာမန်ကန်ထရိုက်တိုက်ကြီးကြီးတစ်ခုအဖြစ်သာ ဆောက်လုပ်ခဲ့သောကွန်ဒိုများတွင် ဝယ်ယူမိသူများမှာ အနစ်နာဆုံးပင် ဖြစ်သည်။ ကွန်ဒိုဖြစ်စေ၊ သာမန်ကန်ထရိုက်တိုက်ပင်ဖြစ်စေ အခြေခံအားဖြင့် တူညီသည်မှာ တစ်မိုးအောက်တည်းတွင် အခန်းများစွာ စုစည်းတည်ဆောက်ထားခြင်း ဖြစ်သည်။ တစ်နည်းအားဖြင့် မိသားစုများစွာတို့ အတူတကွနေထိုင်ရခြင်း ဖြစ်သည်။ ခြားနားချက်တစ်ခုမှာ ဓာတ်လှေကားပါဝင်ခြင်းနှင့် မပါဝင်ခြင်းသာ ဖြစ်သည်။ အခြားတစ်ခုမှာ ကန်ထရိုက်တိုက်တစ်ခုတွင် သာမန်အားဖြင့် အခန်း ၁၂ ခန်းမှ ၃၀ ခန်းသာ ပါရှိ

သော်လည်း ကွန်ဒိုများမှာ အနည်းဆုံး အခန်း ၅၀ ခန်း ပါရှိသည့်အပြင် မြေညီထပ်နှင့် အောက်ထပ်များတွင် ဈေးဆိုင်ခန်းများ၊ ရုံးခန်းများနှင့် စားသောက်ဆိုင်စသည်တို့ ပါရှိတတ်ရာ လူဦးရေ ပိုမိုများပြားစွာ နေထိုင်လှုပ်ရှားရတတ်သည်။

သာမန် ကန်ထရိုက်တိုက်တွင် နေထိုင်ကြသူများမှာ လှေကားဘေး တစ်ဘက်တစ်ချက်တွင် အခန်းဖွဲ့ကာ မျက်နှာချင်းဆိုင်အခန်းများအဖြစ် နေထိုင်ကြရပြီး ကွန်ဒိုများ၌မူ ရှုပ်ထွေးလှသော အခန်းဖွဲ့စည်းမှုများဖြင့် နေထိုင်ကြရသည်။ သို့အတွက် ကွန်ဒိုဆောက်လုပ်စဉ်က လေဝင်လေထွက်နှင့် ရေဖြန့်ဖြူးသည့်စနစ်ကို သေချာစွာ တွက်ချက်ဆောင်ရွက်ထားခြင်း မရှိပါက အဆိုပါအချက်များသည် နေထိုင်သူများကို နေ့စဉ် ဒုက္ခဖြစ်စေတော့သည်။

## ရေပေးဝေမှု

ကွန်ဒိုများသည် ရေပေးဝေမှုစနစ်ဆောင်ရွက်ရာတွင် အများစုမှာ ခေါင်မိုးပေါ်၌ ရေတိုင်ကီကြီးများ တင်ထားကာ ထိုတိုင်ကီကြီးများမှ သိုလှောင်ထားသောရေကို အခန်းများသို့ ပိုက်ဖြင့် သွယ်တန်းပေးဝေစေပါသည်။ သို့ရာတွင် ထိုရေပေးပိုက်များမှာ အင်ဂျင်နီယာများက စနစ်တကျတွက်ချက်ပုံစံထုတ်တားခြင်းမျိုး မဟုတ်ဘဲ သာမန်ရေပိုက်ဆက်သမားများ ကသာဆောင်ရွက်ခြင်းက များလေသည်။ သို့ဖြစ်ရာ ရေပိုက်များသည် ရေဖြန့်ဖြူးမှုထက် ရေယိုဖိတ်မှုက ပိုမိုများပြားတတ်သည်။ ထိုသို့ ရေယိုခြင်း၊ ရေပိုက်ပြုတ်ခြင်းတို့ ကြုံတွေ့ရပါကလည်း ပြုပြင်ရန်အတွက် ရေဖြန့်ဖြူးမှုကို ခေတ္တ (သို့မဟုတ်) ပြုပြင်ပြီးသည်အထိ ရပ်တန့်ထားရာ ကျန်အခန်းများကပါ ရေမရရှိနိုင်တော့ချေ။ တကယ်တမ်းတွင် ထိုသို့ဖြစ်ရသည်မှာ စတင် ဆောက်လုပ်စဉ်က အားနည်းချက်များကြောင့်ဖြစ်ရာ ဝယ်ယူနေထိုင်သူတို့မှာ အဆိုပါအရေးကြီးလှသည့် ရေဒုက္ခကို မလွဲမသွေ ကြုံရတတ်သည်။

## လေဝင်လေထွက်နှင့် အမှိုက်စွန့်ပစ်မှု

နောက်တစ်ခုမှာ လေကိစ္စ ဖြစ်သည်။ ထောင့်ခန်းများ၊ အထပ်မြင့်များအတွက် လေဝင်လေထွက်မှာ ကောင်းမွန်တတ်သော်လည်း ကြားညပ်သည့် အလယ်ခန်းများနှင့် လှေကားထိပ်များတွင် တည်ရှိသည့်အခန်းများမှာ လေကောင်းလေသန့်ထက် အနံ့အသက် ဆိုးဝါးမှုများကို မလွဲမသွေကြုံရပေသည်။ လေဝင်လေထွက်မကောင်းလှသော်လည်း လူဝင်လူထွက်များပြားခြင်းကြောင့် လှေကားနှင့် စင်္ကြံတို့တွင် အစဉ် ညစ်ပတ်နေတတ်သည်။ သီးခြား အမှိုက်သိမ်းစနစ် ထည့်သွင်းဆောက်လုပ်ခြင်း မရှိတတ်သောကြောင့် အိမ်သုံးအမှိုက်များမှအစ ရုံးသုံးဆိုင်သုံးအမှိုက်များအား လူသွားစင်္ကြံများ၌သာ စွန့်ပစ်ထားတတ်ခြင်း၊ သယ်ဆောင်သွားရခြင်းဖြစ်ရာ အနံ့အသက်များမှာ အစဉ်ကျန်ရှိနေတတ်သည်။ အချို့ ကွန်ဒိုများမှာ မီးဖိုချောင်သုံးအမှိုက်အား မိမိအခန်းမှပင် အမှိုက်စွန့်ပစ်ပေါက်မှ လွယ်ကူစွာ ပစ်ချနိုင်သော်လည်း အများစုမှာ သမားရိုးကျအတိုင်း အမှိုက်ပုံးဖြင့် ထည့်ကာ အခန်းရှေ့၌ သတ်မှတ်အချိန်တွင် စုပုံ၍လည်းကောင်း၊ အဆောက်အအုံ၏ အောက်ခြေရှိ သတ်မှတ်နေရာ၌ စွန့်ပစ်ခြင်းဖြင့်လည်းကောင်း ဆောင်ရွက်ကြရသည်ဖြစ်ရာ ထိုအမှိုက်တို့မှ အနံ့အသက်တို့သည် စင်္ကြံနှင့် ဓာတ်လှေကားအတွင်း၌ ပိတ်လှောင်ကာ ကျန်ရစ်တတ်သည်။ စားသောက်ဆိုင် ဖွင့်လှစ်ထားသည့် ကွန်ဒိုများတွင်မူ မီးဖိုချောင်မှ အညှော်နံ့များကိုပါ ခံစားရတတ်သည်။ မီးဖိုချောင်မှ အညှော်နံ့များအား မိမိအခန်းအတွင်း၌ မညှော်ရန်အတွက် လေစုပ်ပန်ကာများ တပ်ဆင်ရာတွင်လည်း အလွယ်တကူ တပ်ဆင်ခြင်းကြောင့် ထိုညှော်နံ့များသည် မိမိအခန်းမှ ထွက်သော်လည်း အခြားအခန်းသို့ တိုက်ရိုက်ဝင်သွားခြင်းများလည်း ရှိသည်။

## ဆူညံသံ

ကွန်ဒိုများသည် နေထိုင်ချင်စဖွယ်ကောင်းအောင် ဆောက်လုပ်ထားသည်မှန်သော်လည်း နေထိုင်ကြရာတွင် မလွဲမသွေခံစားရမည့် အချက်တစ်ချက်မှာ အသံဆူညံမှု ဖြစ်သည်။ အဆောက်အအုံတစ်ခုတွင် အခန်းပေါင်း ၅၀ မှ ၁၀၀ ဝန်းကျင်ရှိကြရာ တစ်ခန်းမဟုတ် တစ်ခန်းကတော့ ပြင်ဆင်နေသည်ကို အခါမလပ်ကြုံရတတ်သည်။ မူလ အခန်းဖွဲ့စည်းပုံအားမကြိုက်၍ ဖျက်ပစ်ခြင်း၊ အခန်းအတွင်းလျှာထိုး သို့မဟုတ် ပါကေးခင်းခြင်း၊ မျက်နှာကြက်တပ်ခြင်း၊ ကြွေပြားကပ်ခြင်း၊ အိမ်သာ ရေချိုးခန်း ပြင်ဆင်ခြင်း စသည်တို့သည် ပိုင်ရှင်တစ်ဦးလက်မှ တစ်ဦးပြောင်းတိုင်း ကြုံတွေ့ရတတ်သည်ဖြစ်ရာ ထိုအသံများသည် ရှောင်လွှဲမရအောင်ပင်။ အဆောက်အအုံတစ်ခုအတွင်း၌သာဖြစ်၍ တစ်ခန်းမှ တူထုသံသည် အခန်းအားလုံးနီးပါး ကြားရနိုင်သည်။ အသံအတိုးအကျယ်သာ ကွဲပြားလေသည်။ ရုံးခန်း၊ ဆိုင်ခန်း ဖွင့်ထားသည့် ကွန်ဒိုများနှင့် ပလာဇာများတွင် ပိုမိုကြုံရတတ်သည်။ အချို့ အဆောက်အအုံများမှာ ကျူရှင်ကဲ့သို့ စာသင်ခန်းကြီးများလည်း ရှိတတ်ရာ ထိုအခန်းများမှ စာသင်သံတို့သည် အနီးအနားမှ အခန်းများအတွက် အနှောင့်အယှက်ပင် ဖြစ်ရလေသည်။ ကျန်အခန်းမှ လူများအတွက်လည်း လူဝင်လူထွက်များပြားခြင်းက အနှောင့်အယှက် ဖြစ်ရသည်။ ထို့ကြောင့် အချို့သော ကွန်ဒိုများသည် လူနေခန်းမှအပ အခြား စီးပွားရေးလုပ်ငန်းများအား လုံးဝ လုပ်ကိုင်ခွင့်မပြုပေ။ ထိုကဲ့သို့သော ကွန်ဒိုများတွင် နေထိုင်သူများအတွက်မှာ နားအေးပါးအေး နေထိုင်နိုင်ပေသည်။

မည်သည့် ကွန်ဒိုတွင်မဆို သေချာ



ပေါက်ကြားရမည့် အသံတစ်ခုမှာ မီးစက် သို့မဟုတ် မီးစက်များ၏ ဆူညံသံပင် ဖြစ်သည်။ မီးပျက်ရာတွင် မီးစက်ဖြင့် မီးပေးကြသော်လည်း အများစုမှာ ဓာတ်လှေကားနှင့် စင်္ကြံလမ်းများအတွက်သာ စီစဉ်ထားကြရာ မိမိအခန်းအတွက် မိမိတို့ အစီအစဉ်ဖြင့်သာ မီးစက်များ တပ်ဆင်ကြရသည့်အတွက် လျှပ်စစ်ဓာတ်အား ပြတ်တောက်သွားချိန်များတွင် မီးစက်များ၏ ဆူညံသံများ အတော်ပင် ဆိုးဝါးစွာ ခံစားကြရသည်။ ထို့အပြင် မီးစက်များမှ ထုတ်လွှတ်သော မီးခိုးနှင့် ဆီနံ့များသည်လည်း လူကို အနည်းနှင့်အများ ဥပါဒ်ဖြစ်စေတတ်သည်။ အချို့ ကွန်ဒိုများမှာ မီးစက်ကြီး သုံး၊ လေးခုဖြင့် အခန်းတိုင်း မီးလုံလောက်စွာ ရရှိရန် စီစဉ်ပေးထားတတ်သော်လည်း အများစုမှာ ကြုံသလို စခန်းသွားလျက်ပင် ရှိနေသည်။ အဓိကအချက်မှာ မီးပျက်၍ မီးစက်ဖြင့် မပေးမီ အခိုက်အတန့်မှာ မလိုအပ်ဘဲ မကြာမြင့်စေရန် ဖြစ်သည်။ အကြောင်းမှာ မီးပျက်စဉ် ဓာတ်လှေကားထဲတွင် ပိတ်မိနေတတ်၍ ဖြစ်သည်။ မြို့လယ်ရှိ ပလာဇာကြီးတစ်ခုတွင် မီးပျက်၍ ဓာတ်လှေကားတွင် ပိတ်မိနေသူမှာ မီးစက်ကြာမြင့်နေ၍ မွန်းကြပ်လာကာ အပြင်ထွက်ရန် ကြိုးစားရင်း အသက်ဆုံးရှုံးရသည့် ဖြစ်ရပ်ပင် ရှိခဲ့သည်။

## ဓာတ်လှေကားစနစ်

ဓာတ်လှေကားတပ်ဆင်ရာတွင်လည်း ဗိသုကာအင်ဂျင်နီယာပညာရပ်၏ စံချိန်စံညွှန်းနှင့်အညီ နေထိုင်သည့် လူဦးရေနှင့် ဓာတ်လှေကားအရေအတွက် အချိုးအစားအလိုက် တပ်ဆင်ခြင်းမရှိသည်က များလေသည်။ နေထိုင်သည့် လူဦးရေနှင့် ဓာတ်လှေကားအရေအတွက် မမျှတသည့်အပြင် အများစုမှာ ကွန်ဒိုတိုင်းတွင် ပါရှိရန်လိုအပ်သည့် ကုန်တင်ဓာတ်လှေကားအား တပ်ဆင်ထားခြင်း မရှိပေ။ ထို့ကြောင့် အိမ်ပြောင်းရွှေ့ရာတွင်လည်းကောင်း၊ မိမိအိမ်သုံးပရိဘောဂနှင့် ရေခဲသေတ္တာ စသော ပစ္စည်းကြီးများ တင်ဆောင်သယ်ယူရာတွင်လည်းကောင်း အခက်အခဲ တွေ့ကြရသည်။ အဆောက်အအုံအများစုမှာ ဓာတ်လှေကားဖြင့် ပစ္စည်းသယ်ယူခွင့်မပြုကြ၍ အဆိုပါပစ္စည်းကြီးများ သယ်ဆောင်ရာတွင် လူအားဖြင့်သာ သယ်ဆောင်ကြရသည့် မြင်ကွင်းများမှာ အမြင်ရဆိုးလှသည့်အပြင် သယ်ဆောင်ရသူတို့နေရာမှ ကိုယ်ချင်းစာသင့်လှသည်။ အဆိုပါပစ္စည်းများအပြင် နေ့စဉ်ကြုံရသည်မှာ ရေသန့်ဘူး သယ်ဆောင်ရသည့် အလုပ်သမားများ၏ ဒုက္ခ ဖြစ်သည်။ စီမံခန့်ခွဲမှုကောင်းသော ကွန်ဒိုများအနေနှင့် ရေသန့်ဘူးများ သယ်ဆောင်ရာတွင် အဆင်ပြေမြန်ဆန်အောင် စီစဉ်ထားရှိသော်လည်း အများစုမှာ ပခုံးဖြင့်သာ ထမ်းတင်ကြရသည်။ ထိုသို့သော ကွန်ဒိုများအတွက် အဆင့်မြင့်ခေတ်မီမှု ရှိ/မရှိ ဆန်းစစ်စရာ ဖြစ်သည်။ နေထိုင်သူများအတွက် စိတ်အေးချမ်းသာမှု ရှိစေရန် အဖက်ဖက်က စီစဉ်ဆောင်ရွက်မှုကောင်းသော ခေတ်မီလူနေအဆောက်အအုံများ တစ်ဖြည်းဖြည်း နေရာရလာရန်လည်း လိုအပ်လှပါသည်။

## နေထိုင်သူများလည်း စည်းကမ်းရှိရန်လို

ကွန်ဒိုများဟုဆိုရသော်လည်း ဂြိုဟ်တုစလောင်းများ၊ တယ်လီဖုန်းလိုင်းများ၊ သံပန်းများ၊ အကာအကွယ်များအား မိမိတို့အစီအစဉ်ဖြင့် ကြုံသလို တပ်ဆင်နေခြင်းများမှာလည်း အဆောက်အအုံအား ရုပ်ဆိုးအကျည်းတန်စေပါသည်။ ကွန်ဒို၊ ပလာဇာ စသည့် ခေတ်မီအဆောက်အအုံများသည် အခေါ်အဝေါ်အားဖြင့်သာ ခေတ်မီရုံမကဘဲ နေထိုင်သူတို့ကိုပါ နိုင်ငံတကာ လူနေမှုအဆင့်အတန်းနှင့်အညီ ဆောင်ရွက်ပေးနိုင်ရန် လိုအပ်လှသည်။ သို့မှသာ မြို့ပြခေတ်မီတိုးတက်ရေးအတွက် အထောက်အကူ ဖြစ်စေနိုင်ပါလိမ့်မည်။ ကွန်ဒို၊ ပလာဇာ၊ တာဝါ စသည်တို့၌ သံပန်းများ ကွက်ကြားတပ်ဆင်ထားခြင်း၊ အဝတ်လှန်းတန်းများ ထုတ်ထားခြင်း၊ လေအေးစက်များ ဖြစ်သလို တပ်ဆင်ခြင်း စသည်တို့မှာ ကွန်ဒိုကို ရုပ်ဆိုးစေသည်သာမက ၎င်းတို့သည်အချက်အချာကျသည့် နေရာ၌ရှိကြ၍ မြို့တော်အဆင့်အတန်းနှင့် အလှအပကိုပါ ထိခိုက်စေသည်ပင်။ ခေတ်မီလှပသည့် မြို့တော်တစ်ခု ဖြစ်လာစေရန် ကွန်ဒိုများသည်လည်း အမှန်တကယ် ခေတ်မီစနစ်ကျနရန် လိုအပ်လှသည်က အမှန်ပင် ဖြစ်သည်။

**အောင်မျိုး**



# စနစ်တကျထားရှိသင့်သည့် လူဦးရေဆိုင်ရာ မူဝါဒ

မင်းနိုင်စိုး

**နိုင်ငံ၏ လူဦးရေအတိုးအဆုတ်သည် သဘာဝအလျောက် ဖြစ်ပေါ်လာသည် ရှိသော်လည်း နိုင်ငံအတွက် လိုအပ်သည့်ကာလများတွင် သက်ဆိုင်ရာတို့မှ လူဦးရေဆိုင်ရာမူဝါဒများ ချမှတ်၍ ဖြစ်သင့်သည့် လူဦးရေ အချိုးအစား (Optimal Population) ကို စီမံဖန်တီးယူလေ့ရှိကြသည်။**

လူဦးရေဆိုင်ရာမူဝါဒများသည် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ဘာသာရေး၊ လူမျိုးစုဆိုင်ရာပြဿနာများ စသည် မေးခွန်းအမြောက်အမြားဖြင့် အငြင်းပွားရသောပြဿနာများ ဖြစ်သည်။ လူဦးရေဆိုင်ရာ ကိန်းဂဏန်းအညွှန်းကိန်းများဖြစ်သည့် စုစုပေါင်းလူဦးရေအချိုးအစား၊ အသက်အုပ်စုလိုက် ပါဝင်မှု၊ လူဦးရေပျံ့နှံ့နေထိုင်ပုံ၊ ကလေးမွေးဖွားနှုန်း၊ ဖွားသေအညွှန်း၊ ပြန်လည်ဖြည့်တင်းနိုင်မှုအခြေအနေ၊ လူ့သက်တမ်း စသည်ဖြင့် အချက်အလက်များစွာအပေါ် အခြေပြုလေ့လာကြပြီး အဆိုပါအချက်အလက်များသည် နိုင်ငံ၏ စီးပွားရေးမူဝါဒများ၊ အလုပ်သမားဈေးကွက်မူဝါဒ၊ ကျန်းမာရေး၊ ပညာရေးမူဝါဒများ ချမှတ်ရာတွင် များစွာအရေးပါလှသည့်အချက်များ ဖြစ်သည်။ နိုင်ငံများ၏အခြေအနေတို့ကိုလိုက်၍ လူဦးရေဆိုင်ရာ မူဝါဒများသည် တစ်နိုင်ငံနှင့်တစ်နိုင်ငံ ကွဲပြားခြားနားလေ့ရှိသည်။ စီးပွားရေးစန်းပွင့်မှုနှင့်အတူ အရေးပေါ်အလုပ်သမားလိုအပ်ချက်များရှိသည့် နိုင်ငံများတွင် လူဦးရေတိုးတက်မှုကို ဦးစားပေးသောမူဝါဒများ ချမှတ်ကြပြီး၊ အခြားရည်ရွယ်ချက်အမျိုးမျိုးဖြင့် လူဦးရေ မတိုးတက်စေလိုသော မူဝါဒများကို ချမှတ်လေ့ရှိသည့် နိုင်ငံများလည်း ရှိကြသည်။ ဥပမာ–စင်ကာပူနိုင်ငံသည် ၎င်းနိုင်ငံ၏ အလုပ်သမားလိုအပ်ချက်ကို မူတည်၍ လူဦးရေတိုးတက်စေလိုသော မူဝါဒကို

ချမှတ်ကာ လက်ထပ်သည့်အသက်စောစေရန် စီမံပေးခြင်း၊ မွေးဖွားလာသည့် ကလေးများအား ပညာရေး၊ ကျန်းမာရေးဆိုင်ရာထောက်ပံ့မှုနှင့် ကိုယ်ဝန်ဆောင်မိခင် လစာအခွင့်အလမ်း စသည့် မက်လုံးများဖြင့် လူဦးရေတိုးတက်စေရန် စီမံလျက်ရှိသည်ကို တွေ့ရသည်။ တရုတ်နိုင်ငံသည် ၎င်း၏ လူဦးရေပေါက်ကွဲမှုကို ထိန်းချုပ်လို၍ မိသားစုတစ်စု ကလေးတစ်ယောက် (One Child Family) အစီအစဉ်များ ချမှတ်၍ ဆောင်ရွက်လာခဲ့သည်။ အဆိုပါ မူဝါဒနှစ်ရပ်စလုံးမှာ ကောင်းကွက်၊ ဆိုးကွက်များဖြင့် ရောပြွမ်းလျက်ရှိသည်။ လူဦးရေတိုးပွားလာမှုနှင့် အတူ ပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍနှင့် အလုပ်အကိုင်နေရာချထားမှုကဏ္ဍ စသည်တို့တွင် အသုံးစရိတ် တိုးမြှင့်သုံးစွဲရသလို၊ မိသားစုတစ်စု ကလေးတစ်ယောက် အစီအစဉ်များကြောင့် ညီအစ်ကိုမောင်နှမ၊ ဦးလေး၊ အဒေါ် ခေါ်စရာမရှိသည့် အထီးကျန်ကလေးများ တိုးပွားလာသည်ကို တွေ့ရသည်။ လူဦးရေအခြေအနေသည် နိုင်ငံတစ်နိုင်ငံ၏ လူတစ်ဦးချင်းထုတ်လုပ်နိုင်မှု၊ လူတစ်ဦးကျဝင်ငွေ၊ အလုပ်အကိုင်အခြေအနေနှင့် စီးပွားရေးအဆောက်အအုံတို့ပေါ်တွင် များစွာ လွှမ်းမိုးထားသည်။ လူဦးရေအကြောင်း လေ့လာလျှင် အလုပ်သမားနှင့် လုပ်သားအင်အားအခြေအနေနှင့် ကျန်းမာရေးအစီအမံများကိုပါ တွဲဆက်လေ့လာကြလေ့ ရှိသည်။

## မြန်မာ့လူဦးရေအခြေအနေ

မြန်မာနိုင်ငံတွင် ယခင်က လူဦးရေသန်းခေါင်စာရင်းကို ၁၀ နှစ်တစ်ကြိမ် ကောက်ယူလေ့ရှိသည်။ ယခုနောက်ပိုင်း C.S.O တွင် ဖော်ပြထားချက်အရ ၁၉၈၃ သန်းခေါင်စာရင်းကို အခြေခံထားပြီး တွက်ချက်သည်ကို တွေ့ရသည်။ သန်းခေါင်စာရင်းမဟုတ်သည့် တွက်ချက်မှုများအရ မြန်မာနိုင်ငံတွင် ၂၀၀၁–၂၀၀၂ ခုနှစ်တွင် စုစုပေါင်းလူဦးရေ ၅၂.၄ သန်း ရှိပြီး ၁၉၈၀–၈၁ တွင် လူဦးရေ ၃၃.၆၁ သန်း ရှိခဲ့သည်။ နှစ်စဉ် ၁.၀၁ သန်း တိုးလျက်ရှိပြီး ၂.၂ ရာခိုင်နှုန်း ပုံမှန် တိုးတက်လျက်ရှိသည်ဟု ပါရှိသည်။ အသက်အရွယ်အုပ်စုလိုက်နှင့် ကျား/မ ပါဝင်မှုအချိုးမှာ အသက် ၀–၁၄ နှစ်ကြားတွင် ကျား ၈.၂၃ သန်း၊ မ ၇.၉၅ သန်းနှင့် စုစုပေါင်း ၁၆.၇၃ သန်း ရာခိုင်နှုန်းအားဖြင့် ၃၂.၇၁ ရာခိုင်နှုန်းရှိကြောင်း၊ အသက် ၁၅ နှစ်နှင့် ၅၉ နှစ်ကြား လူဦးရေ ၃၀.၃၃ သန်းနှင့် ၅၈.၃၁ ရာခိုင်နှုန်း၊ ၆၀ နှစ်နှင့်အထက် ၄.၀၈ သန်းနှင့် ၇.၉၈ ရာခိုင်နှုန်းဖြစ်ပြီး၊ ကျား/မ အချိုးမှာ မိန်းကလေး ၁၀၀ လျှင် ယောကျ်ားလေး ၉၈.၈၃ ဦးဖြစ်ကြောင်း သိရသည်။ ရန်ကုန်စီးပွားရေးတက္ကသိုလ်မှ ပြုလုပ်သော စစ်တမ်းတစ်ခုအရ ကျေးလက်နှင့် မြို့ပြကလေးမွေးဖွားမှုနှုန်းနှင့် လက်ထပ်ထိမ်းမြားမှုနှုန်း ကွာခြားကြောင်း၊ မြို့ပြနေအမျိုးသမီးထု၏ ၅၀ ရာခိုင်နှုန်းကျော်မှ လက်မထပ်ဘဲနေကြကြောင်း၊ စုံစမ်းကြည့်ရာ မိန်းကလေးအများစုမှာ လက်ထပ်ပြီးနောက် လက်ရှိ နေထိုင်နေရသည့် အခြေအနေထက် ယုတ်လျော့သွားမည်ကို စိုးရိမ်ခြင်းသည် နံပါတ်တစ်အကြောင်းပြချက်ဖြစ်ကြောင်း၊ ထို့အပြင် မိဘများသည် သားသမီးများ အိမ်ထောင်ပြုလက်ထပ်ထိမ်းမြားခြင်းကို အားပေးမှုနည်းသည်ဟုလည်း ဆင်ခြေပေးကြကြောင်း သိရသည်။

ရန်ကုန်မြို့ရှိ လက်ထပ်ထိမ်းမြားခဲ့သော လူငယ်အများစုတွင် မိသားစုနည်းသောစနစ်ကို ခေတ်ပညာတတ် လူငယ်အိမ်ထောင်သည်များမှ ကျင့်သုံးလေ့ရှိကြပြီး သာမန်ရိုးရိုး လူငယ်များမှာမူ ကန့်သတ်သော ကလေးမွေးဖွားမှုနှုန်းကို ကျင့်သုံးခဲ့လှသည်ကို တွေ့ရသည်။ မြန်မာနိုင်ငံကျေးလက်ဒေသအနှံ့အပြားတွင်မူ မိသားစုအသိုင်းအဝိုင်းစနစ် ကျန်ရှိနေသေးသည့်အတွက် ကလေးမွေးဖွားမှုနှုန်း များသည်ဟု သိရသည်။ လက်ရှိ မြန်မာနိုင်ငံတွင် ကျင့်သုံးလျက်ရှိသည့် လူဦးရေထိန်းချုပ်ရေးမူဝါဒမှာ သားဆက်ခြားခြင်းစနစ်ဖြစ်ပြီး ကျယ်ကျယ်ပြန့်ပြန့် ပညာပေးစည်းရုံးလေ့ရှိသည်။ ပဋိသန္ဓေတားဆေးဝါးနှင့် ပစ္စည်းများ၊ ၎င်းနှင့် ပတ်သက်သည့်ဥပဒေ၊ သားကြောဖြတ်ခြင်း၊ ကိုယ်ဝန်ဖျက်ချခြင်းတို့ကိုမူ ဥပဒေပြင်ပ လုပ်ဆောင်မှုသာရှိသည်။ ဘာသာရေး၊ ယဉ်ကျေးမှုအရ တရားဝင်ခွင့်ပြုရန် အခက်အခဲရှိပြီး ဥပဒေပြင်ပလုပ်ဆောင်မှုအချို့သာ ရှိသည်ကို တွေ့ရသည်။

## အလုပ်အကိုင်အခြေအနေ

၁၉၉၀ ခုနှစ် အလုပ်သမားစစ်တမ်းကို အခြေပြုထားသော စာရင်းများအရ လယ်ယာစိုက်ပျိုးရေး၊ သစ်တောနှင့် ရေလုပ်ငန်းများတွင် ဝင်ရောက်လုပ်ကိုင်နေသူသည် အလုပ်လုပ်နိုင်သော လူဦးရေစုစုပေါင်း၏ ၅၄.၄၇ ရာခိုင်နှုန်းရှိကြောင်း ဖော်ပြထားသည်။ အလုပ်လုပ်ကိုင်နိုင်သော အသက်အရွယ်ကို သတ်မှတ်ကြရာတွင် မြန်မာနိုင်ငံအနေဖြင့် ၁၅ နှစ်နှင့် ၅၉ နှစ်ကြား သတ်မှတ်ထားပြီး တစ်နိုင်ငံနှင့်တစ်နိုင်ငံ စီးပွားရေးအဆောက်အဦပုံစံကို မူတည်၍ ကွဲပြားမှုရှိနိုင်သည်။ မြန်မာနိုင်ငံသည် လယ်ယာစိုက်ပျိုးရေးကို အခြေပြုသောကဏ္ဍတွင် လုပ်သားအင်အား ပိုမိုများပြားပြီး လယ်ယာလုပ်ငန်းခွင်ဖြစ်သည့်အလျောက် လုပ်ငန်းခွင်သို့ စောစီးစွာ ဝင်ရောက်ကြလေ့ရှိပြီး စိုက်ပျိုးရေးရာသီတွင် အသက်အရွယ်မရွေး လုပ်ငန်းခွင်သို့ ဝင်ရောက်လေ့ရှိကြသည်။ စိုက်ပျိုးရေးနည်းစနစ်များ တိုးတက်ထွန်းကားလာပြီး ကုန်ထုတ်လုပ်မှု မြင့်မားလာသည့်အချိန်တွင် ကျေးလက်လုပ်သားဦးရေ လိုအပ်ချက်မှာ လျော့ပါးလာနိုင်သည်။ စက်မှုဖွံ့ဖြိုးမှုနှင့်အတူ မြို့ပြဖွံ့ဖြိုးလာမှုသည် ကျေးလက်ဒေသများတွင် အလုပ်အကိုင် လက်လွှတ်ခဲ့ရသူများအား မြို့ပြ




တွင် ပိုမိုနေရာချထားပေးနိုင်မည့် မူဝါဒများ ချမှတ်ထားရန် လိုအပ်မည် ဖြစ်ပါသည်။

## လူဦးရေမူဝါဒများ

လူဦးရေဆိုင်ရာမူဝါဒများတွင် Pro-natality ခေါ် လူဦးရေအလျင်အမြန် တိုးပွားမှုကို ဦးစားပေးသည့်မူဝါဒနှင့် Anti-natality ခေါ် လူဦးရေတိုးပွားနှုန်း နှေးစေရန် ဦးစားပေးသည့် မူဝါဒနှစ်ရပ် အပေါ်တွင် အခြေခံ၍ ချမှတ်လေ့ရှိကြသည်။ လူဦးရေဆိုင်ရာမူဝါဒများသည် လူမှုရေး၊ စီးပွားရေး၊ နိုင်ငံရေး၊ ဘာသာရေး၊ လူမှုဖူလုံရေးဆိုင်ရာများ စသည်ဖြင့် ယှက်နွယ်ရှုပ်ထွေးနေလေ့ရှိသော ကိစ္စဖြစ်သည်။ လူဦးရေဆိုင်ရာမူဝါဒများသည် အချို့တိုင်းပြည်များတွင် မျိုးနွယ်စုငယ်လေးများ၊ တိုင်းရင်းသားအစုငယ်လေးများကို အင်အားနည်းချည့်နဲ့စေသည်ကို တွေ့ရသည်။ လူဦးရေဆိုင်ရာပြဿနာများသည် အလုပ်အကိုင် အခွင့်အလမ်းနှင့် ဝင်ငွေခွဲဝေမှုတို့အပေါ်တွင် သက်ရောက်လေ့ရှိရာ နိုင်ငံတို့၏ စီးပွားရေးအပေါ်တွင် မူတည်၍ အတိုးအဆုတ်ကို ဖန်တီးလေ့ရှိကြသည်။ လူဦးရေသည် စီးပွားရေးအဆောက်အအုံပေါ်တွင်သာမက ပညာရေး၊ ကျန်းမာရေးစီမံကိန်းများအပေါ်တွင်လည်း လွှမ်းမိုးမှုရှိမည်ဖြစ်သည်။ လူဦးရေမတိုးစေရန်အတွက် လက်ထပ်သည့် အသက်အရွယ် ပိုမိုနောက်ကျစေရန် ရည်ရွယ်ပြီး မသင်မနေရ ပညာရေးစနစ်ကို အလယ်တန်း၊ အထက်တန်းအဆင့်အထိ သတ်မှတ်လေ့ရှိကြသော်လည်း လူဦးရေတိုးပွားမှုနှုန်း အလွန်မြန်သည့်အခါတွင် ကျောင်းဆောက်လုပ်ပေးခြင်းတို့ကဲ့သို့သော ပညာရေးကဏ္ဍ ရင်းနှီးမြှုပ်နှံမှုကြီးစွာ ပြုလုပ်ရလေ့ရှိသည်။ ဆင်းရဲသောနိုင်ငံများသည် အဆိုပါကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှု မတိုးချဲ့နိုင်ပါက လူဦးရေသည် အရည်အချင်းပြည့်ဝသော လူ့စွမ်းအားအရင်းအမြစ်များအဖြစ် ဖန်တီးနိုင်မည်မဟုတ်ပေ။ အလားတူ ကျန်းမာရေးကဏ္ဍ၌လည်း အညွှန်းကိန်းများ အဆင့်မီရေးအတွက် (ဥပမာ။ ။ လူနှင့် ဆရာဝန်၊ သူနာပြုဆရာမ၊ ကျန်းမာရေးစခန်း၊ ခုတင်) အချိုးများ တိုးမြင့်လာရန် ငွေကြေးအမြောက်အမြား ရင်းနှီးထည့်ဝင်ရမည် ဖြစ်သည်။ စီးပွားရေးအဆောက်အဦပုံသဏ္ဌာန် ပြောင်းလဲလာမှုနှင့်အတူ လယ်ယာမှ စက်မှုသို့ ကူးပြောင်းလာရာတွင် လယ်ယာကဏ္ဍရှိ Unpay Family Workers များ လျော့ကျလာပြီး တစ်ဦးချင်း ဝင်ငွေရသည့် စက်မှုလုပ်သားများ တိုးပွားလာမည်ဖြစ်ရာ စားသုံးမှုကို အထောက်အကူပြုပြီး ကုန်ထုတ်လုပ်မှုများ တိုးတက်လာရန် အခွင့်အလမ်း ရှိနေမည် ဖြစ်ပါသည်။

## နိဂုံး

မည်သို့ပင်ဖြစ်စေ လူဦးရေဆိုင်ရာ မူဝါဒချမှတ်သူများသည် လူ့အဆောက်အဦနှင့် မျိုးနွယ်စုဆိုင်ရာ ပြန်လည်ဖြည့်တင်းနိုင်ရေးတို့ကို မထိခိုက်စေဘဲ ထိန်းထိန်းသိမ်းသိမ်းဖြင့် တိုးတက်ရေးကို စေတနာမှန်မှန်ဖြင့် ချမှတ်ရန် လိုအပ်လှပါသည်။ လူမျိုးနှင့် လူဦးရေသည် နိုင်ငံတော်ဖြစ်တည်ရခြင်း၏ အရေးပါဆုံးသော ဂုဏ်အင်္ဂါတစ်ခုဖြစ်သည်နှင့်အညီ နိုင်ငံ၏အင်အား Power of Nation ပင် ဖြစ်ပါသည်။ လူဦးရေဆိုင်ရာမူဝါဒများသည် နိုင်ငံ၏ လုံခြုံရေးကို အထောက်အကူပြုရန်၊ စီးပွားရေးကို အထောက်အကူပြုရန်၊ မျိုးနွယ်စုများ ရှင်သန်ဖွံ့ဖြိုးရန် လိုအပ်ပြီး သီးခြားလူ့အဖွဲ့အစည်းတစ်ခုကို ရည်ရွယ်သည့်အင်အား ချည့်နဲ့စေခြင်း မဖြစ်စေရန် အထူးအရေးကြီးလှပါသည်။

**မင်းနိုင်စိုး**

■




# မြန်မာ့စီးပွားရေးနှင့် GDP

**နိုင်ငံ့ဝင်ငွေ တွက်ချက်ရာ၌ နိုင်ငံအများစုသည် GDP (သို့မဟုတ်ပါက) GNP ဖြင့် တွက်ချက်ကြပြီး မြန်မာနိုင်ငံ၏ တိုင်းပြည်ဝင်ငွေအားလည်း GDP ဖြင့်ပင် တွက်ချက်လေရာ ၁၉၈၈–၈၉ ဘဏ္ဍာရေးနှစ်တွင် အနိမ့်ဆုံးအခြေအနေသို့ ရောက်ရှိ သွားခဲ့ရာမှ ၂၀၀၁–၀၂ ဘဏ္ဍာရေးနှစ်တွင် ၁၀.၅ ရာခိုင်နှုန်း တိုးတက်လာခဲ့သည်ဟု အစိုးရ၏ တရားဝင်ထုတ်ပြန်သော စာရင်းများက ဆိုပါသည်။**

GDP ဆိုသည်မှာ နိုင်ငံသား၊ နိုင်ငံခြားသား မခွဲခြားဘဲ နိုင်ငံ၏ နယ်နိမိတ်အတွင်း ထုတ်လုပ်မှုမှရရှိသော ဝင်ငွေများကို စုပေါင်းထားသော စုစုပေါင်း ပြည်တွင်းထုတ်ကုန် (Gross Domestic Product) ဖြစ်သည်။ GNP မှာ စုစုပေါင်းတိုင်းပြည်ထုတ်ကုန် (Gross National Product) ကို ခေါ်ဆိုခြင်းဖြစ်ကာ စုစုပေါင်းတိုင်းပြည်ဝင်ငွေဟူ၍လည်း ခေါ်ပါသည်။ မြန်မာနိုင်ငံ၏ GDP ဟုဆိုရာတွင် မြန်မာနိုင်ငံအတွင်း နိုင်ငံသားနှင့် နိုင်ငံခြားသားများ ကုန်ထုတ်စွမ်းအားစုများကို အသုံးပြုရာမှ ထွက်ပေါ်လာသော ဝင်ငွေကို ဆိုလိုခြင်းဖြစ်ပြီး ဒေသနယ်နိမိတ်နှင့်ဆိုင်သော ဝင်ငွေများကို စုစုပေါင်းထားခြင်း ဖြစ်သည်။ GNP သည် နိုင်ငံသားများ ထုတ်လုပ်မှုမှ ရရှိသော ဝင်ငွေကို စုစုပေါင်းထားခြင်း ဖြစ်သည်။ နိုင်ငံသားများ၏ ထုတ်လုပ်မှုမှ ရရှိသော ဝင်ငွေဟုဆိုရာတွင် ပြည်တွင်းရှိ နိုင်ငံသားများ ထုတ်လုပ်မှုရရှိသော ဝင်ငွေသာမက ပြည်ပရောက် နိုင်ငံသားများနှင့် ထုတ်လုပ်မှုမှရရှိသော ဝင်ငွေများလည်း အကျုံးဝင်ပါသည်။ တစ်နည်းအားဖြင့် နိုင်ငံသားများနှင့် သက်ဆိုင်သောဝင်ငွေများသာ ဖြစ်သည်။ နိုင်ငံတစ်နိုင်ငံအနေဖြင့် GDP မှ GNP သို့ ပြောင်းလဲတွက်ချက်မည်ဆိုပါက GDP မှ နိုင်ငံခြားသားများ ထုတ်လုပ်မှုမှရရှိသော ဝင်ငွေများကို နှုတ်ပယ်ပြီး ပြည်ပရောက်နိုင်ငံသားများ ထုတ်လုပ်မှုမှ ရရှိသော ဝင်ငွေများကို ပေါင်းထည့်ရမည်ဖြစ်ရာ မြန်မာနိုင်ငံ၏ တိုင်းပြည်ဝင်ငွေအား GDP ဖြင့် တွက်ချက်ခြင်းကသာ အသင့်လျော်ဆုံး နည်းလမ်းဖြစ်ပါသည်။

တိုင်းပြည်ဝင်ငွေတွက်ချက်ခြင်းဖြင့် လူမှုစီးပွားရေးအဆောက်အဦအတွက် မည်မျှအသုံးဝင်သည်ကို လေ့လာဆန်းစစ်ပါမူ လူနေမှုအဆင့်အတန်း တိုင်းတာနိုင်ခြင်း၊ ဝင်ငွေခွဲဝေဖြန့်ဖြူးမှု၊ နိုင်ငံတိုးတက်မှုအခြေအနေကို လေ့လာနိုင်ခြင်း၊ နိုင်ငံအချင်းချင်း နှိုင်းယှဉ်ခြင်း၊ မည်သည့်ကဏ္ဍက နိုင်ငံအတွက် အရေးပါသည်ကို သုံးသပ်နိုင်ခြင်း၊ အခွန်များရရှိနိုင်မှု၊ သုံးစွဲမှုအလေ့အကျင့်ပုံစံ (အိမ်ထောင်စုများ၏ သုံးစွဲမှု၊ အရင်းအနှီးတည်ဆောက်ခြင်း၊ လုပ်ငန်းများအတွက် သုံးစွဲခြင်းနှင့် အစိုးရကဏ္ဍ၏ သုံးစွဲမှု) ကို လေ့လာနိုင်ခြင်း၊ ပြည်ပငွေပေးငွေယူရှင်းတမ်းကို သိရှိနိုင်ခြင်း၊ ပုံသေအရင်းအနှီး တည်ဆောက်မှုနှင့် အမျိုးသားစီမံကိန်းများရေးဆွဲနိုင်ခြင်း တို့ကို တွေ့ရမည် ဖြစ်သည်။ တိုင်းပြည်ဝင်ငွေအား ကမ္ဘာပေါ်ရှိ နိုင်ငံတိုင်းလိုလိုပင် တစ်နှစ်လျှင်တစ်ကြိမ် တွက်ချက်ကြပြီး များသောအားဖြင့် ဘဏ္ဍာရေးနှစ် (Fiscal Year) ပေါ်တွင် အခြေခံကာ တွက်ချက်ကြသည်။ မြန်မာနိုင်ငံ၏ ဘဏ္ဍာရေးနှစ်ကာလကို ၁၉၇၄ ခုနှစ်၌ စတင်၍ ဧပြီလ ၁ ရက်နေ့မှ မတ်လ ၃၁ ရက်နေ့ သတ်မှတ်ထားခဲ့သည်။

**ဇယား(၁)**

**အဓိကစီးပွားရေးကဏ္ဍများ၏ GDP ပါဝင်မှုရာခိုင်နှုန်း**

| ဘဏ္ဍာရေးနှစ် | စိုက်ပျိုးရေး | စက်မှု | ဝန်ဆောင်မှု |
|---|---|---|---|
| ၁၉၉၀–၁၉၉၁ | ၄၇.၈ | ၁၃.၁ | ၃၉.၁ |
| ၂၀၀၀–၂၀၀၁ | ၄၂.၇ | ၁၇.၇ | ၃၉.၅ |
| ၂၀၀၁–၂၀၀၂ | ၅၆.၀ | ၁၀.၆ | ၃၃.၄ |
| ၂၀၀၂–၂၀၀၃ | ၅၃.၃ | ၁၂.၇ | ၃၄.၀ |

**Source: အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန**

## မြန်မာ့စီးပွားရေးကဏ္ဍများနှင့် GDP ပါဝင်မှု

မြန်မာ့စီးပွားရေးကဏ္ဍများကို ကုန်ပစ္စည်းထုတ်လုပ်မှု၊ ဝန်ဆောင်မှုနှင့် ကုန်သွယ်ရေးဟူ၍ အုပ်စု(၃)စု ခွဲခြားထားပါသည်။ ကုန်ပစ္စည်းထုတ်လုပ်မှုကဏ္ဍတွင် လယ်ယာစိုက်ပျိုးရေး၊ သစ်တော၊ စွမ်းအင် အစရှိသည်တို့ပါဝင်ပြီး ဝန်ဆောင်မှုတွင် ပို့ဆောင်ဆက်သွယ်ရေး၊ ငွေရေးကြေးရေး အစရှိသည်တို့ ပါဝင်သည်။

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးနိုင်ငံဖြစ်သည့်အလျောက် အဓိကစီးပွားရေးကဏ္ဍများ၏ GDP တွင် ပါဝင်သော ရာခိုင်နှုန်းကို နှိုင်းယှဉ်လေ့လာကြည့်ပါက စိုက်ပျိုးရေးကဏ္ဍကသာ ရာနှုန်းအများဆုံး ပါဝင်နေသည်ကို တွေ့ရပေမည်။

သို့ဖြစ်ရာ ၁၉၉၀–၉၁ ခုနှစ်တွင်

**ဇယား(၂)**

**Comparison of Thailand and Myanmar GDP**

| (% of GDP) | Thailand | | Myanmar | |
|---|---|---|---|---|
| | 1984 | 1991 | 1994 | 2001F |
| Agri-Industry | 19.4 | 12.8 | 45.5 | 37.0 |
| Forestry | 0.0 | 0.0 | 1.5 | 3.0 |
| Mining | 2.5 | 1.6 | 1.1 | 1.5 |
| Manufacturing | 21.5 | 28.2 | 9.2 | 14.0 |
| Construction | 4.6 | 6.8 | 3.0 | 4.0 |
| Power | 2.4 | 2.1 | 0.8 | 1.5 |
| Transport | 7.1 | 7.0 | 3.9 | 4.8 |
| Communications | 0.0 | 0.0 | 0.8 | 1.2 |
| Retail Trade | 16.3 | 17.0 | 22.1 | 17.0 |
| Finance | 3.0 | 5.4 | 0.8 | 2.5 |
| Property | 4.4 | 2.9 | 0.0 | 0.0 |
| Public Sector | 5.3 | 3.4 | 6.7 | 5.5 |
| Services | 13.5 | 12.9 | 4.4 | 8.0 |
| Total | 100.0 | 100.0 | 100.0 | 100.0 |

Ref : Sinmardev International Pte Ltd., An Introduction to Myanmar

GDP ၏ ၄၇.၈ ရာခိုင်နှုန်း (၄၈ ရာခိုင်နှုန်း) သည် စိုက်ပျိုးရေးကဏ္ဍမှရရှိပြီး ယင်းတို့အနက် ၄၅ ရာခိုင်နှုန်းသည် ဆန်စပါး ထုတ်လုပ်မှုမှ ရရှိသည်ဟု အစိုးရ၏ တရားဝင်ထုတ်ပြန်ထားသော စာရင်းများတွင် ဖော်ပြထားသည်။

## လယ်ယာကဏ္ဍနှင့် GDP

မြန်မာနိုင်ငံ၏ အဓိကစီးပွားရေးသည် စိုက်ပျိုးရေးလုပ်ငန်းဖြစ်ပြီး လယ်ယာကဏ္ဍသည် တစ်မျိုးသားလုံး၏ စီးပွားရေးတွင် ၃၄ ရာခိုင်နှုန်း၊ ပြည်ပပို့ကုန်စုစုပေါင်းအပေါ်တွင် ၄၆ ရာခိုင်နှုန်း ဖြည့်ဆည်းပေးလျက် ရှိသည်။

မြန်မာနိုင်ငံသည် ယခုအခါ ဆန်တန်ချိန် ၂၁ သန်းအထိ နှစ်စဉ်စိုက်ပျိုးထုတ်လုပ်လျက်ရှိပြီး ပြည်ပနိုင်ငံများသို့ နှစ်စဉ် ဆန်တန်ချိန် တစ်သန်းနီးပါးခန့်အထိ တင်ပို့ရောင်းချလျက်ရှိသော အာရှ ထိပ်တန်းစာရင်းဝင်နိုင်ငံ ဖြစ်သည်။ မြန်မာ့လယ်ယာကဏ္ဍ၏ ဆန်စပါးထုတ်လုပ်မှုသည် တစ်ချိန်တစ်ခါက အာရှတိုက်၏ စပါးကျီအဖြစ် ရပ်တည်နိုင်ခဲ့သော်လည်း ခေတ်ကာလအပြောင်းအလဲများကြောင့် ဒေသတွင်းနိုင်ငံအချို့နှင့် နှိုင်းယှဉ်လျှင် လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်မှုကွာဟပြောင်းလဲလာခဲ့ရာ ယခင်အခါကကဲ့သို့ ကမ္ဘာ့ဆန်စပါး ထုတ်လုပ်ရောင်းချမှု၏ ဗဟိုမဏ္ဍိုင်တစ်ခုအဖြစ် မရပ်တည်နိုင်သေးသော်လည်း ၂၀၀၁ ခုနှစ်တွင် ခြောက်နိုင်ငံပါဝင်သော ကမ္ဘာ့ဆန်ရောင်းအဖွဲ့ဝင်နိုင်ငံတစ်ခု ဖြစ်လာခဲ့သည်။

မြန်မာ့လယ်ယာကဏ္ဍ၏ GDP တွင် ပါဝင်မှုမှာ ရာခိုင်နှုန်း များပြားသော်ငြား တန်ဖိုးနှင့်ပမာဏမှာ အိမ်နီးချင်း ထိုင်းနိုင်ငံနှင့်ယှဉ်ပါက အထူးနည်းနေဆဲဖြစ်သည်။ ထိုင်းနိုင်ငံ၏ GDP တွင် စိုက်ပျိုးရေးကဏ္ဍ ပါဝင်မှုသည် အခြားကဏ္ဍများထက် နည်းပါးသော်လည်း တန်ဖိုးနှင့်ပမာဏမှာ မြန်မာနိုင်ငံထက် များပြားသည်ကို တွေ့ရသည်။

မည်သို့ပင်ဖြစ်စေ လူဦးရေနှင့် လုပ်သားအင်အား အချိုးအစားပေါ်မူတည်၍ မြန်မာနိုင်ငံ၏ အဓိကစီးပွားရေးအဖြစ် ပေါ်ပေါက်လာသည့် လယ်ယာစိုက်ပျိုးရေးအတွက် တိုးမြှင့်လုပ်ဆောင်နိုင်ရန် အခွင့်အကောင်းများ တည်ရှိနေပါသေးသည်။ မြန်မာနိုင်ငံ၏ လက်ရှိ စိုက်ပျိုးနိုင်သော မြေဧရိယာ ဟက်တာ ၁၈.၂၂၅ သန်းတွင် စိုက်ပျိုးလျက်ရှိသော ဧရိယာမှာ ဟက်တာ ၁၀.၁၂ သန်းဖြစ်ပြီး စိုက်ပျိုးမြေ၏ ၅၅.၅ ရာခိုင်နှုန်းၟသာ စိုက်ပျိုးရသေးသဖြင့် စိုက်ဧကများစွာ တိုးချဲ့စိုက်ပျိုးနိုင်ပါသေးသည်။

## လူဦးရေ၊ အမှန်ထုတ်လုပ်မှုတန်ဖိုးနှင့် နိုင်ငံ့ဝင်ငွေ

နိုင်ငံတစ်နိုင်ငံ၏ ဝင်ငွေရရှိရာ ဇာစ်မြစ်သည် လူသာလျှင်ဖြစ်ရာ လူဦးရေစာရင်းနှင့် နိုင်ငံ့ဝင်ငွေစာရင်းသည် အထူးဆက်စပ်လျက်ရှိပါသည်။ နိုင်ငံ့ဝင်ငွေသည် လူဦးရေအရွယ်အစားအပေါ် များစွာမူတည်သဖြင့် နိုင်ငံတစ်နိုင်ငံ၏ လူဦးရေတိုးပွားမှုနှုန်းသည် နိုင်ငံ့ဝင်ငွေတိုးတက်မှုနှုန်းထက် များနေပါက အိတ်ပေါက်နှင့်ဖားကောက်သကဲ့သို့ ဖြစ်နေပါလိမ့်မည်။ ထို့အပြင် နှစ်အလိုက်ဈေးနှုန်းဖြင့် တွက်ချက်ထားသော GDP တန်ဖိုးတွင် ဈေးနှုန်းများကြောင့် တန်ဖိုးပြောင်းလဲမှုများ ပါရှိတတ်သဖြင့် အမှန်ထုတ်လုပ်မှုတန်ဖိုးကို မြင်နိုင်စွမ်းမရှိ ဖြစ်နေတတ်ပါသည်။ ဥပမာအားဖြင့် ထုတ်လုပ်လိုက်သော ကုန်စည်နှင့် ဝန်ဆောင်မှုပမာဏ မပြောင်းလဲသည့်တိုင် ဈေးနှုန်း ၅၀ ရာခိုင်နှုန်း တက်သွားပါက GDP တန်ဖိုးသည် ငွေကြေးပမာဏအားဖြင့် သော်လည်းကောင်း၊ အမည်ခံအားဖြင့်သော်လည်းကောင်း ၅၀ ရာခိုင်နှုန်း မြင့်သွားသည့်သဘောမျိုး ရှိ

ဇယား(၃)

**Growth of GDP, Savings and Investment in Myanmar, 1989-2001 (In Percent of GDP)**

| Year | GDP Growth | Investment | Savings | Resource Gap |
|---|---|---|---|---|
| ၁၉၈၉-၁၉၉၁ | ၃.၁ | ၁၁.၃ | ၁၀.၅ | ၀.၈ |
| ၁၉၉၂-၁၉၉၄ | ၇.၇ | ၁၂.၉ | ၁၂.၇ | ၀.၂ |
| ၁၉၉၅-၁၉၉၇ | ၆.၃ | ၁၃.၃ | ၁၂.၉ | ၀.၄ |
| ၁၉၉၈-၁၉၉၉ | ၅.၆ | ၁၁.၁ | ၁၀.၆ | ၀.၅ |
| ၁၉၉၉-၂၀၀၀ | ၁၀.၉ | ၁၁.၇ | ၁၁.၂ | ၀.၅ |
| ၂၀၀၀-၂၀၀၁ | ၁၃.၇ | ၁၁.၈ | ၁၁.၇ | ၀.၁ |
| ၂၀၀၁-၂၀၀၂ | ၁၀.၅ | ၁၁.၇ | ၁၁.၆ | ၀.၁ |

Source: Ministry of National Planning and Economic Development, Review of the Financial, Economic and Social Conditions for 1998/99, Int'l Monetary Fund.

တတ်ပါသည်။ သို့ဖြစ်ရာ ငွေကြေးပမာဏအရ တက်လာသော GDP ကို ပြန်လည်ညှိနှိုင်းမှသာ အမှန်တန်ဖိုး (Real Value) ကို သိရှိနိုင်မည် ဖြစ်သည်။ မြန်မာနိုင်ငံ၏ စီးပွားရေး ကိန်းဂဏန်းများသည် ၁၉၈၆ ခုနှစ်မှစ၍ နှစ်စဉ် ဆက်တိုက် ပြောင်းလဲခဲ့ရာ ၁၉၈၈-၈၉ ဘဏ္ဍာရေးနှစ်တွင် GDP သည် ကျပ်သန်းပေါင်း ၄၇၁၄၁ သာရှိ၍ ဇယားအောက်ခြေနားအထိ ရောက်ရှိသွားသည်။ ၁၉၉၀-၉၁ တွင် ကျပ်သန်းပေါင်း ၅၀၂၆၀ ကျော်၊ ကာလတိုစီမံကိန်းကာလ များဖြစ်သော ၁၉၉၂-၉၃ မှ ၁၉၉၆ ခုနှစ်အထိ တစ်နှစ်လျှင် ပျမ်းမျှတိုးတက်နှုန်း ၇.၅ ရာခိုင်နှုန်း၊ ၁၉၉၆-၉၇ မှ ၂၀၀၀-၀၁ ခုနှစ်အထိ တစ်နှစ်ပျမ်းမျှတိုးတက်နှုန်း ၈.၅ ရာခိုင်နှုန်း၊ ၂၀၀၁-၀၂ တွင် ၁၀.၅ ရာခိုင်နှုန်း တိုးတက်ခဲ့ပြီး ၂၀၀၀၂-၀၃ တွင် ၁၀ ရာခိုင်နှုန်း တိုးတက်မည်ဟု ခန့်မှန်းထားကြောင်း အစိုးရ၏ တရားဝင် ထုတ်ပြန်ထားသော ကိန်းဂဏန်းများအရ သိရသည်။ ၂၀၀၁-၀၂ ဘဏ္ဍာရေးနှစ်တွင် တစ်နိုင်ငံလုံး၏ GDP မှာ ၉၉၂.၄ ဘီလီယံ ဖြစ်သည်ဟု ဆိုသည်။




## အမျိုးသားစီးပွားရေး မျှော်မှန်းချက်

စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အစိုးရမှ စီမံကိန်းများရေးဆွဲ မျှော်မှန်း အကောင်အထည်ဖော်ရာ၌ ၂၀၀၁-၀၂ မှ စတင်သည့် ကာလတို ငါးနှစ်စီမံကိန်း ကာလအတွင်း GDP တစ်နှစ်လျှင် ပျမ်းမျှ ၁၀.၇ ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းထားရာမှ စီမံကိန်းဒုတိယနှစ်ဖြစ်သော ၂၀၀၂-၀၃ ဘဏ္ဍာနှစ်တွင် ၁၁.၁ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ပြီဟု အစိုးရ၏ တရားဝင်ထုတ်ပြန်မှုတွင် ဖော်ပြထားသည်။

မြန်မာနိုင်ငံ၏ နှစ်အလိုက် ဂျီဒီပီ တိုးတက်မှု၊ ရင်းနှီးမြှုပ်နှံမှုနှင့် စုဆောင်းမှု တို့ ကွာဟချက်များအား အောက်တွင် ရာခိုင်နှုန်းဖြင့် ဖော်ပြထားပါသည်။

## နိဂုံး

ပညာရှင်များ၏အဆိုအရ နိုင်ငံတစ်နိုင်ငံတွင် စီးပွားရေးဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် အချက် ငါးချက်နှင့် ပြည့်စုံရမည်ဖြစ်ပါသည်။ ယင်းတို့မှာ (၁) လူသားအရင်းအမြစ်၊ (၂) သဘာဝအရင်းအမြစ်၊ (၃) အရင်းအနှီး၊ (၄) နည်းပညာနှင့် (၅) တည်ငြိမ်သော လုပ်ငန်းပတ်ဝန်းကျင်တို့ ဖြစ်သည်။ တည်ငြိမ်သောလုပ်ငန်းပတ်ဝန်းကျင်ဟုဆိုရာတွင် သင့်တင့်လျောက်ပတ်သော စီးပွားရေးမူဝါဒအပြင် တည်ငြိမ်သော နိုင်ငံရေးအခြေအနေလည်း ရှိရပါမည်။

သို့ဖြစ်ရာ မြန်မာနိုင်ငံ၏ GDP တိုးတက်မြင့်မားရေးအတွက် အလားအလာအခြေအနေကောင်းများရှိနေသော ဆန်စပါးစိုက်ပျိုးထုတ်လုပ်မှုအား ကုန်ထုတ်စွမ်းရည် (Productivity) မြှင့်တင်ပေးခြင်း၊ သုတေသနနှင့် ဖွံ့ဖြိုးရေးလုပ်ငန်း (R&D) များ လုပ်ဆောင်ခြင်း၊ ကြိတ်ခွဲရေးပိုင်း (Milling) အား ပြုပြင်မြှင့်တင်ပေးခြင်း အစရှိသော လိုအပ်သည့် ပြုပြင်ပြောင်းလဲမှုများ အရှိန်အဟုန်မြှင့်လုပ်ဆောင်သွားနိုင်ပါက နိုင်ငံ၏ GDP ကို မြှင့်တင်နိုင်ရုံသာမက Major Rice Exporter အဖြစ် ရပ်တည်သွားနိုင်လိမ့်မည်ဖြစ်သည်။

အချုပ်အားဖြင့် ဆိုသော် မြန်မာနိုင်ငံ ၏ GDP တွင် လယ်ယာကဏ္ဍ၏ ပါဝင်မှုမှာ နှစ်ပေါင်းများစွာ တောက်လျှောက်မြင့်မားနေသည်ကို တွေ့ရပါသည်။ အိမ်နီးချင်းထိုင်းနိုင်ငံ၏ လယ်ယာကဏ္ဍသည် ၁၉၆၅ ခုနှစ်ဝန်းကျင်က ၎င်းနိုင်ငံ GDP ၏ ၃၂ ရာခိုင်နှုန်း ပါဝင်ခဲ့ရာမှ ၁၉၉၁ ခုနှစ်တွင် ၁၂.၈ ရာခိုင်နှုန်းခန့်သာ ပါဝင်တော့သည်ကို တွေ့ရသည်။ အလားတူ မလေးရှားနိုင်ငံတွင်လည်း လယ်ယာကဏ္ဍ GDP ပါဝင်မှု လျော့နည်းလာသည်ကို တွေ့ရှိရပါသည်။ သို့ဖြစ်ရာ မြန်မာနိုင်ငံ၏ GDP တွင် လယ်ယာကဏ္ဍ၏ ပါဝင်မှုနှုန်းကို ပိုမိုမြှင့်တင်ရန် အလားအလာကောင်းများ ရှိနေသော်ငြား မြန်မာ့စီးပွားရေးတစ်ရပ်လုံး မြင့်တက်လာစေရန်အတွက်မူ နိုင်ငံ၏ ကောင်းစွာ အသုံးမချရသေးသော အရင်းအမြစ်များကို အခြေပြုလျက် အခြားသောကဏ္ဍများ၏ GDP ပါဝင်မှုကို အဆပေါင်းများစွာ မြင့်သည်ထက်မြင့်ပြီး လယ်ယာကဏ္ဍ၏ GDP ပါဝင်မှုကို ကျော်လွန်သည်အထိ စွမ်းဆောင်နိုင်ပါမှ မြန်မာ့စီးပွားရေးသည် အသွင်ပြောင်း တိုးတက်လာမည် ဖြစ်ပေသည်။

**ဇင်ဇင်သော်**

Ref:
- ဈေးကွက်စီးပွားရေးနှင့် နိုင်ငံ့ဝင်ငွေ ဒေါက်တာမောင်မောင်စိုး (ဘောဂဗေဒ)
- Living Color No-96, 107

# ဈေးဝယ်လမ်းညွှန်

အမှတ် ၁၁၂ | ၂၀၀၄ ခုနှစ်၊ အောက်တိုဘာလ

## နိုင်ငံခြားသားဆရာသင်တဲ့ အင်္ဂလိပ်စာသင်တန်း

အင်္ဂလိပ်စကားပြောသင်တန်းတွေတက်ပြီး ထင်သလောက် မထိရောက်သူတွေနဲ့ အမှန်တကယ်တတ်မြောက်လိုသူတွေအတွက် အင်္ဂလိပ်စကားပြောသင်တန်းတစ်ခုကို လမ်းညွှန်လိုပါတယ်။ Native ဆရာကိုယ်တိုင် သင်ကြားပြီး သင့်တင့်သော သင်တန်းကြေးဖြစ်တာကို တွေ့ရပါတယ်။ အချင်းချင်းလေ့ကျင့်နိုင်အောင် အနည်းဆုံး သင်တန်းသားနှစ်ဦး၊ အများဆုံးငါးဦးသာ ရှိရမယ်လို့ ဆိုပါတယ်။ သင်တန်းမတက်ခင် သင်တန်းသားရဲ့အင်္ဂလိပ်စာအဆင့်ကို ကြိုတင်သတ်မှတ်ပြီး သင့်တော်တဲ့ Level ကို သင်ကြားပေးကြောင်း သိရပါတယ်။ သင်တန်းအချိန်ကို နံနက် ၇ နာရီက ည ၉ နာရီအထိ သတ်မှတ်ထားပြီး သင့်တော်တဲ့အချိန်ကို ရွေးချယ်နိုင်ပါတယ်။

ဆက်သွယ်ရန်–
တိုက်–J၊ အခန်း–၈၀၂၊ အနော်ရထာအိမ်ရာ၊ လှည်းတန်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်။ ဖုန်း–၅၀၀၉၃၉

## ပုဂံက စားသောက်ဆိုင်

ဥရောပအစားအစာနဲ့ မြန်မာအစားအစာများကို သုံးဆောင်နိုင်ပါတယ်။ နိုင်ငံခြားသားများအတွက် အထူးရည်ရွယ်ထားတယ်လို့ဆိုပြီး ကျွန်းသစ်များနဲ့ အဓိက ဆောက်လုပ်ထားတာမို့ ပြင်ဆင်ဖွဲ့စည်းထားပုံ လှပခံ့ညားတာ တွေ့ရပါတယ်။ ရွှေနန်းရင်ကျော်ဘုရား၊ ပြဿဒ်ကြီးဘုရားနဲ့ တရုတ်ပြေးဘုရားများမှာလည်း ပြင်ပဧည့်ခံပွဲများအတွက် လိုက်လံဝန်ဆောင်မှုပေးနေတယ်လို့ ဆိုပါတယ်။

လိပ်စာ– Eden BBB Restaurant

- ပုဂံ–ညောင်ဦးလမ်းမကြီး၊ ဝက်ကြီးအင်းရွာ၊ ပုဂံ။
  ဖုန်း–၀၆၁–၆၀၀၄၀
- အမှတ်–၃၀/၃၁၊ ရွှေပိတောက်ရိပ်မွန်၊ ကမာရွတ်မြို့နယ်၊
  ရန်ကုန်။ ဖုန်း–၅၀၀၉၈၀ ~၅၊ ဖက်စ်–၅၀၀၉၇၉
  E-mail: edenhospitality@mptmail.net.mm

## နည်းပညာအကြံပေး ဝန်ဆောင်မှု

နိုင်ငံတွင်းမှာရှိတဲ့ စက်မှုဒေသတွေနဲ့ ပုဂ္ဂလိက စက်မှုကုမ္ပဏီများရဲ့ စက်ပိုင်းဆိုင်ရာ အခက်အခဲတွေကိုပဲဖြစ်ဖြစ်၊ စက်မှုပိုင်းများ မကျွမ်းကျင်တဲ့ ဝန်ထမ်းတွေရှိ ရင်ပဲဖြစ်ဖြစ် နည်းပညာပိုင်းဆိုင်ရာ ဝန်ဆောင်မှုပေးနေတဲ့နေရာ ဖြစ်ပါတယ်။ ဒါ့အပြင် အင်ဂျင်နီယာသင်တန်းများကို အထက်တန်းအဆင့်ရှိသူများမှ ဘွဲ့ရတဲ့သူများအထိ တက်ရောက်သင်ကြားနိုင်တဲ့ သင်တန်းအမျိုးအစားပေါင်း ၂၉ မျိုးကို စာတွေ့ ၃၀ ရာခိုင်နှုန်းနဲ့ လက်တွေ့ ၇၀ ရာခိုင်နှုန်း သင်ကြားပေးနေတယ်လို့ ဆိုပါတယ်။

ဆက်သွယ်ရန်လိပ်စာ–
Dual Tech Co., Ltd.
မင်းဓမ္မလမ်းနှင့် လမ်းသစ်လမ်းထောင့်၊
စော်ဘွားကြီးကုန်းမီးပွိုင့်အနီး၊ အင်းစိန်မြို့နယ်၊ ရန်ကုန်။
ဖုန်း–၇၂၇၂၉၃၊ ၅၆၂၁၇၁၊ ဖက်စ်–၇၂၉၀၃၈၊ ၇၂၉၀၃၉

## ရတနာဆိုင်သုံး ပစ္စည်းမျိုးစုံ

ရတနာပစ္စည်းအရောင်းဆိုင် ဖွင့်လှစ်ထားသူများ၊ ဖွင့်လှစ်ရန် စီစဉ်နေသူများ အဆင်ပြေစေရန် ရည်ရွယ်ပြီး ရတနာ ဆိုင်သုံးပစ္စည်းမျိုးစုံ ရရှိနိုင်တဲ့နေရာကို လမ်းညွှန်လိုက်ပါတယ်။ ဝယ်ယူမယ့် Customer ကို ဆွဲဆောင်နိုင်ရန်အတွက် လှပတဲ့ ဆိုင်ခင်းပစ္စည်းမျိုးစုံ၊ ရတနာပစ္စည်းသိမ်းဆည်းရန် နိုင်ငံခြားဖြစ်နဲ့ ပြည်တွင်းဖြစ် ကတ္တီပါဘူးမျိုးစုံ၊ အိတ်မျိုး စုံ၊ ကျောက်ဘူးအမျိုးမျိုး၊ ဒစ်ဂျစ်တယ်ချိန်ခွင်များ၊ ဇာဂနာအမျိုးမျိုးနဲ့ မှန်ဘီလူးမျိုးစုံကိုလည်း လက်လီလက်ကား ဝယ်ယူမှာ ဖြစ်ပါတယ်။

လိပ်စာ–
ULTRA (Jewellery Boxes & Display Items)
အမှတ်–၁၁၂/၁၁၃၊ အနောက်ဘက် အပြင်တန်း၊
ဗိုလ်ချုပ်အောင်ဆန်းဈေး၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်။
ဖုန်း–၅၄၀၁၄၅၊ ၂၈၇၀၉၆၊ ၂၉၅၉၀၀၊ ၇၀၃၃၇၀၊
ဖက်စ်–၅၄၀၁၄၅၊ ၂၉၅၉၀၀

# Air Con ဝယ်မယ်ဆိုရင်

Air Con ဝယ်ယူအသုံးပြုလိုသူတို့အတွက် တံဆိပ်မျိုးစုံ ရွေးချယ်ဝယ်ယူနိုင်မယ့်နေရာ ဖြစ်ပါတယ်။ LG, SAKURA, Panasonic စတဲ့ နာမည်ကြီး အမှတ်တံဆိပ်များလည်း ရနိုင်မှာ ဖြစ်ပါတယ်။ အိမ်တိုင်ရာရောက် ပို့ဆောင်ပေးခြင်း၊ ကျွမ်းကျင်တဲ့ အင်ဂျင်နီယာများနဲ့ တပ်ဆင်ပေးခြင်း စတဲ့ ဝန်ဆောင်မှုများ ပေးနေတာ တွေ့ရပါတယ်။

ဆက်သွယ်ရန်လိပ်စာ–

A-1 Air Con Sales Centre
အမှတ်–၈၈၊ ၁၃ လမ်း၊
လမ်းမတော်မြို့နယ်၊ ရန်ကုန်။
ဖုန်း–၇၀၀၅၈၈၊ ၂၁၁၃၃၅၊ ၂၂၄၆၅၄

# နေအိမ်အဆောက်အအုံနဲ့ ပတ်သက်ရင်

မိမိတို့ရဲ့ နေအိမ်မှာပဲဖြစ်ဖြစ်၊ ရုံးခန်းအဆောက်အအုံ စတာတွေမှာပဲဖြစ်ဖြစ် ဆေးသုတ်ချင်တယ်ဆိုရင် အဆင်ပြေနိုင်မယ့် ဝန်ဆောင်မှုအဖွဲ့တစ်ခုကို လမ်းညွှန်ပေးလိုက်ပါတယ်။ ဆေးသုတ်တာအပြင် Air Con တပ်ဆင်ပေးခြင်း၊ ပါကေးခင်းပေးခြင်း၊ ကြွေပြားကပ်ပေးခြင်း၊ မီးတပ်ဆင်ပေးခြင်း၊ ဂျပ်စင်ဘုတ်တပ်ဆင်ပေးခြင်းနဲ့ ဒီဇိုင်းဆွဲပေးခြင်း စတာတွေကိုလည်း ဝန်ဆောင်ပေးနေတယ်လို့ ဆိုပါတယ်။

ဆက်သွယ်ရန်လိပ်စာ–

ရွှေသီရိ Group
(ဆေးသုတ်လုပ်ငန်း)
အမှတ်–၅၁ (B)၊ ၂၅ လမ်း၊
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်။
ဖုန်း–၂၅၂၀၃၀

# ကြော်ငြာ Billboard တွေကို Inkject Printing နဲ့ ဖန်တီးပေးနေတဲ့ နေရာများ

လူစည်ကားတဲ့ မြို့လယ်ခေါင်လိုနေရာမျိုး၊ လမ်းဆုံလမ်းခွနေရာမျိုးတွေမှာ မိမိတို့ကုန်ပစ္စည်းတွေကို Billboard ကြီးတွေနဲ့ ကြော်ငြာချင်ရင်ပဲဖြစ်ဖြစ်၊ ရုပ်ရှင်ကြော်ငြာ၊ စီးရီးကြော်ငြာများကို အပ်နှံလိုရင်ပဲဖြစ်ဖြစ် Computer Inkject Printing နဲ့ ရိုက်နှိပ်ပေးနေတဲ့နေရာတွေ ဖြစ်ပါတယ်။ အချို့နေရာတွေမှာ အနံ ၈ ပေမှ အလျား အလိုရှိသလောက် ရိုက်နိုင်တယ်လို့ သိရပါတယ်။ ဆိုင်ခန်းသုံး၊ ပြပွဲသုံးကြော်ငြာ Stand မျိုးစုံကိုလည်း အချို့နေရာတွေမှာ အပ်နှံလို့ ရနိုင်ပါတယ်။ တစ်နေရာနဲ့ တစ်နေရာ ဝန်ဆောင်မှုပေးနေကြပုံချင်း အနည်းငယ် ကွဲပြားမှုရှိတဲ့အတွက် ဖုန်းနဲ့ ကြိုတင်စုံစမ်းမေးမြန်းနိုင်ဖို့ လိပ်စာတွေကို တတ်နိုင်သလောက် စုစည်းဖော်ပြပေးလိုက်ပါတယ်။

- **INFINITI (Digital Inkject Printing)**
  အမှတ်–၇၉၇၊ အခန်း–၀၀၂(A)၊ MAC Tower၊ ဝါးတန်းလမ်းနှင့် ဗိုလ်ချုပ်လမ်းထောင့်၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်။
  ဖုန်း–၂၁၂၉၄၂–၇၊ လိုင်းခွဲ–၁၆၁
- **Real Life Advertising**
  အမှတ်–B (၃)၊ အောင်ဆန်းကွင်းမြောက်ဘက်တန်း၊
  မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်။
  ဖုန်း–၂၄၉၃၈၂၊ ၂၄၉၆၉၃၊ ၃၇၉၅၈၀၊ ဖက်စ်–၂၄၉၃၈၂
  E-mail: REALLIFE@mptmail.net.mm
- **IDEA (Digital Empire)**
  အမှတ်–၂၂၀၊ ဗိုလ်တထောင်ဘုရားလမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်။
  ဖုန်း–၂၀၂၂၂၄၊ ၂၀၁၂၀၇
- **Myanmar Apple Digital Printing**
  ခြံအမှတ်–၅၊ ကုန်းမြင့်သာအနီး၊ ပြည်လမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်။
  ဖုန်း–၆၆၇၄၇၇၊ ၆၆၂၄၈၅

# ထိုင်ဝမ်လုပ် အိတ်စစ်စစ်လိုချင်ရင်

လက်ကိုင်အိတ်၊ ပခုံးလွယ်အိတ်များ လိုချင်တဲ့အခါ အမျိုးသမီးကြီးငယ်မရွေး သွားရောက်ရွေးချယ်ဝယ်ယူနိုင်တဲ့ နေရာတစ်ခုကို ညွှန်ပြလိုပါတယ်။ အဲဒါကတော့ ထိုင်ဝမ်လုပ်အိတ်အများစုကို အဓိကထားရောင်းချတယ်လို့ဆိုတဲ့ ဆိုင်တစ်ဆိုင်ပါပဲ။ ထိုင်ဝမ်လုပ်အိတ်တွေကို ပစ္စည်းစစ်စစ်တွေသာ ရောင်းချပြီး သင့်လျော်တဲ့ ဈေးနှုန်းနဲ့ ပစ္စည်းပေါ်မူတည်ပြီး Discount ချပေးတယ်လို့လည်း သိရပါတယ်။ အဲဒီဆိုင်မှာ အိတ်ဒီဇိုင်းအတော်ကလေး စုံလင်စွာ တွေ့ရပါတယ်။

လိပ်စာ–မောရွှေနဒီ နိုင်ငံခြားအိတ်အမျိုးမျိုး၊ ဖိနပ်နှင့် Fashion
B 14-15, C 9, E 8-9, ဒုတိယထပ်၊ ယုဇနပလာဇာ၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်။
ဖုန်း–၂၀၀၇၄၇ (လိုင်းခွဲ–၃၃၁၀)

## ပိန်းပန်းမျိုးစုံ

ပိန်းပန်း စိုက်ပျိုးလိုသူများအတွက် ပိန်းပင်အမျိုးစုံ၊ အရွယ်စုံ ရနိုင်မယ့်နေရာ တစ်ခုကို ညွှန်ပြလိုပါတယ်။ Indoor Plant များနဲ့ လီလီပန်းပင်များလည်း ရနိုင်တယ်လို့ ဆိုပါတယ်။

လိပ်စာ–

အမှတ်–၃၁၊ ဖိုးစိန်လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။

## မန္တလေးက ဆိတ်သားမျှင်ကြော်

အအေးတစ်မျိုးမျိုးနဲ့ အဆာပြေ တွဲဖက်စားသုံးလိုရင်ပဲဖြစ်ဖြစ်၊ ထမင်းနဲ့ စားချင်ရင်ပဲဖြစ်ဖြစ် သင့်လျော်တဲ့ အစား အစာတစ်မျိုး ဖြစ်ပါတယ်။

လိပ်စာ–

Kid Lions' Family

၆၄ လမ်း၊ ၃၅ × ၃၆ လမ်းကြား၊ မန္တလေး။ ဖုန်း–၀၂–၃၈၄၇၄

## အစာကြေလေနိုင် ခံတွင်းရှင်းစေဖို့

အစာစားချိန်မမှန်၊ အစားလွန်၊ အစာများပြီး ဖြစ်တတ်တဲ့ လေထိုးလေအောင့်ခြင်း၊ ခံတွင်းပျက်ခြင်း၊ ရင်ပြည့်ရင်ကယ်ခြင်း၊ ပျို့အန်လိုခြင်း အစရှိတဲ့ အစာမကြေဝေဒနာ တွေကို သက်သာပျောက်ကင်းပြီး အစာကြေလေနိုင် ခံတွင်းရှင်းစေတယ်လို့ ဆိုပါတယ်။ ဆင်တုံးမနွယ်၊ ရှောက်သီး၊ နွယ်ချို စတဲ့ ဆေးဝါးကုန်ကြမ်းတွေ အဓိက ပါဝင်ပြီး သပ်ရပ်စွာ ထုပ်ပိုးထားလို့ လက်ဆောင်ပေးရင်လည်း မျက်နှာပန်းလှတယ်လို့ ဆိုပါ တယ်။

လိပ်စာ – ရွှေရည်ဝင်း တိုင်းရင်းဆေးဝါးလုပ်ငန်း

အမှတ်–၃၃၊ ဧရာဝတီလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်။ ဖုန်း–၂၂၂၁၉၃၊ ၂၂၇၁၅၉

## ကြော်ငြာကိစ္စ ဆောင်ရွက်လိုလျှင်

ကြော်ငြာ အပ်နှံလိုသူများအတွက် ဗီဒီယို Editing နှင့် Visual Effect များ ထည့်သွင်းခြင်း၊ Graphic နှင့် လိုဂိုဒီဇိုင်းများ ရေးဆွဲခြင်း၊ Web Design ရေးဆွဲခြင်း၊ Web Site တင်ပေးခြင်း၊ ပြက္ခဒိန်၊ Wallsheets၊ စားပွဲတင်ပြက္ခဒိန်၊ မဂ္ဂဇင်း Slip၊ Pamphlet၊ Billboard၊ Banner၊ Light Box၊ PB Board Printing ဆိုင်းဘုတ်များ ပြုလုပ်ပေးခြင်း၊ Silk Screen ဖြင့် ပုံနှိပ်ပေးခြင်း စသည်တို့အပြင် Video Editing, Graphic Design, Web Design, Programming, Computer Basic, Networking, Visual Effect Production စတဲ့ သင်တန်းများကိုပါ ဖွင့်လှစ်ပို့ချပေးနေတယ်လို့ ဆိုပါတယ်။

လိပ်စာ– Zest Media

အမှတ်–၅၀၂၊ (၃)လွှာ၊ သိမ်ဖြူလမ်း၊ စာတိုက်မှတ်တိုင်အနီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်။ ဖုန်း–၇၀၈၄၂၀၊ ၂၉၇၀၂၆၊ E-mail:zestmedia@mail4u.com.mm



# အဝတ်အထည်နဲ့ လူသုံးကုန်ပစ္စည်း ဝယ်မယ်ဆိုရင်

အိန္ဒိယနိုင်ငံကနေ တင်သွင်းလာတဲ့ အဝတ်အထည်နဲ့ လူသုံးကုန်ပစ္စည်းအမျိုးမျိုးတို့ကို ဝယ်ယူနိုင်မယ့်နေရာ ဖြစ်ပါတယ်။ ၁၀၀ ရာခိုင်နှုန်း ချည်သားဖြစ်တဲ့ တဝတ်စာအင်္ကျီ၊ ပါတိတ်၊ ကီမိုနိုသားနဲ့ ချင်းရိုးရာအဆင်ပုံစံလုံချည်၊ သက္ကလပ်တဘက်၊ အိပ်ရာခင်း စတာတွေကို ဝယ်ယူလိုရင်ပဲဖြစ်ဖြစ်၊ အလှကုန်ပစ္စည်းတွေနဲ့ စတီးပစ္စည်းအမျိုးမျိုး ဝယ်ယူလိုရင်ပဲဖြစ်ဖြစ် အဆင်ပြေစေနိုင်တာ တွေ့ရပါတယ်။ ထူးခြားချက်အနေနဲ့ ပန်းသီးဖြတ်စက်၊ သံပုရာညှစ်စက်၊ အုန်းသီးခြစ်စက်၊ သဘော်ခြစ်နဲ့ အာလူးခြစ် အမျိုးမျိုးကိုလည်း ဝယ်ယူနိုင်မှာ ဖြစ်ပါတယ်။ တစ်ဆင့်ပြန်လည်ရောင်းချလိုသူတွေအတွက်လည်း အထူးဈေးနှုန်းနဲ့ ဆောင်ရွက်ပေးမှာဖြစ်တယ်လို့ ဆိုပါတယ်။

လိပ်စာ–

EI-Cotton & Others

အမှတ်–၇၂၆၊ ၄ လမ်း၊ (၁) ရပ်ကွက်၊
သမိုင်းဘူတာရုံလမ်း၊ မရမ်းကုန်းမြို့နယ်၊
ရန်ကုန်။
ဖုန်း–၆၆၂၅၃၂၊ ၀၉–၅၀၁၇၇၇၅

# အင်္ကျီပုံကောင်းကောင်း

အမျိုးသမီးဝတ်အင်္ကျီအမျိုးမျိုး အပ်နှံနိုင်မှာ ဖြစ်ပါတယ်။ မင်္ဂလာညစာ စားပွဲဝတ်စုံ၊ တက်တင်းဇာမျိုးစုံ၊ ဘလောက်စ်၊ ဂါဝန်နဲ့ စကတ်အမျိုးစုံတို့ကို သေသပ်ကျနစွာနဲ့ အပ်နှံသူစိတ်တိုင်းကျ ချုပ်လုပ်ပေးမှာဖြစ်တယ်လို့ ဆိုပါတယ်။

လိပ်စာ–

K II S

အမှတ်–၄၁၊ ၁ လမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်။
ဖုန်း–၇၁၀၂၈၆၊ ၀၉–၅၀၀၁၁၈၂

# သားရေစစ်စစ်ဖိနပ်

မကြာသေးခင်ကမှ အသစ်ဖွင့်လှစ်လိုက်တဲ့ဆိုင်ဖြစ်ပြီး HI-STYLE အမှတ်တံဆိပ် ဖိနပ်များကိုသာ ဝယ်ယူနိုင်မှာ ဖြစ်ပါတယ်။ ဖိနပ်ရဲ့အပေါ်ယံကြိုးကို သားရေအစစ်နဲ့ ချုပ်ထားတာမို့ ခြေဖမိုးနာကျင်မှု ဖြစ်ပေါ်စေမှာ မဟုတ်ဘူးလို့ ဆိုပါတယ်။ ထိုင်းနိုင်ငံမှာ ထုတ်လုပ်ထားပြီး ဈေးနှုန်းကတော့ လောလောဆယ် ၁၃၀၀၀ ကျပ်ကနေ ၁၅၀၀၀ ကျပ်အထိ ရှိပါတယ်။

လိပ်စာ – HI-STYLE ဖိနပ်ဆိုင်
အမှတ်–D-1၊ ပထမထပ်၊ ယုဇနပလာဇာ၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်။ ဖုန်း–၂၀၃၂၂၃



## ဈေးသက်သာသော မိတ္တူဆိုင်များ

စာအုပ်လိုက် မိတ္တူကူးယူလိုသူများ၊ စာတမ်း၊ Thesis နဲ့ Term Paper မိတ္တူကူးယူလိုသူများအတွက် အရည်အသွေးကောင်းမွန်ပြီး ဈေးနှုန်းလည်း အထူးသက်သာတဲ့ မိတ္တူဆိုင်များကို စုစည်း ဖော်ပြလိုက်ပါတယ်။ မိတ္တူကူးယူခြင်းသာမက စာအုပ်အဖုံးချုပ်ခြင်း၊ ကွန်ပျူတာစာစီစာရိုက်ခြင်းနဲ့ စာရေးကိရိယာများပါ ဝယ်ယူရရှိနိုင်ပါတယ်။ ကျောခြင်းကပ် A4 Size တစ်မျက်နှာကို ၇ ကျပ် ၅၀ ပြားသာ ကျသင့်ပါတယ်။ စနေ၊ တနင်္ဂနွေနဲ့ အစိုးရ ရုံးပိတ်ရက်များမှာ ဆိုင်များပိတ်ပါတယ်။

- ❑ **မိုးစနွှာမိတ္တူ**
  အပန်းဖြေရိပ်သာ၊ အမိပတိလမ်း၊ ရန်ကုန်တက္ကသိုလ်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်။
- ❑ **ပုရိပ်မြိုင်မိတ္တူ**
  အပန်းဖြေရိပ်သာ၊ အမိပတိလမ်း၊ ရန်ကုန်တက္ကသိုလ်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်။
- ❑ **ထိပ်တန်းမိတ္တူ**
  အပန်းဖြေရိပ်သာ၊ အမိပတိလမ်း၊ ရန်ကုန်တက္ကသိုလ်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်။
- ❑ **ထွန်းသီရိမိတ္တူ**
  အပန်းဖြေရိပ်သာ၊ အမိပတိလမ်း၊ ရန်ကုန်တက္ကသိုလ်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်။

## ရေမယိုဖို့ ဆိုရင်

ပြင်ပမှ မိုးရေယိုလို့ပဲဖြစ်ဖြစ်၊ ရေကူးကန်၊ ရေလှောင်ကန်တွေမှာ ရေစိမ့်ဝင်နေလို့ပဲဖြစ်ဖြစ် ရေယိုစိမ့်ခြင်းများကို ကာကွယ်နိုင်ရန်အတွက် တာဝန်ယူပြင်ဆင်ပေးနေတဲ့ လုပ်ငန်းတစ်ခုကို ဆက်သွယ်နိုင်မယ့် ဖုန်းနံပါတ်တစ်ခု ဖော်ပြပေးလိုက်ပါတယ်။

လိပ်စာ – ဦးအောင်မျိုးကျော်
ဖုန်း–၀၉–၅၀၀၄၄၀၂

- ❑ **EMPEROR မိတ္တူ**
  အပန်းဖြေရိပ်သာ၊ အမိပတိလမ်း၊ ရန်ကုန်တက္ကသိုလ်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်။
- ❑ **Chancellor မိတ္တူ**
  အပန်းဖြေရိပ်သာ၊ အမိပတိလမ်း၊ ရန်ကုန်တက္ကသိုလ်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်။
- ❑ **ကောင်းမိတ္တူ**
  သချာဌာနရှေ့၊ ရန်ကုန်တက္ကသိုလ်စာကြည့်တိုက်အနောက်ဘက်ခြမ်း၊ ရန်ကုန်တက္ကသိုလ်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်။
- ❑ **တက္ကသိုလ်များ ဗဟိုစာကြည့်တိုက်**
  အမိပတိလမ်းနှင့် စစ်ကိုင်းလမ်းထောင့်၊ ရန်ကုန်တက္ကသိုလ်နယ်မြေ၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်။



## စားသောက်ဆိုင်သစ်

- **ဒီကို ရှမ်းခေါက်ဆွဲဆိုင်**
  အမှတ်-၄၃၊ မြေနီကုန်းဈေးလမ်း၊ မြေနီကုန်း(မြောက်)
  ရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်။
- **YKKO ကြေးအိုးနှင့် BBQ House (ဆိုင်ခွဲ)**
  အမှတ်-၂၈၆၊ ဆိပ်ကမ်းသာလမ်း(အထက်)၊
  ကျောက်တံတားမြို့နယ်၊ ရန်ကုန်။ ဖုန်း-၃၇၉၇၁၄
- **SS FOOD CHANNEL**
  နဝဒေးရုပ်ရှင်ရုံဝင်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်။ ဖုန်း-၇၂၄၂၆၆
- **မန္တလေးတူးတူး မြန်မာထမင်းဆိုင်**
  စေန်းသာဟိုတယ်၊ ရန်ကုန်ဘူတာကြီး၊ ကွမ်းခြံလမ်း၊
  မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်။ ဖုန်း-၂၄၉၅၁၈၊ ၂၄၉၅၁၉၊ ၂၅၃၀၁၁
- **ပေယ်ဖြူစားသောက်ဆိုင်**
  ယုဇနပလာဇာအနောက်ဘက်၊ တိုက်-၉၊ အခန်း-၇၊ ပေယ်လမ်း၊
  မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်။ ဖုန်း-၂၀၀၇၄၇ လိုင်းခွဲ-၇၂၃၁
- **Golden Triangle Bakery**
  အမှတ်-၆၄၁၊ ကုန်သည်လမ်း၊ ၂၉ လမ်းနှင့် ရွှေဘုံသာလမ်းကြား၊
  ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်။
- **လမင်းသစ်လက်ဖက်ရည်ဆိုင်**
  အခန်း(၁)၊ အမှတ်-၁၁၂၊ ပြည်လမ်း၊ ရွှေဂုံတိုင်လမ်းဆုံမှတ်တိုင်အနီး၊
  မရမ်းကုန်းမြို့နယ်၊ ရန်ကုန်။

## ပိုးစစ် လွန်းရာကျော်ချိတ်

မြန်မာအမျိုးသားများရော အမျိုးသမီးများပါ ပွဲတက်အဝတ်အစားအဖြစ် နှစ်မြို့က်စွာ ဝတ်ဆင်လေ့ရှိကြတာကတော့ ပိုးနဲ့ ရက်လုပ်ထားတဲ့ မြန်မာ့ရိုးရာ ပိုးစစ် လွန်းရာကျော်ချိတ်တွေပဲ ဖြစ်ပါတယ်။ ဒီလို ပိုးထည်တွေကို လက်လီလက်ကား ရောင်းချပေးနေတဲ့ မန္တလေးတိုင်း အမရပူရမြို့က လုပ်ငန်းတစ်ခုကို ဖော်ပြပေးလိုက်ပါတယ်။ ပိုးထည်များအပြင် ချည်ထည်များလည်း ရရှိနိုင်တယ်လို့ ဆိုပါတယ်။

လိပ်စာ-

ဒေါ်စောရှင် (ပိုးစစ်လွန်းရာကျော်အချိတ်လုပ်ငန်း)
ရွှေခဲရပ်၊ ကျောင်းဝင်းတံမြောက်ဘက်၊
အမရပူရမြို့၊
မန္တလေးတိုင်း။
ဖုန်း-၀၂-၇၀၀၇၀



# လုပ်ငန်းသစ် ၊ ဆိုင်သစ်

- **ဇင်ကို လျှပ်စစ်ပစ္စည်းဆိုင်**
  အမှတ်−၁၀၀၊ ဖိနပ်စက်ရုံရှေ့ဆိုင်တန်း၊ ခဝဲခြံမှတ်တိုင်အနီး၊ အမှတ်(၃)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်။
- **313 Air Con**
  အမှတ်−၉၊ ရှမ်းကုန်းလမ်း၊ မြေနီကုန်း(မြောက်)ရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်။
  ဖုန်း−၅၀၂၉၁၁၊ ၀၉−၈၀၂၁၇၁၄
- **မျိုးမြင့်အောင် ကြွေပြား**
  **M.M.A Co., Ltd.**
  အမှတ်−၉၊ ရှမ်းကုန်းလမ်း၊ မြေနီကုန်း(မြောက်)ရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်။
- **Kitchen Mart(4)- အိမ်ရှင်မဈေး(၄)**
  အမှတ်−၁၆(A)၊ ရှမ်းကုန်းလမ်း၊ မြေနီကုန်း(မြောက်) ရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်။
- **Pucci Special Cake (ဆိုင်ခွဲ)**
  ပဒုမ္မာဇာတ်ရုံနောက်ဘက်ခြမ်း၊ ပဒုမ္မာစားသောက်ဆိုင်ရှေ့၊ စမ်းချောင်းလမ်း၊ မြေနီကုန်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်။
  ဖုန်း−၇၂၇၄၄၉၊ ၀၉−၈၀−၃၄၈၈၃
- **ရွှေကောင်းကင် အအေးခန်းတည်းခိုရိပ်သာ**
  အင်းစိန်လမ်း၊ စစ်မှုထမ်းဟောင်းကားဂိတ်အနီး၊ သမိုင်းလမ်းဆုံ၊ အမှတ်(၃)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်။
- **YOGI House**
  **Computer Sales & Service Centre**
  အမှတ်−၂၄၅၊ ဆိပ်ကမ်းသာလမ်း(အထက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။
- **Nikko Digital Laser Lab**
  အမှတ်−၁၃၇/၁၄၃၊ အနော်ရထာလမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်။
- **စိန်နှင့်မြ မွေ့ရာဆိုင် (ဆိုင်ခွဲသစ်)**
  ၃၅ လမ်း၊ ၇၇ လမ်းနှင့် ၇၈ လမ်းကြား၊ မန္တလေး။
- **Lady Crown ကိုယ်ကာယအလှသင်တန်း**
  အမှတ်−၉၇၊ ဒုတိယထပ်၊ မြန်မာ့ဂုဏ်ရည်လမ်း၊ ကန်တော်ကလေး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်။
  ဖုန်း−၂၄၄၀၅၂၊ ၂၄၉၈၂၂
- **Thiri Cosmetic Co., Ltd. (ရုံးခွဲသစ်)**
  အမှတ်−၂၃၉/၁၊ ၃၁ လမ်း၊ ၈၃× ၈၄ လမ်းကြား၊ ချမ်းအေးသာဇံမြို့နယ်၊ မန္တလေး။ ဖုန်း−၀၂−၃၄၈၄၀
- **HI-STYLE ဖိနပ်ဆိုင်**
  အမှတ်−D-1၊ ပထမထပ်၊ ယုဇနပလာဇာ၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်။ ဖုန်း−၂၀၃၂၂၃
- **လှရွှေနှင့်သား မျက်မှန်ဆိုင် (လှရွှေနှင့်ညီများ)**
  ဝင်ပေါက်−၄၊ မြေညီထပ်၊ ယုဇနပလာဇာ၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်။
- **Maximum Force**
  **(Digital Photography & Advertising)**
  အမှတ်−၁၃၄၊ ပထမထပ်၊ ၃၇ လမ်း (အလယ်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။ ဖုန်း−၂၄၆၈၄၇
  E-mail: aungmyoe-mf@myanmar.com.mm
- **ရွှေနံ့သာတည်းခိုခန်း**
  အထက်ဘူတာရုံလမ်း၊ နံ့သာကုန်းပန်းခြံရှေ့၊ (၄၅−ကားကြီးဂိတ်ဆုံးအနီး)၊ နံ့သာကုန်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်။
- **Orange Supermarket**
  အမှတ်−(          )၊ မဟာဗန္ဓုလလမ်း၊ ၁၉ လမ်းထောင့်၊ လသာမြို့နယ်၊ ရန်ကုန်။
- **Mogo Fashion**
  အမှတ်−၇၇၇၊ မဟာဗန္ဓုလလမ်း၊ ၁၄ လမ်းထောင့်၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်။
- **မန္တလေးမြို့ ကြော်ငြာလက်ခံဌာနခွဲ (ကိုယ်ပွားသတင်းစာတိုက်) (မြန်မာ့အလင်း၊ ကြေးမုံ၊ နယူးလိုက်အော့ဖ်မြန်မာသတင်းစာ)**
  ၂၀ လမ်း × ၂၁ လမ်းကြားနှင့် ၈၂ လမ်း × ၈၃ လမ်းကြား၊ အောင်မြေသာစံမြို့နယ်၊ မန္တလေး။
  ဖုန်း−၀၂−၃၂၇၂၉၊ ၃၉၉၃၅
- **စန္ဒာမြိုင် အထူးကုဆေးခန်းနှင့် ခာတ်ခွဲခန်း**
  အမှတ်−၁၅၆၊ စန္ဒာမြိုင်ရုပ်ရှင်ရုံနှင့် သံလမ်းမှတ်တိုင်အနီး၊ အင်းစိန်လမ်း၊ လှိုင်မြို့နယ်၊ ရန်ကုန်။
- **Hi-Life Stationary and Gift**
  အမှတ်−၂၆၇ (၀၀၂)၊ မြေညီထပ်၊ ပြည်လမ်း၊ မြေနီကုန်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်။
- **Lin San Int'l Co., Ltd.**
  **စက်မှုလုပ်ငန်းသုံးတွင်ခုံ၊ ဖောက်စက်၊ ရွှေဘော်စက်၊ အရောင်းပြခန်း**
  အမှတ်−၁၂၄−B၊ ချင်းတွင်းလမ်း၊ တောင်ဒဂုံစက်မှုဇုန်(၃)၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်။ ဖုန်း−၆၆၃၄၁၄

# မြေယာရှုခင်းပြုပြင် ဖန်တီးလိုရင်

မိမိတို့ နေအိမ်ခြံဝင်းအတွင်းမှာ ရှုခင်းတွေကို မျက်စိပသာဒ ဖြစ်အောင် အပင်များနဲ့ အလှဆင်လိုရင်ပဲဖြစ်ဖြစ်၊ ပြုပြင်ထားပြီးသားတွေကို ထိန်းသိမ်းလိုရင်ပဲဖြစ်ဖြစ်၊ မြက်ခင်းအလှစိုက်ပျိုးလိုရင်ပဲဖြစ်ဖြစ် ဥယျာဉ်နဲ့အိမ်ရာခြံမြေများအတွင်း ပန်းမန်များ အလှဆင်ဖန်တီးခြင်းနဲ့ ပြုပြင်ထိန်းသိမ်းခြင်း စတဲ့ Landscaping နဲ့ Nursery ဝန်ဆောင်မှုများကို ဆောင်ရွက်ပေးလျက်ရှိနေတဲ့ လုပ်ငန်းတွေကို လက်လှမ်းမီသလောက် စုစည်းဖော်ပြပေးလိုက်ပါတယ်။

- ❑ **Forest Park Co., Ltd.**
  အမှတ်–၁၊ ဗိုလ်ညာဏလမ်း၊ ၉ မိုင်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်။ ဖုန်း–၆၆၀၆၆၈၊ ၇၂၃၇၂၃၊ ဖက်စ်–၆၆၃၈၀၈၊
  E-mail:fpmmar@forestpark.com.mm
- ❑ **Eden Garden Design & Landscape Services**
  ပန်းလှိုင်ဂေါက်ကွင်းအိမ်ရာလမ်း၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်။ ဖုန်း–၆၈၄၀၂၆–၃၀၊ ဖက်စ်–၆၈၀၉၂၂
- ❑ **SPA Evergreen Nursery**
  ညောင်တုန်းလမ်း၊ FMI City ၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်။ ဖုန်း–၆၈၀၉၃၃၊ ၆၈၂၄၄၅၊ ဖက်စ်–၆၈၀၉၁၁
- ❑ **Green Villa Co., Ltd.**
  အမှတ်–၆၀/၆၂၊ မြေနီကုန်းဈေးလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်။ ဖုန်း–၆၆၄၄၃၈
- ❑ **Myanmar Flora Co., Ltd.**
  အမှတ်–၄၂(A) ၊ အင်းလျားမြိုင်လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။ ဖုန်း–၅၁၁၉၂၆၊ ၅၃၇၈၃၃
- ❑ **မိုးမခ Landscaping Group**
  အမှတ်–၁၀၆၊ ၄၉ လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်။ ဖုန်း–၂၉၇၉၂၁
- ❑ **M4 Business Group**
  အမှတ်–၃၁၉၊ တတိယထပ်၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။ ဖုန်း–၂၇၇၄၄၀၊ ၇၀၀၃၀၂
- ❑ **ထိုက်သူပန် (အပြည်ပြည်ဆိုင်ရာဥယျာဉ် ကုမ္ပဏီလီမိတက်)**
  (Tokyo Landscape Group)
  အမှတ်–၅၇၊ မြယာကုန်းလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်။ ဖုန်း–၂၉၀၈၄၉၊ ဖက်စ်–၂၁၀၈၃၉
- ❑ **Mast Int'l Co., Ltd.**
  အမှတ်–၉၀၊ ၃–အေ၊ ဒုတိယထပ်၊ မင်းလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်။ ဖုန်း–၅၁၂၂၈၁၊ ၇၀၆၀၇၃
- ❑ **သီရိပန်းအိမ် ပန်းခြံအလှဆင်လုပ်ငန်း**
  အမှတ်–၂၆၊ ပါရမီလမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်။ ဖုန်း–၇၀၁၉၂၆၊ ၆၆၀၇၃၄
- ❑ **ဦးစိုးနိုင် (Gethsemane Nursery)**
  အမှတ်–၆၈၅–အေ၊ နတ်စင်လမ်း၊ မှော်ဘီမြို့နယ်၊ ရန်ကုန်။ ဖုန်း–၆၂၀၀၉၆ ■

# Digital Printing ဖြင့် ဆိုင်းဘုတ်ပြုလုပ်လိုလျှင်

ခေတ်မီ Digital Printing ကို အသုံးပြုပြီး မင်္ဂလာဆောင်ဓာတ်ပုံများ၊ ဌာနဆိုင်ရာနှင့် ကုမ္ပဏီမှတ်တမ်းဓာတ်ပုံများ၊ မော်ကွန်းဝင်ဓာတ်ပုံများ၊ ပြခန်းများ၊ ပြပွဲများ၊ စင့်မြင့်နောက်ခံများ၊ လမ်းညွှန်ဆိုင်းဘုတ်များ ပြုလုပ်ပေးခြင်း၊ လမ်းဆိုင်းဘုတ်များအားလုံးအတွက် နေရာ (Location) များကို အဆင်ပြေအောင် ဆောင်ရွက်ပေးခြင်း၊ Indoor နှင့် Outdoor Banner များ၊ ဘတ်စ်ကားကြော်ငြာများ၊ ကုန်စည်ပြပွဲ အခင်းအကျင်းများ၊ Sticker Cutting နဲ့ P.O.P (Graphic Display/Designing) များကိုပါ စိတ်တိုင်းကျ ဆောင်ရွက်ပေးနေတယ်လို့ ဆိုပါတယ်။

ဆိုင်းဘုတ်နဲ့ ပတ်သက်တဲ့ပစ္စည်း များအားလုံးကို တစ်နေရာတည်းမှာ ဈေးနှုန်းသက်သာစွာ ရရှိနိုင်ပါတယ်။

လိပ်စာ – Idea Company Limited
အမှတ်–၂၂၀/ ၂၂၂၊ ဗိုလ်တထောင်ဘုရားလမ်း၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်။ ဖုန်း–၂၀၂၂၂၄၊ ဖက်စ်–၂၀၁၂၀၇
E-mail:idea@mptmail.net.mm

# မိတ္တူကူးစက် ဝယ်မယ်ဆိုရင်

စီးပွားရေးလုပ်ငန်းနှင့် ကုမ္ပဏီရုံးခန်းတွေအတွက် မိတ္တူကူးစက်ဝယ်ယူလိုပါက မိတ္တူကူးစက် အရောင်းဆိုင်တစ်ဆိုင်ကို လမ်းညွှန်လိုပါတယ်။ ဩဂုတ်လမှစတင်ပြီး ဈေးနှုန်းလျှော့ ရောင်းချပေးနေတယ်လို့ ဆိုပါတယ်။ ဝယ်ယူတဲ့ မိတ္တူကူးစက်တွေကို တစ်နှစ် လက်ခမဲ့ ပြုပြင်ပေးမယ်လို့လည်း သိရပါတယ်။

လိပ်စာ– Success Copier Group Ltd.
အမှတ်–၂၇၇၊ ဗိုလ်ချုပ်လမ်းနှင့် ဆိပ်ကမ်းသာလမ်းထောင့်၊
၀၁–၀၂၊ Asia Plaza၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။
ဖုန်း–၂၅၄၄၂၅ (လိုင်းခွဲ–၃၁၀)၊ ၀၉–၈၀၂၁၅၇၈

# အိမ်ဆောက်ပစ္စည်းဆိုင်များ

နေအိမ်အဆောက်အအုံ ဆောက်လုပ်လိုလို့ပဲဖြစ်ဖြစ်၊ ပြုပြင်မွမ်းမံလိုလို့ပဲဖြစ်ဖြစ် အိမ်ဆောက်ပစ္စည်း ဝယ်ယူလိုသူတို့အတွက် ရန်ကုန်မြို့တော်အတွင်းက ဝယ်ယူနိုင်မယ့် နေရာအချို့ကို လက်လှမ်းမီသလောက် စုစည်းဖော်ပြပေးလိုက်ပါတယ်။

- **7 Stars**
  **ပိုက်နှင့် ပိုက်ဆက်ပစ္စည်း၊ လျှပ်စစ်ပစ္စည်း၊ ဖော်မီကာ၊ အထပ်သားနှင့် အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေး**
  အမှတ်-၄၄၉၊ တက္ကသိုလ်ရိပ်သာလမ်းသစ်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။ ဖုန်း-၅၄၁၄၁၇

- **အဆွေတော် အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေး**
  အဆောင်-၃၄၊ အခန်း(၉/၁၀)၊ စော်ဘွားကြီးကုန်းပွဲရုံဝင်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်။
  ဖုန်း-၂၄၇၇၅၅၊ ၆၄၂၁၂၂ (လိုင်းခွဲ-၁၁၅)

- **K.M.W ကိုခင်မောင်ဝင်း**
  **အိမ်ဆောက်သံထည်ပစ္စည်းရောင်းဝယ်ရေး**
  အဆောင်-၄၄၊ အခန်း(၂၊ ၃၊ ၄)၊ ကျောက်စိမ်း ၄ လမ်း၊ စော်ဘွားကြီးကုန်းပွဲရုံဝင်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်။
  ဖုန်း-၆၄၂၇၆၅၊ ၂၄၇၅၉၀၊ ၀၉-၉၉၂၈၂၄၀၊ ၀၉-၈၀၃၄၅၈၅၊ ၆၄၂၁၂၂ (လိုင်းခွဲ-၃၃၁၊ ၃၂၂)

- **ရွှေမင်္ဂလာ အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေး**
  **အိမ်အလှဆင်ကြွေပြား ခေတ်မီရေချိုးခန်းသုံးပစ္စည်းများ**
  အမှတ်-၅၀၊ ၂၇ လမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်။
  ဖုန်း-၂၄၃၅၇၄၊ ၇၁၀၀၉၉

- **ပတ္တမြား သံနှင့် အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေး**
  အဆောင်-၁၀၇၊ အခန်း(၄)၊ စော်ဘွားကြီးကုန်းပွဲရုံဝင်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်။
  ဖုန်း-၆၄၃၉၈၄၊ ၀၉-၈၀၃၄၇၇၆၊ ၀၉-၆၉၇၁၇၃၄

- **အရှေ့တိုင်း အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေး**
  **ORIENT MARKETING CO-OP LTD.**
  အမှတ်-၂၅၆၊ ဗားကရာလမ်း၊ မြေနီကုန်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်။ ဖုန်း-၅၂၅၈၉၀၊ ၅၀၄၀၁၈

- **ဟူးကောင်း ကွန်ကရစ်အုတ်**
  အခန်းအမှတ်-၁၊ တိုက်အမှတ်-K၊ ရွှေစံပယ်ရိပ်မွန်၊ ဘုရင့်နောင်လမ်းမကြီး၊ ချောင်းဝကျောင်းအနီး၊ လှိုင်မြို့နယ်၊ ရန်ကုန်။ ဖုန်း-၇၀၀၁၅၁၊ ၅၁၂၉၃၇၊ ၀၉-၉၉၂၁၃၃၉

- **အောင်မေတ္တာ**
  **အိမ်ဆောက်ပစ္စည်း၊ လျှပ်စစ်ပစ္စည်းနှင့် အိမ်သုတ်ဆေးရောင်းဝယ်ရေး**
  အမှတ်-၂၉၉၊ သုမင်္ဂလာလမ်း၊ ၄ ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်။ ဖုန်း-၅၇၁၃၉၁၊ ၅၇၁၂၁၇

- **ကိုအေးငွေနှင့်ညီများ**
  **အထပ်သား၊ အိမ်မိုးကျောက်ပြား၊ မျက်နှာကြက်နှင့် အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေး**
  အခန်း(၁၊ ၂)၊ အဆောင်-၂၅၊ အခန်း(၃၊ ၄)၊ အဆောင်-၇၊ ၄ လမ်း၊ စော်ဘွားကြီးကုန်းပွဲရုံဝင်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်။
  ဖုန်း-၆၄၂၅၈၉၊ ၇၀၁၇၈၂

- **နေရာသစ် အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေး**
  အမှတ်-၂၂၊ ဘုရင့်နောင်လမ်းမကြီး၊ ဘုရင့်နောင်မီးပွိုင့်အနီး၊ ၁၁ မိုင်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်။
  ဖုန်း-၆၈၂၈၆၉၊ ၆၈၂၁၆၅

- **ဖြိုးသီရိ ကြွေပြား၊ ကြွေထည်နှင့် အိမ်အလှဆင်ပစ္စည်းအမျိုးမျိုးရောင်းဝယ်ရေး**
  အဆောင်-၃၂၊ အခန်း-၄၊ ကျောက်စိမ်း ၇ လမ်း၊ စော်ဘွားကြီးကုန်းပွဲရုံဝင်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်။
  ဖုန်း-၆၄၁၁၅၆၊ ၆၄၂၁၂၂ လိုင်းခွဲ-၃၃၈

- **SILVER STAR**
  **ကြွေပြားနှင့် တာရာဇိုပစ္စည်းရောင်းဝယ်ရေး**
  အဆောင်-၃၁၊ အခန်း(၂၊ ၃)၊ ကျောက်စိမ်းလမ်း၊ စော်ဘွားကြီးကုန်းပွဲရုံဝင်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်။
  ဖုန်း-၆၄၂၆၉၄၊ ၆၄၂၁၂၂၊ လိုင်းခွဲ-၃၅၅

- **ပွင့်မိသားစု**
  **အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေး/ ငှားရမ်းရေး**
  အမှတ်(၃-ခ)၊ ပြည်ထောင်စုလမ်းမကြီး၊ တောင်ဒဂုံစက်မှုဇုန်(၂)၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်။
  ဖုန်း-၇၂၈၁၈၄၊ ၅၆၁၂၃၅၊ ၅၆၁၂၃၆၊ ၅၇၁၆၅၅

- **တော်ဝင်နန်း**
  **(အိမ်သုတ်ဆေး၊ သင်္ဘောဆေး၊ Fibre Glass ရေတိုင်ကီ၊ ကြွေပြား၊ သွပ်ပြားရောင်းဝယ်ရေး)**
  အမှတ်-၂၁၊ ၂၇ လမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်။
  ဖုန်း-၆၄၃၅၅၀၊ ၀၉-၈၀၂၃၄၃၅၊ ၀၉-၅၀၀၉၉၀၄၊ ၆၄၂၁၂၂ လိုင်းခွဲ-၁၈၈၊ ၂၉၃၊ ၂၂၉

- **ROYAL MYINT SOE**
  **အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေး**
  ပွဲရုံအမှတ်-၁၄၊ အခန်းအမှတ်(၁၊ ၂၊ ၃)၊ ၇ လမ်းနှင့် ပတ္တမြားလမ်းထောင့်၊ စော်ဘွားကြီးကုန်းပွဲရုံဝင်း၊ အင်းစိန်

မြို့နယ်၊ ရန်ကုန်။
ဖုန်း-၆၄၃၉၀၅၊ ၆၄၀၀၇၉၊ ၆၄၃၇၈၇၊ ၂၄၇၃၉၁

- ❑ **ငြိမ်းချမ်းရေး**
**သံဇကာ၊ ချိန်လင့်၊ သွပ်ဆူးကြိုး ထုတ်လုပ်ဖြန့်ချိရေး**
အမှတ်-၉၃(A)၊ ငါးထပ်ကြီးဘုရားလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။ ဖုန်း-၅၄၀၆၇၃

- ❑ **မြန်မာဖွံ့ဖြိုးအောင် အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေး**
အမှတ်-၂၃၊ ၂ လမ်း၊ ပုသိမ်ညွန့်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်။ ဖုန်း-၂၄၇၂၄၇၊ ၂၄၄၃၁၅

- ❑ **သန်းထွန်းအောင် အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေး**
အမှတ်-၂၊ ဗိုလ်တေဇ(၂)လမ်း၊ ၈ ရပ်ကွက်၊ သံသုမာလမ်း၊ သုဝဏ္ဏမြို့နယ်၊ ရန်ကုန်။ ဖုန်း-၅၇၀၃၄၃၊ ၀၉-၈၀၂၁၃၇၇

- ❑ **ငပလီ အထွေထွေလုပ်ငန်းစု**
**သွပ်ပြား၊ သံပြား၊ ပလိန်းပြား အထွေထွေရောင်းဝယ်ရေး**
ရုံ-၂၂၊ အခန်း (၁၊ ၂၊ ၃၊ ၄)၊ စော်ဘွားကြီးကုန်းပွဲရုံဝင်း အင်းစိန်မြို့နယ်၊ ရန်ကုန်။ ဖုန်း-၆၄၂၅၁၉၊ ၆၄၂၆၉၆၊ ၀၉-၅၀၁၇၆၂၃

- ❑ **မော်လမြိုင် စေတနာကုမ္ပဏီလီမိတက် အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေး**
– အဆောင်-၄၄၊ အမှတ်-၅၊ စော်ဘွားကြီးကုန်းပွဲရုံဝင်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်။ ဖုန်း-၆၄၁၃၀၀၊ ၂၄၇၆၃၅၊ ၄၄၆၃၅၁၂၊ ၆၄၂၁၂၂ လိုင်းခွဲ-၁၇၅/၃၂၉
– အမှတ်-၉၃၊ အောက်လမ်းမကြီး၊ မော်လမြိုင်မြို့။
ဖုန်း-၀၅၇-၂၂၇၈၀၊ ၂၅၀၁၅၊ ၂၅၅၅၇

- ❑ **ရွှေတြိဂံ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းအမျိုးမျိုး ရောင်းဝယ်ရေး**
အခန်း-၄၊ အဆောက်အအုံ A-1၊ အောင်မင်္ဂလာအဝေးပြေး ယာဉ်ရပ်နားစခန်းဝင်း၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်။
ဖုန်း-၆၃၉၄၆၆ လိုင်းခွဲ-၃၆၆

- ❑ **ပတ္တမြား သံနှင့် အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေး**
အဆောင်-၁၀၇၊ အခန်း-၄၊ စော်ဘွားကြီးကုန်းပွဲရုံဝင်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်။
ဖုန်း-၆၄၃၉၈၄၊ ၀၉-၆၉၇၁၇၃၄၊ ၀၉-၈၀၃၄၇၇၆

- ❑ **သန်းထိုက်အောင် အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေး**
အမှတ်-ဃ-၅၃၊ ရေတမာလမ်း၊ ဘုရင့်နောင်ပွဲရုံ၊ မရမ်းကုန်း မြို့နယ်၊ ရန်ကုန်။ ဖုန်း-၆၈၀၄၄၈၊ ၆၈၀၆၄၈၊ ၆၈၂၃၀၈၊ ၀၉-၉၉၂၃၅၈၉

- ❑ **မိုးဟိန်း ဆောက်လုပ်ရေးလုပ်ငန်းသုံး အဆင့်မြင့် အချောကိုင်ပေါင်ဒါ**
– ၁၃ လမ်းနှင့် ကျန်စစ်သားလမ်းထောင့်၊ ဘုရင့်နောင် လမ်းမကြီး၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်။
ဖုန်း-၆၅၂၂၀၄၊ ၀၉-၅၀၂၀၇၃၆
– ၇၈ လမ်း၊ ၂၉ × ၃၀ လမ်းကြား၊ မန္တလေး။
ဖုန်း-၀၂-၆၆၃၁၁၊ ၀၉-၉၀၆၀၁၉၅

- ❑ **Royal Technical Services Co., Ltd.**
အမှတ်-၆၆၊ ၁၄၁ လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်။
ဖုန်း-၂၀၀၉၇၄၊ ၀၉-၅၀၀၉၉၈၂

- ❑ **လွင် အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေး**
အမှတ်-၂၉၊ ဗညားဒလလမ်း၊ ဘုရင့်နောင်ရုပ်ရှင်ရုံအရှေ့၊ တာမွေမြို့နယ်၊ ရန်ကုန်။ ဖုန်း-၂၀၁၉၄၁၊ ၇၀၅၄၅၅

- ❑ **ဖူဂျီ ကြွေပြား၊ ကြွေထည်နှင့် အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေး**
အဆောင်-၁၃၊ အခန်း-၁၊ ပုလဲ(၇)လမ်း၊ စော်ဘွားကြီးကုန်း ပွဲရုံဝင်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်။
ဖုန်း-၆၄၂၅၈၀၊ ၆၄၂၁၂၂ လိုင်းခွဲ-၃၃၅

- ❑ **ဝင်းရွှေရည် အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေး**
အမှတ်-၂၉၊ ကုန်ဈေးတန်းလမ်း(အောက်)၊ ပန်းဘဲတန်း မြို့နယ်၊ ရန်ကုန်။
ဖုန်း-၂၈၉၀၃၂၊ ၂၈၁၀၅၉၊ ၇၀၅၈၁၀၊ ၀၉-၉၉၂၁၇၄၇

- ❑ **ဇင်ထက် အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေး**
အမှတ်-၄/၅၊ ရန်ကုန်-အင်းစိန်လမ်း၊ အောင်သိဒ္ဓိလမ်းထိပ်၊ ခဝဲခြံ၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်။ ဖုန်း-၆၅၁၈၀၅

- ❑ **ရတနာ အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေး**
အမှတ်-၇၀၊ လမ်းသစ်လမ်းမကြီး၊ စော်ဘွားကြီးကုန်းအနီး၊ အင်းစိန်မြို့နယ်၊ ရန်ကုန်။
ဖုန်း-၆၄၁၇၉၁၊ ၆၄၃၇၁၁၊ ၅၅၉၄၂၇

- ❑ **ယုန်စန္ဒာ အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေး**
အမှတ်-၂၈၊ တန်ဆောင်းကြီးလမ်း၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်။ ဖုန်း-၅၂၅၁၉၃

- ❑ **ရောင်နီထွန်းမိသားစု အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေး**
အဆောင်-၉၅၊ အခန်း(၁၄/၁၅)၊ စော်ဘွားကြီးကုန်းပွဲရုံ၊ အင်းစိန်မြို့နယ်၊ ရန်ကုန်။
ဖုန်း-၇၂၇၃၂၁၊ ၆၄၂၁၂၂၊ ၆၄၀၀၀၁ လိုင်းခွဲ-၁၇၂

- ❑ **ရွှေနဒီ အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေး**
အဆောင်-၆၁၊ အခန်း-၂၊ ကျောက်စိမ်း(၂)လမ်း၊ စော်ဘွားကြီးကုန်းပွဲရုံတန်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်။
ဖုန်း-၇၀၄၄၈၅

- ❑ **ရွှေကမ္ဘာ ဘိလပ်မြေနှင့် အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေး**
အဝေးပြေးကားဂိတ်ဝင်း၊ အဆောင်-၃၅၊ အခန်း-၆၊ စော်ဘွားကြီးကုန်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်။
ဖုန်း-၆၄၂၆၇၆ ■

# အိမ်တွင်းအလှဆင်လုပ်ငန်းများ

လူနေအိမ်ခန်းများကိုပဲဖြစ်ဖြစ်၊ ရုံးခန်းအဆောက်အအုံများကိုပဲဖြစ်ဖြစ် အလှဆင်လိုသူတို့အတွက် အိမ်တွင်းအလှဆင်ဝန်ဆောင်မှုပေးနေတဲ့ နေရာအချို့ကို ဖော်ပြပေးလိုက်ပါတယ်။

- **Three Friends Co., Ltd.**
  **CONSTRUCTION, DESIGN, DECORATION & ENGINEERING**
  အမှတ်-၄၄၊ A-1၊ ကျိုတော်အိမ်ရာ၊ ရန်ကုန် ကုန်သွယ်မှုဗဟိုဌာနအနောက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်။
  ဖုန်း-၂၀၁၁၂၁၊ ၂၉၄၈၆၄၊ ၀၉-၈၀-၃၄၄၃၁
- **Deco Mart**
  **BUILDING MATERIALS STORE & INTERIOR DECORATION SERVICE**
  အမှတ်-F 2-6၊ ပထမထပ်၊ အောင်ဆန်းအားကစားကွင်းမြောက်ဘက်တန်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်။
  ဖုန်း-၂၅၁၉၆၀၊ ၂၅၁၉၆၁၊ ၂၅၁၉၆၂၊ ဖက်စ်-၂၅၁၉၅၈
- **CY-COR GENERAL SERVICES**
  F-1၊ ပါရမီလမ်းမကြီး၊ ဦးဘဟန်လမ်း၊ ချော်တွင်းကုန်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်။ ဖုန်း-၆၆၆၂၅၀၊ ၀၉-၅၀၀၃၁၃၀
- **SUPER SUN SHINE**
  **HOME DECORATION GROUP**
  အမှတ်-၂၀၊ အရှေ့အာဇာနည်လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။ ဖုန်း-၇၀၄၁၆၁
- **Soe Myint & Sons**
  **Stainless Steel Trading & Decoration Centre**
  အမှတ်-၄၉၊ ၅၆ လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်။
  ဖုန်း-၂၉၃၇၀၇၊ ဖက်စ်-၂၀၀၂၄၈
- **Mah Sing Co., Ltd. (SINMA)**
  အမှတ်-၇၁၊ ဘုန်းကြီးလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်။ ဖုန်း-၂၂၄၄၃၅
- **GRACE DECORATION ENGINEERING**
  အမှတ်-၁၃၅၊ မြေညီထပ်(ဘယ်)၊ ၄၆ လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်။ ဖုန်း-၂၉၆၄၈၅
- **Fantasy Window Fashion**
  - အခန်း(၂/၆က)၊ နတ်မောက်လမ်း၊ UNDP ရုံးအနီး၊ တာမွေမြို့နယ်၊ ရန်ကုန်။ ဖုန်း-၅၄၉၃၁၇၊ ၅၄၀၁၇၇
  - တိုက်-၃၊ အခန်း-၃၊ အေးရိပ်မွန်အိုဝမ်းဖွဲ့နဲ့ဆီစက်ရှေ့၊ လှိုင်မြို့နယ်၊ ဘုရင့်နောင်လမ်းမကြီး၊ ရန်ကုန်။
  ဖုန်း-၆၈၁၅၀၀
- **Adorn Curtains & Blinds**
  အမှတ်-၄၄၉-B၊ တက္ကသိုလ်ရိပ်သာလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။ ဖုန်း-၇၂၃၁၈၁
- **NEW HONG KONG TREASUREE INDUSTRIAL**
  အမှတ်-၁၀၊ စဥ့်အိုးတန်းလမ်း၊ လသာမြို့နယ်၊ ရန်ကုန်။
  ဖုန်း-၂၂၆၅၀၇
- **CRAB (Digital Graphic Design, Sing Board & Interior Decoration)**
  အမှတ်-၁၂၀၊ ဗိုလ်ချုပ်လမ်းနှင့် ရေကျော်လမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်။ ဖုန်း-၂၉၈၀၂၉၊
  ၀၉-၈၀၃၀၉၁၄၊ ၀၉-၅၀၂၀၈၀၇၊ ဖက်စ်-၂၀၂၀၈၅
- **KHIN NYO Decoration & Furniture**
  အမှတ်-၅၅၅၊ ခမ္မာရုံ (၂) လမ်း၊ (၁၁) ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်။ ဖုန်း-၅၁၄၀၂၉၊ ၇၂၁၈၀၂
- **Mother Land**
  အမှတ်-၄၅၃၊ သိမ်ဖြူလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်။ ဖုန်း-၂၄၅၀၂၉၊ ၂၀၄၀၅၈၊ ၂၄၈၉၁၂
- **Naing Group Construction Co., Ltd.**
  အမှတ်-၂၂၉၊ အနော်ရထာလမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်။ ဖုန်း-၃၇၃၇၅၉၊ ၂၄၈၀၈၂၊ ၀၉-၉၉၂၇၃၈၉
- **ခိုင်သဇင် ခန်းဆီးလိုက်ကာ ဒီဇိုင်းမျိုးစုံနှင့် အိမ်ခန်းအလှ ပြုပြင်ရေး**
  အမှတ်-၉၊ ရှင်စောပုဘုရားလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်။ ဖုန်း-၅၁၀၉၁၂
- **Topway Decoration & Engineering Co., Ltd.**
  အမှတ်-၆၊ အင်းလျားလမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်။
  ဖုန်း-၅၂၄၃၂၁၊ ၅၃၆၉၀၆၊ ဖက်စ်-၅၂၄၃၂၁
- **Uni-Win (Stainless Steel, Glass Art & Decoration World)**
  အမှတ်-၇၈၉(A)၊ မဟာဗန္ဓုလလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်။ ဖုန်း-၂၂၉၂၆၅၊ ၂၂၈၇၅၄
- **Golden Sunrise Decoration Co., Ltd.**
  အမှတ်-၁၂၅၊ ပထမထပ်၊ သိမ်ဖြူလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်။ ဖုန်း-၂၉၄၀၈၁၊ ၂၀၁၄၄၉
- **ဂန္ထဝင်အိမ်ခန်းအလှပြုပြင်ရေးနှင့် ခန်းဆီးလိုက်ကာလုပ်ငန်း**
  အမှတ်-၄၂၊ ၁၁၉ လမ်း၊ မင်္ဂလာဈေးအနီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်။ ဖုန်း-၂၀၂၁၉၇

# နေရာပြောင်း ၊ လိပ်စာသစ်

- **NIBBAN ELECTRIC & ELECTRONICS**
  **Show Room & Service Center**
  အမှတ်–၁၁၁၊ ဗိုလ်ရွှေလမ်း၊ လသာမြို့နယ်၊ ရန်ကုန်။
  ဖုန်း–၂၅၁၇၉၂၊ ၇၀၀၄၇၀
- **Royal Garden Restaurant**
  နတ်မောက်လမ်း၊ ဗိုလ်ချုပ်ကြေးရုပ်အနီး၊ ဗဟန်းမြို့နယ်၊
  ရန်ကုန်။ ဖုန်း–၅၄၆၉၂၃
- **International Beverage Trading Co., Ltd. (မန္တလေးရုံးခွဲ)**
  အမှတ်–၃၀၃၊ ၈၁ လမ်း၊ ၂၇ လမ်းနှင့် ၂၈ လမ်းကြား၊
  ချမ်းအေးသာဇံမြို့နယ်၊ မန္တလေး။
  ဖုန်း–၀၂–၆၆၆၃၀၊ ၃၉၃၈၀
  E-mail:ibtcygn@mptmail.net.mm
  http://www.royalwhisky.com
- **ဝမ်းဆဲဗင်းဝမ်း မြန်မာထမင်းဆိုင်**
  အမှတ်–၁၃၀/၁၃၂၊ ဘိုကလေးဈေးလမ်း
  (အထက်ဘလောက်)၊ Y.M.C.A ရှေ့၊ ဗိုလ်တထောင်
  မြို့နယ်၊ ရန်ကုန်။ ဖုန်း–၂၀၁၃၀၇၊ ၃၈၀၈၄၂
- **Myanmar Jardine Schindler Limited**
  အမှတ်–၁၅(စ)၊ သံတမန်လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်။
  ဖုန်း–၂၂၈၃၇၆၊ ၂၂၆၉၃၀၊ ဖက်စ်–၂၂၈၃၇၆
  E-mail-mjst@schindler.com.mm
- **YE YINT CO., LTD.**
  **Lubricants Distribution & Auto Service**
  ပါရမီကွန်ဒို၊ အဆောက်အအုံအမှတ်–၁၂+၁၊
  အခန်းအမှတ်–၄၀၂၊ လှိုင်မြို့နယ်၊ ရန်ကုန်။
- **IDEA (Digital Empire)**
  အမှတ်–၂၂၀၊ ဗိုလ်တထောင်ဘုရားလမ်း၊ ပုဇွန်တောင်မြို့နယ်၊
  ရန်ကုန်။ ဖုန်း–၂၀၂၂၂၄၊ ၂၀၁၂၀၇
- **Myanmar Gateway (MoDiNs)**
  အမှတ်–၅၀၇၊ ပြည်လမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်။
  ဖုန်း–၅၀၄၀၁၂
- **SOFT Software System**
  တိုက်–၄၈၊ အခန်း–၁၂၊ ဗဟိုစည်အိမ်ရာ၊ လမ်းမတော်မြို့နယ်၊
  ရန်ကုန်။ ဖုန်း–၂၁၀၁၃၂၊ ၀၉–၈၀၃၀၆၂၅၊ ဖက်စ်–၂၁၀၁၃၂
  E-maiL: ay11@myanmar.com.mm
- **ကောင်းဥက္ကါ**
  **အိမ်၊ ခြံ၊ မြေ ရောင်းဝယ်ရေးနှင့် အထွေထွေလုပ်ငန်း**
  အမှတ်–၂၄၃၊ ပထမထပ်(ဘယ်)၊ ဗိုလ်အောင်ကျော်လမ်း၊
  ကျောက်တံတားမြို့နယ်၊ ရန်ကုန်။ ဖုန်း–၃၈၄၀၁၄

# ရန်ကင်းပန်းခြံရှေ့က အလူမီနီယံဆိုင်

အလူမီနီယံနဲ့ ပတ်သက်ပြီး အသုံးပြုကြမယ့် နေအိမ်၊ တိုက်ခန်း၊ ရုံးခန်းများမှာ အလှဆင်မွမ်းမံတဲ့အခါ စိတ်တိုင်းကျ အပ်နှံနိုင်တဲ့ဆိုင်တစ်ဆိုင်ကို လမ်းညွှန်ပေးလိုက်ပါတယ်။ လက်ရာကောင်းမွန်မှု၊ ဈေးနှုန်းသင့်တင့်မှုအပြင် အပ်နှံသူတို့နဲ့ ဆက်ဆံရာမှာလည်း မှန်ကန်သော ဝန်ဆောင်မှုနဲ့ ဆောင်ရွက်ပေးနေတာ တွေ့ရပါတယ်။

ဆက်သွယ်ရန်လိပ်စာ –

YUZANA Aluminium & Glass

အခန်း–၃၂၊ ရန်ကင်းလမ်း၊ ရန်ကင်းပန်းခြံရှေ့၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်။ ဖုန်း–၅၄၅၅၈၃

# အမျိုးသားဝတ် စတိုင်လ်ဘောင်းဘီ

အမျိုးသားများနဲ့ လိုက်ဖက်တဲ့ စတိုင်လ်ဘောင်းဘီအမျိုးမျိုး ဝယ်ယူနိုင်မယ့်နေရာ ဖြစ်ပါတယ်။ အမျိုးအစားစုံလင် များပြားလို့ စိတ်ကြိုက်ရွေးချယ် ဝယ်ယူနိုင်မှာဖြစ်ပြီး မန္တလေးမြို့တော်အတွင်း ဖွင့်လှစ်ထားတာ ဖြစ်ပါတယ်။

လိပ်စာ – MR.BIG MEN'S WEAR

အမှတ်–၂၈၉၊ လမ်း ၈၀၊ ၃၄ × ၃၅ လမ်းကြား၊ မန္တလေး။
ဖုန်း–၀၂–၃၈၅၄၁

# သန့်ရှင်းသပ်ရပ်တဲ့ စားသောက်ဆိုင်

ရန်ကုန်မြို့လယ်က စားသုံးသူတို့ နှစ်ခြိုက်သဘောကျစေမယ့် စားသောက်ဆိုင်တစ်ခုကို ညွှန်ပြလိုပါတယ်။ ဆိုင်အနေအထားကို သပ်ရပ်သန့်ရှင်းစွာ ခင်းကျင်းထားပြီး စားသုံးသူများ စိတ်အေးချမ်းသာစွာ သုံးဆောင်နိုင်ပါတယ်။ ဈေးနှုန်းကလည်း သင့်တင့်မျှတတဲ့နှုန်းထား ဖြစ်ပါတယ်။ တရုတ်စာ၊ ကုလားစာများ စုံလင်စွာထားရှိပြီး လက်ဖက်ရည်နဲ့ အအေးတို့လည်း ရရှိနိုင်ပါတယ်။ အချို့အစားအစာများကို စားသုံးသူ မှာယူမှသာ ပူပူနွေးနွေးဖြစ်အောင် ပြင်ဆင်ပေးတာ တွေ့ရပါတယ်။ ကားရပ်နားရန်လည်း နေရာအလုံအလောက် ရှိပါတယ်။ ဆိုင်ရဲ့ လိပ်စာကတော့–

LUCKY SEVEN TEA SHOP

အမှတ်–၁၃၈/၁၄၀၊ ၄၉ လမ်း (အပေါ်ဘလောက်)၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်။

# ၂၀၀၄ ခုနှစ် ဇူလိုင်လ၊ ဩဂုတ်လနှင့် စက်တင်ဘာလများအတွင်း ထွက်ရှိသောစာအုပ်များ

| စဉ် | စာအုပ်အမည် | စာရေးသူ | အုပ်ရေ | တန်ဖိုး (ကျပ်) | ထုတ်ဝေတိုက် | ထုတ်ဝေနှစ် | စာအုပ်အမျိုးအစား |
|---|---|---|---|---|---|---|---|
| ၁။ | စိတ်ပြောင်းစိတ်လွှဲ<br>စာမူခွင့်ပြုချက်အမှတ်-၇၆၃/၂၀၀၃(၆) | မောင်ပေါ်ထွန်း | ၁၀၀၀ | ၁၅၀၀ | ဖူးပွင့်ဝေဝေ | ၂၀၀၄၊ ဇူလိုင်<br>(ဒု-ကြိမ်) | ဘာသာပြန် |
| ၂။ | သိန်းငှက်မျက်လုံး<br>စာမူခွင့်ပြုချက်အမှတ်-၃၅၅/၂၀၀၄(၅) | မိုးမြင့်မောင် | ၁၀၀၀ | ၅၀၀ | ထိပ်တန်း | ၂၀၀၄၊ စက်တင်ဘာ<br>(ပ-ကြိမ်) | ရုပ်ပုံဆန်း |
| ၃။ | ဘဝဟန်<br>စာမူခွင့်ပြုချက်အမှတ်-၃၆၅/၂၀၀၃(၅) | ဒေါက်တာကျော်စိန် | ၁၀၀၀ | ၇၀၀ | ရာပြည့် | ၂၀၀၄၊ ဩဂုတ်<br>(ပ-ကြိမ်) | စိတ်ပညာ |
| ၄။ | လင်းလက်သည့် ကျောက်ခဲ<br>စာမူခွင့်ပြုချက်အမှတ်-၁၁၀၀/၂၀၀၃(၁) | ဟိန်းလတ် | ၁၀၀၀ | ၇၀၀ | ဖူလုံ | ၂၀၀၄၊ ဩဂုတ်<br>(ပ-ကြိမ်) | ရသစာစု |
| ၅။ | e-Government<br>စာမူခွင့်ပြုချက်အမှတ်-၆၄၀/၂၀၀၄(၇) | ရွှေနွယ် | ၁၀၀၀ | ၆၀၀ | စမ်းရေကြည် | ၂၀၀၄၊ စက်တင်ဘာ<br>(ပ-ကြိမ်) | စီမံခန့်ခွဲမှု |
| ၆။ | အောင်မြင်ခြင်းနှင့် ရှုံးနိမ့်ခြင်း<br>စာမူခွင့်ပြုချက်အမှတ်-၆၇၅/၂၀၀၃(၇) | မောင်သာမည | ၁၀၀၀ | ၇၀၀ | လင်းဦးတာရာ | ၂၀၀၄၊ ဩဂုတ်<br>(ပ-ကြိမ်) | ဘာသာပြန်<br>စာစု |
| ၇။ | ဒဿနလူ<br>စာမူခွင့်ပြုချက်အမှတ်-၁၄/၂၀၀၂(၄) | ပါရဂူ | ၅၀၀ | ၁၇၀၀ | စာအုပ်ဈေး | ၂၀၀၄၊ ဩဂုတ်<br>(ပ-ကြိမ်) | ဒဿန |
| ၈။ | ကျွန်တော် မြန်မာပြည်သား<br>စာမူခွင့်ပြုချက်အမှတ်-၃၉/၂၀၀၂(၇ ) | ဒေါက်တာ<br>ခင်မောင်ညွန့် | ၅၀၀ | ၁၅၀၀ | တွတ်ပီ | ၂၀၀၄၊ ဩဂုတ်<br>(ဒု-ကြိမ်) | အတွေ့အကြုံ |
| ၉။ | ယုံကြည်ချက်နှင့် စံဒေဝီများ<br>စာမူခွင့်ပြုချက်အမှတ်-၃၀၂/၂၀၀၄(၄) | အောင်မြတ်ဦး | ၅၀၀ | ၆၀၀ | ရွှေနှလုံးသား | ၂၀၀၄၊ ဩဂုတ်<br>(ပ-ကြိမ်) | နိုင်ငံတကာ<br>အမျိုးသမီး |
| ၁၀။ | တားရာစ်ဘူလ်ဘာ<br>စာမူခွင့်ပြုချက်အမှတ်-၅၄၄/၂၀၀၃(၅) | ဇန်းမော်တင်အောင် | ၅၀၀ | ၆၅၀ | ပဿဒ္ဒိ | ၂၀၀၄၊ နိုဝင်ဘာ<br>(ပ-ကြိမ်) | ဘာသာပြန် |
| ၁၁။ | ကမ္ဘာကျော်သူလျှိုမယ်<br>စာမူခွင့်ပြုချက်အမှတ်-၆၄၂/၂၀၀၄(၆) | တက်တိုး | ၁၀၀၀ | ၅၀၀ | သီဟရတနာ | ၂၀၀၄၊ ဩဂုတ်<br>(ဒု-ကြိမ်) | ဘာသာပြန် |
| ၁၂။ | မင်းသားလေး<br>စာမူခွင့်ပြုချက်အမှတ်-၆၀၇/၂၀၀၄(၆) | ဒေါက်တာ<br>ခင်လေးမြင့် | ၁၀၀၀ | ၇၅၀ | သီဟရတနာ | ၂၀၀၄၊ ဩဂုတ်<br>(ပဥ္စမ-ကြိမ်) | ဘာသာပြန် |
| ၁၃။ | ပက်တီဟတ်စ်နှင့် အက်စ်ဘယ်လ်အေဂိုဏ်း<br>စာမူခွင့်ပြုချက်အမှတ်-၄၇၈/၂၀၀၄(၅) | မောင်ပေါ်ထွန်း | ၁၀၀၀ | ၁၅၀၀ | သီဟရတနာ | ၂၀၀၄၊ ဇူလိုင်<br>(ဒု-ကြိမ်) | ဘာသာပြန် |
| ၁၄။ | သေမင်းတမန်လမ်းပေါ်ဝယ်<br>စာမူခွင့်ပြုချက်အမှတ်-၃၇၃/၂၀၀၃(၃) | လင်းယုန်သစ်လွင် | ၅၀၀ | ၁၀၀၀ | ဇေယျာမြေ | ၂၀၀၄၊ ဇူလိုင်<br>(တ-ကြိမ်) | အတွေ့အကြုံ |
| ၁၅။ | လိပ်ပြာမှတ်တမ်း<br>ရသဝတ္ထုတိုများ [စာမူခွင့်ပြုချက်အမှတ်-၃/၂၀၀၄(၁)] | စာရေးဆရာစုံ | ၁၀၀၀ | ၆၀၀ | ပင်နီ | ၂၀၀၄၊ စက်တင်ဘာ<br>(ပ-ကြိမ်) | ဝတ္ထုတိုစု |

| စဉ် | စာအုပ်အမည် | စာရေးသူ | အုပ်ရေ | တန်ဖိုး (ကျပ်) | ထုတ်ဝေတိုက် | ထုတ်ဝေနှစ် | စာအုပ်အမျိုးအစား |
|---|---|---|---|---|---|---|---|
| ၁၆။ | သမိုင်းကိုဖန်တီးခဲ့သူများ<br>စာမူခွင့်ပြုချက်အမှတ်-၄၈/၂၀၀၄(၅) | အောင်မြတ်ဦး | ၅၀၀ | ၇၀၀ | တံခွန် | ၂၀၀၄၊ ဩဂုတ် | အတ္ထုပ္ပတ္တိ (ပ–ကြိမ်) |
| ၁၇။ | မြန်မာသမိုင်းပုံ<br>စာမူခွင့်ပြုချက်အမှတ်-၅/၂၀၀၄(၁) | ဒေါက်တာသန်းထွန်း | ၅၀၀ | ၁၃၅၀ | မုံရွေး | ၂၀၀၄၊ ဇူလိုင် | သမိုင်း (ပ–ကြိမ်) |
| ၁၈။ | နန်းတွင်းသူခိုးနှင့် မိန်းမစိုး<br>စာမူခွင့်ပြုချက်အမှတ်-၆၆/၂၀၀၃(၇) | ရွှေဘိုမိမိကြီး | ၅၀၀ | ၈၀၀ | ရတနာပုံ | ၂၀၀၄၊ ဇူလိုင် | သမိုင်းစာစု (ပ–ကြိမ်) |
| ၁၉။ | မင်းနေပြည်<br>စာမူခွင့်ပြုချက်အမှတ်-၆၁/၂၀၀၃(၅) | နတ်မောက်ထွန်းရှိန် | ၅၀၀ | ၂၇၀၀ | ဖြိုး | ၂၀၀၄၊ ဇူလိုင် | သမိုင်း (ပ–ကြိမ်) |
| ၂၀။ | စာအုပ်ဆိုင်က လူဝင်လူထွက် ဆောင်းပါးစု | လူထုဒေါ်အမာ<br>စာမူခွင့်ပြုချက်အမှတ်-၆၂/၂၀၀၄(၁)( ပ – ကြိမ်) | | ၅၀၀ | ၁၅၀၀ | စာအုပ်ဈေး | ၂၀၀၄၊ ဇူလိုင် |
| ၂၁။ | တစ်သုညတစ်ဆယ်<br>စာမူခွင့်ပြုချက်အမှတ်-၇၂/၂၀၀၄(၆) | မသီတာ (စမ်းချောင်း) | ၈၀၀ | ၁၀၀၀ | Echo | ၂၀၀၄၊ စက်တင်ဘာ | လူငယ်ရေးရာ (ပ–ကြိမ်) |

# စာအုပ်လမ်းညွှန်
Editor's Choice

## ဗိသုကာအနုပညာအတွေးအမြင်နှင့် ဗိသုကာအဆောက်အအုံပညာစာစုများ

**ဒေါက်တာလွင်အောင်**




ဒေါက်တာလွင်အောင်မှာ ယခင် ရန်ကုန်စက်မှုတက္ကသိုလ် ယခု ရန်ကုန် နည်းပညာတက္ကသိုလ် ဗိသုကာဌာန၌ အနှစ် ၃၀ ကြာ တာဝန်ထမ်းဆောင်ခဲ့ဖူး သူတစ်ဦးဖြစ်ပြီး ယခုစာအုပ်မှာ သူ၏ အတွေ့အကြုံ လေ့လာဆည်းပူးခဲ့သမျှ ဗိသုကာပညာရပ်များကိုအများ နားလည်စေရန် ရေးသားထားခြင်း ဖြစ်သည်။ မြန်မာနိုင်ငံ၌ ဗိသုကာပညာရှင်နှင့် ဆောက်လုပ်ရေး အင်ဂျင်နီယာကို ကွဲကွဲပြားပြား ခွဲခြားနားမလည်နိုင်သူ အများအပြား ရှိနေရာ ဤစာအုပ်ကို ဖတ်ရှုခြင်းဖြင့် ဗိသုကာပညာရှင်မှာ အဆောက်အအုံဆောက်သူ မဟုတ်၊ တည်ဆောက်မည့် အဆောက်အအုံပုံစံကို ဒီဇိုင်းဆန်းသစ် ပုံဖော်သူသာဖြစ်ကြောင်း နားလည်နိုင်ပေလိမ့်မည်။

ဗိသုကာပညာရပ်၌ ဗိသုကာပညာရှင်တစ်ဦး၏ မြင်ပုံ၊ ယူပုံသည် သာမန်ထက် ထူးခြားပုံကို ဒေါက်တာလွင်အောင်က ဗိသုကာမျက်စိ ဟူသော ခေါင်းစဉ်ခွဲတစ်ခုဖြင့် ရှင်းလင်းထားသည်မှာလည်း စိတ်ဝင်စားဖွယ်ရာ ကောင်းပါသည်။ ဗိသုကာလက်ရာဖန်တီးမှုနယ်ပယ်၊ ရသခံစားမှုနယ်ပယ်တွင် လေးဘက်တိုင်း(Four Dimensional) သဘောပါဝင်သည်။ ထုသွင်နှင့် အရောင်တို့အပြင် အနိမ့်အမြင့်၊ အဖောင်းအပိန်၊ အတိုးအဆုတ် (Plasicity) သဘောတို့လည်း ပါဝင်ကြောင်း၊ ပန်းပုလက်ရာသဘောနှင့် ပန်းချီလက်ရာသဘောတို့ကို တစ်ပါတည်း သုံးစွဲသွားသည့်အပြင် လက်တွေ့အသုံးချရန်နှင့် အသုံးချရာတွင် ချောမောလွယ်ကူ သက်တောင့်သက်သာရှိစေရေးတို့လည်း ပါဝင်ကြောင်း၊ သို့ရာ

တွင် ဗိသုကာလက်ရာ၌ အနုပညာအရည်အသွေးသည် ပန်းချီ ပန်းပုအနုလက်ရာတို့ကဲ့သို့ ကိုယ်စားပြု (Representative Art) အနုပညာလက်ရာမျိုးနှင့် ခြားနားကြောင်း ရှင်းလင်းထားပါသည်။

စာရေးသူ၏အမှာနှင့် ဗိသုကာကျောင်းဆရာဘဝ အတွေ့အကြုံအခန်းတွင် မြန်မာဗိသုကာပညာရပ်နယ်ပယ်၌ ဖတ်စာအုပ်၊ ကျမ်းစာအုပ်၊ ကျောင်းသားကိုင်စာအုပ်တစ်အုပ်တလေမျှ မရှိခဲ့ကြောင်း၊ မြန်မာ့မြေပေါ်ရှိ မြန်မာ့ဗိသုကာလက်ရာဟန်စစ်စစ်ဖြင့် ရပ်တည်သော အဆောက်အအုံများကိုသာ အားကိုးအားထားပြု၍ သင်ကြားပို့ချခဲ့ကြောင်း၊ အရေအတွက်အားဖြင့် နည်းပါးလှသော အနောက်တိုင်းဗိသုကာတို့၏ ရေးသားချက်မှတ်တမ်းများကိုသာ အားပြု၍ စာရေးသူက ဆက်လက်ဖော်ထုတ်ကာ ပို့ချသင်ကြားခဲ့ကြောင်း ဖော်ပြထားရာ ယခု စာအုပ်သည် ဗိသုကာပညာရပ်နယ်ပယ်အတွက် အလေးထားအားကိုးမှု ရနိုင်မည့် သင်ရိုးစာအုပ်တစ်အုပ်အဖြစ် လက်ကိုင်ပြုနိုင်ပေသည်။

ဤစာအုပ်တွင် ဗိသုကာပညာရပ်မှာ အနုပညာအခြေခံနှင့် နီးနွယ်ဆက်စပ်မှုများ ရှိနေရာ စာရေးသူအနေဖြင့် အနုပညာ၏သဘော၊ အနုပညာခံစားမှုများကို တင်ပြပြီးနောက် ဗိသုကာပညာရပ်၏ အဓိပ္ပာယ်ဖွင့်ပုံ၊ ခံစားနားလည်နိုင်ပုံ၊ ဖန်တီးသူပညာရှင်များ၏ တီထွင်ရေးဆွဲမှုများကို မြန်မာနှင့် ကမ္ဘာယှဉ်၍ ရေးသားတင်ပြထားသည်။ ဤစာအုပ်ကို ဖတ်ရှုခြင်းအားဖြင့် ပျူခေတ်မှ ယနေ့ခေတ်ထိ ဆောက်လုပ်ခဲ့သမျှ အဆောက်အအုံများ၏ ဗိသုကာဖန်တီးမှုများကို ပေါ်လွင်ထင်ရှားစွာ မြင်သာနိုင်ပေမည်။

စာမူခွင့်ပြုချက်အမှတ်– ၇၂၉/၂၀၀၃(၈)
ထုတ်ဝေနှစ်– ၂၀၀၄ ခုနှစ်၊ မတ်လ
မျက်နှာဖုံးဒီဇိုင်း– ဆုပြည့်
တန်ဖိုး– ၁၈၀၀ ကျပ်
ထုတ်ဝေတိုက်– ပြည့်စုံစာအုပ်တိုက်
အကြိမ်– ပထမအကြိမ်
အုပ်ရေ– ၁၀၀၀

---

## အိန္ဒိယခရီးသည် ပါရဂူ

စာစောင်အသီးသီးတွင် ရေးသားထားသော ဆောင်းပါးများကို စုစည်းထုတ်ဝေခြင်း ဖြစ်သည်။ ဆရာပါရဂူ၏ နှစ်အပိုင်းအခြားအလိုက် သွားရောက်ခဲ့သော အိန္ဒိယခရီးစဉ် ခုနစ်ကြိမ်မှ အတွေ့အကြုံများကို စုစည်းရေးသားထားသော ခရီးသွားဆောင်းပါး ဖြစ်သည်။ ခရီးသွားဆောင်းပါးဟန်ဖြစ်သော်လည်း အိန္ဒိယနိုင်ငံနှင့် မြန်မာနိုင်ငံ၏ ဆက်ဆံရေးအခြေအနေ၊ အိန္ဒိယလူနေမှုဘဝ ပြောင်းလဲလာပုံတို့ကို ဆောင်းပါးများတွင် တို့ထိထားသည်။ ထိုဆောင်းပါးစုများတွင် ဗုဒ္ဓဂါယာ၏ မူလအခြေအနေမှ ယနေ့အခြေအနေသို့ ရောက်ရှိလာပုံကို စနစ်တကျ သရုပ်ဖော်ထားသည်ကို တွေ့ရသည်။ အိန္ဒိယနိုင်ငံ၏ ဗုဒ္ဓဘာသာအခြေအနေ၊ သာသနာပြုအခြေအနေတို့ကို အကဲခတ်နိုင်သည်။

ခရီးသွားဆောင်းပါးအစတွင် ယနေ့အထိ တွေ့ကြုံနေရသော နိုင်ငံခြားခရီးသွားပါက လုပ်ဆောင်ရမည့် နိုင်ငံကူးလက်မှတ်စာအုပ် လုပ်ထုံးလုပ်နည်းအဆင့်ဆင့်ကို



အသေးစိတ်သရုပ်ဖော်ထားသည်မှာ ရင်ခုံစရာကောင်းလှပြီး လေယာဉ်ပျံကြီး မြေပြင်မှ ကြွသွားသည့်အချိန်မှစ၍ စိတ်လက်ပေါ့ပါးလွတ်လပ်သွားပုံ အသေးစိတ်ခြယ်မှုန်းထားသည်။ အိန္ဒိယနိုင်ငံမှ ဗုဒ္ဓသာသနာပြုဝိပဿနာ ဆရာကြီး ဦးဂိုအင်ကာ၏ ဖိတ်ကြားချက်ဖြင့် စတင်ထားပြီး အိန္ဒိယနိုင်ငံ ဦးဂိုအင်ကာ နေထိုင်သည့် ဘုံဘေမြို့တွင် ဒေပဝါလီနေ့ဖြင့် တိုက်ဆိုင်၍ တစ်မြို့လုံး မီးရှူးမီးပန်းဗျောက်အိုးများဖြင့် ပျော်ရွှင်စည်ကားနေသည့်အချိန်တွင် လှပျိုဖြူညဥ့်ငှက်ကလေးသည် ဒေပဝါလီပွဲတော်နှင့် မဆိုင်ဘိအလား အစာရှာနေပုံတို့ကို တို့ထိရင်းဖြင့် အိန္ဒိယလူနေမှုပုံစံကို စဖွင့်ခဲ့သည်။ အိန္ဒိယပြည်တွင်း ခရီးလှည့်လှည်သွားလာရင်း ရထားခရီးစဉ်တစ်ခုတွင် အိန္ဒိယအမျိုးသားတစ်ဦးနှင့် စကားလက်ဆုံကြရင်း အမေးအဖြေလုပ်ကြရာတွင်–

"ခင်ဗျား အိန္ဒိယပြည်ကို ပထမဆုံး အကြိမ်လာတာလား"

"မဟုတ်ဘူး။ အခုလာတာ တတိယ အကြိမ်၊ အရင်ကလည်း နှစ်ကြိမ်လာဖူးတယ်"။

သူက ဆက်မေးပြန်သည်။

"ဒီလိုဆိုရင် ကျွန်တော်တစ်ခုမေးချင်ပါတယ်။ အရင်နှစ်ခေါက်လာတာနဲ့ စာရင် အခု တတိယအကြိမ် ရောက်လာတဲ့အခါမှာ ခင်ဗျားအနေနဲ့ အိန္ဒိယပြည်ကြီးကို ဘယ်လို မြင်ပါသလဲ"

"ယခုတစ်ခေါက်အလာမှာ အိန္ဒိယပြည်ကြီးဟာ အရင်ကနဲ့ မတူဘဲ လုံးဝပြောင်းလဲတိုးတက်နေတာ တွေ့ရတယ်"

ဆောင်းပါးအတော်များများသည် ကာလကတ္တားမြို့၊ ဘုံဘေ(မွန်ဘိုင်း)မြို့၊ ရာဇဂြိုဟ်မြို့များတွင် အခြေစိုက်ထားပြီး အဆိုပါဒေသများအတွင်း သွားလာရာ၌ မြင်တွေ့ မှတ်သားမိသည်များကို စာရေးသူကိုယ်တွေ့ဖြင့် ပေါင်းစပ်မှတ်တမ်းတင်ထားခြင်းပင် ဖြစ်သည်။ ဗုဒ္ဓဘာသာဝင်များအား သတ္တဌာနနေရာဒေသများဖြစ်ကြသည့် ရာဇဂြိုဟ်၊ ဗာရာဏသီ၊ ဂင်္ဂါ၊ မိဂဒါဝုန်၊ မူလ ဂန္ဓကုဋိဝိဟာရ၊ ကုသိနာရုံ၊ ဆရျိ၊ လုမ္ဗိနီ၊ ဟိမဝန္တာ စသည်ဖြင့် ဗုဒ္ဓဂါယာကို ဆရာငယ်စဉ်က အခြေအနေနှင့် ယနေ့ခေတ်အခြေအနေတို့ ယှဉ်တွဲ၍ မည်သို့မည်ပုံ တိုးတက်ပြောင်းလဲလာသည်ကို တွေ့ထိထားသည်။ ထို့အပြင် အိန္ဒိယနိုင်ငံရှိ ဟိန္ဒူဘာသာရေး အထွတ်အမြတ် ဘုရား ကျောင်းများ၊ တာ့ဂျ်မဟာကဲ့သို့ ဂန္ဓဝင်မြောက် အချစ်သက်သေ ဗိမာန်တော်တို့အကြောင်းကို လွမ်းမောဖွယ်ရာ တင်ဆက်ထားသည်။

အဓိကပေါ်လွင်သည့်အချက်မှာ ထိုစဉ်က အိန္ဒိယ–မြန်မာဆက်ဆံရေး အခြေအနေပင် ဖြစ်သည်။ နှစ်နိုင်ငံခေါင်းဆောင်များ၊ စာပေဂီတ၊ ကဗျာပညာရှင်ကြီးများ၊ နှစ်နိုင်ငံယဉ်ကျေးမှု စာပေဆက်ဆံရေး အခြေအနေများကို လေ့လာနိုင်သည့်အတွက် ထိုခေတ်ထိုအခါ သံတမန်ဆက်ဆံရေး၏ နည်းဗျူဟာပုံရိပ်လွှာအချို့ကို တွေ့မြင်ရနိုင်သည်။ ထိုစဉ်က အိန္ဒိယ၊ မြန်မာစာပေပညာရှင်များသည် အာရှ၊ အာဖရိကစာပေ ညီလာခံကြီးတွင် ထိုက်သင့်စွာ ဦးဆောင်နိုင်ခဲ့သည့်မြင်ကွင်းကျယ်ကိုလည်း ခံစားနိုင်သည်။ တဂိုးကဲ့သို့ ကမ္ဘာကျော် ကဗျာဆရာကြီးများ၊ ဝတ္ထုရေးဆရာများနှင့် မြန်မာစာပေပညာရှင်များ၏ ဆက်ဆံရေးသည် အတုယူအားကျဖွယ် ဖြစ်သည်။ အိန္ဒိယနှင့် မြန်မာတို့သည် တစ်နိုင်ငံ၏ ယဉ်ကျေးမှု၊ စာပေကို တစ်နိုင်ငံမှ အထူးလေးစားကြသည်။ ထို့အပြင် အိန္ဒိယရှေးဟောင်းစာပေပညာရှင်ကြီးများအား ကြီးကျယ်ခမ်းနားသော ဗိမာန်ကြီးများဖြင့် ဂုဏ်ပြုထားသည်ကို ဝမ်းနည်းတပ်မက်စွာ လေးစားမိနိုင်ပေသည်။

အချုပ်အားဖြင့်ဆိုရသော် ပါရဂူ၏ အိန္ဒိယခရီးသည် စာအုပ်သည် ဗုဒ္ဓဂါယာ ဘုရားဖူးအစီအစဉ်များ စတင်နေသည့်အချိန်ဖြင့် အချိန်ကိုက်ထုတ်ဝေခဲ့ခြင်း ဖြစ်သည်။ ဘုရားဖူးခရီးသွားများအတွက် နေရာဌာန မိတ်ဆက်အထောက်အကူပြုနိုင်သည်။ အိန္ဒိယလူနေမှုစရိုက် သဘာဝကို အကဲခတ်နိုင်သည်။ မြန်မာ–အိန္ဒိယဆက်ဆံရေးကို တွေ့ထိနိုင်သည်။ အယူအဆအဟောင်းကို ပယ်ခွာလာကြောင်းလည်း ဝန်ခံချက်ကို ရှာတွေ့နိုင်သည်။ အထူးသဖြင့် တန်ဖိုးထားအပ်သည့်အရာများ၊ ပွင့်လင်းသည့် လူနေမှုစနစ်များအကြောင်း ရှာဖွေတွေ့ရှိနိုင်သည့်အတွက် လူငယ်များ ဖတ်ရှုလေ့လာသင့်ပါသည်။

ခန့်ချုပ်အဖုံးဖြင့် ၁၀ ချိုးဆိုဒ် ဖြစ်သည်။ ရှားပါးရောင်စုံဓာတ်ပုံအချို့ကို ဖော်ပြထားပြီး အတွင်းစာရွက် ဘားဖြူ အသုံးပြုထားသည်။ ဖတ်ရှုရာတွင် ချောမွေ့ပြေပြစ်စေသည့် စကားပြေဟန်ဖြင့် ရေးသားထားပါသည်။

စာမူခွင့်ပြုချက်အမှတ်– ၅၇/ ၂၀၀၃(၁)
ထုတ်ဝေနှစ်– ၂၀၀၄ ခုနှစ်၊ ဇွန်လ
မျက်နှာဖုံးဒီဇိုင်း–
တန်ဖိုး– ၃၀၀၀ ကျပ်
ထုတ်ဝေတိုက်– ဦးထူးအောင်၊ ဒေါ်ခင်စော စာပေတိုက်
အကြိမ်– ဒုတိယ ■

LIVING COLOR MAGAZINE

Ph: 526302, 4412163



# မြို့ပြမြေယာစီမံခန့်ခွဲမှုနှင့် GIS စနစ်

ကျော်နိုင်

**စဉ်ဆက်မပြတ် ပြောင်းလဲတိုးတက်လာလျက်ရှိသော နည်းပညာများနှင့်အတူ တစ်ချိန်က လူအားနှင့် လက်ဖြင့် Manual ဆောင်ရွက်ခဲ့ရသည့် မြို့ပြစီမံကိန်းရေးဆွဲခြင်း၊ မြို့ကွက်ဖော်ထုတ်ခြင်းနှင့် မြေယာစီမံခန့်ခွဲမှုများသည် ယခုအခါ GIS ခေါ် ပထဝီဝင် သတင်းအချက်အလက်စနစ်ဖြင့် အချိန်တိုအတွင်း ပိုမိုတိကျစွာ Computerized ဆောင်ရွက်နိုင်ပြီဖြစ်ရာ မြန်မာနိုင်ငံသည်လည်း နိုင်ငံတကာနည်းတူ အဆိုပါစနစ်ကို အသုံးပြု၍ ဆောင်ရွက်စပြုနေပြီ ဖြစ်သည်။**

## GIS စနစ်နှင့် Myanmar Intergraph

GIS (Geographic Information System) ဆိုသည်မှာ Digital မြေပုံများနှင့် မြေပုံပေါ်ရှိ သက်ဆိုင်သမျှ အကြောင်းအရာအချက်အလက်များအားလုံးကို အစဉ်အလိုက် Database တွင် မှတ်သားထားပြီး လိုအပ်ပါက ယင်းမြေပုံနှင့် ချိတ်ဆက်အသုံးပြုနိုင်သည့် နည်းပညာ ဖြစ်သည်။

GIS စနစ်ကို မြန်မာနိုင်ငံသို့ တင်သွင်းမိတ်ဆက်ခဲ့သူမှာ စင်ကာပူနိုင်ငံ အခြေစိုက် Intergraph ကုမ္ပဏီဖြစ်ပြီး ၁၉၉၈ ခုနှစ်တွင် မြန်မာနိုင်ငံ၌ ရုံးခွဲလာရောက်ဖွင့်လှစ်ကာ GIS စနစ်နှင့် Remote Sensing ခေါ် ဂြိုဟ်တုဓာတ်ပုံများမှ မြေပြင်အနေအထားကို ပုံဖော်ယူခြင်းနှင့် Mapping မြေပုံထုတ်လုပ်ခြင်းနည်းပညာများကို မိတ်ဆက်ပေးခြင်း၊ ကုမ္ပဏီမှ ထုတ်လုပ်သော ကွန်ပျူတာ Hardware နှင့် Software များ ရောင်းချခြင်းနှင့် လိုအပ်သော နည်းပညာဆိုင်ရာ သင်တန်းများ ပို့ချခြင်းတို့ဖြင့် လုပ်ငန်းများ စတင်ဆောင်ရွက်ခဲ့သည်။

Myanmar Intergraph ၏ ပထမဦးဆုံး Customer မှာ ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာနဖြစ်ပြီး Cadastral Mapping နည်းပညာဖြင့် တစ်နိုင်ငံလုံးရှိ လယ်ယာမြေပိုင်ဆိုင်မှု စာရင်းဇယားနှင့် မြေပုံများ ပြုစုရေးဆွဲရန် GIS စနစ်ကို ရောင်းချကာ သင်တန်းပေးခဲ့ရကြောင်း အထွေထွေမန်နေဂျာ ဦးဇော်နိုင်က ရှင်းပြသည်။

ယခုအခါ အသုံးပြုသူ ဌာနဆိုင်ရာ အဖွဲ့အစည်းများ၊ INGO အဖွဲ့အစည်းများနှင့် ပုဂ္ဂလိကဆောက်လုပ်ရေးကုမ္ပဏီများ စုစုပေါင်း ၁၅ ခုကျော် ရှိလာပြီဖြစ်ပြီး GIS, Remote Sensing, Mapping နည်းပညာ ဝန်ဆောင်မှုများသာမက Photogrammetry (ဂြိုဟ်တု သို့မဟုတ် ကောင်းကင်ဓာတ်ပုံမှ မြေပုံသို့ အသွင်ပြောင်းခြင်း)၊ GPS Serveying (Global Positioning System ကို အသုံးပြု၍ မြေတိုင်းတာခြင်း)၊ Vehicle and Ship Tracking (သင်္ဘောလမ်းကြောင်း ပြသခြင်း)၊ Road Alignment and Route Selection (လမ်းမများ၏ မျက်နှာပြင်နှင့် လမ်းအူကြောင်း ရွေးချယ်သတ်မှတ်ခြင်း)၊ Civil Engineering (မြို့ပြတည်ဆောက်ရေးနှင့် အင်ဂျင်နီယာလုပ်ငန်းများ ဆောင်ရွက်ခြင်း)၊ Road Design (လမ်းဒီဇိုင်း ရေးဆွဲခြင်း) စသော ဝန်ဆောင်မှုများ တိုးချဲ့ဆောင်ရွက်လာခဲ့သည်။ လုပ်ငန်းကာလ ခြောက်နှစ်အတွင်း နည်းပညာရောင်းချသည့် ကုမ္ပဏီအဖြစ်မှ နည်းပညာများ ဖြန့်ဖြူးသင်တန်းပေးခြင်းနှင့် အဆိုပါ နည်းပညာများကို အသုံးပြု၍ Customer များ အပ်နှံသည့်လုပ်ငန်းများ ဆောင်ရွက်ခြင်း၊ တက္ကသိုလ်များနှင့် ပူးပေါင်း၍ GIS Diploma သင်တန်းများဖွင့်လှစ်ခြင်း၊ မြေပုံနှင့် ကွန်တိုမြေပုံများသာမက 3 D မြေပုံများ ထုတ်ပေးခြင်း၊ မြစ်ကြောင်းများ ပြောင်းလဲမှုကို လေ့လာခြင်းနှင့် မြစ်ကြမ်းပြင် 3 D မြေပုံထုတ်ပေးခြင်း၊ ပြည်ပရှိ အလားတူကုမ္ပဏီကြီးများမှ နည်းပညာများနှင့် ပစ္စည်းများကိုပါ ဖြန့်ဖြူးရောင်းချခြင်း၊ နည်းပညာဆိုင်ရာ Seminar နှင့် Worshop များ ကျင်းပပေးခြင်း စသည်တို့ကို တိုးချဲ့ဆောင်ရွက်ခဲ့ကြောင်း ၎င်းက ဆိုသည်။

ဂြိုဟ်တုဓာတ်ပုံအသုံးပြု၍ မြို့ပြမြေယာစီမံခန့်ခွဲမှုနှင့် ပတ်သက်ပြီး ဦးဇော်နိုင်က "အခုနောက်ပိုင်း ဂြိုဟ်တုဓာတ်ပုံတွေ တိုးတက်လာကာ အရည်အသွေးလည်း ပိုကောင်းလာသလို ဈေးနှုန်းလည်း သက်သာလာတယ်။ Ikonos ဂြိုဟ်တုက ရိုက်ပို့လိုက်တဲ့ ပုံတွေဆို တစ်မီတာပတ်လည်အထိ မြင်ရတယ်"ဟု ရှင်းပြသည်။ ၎င်းက ဆက်လက်၍ "ဂရန်လျှောက်တဲ့အခါမှာ မြေပိုင်ဆိုင်မှု ဓာတ်ပုံအတွက် တိတိကျကျ ပြတ်ပြတ်သားသား ရိုက်ကူးပေးနိုင်ဖို့ လိုပါ တယ်။ အခု ပုံတွေက အဲဒီလောက် တိကျမှန်ကန်ဖို့ မလွယ်သေးပါဘူး။ မြေတိုင်းကိရိယာတွေနဲ့ ကိုယ်တိုင် ဆင်းတိုင်းနေရတယ်။ အချို့ ကိရိယာတွေက ခေတ်နောက်ကျနေပြီ။ အဲဒါမျိုးအတွက် ဂြိုဟ်တုဓာတ်ပုံတွေထက် ပိုတိကျတဲ့ လေယာဉ်ပေါ်ကနေ ရိုက်တဲ့ ကောင်းကင်ဓာတ်ပုံတွေ လိုအပ်ပါတယ်"ဟု ထပ်လောင်းပြောကြားသွားသည်။

GIS နည်းပညာကို အသုံးပြု၍ မြို့ပြမြေယာစီမံခန့်ခွဲမှုသာမက မြို့ပြစီမံကိန်းရေးဆွဲခြင်း၊ မြို့ကွက်ဖော်ထုတ်ခြင်းတို့ကို အဓိက ဆောင်ရွက်လျက်ရှိသော အဖွဲ့အစည်းများမှာ မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန စည်ပင်သာယာရေးဦးစီးဌာနနှင့် ပုဂ္ဂလိကဆောက်လုပ်ရေးကုမ္ပဏီကြီးနှစ်ခုဖြစ်ကြောင်းနှင့် မကြာမီ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၌ပါ အသုံးပြုသွားရန် စီစဉ်လျက်ရှိကြောင်း ဦးဇော်နိုင်က ရှင်းပြသည်။

"လုပ်ငန်းသဘာဝအရ မြန်မာနိုင်ငံ မြေပုံပဲထုတ်ထုတ်၊ ရန်ကုန်ရဲ့ GIS ပဲလုပ်လုပ်၊ မန္တလေးရဲ့ GIS ပဲလုပ်လုပ်၊ အဓိကလိုအပ်တာက Data (အချက်အလက်) ပါပဲ။ အချို့ဌာနတွေရဲ့ Data တွေက Sensative ဖြစ်တယ်။ အများကို သိခွင့်မပေးဘဲ Confidential ထားထားတယ်။ အဲဒါမျိုးကျတော့ ကျွန်တော်တို့ အကုန်လုံး ဝင်ပါလို့ မရတော့ဘူး။ နည်းစနစ်တွေကို Provide လုပ်ပေးပြီး ကျွမ်းကျွမ်းကျင်ကျင် သုံးတတ်အောင် Training လုပ်ပေးရုံလောက်ပဲ"ဟု ထပ်လောင်းပြောကြားသွားသည်။

"အခုလောလောဆယ် GIS စနစ်အသုံးပြုနေတဲ့ ဝန်ကြီးဌာနအချင်းချင်းကို အချိတ်အဆက် မရှိသေးဘူး။ GIS စနစ်ကို တစ်ပြိုင်နက်တည်း သုံးပြီးတော့ တစ်နေရာထဲမှာ အလုပ်တွေ မထပ်မိအောင် Information Share လုပ်တဲ့အနေနဲ့ Geosparks Newsletter ကို နှစ်လတစ်ကြိမ် ပုံမှန်ထုတ်ဝေပေးနေပါတယ်။ ဘယ်ဌာနက ဘယ်နေရာမှာ ဘာတွေ ဆောင်ရွက်နေတယ်ဆိုတာ အခြားဝန်ကြီးဌာနတွေပါ သိအောင်၊ ဌာနတွေအချင်းချင်း Community ကလေး တစ်ခုရရှိလာအောင် ရည်ရွယ်ပါတယ်"ဟု ၎င်းက ဌာနအချင်းချင်း ဆက်သွယ်ဆောင်ရွက်စေလိုသည့်ဆန္ဒကို ထုတ်ဖော်ပြောပြသည်။

## မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနနှင့် GIS စနစ်

မြို့ပြစီမံကိန်းရေးဆွဲခြင်းနှင့် မြို့ပြမြေယာစီမံခန့်ခွဲမှုတို့ ဆောင်ရွက်ရန်အတွက် GIS စနစ်ကို ပထမဦးဆုံး အသုံးပြုခဲ့သည့် အဖွဲ့အစည်းမှာ ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနဖြစ်ပြီး ၁၉၉၅-၉၆ ခုနှစ်တွင် သစ်တောဦးစီးဌာန၏ နည်းပညာပံ့ပိုးမှုဖြင့် စတင် အသုံးပြုခဲ့သည်။

၁၉၉၈-၉၉ ခုနှစ်တွင် Myanmar Intergraph မှ GIS စနစ်နှင့် Geomedia Software များကို ဝယ်ယူခဲ့ပြီး မြို့ပြမြေယာစီမံခန့်ခွဲမှု၊ အိမ်ရာတည်ဆောက်ရေး၊ မြို့ပြစီမံကိန်းရေးဆွဲခြင်းနှင့် စက်မှုဇုန်ဖော်ထုတ်ခြင်းလုပ်ငန်းများအတွက် အသုံးပြုခဲ့ကြောင်း၊ လုပ်ငန်းသဘာဝအရ မြို့သစ်တစ်ခု တည်ဆောက်ရာ၌ လမ်းဖောက်ခြင်း၊ မြောင်းဖောက်ခြင်း၊ မြေအကွက်ချခြင်း စသည့် Physical Infrastructure (ရုပ်ပိုင်းဆိုင်ရာအခြေခံအဆောက်အဦ) များသာမကဘဲ Social Infrastructure (လူမှုရေးဆိုင်ရာအခြေခံအဆောက်အဦ) များဖြစ်သည့် စာသင်ကျောင်း၊ ဆေးရုံ၊ ကစားကွင်း၊ ဈေးတို့အပြင် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိရန်အတွက် စက်မှုဇုန်များပါ ဖော်ထုတ်ပေးရကြောင်း အဆိုပါဦးစီးဌာနလက်အောက်ရှိ မြို့ပြနှင့် ဒေသစီမံကိန်းဌာနခွဲမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်အေးအေးမြင့်က ရှင်းပြသည်။

"ကျွန်မတို့ဌာနရဲ့ ကွန်ပျူတာစနစ်အသုံးချမှုဟာ ၁၉၉၀ ခုနှစ် နောက်ပိုင်းမှာ UNDP နဲ့ ပူးပေါင်းပြီး Yangon National Development ကို ဆောင်ရွက်ခဲ့ကြရင်း စတင်ခဲ့ကြတာပါ။ အဲဒီတုန်းက ကွန်ပျူတာနဲ့ Hardware တွေကို Geocomp က ဝယ်ပါတယ်။ ဒီဇိုင်းဆွဲတာတွေကို Auto CAD နဲ့ စသုံးခဲ့တယ်။ GIS နဲ့ GPS တို့ကို Myanmar Intergraph က၊ Mapping နဲ့ အခြား Software အချို့ကို Santac ကနဲ့ Survey Equipments တွေကိုတော့ Concordia က ဝယ်ပါတယ်"ဟု သူမက ဌာနအတွင်း ကွန်ပျူတာနှင့် နည်းပညာများ ဖြည့်ဆည်းခဲ့ပုံနှင့်ပတ်သက်၍ ရှင်းပြသည်။

Pilot Project အဖြစ် Myanmar Intergraph နှင့် ပူးပေါင်းပြီး လှိုင်သာယာစက်မှုဇုန်(၁)ရှိ စက်ရုံအမျိုးအစား၊ အရေအတွက်၊ ဝန်ထမ်းအင်အား စသည်တို့ ပါဝင်သည့် Database တစ်ခုကို တည်ဆောက်ခဲ့ကြောင်း၊ ငွေဆောင်ကမ်းခြေဖော်ထုတ်ရေးနှင့် ဒေသဖွံ့ဖြိုးရေးစီမံကိန်းတွင်လည်း လမ်းကြောင်းရှာဖွေခြင်း၊ မြေနေရာသတ်မှတ်ခြင်းတို့ကို Myanmar Intergraph မှ နည်းပညာနှင့် Software များ အသုံးပြုပြီး Master Plan ရေးဆွဲ

ပေးခဲ့ရကြောင်း ဒေါ်အေးအေးမြင့်က ဆိုသည်။

ဒဂုံဆိပ်ကမ်းမြို့နယ် မြို့သစ်တည် ခြင်း၊ စက်မှုဇုန်အတွက် လမ်းကြောင်းရှာခြင်းနှင့် မြေနေရာသတ်မှတ်ခြင်းတို့ကို GPS စနစ်ဖြင့် ဆောင်ရွက်ခဲ့ကြကြောင်း၊ အလားတူ အစိုးရ၏ အထူးဖွံ့ဖြိုးရေးဇုန်ကြီးများအား ကွန်ပျူတာဒီဇိုင်း ရေးဆွဲနိုင်ရန်အတွက် ဂြိုဟ်တုဓာတ်ပုံဖြင့် နေရာရှာပြီး GPS စနစ်ကိုသုံး၍ လမ်းကြောင်းရှာ သတ်မှတ်ပေးခဲ့ကြောင်း သူမက ဆိုသည်။

ဌာနအတွင်း H.R ကဏ္ဍဖွံ့ဖြိုးစေရန်အတွက် GIS စနစ်နှင့် ပတ်သက်သည့် Workshop များ၊ သင်တန်းများကို ဌာနခွဲမှ ဝန်ထမ်းများအား အခါအားလျော်စွာ စေလွှတ်ပေးခဲ့ကြောင်း သူမက ဖြည့်စွက်ပြောကြားသည်။

"ကျွန်မတို့ဌာနအလုပ်က ရန်ကုန်မြို့ထဲမှာတင် မဟုတ်ပါဘူး။ နယ်တွေမှာ မြို့ကွက်တွေ နေရာချထားပေးဖို့ လိုအပ်လာရင် သွားပြီး မြို့ကွက်တွေ ဖော်ထုတ်ပေးရပါတယ်။ နယ်စပ်ဒေသတွေမှာ မြို့သစ်တွေ ဖော်ထုတ်တဲ့အခါမှာလည်း အခြားအဖွဲ့အစည်းတွေနဲ့ ပူးပေါင်းဆောင်ရွက်ရတာရှိတယ်"ဟု ရှင်းပြသည်။

"ဌာနရဲ့ လုပ်ငန်းတွေက ကျယ်ပြန့်နေလို့ နေရာတိုင်းကို Computerized မသွားနိုင်သေးပါဘူး။ Manual တွဲသုံးနေရတာတွေ ရှိသေးတယ်။ GIS Section လို သီးခြားဌာနခွဲ ဖွဲ့စည်းထားတာမျိုး မရှိသေးလို့ အခြား အင်ဂျင်နီယာပိုင်းတွေပဲ ဦးစားပေးဆောင်ရွက်နေရတယ်။ GIS ကို ဇောက်ချ မဆောင်ရွက်နိုင်သေးဘူး"ဟု သူမက တွေ့ကြုံနေရသော အခက်အခဲနှင့် ပတ်သက်ပြီး ပြောကြားသည်။

## Y.C.D.C နှင့် Digital Yangon

ခေတ်မီ GIS နည်းပညာကို အသုံးပြု၍ မြို့ပြစီမံကိန်းရေးဆွဲခြင်းနှင့် မြေယာစီမံခန့်ခွဲမှုလုပ်ငန်းများကို ထိထိရောက်ရောက် ဆောင်ရွက်လျက်ရှိသော ဌာနဆိုင်ရာအဖွဲ့အစည်းမှာ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ (Y.C.D.C) ပင် ဖြစ်သည်။ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနကို ၁၉၉၃ ခုနှစ်တွင် မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနလက်အောက်မှ Y.C.D.C လက်အောက်သို့ လွှဲပြောင်းခဲ့ပြီး မြေယာစီမံခန့်ခွဲမှုအပိုင်းကို အဓိကဆောင်ရွက်လျက်ရှိကာ မြို့ပြစီမံကိန်းရေးဆွဲခြင်း၊ မြို့သစ်ဖော်ထုတ်ခြင်းနှင့် မြို့ကွက်သတ်မှတ်နေရာချထားခြင်းလုပ်ငန်းများကိုမူ လိုအပ်သလို အဆိုပါဦးစီးဌာနနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း အဆိုပါဌာနမှ လက်ထောက်ဌာနမှူး ဒေါ်တင်တင်ပြုံးက ရှင်းပြသည်။




"ပြည်သူတွေကို ဝန်ဆောင်မှုပေးနေရတဲ့ မြေယာစီမံခန့်ခွဲမှုလုပ်ငန်းတွေကို ၁၉၉၉ ခုနှစ်မှာ Computerized စနစ်ပြောင်းဖို့ ဆုံးဖြတ်ခဲ့ပြီး ကျောက်တံတား၊ စမ်းချောင်းနဲ့ ကမာရွတ်မြို့နယ် သုံးမြို့နယ်ကို ပထမဆုံး စမ်းသပ်အကောင်အထည်ဖော်ခဲ့ပါတယ်။ MCC ရဲ့ နည်းပညာ ပံ့ပိုးမှုနဲ့ ၂၀၀၁ ခုနှစ် နှစ်ဆန်းပိုင်းမှာ အဲဒီသုံးမြို့နယ်ကို စတင် ဆောင်ရွက်နိုင်ခဲ့ပါတယ်။ မြေစာရင်းတွေ၊ မြို့ကွက်မြေပုံတွေကို Computerized လုပ်ခဲ့ကြတယ်"ဟု Computerized စနစ် ပြောင်းလဲကျင့်သုံးခဲ့ပုံနှင့် စပ်လျဉ်းပြီး သူမက မိတ်ဆက်ရှင်းပြသည်။

"၂၀၀၁ ခုနှစ်မှာ Myanmar Intergraph က GIS နဲ့ Geomedia Software တွေ၊ Hardware တွေဝယ်ပြီး City Plan အတွက် Digital Mapping စနစ်ကို စတင် တည်ဆောက်ခဲ့ပါတယ်။ လွန်ခဲ့တဲ့ ၁၉၉၀ ခုနှစ်လောက်က Aerial Photo (ကောင်းကင်ဓာတ်ပုံ) ပေါ်မှာ အခြေခံပြီး ရေးဆွဲထားတဲ့ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ နယ်နိမိတ်မြို့နယ်

ကမာရွတ်မြို့နယ်၏ ဂြိုဟ်တုဓာတ်ပုံ၊ မြေပုံနှင့် ကွန်ပျူတာစနစ်သုံး မြေပုံ







တွေရဲ့ မြေပုံကို အခြေခံပြီး GIS စနစ် အကောင်အထည်ဖော်ခဲ့တာပါ။ Land Infromation System (LIS) စနစ်နဲ့ တည်ဆောက်ထားတဲ့ ကျောက်တံတား၊ စမ်းချောင်းနဲ့ ကမာရွတ်မြို့နယ် သုံးမြို့နယ်ရဲ့ Database တွေကို အခြေခံပြီး ပြည်သူတွေရဲ့ မြေယာကိစ္စနဲ့ ပတ်သက်သမျှ လိုအပ်ချက်၊ စုံစမ်းမှု၊ အကူအညီတောင်းခံမှုတွေကို ကွန်ပျူတာစနစ်နဲ့ ဝန်ဆောင်မှုပေးခဲ့ပါတယ်"ဟု ဆိုသည်။

ယခုအခါ Plotter, Scanner စသည့် Hardware ပစ္စည်းများ ထပ်မံ ဝယ်ယူဖြည့်ဆည်းပြီး GIS စနစ်ဖြင့် Computerized ပြောင်းလဲလျက်ရှိရာ ၁း၃၆၀၀ စကေးရှိ မြေပုံ ၁၁၇ ချပ် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း၊ မြို့ကွက်၊ လမ်း၊ ကွန်တိုများမှာ အပါအဝင် Computerized ပြောင်းလဲပြီးဖြစ်ကြောင်းနှင့် နောက်ထပ် သုံးမြို့နယ်ဖြစ်သည့် တောင်ဥက္ကလာ၊ မြောက်ဥက္ကလာနှင့် လှိုင်မြို့နယ်တို့ကိုပါ တိုးချဲ့ဆောင်ရွက်နေလျက်ရှိကြောင်း သူမက ဆိုသည်။

"လောလောဆယ် ရှိပြီးသား Data တွေကိုပဲ ကွန်ပျူတာထဲရောက်အောင် အရင်ထည့်နေရပါတယ်။ Data တွေ မှန်ကန်ဖို့ နောက်တစ်ဆင့် ပြန်စစ်ရအုံးမှာပါ။ အခုလက်ရှိ (Block Map) မြို့ကွက်ပုံတွေ၊ Data တွေက နှစ်ကာလကြာရှည်နေတော့ မှန်ကန်တိကျမှု (Accuracy) လျော့နည်းနိုင်ပါတယ်။ ရှိပြီးသား Database တွေနဲ့က မလုံလောက်သေးပါဘူး။ Up to Date ဖြစ်အောင် ပြန်စစ်ရမယ်။ ပုံတွေကိုလည်း စကေးကောင်းကောင်းရဖို့ Aerial Photo ပြန်ရိုက်ရမယ်။ လိုအပ်တဲ့ Information တွေ ပြန်ထည့်ရမယ်"ဟု ထပ်မံဆောင်ရွက်ရမည့်လုပ်ငန်းအချို့နှင့် စပ်လျဉ်းပြီး သူမက ရှင်းပြသည်။

မကြာမီ Y.C.D.C ၏ စီမံအုပ်ချုပ်မှုအားလုံးကိုပါ Computerized ဖြစ်အောင် ဆောင်ရွက်နေလျက်ရှိကြောင်း၊ လောလောဆယ် Budget အခြေအနေအရ မြို့နယ်အလိုက် ခွဲလုပ်နေရသော်လည်း Budget အဆင်ပြေပါက မြို့နယ် ၃၃ မြို့နယ်စလုံး Computerized ဆောင်ရွက်သွားနိုင်မည်ဖြစ်ကြောင်း၊ Data အချက်အလက်များအားလုံး Up to Date ပြောင်းလဲပြီးပါက အခြား ဝန်ကြီးဌာနများနှင့်ပါ G2G (Government to Government) ချိတ်ဆက်အသုံးပြုနိုင်မည်ဖြစ်ကြောင်း ဒေါ်တင်တင်ပြုံးက ဆိုသည်။

Y.C.D.C ၌ Main Server ထားရှိပြီး ၎င်းမှတစ်ဆင့် သက်ဆိုင်ရာဌာနများ၊ မြို့နယ်အုပ်ချုပ်ရေးမှူးရုံးများနှင့် ပြည်သူများထံသို့ပါ G2B (Government to Business) နှင့် G2C (Government to Citizens) အထိ ချိတ်ဆက်ဆောင်ရွက်နိုင်ရန် စီစဉ်လျက်ရှိကြောင်း၊ GIS စနစ်ကို အသုံးပြုထားသဖြင့် မြေကွက်




တစ်ကွက်နှင့် ပတ်သက်ပြီး ဝန်ဆောင်မှုရမှု လိုပါက ယင်း မြေကွက်ပေါ်တွင် Click ထောက်လိုက်ရုံနှင့် မြေကွက်နှင့် ပတ်သက်သမျှ သတင်းအချက်အလက်များကို ပြည့်ပြည့်စုံစုံ သိရှိနိုင်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အနာဂတ်အလားအလာနှင့် ပတ်သက်ပြီး သူမက ဖြည့်စွက်ရှင်းပြသည်။

ယခုအခါ Y.C.D.C ရှိ ဌာန ၁၁ ခုကို Network ချိတ်ဆက်ပြီး သတင်းအချက်အလက်များကို ဌာနအချင်းချင်း ချိတ်ဆက်အသုံးပြုနိုင်ရန် ဆောင်ရွက်လျက်ရှိကြောင်း၊ GIS စနစ်ဖြင့် တည်ဆောက်ထားသည့် Database များကို အခြေခံပြီး Yangon City Management Information System ကို ၂၀၀၆ ခုနှစ် မတိုင်မီ ပြီးစီးအောင် အကောင်အထည်ဖော်သွားမည်ဖြစ်ကြောင်း၊ မကြာမီ ကျန်ရှိသည့်ဌာနများအားလုံးကိုပါ Network ချိတ်ဆက်ပြီးစီးသွားပါက မြို့တော်နေပြည်သူများအနေဖြင့် မြေယာစီမံခန့်ခွဲမှု၊ အခွန်ပေးဆောင်မှု စသည့် Y.C.D.C နှင့် ဆက်သွယ်ဆောင်ရွက်ရမည့် ကိစ္စအဝဝကို Y.C.D.C ရုံးချုပ်သို့ လာရောက်စရာမလိုတော့ဘဲ သက်ဆိုင်ရာ မြို့နယ်အုပ်ချုပ်ရေးမှူးရုံးများမှတစ်ဆင့် G2C ဆောင်ရွက်နိုင်ကြမည့် Digital Yangon အသွင်သို့ ပြောင်းလဲလာမည်ဖြစ်ကြောင်း ပြည်သူ့ဆက်ဆံရေးနှင့် ပြန်ကြားရေးဌာန ဌာနမှူး ဦးလှမြင့်ဆွေက သုံးသပ်ပြောကြားသည်။

## နယ်စပ်ဒေသစည်ပင်သာယာရေးနှင့် GIS စနစ်

GIS နည်းပညာကို အသုံးပြု၍ မြန်မာနိုင်ငံအနှံ့ နယ်မြို့များနှင့် နယ်စပ်ဒေသပါမကျန် Town Plan ရေးဆွဲမှုများကို ဆောင်ရွက်နေသည့် ဌာနဆိုင်ရာအဖွဲ့အစည်းတစ်ခုမှာ စည်ပင်သာယာရေးဦးစီးဌာန ဖြစ်သည်။

၂၀၀၁ ခုနှစ် နိုဝင်ဘာလမှ စတင်ပြီး GIS Software စနစ်များကို ဝယ်ယူအသုံးပြုခဲ့ကာ မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနနှင့် ပူးပေါင်း၍ သံတောင်ကြီး အပန်းဖြေစခန်းသစ် ဖော်ထုတ်ရန်အတွက် Town Plan ရေးဆွဲခြင်းနှင့် JICA အဖွဲ့အစည်းနှင့် ပူးပေါင်း၍ အပူပိုင်းဒေသ စိမ်းလန်းစိုပြေရေးစီမံကိန်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့သည်။ အဆိုပါစီမံကိန်းများမှ ရရှိလာသည့် အတွေ့အကြုံများကို အခြေခံ၍ ဝန်ကြီးဌာနတစ်ခုလုံးသာမက သက်ဆိုင်ရာအဖွဲ့အစည်းတိုင်းအတွက် အသုံးတည့်စေမည့် Generalized Database တစ်ခုကို တည်ဆောက်ခဲ့ရာ ၂၀၀၄ ခုနှစ် ဩဂုတ်လတွင် ပြီးစီးခဲ့ကြောင်း၊ ဖြည့်ဆည်းထည့်သွင်းလိုသည်များကို ထပ်မံ ဖြည့်ဆည်းထည့်သွင်းနိုင်မည့် Platform တစ်ခုအဖြစ် တည်ဆောက်ထားခြင်းဖြစ်ကြောင်း၊ Handware များ ထပ်မံ ဝယ်ယူဖြည့်ဆည်းခဲ့သလို Software ကို ကျွမ်းကျင်စွာ အသုံးပြုတတ်စေရန် ဌာနတွင်း သင်တန်းပါ ပို့ချပေးခဲ့ကြောင်း စည်ပင်သာယာရေးဦးစီးဌာန အင်ဂျင်နီယာဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးလှခိုင်က ဆိုသည်။

“အဲဒီ Database တွေကို ဌာနတွင်းမှာရှိတဲ့ ဝန်ထမ်းတွေအားလုံး သုံးလို့ရအောင် သင်ကြားပေးသွားမှာပါ။ စာကြည့်တိုက် ကြီးတစ်ခုလို Reference လုပ်လို့ရအောင် ထားထားမယ်”ဟု ၎င်းကဆိုသည်။

ထိုသို့ ဆောင်ရွက်နိုင်ရန်အတွက် Myanmar Intergraph ကုမ္ပဏီမှ GIS စနစ်နှင့် စပ်လျဉ်းသည့် Plotter, Scanner, Server နှင့် Software စနစ်များကို ကျပ်သိန်း ၃၆၀ ဖိုးခန့် ဝယ်ယူဖြည့်ဆည်းခဲ့ပြီး ၂၀၀၃ ခုနှစ် ဒီဇင်ဘာလတွင် GIS Section ကို သီးခြားဖွဲ့စည်းခဲ့ကြောင်း၊ ယခုအခါ Database တည်ဆောက်ပြီးစီးသွားပြီဖြစ်၍ အချက်အလက်မြေပုံစနစ်ဌာနဟု ပြောင်းလဲခေါ်ဝေါ်ခဲ့ကြောင်း၊ Database အတွင်း ပါရှိသည့်အချက်အလက်များကို တစ်နှစ်လျှင် တစ်ကြိမ် ဧပြီလတိုင်း Up to Date ပြုလုပ်သွားမည်ဖြစ်ကြောင်း ၎င်းက ရှင်းပြသည်။

ယခုအခါ ပဲခူး၊ ပြည်၊ တောင်ကြီး၊ မော်လမြိုင်နှင့် လားရှိုး မြို့ကြီးငါးမြို့၏ မြို့ပြ မြေနေရာချထားမှု (Urban Settlement) စနစ်ကို Database တည်ဆောက်ကာ Digital စနစ် ကူးပြောင်းနေကြောင်း၊ ထို့အပြင် Myanma Intergraph နှင့် ပူးပေါင်းပြီး ရန်ကုန်–မန္တလေးခရိုင်ချင်းဆက်လမ်းမကြီးကို တာဝန်ယူ ဖောက်လုပ်လျက်ရှိကြောင်း၊ အဆိုပါစီမံကိန်းမှာ မြန်မာနိုင်ငံ၌ GIS နည်းပညာကို အသုံးပြု၍ ပထမဦးဆုံး အသစ်ဖောက်လုပ်သည့် စီမံကိန်းဖြစ်ကြောင်း ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများနှင့် စပ်လျဉ်းပြီး ဦးလှခိုင်က ရှင်းပြသည်။

## အားသာချက်၊ အားနည်းချက်

GIS စနစ်နှင့်ပတ်သက်ပြီး ဦးလှခိုင်က

"အသုံးပြုရတာ အခက်အခဲအနည်းငယ် ရှိပေမယ့် အခြား GIS Software တွေနဲ့ စာရင် User Friendly ဖြစ်ပါတယ်။ သုံးရင်းနဲ့ ကျွမ်းကျွမ်းကျင်ကျင်တတ်သွားတယ်။ တခြား Software တွေက သင်ပြီးမှ တတ်ပြီးမှ သုံးလို့ရတာ"ဟု ဆိုသည်။

"အမှားအယွင်းတော့ နည်းနည်းရှိတာပေါ့။ Manual ဆွဲထားတဲ့ပုံတွေကို Scan ဖမ်းပြီး Digital ပြောင်းလိုက်ရင်တော့ စကေးကကြီးနေလို့ နည်းနည်းပါးပါးလွဲနိုင်ပါတယ်။ ကွန်ပျူတာထဲမှာ မျက်စိလျှမ်းပြီး ကဏန်းတွေထည့်တာ လွဲသွားရင် တွက်တာချက်တာပါ လွဲသွားနိုင်တယ်။ လူရဲ့အမှားပေါ့။ Computerized စနစ်က ပိုပြီး တိကျမြန်ဆန်တယ်။ အမှားမခံပါဘူး။ အဓိက,ကတော့ လူပါပဲ"ဟု ဒေါ်တင်တင်ပြုံးက ဆိုသည်။

## သုံးသပ်ချက်နှင့် နိဂုံး

မြန်မာနိုင်ငံ၌ GIS စနစ်ဖြင့် ဆောင်ရွက်စရာ များစွာ ကျန်ရှိနေသေးကြောင်း၊ အရေးပါသည့် ရေဆိုးမြောင်းစနစ်၊ ရေဖြန့်ဝေမှုစနစ်များမှာ လုံးဝမဆောင်ရွက်ရသေးကြောင်း၊ မြို့ကွက်၊ လမ်းတည်ဆောက်ခြင်း၊ မြေယာစီမံခန့်ခွဲခြင်းနှင့် မြေပုံထုတ်ခြင်းလောက်သာ ဆောင်ရွက်နေကြရသေးကြောင်း၊ မြို့ပြတည်ဆောက်ရေး အခြေခံအဆောက်အဦများနှင့် သက်ဆိုင်သည့် မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း စသည်တို့ပါ အဆိုပါစနစ်ကို အသုံးပြုပြီး အချင်းချင်းဆက်သွယ်ဆောင်ရွက်သင့်ပြီဖြစ်ကြောင်း၊ လမ်းသစ်တစ်ခု ဖောက်လုပ်ရာ၌ မီးကြိုးသွယ်သည့်အဖွဲ့ကတစ်ဖွဲ့၊ မြေအောက်တယ်လီဖုန်း Cable ချသည့် အဖွဲ့ကတစ်ဖွဲ့၊ ရေပိုက်ချသည့် အဖွဲ့ကတစ်ဖွဲ့၊ မြောင်းဖောက်သည်ကတစ်ဖွဲ့ တကွဲတပြားဆောင်ရွက်နေလျက်ရှိကြကြောင်း၊ အချင်းချင်း အချိတ်အဆက်မရှိ၍ မြောင်းပေါက်မည်ဆိုပြီး ပေါက်တူးဖြင့် ပေါက်လိုက်ရာ မြေအောက်ရှိ အင်တာနက် Cable ကြိုးကို ပေါက်မိ၍ ကြိုးပြတ်သွားသည့် သာဓကကြုံတွေ့ခဲ့ရဖူးကြောင်း MICT Park မှ ကွန်ပျူတာပညာရှင်တစ်ဦးက သုံးသပ်ပြောကြားသည်။

"စင်ကာပူမှာဆို Land Hub ဆိုတဲ့ Network ကြီးတစ်ခုကို GIS စနစ်နဲ့ တည်ဆောက်ထားတာ အဖွဲ့အစည်းတွေက ကိုယ်နဲ့ သက်ဆိုင်မယ့် Data အချက်အလက်တွေကို အဲဒီ Network ထဲ ဝင်ကြည့်ပြီး ဆောင်ရွက်ရုံပဲ"ဟု ဦးဇော်နိုင်က ပြည်ပနိုင်ငံ၌ ဆောင်ရွက်နေမှုများနှင့် ပတ်သက်ပြီး ရှင်းပြသည်။

ရန်ကုန်မြို့တော် ဖွံ့ဖြိုးတိုးတက်ရန် စီမံဆောင်ရွက်ရာတွင် GIS နှင့် Remote Sensing နည်းပညာကို မသုံးမဖြစ် အသုံးပြုရမည်ဖြစ်ကြောင်း၊ စီမံခန့်ခွဲရာတွင် အထောက်အကူပြုမည့် သတင်းအချက်အလက်များ အားလုံးလိုလို GIS စနစ်မှပင် ရရှိနိုင်မည်ဖြစ်ကြောင်း၊ လက်ရှိ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ အသုံးပြုလျက်ရှိသော မြေပုံမှာ ၁၉၅၀ ခုနှစ်က ပြုစုခဲ့သော မြေပုံများပေါ်တွင် အခြေခံထားကြောင်း၊ မြို့တော်ကြီး စီမံခန့်ခွဲရေးအတွက် ပြောင်းလဲမှုများအားလုံး ပါဝင်သည့် တိကျသေချာသော Base Map တစ်ခုကို အဆိုပါနည်းပညာများအပေါ် အခြေခံပြီး ပြုစုသွားရမည်ဖြစ်ကြောင်း ဒေါ်တင်တင်ပြုံးက အကြံပြုပြောကြားသည်။

မြို့တော်စီမံခန့်ခွဲရေးအတွက် GIS နည်းပညာဖြင့် LIS စနစ်ကို တည်ဆောက်ပြီးစီးသွားပါက ပြည့်စုံကောင်းမွန်သည့် Geo-Spatial Data များကို စနစ်ကျသော ပုံစံဖြင့် ရရှိနိုင်ပြီး အလွယ်တကူ ပြင်ဆင်ပြောင်းလဲနိုင်ခြင်း၊ အလွယ်တကူ ရှာဖွေနိုင်ခြင်း၊ အလွယ်တကူမျှဝေသုံးစွဲနိုင်ခြင်း၊ အချိန်နှင့် ငွေကြေးကုန်ကျမှု ပိုမိုသက်သာစေခြင်း စသည့်အကျိုးကျေးဇူးများကို ခံစားရမည်ဖြစ်ကြောင်း သူမက သုံးသပ်သည်။

မြန်မာနိုင်ငံ၌ တိုးတက်လာသော နည်းပညာများကို အသုံးချရကောင်းမှန်း သိရှိသော်လည်း အသုံးပြုရန် လိုအပ်နေသည့် Resources များ ရှိနေသေးရာ ယင်းတို့မှာ တာဝန်ရှိသူများနှင့် သက်ကြီးပညာရှင်များကို ခေတ်ပေါ်နည်းပညာများနှင့် ကျွမ်းဝင်ရင်းနှီးမှု ရရှိအောင် မိတ်ဆက်ပေးရန်လိုအပ်ခြင်း၊ လူငယ်ထု၏ တတ်မြောက်ထားပြီးဖြစ်သော အခြေခံပညာနှင့် ယခု ပေါ်ပေါက်လာသည့် ခေတ်မီနည်းပညာသစ်များ ဆက်စပ်ပေါင်းစည်းပြီး အရည်အချင်း ပြည့်ဝရန်လိုအပ်ခြင်း၊ ဌာနဆိုင်ရာများအနေအဖြင့် ICT နည်းပညာကို မရှိမဖြစ် မသုံးမဖြစ် အရာတစ်ခုအဖြစ် မသတ်မှတ်ဘဲ သာမန်အစိတ်အပိုင်းတစ်ခုအဖြစ်သာ သတ်မှတ်ထားဆဲဖြစ်၍ လိုအပ်သည့် ပစ္စည်းများ ဝယ်ယူဖြည့်ဆည်းရန် Budget အလုံအလောက် မပံ့ပိုးပေးနိုင်ခြင်း၊ ငွေကြေးလုံလောက်စွာ သုံးစွဲနိုင်မှု မရှိခြင်း၊ INGO အဖွဲ့အစည်းများ၏ ပူးပေါင်းပါဝင်မှုများစွာ လိုအပ်ခြင်း စသည်တို့ဖြစ်ကြသည်။

မြန်မာနိုင်ငံ၌ မြို့ပြမြေယာစီမံခန့်ခွဲမှုလုပ်ငန်းများ ဆောင်ရွက်ရာ၌ GIS စနစ်အပါအဝင် ခေတ်မီနည်းပညာများကို အသုံးချဆောင်ရွက်နိုင်မှုမှာ မပြောပလောက်အောင် သေးငယ်လျက် ရှိနေပါသေးသည်။ မြို့ပြမြေယာစီမံခန့်ခွဲမှုနှင့် သက်ဆိုင်သော မည်သည့်အဖွဲ့အစည်းမဆို GIS နည်းပညာသာမကဘဲ လိုအပ်သည့် ICT နည်းပညာများအားလုံးကို ပြည့်ပြည့်ဝဝ ကျယ်ကျယ်ပြန့်ပြန့် အသုံးချခွင့်ရလာမှသာ ရန်ကုန်မြို့တော်အပါအဝင် မြန်မာနိုင်ငံရှိ မြို့ကြီးများသည် နိုင်ငံတကာအဆင့်မီ မြို့ကြီးများနည်းတူ တစ်စတစ်စ အသွင်ပြောင်းလာမည်မှာ မလွဲပေ။

**ကျော်နိုင်**

■

# Asia Winner Industrial Limited

## မြန်မာနိုင်ငံ၌ သွင်းကုန်ထုတ်ကုန်လုပ်ငန်းများကို အင်အားကြီးမားစွာ ဆောင်ရွက်လျက်ရှိပြီး အိမ်ရိုက်သံအမျိုးမျိုး ထုတ်လုပ်လျက်ရှိသည့် ကုမ္ပဏီစက်မှုလုပ်ငန်း ဖြစ်သည်။

- May Yu Trading Co., Ltd. အမည်ဖြင့် ကုမ္ပဏီကို ၁၉၉၂ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ပြီး သွင်းကုန်ထုတ်ကုန်လုပ်ငန်းများကို အဓိက ဆောင်ရွက်ခဲ့သည်။
- ၁၉၉၄ ခုနှစ်တွင် Asia Winner Industrial Limited ဟု အမည်ပြောင်းလဲခဲ့ပြီး ပဲအမျိုးမျိုး၊ ရေထွက်ကုန်ပစ္စည်းများနှင့် အခြားတင်ပို့ခွင့်ပြုထားသည့် ကုန်ပစ္စည်းများကို ပြည်ပနိုင်ငံများသို့ တင်ပို့ခဲ့ကာ ပြည်ပမှ အိမ်သုံးကုန်၊ လူသုံးကုန်နှင့် ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများကို တင်သွင်းခဲ့သည်။
- ကုမ္ပဏီ၏ မန်နေဂျင်းဒါရိုက်တာမှာ ဦးအောင်နိုင်ဖြစ်ပြီး ဒါရိုက်တာအဖွဲ့ဝင်နှစ်ဦး၊ ကုမ္ပဏီရုံးခန်း၊ အိမ်ရိုက်သံစက်ရုံနှင့် ပဲသန့်စင်စက်ရုံတို့မှ ဝန်ထမ်းအင်အားစုစုပေါင်း ၆၀ ဦးကျော် ရှိသည်။
- တောင်ဒဂုံစက်မှုဇုန်ရှိ အိမ်ရိုက်သံစက်ရုံမှ Lucky Star အမှတ်တံဆိပ်ဖြင့် အရွယ်အစား ၀.၅ လက်မမှ ၅.၀ လက်မအထိ ရှိသော အိမ်ရိုက်သံအမျိုးမျိုးကို ထုတ်လုပ်ပေးလျက် ရှိသည်။
- အိမ်ရိုက်သံကုန်ကြမ်း သံချေမျာကို မလေးရှားနှင့် စင်ကာပူနိုင်ငံတို့မှ တင်သွင်းပြီး စက်ရုံရှိ စက်ပစ္စည်းများကို ထိုင်ဝမ်မှ တင်သွင်းတပ်ဆင်သည်။
- စွမ်းအားပြည့်လည်ပတ်ပါက တစ်နေ့လျှင် အိမ်ရိုက်သံတန်ချိန် ၃၀၀ အထိ ထုတ်လုပ်ပေးနိုင်သည်ဟု ဆိုသည်။
- တောင်ဒဂုံစက်မှုဇုန်ရှိ ပဲသန့်စင်စက်ရုံမှ တစ်နေ့လျှင် ပဲအမျိုးမျိုး တန်ချိန် ၅၀ အထိ သန့်စင်ထုတ်လုပ်ပေးလျက် ရှိသည်။
- သန့်စင်ပြီး အရည်အသွေးမီ ပဲအမျိုးမျိုးနှင့် သစ်စေ့များအား အိန္ဒိယ၊ ပါကစ္စတန်၊ ဘင်္ဂလားဒေ့ရှ်၊ စင်ကာပူ၊ မလေးရှားနိုင်ငံတို့သို့ တင်ပို့သည်။
- မလေးရှားနိုင်ငံမှ Bolts and Nuts အရွယ်အစားအမျိုးမျိုးနှင့် Wire ကြိုးခွေများ၊ အိန္ဒိယနိုင်ငံမှ Sea Horse အမှတ်တံဆိပ် စွပ်ကျယ်များနှင့် Classic Gold အမှတ်တံဆိပ် Formica (ဖော်မီကာ)များကို တစ်ဦးတည်းကိုယ်စားလှယ်အဖြစ် တင်သွင်းဖြန့်ချိလျက် ရှိသည်။



- ကုမ္ပဏီ၏ ညီနောင်လုပ်ငန်းတစ်ခုအဖြစ် May Yu Marine Products Co., Ltd. အမည်ဖြင့် တောင်ဒဂုံစက်မှုဇုန်၌ အအေးခန်းစက်ရုံ တည်ဆောက်ပြီး ရေချိုရေငန် ငါးအမျိုးမျိုးအား ပြုပြင်ထုပ်ပိုးကာ အင်္ဂလန်နိုင်ငံနှင့် ဥရောပနိုင်ငံများ၊ အရှေ့အလယ်ပိုင်းနိုင်ငံများ၊ ကိုရီးယား၊ စင်ကာပူနှင့် ဩစတြေးလျနိုင်ငံများသို့ တင်ပို့လျက် ရှိသည်။
- အအေးခန်းစက်ရုံ ဧရိယာအကျယ်အဝန်းမှာ ခြောက်ဧကကျော်ရှိပြီး ဝန်ထမ်းအင်အား စုစုပေါင်း ၅၀၀ ဦးကျော် ရှိသည်။
- ၂၄ နာရီ လည်ပတ်ထုတ်လုပ်လျက်ရှိပြီး ငါးအမျိုးမျိုးကို ပမာဏတန်ချိန် ၂၀၀၀ ခန့်

သိုလှောင်ထုတ်လုပ်ပေးနိုင်သည်ဟု ဆိုသည်။



- ပို့ကုန်အမျိုးမျိုးကို တစ်နှစ်အတွင်း အမေရိကန်ဒေါ်လာ ၁၂ သန်းကျော်ဖိုးအထိ တင်ပို့နိုင်ခဲ့သဖြင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ပြည်တွင်းရေကြောင်းမှ ပြည်ပပို့ကုန်အများဆုံး တင်ပို့နိုင်မှု ပထမဆုကို ၂၀၀၁-၂၀၀၂ နှင့် ၂၀၀၂-၂၀၀၃ ဘဏ္ဍာရေးနှစ်တို့တွင်လည်းကောင်း၊ ဒုတိယဆုကို ၂၀၀၃-၂၀၀၄ ဘဏ္ဍာရေးနှစ်တွင်လည်းကောင်း သုံးကြိမ်ချီးမြှင့်ခဲ့သည်။
- မကြာမီ ဆောက်လုပ်ရေးလုပ်ငန်းသုံး သံချောင်းများကို ထုတ်လုပ်သွားမည်ဟု သိရသည်။
- ပြည်ပဈေးကွက်အတွက် စင်ကာပူနိုင်ငံ စင်ကာပူမြို့၌ Venus International Pte. Ltd. အမည်ဖြင့် ကုမ္ပဏီရုံးခွဲတစ်ခု ဖွင့်လှစ်ထားသည်။



- **ကုမ္ပဏီလိပ်စာ**

  Asia Winner Industrial Limited
  အမှတ်-၁၃၊ ၄၉ လမ်း (အောက်ဆုံးဘလောက်)၊
  ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်။
  ဖုန်း-၂၉၃၃၆၀၊ ၂၉၇၄၄၅၊ ၂၉၉၆၆၈၊ ၂၉၉၇၅၄၊
  ဖက်စ်-၂၉၁၀၂၈
  E-mail: asiawinner@mptmail.net.mm
- **အိမ်ရိုက်သံ စက်ရုံလိပ်စာ**

  အမှတ်-၃၅၁၊ ပဲခူးလမ်း၊ တောင်ဒဂုန်စက်မှုဇုန်(၁)၊
  ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်။ ဖုန်း-၅၉၀၅၁၆
- **အအေးခန်းစက်ရုံလိပ်စာ**

  May Yu Marine Products Co., Ltd.
  အမှတ်-၅၂၅၊ မေယုလမ်း၊ တောင်ဒဂုန်စက်မှုဇုန်(၁)၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်။
  ဖုန်း-၅၉၀၆၅၅၊ ၅၉၁၀၇၂၊ ၅၉၀၅၁၇၊ ၂၄၄၆၇၅
  ဖက်စ်-၅၉၀၉၂၇၊
  E-mail: mayyu@mptmail.net.mm



- **အရောင်းပြခန်းလိပ်စာ**

  May Yu Sales Centre
  အခန်းအမှတ်-၁၊ ၂၊ ၃၊ အကွက်အမှတ်-၂၆၊
  စော်ဘွားကြီးကုန်းပွဲရုံ၊ အင်းစိန်မြို့နယ်၊ ရန်ကုန်။
  ဖုန်း-၆၄၁၀၇၃၊ ၆၄၁၂၈၅၊ ၆၄၂၁၂၂၊
  လိုင်းခွဲ-၃၅၆

# FMI Garden Development Ltd.

**မြန်မာနိုင်ငံ၏ ပထမဦးဆုံးနှင့် အကြီးဆုံး ပုဂ္ဂလိကပိုင်အိမ်ရာစီမံကိန်းဖြစ်သော FMI City ပဒေသာပင်မြို့တော်အပါအဝင် ခေတ်မီအိမ်ရာစီမံကိန်းများကို တည်ဆောက်အကောင်အထည်ဖော်လျက်ရှိသည့်ကုမ္ပဏီ ဖြစ်သည်။**

- First Myanmar Investment Co., Ltd. (FMI) နှင့် Serge Pun & Associates (SPA) Myanmar တို့ ၅၀ ရာခိုင်နှုန်းစီ ရင်းနှီးမြှုပ်နှံ၍ ၁၉၉၅ ခုနှစ်တွင် တည်ထောင်ဖွဲ့စည်းခဲ့။
- အကြီးအကဲမှာ ဒါရိုက်တာ ဦးစိုးမြင့်ဖြစ်ပြီး ဝန်ထမ်းအင်အားစုစုပေါင်း ၃၀၀ ဦးကျော်ရှိ။
- ၁၉၉၆ ခုနှစ်တွင် မြေအကျယ်အဝန်း ၆၀'× ၄၀'၊ ၆၀'× ၆၀'၊ ၆၀'× ၈၀' နှင့် ၁၀၀'× ၁၀၀' စီ အသီးသီးရှိသော နှစ်ထပ်လုံးချင်းအိမ်ရာ ၁၀၉၆ လုံး၊ ခေတ်မီအဆင့်မြင့်နှစ်ထပ်လုံးချင်းအိမ်ရာ ၁၄၄ လုံးနှင့် မြေကွက်များပါဝင်ပြီး စုစုပေါင်း ၅၀၀ ဧကကျော် ကျယ်ဝန်းသည့် FMI City ပဒေသာပင်မြို့တော်ကို လှိုင်သာယာမြို့နယ် အမှတ်(၅) လမ်းမကြီးနှင့် အောင်ဇေယျလမ်းအကြား လှိုင်မြစ်ကမ်းပေါ်တွင် တည်ဆောက်ခဲ့။
- နှစ် ၆၀ ဂရန်နှင့် ကိုယ်ပိုင် ရေ၊ မီး၊ စာသင်ကျောင်း၊ ဈေး၊ ရိုးမဘဏ်၊ အပန်းဖြေရိပ်သာနှင့် အားကစား Club၊ ရေကူးကန်၊ သန့်ရှင်းရေးစနစ်၊ PABX တယ်လီဖုန်းလိုင်း၊ Super Market၊ ၂၄ နာရီ လုံခြုံရေးစနစ်၊ ဘတ်စ်ကားလိုင်း စသည်တို့ပါရှိပြီး မြို့စည်ပင်သာယာရေးနှင့် စီမံခန့်ခွဲရေးအဝဝကို ကုမ္ပဏီမှ တာဝန်ယူ။
- ၂၀၀၁ ခုနှစ် အောက်တိုဘာလမှစတင်ပြီး မြေအကျယ်အဝန်း ၈၀'× ၈၀' စီရှိပြီး Cattleya နှင့် Vanda ဟူ၍ ပုံစံနှစ်မျိုးရှိသော အဆင့်မြင့်နှစ်ထပ်လုံးချင်းအိမ်ရာ ၂၀၅ လုံးပါဝင်သည့် Orchid Gardens၊ အကျယ်အဝန်း ၈၀'× ၁၀၀'စီရှိသော မြေကွက် ၆၄ ကွက် ပါဝင်သည့် New Finger Lake၊ အကျယ်အဝန်း ၈၀'× ၈၀' စီရှိသော မြေကွက် ၉၀ ကွက်ပါဝင်သည့် Cherry Avenue နှင့် ၁၀၀'× ၁၀၀' စီ ကျယ်ဝန်းသည့် မြေကွက် ၁၀၆ ကွက်တို့ကို နှစ်သက်ရာဒီဇိုင်းဖြင့် တည်ဆောက်နိုင်ရန် ထပ်မံဖော်ထုတ်ခဲ့။
- မြန်မာနိုင်ငံရှိ အဆင့်မြင့်ဂေါက်ကွင်းအိမ်ရာ စီမံကိန်းနှစ်ခုဖြစ်သော ကျင်း ၁၈ ကျင်းစီပါရှိသည့် လှိုင်သာယာမြို့နယ် ပန်းလှိုင်ဂေါက်ကွင်းအိမ်ရာ စီမံကိန်းနှင့် သန်လျင်မြို့နယ် Pun Hlaing Lane ဂေါက်ကွင်းနှင့် အိမ်ရာစီမံကိန်းတို့တွင် အကျိုးတူပူးပေါင်းတည်ဆောက်လျက်ရှိ။
- ၂၀၀၄ ခုနှစ် ဧပြီလတွင် ဘုရင့်နောင်တံတားနှင့် အောင်ဇေယျတံတားအကြား လှိုင်မြစ်ကမ်းနဖူးပေါ်၌ အလယ်အလတ်တန်းစားအဆင့်ရှိ ငါးထပ်၊ ခြောက်ထပ်နှင့် ရှစ်ထပ်လူနေအဆောက်အအုံများ၊ နှစ်ထပ်လုံးချင်းအိမ်ရာ ၃၆ လုံး၊ ရုပ်ရှင်ရုံနှင့် ခန်းမတို့ပါရှိမည့် စီးပွားရေးအဆောက်အအုံ (Business Centre) တစ်ခုနှင့်အခြား အခြေခံအဆောက်အဦများပါဝင်မည့် Seik Kan Thar Apartments စီမံကိန်းကို အကောင်အထည်ဖော်လျက်ရှိ။
- ၂၀၀၄ ခုနှစ်တွင်ပင် မောင်ဝိတ်မိသားစုဆောက်လုပ်ရေးကုမ္ပဏီနှင့် ပူးပေါင်းပြီး မရမ်းကုန်းမြို့နယ် ပြည်လမ်းနှင့် ပါရမီလမ်းထောင့်ရှိ ၁၃ ဧကခန့် ကျယ်ဝန်းသော မြေနေရာပေါ်၌ ရှစ်ထပ်တိုက် ငါးလုံးနှင့် လုံးချင်းအိမ်ရာ ၄၈ လုံး ပါဝင်မည့် အိမ်ရာစီမံကိန်းတစ်ခုကို အကောင်အထည်ဖော်လျက်ရှိ။
- **ဆက်သွယ်ရန်လိပ်စာ**

ဦးစိုးမြင့်(ဒါရိုက်တာ)
FMI Garden Development Ltd.
FMI City၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်။
ဖုန်း-၆၈၂၄၄၅-၅၈၊ ဖက်စ်-၆၈၁၉၅၅
E-mail:soemyint@spa.com.mm



# A1 Construction & Trading Co., Ltd.

**မြန်မာနိုင်ငံရှိ ထင်ရှားသည့် အဆောက်အအုံကြီးများအပါအဝင် ဆောက်လုပ်ရေးနှင့် အင်ဂျင်နီယာလုပ်ငန်း စီမံကိန်းများကိုအင်အားကြီးမားစွာဆောင်ရွက်လျက်ရှိသောကုမ္ပဏီ ဖြစ်သည်။**

- ၁၉၉၀ ခုနှစ်တွင် ကုမ္ပဏီကို တည်ထောင်ဖွဲ့စည်းခဲ့။
- ကုမ္ပဏီ၏ဥက္ကဋ္ဌမှာ ဦးဝင်းကြူ၊ မန်နေဂျင်းဒါရိုက်တာမှာ ဦးရန်ဝင်းတို့ဖြစ်ပြီး ဒါရိုက်တာအဖွဲ့ဝင်သုံးဦး၊ စီးပွားရေးနှင့် အင်ဂျင်နီယာပိုင်းဆိုင်ရာ အတိုင်ပင်ခံပညာရှင်ခြောက်ဦးနှင့် အင်ဂျင်နီယာများ၊ ကုမ္ပဏီဝန်ထမ်းများ၊ အလုပ်သမားများ အပါအဝင် ဝန်ထမ်းအင်အားစုစုပေါင်း ၂၀၀၀ ဦးကျော်ရှိ။
- အဆောက်အအုံဆောက်လုပ်ရန် မြေတိုင်းတာခြင်းနှင့် စူးစမ်းလေ့လာခြင်း၊ အဆောက်အအုံ အစအဆုံး တည်ဆောက်ခြင်း၊ မြို့ပြအင်ဂျင်နီယာပိုင်းဆိုင်ရာလုပ်ငန်းများ၊ အဆောက်အအုံအစိတ်အပိုင်းအလိုက် တပ်ဆင်ခြင်းနှင့် တည်ဆောက်ခြင်း၊ အုတ်မြစ်တိုင်စိုက်ခြင်း၊ မိလ္လာနှင့် ရေဆိုးထုတ်စနစ်၊ ရေပိုက်သွယ်တန်းခြင်း၊ ယန္တရားနှင့် လျှပ်စစ်ဓာတ်အားပိုင်းဆိုင်ရာ လုပ်ငန်းများ၊ တည်ဆောက်ရေးကာလ တွက်ချက်ခြင်းနှင့် ကုန်ကျစရိတ် ထိန်းချုပ်တွက်ချက်ပေးခြင်း စသည်တို့ကို ဆောင်ရွက်ပေးလျက်ရှိ။
- ဆောက်လုပ်ရေးလုပ်ငန်းများအတွက် လိုအပ်သော ယန္တရားများနှင့် စက်ပစ္စည်းများ တင်သွင်းရောင်းချခြင်း၊ ငှားရမ်းခြင်းတို့ကို ဝန်ဆောင်မှုပေးလျက်ရှိ။
- မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ မန္တလေးတက္ကသိုလ်၊ မန္တလေးဆေးတက္ကသိုလ်၊ မန္တလေးနည်းပညာတက္ကသိုလ်၊ မန္တလေးသူနာပြုတက္ကသိုလ်၊ မန္တလေးဈေးချိုတော်၊ ပျဉ်းမနားမြို့မဈေး၊ သန်လျင်မြို့မဈေး၊ မြို့လှသကြားစက်ရုံ ဝန်ထမ်းအိမ်ရာ၊ မန္တလေးအပြည်ပြည်ဆိုင်ရာ လေဆိပ်ဝန်ထမ်းအိမ်ရာ၊ Yangon International School, Myanmar Brewery Ltd. တို့၏ တိုးချဲ့အဆောက်အအုံများ၊ Ramada Hotel, Panorama Hotel, Myanmar Glogon Garment Factory, A1 Garment Factory, Yangon Knittting Industry စသည်တို့ကို တည်ဆောက်ပေးခဲ့။
- ဂျပန်နိုင်ငံမှ Konoike Construction Co., Ltd. နှင့် ပူးပေါင်းပြီး ရန်ကုန်မြို့ရှိ Sakura Tower, Sakura Residence နှင့် ပုဂံရှိ သီရိပစ္စယာဟိုတယ်၊ Hazama Corporation နှင့် ပူးပေါင်းပြီး Hotel Nikko Royal Lake-Yangon, Mega Steel Factroy, Myanmar Fujitsu Factory ၊ Mitsui Corporation နှင့် ပူးပေါင်းပြီး ရန်ကုန်မြို့ရှိ Sedona Hotel၊ Kajima Corporation နှင့် ပူးပေါင်းပြီး ဂျပန်နိုင်ငံသံအမတ်ကြီးနေအိမ်၊ မလေးရှားနိုင်ငံ Micasa Hotel Ltd. နှင့် ပူးပေါင်းပြီး ရန်ကုန်မြို့ရှိ Micasa Service Apartments တို့ကို တည်ဆောက်ခဲ့။
- ရန်ကုန်မြို့ ပြည်လမ်းရှိ အထပ် ၁၈ ထပ်ပါရှိမည့် Pyay Tower ကို ၂၀၀၄ ခုနှစ်မှ စတင်တည်ဆောက်လျက်ရှိ။
- A1 Travels & Tours Co., Ltd., A1 Garment Co., Ltd. နှင့် Panorama Hotel တို့၏ ညီနောင်လုပ်ငန်းဖြစ်။
- အစိုးရပိုင်စီမံကိန်းများနှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုအဆောက်အအုံများကို တည်ဆောက်သွားမည်ဟုဆို။
- **ဆက်သွယ်ရန်ပုဂ္ဂိုလ်နှင့် ကုမ္ပဏီလိပ်စာ**

ဦးကျော်တင့် (ဒါရိုက်တာ)
A1 Construction & Trading Co., Ltd.
Alfa Hotel ၊ အမှတ်–၄၁၊ နဝဒေးလမ်း၊
ဒဂုံမြို့နယ်၊ ရန်ကုန်။
ဖုန်း–၂၄၅၃၂၃၊ ၂၄၁၉၀၅၊ ၂၅၄၈၁၂၊
ဖက်စ်–၂၅၂၈၀၆
E-mail:aone@mptmail.net.mm
Web Site:www.myanmar.com/A1



# Hong Pang Construction Co., Ltd.

**မြန်မာနိုင်ငံ၌ လေယာဉ်ကွင်းနှင့် အဝေးပြေးလမ်းမစီမံကိန်းများကို တည်ဆောက်လျက်ရှိသော ဆောက်လုပ်ရေးကုမ္ပဏီအနည်းငယ်အနက် တစ်ခုဖြစ်သည်။**

- Hong Pang Group of Companies ၏ ကုမ္ပဏီလုပ်ငန်းခွဲ ၁၁ ခုအနက် တစ်ခုဖြစ်ပြီး ၁၉၉၈ ခုနှစ် ဇွန်လ ၂၄ ရက်နေ့တွင် တည်ထောင်ဖွဲ့စည်းခဲ့။
- ရန်ကုန်-မန္တလေး ခြောက်လမ်းသွားလမ်းမကြီး ဖောက်လုပ်ရေးစီမံကိန်းတွင် မန္တလေး-မိတ္ထီလာလမ်းအပိုင်း (ခရီးအကွာအဝေး ၄၈ မိုင်) ကို စက်ယန္တရား ၂၁၅ စီး၊ အလုပ်သမားအင်အား ၇၉၄ ဦးဖြင့် တာဝန်ယူဖောက်လုပ်လျက်ရှိ။
- ရှမ်းပြည်နယ် ကျိုင်းတုံ-တာချီလိတ်လမ်းပိုင်း အဆင့်မြှင့်ဖောက်လုပ်ခြင်းတွင် ပါဝင်ဆောင်ရွက်ခဲ့။
- ပခုက္ကူလေယာဉ်ကွင်းပြေးလမ်းနှင့် လေဆိပ်အဆောက်အအုံ ဆောက်လုပ်ခြင်း၊ ပုဂံ-ညောင်ဦး လေယာဉ်ကွင်းပြေးလမ်းနှင့် လေဆိပ်အဆောက်အအုံ တိုးချဲ့ဆောက်လုပ်ခြင်းနှင့် ကျိုင်းတုံလေယာဉ်ကွင်းပြေးလမ်း တိုးချဲ့ဆောက်လုပ်ခြင်း လုပ်ငန်းများကို တာဝန်ယူလျက်ရှိ။
- စစ်ကိုင်းတိုင်း စစ်ကိုင်းစက်မှုဇုန် (ပတ္တမြားစက်မှုဇုန်) ရှိ ဟုန်ပန်း PVC ပိုက် စက်ရုံကို ၂၀၀၃ ခုနှစ်တွင် တည်ထောင်ခဲ့ပြီး PVC ပိုက်အမျိုးမျိုးကို အလုပ်သမားအင်အား ၁၈ ဦးဖြင့် အရည်အသွေးမီ ထုတ်လုပ်လျက်ရှိ။
- Powder Mixer နှင့် Extruder စက်ကြီးများအပါအဝင် စက်ကိရိယာများကို ဂျာမနီနိုင်ငံမှ တင်သွင်း။
- ကုန်ကြမ်းပစ္စည်းများကို တောင်ကိုရီးယားနိုင်ငံမှ ဝယ်ယူ။
- **ကုမ္ပဏီလိပ်စာ**

  Hong Pang Construction Co., Ltd.

  ပတ္တမြားစက်မှုဇုန်၊ စစ်ကိုင်းစက်မှုဇုန်၊ စစ်ကိုင်းတိုင်း။
- **ရန်ကုန်ရုံးခွဲ-**

  အမှတ်-၂၁၆/၂၂၂(C,D)၊ မြေညီထပ်၊
  ဗိုလ်မြတ်ထွန်းအိမ်ရာ၊

  ၄၉ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊
  ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်။

  ဖုန်း-၂၉၃၅၃၃၊ ၂၉၅၅၃၆၊ ၂၉၉၇၀၉၊ ၂၉၁၀၀၉

  ဖက်စ်-၂၉၃၀၉၃

  E-mail:hypty@hongpang.com.mm



- **မန္တလေးရုံးခွဲ-**

  အမှတ်-B-1၊ ဇေတိကလမ်း၊
  ၇၇ လမ်း× ၇၈ လမ်းကြား၊
  ချမ်းအေးသာဇံမြို့နယ်၊ မန္တလေးမြို့။
  ဖုန်း-၀၂-၃၉၉၈၀၊ ၃၄၁၉၅၊ ၆၆၄၀၅၊ ၆၆၄၀၆ ။ ဖက်စ်-၃၁၂၆၀

# ရက်စွဲမှတ်တမ်း

**၈-၈-၂၀၀၄** * မြန်မာစံတော်ချိန် ၁၉ နာရီ ၁၆ မိနစ် ၃၆ စက္ကန့် အချိန်တွင် ကမ္ဘာ့အေးမြေငလျင်စခန်း၏ မြောက်ဘက် ၂၀၆ မိုင်ခန့် ကွာဝေးသော မြန်မာနိုင်ငံ ပြည်တွင်းနေရာကို ဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၄.၅ အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခု လှုပ်ရှားသွားကြောင်း သက်ဆိုင်ရာမှ သတင်းထုတ်ပြန်။

**၉-၈-၂၀၀၄** * မြန်မာနိုင်ငံဝန်ကြီးချုပ်ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံနှင့် ကမ္ဘောဒီးယားနိုင်ငံများသို့ ချစ်ကြည်ရေးခရီး သွားရောက်။

* မြန်မာနှင့် ဗီယက်နမ်နှစ်နိုင်ငံအကြား မှုခင်းကာကွယ်ရေးနှင့် တိုက်ဖျက်ရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ သဘောတူစာချုပ် (Cooperation Agreement Between the Government of the Union of Myanmar and the Government of the Socialist Republic of Bietnam on Prevention and Fighting Against Crime) ကို မြန်မာနိုင်ငံ ပြည်ထဲရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးကြီး တင်လှိုင်နှင့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ပြည်သူ့လုံခြုံရေးဝန်ကြီးဌာနဝန်ကြီး မစ္စတာ လီဟွန်အမ်းတို့နှစ်ဦး လက်မှတ်ရေးထိုး။

* မြန်မာ–တရုတ် နှစ်နိုင်ငံ စီးပွားရေးနှင့် ကျွမ်းကျင်မှုအတတ်ပညာ ပူးပေါင်းဆောင်ရွက်ရေး သဘောတူစာချုပ်အရပေးအပ်သည့် အကူအညီ ယွမ် သန်း ၅၀ မှ မြန်မာနိုင်ငံအစိုးရသို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံအစိုးရမှ အော်ဒီဆလွန်းကား အစီး ၃၀ လွှဲပြောင်းပေးအပ်သည့် မှတ်တမ်းလွှာကို အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ လက်မှတ်ရေးထိုး။

**၁၀-၈-၂၀၀၄** * ဂီတစာဆို ကျိုက်လတ်တင်လှ (အသက် ၆၅ နှစ်) ကွယ်လွန်။

**၁၄-၈-၂၀၀၄** * ထူးအိမ်သင်(ခ)ကျော်မြင့်လွင် (အသက် ၄၂ နှစ်) ကွယ်လွန်။

**၁၅-၈-၂၀၀၄** * မင်းသုဝဏ်(ခ) ဦးဝန် (အသက် ၉၆ နှစ်) ကွယ်လွန်။

**၁၆-၈-၂၀၀၄** * အာဆီယံနှင့် တရုတ်နိုင်ငံ မူးယစ်ဆေးဝါး ထိန်းချုပ်မှုပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်း (ASEAN and China Cooperative Operations in Response to Dangerous Drugs-ACCORD) ၏ အစားထိုးဖွံ့ဖြိုးရေးလုပ်ငန်းအဖွဲ့ တတိယအကြိမ် အစည်းအဝေးကို ရန်ကုန်မြို့ အလံပြဘုရားလမ်းရှိ Grand Plaza Rark Royal ဟိုတယ်၌ ကျင်းပ။

* ဘင်းမ်စတက် (BIMSTEC) အဖွဲ့ စွမ်းအင်ကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေး အစီအစဉ်ဖြစ်သည့် ဇီဝဒြပ်ထုစွန့်ပစ်ပစ္စည်းမှ ဇီဝဓာတ်ငွေ့ထုတ်လုပ်သော ကိရိယာအသုံးပြု၍ ဆေးရွက်ကြီးအခြောက်ခံသော သရုပ်ပြစီမံကိန်း အကောင်အထည်ဖော်မှုဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို မန္တလေးတိုင်း ညောင်ဦးမြို့ ပုဂံဟိုတယ်၌ ကျင်းပ။

**၁၇-၈-၂၀၀၄** * တောင်အာဖရိကနိုင်ငံ ဒါဘင်မြို့၌ ကျင်းပမည့် ဘက်မလိုက် လှုပ်ရှားမှုအဖွဲ့၏ ၁၄ ကြိမ်မြောက် ဝန်ကြီးအဆင့် အစည်းအဝေးနှင့် ဒုတိယအကြိမ် အာရှ–အာဖရိက ဒေသခွဲဆိုင်ရာ အဖွဲ့အစည်းများ ညီလာခံသို့ တက်ရောက်ရန် နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်ဝင်းခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ ထွက်ခွာ။

* သစ်တောရေးရာဝန်ကြီးဌာနနှင့် အာဆီယံအတွင်းရေးမှူးရုံးတို့ ပူးပေါင်း၍ မျိုးဆက်ပျက်သုဉ်းလုဆဲ တောရိုင်းတိရစ္ဆာန်၊ သစ်ပင်ပန်းမန်များ နိုင်ငံတကာကူးသန်းရောင်းဝယ်ရေးဆိုင်ရာ ကွန်ဗင်းရှင်း (Convention on International Trade in Endangered Species of Wild Flora and Fauna-CITES) ၏ အာဆီယံနိုင်ငံဆိုင်ရာ ကျွမ်းကျင်သူများအဖွဲ့ တတိယအကြိမ် အစည်းအဝေးကို ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ ဆီဒိုးနားဟိုတယ်၌ ကျင်းပ။

**၁၈-၈-၂၀၀၄** * အိန္ဒိယရုပ်ရှင်ပွဲတော် (Indian Film Week) ကို ရန်ကုန်မြို့ ဆူးလေဘုရားလမ်းရှိ နေပြည်တော်ရုပ်ရှင်ရုံ၌ ကျင်းပ။

* ရုပ်ရှင်သရုပ်ဆောင် ဦးအုံးခင်ကြီး (အသက် ၆၈ နှစ်) ကွယ်လွန်။

**၁၉-၈-၂၀၀၄** * သီရိပျံချီ ဦးကြည်မောင် (အငြိမ်းစားဗိုလ်မှူးကြီး) (အသက် ၈၆ နှစ်) ကွယ်လွန်။

**၂၄-၈-၂၀၀၄** * မကွေးတိုင်း၊ သရက်ခရိုင်၊ မင်းလှမြို့နယ်၊ ပုသိမ်–မုံရွာ (မြောက်ပိုင်း) လမ်း၊ ရှမ်းတပ်ကြီးကျေးရွာအနီး အရှည် ၅၀၀ ပေ ရှိသည့် ရွှေချောင်းတံတား ဖွင့်လှစ်။

* ရန်ကုန်မြို့တွင် ဂျီအက်စ်အမ်မိုဘိုင်း တယ်လီဖုန်းစနစ် တည်ဆောက်ရန် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အယ်လ်ကာတဲလ် ရှန်ဟိုင်းဘဲလ်ကုမ္ပဏီက လေကြောင်းခရီးဖြင့် တင်ပို့လိုက်သော ဂျီအက်စ်အမ်စက်ပစ္စည်းများနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဇက်တီအီးကော်ပိုရေးရှင်းက ရန်ကုန်နှင့် မန္တလေးမြို့တို့၌ ဂျီအက်စ်အမ်မိုဘိုင်းတယ်လီဖုန်းစနစ်များ တိုးချဲ့ တပ်ဆင်ရေး လုပ်ငန်းအတွက် ပေးပို့သောပစ္စည်းများ ရန်ကုန်မြို့သို့ ရောက်ရှိလာပြီး ယခုရောက်ရှိနေသော ပစ္စည်းများ တပ်ဆင်ပြီးစီးပါက မိုဘိုင်းဖုန်းသုံးစွဲလိုသူ တစ်သိန်းခန့်အား တပ်ဆင်ပေးနိုင်မည် ဖြစ်ကြောင်း နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြပါရှိ။

* ရန်ကုန်မြို့ရှိ မော်တော်ယာဉ်များအနက် ဘတ်စ်ကား အစီး ၁၀၀၀၊ တီအီးမော်တော်ယာဉ် အစီး ၁၀၀၀ နှင့် အညာဒေသရှိ ပုလိပ်၊ မြင်းခြံကို အခြေပြုသည့် မော်တော်ယာဉ် အစီး ၂၀၀ အား သဘာဝဓာတ်ငွေ့သုံး မော်တော်ယာဉ်များအဖြစ် ပထမအဆင့် ဦးစားပေး ပြောင်းလဲတပ်ဆင် အသုံးပြုသွားမည်ဖြစ်ကြောင်း ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်း အမှတ် (၂) စက်မှုဝန်ကြီးဌာန အစည်းအဝေးခန်းမတွင်ပြုလုပ်သော ဒီဇယ်အင်ဂျင်မှ သဘာဝဓာတ်ငွေ့သုံးအင်ဂျင် ပြောင်းလဲသုံးစွဲရေး ညှိနှိုင်းအစည်းအဝေးတွင် တာဝန်ရှိသူများမှ ပြောကြား။

**၂၅-၈-၂၀၀၄** * နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ ဥပဒေအမှတ် ၆/၂၀၀၄ ဖြင့် မြန်မာနိုင်ငံလေယာဉ်အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေအား ပြဋ္ဌာန်း။

* မလေးရှားနိုင်ငံ မလေးရှားဘုရင့်လေတပ်မတော် ကာကွယ်ရေး ဦးစီးချုပ် General Datuk Nik Ismail Bin Nik Mohamed ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ ရန်ကုန်မြို့သို့ ရောက်ရှိ။

* မြန်မာနိုင်ငံတွင် ပထမဆုံးအကြိမ်အဖြစ် အသည်းအလှူရှင် မအေးမွန်ထံမှ အသည်းကို အသည်းခြောက်ဝေဒနာရှင် ကိုခင်ဇော်ထက်ထံသို့ အစားထိုးခွဲစိတ်ကုသမှု အောင်မြင်စွာပြုလုပ်နိုင်ခဲ့ကြောင်း နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြ။

* တရုတ်ပြည်သူ့သမ္မတနိုင်ငံ Tsingda Daring Biotechnologies Group သည် အမှတ်(၁) စက်မှုဝန်ကြီးဌာန မြန်မာ့စက္ကူနှင့် ဓာတုဗေဒလုပ်ငန်းနှင့် မုံရွာ တစ်နေ့တန် ၂၀၀ ပျော့ဖတ်နှင့် စက္ကူစက်ရုံစီမံကိန်းနှင့် သစ်တောစိုက်ခင်း ထူထောင်ရေး စီမံကိန်းအတွက်လည်းကောင်း၊ စွမ်းအင်ဝန်ကြီးဌာန စွမ်းအင်စီမံရေးဦးစီးဌာနနှင့် Downstream Oil & Gas စီမံကိန်းများ တည်ဆောက်ရေးအတွက်လည်းကောင်း နားလည်မှု စာချွန်လွှာ MoU များကို တာဝန်ရှိသူများမှ လက်မှတ်ရေးထိုး လဲလှယ်။

* မြန်မာနိုင်ငံနှင့် ဆော်ဒီအာရေဗျနိုင်ငံတို့အကြား သံတမန်အဆက်အသွယ်ပြုလုပ်ရန် သဘောတူညီချက်ကို နယူးယောက်မြို့တွင် နှစ်နိုင်ငံ သံအမတ်နှစ်ဦး လက်မှတ်ရေးထိုး။

**၃၀-၈-၂၀၀၄** * မန္တလေးတိုင်း ရမည်းသင်းခရိုင် လယ်ဝေးမြို့နယ် ရေပြာရိုးရွာအနောက်မြောက်ဘက် သဲဖြူချောင်းပေါ်တွင် တည်ဆောက်ထားသည့် ပင်မတာမံအမြင့် ၆၀ ပေနှင့် အရှည် ၂၆၅၀ ပေရှိ သဲဖြူရေလှောင်တမံ ဖွင့်လှစ်။

**၃၁-၈-၂၀၀၄** * ထိုင်းဘုရင့်တပ်မတော် (ကြည်းတပ်) ဦးစီးချုပ် General Chaisit နှင့် ဇနီး Madame Veena Shinawatra ခေါင်းဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ ရန်ကုန်မြို့သို့ ရောက်ရှိ။

* မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့ Sunway Lagoon Resort Hotel ၌ ဩဂုတ်လ ၂၃ ရက်တွင် အာရှတိုက်ရှိ ဗွန်ဆေးကု တက္ကသိုလ်များအသင်းက ကြီးမှူးကျင်းပသော ၂၀၀၄ ခုနှစ် နှစ်ပတ်လည်အစည်းအဝေးနှင့် စာတမ်းဖတ်ပွဲ၌ မြန်မာနိုင်ငံ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်မှ ခွဲစိတ်ကုနှင့် မျိုးပွားပညာဌာန ပါမောက္ခ (ဌာနမှူး) ဒေါက်တာမြင့်သိန်း တင်သွင်းသည့် ဖန်ပြွန်သန္ဓေသား ထုတ်လုပ်ခြင်းနှင့် စပ်လျဉ်းသည့် သုတေသနစာတမ်း အာရှတိုက်ရှိ ဗွန်ဆေး သိပ္ပံပညာထူးချွန်ဆုရရှိကြောင်း သတင်းထုတ်ပြန်။

* ဂီတစာဆို ရဲသီဟဦးတင်အောင် (အသက် ၇၅ နှစ်) ကွယ်လွန်။

**၂-၉-၂၀၀၄** * စာရေးဆရာမ တက္ကသိုလ်ယုမွန် (ခ) ဒေါ်စောကြည်ကြည် (အသက် ၇၈ နှစ်) ကွယ်လွန်။

**၃-၉-၂၀၀၄** * တရုတ်ပြည်သူ့သမ္မတနိုင်ငံ Dian-Qian-Gui Petroleum Exploration Bureau of SINOPEC နှင့် မြန်မာနိုင်ငံ စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းတို့ ကုန်းပိုင်းဒေသလုပ်ကွက်အမှတ်–D စစ်ကိုင်းတိုင်း မုံရွာခရိုင်နှင့် မကွေးတိုင်း ပခုက္ကူခရိုင်တို့အတွင်းရှိ မဟူတောင်ဒေသ၌ ရေနံနှင့် သဘာဝဓာတ်ငွေ့ ရှာဖွေတူးဖော်ထုတ်လုပ်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားရေးစာချုပ် (Production Sharing Contract) ကို ရန်ကုန်မြို့ ဆီဒိုးနား ဟိုတယ်၌ လက်မှတ်ရေးထိုး။

**၅-၉-၂၀၀၄** * မကွေးတိုင်း ပခုက္ကူမြို့နယ်တွင် တည်ဆောက်ထားသော ပြေးလမ်းအရှည် ၈၅၀၀ ပေ၊ အကျယ် ၁၀၀ ပေ၊ အထု ၂၇ လက်မ ပါဝင်သော ပခုက္ကူလေဆိပ် ဖွင့်လှစ်။

■

# ရွှေမြို့တော် ကော်ဖီမစ်

## မြန်မာနိုင်ငံ မန္တလေးမြို့တော်တွင် အရည်အသွေးမီ ထုတ်လုပ်ထားသည့် စားသောက်ကုန်တစ်မျိုး ဖြစ်သည်။




- ☆ အောင်ထိုက်မင်း ကုမ္ပဏီလီမိတက်မှ ၂၀၀၄ ခုနှစ် ဇန်နဝါရီလတွင် စတင် ထုတ်လုပ်ဖြန့်ချိခဲ့။
- ☆ ကုမ္ပဏီအကြီးအကဲမှာ ဒေါက်တာထွန်းဝင်းဖြစ်ပြီး ဝန်ထမ်းအင်အား ၁၅ ဦးခန့်ရှိ။
- ☆ စက်ပစ္စည်းနှင့် နည်းပညာများကို ပြည်တွင်းမှပင် ရယူထားပြီး အိတ်ပိတ်စက် တစ်မျိုးတည်းကိုသာ တရုတ်နိုင်ငံမှ မှာယူတင်သွင်းထားဟုဆို။
- ☆ ကုန်ကြမ်းပစ္စည်းများအား ပြင်ဦးလွင်အနီးစခန်းရှိ ကိုယ်ပိုင်ကော်ဖီခြံမှ ရယူ။
- ☆ အနံ့ပျက်ပြယ်မှုအတွက် ခြောက်လအထိ အာမခံပေးထားဟုဆို။
- ☆ Door to Door စနစ်ဖြင့် ဖြန့်ချိလျက်ရှိပြီး လောလောဆယ် ၂၀ ဋ အထုပ် ၃၀ ပါ တစ်ပါကင်လျှင် ၁၀၅၀ ကျပ် ဈေးနှုန်းဖြင့် ဖြန့်ချိ။
- ☆ ရွှေမြို့တော်ကော်ဖီမစ်အပြင် အောင်အောင်၊ တိမ်ပြာနှင့် ရွှေမြို့တော်ကော်ဖီမှုန့်တို့ကို ထုတ်လုပ်လျက်ရှိဟုဆို။
- ☆ ကုမ္ပဏီအနေဖြင့် ဆက်လက်၍ ဘလက်ကော်ဖီတစ်မျိုးကို ထုတ်လုပ်သွားရန် ရည်ရွယ်ထားကြောင်း သိရ။
- ☆ **ဆက်သွယ်ရန်ပုဂ္ဂိုလ်နှင့် ကုမ္ပဏီလိပ်စာ**
  - ဦးမိုးကျော်ဦး (Manager)
    အောင်ထိုက်မင်းကုမ္ပဏီလီမိတက်
  - အခန်း–G-1၊ လမ်း ၃၀၊ ၇၇× ၇၈ လမ်းကြား၊ ချမ်းအေးသာဇံမြို့နယ်၊
    မန္တလေး။ ဖုန်း–၀၂–၃၈၆၇၇၊ ၈၉၂၆၂
  - အခန်း–၇၅/၈၀၊ မြေညီထပ်၊ ၅၃ လမ်းထိပ်၊
    အနော်ရထာလမ်းနှင့် ဗိုလ်တထောင်ဘုရားလမ်းကြား၊
    ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်။

# Gold Roast Gold Coffeemix

## မြန်မာနိုင်ငံ၏ အသင့်စား လူသုံးကုန်ပစ္စည်းဈေးကွက်အတွင်းသို့ အသစ်ဝင်ရောက်လာသော Coffeemix တစ်မျိုး ဖြစ်သည်။

☆ Wyn & Sons ကုမ္ပဏီလီမိတက်မှ ၂၀၀၄ ခုနှစ် ဇူလိုင်လ ၂၁ ရက်နေ့တွင် စတင်ထုတ်လုပ်ခဲ့ပြီး Myanmar Distribution Group Co., Ltd. မှ ဖြန့်ချိ။

☆ ကုမ္ပဏီ၏ မန်နေဂျင်းဒါရိုက်တာမှာ ဦးအောင်မော်သိန်း ဖြစ်။

☆ ကိုလံဘီယာနှင့် ဘရာဇီးလ်ကော်ဖီနှစ်မျိုး ပေါင်းစပ်ပြီး စင်ကာပူနည်းပညာဖြင့် ထုတ်လုပ်ထားဟုဆို။

☆ အာမခံသက်တမ်း ၂ နှစ်ပေးထား။

☆ ဈေးနှုန်း အထုပ်သေး ၃၀ ထုပ်ပါ တစ်ထုပ်လျှင် ၁၃၈၀ ကျပ်နှုန်းဖြင့် မန္တလေး၊ တောင်ကြီး၊ လားရှိုး၊ တောင်ငူ၊ ပြည်၊ မော်လမြိုင်၊ မြစ်ကြီးနား၊ ပုသိမ်၊ စစ်တွေနှင့် ကလေးမြို့များတွင် ရုံးခွဲများ ဖွင့်လှစ်၍ လက်လီလက်ကား ဖြန့်ဖြူးရောင်းချလျက်ရှိ။




☆ ကုမ္ပဏီမှ လက်ရှိထုတ်လုပ်လျက်ရှိသော အခြားကုန်ပစ္စည်းများမှာ Gold Roast Coffeemix, Ben Café Coffeemix, Calsome ကွေကာ၊ Royal Myanmar Tea Mix များဖြစ်ကြောင်း သိရ။

☆ အခြား စားသောက်ကုန်ပစ္စည်းများကိုလည်း ထပ်မံထုတ်လုပ်ဖြန့်ချိသွားရန် စီစဉ်ထားဟုဆို။

☆ **ဆက်သွယ်ရန်ပုဂ္ဂိုလ်နှင့် ကုမ္ပဏီလိပ်စာ**

ဦးအောင်ဇော်ဦး (Marketing Manager)

Myanmar Distribution Group Co., Ltd.

– အမှတ်–၂၃၊ ကျန်စစ်သားလမ်း၊ (င)ရပ်ကွက်၊ မြောက်ဥက္ကလာပစက်မှုဇုန်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်။

ဖုန်း–၆၉၉၁၁၂၊ ၆၉၉၆၂၅၊ ဖက်စ်–၆၉၀၂၅၃၊ ၆၉၉၆၇၁

– အမှတ်–၉၀၀၊ ရန်ကုန်–မန္တလေးလမ်းမကြီး၊ ချမ်းမြသာစည် (မြောက်)၊

မဟာအောင်မြေမြို့နယ်၊ မန္တလေး။ ဖုန်း–၀၂–၃၉၇၃၁၊ ၆၀၈၉၈

# တွေ့ဆုံဆွေးနွေးမှုများ

## ၁-၁၀-၂၀၀၄

* ပုဂံရေးဟောင်းယဉ်ကျေးမှုနယ်မြေနှင့် မန္တလေးမြို့သို့ ချစ်ကြည်ရေးခရီး လည်ပတ်ရန် သွားရောက်မည့် ဧည့်သည်တော် ထိုင်းဘုရင့်တပ်မတော် (ကြည်းတပ်) ဦးစီးချုပ် General Chaisit Shinawatra သည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌနှင့် တွေ့ဆုံဆွေးနွေး။

## ၂-၁၀-၂၀၀၄

* Bangkok Airways မှ Mr.Pradit Theekakul (Senior Vice President Administration) နှင့် အဖွဲ့သည် ပို့ဆောင်ရေးဝန်ကြီးဌာနဝန်ကြီးနှင့် တွေ့ဆုံဆွေးနွေး။
* ရန်ကုန်မြို့၌ ရောက်ရှိနေသော ထိုင်းနိုင်ငံပြည်သူ့ဆက်ဆံရေးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် Mr.Dussade Sinchirmsiri ခေါင်းဆောင်သည့်အဖွဲ့ဝင်များသည် ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီးနှင့် တွေ့ဆုံဆွေးနွေး။

## ၇-၁၀-၂၀၀၄

* ထိုင်းနိုင်ငံ စွမ်းအင်ဝန်ကြီးဌာနဝန်ကြီး Mr.Prommin Lertsuridej နှင့်အဖွဲ့သည် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် တွေ့ဆုံဆွေးနွေး။

## ၉-၁၀-၂၀၀၄

* နိုင်ငံတော်ဝန်ကြီးချုပ်သည် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဖန်ဗန်ခိုင်နှင့်လည်းကောင်း၊ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ မစ္စတာ ငုယင်ဗန်အန်နှင့်လည်းကောင်း၊ ဗီယက်နမ်ကွန်မြူနစ်ပါတီ အထွေထွေအတွင်းရေးမှူး မစ္စတာ နွန်ဒွတ်မင်းနှင့်လည်းကောင်း ဗီယက်နမ်နိုင်ငံ ဟနွိုင်းမြို့တွင် အသီးသီးတွေ့ဆုံဆွေးနွေး။

## ၁၀-၁၀-၂၀၀၄

* နိုင်ငံတော်ဝန်ကြီးချုပ်သည် လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတ မစ္စတာခမ်တေးဆီဖန်ဒုံနှင့်လည်းကောင်း၊ ဝန်ကြီးချုပ် မစ္စတာဘွန်ညံဗိုရာချစ်နှင့်လည်းကောင်း လာအိုနိုင်ငံ ဗီယန်ကျင်းမြို့တွင် အသီးသီးတွေ့ဆုံဆွေးနွေး။
* မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံ သံအမတ်ကြီး Mr.Yuji Miyamoto သည် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနဝန်ကြီးနှင့် တွေ့ဆုံဆွေးနွေး။
* နိုင်ငံတော်ဝန်ကြီးချုပ်သည် ကမ္ဘောဒီးယားနိုင်ငံ ခေတ္တနိုင်ငံတော် အကြီးအကဲ ဆီးနိတ်ဥက္ကဋ္ဌမစ္စတာ ဆမ်ဒက်ချီဆင်နှင့်လည်းကောင်း၊ ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် ဆမ်ဒက်ဟွန်ဆင်နှင့်လည်းကောင်း ကမ္ဘောဒီးယားနိုင်ငံ ဖနွမ်းပင်မြို့တွင် အသီးသီးတွေ့ဆုံဆွေးနွေး။

## ၁၆-၁၀-၂၀၀၄

* တာဝန်ထမ်းဆောင်ခြင်းပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် မြန်မာနိုင်ငံဆိုင်ရာ အစ္စရေးနိုင်ငံ သံအမတ်ကြီး Mr.Yaacov Avrahamy သည် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် တွေ့ဆုံဆွေးနွေး။
* တာဝန်ထမ်းဆောင်ခြင်းပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံ သံအမတ်ကြီး H.E.Mr.Yuji Miyamoto သည် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီးနှင့်လည်းကောင်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီးနှင့်လည်းကောင်း အသီးသီးတွေ့ဆုံဆွေးနွေး။
* Hyosung Singapore Pte., Ltd. နှင့် မြန်မာနိုင်ငံရှိ Myanmar Hyosung Co., Ltd. မှ မန်နေဂျင်းဒါရိုက်တာ H.S Yoon သည် ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီးနှင့် တွေ့ဆုံဆွေးနွေး။

## ၁၇-၁၀-၂၀၀၄

* အိန္ဒိယသမ္မတနိုင်ငံ Federation of Indian Plywood & Panel Industry မှ ဥက္ကဋ္ဌ Mr.S.P. Goenka နှင့် အဖွဲ့ဝင်များသည် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် တွေ့ဆုံဆွေးနွေး။
* ကိုရီးယားသမ္မတနိုင်ငံ ရုပ်ရှင်ထုတ်လုပ်ရေးကုမ္ပဏီနှင့် မြန်မာနိုင်ငံရှိ I.C Enterprise Co., Ltd. မှ မန်နေဂျင်းဒါရိုက်တာ Mr.Kim Sung Wook နှင့်အဖွဲ့သည် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးနှင့် တွေ့ဆုံဆွေးနွေး။
* ဖိလစ်ပိုင်နိုင်ငံအခြေစိုက် Advanced Technology Systems, Ins မှ President & Chief Executive Officer Mr.Francis N.Celones နှင့်အဖွဲ့ဝင်များသည် အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီးနှင့် တွေ့ဆုံဆွေးနွေး။

## ၂၁-၁၀-၂၀၀၄

* တရုတ်ပြည်သူ့သမ္မတနိုင်ငံ ရောင်ဇူးမြို့ Yangzhou Environment Resources Technical Colege ဥက္ကဋ္ဌ Mr.Xu Ruqi ဦးဆောင်သော အဖွဲ့ဝင် ၅ ဦးပါ ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ရန်ကုန်မြို့တော်ဝန်နှင့် တွေ့ဆုံဆွေးနွေး။

## ၂၂-၁-၂၀၀၄

* တရုတ်ပြည်သူ့သမ္မတနိုင်ငံ Liaoning ပြည်နယ် Anshan People's Municipal Government မှ ဒုတိယမြို့တော်ဝန် Mr.Ge Haiying ခေါင်းဆောင်သော အဖွဲ့ဝင် ၁၀ ဦးပါ ကိုယ်စားလှယ်အဖွဲ့သည် မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်မှ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေး။

## ၂၄-၁-၂၀၀၄

* တရုတ်ပြည်သူ့သမ္မတနိုင်ငံ Tsingda Daring Biotechnologies Group မှ Chief Executive Officer, Mr. Deng Chongyun နှင့် အဖွဲ့ဝင်များသည် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် တွေ့ဆုံဆွေးနွေး။
* ကိုရီးယားသမ္မတနိုင်ငံ National Assembly မှ အဖွဲ့ဝင် Mr.Lee Woo Jae နှင့် အဖွဲ့သည် ရန်ကုန်မြို့တော်ဝန်နှင့် တွေ့ဆုံဆွေးနွေး။

## ၂၅-၁-၂၀၀၄

* ရန်ကုန်မြို့တွင် ချစ်ကြည်ရေးခရီး အလည်အပတ် ရောက်ရှိနေသော မလေးရှားနိုင်ငံ မလေးရှားဘုရင့်လေတပ်မတော် ကာကွယ်ရေးဦးစီးချုပ် General Datuk Nik Ismail Bin Nik Mohamed နှင့် အဖွဲ့ဝင်များသည် ကာကွယ်ရေးဦးစီးချုပ် (လေ) ဒုတိယဗိုလ်ချုပ်ကြီး မြတ်ဟိန်းနှင့် တွေ့ဆုံဆွေးနွေး။

## ၂၇-၁-၂၀၀၄

* မြန်မာနိုင်ငံဆိုင်ရာ ခရိအေးရှားသမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာဇယ်ဂျ်ကိုစင်ဘာသည်လည်းကောင်း၊ မြန်မာနိုင်ငံဆိုင်ရာ နယူးဇီလန်နိုင်ငံ သံအမတ်ကြီး မစ္စတာပီတာဟိုးဝပ်ရိုက်ဒါသည်လည်းကောင်း နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌနှင့် အသီးသီးတွေ့ဆုံဆွေးနွေး။
* တာဝန်ထမ်းဆောင်ခြင်းပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံ သံအမတ်ကြီး Mr.Yuji Miyamoto သည် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် တွေ့ဆုံဆွေးနွေး။

## ၂၈-၁-၂၀၀၄

* တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ စက်ရုံစီမံကိန်း တာဝန်ရှိသူများနှင့် ပညာရှင်များသည် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ပဲခူးတိုင်း ရေတာရှည်မြို့နယ် သာဂရမြို့တွင် တွေ့ဆုံဆွေးနွေး။

## ၃၁-၁-၂၀၀၄

* ထိုင်းဘုရင့်တပ်မတော် (ကြည်းတပ်) ဦးစီးချုပ် General Chaisit Shinawatra နှင့် အဖွဲ့သည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌနှင့် တွေ့ဆုံဆွေးနွေး။
* ထိုင်းဘုရင့်တပ်မတော် (ကြည်းတပ်) ဦးစီးချုပ် General Chaisit Shinawatra နှင့် အဖွဲ့သည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌနှင့် တွေ့ဆုံဆွေးနွေး။

ကြော်ငြာ

## စာမူပေးပို့သူများ သိသာရန်

LIVING COLOR မဂ္ဂဇင်းအား မြန်မာဈေးကွက်၏ လက်ရှိအခြေအနေများ၊ ထင်ဟပ်ဖော်ပြသော **သတင်းမဂ္ဂဇင်း** အဖြစ် ပိုမိုပီပြင်စွာ ပုံပေါ်လာရေးကို အယ်ဒီတာအဖွဲ့က အမြဲကြိုးစားနေပါသည်။ မြန်မာတစ်နိုင်ငံလုံးရှိ စာဖတ်ပရိသတ်များ၊ ပြည်ပရှိ စာဖတ်ပရိသတ်များ အားလုံးလိုလို သို့မဟုတ် အများစုက စိတ်ဝင်စားမည့် စီးပွားရေးသတင်း၊ သတင်းဆောင်းပါးနှင့် သတင်းဝေဖန်ချက်များကို ထည့်သွင်းဖော်ပြနိုင်ရန် အယ်ဒီတာအဖွဲ့က အမြဲအားထုတ်ခဲ့ပါသည်။ ထိုသို့ဖော်ပြနိုင်ရန်အတွက် ဤမဂ္ဂဇင်းတိုက်သို့ ပေးပို့လာသော စာမူအမျိုးမျိုးကိုလည်း အမြဲကြိုဆိုခဲ့ပါသည်။ ပေးပို့သော စာမူများသည် မဂ္ဂဇင်း၏ မူဝါဒများနှင့် ကိုက်ညီမှုရှိပါမှသာ နှစ်ဦးနှစ်ဖက် အဆင်ပြေနိုင်ပါမည်။ ဤမဂ္ဂဇင်းသည် မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ စာသုံးသူများ၊ ရင်းနှီးမြှုပ်နှံသူများ၊ စီးပွားရေးမူဝါဒချမှတ်သူများအားလုံးကို တစ်စုံတစ်ရာအကျိုးပြုရန် အမြဲကြိုးစားနေပါကြောင်း အထူးဖော်ပြလိုပါသည်။ စာမူများ ရေးသားပေးပို့ရာတါင် ပိုမိုအဆင်ပြေချောမွေ့စေရန်အလို့ငှာ လိုအပ်သော အချက်များကို အမှတ်စဉ်ဖြင့် ရေးထိုး ဖော်ပြလိုက်ပါသည်။

၁။ စီးပွားရေးသတင်း၊ သတင်းဆောင်းပါး၊ စီးပွားရေးသတင်း သုံးသပ်ချက် စသည့် စာမူအမျိုးအစားများကိုသာ ပေးပို့စေလိုပါသည်။

၂။ စီးပွားရေးသတင်းများ၊ သတင်းဆောင်းပါးများ၊ သတင်းဝေဖန်ချက်များကို သတင်းရေးဟန်ဖြင့်သာ ဖော်ပြရန်ဖြစ်ပြီး ရသဟန်အဖွဲ့ အနွဲ့ အသောအထော့မပါဘဲ အတည်အခန့် ရေးသားဖော်ပြန်ရန် ဖြစ်ပါသည်။

၃။ တစ်နိုင်ငံလုံး အတိုင်းအတာအရ စိတ်ဝင်စားမှုရှိနိုင်သည့် သတင်းအချက်အလက်ဖြစ်ရန် အရေးကြီးပါသည်။ မိမိဒေသအတွက် မည်မျှပင်အရေးပါနေစေကာမူ တစ်နိုင်ငံလုံးကစာဖတ်သူများ စိတ်ဝင်စားနိုင်သော သတင်းမျိုးမဟုတ်လျှင် မပေးပို့သင့်ပါ။ အချို့သတင်းများမှာ ဒေသန္တရသတင်းပင် ဖြစ်သော်လည်း တစ်နိုင်ငံလုံး အတိုင်းအတာအရ စိတ်ဝင်စားစရာကောင်းနေလျှင် ဖော်ပြပါမည်။ (ဥပမာ–ငွေဆောင် အပန်းဖြေကမ်းခြေသစ် ဖော်ထုတ်)

၄။ ဖြစ်နိုင်လျှင် မြန်မာနိုင်ငံ၏ အဓိကကျသော စီးပွားရေးနယ်ပယ်များဖြစ်သည့် နယ်စပ်ကုန်သွယ်ရေး၊ လက်လီဈေးကွက်၊ ကုန်စည်ဒိုင်သတင်း၊ ကျောက်မျက်ဈေးကွက်၊ ဟိုတယ်လုပ်ငန်း၊ ခရီးသွားလုပ်ငန်း၊ သွင်းကုန်ထုတ်ကုန်အမျိုးမျိုးနှင့် ၎င်းတို့၏ ဈေးကွက်၊ စက်မှုလက်မှုလုပ်ငန်းများ၊ ဘဏ်လုပ်ငန်း၊ ငွေရေးကြေးရေးဈေးကွက်၊ အခြေခံစီးပွားရေးအဆောက်အဦစီမံကိန်းများ စသည်တို့နှင့် ပတ်သက်သည့် သတင်းဆောင်းပါးများ ရလိုပါသည်။

၅။ သတင်းနှင့် သတင်းဆောင်းပါးများကို သတင်းစာသုံးစကားပြေဖြင့် ရေးသားဖော်ပြစေလိုပါသည်။ LIVING COLOR တွင် အနာဂတ်စီမံချက် အစီအစဉ်တစ်ခုရှိနေရာ ဖြစ်နိုင်လျှင် မဂ္ဂဇင်းတစ်အုပ်လုံးတွင် LIVING COLOR ၏ HOUSE STYLE (LIVING COLOR ၏ရေးဟန်) ဖြင့် ရေးသားထားသော သတင်း၊ သတင်းဆောင်းပါးများဖြင့်သာ ထုတ်ဝေလိုပါသည်။

၆။ သတင်းနှင့်သတင်းဆောင်းပါးများကို ရေးသားရာတွင် သတင်းစာသုံးစကားပြေဖြင့် တတိယလူရေးဟန် အသုံးပြု၍ (ဘေးမှကြည့်ရေးသောအမြင်ဖြင့်) ကျွန်တော်၊ ကျွန်မ စသော အသုံးအနှုန်း မပါဝင်စေဘဲ ရေးသားရန် ဖြစ်ပါသည်။ LIVING COLOR ၏ ယနေ့စီးပွားရေးမြင်ကွင်းကဏ္ဍ၊ ဈေးကွက်စီးပွားရေးသတင်းကဏ္ဍများတွင် ဖော်ပြသော သတင်းဆောင်းပါးများကိုကြည့်လျှင် ရေးသူ၏ အသက်အရွယ်၊ ကျား/မ စသည်တို့ မပေါ်လွင်အောင် တတိယလူ၏ ရှုထောင့်မှ ရေးသားထားသည်ကို တွေ့ရမည် ဖြစ်ပါသည်။ ဤအချက်ကို အထူးသတိပြုစေလိုပါသည်။

၇။ ယထာဘူတကျသော ဝေဖန်ချက်၊ သုံးသပ်ချက်များကို ရာနှုန်းပြည့် အပြုသဘောဆောင်၍ အတည်အခန့်ပွင့်လင်းစွာ ရေးသားနိုင်ပါသည်။ ပုဂ္ဂလိကခံစားချက်များ မပါဝင်စေရပါ။

၈။ သတင်းနှင့် ဆောင်းပါးများ၏ နိဒါန်းကို သတင်းအင်္ဂါရပ်နှင့်ညီညွတ်စေရန် အားရှိသော ခြေဆင်းဖြင့် အဖွဲ့အနွဲ့မပါဘဲ ရေးသားစေလိုပါသည်။ သတင်းဆောင်းပါး၏ ခြေဆင်းဝါကျသည် တစ်ကြောင်းတည်းဖြင့် ဆောင်းပါးတစ်ခုလုံး၏ ဦးတည်ရာကို အတိအလင်း ညွှန်ပြနိုင်ရပါမည်။

၉။ အထက်ပါအချက် (၅)၊ (၆)၊ (၇)၊ (၈) တို့နှင့် မညီညွတ်သော စာမူများကို LIVING COLOR ၏ ရေးဟန်ဖြင့် ညီညွတ်စေရန် အယ်ဒီတာအဖွဲ့မှ ပြင်ဆင်ရေးသားခြင်းကို သဘောတူညီရပါမည်။

၁၀။ မြန်မာနိုင်ငံနှင့် တိုက်ရိုက်မသက်ဆိုင်သော ဘာသာပြန်စာမူများကို မဖော်ပြလိုပါ။

၁၁။ စီးပွားရေးသတင်း၊ သတင်းဆောင်းပါးနှင့် စီးပွားရေးသုံးသပ်ချက် စာမူများကို တိုတိုရှင်းရှင်း ရေးသားဖော်ပြစေလိုပါသည်။ သတင်းတိုများမှလွဲ၍ ဆောင်းပါးအတိုအရှည်မရွေး၊ ကလောင်သစ်ဟောင်းမရွေး စာမူခ ၄၀၀ ကျပ် (လောလောဆယ်) သတ်မှတ်ထားပါသည်။

**အယ်ဒီတာ**

# ကုန်ဈေးနှုန်း

စက်တင်ဘာလဆန်း၌ ဆန်ဈေးပြောင်းလဲမှု များပြားခြင်းမှလွဲ၍ အခြေခံစားသောက်ကုန်ဈေးနှုန်းများ တည်ငြိမ်လျက်ရှိသည်။ စားအုံးဆီဈေးနှုန်း အနည်းငယ်တက်လာနိုင်သည်ဟု ဆီကုန်သည်ကြီးများအသိုင်းအဝိုင်းမှ သတင်းရရှိသည်။ အီလက်ထရွန်နစ်ပစ္စည်းအချို့ ဈေးနှုန်းအနည်းငယ် တက်သော်လည်း အရောင်းပါးလျက်ရှိကြောင်း ကုန်သည်တစ်ဦးက ဆိုသည်။ ၀၉-၉၉ နံပါတ်များ ၂၅ သိန်းအောက် ရောက်ရှိသွားသည်။ ကားဈေးကွက်၌ သိသိသာသာ ဈေးနှုန်းပြောင်းလဲမှုမရှိကြောင်း ယာဉ်ရောင်းဝယ်ရေးစခန်းအချို့မှ သတင်းရရှိသည်။

၂၀၀၄၊ စက်တင်ဘာလ ပထမပတ်အတွင်း ဖြစ်ပေါ်ခဲ့သော ကုန်ဈေးနှုန်းများ

## ကားဈေးနှုန်း (၇-၉-၂၀၀၄)

| ကားအမျိုးအစား | မော်ဒယ် | အက္ခရာ | ဈေးနှုန်း (သိန်း) |
|---|---|---|---|
| Suzuki Wagon | R+ | (၄ခ)(အဖြူရောင်/ပစ္စည်းစုံ) | ၁၉၀ |
| Suzuki Wagon | R+ | (၄ခ)(အဖြူရောင်/ပစ္စည်းမစုံ) | ၁၈၀ |
| Suzuki Wagon | R+ | (၅ခ)(မီးရောင်) | ၂၄၅ |
| Suzuki Wagon | R+ | (၅ခ)(အပြာရောင်) | ၂၄၀ |
| Corolla 1.5 Limited | 86/87 | (၁က) | ၁၆၅ |
| Corolla 1.5 Limited | 88/89 | (၁က) | ၁၇၀ |
| Corolla 1.5 Limited | 88/89 | (၁ခ) | ၂၁၀ |
| Corolla 1.5 Limited | 90/91 | (၁က) | ၁၈၀ |
| Corolla 1.5 Limited | 90/91 | (၁ခ) | ၂၂၀ |
| Corolla 1.5 Limited | 92/93 | (၁ခ) | ၂၆၀ |
| Corolla 1.8 Van (ဒီဇယ်) | 86/87 | (၁က) | ၁၄၀ |
| Corolla 1.8 Van (ဒီဇယ်) | 86/87 | (၁ခ) | ၁၅၀ |
| Corolla 1.8 Van (ဒီဇယ်) | 88/89 | (၁က) | ၁၅၀ |
| Corolla 1.8 Van (ဒီဇယ်) | 88/89 | (၁ခ) | ၂၂၀ |
| Corolla 1.8 Van (ဒီဇယ်) | 90/91 | (၁က) | ၂၃၅ |
| Corolla 1.8 Van (ဒီဇယ်) | 90/91 | (၁ခ) | ၂၅၅ |
| Corolla 2.0 Van (ဒီဇယ်) | 92/93 | (၁ခ) | ၂၇၀ |
| Corolla 1.5 Dx Van(ဓာတ်ဆီ) | 86/87 | (၁က) | ၁၆၅ |
| Corolla 1.5 Dx Van(ဓာတ်ဆီ) | 86/87 | (၁ခ) | ၁၇၀ |
| Corolla 1.5 Dx Van(ဓာတ်ဆီ) | 88/89 | (၁က) | ၁၅၀ |
| Corolla 1.5 Dx Van(ဓာတ်ဆီ) | 88/89 | (၁ခ) | ၁၉၀ |
| Corolla 1.5 Dx Van(ဓာတ်ဆီ) | 90/91 | (၁က) | ၂၀၀ |
| Corolla 1.5 Dx Van(ဓာတ်ဆီ) | 90/91 | (၁ခ) | ၂၁၀ |
| Corolla 1.5 Dx Van(ဓာတ်ဆီ) | 92/93 | (၁ခ) | ၂၄၅ |
| Corolla 1.3 Dx Van(ဓာတ်ဆီ) | 86/87 | (၁က) | ၁၆၅ |
| Corolla 1.3 Dx Van(ဓာတ်ဆီ) | 86/87 | (၁ခ) | ၁၇၅ |
| Corolla 1.3 Dx Van(ဓာတ်ဆီ) | 88/89 | (၁ခ) | ၁၈၅ |
| Corolla 1.3 Dx Van(ဓာတ်ဆီ) | 90/91 | (၁က) | ၂၀၀ |
| Corolla 1.3 Dx Van(ဓာတ်ဆီ) | 90/91 | (၁ခ) | ၂၀၅ |
| Corolla 1.3 Dx Van(ဓာတ်ဆီ) | 92/93 | (၁ခ) | ၂၃၀ |
| Toyota Corona 2.0 Van (ဒီဇယ်) | 88/89 | (၁ခ) | ၂၂၀ |
| Toyota Publica | 86/87 | (၁က) | ၈၅ |
| Toyota Publica | 86/87 | (၁ခ) | ၉၆ |
| Toyota Publica | 88 | (၁က) | ၈၅ |
| Toyota Publica | 88 | (၁ခ) | ၁၀၀ |
| Sunny Pick-up | 86/87 | (၁က) | ၇၅ |
| Sunny Pick-up | 90/91 | (၁က) | ၈၀ |
| Sunny Super Salloon (1.5) | 86/87 | (၁က) | ၁၆၀ |
| Sunny Super Salloon (1.5) | 86/87 | (၁ခ) | ၁၇၅ |
| Sunny Super Salloon (1.5) | 88/89 | (၁က) | ၁၃၅ |
| Sunny Super Salloon (1.5) | 88/89 | (၁ခ) | ၁၅၀ |
| Sunny Super Salloon (1.5) | 90/91 | (၁က) | ၁၆၀ |
| Sunny Super Salloon (1.5) | 90/91 | (၁ခ) | ၂၀၅ |
| Marlk II Groire(ဓာတ်ဆီ)(2.0)(Auto) | 94/95 | (၂ခ) | ၅၁၀ |
| Marlk II Groire(ဒီဇယ်)(2.4) | 94/95 | (၂ခ) | ၅၉၀ |
| Marlk II Groire(ဒီဇယ်)(2.4) | 94/95 | (၁ခ) | ၄၃၀ |
| Marlk II Grande (ဓာတ်ဆီ)(2.0)(Auto) | 94/95 | (၁ခ) | ၄၅၅ |
| CELSIOR (4.0) | 93/94 | (၃ခ) | ၄၂၅ |
| CROWN MAJESTA (4.0) | 96/97 | (၁ခ) | ၆၅၀ |
| PAJERO V46 (2.8) | 96 | (၂ခ) | ၉၅၀ |
| TOYOTA LANDCRUISER (4.6) | 99 | (၃ခ) | ၁၂၀၀ |
| TOYOTA LANDCRUISER (4.7) | 98 | (၃ခ) | ၁၃၀၀ |
| TOYOTA PRADO (3.0) | 96TZ | (၃ခ) | ၈၅၀ |
| TOYOTA PRADO (2.4D) | 92 | (၃ခ) | ၅၅၀ |
| HILUX (DOUBLE CAB) (3.0) | 98 | (၃ခ) | ၅၈၀ |
| HILUX (DOUBLE CAB) (2.4) | 98 | (၃ခ) | ၄၆၀ |
| HILUX (DOUBLE CAB) (2.8) | 95 | (၃ခ) | ၄၂၀ |
| HILUX SURF (3.0) | 97 | (၃ခ) | ၄၅၀ |

| | | | |
|---|---|---|---|
| HILUX SURF (3.0) | 94 | (၃ခ) | ၄၈၀ |

* အထက်ပါကားများသည် အကွာရာပေါ်မူတည်၍ ဈေးအတက်အကျရှိသည်။

* ကားဟောင်းများဖြစ်သည့်အတွက် ကားအခြေအနေပေါ်မူတည်၍ ဈေးကွာခြားသည်။

## တီဗီရောင်စုံများ

(၈-၉-၂၀၀၄)

| အမျိုးအစား | မော်ဒယ် | အရွယ် | နှုန်း(ကျပ်) |
|---|---|---|---|
| DISTAR | 2150 (Flat) | 21" | ၁၄၅,၀၀၀ |
| DISTAR | 2130 (STEREO) | 21" | ၁၂၀,၀၀၀ |
| DISTAR | 2947 | 29" | ၂၈၅,၀၀၀ |
| DISTAR | 2545 | 25" | ၂၁၀,၀၀၀ |
| ELBA | ETV 21 CT | 21" | ၁၃၅,၀၀၀ |
| ELBA | ETV 14 CT | 14" | ၂၈၅,၀၀၀ |
| Toshiba | 21 S3 | 21" | ၁၆၀,၀၀၀ |
| Toshiba | 29 A3 | 29" | ၂၉၀,၀၀၀ |
| SANYO | 21KX8 | 21" | ၁၃၅,၀၀၀ |
| SANYO | 21 AF8VA | 21" | ၁၅၅,၀၀၀ |
| SANYO | 29 KX5 | 29" | ၂၇၅,၀၀၀ |
| SANYO | 14KX8 | 14" | ၁၀၅,၀၀၀ |
| Star | 21TI | 21" | ၁၄၆,၇၀၀ |
| Star | 29TI | 29" | ၂၉၀,၇၀၀ |
| Samsung | 21M16 | 15" | ၁၄၅,၀၀၀ |
| SHARP | 29BS 10 | 29" | ၃၅၂,၀၀၀ |

## ရေခဲသေတ္တာများ

(၈-၉-၂၀၀၄)

| အမျိုးအစား | မော်ဒယ် | နှုန်း(ကျပ်) |
|---|---|---|
| HQ (CANCOOLER) | 405 | ၄၄၅,၀၀၀ |
| DISTAR | 960A | ၁၂၈,၀၀၀ |
| SANYO | SR421 | ၁၀၇,၀၀၀ |
| Panasonic | 184 H | ၁၄၀,၀၀၀ |
| Panasonic | 184 W | ၁၄၅,၀၀၀ |
| SANYO | 152C | ၁၃၀,၀၀၀ |
| SANYO | 159C | ၁၃၅,၀၀၀ |
| SANYO | 163C | ၁၄၀,၀၀၀ |
| SANYO | 163CQ | ၁၄၅,၀၀၀ |
| SANYO | 470 | ၁၅၀,၀၀၀ |
| ELBA | EFR 220 | ၁၄၅,၀၀၀ |
| ELBA | ER 252 | ၂၃၉,၀၀၀ |
| ELBA | ER 268 | ၂၉၉,၀၀၀ |
| ELBA | ER 298 | ၃၃၉,၀၀၀ |
| ELBA | ER 524 | ၁၁၉,၀၀၀ |
| TOSHIBA | 22SPT | ၂၈၅,၀၀၀ |
| TOSHIBA | 37ST | ၃၄၀,၀၀၀ |
| TOSHIBA | 46ST | ၄၂၀,၀၀၀ |
| TOSHIBA | 18YD | ၁၄၅,၀၀၀ |
| Star | RD-18DR4HA | ၂၀၀,၀၀၀ |
| Star | RD-22WR4HB | ၂၂၂,၄၀၀ |

## VCD ပြစက်

(၈-၉-၂၀၀၄)

| အမျိုးအစား | မော်ဒယ် | နှုန်း(ကျပ်) |
|---|---|---|
| Samsung | 870/890 | ၅၀,၀၀၀ |
| Samsung | Z10 MM | ၃၈,၀၀၀ |
| Samsung | 30 Me | ၅၂,၀၀၀ |
| DISTAR | 2217K | ၃၈,၀၀၀ |
| SHARP | DX-VK 300M | ၅၉,၀၀၀ |

## DVD ပြစက်

(၈-၉-၂၀၀၄)

| အမျိုးအစား | မော်ဒယ် | နှုန်း(ကျပ်) |
|---|---|---|
| SAMSUNG | 438K | ၈၉,၀၀၀ |
| SAMSUNG | 338 K | ၇၆,၀၀၀ |
| SAMSUNG | 218 | ၆၈,၀၀၀ |
| SAMSUNG | 339 | ၅၃,၀၀၀ |
| Star | 818B | ၆၂,၄၀၀ |
| SHARP | DX-SL 10 | ၁၁၀,၀၀၀ |

## လေအေးစက်များ

(၈-၉-၂၀၀၄)

| အမျိုးအစား | မော်ဒယ် | နှုန်း(ကျပ်) |
|---|---|---|
| SANYO | 92G | ၂၇၀,၀၀၀ |
| SANYO | 122G | ၃၇၀,၀၀၀ |
| SANYO | 182G | ၅၆၀,၀၀၀ |
| SANYO | 99G | ၁၉၅,၀၀၀ |
| SANYO | 123S | ၂၆၅,၀၀၀ |
| SANYO | 183S | ၄၃၀,၀၀၀ |
| SANYO | 131S | ၄၅၀,၀၀၀ |
| SANYO | 181 G | ၅၅၀,၀၀၀ |
| ELBA | EWAC 0912 | ၁,၈၉၀,၀၀၀ |
| ELBA | EWAC 1212 | ၁၅၀,၀၀၀ |
| ELBA | ESAC 0922 | ၂၀၀,၀၀၀ |
| ELBA | ESAC 1222 | ၃၀၀,၀၀၀ |
| FRESH | FS 13R (1.5) | ၄၂၀,၀၀၀ |
| FRESH | FUF 018 (2.0) | ၆၆၂,၈၀၀ |
| FRESH | FG 25 (3.0) | ၁,၅၄၇,၀၀၀ |

## အဝတ်လျှော်စက်များ

(၈-၉-၂၀၀၄)

| အမျိုးအစား | မော်ဒယ် | နှုန်း(ကျပ်) |
|---|---|---|
| SANYO | W 80 SIT | ၁၈၀,၀၀၀ |
| SANYO | 450 FT | ၁၄၅,၀၀၀ |
| ELBA | EWF 656 | ၃၁၅,၀၀၀ |
| ELBA | EWF 562 | ၅၆၂,၀၀၀ |
| SANYO | 256T | ၁၂၀,၀၀၀ |
| SANYO | 91 AT | ၂၁၀,၀၀၀ |
| Star | WS-22LA | ၁၂၂,၆၀၀ |
| Star | WS-25LA | ၉၃,၅၀၀ |
| SHARP | ES-F650 | ၁၈၀,၀၀၀ |

## ဟောလစ်၊ မာတိုဘာ၊ မိုင်လို၊ အိုဗာတင်း၊ ကော်ဖီမစ် (လက်လီ)

(၈-၉-၂၀၀၄)

| အမျိုးအစား | နှုန်း(ကျပ်) |
|---|---|
| Horlick (900g) | ၄၃၀၀ |
| Horlick (200g) (အိန္ဒိယ) | ၁၃၅၀ |
| Horlick(ကော်ဘူးကြီး) 1.80kg | ၈၄၀၀ |
| Junior Horlick (400 g) | ၂၁၀၀ |
| Milo (400g) စက္ကူ Box | ၁၄၅၀ |
| Milo (400g) (သံဘူး) | ၁၅၅၀ |
| Maltova (400g) (နီ) | ၂၀၅၀ |
| MIKE Tea mix (၂၀ ထုပ်ဝင်) | ၉၅၀ |
| MIKE Coffee mix (၄၀ ထုပ်ဝင်) | ၂၁၅၀ |
| OWL Coffee mix (၃၀ ထုပ်ဝင်) | ၁၃၀၀ |
| OWL (Tea mix ) (၃၀ ထုပ်ဝင်) | ၁၅၀၀ |
| ENERGY (Nutrious Ceareal ) (၃၀ထုပ်ဝင်) | ၁၃၀၀ |
| NESCAFE (Red Cup)(200g) | ၂၆၀၀ |
| NESCAFE (Red Cup)(100g) (ခဲထုပ်) | ၁၀၀၀ |
| NESCAFE (Red Cup) (50g) | ၈၅၀ |
| Super(Diet Cereal)(၂၀ ထုပ်ဝင်) | ၁၇၀၀ |
| Super(DietCoffemix)(၂၀ ထုပ်ဝင်) | ၁၇၀၀ |
| Super Coffee Mix(၃၀ ထုပ်ဝင်) | ၁၅၀၀ |
| Super Coffee Mix(၂၅ ထုပ်ဝင်) | ၁၂၅၀ |
| Royal Myanmar (Tea Mix)(၃၀ ထုပ်ဝင်) | ၁၅၅၀ |
| Super One(Coffee Mix) (၅၀ ထုပ်ဝင်) | ၂၂၅၀ |
| Special Cereal (၂၀ ထုပ်ဝင်) | ၁၃၀၀ |
| Ben Cafe (၁၀ ထုပ်ဝင်) | ၄၇၀ |
| Ben Cafe (၅၀ ထုပ်ဝင်) | ၂၃၇၀ |
| Goldroast (၅၀ ထုပ်ဝင်) | ၂၁၅၀ |
| Hi Tea (၂၀ ထုပ်ဝင်) | ၁၀၅၀ |
| Mikko (COffee Mix) (၂၀ ထုပ်ဝင်) | ၉၀၀ |
| Ovaltine (400g) နီ | ၁၈၀၀ |
| Ovaltine (200g) နီ | ၁၀၅၀ |
| Ovaltine (450g) (စက္ကူဘူး) | ၁၄၀၀ |
| Maltova (450g) (ချော့ကလက်) | ၂၂၀၀ |
| Calsome(Nutrious Cereal) (၃၀ထုပ်ဝင်) | ၁၃၀၀ |
| BLUE Coffemix (၂၄ ထုပ်ဝင်) | ၁၀၀၀ |
| PREMIER COFFEE (၃၀ထုပ်ဝင်) | ၁၄၅၀ |
| Coffee King (၅၀ထုပ်ဝင်) | ၁၆၅၀ |
| Tang လိမ္မော်မှုန့် 750g | ၂၅၅၀ |
| Mother Horlicks 500g | ၃၁၀၀ |
| Boost 500g | ၂၇၀၀ |
| Ovaltine 400g (ဖြူ) | ၁၉၀၀ |
| Ovaltine 200g (ဖြူ) | ၁၀၅၀ |
| Ovaltine 400g (စက္ကူဗူး) | ၁၇၀၀ |
| Gold Hill Mashed Potatoes (၁၀ ထုပ် ၁ ပါကင်) | ၁၁၀၀ |

## နို့မှုန့်ဘူးများ

(၈-၉-၂၀၀၄)

| အမျိုးအစား | နှုန်း(ကျပ်) |
|---|---|
| Dumex (Step 1,2)(900g) | ၆၁၅၀/၆၀၀၀ |
| Dumex (700g)(Segara) (နီ)ခဲထုပ် | ၄၄၀၀ |
| Promex (900g) | ၄၄၀၀ |
| Promex (400g) | ၁၈၀၀ |
| Dumex (3plus)(700g) | ၅၀၅၀ |
| Dumex (Step-1)(450g) | ၃၂၅၀ |
| SMA (1kg) | ၇၅၀၀ |
| Dumex Step 1,2 800g | ၅၀၅၀/၅၀၀၀ |
| Dumex 1Plus 700g | ၄၉၀၀ |
| Dumex 1Plus (Honey) 700g | ၅၀၀၀ |
| Dumex Ma Ma Plus 400g | ၅၄၀၀ |
| Dumex Lactose free 400g | ၅၄၀၀ |
| Blue Star 400g | ၁၈၀၀ |
| Blue Star 900g | ၃၈၀၀ |
| Blue Star 1.8 Kg | ၇၃၀၀ |
| Blue Star 2.5 Kg | ၁၀၄၀၀ |
| Cow head full cream 1.8 Kg | ၉၈၀၀ |
| Cow head full cream 2.5 Kg | ၁၄၀၀၀ |
| လက်တိုဂျင် 1000 g 1,2 | ၆၁၅၀/၆၀၀၀ |
| Nestle BEAR BRAND 1 Plus 800g | ၃၁၀၀ |
| Nestle BEAR BRAND 3 Plus 800g | ၃၁၀၀ |

| | |
|---|---|
| Fermteaf 1 Plus 700g ခဲထုပ် | ၄၆၀၀ |
| Fernteaf 3 Plus 700g | ၄၆၀၀ |
| Fernteaf INSTANT 700g | ၄၆၀၀ |

# စီးကရက်များ

(၁-၉-၂၀၀၄)

| အမျိုးအစား | နှုန်း(ကျပ်) |
|---|---|
| Vegas | ၂၆၀ |
| Vegas (Light) | ၂၆၀ |
| Export Duya | ၁၀၀ |
| London (ရိုးရိုး) | ၄၅၀ |
| 555 | ၁၀၅၀ |
| Marlboro (Light) | ၁၁၀၀ |
| MILDSEVEN | ၁၀၀၀ |
| DUYA ရွှေရောင် | ၁၇၀ |
| Golden Triangle | ၁၆၀ |
| Paris | ၁၈၀ |
| Lucky | ၉၀ |
| 555 (Lights) | ၁၀၅၀ |
| MILD SEVEN (Lights) | ၁၀၀၀ |
| DUNHILL | ၉၅၀ |
| Marlboro/Marlboro(MENTHOL) | ၁၁၅၀ |
| RAVE | ၄၀၀ |

# နိုင်ငံခြား အရက်များ

(၁-၉-၂၀၀၄)

| အမျိုးအစား | နှုန်း(ကျပ်) |
|---|---|
| J&BJet(75 Cl)(12Years Old) | ၇၅၀၀ |
| CHIVAS (75 Cl) | ၁၆၂၀၀ |
| Hennessy(V.S.O.P)(35 Cl) | ၃၆၅၀၀ |
| Hennessy(V.S.O.P)(70 Cl) | ၂၆၅၀၀ |
| VAT 69 (75 Cl) | ၆၆၀၀ |
| Jonnie Walker (Red)(75 Cl) | ၇၆၀၀ |
| Jonnie Walker (Red)(37.5Cl) | ၄၄၀၀ |
| Jonnie Walker (Black)(20 Cl) | ၅၂၀၀ |
| Jonnie Walker (Black)(37.5 Cl) | ၈၃၀၀ |
| Jonnie Walker (Black)(75 Cl) | ၁၅၃၀၀ |
| Jonnie Walker(Black)(1Liter) | ၁၈၇၀၀ |
| LANGS(Aged 5 Years)(75 Cl) | ၈၈၀၀ |
| Black & White (1Liter) | ၈၈၀၀ |
| Black & White (75 Cl) | ၆၆၀၀ |
| Gold Label (75 Cl) | ၂၅၅၀၀ |
| Green Label (75 Cl) | ၂၄၅၀၀ |
| Black & White (37.5Cl) | ၃၆၅၀ |
| Black Cat (75 Cl) | ၄၂၀၀ |
| Black Cat (35 Cl) | ၁၈၀၀ |
| WHITE & MACKAY 75CI | ၉၅၀၀ |
| CAMUS COGNAC | ၁၀၀၀၀ |
| DALMORE 75CI | ၈၃၀၀ |
| SCOTS CLUB 75CI | ၅၃၀၀ |
| SCOTTISH LEADER | ၅၅၀၀ |
| Blue Label | ၈၃၀၀၀ |
| BACARDI (75 CI)Limon | ၆၆၀၀ |
| BACARDI (75 CI)ရွှေရောင်/အဖြူရောင် | ၈၃၀၀ |
| (KING ROBERT) VODKA 75CL | ၄၅၀၀ |
| (KING ROBERT) Gin 75CL | ၃၉၀၀ |
| (KING ROBERT) Whisky 75CL | ၄၈၀၀ |
| BACADI (375ml) | ၄၁၀၀ |
| SPY(CLASSIC)(Red) (Wine) | ၇၀၀ |
| VAT 69(1Liter) | ၈၈၀၀ |
| Mekhong (75 CL) | ၃၅၅၀ |
| Mekhong (37.5 CL) | ၁၆၅၀ |
| THE FAMOUS GROUSE 75 CL | ၁၀၀၀၀ |
| INVER HOUSE 75 CL | ၇၂၀၀ |
| TOMINTOUL 75 CL | ၉၀၀၀ |
| PASSOPRT SCOTCH 75CI | ၈၃၀၀ |

# မုန့်ပုံး သံဘူးများ

(၁-၉-၂၀၀၄)

| | |
|---|---|
| Starkist | ၂၈၀၀ |
| မိသားစု | ၃၁၅၀ |
| MELODIES | ၃၁၅၀ |
| (HWA TAI) FRUIT WAGON | ၃၁၀၀ |
| Popcorn Crackers | ၃၀၅၀ |
| Cream Crackers(Hup Seng) | ၃၁၅၀ |
| Vidory | ၂၄၀၀ |
| (TATAWA) Wonderful | ၂၈၀၀ |
| (KHIAN GUAN) Top Choice | ၂၉၀၀ |
| (HWA TA) Choice | ၂၈၀၀ |
| (KWA TA) Festival | ၂၆၀၀ |
| (KERK) LINGO | ၂၅၅၀ |
| (Munchys) Fummix | ၂၈၀၀ |
| (Munchys) Topmix | ၂၈၀၀ |
| ALL Time | ၂၆၀၀ |
| ALWAYS | ၂၇၀၀ |
| WAWASAN | ၂၅၅၀ |
| Break Away | ၂၇၅၀ |
| Four SEOSONS | ၂၇၅၀ |
| Time's Right | ၂၇၅၀ |
| Summer Day | ၂၈၀၀ |
| (Shan Fatl) City | ၂၄၀၀ |
| Happy Day | ၂၈၀၀ |
| Cheeris | ၂၈၅၀ |
| (julie's) Family | ၂၁၅၀ |
| (ulie's) Assorties | ၂၁၀၀ |

# ခေါက်ဆွဲခြောက်များ

(၁-၉--၂၀၀၄)

| အမျိုးအစား | နှုန်း(ကျပ်) |
|---|---|
| Yum Yum (ကြက်ပေါင်) | ၇၅ |
| Yum Yum ချဥ်စပ်(ပုစွန်) | ၈၅ |
| Yum Yum (ဘဲသားဆီချက်) | ၈၀ |
| Yum Yum (သီးစုံခေါက်ဆွဲ) | ၇၅ |
| TOMOအနှစ် | ၁၄၀ |
| TOMO ကိုရီးယားချဥ်စပ် | ၉၀ |
| TOMOအသုပ် | ၉၀ |
| TOMOကြက်ပြုတ် | ၈၀ |
| TOMOကြက်ဆီချက် | ၉၀ |
| MAMEE ကြာဆံ | ၁၂၀ |
| Yum Yum (Snack) | ၅၅ |
| MAMEE (ရိုးရိုး)(ဆီချက်) | ၇၅ |
| MAMEE(Monster) | ၆၀ |
| MAMEE (ကြက်သားချဥ်စပ်) | ၇၅ |
| MAMEE(ကြက်ခေါက်ဆွဲပြုတ်) | ၇၀ |
| MAMEE(ဘဲသားခေါက်ဆွဲပြုတ်) | ၇၀ |
| MAMEE(ကြက်သားဆီချက်ခေါက်ဆွဲ) | ၈၀ |
| MAMEE (သက်သတ်လွတ်ခေါက်ဆွဲပြုတ်) | ၇၀ |
| MAMEE(သက်သတ်လွတ်ဆီချက်) | ၇၅ |
| NISSINခေါက်ဆွဲ | ၃၅၀ |
| MA MA (ချဥ်စပ်ခေါက်ဆွဲပြုတ်) | ၉၀ |
| Wai Wai (ကြာဆံ) (ပြာ) | ၁၂၀ |
| Shin Shin (ကြာဆံ) | ၁၀၀ |
| Yum Yum ပုစွန်မလိုင်ချဥ်စပ် | ၉၀ |
| Yum Yum ကြက်သားချဥ်စပ် | ၉၀ |
| MAMEE အုန်းနို့ခေါက်ဆွဲ | ၁၁၀ |
| MAMEE ပုစွန်မလိုင်ချဥ်စပ် | ၁၁၀ |
| Fashion Food ခေါက်ဆွဲဘူး | ၃၄၀ |
| MA MA ညှပ်ခေါက်ဆွဲ(စိမ်း) | ၁၄၀ |
| MA MA ညှပ်ခေါက်ဆွဲ(နီ) | ၁၄၀ |

# သွားတိုက်ဆေးများ

(၁-၉-၂၀၀၄)

| အမျိုးအစား | နှုန်း(ကျပ်) |
|---|---|
| Best-T (125g) | ၄၅၀ |
| Colgate (40g) Double Cool Stripe | ၂၃၀ |
| Colgate (150g) Double Cool Stripe | ၉၅၀ |
| Close-Up (New)(40g) | ၂၂၀ |
| Close-Up (160g) | ၉၀၀ |
| DARLIE (200g) | ၁၀၅၀ |

| | |
|---|---|
| V5 Pepsodent (70g) | ၂၀၀ |
| LASER | ၃၀၀ |
| Miss Dental (50 g) | ၃၂၀ |
| Colgate Fresh Cool Mint 200g | ၁၀၀၀ |
| Colgate Great Regular 200g | ၁၀၀၀ |
| Colgate Total Fresh Stripe 160g | ၁၈၀၀ |
| Colgate Whitening 160g | ၁၄၅၀ |
| Colgate gel (စိမ်း) 160g | ၁၀၀၀ |
| KODOMO 80g | ၁၂၅၀ |
| ORALMED 40g | ၆၀၀ |
| ZACT LION 90g | ၇၅၀ |
| Fresh & White Gel 100g | ၅၀၀ |
| Smite Up 105g | ၅၀၀ |
| တရုတ်သွားတိုက်ဆေး ဘူးပြာကြီး | ၁၃၀ |
| တရုတ်သွားတိုက်ဆေး ဘူးပြာသေး | ၈၀ |
| Fresh Up 160g | ၅၆၀ |
| Kiss Me | ၂၀၀ |

## ကိုယ်တိုက်ဆပ်ပြာများ

(၈-၉-၂၀၀၄)

| အမျိုးအစား | နှုန်း(ကျပ်) |
|---|---|
| Imperial Leather (70g) | ၁၃၀ |
| Imperial Leather (125g) | ၂၅၀ |
| Royal Beauty | ၄၅၀ |
| မွှေး | ၉၀ |
| GIV (80g) | ၁၅၀ |
| Style (75g) | ၁၀၀ |
| Dettol (70g) | ၂၅၀ |
| Miss | ၁၃၀ |
| 1 Plus 1 | ၁၀၀ |
| DOVE | ၆၅၀ |
| NIVEA 100g | ၅၀၀ |
| Protex | ၃၇၀ |
| O'nice 100g | ၆၀၀ |
| Bamboo Salt | ၇၅၀ |
| Say 100g | ၇၀၀ |
| PRICKLY HEAT | ၉၀၀ |
| YOKO WHITENING Herbal 110g | ၆၅၀ |
| Vaseline HARMONY 100g | ၃၀၀ |
| PREMIER 100g | ၂၈၀ |
| Safeguard 90g | ၅၀၀ |
| Fa 2 in 1 100g | ၅၀၀ |
| ASEPSO | ၄၀၀ |
| CAMAY | ၅၀၀ |
| Palmaive အကြည် | ၃၅၀ |
| (Cussons) Pearl 100g | ၂၅၀ |
| Fair & Lovely 75g | ၃၈၀ |
| LUX 100g | ၂၀၀ |
| KAO | ၂၇၀ |
| Parrot | ၁၁၀ |
| CINTHOL | ၁၅၀ |
| Flore 90g | ၁၇၀ |
| Paris 135g | ၂၁၀ |
| Paris 90g | ၁၄၀ |
| A21 (နက်)70g | ၁၅၀ |
| A21 (နက်)125g | ၂၃၀ |
| DG Soap 100g | ၁၇၀ |

## ခြင်ဆေးခွေ

(၈-၉-၂၀၀၄)

| အမျိုးအစား | နှုန်း(ကျပ်) |
|---|---|
| Jumbo (12)coils | ၂၄၀ |
| Fumakilla (12) coils | ၂၃၀ |
| MARS | ၁၅၀ |
| King Kong | ၁၉၀ |
| Raid | ၂၂၀ |
| ABC | ၁၅၀ |
| ATAK | ၁၉၀ |
| FIGHTER | ၁၈၀ |
| GO! | ၁၄၀ |
| Double Cow | ၂၀၀ |
| MOSFLY | ၁၄၀ |
| ဂေါ်ဇီလာ | ၂၃၀ |
| Baygon | ၃၂၀ |
| MARS POWER | ၁၈၀ |
| Jumbo (30) | ၆၀၀ |

## ဆန်ဈေးနှုန်း

(၇-၁၀-၂၀၀၄)

| အမျိုးအစား | တစ်တင်းခွဲနှုန်း(ကျပ်) |
|---|---|
| ဖျာပုံပေါ်ဆန်း (ထူးရှယ်) | ၁၄၅၀၀ |
| ဖျာပုံပေါ်ဆန်း (ရှယ်) | ၁၂၅၀၀ |
| ပေါ်ဆန်းမွှေး (ပုသိမ်) | ၁၀၅၀၀ |
| ပေါ်ဆန်းမွှေး(ရိုးရိုး) | ၉၅၀၀ |
| တောင်ပျံမွှေး (ထူးရှယ်) | ၁၀၀၀၀ |
| တောင်ပျံမွှေး (ရှယ်) | ၈၈၀၀ |
| ရွှေဝါထွန်း (ထူးရှယ်) | ၆၆၀၀ |
| ရွှေဝါထွန်း (ရှယ်) | ၆၂၀၀ |
| ရွှေဝါထွန်း (ရိုးရိုး) | ၅၈၀၀ |
| ဧယာ (ထူးရှယ်) | ၆၈၀၀ |
| ဧယာ (ရှယ်) (နွေအသစ်) | ၆၆၀၀ |
| ပေါ်ကျွဲ (ရှယ်) | ၇၀၀၀ |
| ခွံနီ (ရှယ်) | ၇၄၀၀ |
| မနောသုခ (ရိုးရိုး) | ၆၂၀၀ |
| ဧည့်မထ (ထူးရှယ်) | ၆၄၀၀ |
| ငစိန်(ရာကျော်) | ၆၂၀၀ |
| မှိုးကောက် | ၆၈၀၀ |
| ရွှေသွယ် | ၇၂၀၀ |
| ဒံပေါက်ဆန် | ၁၀၀၀၀ |
| ကောက်ညှင်း (ရှယ်) | ၁၆၀၀၀ |
| ကောက်ညှင်း (ရိုးရိုး) | ၁၂၀၀၀ |
| ဆန်ကွဲ(ကြမ်း) | ၄၈၀၀ |
| ဆန်ကွဲ(ချော) | ၅၀၀၀ |

# ကွန်ပျူတာဈေးနှုန်းများ

(၇-၁-၂၀၀၄)

### ❑ KMD Family PC

- Intel Celeron 1.0GHz
- 40 GB Hard Disk
- 128 MB RAM
- Builtin-VGA, Network Card 10/10Mbps, Sound Card 4.1Channel, Modem 56Kbps,, Internal Speaker
- 15" Color Monitor
- 1.44 MB Flopply Disk Drive
- CD-ROM Drive
- Keyboard, Scroll Mouse & Pad
- Desktop Casing

Price 265,000 Ks

### ❑ CFTG SOHO Computer

- Intel P4 Celeron 2.4 GHz processor
- Gigabyte 8 VM 533 M/B with AGP, Sound & Lan Builtin
- 128 MB DDR RAM
- 40 GB IDE HDD
- 1.44 MB FDD
- P4 Tower Casing with power supply
- PS2 Win 98 Keyboard, Mouse & Pad
- Philips 15" SVGA Colour Monitor (Digital Control)

Price 352,000 Ks

### ❑ KMD INNOVATOR MODEL

- Intel Pentium 4 3.0E GHz [1MB L2 Cache]
- GIGA 8S648 FxRz Pentium 4 Motherboard [Builtin Sound]
- 256 MB (2 x 128) DDR RAM (400 MHz)
- 80GB Hard Disk Drive (Hitachi, 7200RPM)
- 1.44 MB Floppy Disk Drive (Mitsumi)
- AGP 64 MB 3D Graphic Card W/TV out (GeForce)
- 15" SVGA Digital Control Color Monitor (Philips)
- PSII Keyboard & PSII Scroll Mouse (Aopen)
- Mouse Pad with Picture
- Pentium 4 Casing (iCute)

Price 536,000 Ks

[အထက်ပါဈေးနှုန်းများသည် Printer နှင့် Multimedia မပါဝင်သေးသော ကွန်ပျူတာတစ်လုံး၏ စက်တင်ဘာလ ၇ ရက်နေ့ဈေးနှုန်း ဖြစ်ပါသည်။ ပစ္စည်းတစ်မျိုးချင်းစီ ထပ်ဖြည့်လိုပါက (သို့) လဲလှယ်လိုပါက ဈေးနှုန်းများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။ အချိန်ကာလအလိုက် အပြောင်းအလဲရှိနိုင်ပါသည်။]

### ❑ Multimedia

| | |
|---|---|
| PCI Sound Card (Creative SB Live Value) | 32,000 Ks |
| 52X CD-ROM (Samsung) | 16,500 Ks |
| 52 X CD-ROM (SONY) | 19,000 Ks |
| 16X Sony DVD | 33,500 Ks |
| 16X Pinoneer DVD | 50,500 Ks |
| 180 Watt Speakers | 3,150 Ks |
| Sony CD Writer (52 x 32 x 52 x) | 35,500 Ks |
| Samsung CD Writer (52 x 32 x 52 x 16 x) Combo | 52,500 Ks |

### ❑ Memory

| | |
|---|---|
| 256MB (DDR RAM) PC 400 MHz | 38,500 Ks |
| 256MB (DDR RAM) PC 333 MHz | 37,000 Ks |

### ❑ Storage Device

| | |
|---|---|
| 80 GB (Seagate-7200 RPM) | 63,000 Ks |
| 120 GB (Hitachi-7200 RPM) | 89,000 Ks |
| 120 GB (Seagate) SATA | 95,000 Ks |

### ❑ Monitor

| | |
|---|---|
| 15" SVGA Color Monitor (Compaq) | 75,000 Ks |
| 15" SVGA Color Monitor (Philips) | 94,000 Ks |
| 15" SVGA Color Monitor (Hansol) | 81,000 Ks |
| 17" SVGA Color Monitor (Philips)107T(Flat) | 134,000 Ks |
| 19" SVGA Color Monitor (Philips) | 242,000 Ks |
| 15" LCD Color Monitor (Philips) | 304,000 Ks |
| 17" LCD Color Monitor (Samsung) | 414,000 Ks |

### ❑ Printer

| | |
|---|---|
| HP Deskjet 1180 Printer (USB) | 242,000 Ks |
| HP Laser jet 1010 Printer (USB) | 179,000 Ks |
| HP Laserjet 1300 (USB & Parallel) | 313,000 Ks |
| EPSON Dot Matrix Printer-LQ 300+ | 167,200 Ks |
| EPSON C65 Printer | 79, 000 Ks |
| EPSON Photo R310 Printer | 203,000 Ks |
| EPSON Laser Printer EPL-6200L | 199,500 Ks |
| Fuji Xerox Printer Phaser 3120 | 190 US$ |
| Fuji Xerox Printer Phaser 3130 | 280 US$ |

### ❑ Scanner

| | |
|---|---|
| EPSON Perfection 1270 Photo | 104,500 Ks |
| EPSON perfection 3170 (Photo) | 313,500 Ks |
| Flatebed Scanner HP 2400c (USB) | 82,000 Ks |
| Flatebed Scanner HP 7450C (USB) | 531,000 Ks |

### ❑ Toner

| | |
|---|---|
| HP Toner 5L-6L | 46,000 Ks |
| HP 1300 Toner/HP 1010 Toner | 56,200 Ks |
| HP 1100 Toner | 46,000 Ks |

### ❑ UPS

| | |
|---|---|
| 600VA (Power Tree) Basic | 34,000 Ks |
| 1.2KVA (Power Tree) | 61,000 Ks |
| 600 VA (Power Tree) Long Time | 58,500 Ks |

**မှတ်ချက်။ ။ဖော်ပြပါဈေးနှုန်းများကို Client Focus Technology Group, Concordia International Co., Ltd. နှင့် KMD Computer Centre တို့မှ ရယူထားပါသည်။ (အယ်ဒီတာ)**

# 1 တစ်ဦးတည်းကိုယ်စားလှယ်
## SOLE DISTRIBUTORS

| စဉ် | ပစ္စည်းအမည်နှင့် ထုတ်လုပ်သည့် နိုင်ငံ | ကိုယ်စားလှယ်ရယူ ဖြန့်ဖြူးသည့် မြန်မာကုမ္ပဏီနှင့် လိပ်စာ | ဆက်သွယ်ရမည့် ပုဂ္ဂိုလ် | အထက်မြန်မာပြည် ကိုယ်စားလှယ် |
|---|---|---|---|---|
| ၁။ | Sea Horse<br>စွပ်ကျယ်<br>(အိန္ဒိယ) | ASIA WINNER INDUSTRIAL LIMITED<br>အခန်း–၁၃၊ ၄၉ လမ်း၊ ဗိုလ်တထောင် မြို့နယ်၊ ရန်ကုန်။ ဖုန်း–၂၉၇၄၄၅၊ ၂၉၃၃၆၀၊ ၂၉၉၆၆၈၊ ၂၉၉၇၅၄<br>ဖက်စ်–၂၉၁၀၂၈<br>E-mail:asiawinner@mptmail.net.mm | ဦးမြင့်ဦး<br>(Director) | မရှိ |
| ၂။ | Citsex (Junior)<br>(B Conplex+Lysine)<br>ကလေးအားတိုးဆေး<br>(မလေးရှား) | AUNG CHO TUN CO., LTD.<br>အမှတ်–၁၂၀၊ ဘုန်းကြီးလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်။<br>ဖုန်း–၀၉–၉၉၂၂၃၁၀ | ဦးအောင်မင်း<br>(Managing Director) | AUNG CHO TUN CO., LTD.<br>တိုက်–၃၊ အခန်း–၂၊ မြေညီထပ်၊ တောင်အိုးဘိုဝင်း၊ ၈၃ လမ်း၊ ၂၈ လမ်း× ၂၉ လမ်းကြား၊ ချမ်းအေးသာဇံမြို့နယ်၊ မန္တလေး။<br>ဖုန်း–၀၂–၃၅၄၈၇၊ ၃၁၀၆၉ |
| ၃။ | TA TA<br>မီးဖိုချောင်သုံးပေါင်းအိုး<br>(အိန္ဒိယ) | ဦးကြည်စိုးနှင့် ညီများ<br>ဆိုင်အမှတ်–၁၀၉/၁၁၀၊ မြေညီထပ်၊ မင်္ဂလာဈေးသစ်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်။ ဖုန်း–၇၂၅၉၆၇ | ဦးကြည်စိုး | မရှိ |
| ၄။ | MGIC FOX PLUS<br>ဒီဂျစ်တယ်စလောင်းဖမ်းစက်<br>(ကိုရီးယား) | MANDALAY ELECTRONIC CENTRE<br>အမှတ်–၉၂၊ ဒေါ်သိန်းတင်လမ်း၊ ကန်တော်လေး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်။ ဖုန်း–၂၄၉၉၉၁၊ ၃၈၁၆၄၀၊ ၀၉–၉၉၂၅၃၂၇ | ဦးဇော်ဝင်း<br>(Manager) | GREEN LEAF ELECTRONIC<br>၈၄ လမ်း၊ ၂၄ လမ်း× ၂၅ လမ်းကြား၊ မန္တလေး။<br>ဖုန်း–၀၂–၂၂၈၇၇<br>၀၉–၂၀၀၀၃၄၂ |
| ၅။ | Five-Oceans<br>စက်ဘီး<br>(ဟောင်ကောင်) | YEE SHIN CO., LTD.<br>အမှတ်–၆၃/၆၄၊ ဗဟိုစည်အိမ်ရာ၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်။<br>ဖုန်း–၂၂၂၉၆၉၊ ၂၂၃၅၈၉<br>ဖက်စ်–၂၂၂၁၃၂ | ဦးအောင်မြတ်သူ<br>(Manager) | YEE SHIN CO., LTD.<br>အမှတ်–၂၇၈၊ ၈၂ လမ်း၊ ၂၇ လမ်း× ၂၈ လမ်းကြား၊ မန္တလေး။ ဖုန်း–၀၂–၃၂၄၅၀၊ ၃၄၁၉၆၊ ဖက်စ်–၃၂၄၅၀ |

| စဉ် | ပစ္စည်းအမည်နှင့် ထုတ်လုပ်သည့် နိုင်ငံ | ကိုယ်စားလှယ်ရယူ ဖြန့်ဖြူးသည့် မြန်မာကုမ္ပဏီနှင့် လိပ်စာ | ဆက်သွယ်ရမည့် ပုဂ္ဂိုလ် | အထက်မြန်မာပြည် ကိုယ်စားလှယ် |
|---|---|---|---|---|
| ၆။ | Sensible Shampoo & Conditioner (ကိုရီးယား) | AQ LAND CO., LTD. အမှတ်–၅၅/ C၊ ငွေလမင်းရိပ်သာလမ်းသွယ်၊ ကမ္ဘာအေးဘုရားလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်။ ဖုန်း–၆၆၁၁၆၉၊ ၇၂၅၂၈၆၊ E-mail:aqlmdy@cybertech.net.mm | ဦးမြတ်သူရခိုင် (Admin Manager) | AQ LAND CO., LTD. အမှတ်–၅၆၊ ၇၅ လမ်း၊ ၂၇ လမ်း× ၂၈ လမ်းကြား၊ ချမ်းအေးသာဇံမြို့နယ်၊ မန္တလေး။ ဖုန်း–၀၂–၃၄၆၀၈ |
| ၇။ | Fix On အဝတ်ပြန့်စေသော ကော်ရည် (ထိုင်း) | YUPA DAGON TARDING CO., LTD. အခန်း–၀၀၄၊ တိုက်–၆၊ ၅၄ လမ်း၊ အနော်ရထာအိမ်ရာ၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်။ ဖုန်း–၂၀၀၁၈၈၊ ၂၀၀၂၃၃၊ ၂၉၇၃၀၄၊ ဖက်စ်–၂၀၁၃၂၉ ဘုရင့်နောင်ဖုန်း–၆၈၂၃၀၁၊ ၆၈၂၃၀၂–၀၃ | ဒေါ်အေးအေးမာ (Sales & Marketing Manager) | မရှိ |
| ၈။ | Duplo Copier/ Duprinter စာကူးစက် (ဂျပန်) | GRANDAMAR OFFICE MACHINES LTD. အမှတ်–၁၈/ ၂၄၊ ကွမ်းခြံလမ်း၊ အောင်ဆန်းအားကစားကွင်းတောင်ဘက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်။ ဖုန်း–၂၄၀၃၁၉၊ ၃၇၃၀၈၈၊ ၃၈၃၉၃၂၊ ၃၈၃၉၃၄၊ ဖက်စ်–၂၄၀၁၀၂၊ ၂၄၉၈၆၅၊ ၂၅၃၅၈၁၊ E-mail:gandamar@mptmail.net.mm | ဒေါ်ကြူကြူ (Managing Director) | ဝင်း ရုံးသုံးစက်လုပ်ငန်း အမှတ်–၇၄/ ၂၆၊ ဘုရင့်နောင်လမ်း၊ ၈၁× ၈၂ လမ်းကြား၊ မန္တလေး။ ဖုန်း–၀၂–၃၆၃၉၉ |
| ၉။ | Powder Tec အလူမီနီယံသုတ်ဆေးမှုန့် (ထိုင်း) | YE YINI CO., LTD. Lubricants Distribution & Auto Service ပါရမီကွန်ဒို၊ အဆောက်အအုံအမှတ်–(၁၂+၁)၊ အခန်းအမှတ်–၄၀၂၊ လှိုင်မြို့နယ်၊ ရန်ကုန်။ ဖုန်း–၇၀၁၃၈၅၊ ၇၂၂၄၉၈ | ဦးကျော်ကျော်လင်း (Director) | မရှိ |
| ၁၀။ | t-Land ကွန်ပျူတာ (တရုတ်) | T-LAND COMPUTER DISTRI BUTOR အမှတ်–၀၀၂၊ MAC တာဝါ(၁)၊ မြေညီထပ်၊ တိုက်အမှတ်–၅၆၇၊ ကုန်သည်လမ်းနှင့် မဟာဗန္ဓုလပန်းခြံလမ်းထောင့်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။ ဖုန်း–၂၄၆၃၁၆၊ ဖက်စ်–၂၄၆၃၁၆ | ဦးလောစံ (Managing Director) | မရှိ |

ဤတစ်ဦးတည်းကိုယ်စားလှယ်ကဏ္ဍကို ဈေးကွက်အတွင်းရှိ စားသုံးသူများနှင့် ကုန်ပစ္စည်း ထုတ်လုပ်ရောင်းချသူများအကြား အခမဲ့(အခမဲ့) ဝန်ဆောင်မှုပေးခြင်း ဖြစ်ပါသည်။ မြန်မာနိုင်ငံအတွက် တစ်ဦးတည်းကိုယ်စားလှယ် ရရှိထားသူများအနေနှင့် သတင်းအချက်အလက်များ ပေးပို့ပါက အခမဲ့ ထည့်သွင်းဖော်ပြပေးမည် ဖြစ်ပါသည်။

# ဘယ်ပစ္စည်းဘာ့ကြောင့်
# WHICH & WHY



## VOICE AMPLIFIER XM-900A
### နားကြားကိရိယာ

ကြိုး၊ နားကျပ်များမပါဘဲ ကိရိယာအဝိုင်းလေးကို နားတွင် ထည့်ထားရုံမျှနှင့် အသုံးပြုနိုင်သည့် နားကြားကိရိယာဖြစ်။ အသံအတိုးအလျှော့ကို အဆင့်ငါးဆင့် ခွဲခြားသုံးနိုင်။ ထိုင်ဝမ်မှတင်သွင်းပြီး ရောင်းဈေးကျပ် ၁၈,၀၀၀ ဖြစ်။




## Panosonic Phone KXT-SC12W

ဖုန်းတားစက်ပါရှိသည့် Caller ID ဖုန်းဖြစ်။ တစ်နေ့တာ ခေါ်ဆိုအသုံးပြုခဲ့သည့် ဖုန်းနံပါတ်များနှင့် ကြာမြင့်ချိန်ကို ပြန်လည်စစ်ဆေးနိုင်ပြီး Ear Phone ပါရှိ။ မိမိခေါ်ဆိုလိုသော ဖုန်းလိုင်းမအားသည့်အခါ ဆယ်ကြိမ်ထိအလိုအလျောက် ဆက်သွယ်ခေါ်ပေးနိုင်။ ရောင်းဈေးကျပ် ၁၁,၀၀၀ ဖြစ်။



## Philips Rice Cooker

အောက်အဆင့်တွင် ထမင်းချက်နေစဉ်အတွင်း ထွက်ရှိလာသော ရေနွေးငွေ့ဖြင့် အိုး၏အပေါ်ဆင့်တွင် အသားနှင့် ငါးပေါင်းခြင်းများကို တစ်ပြိုင်နက်ပြုလုပ်နိုင်သော ထမင်းချက်ပေါင်းအိုးဖြစ်။ ရောင်းဈေးကျပ် ၉,၅၀၀ ဖြစ်။




## လက်နှိပ်ဓာတ်မီး MS-501

လက်ကိုင်ခလုတ်ကို လက်နှင့်ညှစ်ရုံမျှဖြင့် အသုံးပြုနိုင်သည့် ဓာတ်ခဲမလိုအပ်သော လက်နှိပ်ဓာတ်မီးဖြစ်။ တစ်မိနစ် ညှစ်ထားရုံနှင့် ၂၅ မိနစ်ကြာ အသုံးပြုနိုင်။ ရောင်းဈေးကျပ် ၅၅၀၀ ဖြစ်ပြီး ထိုင်ဝမ်မှ တင်သွင်း။



## SONY Compact Disc Walkman

VCD၊ MP3၊ CD Disc များ အသုံးပြုနိုင်သော Portable ပစ္စည်းဖြစ်။ VCD အတွက် Remote ပါရှိပြီး Ear Phone Remote Controler ပါရှိ။ Audio ကြိုး သီးသန့်ပါရှိ။ ရောင်းဈေးကျပ် ၅၀,၀၀၀ ဖြစ်။




## Timer Series 60

ဓာတ်ခဲမလိုဘဲ သံပတ်ပေးရုံနှင့် Timer အဖြစ် အသုံးပြုနိုင် သည့် Alarm ပါသည့် ကိရိယာဖြစ်။ ဂျာမနီနိုင်ငံ လုပ်ဖြစ်ပြီး ရောင်းဈေး ကျပ် ၈,၅၀၀ ဖြစ်။



## BOBUAI Portable Washing Machine XPB 10-01

သတ်မှတ်ချိန်ရောက်လျှင် ရေအလိုအလျောက်ထုတ်ပေးနိုင်သည့် အလွယ်တကူသယ်ယူသွားနိုင်သော အဝတ်လျှော်စက်ဖြစ်။ သုံးမိနစ်မှ ၁၅ မိနစ်အတွင်း အချိန်ကို မိမိစိတ်ကြိုက်ချိန်ညှိနိုင်။ ထိုင်ဝမ်မှတင်သွင်းပြီး ရောင်းဈေးကျပ် ၉၀,၀၀၀ ဖြစ်။

## CONQ Extentable Broomer RM-2002

မော်တော်ကားပုံသဏ္ဌာန်ပြုလုပ်ထားပြီး ဓာတ်အား အသုံးပြုရန်လိုသည့် သန့်ရှင်းရေးလုပ်ပေးနိုင်သော ကိရိယာဖြစ်။ လက်တံကို အလွယ်တကူဖြုတ်နိုင် တတ်နိုင်ပြီး အသုံးပြုသည့် အခါ အလွယ်တကူအဆင်ပြေစေနိုင်ဟုဆို။ တရုတ်နိုင်ငံမှ ထုတ်လုပ်ပြီး ရောင်းဈေးကျပ် ၁၂,၀၀၀ ဖြစ်။





## 2080 သွားပွတ်တံ

လှိုင်းပုံသဏ္ဌာန်ပြုလုပ်ထားသော သွားပွတ်တံ အမွှင်များကြောင့် သွားများကြားရှိ အစာကြွင်းအစာကျန် များကို အကြွင်းအကျန်မရှိအောင် ဖယ်ရှားပစ်နိုင်သော သွားပွတ်တံ ဖြစ်။ Elastic Rubber သားဖြင့် ပြုလုပ်ထား၍ ကိုင်တွယ်အသုံးပြုမှုတွင် လွယ်ကူနိုင်ဟုဆို။ ရောင်းဈေးမှာ သွားပွတ်တံတစ်ချောင်းလျှင် ကျပ် ၁၁၅၀ ဖြစ်။

## BLUE CHLP Soap

ဟင်းသီးဟင်းရွက်များကို အခြေခံထား၍ ထုတ်လုပ်ထားသောကြောင့် အသုံးပြုရာတွင် ချောမွတ်လွယ်ကူမှုရှိစေမည့် ဆပ်ပြာဖြစ်။ 140g ဆပ်ပြာတစ်တုံး၏ ရောင်းဈေးမှာ ကျပ် ၈၆၀ ဖြစ်။







## Excellent Cosmetic Soap

Moisturizing Cream ပါဝင်သောကြောင့် အသုံးပြုသူ၏ အရေပြားကျန်းမာရေးကို ပိုကောင်းအောင် အထောက်အကူပြုနိုင်သော ဆပ်ပြာဖြစ်။ 100g ဆပ်ပြာတစ်တုံး၏ ရောင်းဈေး ကျပ် ၆၅၀ ဖြစ်။



## Gigabyte 81845 PE-RZ Motherboard

မြန်နှုန်းမြင့် Intel Prescott Series CPU များတွင် တပ်ဆင်အသုံးပြုရန် ရည်ရွယ်ထုတ်လုပ်ထားသည့် Intel Chipset သုံး Motherboard ဖြစ်။ 6 Channel Audio, 10/100 Lan Built-in ပါဝင်ပြီး Game Centre နှင့် Media လုပ်ငန်းများအတွက် အသုံးပြုရန် သင့်လျော်။ ဈေးနှုန်းမှာ ၆၁,၀၀၀ ကျပ်ဟု ဆို။

## Epson Photo Printer R 310



Graphic များ၏ အရည်အသွေးကို အပြည့်အဝထုတ်ယူနိုင်မည့် Epson Photo Printer အမျိုးအစားသစ်ဟုဆို။ ပုံနှိပ်အရည်အသွေး 5760x1440 dpi Resolution ရှိပြီး တစ်မိနစ်လျှင် Color ၁၅ ရွက်နှင့် Black ၁၆ ရွက်အထိ ထုတ်ပေးနိုင်။ Digltal Camera, CD နှင့် Memory Stick မျိုးစုံတို့မှ ပုံများကို တိုက်ရိုက် Print ထုတ်ယူနိုင်။ USB Interface ပါရှိပြီး ဓာတ်ပုံလုပ်ငန်းများတွင် ကွန်ပျူတာနှင့် တွဲဖက်အသုံးမပြုလိုပါက 2.1" ရှိ Optional Preview Screen ကို Monitor အဖြစ်မှာယူ ချိတ်ဆက်အသုံးပြုနိုင်။ ရောင်းဈေး ၂၀၃,၀၀၀ ကျပ်ဟု သိရ။



## PHILIPS Monitor

Philips မှ 15" S6 နှင့် 17" C5, CRT Monitor အမျိုးအစားသစ်များ ဖြစ်။ 15" S6 မှာ Maximum 1024 x 768 dpi Resolution ဖြင့် ပုံရိပ်များ ဖော်ပြပေးနိုင်ပြီး Flat Square Cube ကို အသုံးပြုထားသဖြင့် အလင်းပြန်မှုအားနည်းကာ အချိန်ကြာမြင့်စွာ အသုံးပြုနိုင်။ ဈေးနှုန်းချိုသာသဖြင့် အိမ်သုံး၊ ရုံးသုံးနှင့် စာစီစာရိုက်လုပ်ငန်းများအတွက် သင့်တော်။ 17" C5 Monitor မှာ 1280x1024 dpi Resoution ဖြင့် ပုံရိပ်များဖော်ပြပေးနိုင်သည့် Real Flat Monitor ဖြစ်သောကြောင့် Media, Designer နှင့် ဂိမ်းကစားသူများအတွက် သင့်လျော်။ Light Farme 3 Technology ကို သုံးထား၍ Video Editing သမားများအတွက် အလင်းအမှောင်ကို လိုအပ်သလို ဖန်တီးနိုင်ဟုဆို။

## TOSHIBA Projector



အလင်းပြင်းအား 1200 ANSI Lumen ရှိသောကြောင့် အလင်းရောင်အောက်တွင်ပင် ကြည့်ရှုနိုင်။ 9'x 5' ပိတ်ကား (Screen) အသုံးပြုမည်ဆိုပါက 13' ထားရုံနှင့် ပြသနိုင်ပြီး 25' အကွာအဝေးမှ ပြသလျှင် 13'x 9' အထိ မြင်ကွင်းကို ပြသနိုင်သဖြင့် ဘောလုံးပွဲများ၊ DVD ပြသသူများအတွက် သင့်တော်။ Remote Control ပါရှိပြီး PC နှင့်သာမက DVD Player, VCD Player, VCR Player, Digital Camera တို့ဖြင့်ပါ လွယ်ကူစွာ တွဲဖက်အသုံးပြုနိုင်။ အလေးချိန် 2.1 kg သာရှိ၍ သယ်ဆောင်ရလွယ်ကူ။

ယခုလ Which & Why ကဏ္ဍတွင် ပါဝင်သောပစ္စည်းများနှင့်ပတ်သက်သည့် သတင်းအချက်အလက်များကို Ever Fine Store၊ Mr.Slim Fancy Shop၊ AQ Land Co., Ltd.၊ Client Focus Technology Group နှင့် KMD Computer Centre တို့ထံမှ ရရှိပါသည်။

**အယ်ဒီတာ**




ဤကဏ္ဍတွင်......

၁၄၂ ဗုဒ္ဓအလိုကျ ဘောဂဗေဒ (Buddhist Economics)

၁၄၈ တုတ်ထောက်ပဋိညာဉ်

၁၅၁ ကျွန်တော်ပန်းချီကုန်သည်(၂၄)

၁၅၅ စီးပွားရေးလုပ်ငန်းသုံး ၃၆ ပါး စစ်ဗျူဟာကျမ်း(၁၉)


# ဗုဒ္ဓအလိုကျ ဘောဂဗေဒ

## BUDDHIST ECONOMICS

## P.A PAYUTTO

ကျော်ဝင်း

### မိတ်ဆက်နိဒါန်း

ဗုဒ္ဓဘာသာနှင့် ဘောဂဗေဒ ဘာဆိုင်သနည်း။ ကျမ်းစာနှင့် ပိုက်ဆံအိတ် ဘာပတ်သက်သနည်း။ သမားရိုးကျ အမြင်နှင့်ပြောရလျှင် ဘာမှမဆိုင်။ ဘာမှ မပတ်သက်ဟု ယူဆချင်စရာ ဖြစ်ပါသည်။ သို့သော် မမှန်ပါ။

အစဉ်အလာ ဘောဂဗေဒပညာက စိတ်ဝိညာဉ်သန့်ရှင်းမှုကို အလေးမထားပေ။ 'အသုံးဝင်မှု' Utility ကိုသာ ဂရုစိုက်သည်။ စီးပွားရေးလုပ်ဆောင်ချက်အားလုံး၏ ရည်မှန်းချက်မှာ 'အမြင့်ဆုံး အသုံးဝင်မှု' ကို ရရှိရေးပင် ဖြစ်သည်။ အသုံးဝင်မှုဟုဆိုရာတွင်လည်း 'ရုပ်ဝတ္ထုပစ္စည်းကုံလုံပြည့်စုံမှု'ကိုသာ အဓိကထားသည်။ ယခု ဤသို့မဟုတ်တော့ပါ။ အသုံးဝင်မှုဆိုသည်ကို စိတ်ချမ်းသာပျော်ရွှင်မှု (Happiness) အဖြစ် ရှုထောင့်ပြောင်း စဉ်းစားလာကြသည်။ ဘောဂဗေဒက ရုပ်သဘောကို ကျော်ကြည့်လာခြင်း ဖြစ်ပါသည်။

အစဉ်အလာအရ ဗုဒ္ဓဘာသာနှင့်ပတ်သက်လျှင် သံသရာလွတ်မြောက်ရေးကို အဓိကထားသော လောကုတ္တရာ ဓမ္မအဖြစ်သာ နားလည်ခဲ့ကြပါသည်။ သို့နှင့်တိုင် ဗုဒ္ဓ၏ဟောကြားချက်များမှာ လောကီအတွက်လည်း အသုံးတည့်၊ အသုံးဝင်နေသည်ကို တစ်စစ အသိအမှတ်ပြုလာကြပါသည်။ 'ငယ်သော်လှ၏' (Small is Beautiful) စာအုပ်ဖြင့် ကျော်ကြားသူ ဘောဂဗေဒအကျော်အမော် 'အီးအက်(ဖ်) ရှွမ်းအချာ'က ဗုဒ္ဓဘာသာနှင့် ဘောဂဗေဒ

၏ အဆက်အစပ်ကို ပထမဆုံး ဖော်ထုတ်ခဲ့ဖူးသည်။ ခေတ်ပြိုင် နိုဘယ်ဆုရ ဘောဂဗေဒပညာရှင် 'အမတရာဆင်း' ကလည်း ပညာ၊ သည်းခံမှုနှင့် ဝိဘဇ္ဇဝါဒကို အခြေခံသော ဗုဒ္ဓဓမ္မမှာ ခေတ်သစ်နှင့် လိုက်လျောညီထွေရှိနိုင်သည်ဟု ကောက်ချက်ချလိုက်သည်။ ဗုဒ္ဓဘာသာအပေါ် ပညာရှင်များ၏ အကဲဖြတ်ပုံ ရှုထောင့် ပြောင်းလာခြင်း ဖြစ်ပါသည်။

ဤသည်ပင် ယခုစာစု 'ဗုဒ္ဓအလိုကျ ဘောဂဗေဒ' (Buddhist Economics) စာအုပ်၏ နောက်ခံကားချပ် ဖြစ်ပါသည်။ မူရင်းစာရေးသူမှာ ထေရဝါဒဗုဒ္ဓဘာသာ နိုင်ငံတစ်ခုဖြစ်သော ထိုင်းနိုင်ငံမှ ရဟန်းတော်တစ်ပါးဖြစ်သည်။ 'ဆရာတော် ပရာယဒ်၊ ပရွတ်တူ' (Venerable Prayudh Payutto) ဟု ဘွဲ့အမည်ရပါသည်။ ဆရာတော်မှာ 'မဟာချူလာလောင်ခေါင်' တက္ကသိုလ်တွင် ပညာသင်ကြားခဲ့ပြီး ဟားဗတ်အပါအဝင် ကမ္ဘာ့တက္ကသိုလ်ကြီးများတွင် ဗုဒ္ဓဓမ္မနှင့် အရှေ့အာရှယဉ်ကျေးမှုဘာသာရပ်များကို ပို့ချနေသူ ဖြစ်သည်။ ၁၉၉၄ ခုနှစ်တွင် ယူနက်စကို အဖွဲ့ကြီးမှ ဆက်ကပ်သော ငြိမ်းချမ်းရေးနှင့် ပညာရေးဆုကို ချီးမြှင့်ခံရသူ ကမ္ဘာ့သိပညာရှင်တစ်ဦးလည်း ဖြစ်ပါသည်။

ဗုဒ္ဓဘာသာဝင်ဆရာတော်ကြီး တစ်ပါး၏ ခေတ်ပြိုင်ဘောဂဗေဒအမြင်ကို ဗုဒ္ဓဘာသာဝင်များဖြစ်သော ကျွန်တော်တို့အနေနှင့် လေ့လာအပ်သည်ဟု ယူဆပါသဖြင့် ဘာသာပြန်ဆို မိတ်ဆက်လိုက်ခြင်းဖြစ်ပါ၏။

## အခန်း(၁)
## စပယ်ရှယ်လိုက်ဇေးရှင်း ပြဿနာ

ဗုဒ္ဓအလိုကျ ဘောဂဗေဒဟုဆိုလိုက်သည်နှင့် ပထမဆုံး ထွက်ပေါ်လာနိုင်သည့် မေးခွန်းမှာ 'ဘာဆိုင်လို့လဲ' ဆိုသော စောဒကဖြစ်ပါလိမ့်မည်။ လောကုတ္တရာ ဘာသာရေးတစ်ခုနှင့် လောကီပညာရပ်တစ်ခုကို ဆွဲကပ်ပေါင်းစပ်လိုက်ခြင်းမှာ ဖြစ်နိုင်ဖွယ်ရာမရှိဟု ထင်မြင်ယူဆနိုင်စရာ ရှိပါသည်။ နံနက်စောစော ဆွမ်းခံကြွလာသော ဘုန်းတော်ကြီးတစ်ပါး၏ ပုံရိပ်ကို စီးပွားရေးလုပ်ဆောင်မှုများ၏ သင်္ကေတအဖြစ် တော်တော်များများက သဘောယူနိုင်ကြလိမ့်မည်မဟုတ်ပါ။ အများအမြင်တွင် မိုးမျှော်အဆောက်အအုံကြီးများ ကြက်ပျံမကျ စည်ကားလာနေသော ဈေးကြီးများနှင့် စတော့ ဈေးကွက်များသည်သာ စီးပွားရေး၏ သရုပ်သကန် ဖြစ်နေပါလိမ့်မည်။

ထို့ထက် ကျွန်တော်တို့ လက်ခံရရှိသော ဘောဂဗေဒဆိုသည်မှာ အနောက်တိုင်းမှလာသည်ဖြစ်ရာ အနောက်တိုင်း ဝေါဟာရများနှင့် အနောက်တိုင်းစီးပွားရေးသီအိုရီများမှရသော အကောက်အယူများဖြင့်သာ ချဉ်းကပ်လေ့လာကြရပါသည်။ သို့အတွက် အနောက်ယဉ်ကျေးမှုနှင့် မယဉ်ပါးသော လူ့အဖွဲ့အစည်းများအတွက် အကန့်အသတ်နှင့် အခက်အခဲများ ရှိနိုင်ပါသည်။ ဗုဒ္ဓအလိုကျ ဘောဂဗေဒအကြောင်း ပြောရာတွင်လည်း ဤအရာများကို ရှောင်ကွင်း၍ ရနိုင်လိမ့်မည်မဟုတ်ပါ။ အနောက်တိုင်းဘာသာစကားနှင့် အနောက်၏ စီးပွားရေးအကောက်အယူများဖြင့်သာလျှင် ဗုဒ္ဓဝါဒကို ဖွင့်ဆိုရှင်းလင်းရမည်ဖြစ်ပါသည်။ မည်သို့ပင်ဖြစ်စေ ဤသို့သော ချဉ်းကပ်လေ့လာမှုမျိုးဖြင့်ပင်လျှင် ဘောဂဗေဒပညာအတွက် အသုံးဝင်၊ အသုံးတည့်သော ဗုဒ္ဓလောကအမြင်များကို ဖြည့်ဆည်းဖြန့်ဝေနိုင်လိမ့်မည်ဟု ယူဆရပါသည်။

စင်စစ်၊ စီးပွားရေးအတွေးအခေါ်များမှာ ပလေတိုနှင့် အရစ္စတိုတယ်တို့ ခေတ်လောက်ကပင် စတင် သန္ဓေတည်နေခဲ့ပြီဖြစ်သည်။ စက်မှုခေတ်ရောက်တော့မှသာ သိပ္ပံပညာရပ်တစ်ရပ်အဖြစ် စနစ်တကျ ပုံပေါ်လာခြင်း ဖြစ်ပါသည်။ စက်မှုသိပ္ပံခေတ်ကြီးမှာ ဘာသာရပ်တစ်ခုကို ဘောင်ခတ်ပြီး အထူးပြုလေ့လာဖို့ အားသန်သော စပယ်ရှယ်လိုက်ဇေးရှင်းခေတ်ကြီး ဖြစ်သည်။ စက်မှုသိပ္ပံခေတ်၏ ထွက်ကုန်တစ်ရပ်ဖြစ်သော ဘောဂဗေဒမှာလည်း ဤကံကြမ္မာနှင့် လွတ်ကင်းနိုင်ခဲ့သည်မဟုတ်ပါ။ သို့နှင့်အမျှ အခြားသော ဘာသာရပ်များနှင့် အဆက်ဖြတ်ခံထားရသော လက်တွေ့လူ့ဘဝနှင့် ကင်းကွာသလို ဖြစ်နေသော တသီးတသန့် ပညာရပ်တစ်ခု ဖြစ်နေရတော့သည်။

စင်စစ်လူသားတို့ ရင်ဆိုင်နေကြရသော ပြဿနာအထွေထွေမှာ ရှုပ်ထွေးနက်နဲသည်နှင့်အမျှ အပြန်အလှန်ဆက်စပ်လျက်လည်း ရှိနေပါသည်။ သို့နှင့်တိုင် အဆိုပါပြဿနာရပ်များကို ကိုင်တွယ်ဖြေရှင်းရမည့် သိပ္ပံပညာကိုယ်တိုင်မှာ 'စပယ်ရှယ်လိုက်ဇေးရှင်း' ဥခွံထဲမှ မထွက်နိုင်ဖြစ်နေရာ တစ်ကြောင်းဆွဲ၊ တစ်ယူသန်၊ တစ်ပညာတည်းဖြင့် ဘဝကို စိန်ခေါ်ရသလို ရှိနေရတော့သည်။ ယနေ့ဘောဂဗေဒပညာအနေနှင့် ကျင့်ဝတ်ဆိုင်ရာ၊ လူမှုရေးဆိုင်ရာနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ မျက်နှာစာများတွင် ထင်တိုင်းမပေါက်ဖြစ်နေရသည်မှာ အဓိကအားဖြင့် ဤအားနည်းချက်ကြောင့်ဟု ယူဆရပါသည်။ အကယ်၍ ဤယူဆချက်သာ မှန်လျှင် ဗုဒ္ဓဘာသာက အကျပ်ရိုက်နေသော ဘောဂဗေဒကို ထိထိရောက်ရောက် ကူညီနိုင်စရာ ရှိပါသည်။

အခြားသော သိပ္ပံပညာရပ်များကဲ့သို့ပင် ဘောဂဗေဒသည်လည်း 'ပကတိဘာဝအခြေအနေ' (Objectivity) ကိုသာ အဓိကအာရုံထားလေ့ရှိသည်။ သို့နှင့်အမျှ 'အတ္တဘာဝတန်ဖိုးများ' (Subjective Values) ကို ဖယ်ထုတ်စဉ်းစားသလို ဖြစ်နေတော့သည်။ ဘောဂဗေဒသမား တစ်ယောက်၏အမြင်တွင် ဝီစကီတစ်ပုလင်းမှာ တရုတ်ဆေးခံပွဲများတွင် ဂုဏ်ယူတိုက်ကျွေးလေ့ရှိသော အရက်ချိုတစ်ပုလင်းနှင့် တန်ဖိုးအတူတူ ဖြစ်နေလိမ့်မည်။ ည

ကလပ်တစ်ခုတွင် ယမကာမှီဝဲခြင်းက တရားဓမ္မဆွေးနွေးခြင်း၊ ပရဟိတလုပ်ငန်းများ ဆောင်ရွက်ခြင်းတို့ထက် စီးပွားရေးနှင့် ပိုဆိုင်နေပါလိမ့်မည်။ ဤသည်တို့မှာ မြင်သာထင်သာသော အသုံးဝင်မှုနှင့် လတ်တလော အကျိုးကျေးဇူးကိုသာ တန်ဖိုးထားတတ်သော သိပ္ပံသမား အတွက် သဘာဝကျသော အမှန်ပင် ဖြစ်ပါလိမ့်မည်။

စင်စစ်'ပကတိဘာဝ' ဆိုသည်မှာ အမှန်စက်ဝန်းကြီးတစ်ခုလုံး၏ တစ်ဝက်မျှသာ ဖြစ်ပါသည်။ စက်ဝန်း၏ ကျန်တစ်ဝက်တွင် အတ္တဘာဝမှလာသော ပဲ့တင်ရိုက်ခတ်ချက်များ၊ လှိုင်းဂယက်များ ရှိနေပါသေးသည်။ ဤသို့ မတူသော စက်ဝန်းနှစ်စိတ် အပြန်အလှန် ကျေးဇူးပြုခြင်းဖြင့်သာလျှင် အမှန်တရားမှာ ရှင်သန်လည်ပတ်နိုင်စရာ ရှိသည်။ ဘောဂဗေဒအပါအဝင် သိပ္ပံပညာက မိမိလက်တံဖြင့် ထိတွေ့စမ်းသပ်နိုင်သော စက်ဝန်းတစ်ဝက်ကိုသာ အပြည့်အဝအမှန်ဟု ယူဆနေရာ အတ္တဘာဝတုံ့ပြန်မှုများကို မကြားနိုင်မမြင်နိုင်ဖြစ်ရတော့သည်။ ရုပ်ကိုသာ အရမ်းအကန်း ယုံကြည်ပုံအပ်ထားသည့် 'ရုပ်အစွဲအလမ်း' (Materialist Superstition)ဖြစ်ပါသည်။ ဘောဂဗေဒပညာတွင် 'လူ့ဝိညာဉ်ကင်းမဲ့နေခြင်း'၊ 'ကျင့်ဝတ်သီလဘက်မှ အားနည်းခြင်း'တို့မှာ အဆိုပါ 'ရုပ်အစွဲ' ကြောင့် ဖြစ်တန်ရာသည်။

ဗုဒ္ဓ၏အလိုအရ ဘောဂဗေဒအပါအဝင် လောကီပညာရပ်အသီးသီးမှာ 'သူ့ဘာသာပြီးပြည့်စုံသော သဘောသဘာဝ' (Self Contained Science) မဟုတ်ပါ။ လူမှုဒုက္ခအပေါင်းကို ကုသပျောက်ကင်းစေရန် ရည်ရွယ်ကြိုးပမ်းကြသည့် 'စုပေါင်းအားထုတ်မှု' (Concerted Effort)၏ အစိတ်အပိုင်းတစ်ရပ်မျှသာ ဖြစ်ပါသည်။ အပြန်အလှန်ဆက်စပ်နေရုံမျှမက အပြန်အလှန်ကျေးဇူးပြုနေသည့် 'ပညာအစုအဝေး'ကြီးတွင် ပါဝင်နေသော ပညာရပ်တစ်ခုမျှသာ ဖြစ်ပါသည်။ ဥပမာပြရလျှင် သစ်တောထဲမှ သစ်တစ်ပင်၊ သို့တည်းမဟုတ် မဟာပထဝီမြေကြီးထဲမှ မြေတစ်မှုံမျှသာ ဖြစ်ပါသည်။ တောတစ်ခုလုံးသို့မဟုတ် မြေတစ်ပြင်လုံး၏ အနုစိတ်အဆက်အစပ်များကို ဥပေက္ခာပြုပြီး သစ်တစ်ပင်မြူတစ်မှုံကိုသာ အားကိုးအားထားပြုနေလျှင် လိုရာခရီးသို့ ရောက်နိုင်ဖွယ်ရာမရှိပါ။

ဤသို့သော ဗုဒ္ဓအမြင်များဖြင့် ခေတ်ပြိုင်ဘောဂဗေဒပညာကို ကျေးဇူးပြုခဲ့သူတစ်ဦးမှာ ၂၀ ရာစုဘောဂဗေဒပညာရှင် 'အီးအက်(ဖ်) ရှူမ်းအချာ'ဖြစ်ပါသည်။ သူ၏ နာမည်ကျော် 'ငယ်သော်လှ၏' (Small is Beautiful) စာတမ်းတွင် ရှူမ်းအချာ'က ဗုဒ္ဓဓမ္မလာ ဘောဂဗေဒအခြေခံတစ်ခုကို ဖော်ထုတ်လိုက်ပါသည်။ 'ရှူမ်းအချာ' ၏ အလိုအရ ဗုဒ္ဓအလိုကျဘောဂဗေဒတွင် အခြင်းအရာနှစ်ရပ် ထင်ရှားရှိသည်ဟု ဆိုပါသည်။ ဤသည်တို့မှာ–

၁။ ဗုဒ္ဓ၏ 'လမ်းကြောင်းမှန် ရှစ်သွယ်' (မဂ္ဂင်ရှစ်ပါး)တွင် ပါဝင်သော ပဉ္စမလမ်းကြောင်း 'မှန်ကန်စွာအသက်မွေးမှု' (သမ္မာအာဇီဝ)သည် ဗုဒ္ဓအလိုကျ ဘောဂဗေဒ၏ အခြေခံ ဖြစ်သည်။

၂။ သို့သော် အဆိုပါ 'သမ္မာအာဇီဝ' တစ်ခုတည်းဖြင့် ဘဝ၏လွတ်မြောက်မှုကို မရနိုင်ပါ။ ဤသည်မှာ တစ်ခုတည်းသော လမ်းကြောင်းမှန်မဟုတ်။ အမှန်တရားအစု (လမ်းကြောင်းမှန်ရှစ်ခု)ထဲမှ တစ်ခုသာ ဖြစ်သည်။ အခြားသောလမ်းကြောင်းများဖြင့် မဆက်စပ်ဘဲ လမ်းကြောင်းတစ်ခုတည်းကိုသာ အသေကိုင်ထားခြင်းဖြင့် ပန်းတိုင်သို့မရောက်နိုင်ဟု ဆိုပါသည်။ ဤသည်ပင် ဗုဒ္ဓအလိုကျ ဘောဂဗေဒ၏ ချဉ်းကပ်လေ့လာနည်း ဖြစ်ပါသည်။

တစ်ရံမလပ်ဆိုသလို ကြုံတွေ့ရင်ဆိုင်နေကြရသော စီးပွားရေးအကြပ်အတည်းများနှင့် ရင်ဆိုင်လာကြရာမှ အမြော်အမြင်ကြီးသော ပညာရှင်များမှာ 'ရှူမ်းအချာ' စတင်ခဲ့သော လမ်းကြောင်းအတိုင်း လိုက်လာကြပါသည်။ စင်စစ်စက်မှုသိပ္ပံခေတ်ပညာရပ်များနှင့် အကောက်အယူများမှာ ရှေ့ဆက်မတိုးနိုင်တော့သော လမ်းဆုံးတစ်ခုသို့ ရောက်ရှိနေပြီ ဖြစ်ပါသည်။ လက်တွေ့ဖြစ်ရပ်များက ပါရာဒိုင်းအသစ်နှင့် 'နည်းနာဗေဒ' (Methodology) အသစ်များကို တောင်းဆိုလျက် ရှိနေပေပြီ။ ဤအတွက်သာကေ တင်ဖို့လိုမည်ဆိုလျှင် နေမြင့်လေ အရှုးရင့်လေ ဆိုသလို ဖြစ်နေသော သဘာဝပတ်ဝန်းကျင် ယိုယွင်းမှုကို သက်သေပြနိုင်စရာ ရှိပါသည်။

တစ်ခါက ပြီးပြည့်စုံပြီဟု ယူဆခဲ့ကြသော 'စားသုံးသူဝါဒ' (Consumerism) အမှန်ထဲမှာပင် သဘာဝပတ်ဝန်းကျင်ကို ဖျက်ဆီးသည့် မျိုးစေ့များ ပါဝင်လျက်ရှိသည်။ သို့အတွက် ဘောဂဗေဒသမားမှာ ဘောဂဗေဒပညာရပ်တစ်ခုတည်းကို ဖက်တွယ်ထား၍ မရတော့။ ဂေဟဗေဒပညာ၏ အကူအညီများ လိုလာသည်။ ကျင့်ဝတ်ဗေဒပညာဖြင့် စားသုံးသူဝါဒကို ချိန်ခွင်လျှာညှိဖို့ လိုလာသည်။

**စင်စစ်ဘောဂဗေဒအပါအဝင် လူမှုသိပ္ပံပညာရပ်များမှာ လူသားက ဖန်တီးထားသော ယာယီအမှန်များသာ ဖြစ်ပါသည်။ သို့အတွက် လူသားဖက်တာနှင့် ထာဝရသဘောမဆောင်သည်ကို သတိချပ်ဖို့ လိုပါလိမ့်မည်။ လူသားတို့၏ စိတ်ဆန္ဒနှင့် ကင်းလွတ်သော သဘာဝတရားတွင်လည်း သူ့တရားနှင့်သူ၊ သူ့အမှန်နှင့်သူ ရှိပါသည်။ လူသားဖက်တာမပါသော ဤသဘာဝ အမှန်တရားသည်ပင်လျှင် အနိစ္စနှင့် ကင်းနိုင်သည်မဟုတ်ပါ။**

ပြောချင်သည်မှာ ပညာရပ်တစ်ခုတည်းဖြင့် ကျောက်ချရပ်တည်နေဖို့ ဘယ်လိုမှ မဖြစ်နိုင်တော့သော အလှည့်အပြောင်းကာလကြီး ဖြစ်လာနေပြီကို နှလုံးသွင်းကြဖို့ ဖြစ်ပါသည်။

လူသားတို့၏ ဘုံရည်မှန်းချက်ကို မျက်ခြေမပြတ်လျှင်မူ စပယ်ရှယ်လိုက်ဇေးရှင်းသည်လည်း အကျိုးဖြစ်ထွန်းနိုင်စရာ ရှိပါသည်။ သတိပြုရန်ရှိသည်မှာ ပညာရပ်တစ်ခုတည်း အားကိုးရုံမျှဖြင့် ပြဿနာအားလုံးကို ဖြေရှင်းနိုင်လိမ့်မည်ဟု အထင်မရောက်မိဖို့ ဖြစ်သည်။ အခြားသော ပညာရပ်များနှင့် ဆက်စပ်ညှိနှိုင်းအဖြေရှာခြင်းသည်သာ လမ်းကြောင်းမှန် ဖြစ်ပါသည်။ ဤအတွက် အထူးလိုအပ်သည်မှာ ပညာရပ်တစ်ခုချင်းစီ၏ အကျိုးပြုနိုင်စွမ်းနှင့် အကန့်အသတ်များကို နားလည်သဘောပေါက်ကြဖို့ ဖြစ်သည်။

စင်စစ်ဘောဂဗေဒအပါအဝင် လူမှုသိပ္ပံပညာရပ်များမှာ လူသားက ဖန်တီးထားသော ယာယီအမှန်များသာ ဖြစ်ပါသည်။ သို့အတွက် လူသားဖက်တာနှင့် ထာဝရသဘောမဆောင်သည်ကို သတိချပ်ဖို့ လိုပါလိမ့်မည်။ လူသားတို့၏ စိတ်ဆန္ဒနှင့် ကင်းလွတ်သော သဘာဝတရားတွင်လည်း သူ့တရားနှင့်သူ၊ သူ့အမှန်နှင့်သူ ရှိပါသည်။ လူသားဖက်တာမပါသော ဤသဘာဝအမှန်တရားသည်ပင်လျှင် အနိစ္စနှင့် ကင်းနိုင်သည်မဟုတ်ပါ။ ဥပမာ လူတစ်ယောက်အနေနှင့် မြေကြီးကို တူးလိုက်လျှင် တွင်းတစ်တွင်း ဖြစ်လာပါလိမ့်မည်။ ဤသည်မှာ သဘာဝ၏ ဥပဒေသ ဖြစ်သည်။ ဤသို့ တွင်းတစ်တွင်း တူးလိုက်သည့်အတွက် ထိုက်သင့်သောလုပ်ခကို ပေးရမည်ဆိုသည်မှာ လူမှုရေးသဘော တူညီချက်များမှလာသော လူမှုဥပဒေသ ဖြစ်ပါသည်။ ဘောဂဗေဒသမားများ ဖြစ်လေ့ရှိသည်မှာ လူမှုဥပဒေသများကိုသာ နှလုံးသွင်းလေ့ရှိပြီး သဘာဝဥပဒေသများကို မေ့လျော့နေကြခြင်း ဖြစ်သည်။ သို့နှင့်




အမျှ အကျိုးနှင့်အကြောင်း၊ သက်ရောက်မှုနှင့် တန်ပြန်သက်ရောက်မှုတို့၏ အဆက်အစပ်ကို လေ့လာရာမှာပင် မျဉ်းတန်းသဘော (Linear Progression) ဖြင့် ချဉ်းကပ်ကြသည်က များသည်။ စင်စစ်သဘာဝတရားမှာ ဤမျှ ရိုးရှင်းလွယ်ကူသည်မဟုတ်ပါ။ မျဉ်းတန်းသဘောမက 'မျဉ်းတန်းမဟုတ်သည့် ဆက်စပ်မှုများ' (Non-Linear Progression) လည်း ရှိနိုင်ပေသည်။ အကြောင်းတစ်ခုက အကျိုးတစ်ရပ်ကို ဖန်တီးလိုက်ပြီး ထိုအကျိုးသည်ပင်လျှင် နောက်ထပ်ဖြစ်ထွန်းမှုအသစ်အတွက် အကြောင်းတရား ဖြစ်နိုင်ပါသည်။ ဤသို့ဖြင့် အကြောင်းနှင့်အကျိုးမှာ လိမ်ယှက်လျက်ရှိသလို ထွေပြားနက်ရှိုင်းမှုများလည်း ရှိနေသည်။ ဤသည်မှာ တကယ့်အစစ်အမှန်တရားဖြစ်တော့သည်။ ဗုဒ္ဓ၏ ပဋ္ဌာန်းဒေသနာတော်မှာ အဆိုပါ ဆက်စပ်မှုများကို အနုစိတ်ရှင်းလင်းဖော်ထုတ်ထားခြင်း ဖြစ်သည်။ ဤအဓိပ္ပာယ်အရဆိုလျှင် စပယ်ရှယ်လိုက်ဇေးရှင်းဘောင်ထဲတွင် ပိတ်မိနေသော ဘောဂဗေဒအတွက် ဗုဒ္ဓ၏ လောကအမြင်များက ကျေးဇူးပြုနိုင်စရာရှိလိမ့်မည်ဟု မှန်းဆရပါသည်။

## ဓမ္မ၏ အဓိပ္ပာယ်နှစ်ရပ်

ဗုဒ္ဓအလိုကျ ဘောဂဗေဒဆိုသည်နှင့် လူတော်တော်များများ၏ စိတ်သဏ္ဌာန်တွင် စံပြလူ့အဖွဲ့အစည်းတစ်ရပ်ကို မြင်လာနိုင်စရာ ရှိပါသည်။ ရောင်းခြင်း၊ ဝယ်ခြင်း၊ ထုတ်လုပ်ခြင်း၊ စားသုံး

ခြင်း စသော စီးပွားရေးလုပ်ဆောင်မှု အားလုံးကို တင်းကျပ်သော ကျင့်ဝတ်ဆိုင် ရာ တုပ်နှောင်မှုများဖြင့် ပုံသွင်းထားသည့် စံပြလူ့အဖွဲ့အစည်းဟု ထင်မြင်ယူဆကြပါလိမ့်မည်။ စင်စစ်ဤအမြင်မှာ ဗုဒ္ဓဝါဒ၏ အနက်အရှိုင်းကို ထင်ဟပ်ဖော်ထုတ်နိုင်သည်မဟုတ်ပါ။ ဗုဒ္ဓ၏ သင်ကြားချက်အားလုံးကို 'ဓမ္မ' ဟု စုစည်းမှတ်ယူနိုင်ပါသည်။ အနီးစပ်ဆုံး မြန်မာမှုပြုရလျှင် အမှန်တရားဟု နားလည်နိုင်သည်။ အမှန်တရားဆိုသော်လည်း မတူခြားနားသော အဆင့်အသီးသီးနှင့် ဖြစ်သည်။ ယာယီသာမှန်သော 'နှိုင်းရအမှန်တရား' (Relative Truth) နှင့် ထာဝရမှန်သော 'အဆုံးစွန်အမှန်တရား' (Ultimate) နှစ်မျိုးစလုံး အကျုံးဝင်သည်။ 'ပညတ်' သဘောရော 'ပရမတ်' သဘောပါ ဆိုလိုခြင်း ဖြစ်ပါသည်။

ယေဘုယျအားဖြင့် ဓမ္မ၏ အဓိပ္ပာယ်ကို ကဏ္ဍနှစ်ခုခွဲပြီး နားလည်နိုင်သည်။ ပထမအဓိပ္ပာယ်မှာ လူပုဂ္ဂိုလ်တစ်ဦးချင်းစီ နိစ္စဓူဝ ဘဝများနှင့် သက်ဆိုင်သည်။ ကျင့်ဝတ်ဆိုင်ရာ အပြုအမူများနှင့် ပတ်သက်သော အကောင်း၊ အဆိုး၊ အမှန်အမှားတို့ ဖြစ်ပါသည်။ ဤသည်ကို 'ကာရိယဓမ္မ' (Cariyadhamma) ဟု မှတ်ယူပါသည်။ ဒုတိယအဓိပ္ပာယ်မှာ ပို၍ ကျယ်ပြန့်သော အဓိပ္ပာယ်ဆောင်ပါသည်။ အမှားအမှန် အကောင်းအဆိုး စသော ကျင့်ဝတ်သတ်မှတ်ချက်များထက် လွန်သွားသည်။ သဘာဝတရား၏ လောကလုံးသဘောဆောင်သော အစစ်အမှန်တရား ဖြစ်ပါသည်။ ဤသည်ကို 'သဘာဝဓမ္မ' (Sabhāvadhamma) ဟု သတ်မှတ်ပါမည်။ ယနေ့သိပ္ပံပညာ၏ အဆုံးစွန်ရည်မှန်းချက် (တစ်နည်းဆိုရလျှင်) ယခုတိုင် မဆုပ်ကိုင်နိုင်သေးသော အမှန်တရားမှာ ယင်းသဘာဝ၏ ဓမ္မပင် ဖြစ်သည်။

ဤနေရာတွင် ဗုဒ္ဓအလိုကျ ဘောဂဗေဒ ကာရိယဓမ္မနယ်ပယ်တစ်ခုတည်းနှင့် ဘောင်ခတ်နားလည်မထားရန်မှာ အထူးအရေးကြီးလှသည်။ ဗုဒ္ဓ၏ သင်ကြားချက်များမှာ ဘဝအထွေထွေအတွက် ကျင့်ဝတ်နှုန်းစံများ သတ်မှတ်လမ်းညွှန်နေရုံမျှဖြင့် ရပ်တန့်မနေပါ။ တကယ့် အစစ်အမှန်သဘာဝကို ထိုးထွင်းသိမြင်နိုင်ရေးသို့ ဦးတည်ထားပါသည်။ ကာရိယဓမ္မကို သဘာဝဓမ္မနှင့် နက်နက်ရှိုင်းရှိုင်း ချိတ်ဆက်ထားလိုက်ခြင်း မည်ပါသည်။

**အဆုံးစွန်အနေနှင့် ပြောရလျှင် ဘောဂဗေဒကို ဓမ္မနှင့် သီးခြားခွဲထုတ်၍ ရနိုင်သည်မဟုတ်ပါ။ အကြောင်းမူ ဘောဂဗေဒပညာမှာ ကာရိယဓမ္မနှင့် တိုက်ရိုက် သက်ဆိုင်သည်မှန်သော်လည်း သဘာဝဓမ္မနယ်ပယ်ထဲမှာပင် ရှိနေသောကြောင့် ဖြစ်ပါသည်။ စီးပွားရေးလုပ်ဆောင်မှုအားလုံးမှာ အစစ်အမှန်သဘာဝတရားနှင့် အပြန်အလှန် ဆက်စပ်မှီခိုကျေးဇူးပြုနေသောကြောင့် ဖြစ်ပါသည်။**

အဆုံးစွန်အနေနှင့် ပြောရလျှင် ဘောဂဗေဒကို ဓမ္မနှင့် သီးခြားခွဲထုတ်၍ ရနိုင်သည်မဟုတ်ပါ။ အကြောင်းမူ ဘောဂဗေဒပညာမှာ ကာရိယဓမ္မနှင့် တိုက်ရိုက် သက်ဆိုင်သည်မှန်သော်လည်း သဘာဝဓမ္မနယ်ပယ်ထဲမှာပင် ရှိနေသောကြောင့် ဖြစ်ပါသည်။ စီးပွားရေးလုပ်ဆောင်မှုအားလုံးမှာ အစစ်အမှန်သဘာဝတရားနှင့် အပြန်အလှန် ဆက်စပ်မှီခိုကျေးဇူးပြုနေသောကြောင့် ဖြစ်ပါသည်။ ဤသည်ပင် ခေတ်ပြိုင်ဘောဂဗေဒပညာရပ်နှင့် ဗုဒ္ဓအလိုကျဘောဂဗေဒတို့၏ အဓိကခြားနားချက်ဖြစ်တော့သည်။

ဥပမာအနေဖြင့် 'ဝီစကီ' ဆိုသော ရောင်းကုန်ပစ္စည်းတစ်ရပ်ကို ကြည့်ပါမည်။ ရောင်းကုန်ပစ္စည်းတစ်ရပ်ဖြစ်သည်နှင့်အညီ ဝီစကီတွင် 'ဝယ်လိုအား' (Demand) ရှိသည်။ ဤဝယ်လိုအားကို ဖြည့်ဆည်းနိုင်ရန်အတွက် 'ရောင်းလိုအား' (Supply) ရှိရပါမည်။ ဂျုံ သို့မဟုတ် ဘာလီသီးနှံတစ်မျိုးမျိုး စိုက်ရမည်။ ရသောသီးနှံကို ဝိုင်ဖောက်၍ ဝီစကီအဆင့်ရောက်စေရန် ပေါင်းခံရမည်။ ပြောရလျှင် ကုန်ထုတ်လုပ်ရေးဖြစ်စဉ်တစ်ရပ်ကို ဖြတ်သန်းရခြင်းဖြစ်ပါသည်။ ဝီစကီရပြီဆိုသည်နှင့် ဈေးကွက်သို့ တင်ပို့ရောင်းချမည်။ စားသုံးသူယမကာလုလင်က ဝယ်သောက်မည်။ သူ့စိတ်ထဲတွင် ကျေနပ်တင်းတိမ်သွားမည်။ ပြီးပြီ။ ဘောဂဗေဒပညာအနေနှင့် 'စားသုံးမှု' (Comsumption) သည်ပင်၊ 'အဆုံးစွန်အသုံးပြုမှု' (Final Use) ဖြစ်သည်။ ဇာတ်လမ်းဆုံးပြီ၊ ရှေ့ဆက်ရန် မရှိတော့...။

ဗုဒ္ဓအလိုကျဘောဂဗေဒအတွက်မူ ဇာတ်လမ်းမဆုံးသေးပါ။ ခုမှ ဇာတ်လမ်းက တစ်ဝက်သာ ရောက်သေးသည်။ စီးပွားရေးလုပ်ဆောင်မှုတစ်ရပ်ကို အစစ်အမှန် သဘာဝ၏ ကြောင်းကျိုးဆက်ဖြစ်စဉ်ကြီးနှင့် ချိန်ညှိဖို့လိုပါသေးသည်။ ကာရိယဓမ္မနယ်ပယ်တွင်ရှိသော စီးပွားရေးလုပ်ဆောင်မှုတစ်ခုက သဘာဝဓမ္မနယ်ပယ်ရှိ လူ့ဖြစ်တည်မှုကြီးအပေါ် မည်သို့ ဩဇာသက်ရောက်မှုရှိလိမ့်မည်ကို ဆက်လက်ဆန်းစစ်ရပါဦးမည်။ အနိမ့်ဆုံးအနေနှင့် လူပုဂ္ဂိုလ်တစ်ဦးချင်း၊ လူ့အဖွဲ့အစည်းနှင့် သဘာဝပတ်ဝန်းကျင်ဆိုသော ဖြစ်တည်မှုကဏ္ဍသုံးရပ်အပေါ် သက်ရောက်မှုများကို ဆက်လက်လေ့လာရပါဦးမည်။ အရက်သေစာထုတ်လုပ်ရောင်းချ စားသုံးခြင်း၏ လူတစ်ဦးချင်းအပေါ် လူ့အဖွဲ့အစည်းအပေါ်၊ သဘာဝပတ်ဝန်းကျင်အပေါ် ကောင်းကျိုးဆိုးကျိုး မည်သို့ဖြစ်

သည်ကို မေးခွန်းထုတ်ကြရမည် ဖြစ်ပါသည်။ အဆိုပါမေးခွန်း၏ အဖြေကို မူတည်၍ ကျင့်ဝတ်ဆိုင်ရာတန်ဖိုးများကို သတ်မှတ်ပြဋ္ဌာန်းရမည် ဖြစ်သည်။

ဤနေရာမှာပင် 'ဖန်ဆင်းရှင်အယူအဆကို လက်ခံယုံကြည်သော ဘာသာရေးများ' (Theistic Religions) နှင့် ဗုဒ္ဓဘာသာတို့၏ ကွဲပြားခြားနားသော ကျင့်ဝတ်ဗေဒအမြင်ကို တွေ့နိုင်ပါသည်။ အဆိုပါဖန်ဆင်းရှင် ဘာသာရေးများတွင် ကျင့်ဝတ်တို့၏ မူလအစမှာ ဂေါ့(ဒ်) ဖြစ်သည်။ ဂေါ့(ဒ်) ၏ နှုတ်ခပတ်တော်သည်ပင်လျှင် ကျင့်ဝတ်ဖြစ်တော့သည်။ ဤသည်ကိုလည်း လူပုဂ္ဂိုလ်တစ်ဦးချင်းက အဓိပ္ပာယ်ဖွင့်ဆိုနိုင်သည်မဟုတ်။ ဂေါ့(ဒ်) နှင့် ပုဂ္ဂလိကလူသားကြား မိမိဘာသာခန့်အပ်ထားသော ကိုယ်စားလှယ်ကြီးများကသာ ဖွင့်ဆိုသတ်မှတ်ပြဋ္ဌာန်းပေးရသည်။ နတ်ဘုံနှင့် မြှောက်သလို၊ ငရဲဘုံနှင့် ခြောက်ကြသည်။ ပုဂ္ဂလိကလူသားတွင် စီရင်ဆုံးဖြတ်ပိုင်ခွင့်မရှိ။ အပြုခံသက်သက် ဖြစ်သည်။

ဗုဒ္ဓဘာသာတွင်မူ ဂေါ့(ဒ်) မရှိသလို ဂေါ့(ဒ်) ၏ ကိုယ်စားလှယ်များအတွက်လည်း နေရာမရှိပါ။ ဗုဒ္ဓဝါဒ၏ အမြင့်ဆုံးပန်းတိုင် (နိဗ္ဗာန်)နှင့် ပုဂ္ဂလိကလူသားကြားတွင် မိမိကိုယ်တိုင် ကျင့်ကြံအားထုတ်နိုင်သော လမ်းကြောင်းမှန်ရှစ်ပါးသာ ရှိသည်။ အခြားမည်သည့် ကိုယ်စားလှယ်မျှ မရှိပါ။ ဗုဒ္ဓယဉ်ကျေးမှု၏ ကျင့်ဝတ်အားလုံးသည်လည်း အစစ်အမှန်သဘာဝမှ ထွက်ပေါ်လာခြင်း ဖြစ်သည်။ သဘာဝနိယာမတစ်ခုဖြစ်သော 'ကမ္မဥပဒေသ' (Law of Karma) ဖြင့်သာ သတ်မှတ်ပြဋ္ဌာန်းသည်။ ကမ္မဥပဒေသဆိုသည်မှာ မိမိ၏အလုပ်ကို မိမိကိုယ်တိုင်က တာဝန်ယူရမည်ဆိုသော နိယာမဖြစ်သည်။ လူတစ်ယောက်၏လားရာမှာ သူလုပ်သော အလုပ် (ကမ္မ) ၏ အကျိုးဆက်ဟု ဆိုသည်။ ဤနေရာတွင်လည်း ကျင့်ဝတ်တန်ဖိုးများကို အကြွင်းမဲ့ အသေကျကျ ကျင့်သုံးသည်မဟုတ်ပါ။ ကျင့်ဝတ်တစ်ခု၏ အကျိုးသက်ရောက်မှု၊ ဖြစ်ထွန်းလာသော အခြေအနေသစ်များနှင့်အညီ ကျင့်ဝတ်ဆိုင်ရာ ပြဋ္ဌာန်းချက်များကို ပြန်လည်ချိန်ညှိရသည်များ ရှိပါသည်။ တစ်နည်းပြောရလျှင် ကာရိယဓမ္မနှင့် သဘာဝဓမ္မတို့၏ အပြန်အလှန် ကျေးဇူးပြုမှုကို မျက်ခြေမပြတ်ခြင်း ဖြစ်သည်။ ဤသည်ပင် ဗုဒ္ဓအလိုကျ ကျင့်ဝတ်ဗေဒ ဖြစ်ပါသည်။

ဤနေရာတွင် စကားအလျဉ်းသင့်၍ ရေပန်းစားနေသော ခေတ်ပြိုင် အယူအဆတစ်ရပ်ကို ဆွေးနွေးလိုသည်။ 'အဆုံးပန်းတိုင်က နည်းနာကို တရားမျှတစေလိမ့်မည်' (The End Justifies the Means) ဆိုသော အယူဝါဒ ဖြစ်ပါသည်။ ရည်ရွယ်ချက်သာ မှန်မြတ်မှန်ကန်ပါစေ၊ မည်သို့သော နည်းလမ်းမျိုးကိုမဆို သုံးသင့်သည်၊ သုံးအပ်သည်ဆိုသော အကောက်အယူဖြစ်သည်။ ဤအတွက် ကွန်မြူနစ်တော်လှန်ရေးများကို သာဓကတင်ကြည့်နိုင်ပါသည်။ ကွန်မြူနစ်တို့ ရည်ရွယ်မျှော်လင့်သော အဆုံးပန်းတိုင်မှာ လူလူချင်း ခေါင်းပုံဖြတ်မှုကင်းသော လူတန်းစားမဲ့ စံပြလူ့အဖွဲ့အစည်း ဖြစ်သည်။ ဤပန်းတိုင်သို့ ချီတက်ရာခရီးတွင် အဟန့်အတားဟု ယူဆရသော အရာအားလုံး၊ အင်အားစုအားလုံးကို အရက်စက်ဆုံးနည်းနှင့် ချေမှုန်းရသည်မှာ တရားသည်၊ မှန်ကန်သည်ဟု ဟောသည်။ အဆုံးပန်းတိုင် (စံပြလူ့အဖွဲ့အစည်း)၏ မှန်မြတ်မှန်ကန်မှုက အသုံးပြုသော နည်းနာ (အမုန်းတရားနှင့် သွေးချောင်းစီးစစ်ပွဲများ) ကို တရားမျှတစေလိမ့်မည်ဟု သဘောယူကြခြင်း ဖြစ်သည်။

စင်စစ် 'ယုံကြည်ချက်' ဆိုသည်မှာ သူ့ချည်းသက်သက်ဆိုလျှင် အဆိုးဟု မဆိုသာပါ။ သို့နှင့်တိုင် အဆိုပါယုံကြည်ချက်ကို လက်တွေ့အကောင်အထည်ဖော်ရာတွင် အစစ်အမှန်သဘာဝနှင့် သဟဇာတ မဖြစ်လျှင်မူ ပြဿနာရှိနိုင်ပါသည်။ ယုံကြည်ချက်တစ်ခု ရည်မှန်းချက်တစ်ရပ် အနေနှင့် မည်မျှပင် မွန်မြတ်မှန်ကန်မှု ရှိနေပါစေ၊ သဘာဝနိယာမများနှင့် ဆန့်ကျင်နေလျှင် ဆန့်ကျင်ဘက်အကျိုးသက်ရောက်မှုများကိုသာ ဖြစ်ထွန်းစေပါလိမ့်မည်။ သမိုင်းကို ပြန်ကြည့်လိုက်သော အခါ ကွန်မြူနစ်တော်လှန်ရေးများက လက်တွေ့မွေးထုတ်လိုက်သည်မှာ သူတို့ပြောသော လောကနိဗ္ဗာန်စံပြလူ့အဖွဲ့အစည်းမဟုတ်ဘဲ ငါ့မင်းငါ့ချင်းစနစ်သာ ဖြစ်နေသည်ကို တွေ့ရပါလိမ့်မည်။

ဗုဒ္ဓ၏ လောကအမြင်ကမူ ကွန်မြူနစ်တို့နှင့် ဆန့်ကျင်စွာပင် 'နည်းနာက ပန်းတိုင်အတွက် အခြေအနေဖန်တီးပေးသည်' (The means condition the end) ဟူ၍ ဖြစ်သည်။ မွန်မြတ်သော လူ့အဖွဲ့အစည်းတစ်ရပ် ဖန်တီးတည်ဆောက်နိုင်ရန် မွန်မြတ်သော နည်းနာများကို အသုံးပြုရမည်သာ ဖြစ်သည်။ ရက်စက်ကြမ်းကြုတ်သော နည်းများဖြင့် အမွန်အမြတ်တရားများကို ဖန်တီးနိုင်သည်မဟုတ်ပါ။ သမိုင်းတွင် ကြုံခဲ့ဖူးသော အစွန်းရောက်ဝါဒများ နာမည်ဆိုးနှင့် ဇာတ်သိမ်းခဲ့ရသည်မှာ ဤသဘောပင် ဖြစ်ပါသည်။ ဗုဒ္ဓအဘိဓမ္မာကို လောကုတ္တရာ ရည်မှန်းချက်ဘက်မှ အဓိပ္ပာယ်ဖွင့်ရလျှင် 'လမ်းကြောင်းမှန်ရှစ်ပါး' (မဂ္ဂင်ရှစ်ပါး) သည် နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ရေးအတွက် အခြေအနေဖန်တီးပေးခြင်း ဖြစ်သည်။ ဗုဒ္ဓအလိုကျ ဘောဂဗေဒတွင်လည်း ကျင့်ဝတ်နှုန်းစံများမှာ 'ပတိရူပလူ့အဖွဲ့အစည်း' (Good Society) အတွက် အခြေအနေဖန်တီးပေးခြင်း (တစ်နည်း) လမ်းခင်းပေးခြင်း ဖြစ်ပါသည်။

ဆက်လက်ဖော်ပြပါမည်။

**ကျော်ဝင်း**

စာညွှန်း– Buddhist Economics
(By P.A. Payutto)



ပန်းချီ မင်းဝေအောင်၏ ပန်းချီကား

# ကျွန်တော် ပန်းချီကုန်သည်

## (၂၄)

**ဦးလှဝင်း(လေသူရဲတစ်ဦး)**

"ပန်းချီကိုစိန်အောင်က ပန်းချီဆရာဖြစ်တာ ကျွန်တော်တို့ထက် စောတယ်။ ကျွန်တော်တို့ ပန်းချီကျောင်းတက်နေတဲ့ အချိန်ကတည်းက ကျွန်တော်တို့ ပန်းချီကျောင်းအရှေ့မှာ အခန်းတစ်ခန်းငှားပြီး အလုပ်ခန်းဖွင့်ထားတယ်။ ပန်းချီဆွဲတယ်။ စိန်အောင်စတူဒီယိုလို့ ဆိုပါတော့"

"အနုအလှ ပန်းချီရေးတာလား"

"ဟုတ်တယ်။ ကိုစိန်အောင်က ဟိုအချိန်ကတည်းက အနုအလှပန်းချီကို ရေးတယ်။ ပန်းချီကား ရောင်းတယ်။ ကျွန်တော်က အဲဒီအချိန်ကတည်းက ကိုစိန်အောင် စတူဒီယိုကို မကြာခဏ သွားလည်တယ်။ ကိုစိန်အောင် ပန်းချီဆွဲတာ ထိုင်ကြည့်တယ်။ လေ့လာတယ်။ ကိုယ် ဝိုင်းကူညီ လုပ်ကိုင်ပေးနိုင်တာကို ကူညီလုပ်ကိုင်ပေးတယ်။ ကိုစိန်အောင်နဲ့ အဲဒီအချိန်ကတည်းကစပြီး ရင်းရင်းနှီးနှီး ခင်နေခဲ့ကြတယ် ဆိုပါတော့။ ကျွန်တော် မှတ်မိသေးတယ်။ ကျွန်တော်တို့ ပန်းချီကျောင်းနဲ့ မျက်စောင်းထိုး... ကိုစိန်အောင် စတူဒီယိုနဲ့ မလှမ်းမကမ်းမှာ ပန်းချီကိုရင်



ပန်းချီ မင်းဝေအောင်

ထွန်းရဲ့ စတူဒီယို ရှိသေးတယ်။ ပန်းချီကျောင်းက ဆင်းလာပြီးတော့လည်း ပန်းချီကိုစိန်အောင်နဲ့ ကျွန်တော် အဆက်အသွယ်မပြတ်ဘူး။ သူ့အလုပ်ခန်းကို ကျွန်တော် မကြာခဏ ရောက်တတ်တယ်။ ၁၉၈၄ ခုနှစ်လောက်ရောက်တော့ တက္ကသိုလ်က ဂျပ်ဆင်ခန်းမမှာ ပန်းချီပြပွဲတွေက စလုပ်နေပြီ။ ကိုစိန်အောင်က အဲဒီပန်းချီပြပွဲတွေမှာ ကျွန်တော့်ပန်းချီကားတွေကို ဝင်ပြဖို့ အကြံပေးတယ်။ အနုအလှပန်းချီကားတွေကို ဆွဲဖို့ အားပေးတယ်။ သူနဲ့ ပတ်သက်ပြီးတော့ပဲ နံနက်ခင်း ပန်းချီပြပွဲမှာ ကျွန်တော် ပန်းချီဝင်ပြတယ်။ နှစ်ကားရောင်းလိုက်ရတယ်"

"ဘယ်လောက်နဲ့လဲ"

"ဟိုတုန်းက ပန်းချီကားဈေးက ဘာမှမရှိဘူး။ ကျပ်ငွေနှစ်ရာ...နှစ်ရာ့ငါးဆယ်လောက် ရှိမှာပေါ့။ ဒါပေမယ့် အနုအလှပန်းချီလောကဝင်ဝင်ချင်း...နှစ်ကားတောင် ရောင်းလိုက်ရတယ်ဆိုတော့ တော်တော်အားရှိသွားတာပေါ့။ ပိုပြီး ဆက်ရေးချင်စိတ်တွေ ပေါ်ခဲ့တာပေါ့။ ဒါကြောင့်လည်း ပန်းချီချောအိသိမ်းအဖေ ဆရာပန်းချီဦးမောင်မောင်သိမ်းတို့နဲ့ ပေါင်းပြီး New Strangth... အားသစ်ဆိုတဲ့ ပန်းချီပြပွဲမှာ ဝင်ပြတယ်။ နောက်...အဇ္ဈတ္တ (Ajjhatta) ဆိုတဲ့ ပန်းချီပြပွဲ...။ ကျွန်တော်တို့ ပန်းချီဆရာအပေါင်းအသင်းငါးယောက်စုပြီး လုပ်ကြတဲ့ပွဲ...။ ဒီပွဲမှာလည်း ပန်းချီကိုမိုက်မိုက်တို့နှင့်အတူ ကျွန်တော့်ကားတွေကို ဝင်ပြခဲ့တယ်။ အဇ္ဈတ္တပန်းချီပြပွဲတွေလုပ်တဲ့အချိန်က ၁၉၈၅...၁၉၈၆ ခုနှစ်လောက် ရှိသွားပြီ။ အဲဒီအချိန်လောက်မှာပဲ ဆရာပန်းချီရန်ကုန်ဘဆွေက ဦးဆောင်ပြီး ပန်းချီချစ်သူများပြခန်း (Art Lovers' Gallery) ဆိုပြီး ဖွင့်တယ်"

"ဘယ်မှာ ဖွင့်တာလဲ"

"ဆရာဦးဘဆွေတို့နေတဲ့ ဖ.ဆ.ပ.လ တိုက်ခန်းတွေအနားမှာပဲ။ တိုက်ခန်းတွေဘေးမှာ ပိုနေတဲ့မြေကွက်မှာ အဆောက်အအုံလေးတစ်ခုဆောက်ပြီး ပန်းချီပြခန်းဖွင့်ခဲ့ကြတာ...။ ဒီပြခန်းမှာ ထူးခြားတာက မြန်မာနိုင်ငံရဲ့ နာမည်ကြီးပန်းချီဆရာတော်တော်များများ ပါဝင်ခဲ့ကြတာပဲ။ ဆရာဦးဘဆွေ...ဆရာဦးဘရင်လေးတို့နဲ့ ရင်းနှီးတဲ့ နာမည်ကြီးပန်းချီဆရာတွေလည်း အကုန်ပါတယ်။ တက္ကသိုလ်ဂျပ်ဆင်ခန်းမမှာ နံနက်ခင်းပြပွဲတွေ လုပ်နေကြတဲ့ ပန်းချီဆရာအုပ်စုတွေလည်း အကုန်ပါတယ်"

"ပြခန်းက ဘယ်သူပိုင်တဲ့ ပြခန်းလဲ"

"ဘယ်သူမှ မပိုင်ဘူး။ ပန်းချီဆရာတွေ ဝိုင်းစုပြီး ဖွင့်ခဲ့ကြတာ။ ဆိုင်တာဝန်ခံက ဘယ်သူလဲဆိုတော့ ပန်းချီ ကိုမင်းရာဇာ..."

"ဘယ်သူလဲ မင်းရာဇာဆိုတာ"

"ဟာဂျီမဒေါ်ပုရဲ့ သားလေ။ သူက အဲဒီအချိန်တုန်းက နံနက်ခင်းပန်းချီပြပွဲ လုပ်နေကြတဲ့ ပန်းချီဆရာအုပ်စုမှာ ပါတယ်။ ကိုမင်းရာဇာက ဆိုင်တာဝန်ခံ။ ညစောင့်က ဘယ်သူလဲဆိုတော့ ကျွန်တော်...။ ကိုမင်းရာဇာရော ကျွန်တော်ရော လခတစ်ပြားမှမရဘူး။ ဝါသနာအရ ဝင်လုပ်ကြတာ...။ ကျွန်တော့်အတွက် ရလိုက်တဲ့ အကျိုးအမြတ်ကတော့ နေစရာရသွားတယ်။ ညဘက်... ညစောင့်လုပ်ရတဲ့အတွက် ကျွန်တော် နေစရာ အခြားအိမ်ငှားနေစရာမလိုတော့ဘူး။ ဒီပန်းချီပြခန်းမှာပဲ အိပ်...။ ဒီပန်းချီပြခန်းမှာပဲ စားပေါ့။ နေစရာအတွက် တော်တော်အဆင်ပြေသွား

တယ်။ ဒါပေမယ့် ဘာပြဿနာဖြစ်ပြန်သလဲဆိုတော့ ပြခန်းဖွင့်ပြီး လေးငါးလလောက်ပဲ ကြာလိမ့်မယ်။ ရန်ကုန်မြို့တော်စည်ပင်အဖွဲ့ကလာပြီး ကျွန်တော်တို့ ပန်းချီပြခန်းဆောက်တဲ့မြေဟာ နိုင်ငံတော်ပိုင်မြေ...။ အဆောက်အအုံ ဆောက်ခွင့်မပေးဘဲ အဆောက်အအုံဆောက်လို့ မရဘူး။ ပြန်ဖျက်ဆိုတာနဲ့ ပြန်ဖျက်ပေးရတယ်”

“ပန်းချီပြခန်း ပျက်သွားရောဆိုပါတော့”

“ဟုတ်တယ်။ ဒါပေမယ့် ဖျက်ပြီး ပြန်ထွက်လာတဲ့သစ်တွေကို ဘာလုပ်ရမှန်း မသိဖြစ်နေလို့ အတွင်းဘက်မှာ ကျွန်တော်က အဆောက်အအုံသေးသေးလေး ယာယီဆောက်လိုက်တယ်။ အဲဒီအဆောက်အအုံငယ်လေးမှာ ကျွန်တော် နေလိုက်တယ်”

“စည်ပင်အဖွဲ့က လာမဖျက်ခိုင်းတော့ဘူးလား”

“အဆောက်အအုံက ပေါက်စလေးဆိုတော့ သူတို့လည်း စိတ်မဝင်စားကြတော့ဘူး ထင်ပါတယ်။ ဒါပေမယ့် ဒီအဆောက်အအုံလေးက ကျွန်တော်တစ်ယောက်တည်းနေဖို့အတွက်တော့ အတော်ပဲ။ ယာယီအားဖြင့် အိမ်ငှားနေစရာမလိုတော့ဘူး။ ဒါပေမယ့် သိပ်ကြာကြာတော့ မနေလိုက်ရဘူး။”

“ဘယ်လောက် နေလိုက်ရလဲ”

၁ နှစ်ကျော် ၂ နှစ်လောက်ပေါ့။ အဲဒီ ၁ နှစ် ၂ နှစ်အတွင်းမှာ ဆရာဦးဘဆွေ၊ ဆရာဦးဘရင်လေးတို့ဆီမှာ ပန်းချီလေ့လာခွင့် ရခဲ့ပါတယ်။ ၁၉၈၇ လောက်ကျတော့ ကျွန်တော် လှည်းတန်းဘက် ပြောင်းသွားတယ်။ ပန်းချီဆရာကြီး ဘိုကလေးကျော်လှိုင်တို့ အိမ်နားကို ပြောင်းသွားတယ်။ ဆရာကြီးရဲ့ တူမအိမ်မှာ ငှားနေတယ်။ ထမင်းစားတော့ ဆရာကြီးအိမ်မှာ လခပေးစားတယ်။ ပန်းချီပြပွဲတွေမှာ ပန်းချီကားတွေ ဆက်ပြတယ်။ နောက်တစ်နှစ်...၁၉၈၈ ခုနှစ်ကျတော့ အရေးအခင်းဖြစ်ရော...။ အရေးအခင်းပြီးတော့ ပန်းချီပြပွဲတွေက ဆက်မလုပ်နိုင်ကြတော့ဘူး။ နေရာအခက်အခဲ ရှိလာတယ်။ အဲဒီအခါမှာ ကိုယ့်ဟာကိုယ် ပြခန်းလေးတစ်ခု တည်ထောင်ပြီး ပန်းချီကားတွေပြရရင်... ပန်းချီကားတွေ ရောင်းစားရရင် အဆင်ပြေလိမ့်မယ်ဆိုတဲ့ စိတ်ကူးကို ပထမဆုံး စရတယ်။ ပြခန်းဖွင့်ဖို့နေရာ ရှာတယ်။ ၅ မိုင်ခွဲက ခရမ်းပြာ လက်ဖက်ရည်ဆိုင် အနောက်က ခရမ်းပြာအဆောင်အောက်ထပ်မှာ နေရာတွေ့တယ်။ အခန်းငှားလိုက်တယ်။ Treasure ဆိုတဲ့ ပန်းချီပြခန်းကို စဖွင့်တယ်။

“တစ်ဦးတည်းပိုင်လား”

“မဟုတ်ဘူး။ အရင်းအနှီးပြဿနာပဲ။ အဲဒီတုန်းက ကျွန်တော့်မှာ ပြခန်းဖွင့်လောက်အောင် ငွေမရှိသေးဘူး။ ပန်းချီဆရာ ၁၂ ယောက်စုပြီး...၁၂ ယောက် ငွေရင်းပေါင်းပြီး ဖွင့်ခဲ့ကြတဲ့ ပန်းချီပြခန်း။ မော်ဒန်ရေးတဲ့ ကိုအေးကို၊ နောက်... ဦးလှတင်ထွန်း၊ ဦးရှိန်ထွန်း၊ ကိုတင်မောင်လွင်၊ အက်(စ်)တင်ရွှေ၊ ကိုအောင်ကျော်မိုး၊ မောင်သီဟ၊ ဦးမင်းစံချိန်၊ ကိုမျိုးကျော်၊ ကိုသစ်လွင်ဦး၊ ကိုဝင်းမြင့်မိုး၊ ကိုမင်းတင်လှိုင်တို့နဲ့ ပေါင်းပြီး ဖွင့်ခဲ့ကြတာ...။”

“ဘယ်သူက ဦးဆောင်ပြီး ဖွင့်ခဲ့တဲ့ ပြခန်းလဲ”

“ကျွန်တော်ပဲ။ ကျွန်တော်ပဲ ဦးဆောင်ပြီး လိုက်စည်းရုံး၊ ကျွန်တော်ပဲ အခန်းရှာ... ကျွန်တော်ပဲ ပန်းချီကားတွေချိတ်... ကျွန်တော်ပဲ ပန်းချီကားတွေရောင်းပြီး... အဲဒီပြခန်းမှာပဲ ကျွန်တော်နေခဲ့တာ...”

“ပန်းချီကားတွေ ရောင်းရလား”

“ရောင်းရတယ်။ သိပ်ရောင်းရတယ်။”

“ပန်းချီကားဈေးက...”

“သိပ်မရှိဘူး။ ကွယ်လွန်သွားတဲ့ နာမည်ကြီး ပန်းချီဆရာကြီးတွေရဲ့ ပန်းချီကားမှ ဘာမှ ဈေးမရသေးဘူး။ ကျွန်တော် မှတ်မိတယ်။ ဆရာဦးငွေကိုင်ရဲ့ သုံးပေလေးပေအရွယ် ဆီဆေးပန်းချီကားကြီး တစ်ချပ်မှ ကျပ်ငွေတစ်သောင်း...တစ်သောင်းနှစ်ထောင်လောက်နဲ့ ရောင်းစားနေရတဲ့ အချိန်...။ ဆရာဦးစံဝင်းကား အသေးလေးတွေဆိုရင် သုံးထောင် လေးထောင်လောက်ပဲ ရောင်းနေရသေးတယ်”

“ခင်ဗျားတို့ ခေတ်သစ်ပန်းချီဆရာတွေရဲ့ ကားဈေးကရော...”

“အမြင့်ဆုံး တစ်ထောင်လောက်ပဲ ရသေးတယ်။ ကျွန်တော်တို့က ပြင်ပပန်းချီဆရာတွေရဲ့ လက်ရာတွေကို မရောင်းပေးဘူး။ လက်မခံဘူး။ ပြခန်းမှာ အစုဝင်ထားတဲ့ ပန်းချီဆရာ ၁၂ ယောက်ရဲ့ ပန်းချီကားတွေကိုပဲ တင်ပြီး ရောင်းတယ်”

“ဆယ့်နှစ်ယောက်လုံးရဲ့ ပန်းချီကားတွေ ရောင်းရလား”

“မရဘူး။ ရတဲ့လူရ... မရတဲ့လူမရပေါ့...။ ဒါကြောင့်လည်း ပထမ ခြောက်လဖွင့်ပြီး ဒုတိယခြောက်လ ဆက်ဖွင့်မယ် လုပ်တော့ ပန်းချီဆရာအများစုက ဆက်အစုမပါချင်ကြတော့ဘူး။”

“ဘာဖြစ်လို့လဲ”

“အဓိကပြဿနာက ပြခန်းငှားခကို အိမ်ပိုင်ရှင်က လာတိုးတောင်းတယ်။ ကျွန်တော်တို့ ပထမခြောက်လ စငှားတုန်းက တစ်လငှားခ တစ်ထောင့်ငါးရာ...။ ဒုတိယခြောက်လ ငှားမယ်ဆိုတော့ နှစ်ထောင်တိုးတောင်းတယ်။ ဒါကြောင့် ပန်းချီဆရာအများစုက ဆက်မပါချင်ကြတော့ဘူး။ ထွက်ကုန်တယ်။ နောက်ဆုံး ပန်းချီ ကိုအေးကိုနဲ့ ကျွန်တော်... နှစ်ယောက်ပဲ ကျန်တော့တယ်။ ကိုအေးကိုက ကျွန်တော့်ကို တစ်ယောက် တစ်ထောင်စီ အခန်းခ ဆက်ပေးပြီး ပြခန်းဆက်ဖွင့်ဖို့ အကြံပေးတယ်။ ပြဿနာက ကျွန်တော့်မှာ တစ်လ ငွေတစ်ထောင် အခန်းခထုတ်ပေးနိုင်တဲ့ အခြေအနေမရှိသေးဘူး။ နောက်ဆုံး ကိုအေးကိုက... ကျွန်တော့်အတွက် အခန်းခ ငွေတစ်ထောင်ကို အရင်စိုက်...။ ကျွန်တော်က ပန်းချီကားရောင်းရမှ ငွေပြန်ပေးဆိုတဲ့ သဘောတူညီချက်နဲ့ ဆက်ဖွင့်ကြတယ်။

ဒုတိယဆက်ဖွင့်တဲ့အချိန်မှာ ကျွန်တော်တို့ ပန်းချီပြခန်းရဲ့ စည်းကမ်းက ဘာပြောင်းလဲသွားသလဲဆိုရင် အစုဝင် ပန်းချီဆရာတွေရဲ့ကားတွေကိုသာ ပြကြတော့တာ မဟုတ်ဘူး။ အခြားပန်းချီဆရာတွေရဲ့ ကားတွေကိုပါ ကော်မရှင်စားအနေနှင့် လက်ခံပြီး ရောင်းပေးတယ်။ ပန်းချီပြခန်းရဲ့ နာမည်ကိုလည်း Treasure ကနေပြီး New Treasure ဆိုပြီး ပြောင်းလိုက်တယ်"

"အဆင်ပြေလား"

"မဆိုးပါဘူး။ ဒါပေမယ့် ပြဿနာက တတိယခြောက်လ ဆက်ဖွင့်ဖို့ အိမ်ရှင်နဲ့ အခန်းခကို ညှိယူကြတဲ့အခါမှာ အိမ်ရှင်က အခန်းခကို တိုးတောင်းပြန်တယ်။ အခန်းခက နှစ်ထောင်က နှစ်ထောင့်ငါးရာဖြစ်သွားတယ်။ နောက်... ဆယ်လစာ ငွေကြိုပေးရမယ်ဆိုပြီး တောင်းပြန်တယ်။ ဒါကြောင့် ကျွန်တော်တို့မှာ ဆက်ဖွင့်နိုင်တဲ့အခြေအနေ မရှိကြတော့ဘူး။ ပန်းချီပြခန်းကို ပိတ်ပစ်ဖို့ ဆုံးဖြတ်လိုက်ကြတယ်။ ကံကောင်းချင်တော့ ပြခန်းပိတ်ရကာနီးမှာ ကိုရီးယားလူမျိုး ကမ္ဘာ့လှည့်ခရီးသည်အုပ်စုတစ်စု ရောက်လာပြီး ကွယ်လွန်သွားတဲ့ ပန်းချီဆရာကြီးတွေ... Old Masters တွေရဲ့ကားတွေ တော်တော်ဝယ်သွားတယ်။ ကျွန်တော် ကိုယ်ပိုင်ဝယ်ထားတဲ့ကားတွေပါ ရောင်းလိုက်ရတယ်။ ကျွန်တော် ပထမဆုံးငွေရင်း စရတယ်ပေါ့ဗျာ။ အဲဒီငွေနဲ့ပဲ ကျွန်တော့်ရဲ့ကိုယ်ပိုင်ပန်းချီပြခန်းကို New Treasure ဆိုတဲ့နာမည်နဲ့ပဲ အမှတ် ၁၈၇၊ ရွှေတောင်ကုန်းရိပ်သာလမ်းမှာ စဖွင့်ခဲ့တယ်။ ဒီနေ့ ကျွန်တော့်ပန်းချီပြခန်းက အဲဒီအချိန်က သန္ဓေတည်ပြီး စလာခဲ့တဲ့ ပြခန်းပဲ"

"ကိုမင်းဝေအောင်... ဒီနေ့ နာမည်ကြီးနေတဲ့ ဘုန်းကြီးရုပ်ပုံ ပန်းချီကားတွေက ဘယ်အချိန်က စရေးတာလဲ"

"ခရမ်းပြာပန်းချီပြခန်းဖွင့်တဲ့ အချိန်က စရေးခဲ့တာ...ဒီကားတွေရေးဖို့ ဘယ်လိုစပြီး စိတ်ဝင်စားလဲဆိုတော့ ဘုန်းကြီးကားလေးတွေကို နိုင်ငံခြားသားတွေ အရမ်းကြိုက်တယ်။ ရေးတိုင်း ရောင်းရတယ်"

"ရေးတဲ့ရေးဟန်ကရော အစကတည်းက ဒီနေ့ရေးဟန်မျိုးပဲ ရေးသလား"

"ဟုတ်တယ်။ ရေးတယ်။ ဘုန်းကြီးပုံလေးတွေကိုသာ အဓိကဖော်ပြထားပြီး နောက်ခံမြင်ကွင်းတွေကို အကုန်ဖျောက်ထားတယ်။ Back Ground အရုပ်တွေ...၊ မြင်ကွင်းတွေမပါဘူး"

"ဘုန်းကြီးပုံပန်းချီကားတွေက အဲဒီအချိန်တုန်းက ကိုမင်းဝေအောင်တစ်ယောက်တည်း ရေးသလား။ တခြား ပန်းချီဆရာတွေရော မရေးဘူးလား"

"ရေးတယ်။ ဒါပေမယ့် နောက်ကျောဘက်မြင်ကွင်းပုံမျိုး...အဲ...မျက်နှာကိုဖျောက်ထားတဲ့ ရေးဟန်မျိုးကတော့ ကျွန်တော်တစ်ယောက်တည်း ရေးတယ်။ ကျွန်တော့်ရဲ့ ကိုယ်ပိုင်ရေးဟန်ဆိုပါတော့...။ ကျွန်တော့်ရဲ့ ဘုန်းကြီးပုံပန်းချီကားတွေက မျက်နှာမပါဘူး။ နောက်ကျောဘက်တွေပဲ ပါတယ်။ နောက်... ဘုန်းကြီးပုံတွေရဲ့ နောက်ခံအရောင်ကိုလည်း ရိုးပြတ်ရောင်...yellow ochre အရောင်ကိုပဲ သုံးတယ်"

"တစ်ရောင်ထဲလား"

"ဟုတ်တယ်။ ဒါပေမယ့် အနုအရင့်ကိုတော့ အမျိုးမျိုး ကစားသွားတာပေါ့။ ကျွန်တော် အခုလို ရေးဟန်သစ်တွေနဲ့ အောင်မြင်ရတာက ပြည်ပသွားပြီး လေ့လာခွင့်ရခဲ့တဲ့ အကျိုးအမြတ်တွေကြောင့်လည်း ပါတယ်"

"ဘယ်ကို သွားလေ့လာခဲ့တာလဲ"

"၁၉၉၃ ခုနှစ်မှာ အမေရိကန်ပြည်ထောင်စုကိုသွားပြီး ပန်းချီလေ့လာခွင့်ရခဲ့တယ်။ အမေရိကန်သံရုံးက ရွေးတာ။ မြန်မာပန်းချီဆရာထဲက ကျွန်တော်နဲ့ ဗိဿနိုးတင်ဝင်း၊ နောက်... ပန်းပုဆရာထဲက ကိုဆန်နီငြိမ်းတို့ကို ရွေးပြီး လွှတ်ခဲ့တာ...။ အမေရိကန်ပြည်ထောင်စုမှာ တစ်လ လေ့လာခွင့်ရခဲ့တယ်။ ပထမဆုံး ဝါရှင်တန်ဒီစီကို သွားရတယ်။ နောက်... ဖီလာဒဲလ်ဖီးယား...နောက်...ကင်ဆက်စီးတီး... နောက်... နယူးမက္ကဆီကို...။ စိတ်ဝင်စားဖို့လည်း သိပ်ကောင်းပါတယ်။ စင်တာဖီးမြို့ဆိုရင် တစ်မြို့လုံးက ပန်းချီကားတွေရောင်းတဲ့ဆိုင်တွေချည်းပဲ"

"ဒီလို အမေရိကန်ကို သွားလေ့လာခွင့်ရခဲ့တဲ့အတွက် ကိုယ့်ရဲ့ ပန်းချီလောကအမြင်ကို ဘယ်လို ပြောင်းလဲသွားစေခဲ့လဲ"

"ကျွန်တော်တို့ ရောက်သွားတဲ့အချိန်က သူတို့ဆီမှာ အင်စတော်လေးရှင်း (Installation) တို့ ပါဖွန်းမင့် (Performance) တို့လို အနုပညာသစ်တွေက သိပ်အားကောင်းနေတဲ့အချိန်။ ဒါပေမယ့် မြင်တွေ့ခဲ့ရတာတွေအားလုံးခြုံပြီး ကျွန်တော့်အမြင်ကို ဘာထူးခြားစေခဲ့သလဲဆိုတော့ သူတို့လို နိုင်ငံကြီးတွေမှာ အနုပညာနဲ့ပတ်သက်ပြီး ဘာပဲလုပ်လုပ်... တစ်ခုခုကို ကျွမ်းကျွမ်းကျင်ကျင် ပိုင်ပိုင်နိုင်နိုင် ရှိရမယ်။ မိမိနဲ့ လိုက်ဖက်တဲ့... မိမိ အထူးကျွမ်းကျင်မှုရှိတဲ့ လိုင်းတစ်ခုကို ရွေးတတ်ရမယ်။ ပိုင်ရမယ်။ မိမိရွေးတဲ့လိုင်းကို ကျွမ်းကျွမ်းကျင်ကျင် ပိုင်ပိုင်နိုင်နိုင်ရှိရင် အောင်မြင်တာပဲ။ နောက်... ၁၉၉၄ ခုနှစ်မှာ... ဂျပန်နိုင်ငံမှာ ကျင်းပတဲ့ (၄)ကြိမ်မြောက် အာရှပန်းချီပြပွဲကို တက်ရောက်ဖို့... Work Shop လုပ်တဲ့ဆီမှာ ပါဝင်ဖို့ မြန်မာပန်းချီဆရာအနေနဲ့ ကျွန်တော်အရွေးခံရတယ်။ Work Shop သုံးပတ် သွားလုပ်ခွင့်ရတယ်။ ဒီဂျပန်ကို သွားခဲ့တဲ့အတွက် ကျွန်တော့်အတွေးအမြင်မှာ ဘာအမြတ်ရလိုက်သလဲဆိုတော့ ပန်းချီဆရာတစ်ယောက်ဟာ သူများနဲ့မတူတဲ့ ဟန်တစ်ခုခုကတော့ ရှိရမယ်။ သူများလုပ်တဲ့အတိုင်း လိုက်လုပ်နေလို့တော့ ဘာမှ ဖြစ်လာမှာမဟုတ်ဘူး။ ဒီအသိက နဂိုကတည်းက ကျွန်တော့်မှာ ရှိပြီးသားပါ။ ဒါပေမယ့် ဂျပန်ကိုသွားပြီး လေ့လာခွင့်ရတဲ့အတွက် ဒီအသိဒီအမြင်မျိုးက ပိုပြီး ခိုင်မာစေခဲ့ပါတယ်"

ဆက်လက်ဖော်ပြပါမည်။

**ဦးလှဝင်း(လေသူရဲတစ်ဦး)**

(ယခင်လမှ အဆက်)

# စီးပွားရေးလုပ်ငန်းသုံး ၃၆ ပါး စစ်ဗျူဟာကျမ်း

## (၁၉)

**လူထုစိန်ဝင်း**

### ဒယ်အိုးအောက်ကထင်းကို ဆွဲထုတ်တဲ့ဗျူဟာ
### Pulling out the firewood from beneath the cauldron

ကိုယ့်ထက် အဆမတန် အင်အားကြီးမားတဲ့ ပြိုင်ဘက်နဲ့ ရင်ဆိုင်ရတဲ့အခါမှာ တိုက်ရိုက်ရင်ဆိုင် တိုက်ခိုက်ခြင်းမပြုဘဲ နည်းပရိယာယ်သုံးပြီး တိုက်ခိုက်ဖို့ အကြံပြုထားတာ ဖြစ်တယ်။ ဥတ္တရမင်းဆက်ခေတ်မှာ Wei Shou က စာနှစ်ကြောင်း ရေးခဲ့ဖူးတယ်။ အဲဒီစာက–

“ရေမဆူအောင် ထင်းကို ဆွဲထုတ်၊ မြက်မပေါက်အောင် အမြစ်ကို ဆွဲနုတ်” လို့ ဆိုထားတယ်။ တိုက်ရိုက် ရင်မဆိုင်ဘဲ သွယ်ဝိုက်ပြီး တိုက်ခိုက်ရမယ်လို့ ဆိုခြင်းဖြစ်တယ်။ ဇာတ်လမ်းတစ်ပုဒ်လည်း ရှိခဲ့တယ်။

“လုနိုင်ငံ ဧကရာဇ်က ကွန်ဖြူးရှပ်ကို ရာထူးခန့်ထား မြှောက်စားတယ် ကြားရတော့ ချီကျင်းကုန်း စိတ်မချမ်းမသာဖြစ်သွားတယ်။ ကွန်ဖြူးရှပ်လို ပညာရှိတစ်ဦး လုဘုရင်အပါး ရှိနေခြင်းဟာ လုဘုရင် ဘုန်းမီးနေလတောက်ပဖို့ သေချာနေပြီဆိုတာ ပြသခြင်းဖြစ်တာကြောင့် စိတ်မသက်မသာ ဖြစ်သွားရတာပါ။ ချီကျင်းကုန်းရဲ့ ပညာရှိအမတ်ကြီး ယန်ယင်းကလည်း အနိစ္စ ရောက်သွားပြီဖြစ်လေတော့ ကွန်ဖြူးရှပ်ကို ယှဉ်ပြိုင်နိုင်သူ တစ်ဦးတစ်ယောက်မှ မရှိတော့ဘူး ဖြစ်နေတယ်။ ချီကျင်းကုန်းက အတိုင်ပင်ခံအမတ်ကြီး လီမီကို ခေါ်ပြီး–

“ကွန်ဖြူးရှပ်ကို လုဘုရင်က ရာထူးခန့်ထားခြင်းဟာ ငါတို့နိုင်ငံအတွက် မကောင်းတဲ့လက္ခဏာ ဖြစ်တယ်။ လုဘုရင် ပိုမိုအင်အားတောင့်တင်းပြီး ပိုမိုထောင်လွှား



လာမှာ သေချာတယ်။ ဒီကိစ္စ ဘယ်လို ကြံကြမလဲ”လို့ တိုင်ပင်တယ်။ အမတ်ကြီး လီမီက–

“ဒယ်အိုးအောက်က ထင်းကို ဆွဲထုတ် ဆိုသလို ကွန်ဖြူးရှပ်ကို လုဘုရင် အပါးက ဖယ်ရှားပစ်ရမှာပဲ”လို့ မဆိုင်းမတွ ဖြေလိုက်တယ်။

“ကွန်ဖြူးရှပ်ကို လုဘုရင်က မျက်နှာသာပေးနေတာ။ ဘယ်လိုလုပ်ပြီး ဖယ်ရှားနိုင်မှာလဲ”

“သူတောင်းစား ထမင်းဝတော့ မိန်းမလိုချင်တယ်။ ထမင်းမစားရတော့ ခိုးတယ်ဆိုတဲ့စကား မင်းကြီး ကြားဖူးတယ် မဟုတ်လား။ လုဘုရင် လုတင်ကုန်းကလည်း ရမ္မက်ကြီးကြီးဆိုတော့ ခုလို နိုင်ငံအေးချမ်းနေချိန်မှာ အပျော်အပါးတွေ လောက်သာ စဉ်းစားနေမှာ သေချာတယ်။ သူ့အပါးမှာ မိန်းမချော မိန်းမလှတွေ ဝိုင်းရံနေအောင် စီမံပေးလိုက်ရင် ကွန်ဖြူးရှပ်ကို လုတင်ကုန်း လှည့်တောင်ကြည့်မှာ မဟုတ်ပါဘူး”လီမီရဲ့အကြံကို ချီကျင်းကုန်းက သဘောကျလက်ခံပြီး မိန်းမချောမိန်းမလှတွေ ရှာစေတယ်။ လီမီက မိန်းမချော မိန်းမလှ ၈၀ ကို ဝတ်ကောင်းစားလှတွေ ဝတ်ဆင်ကျွေးမွေးပြီး အဆိုအကနဲ့တကွ မိန်းမတို့တတ်အပ်တဲ့ ပညာမျိုးစုံကို သင်ကြားပေးတယ်။ ပညာစုံတဲ့အခါကျတော့ မြင်းကောင်း ၁၂၀ ကို ရွှေကုန်းနှီးတင်ပြီး မိန်းမလှ ၈၀ နဲ့အတူ လုနိုင်ငံကို စေလွှတ်လိုက်တယ်။

လုနိုင်ငံဘုရင်ရဲ့ လူယုံတော်အမတ်ကျီးစည်က မိန်းမလှတွေရောက်တဲ့သတင်း ကြားရတော့ သာမန်လူလို ဝတ်ဆင်ပြီး သွားအကဲခတ်တယ်။ မိန်းမချောမိန်းမလှတွေကို မြင်တွေ့ရတော့ သူကိုယ်တိုင် မိန်းမူးသွားခဲ့ရတယ်။ မြင်တွေ့ခဲ့ရသမျှတွေကို လုဘုရင်ဆီ တင်လျှောက်တော့ ရမ္မက်အိုးဘုရင် လုတင်ကုန်းက မအောင့်အည်းနိုင်တော့ဘဲ ချက်ချင်းသွားကြည့်မယ်လို့ ဆိုလိုက်တယ်။ အမတ်ကျီးစည်က ဘုရင်ကိုလည်း သာမန်လူလို ဝတ်ဆင်စေပြီး မိန်းမချောတွေရှိရာကို ခေါ်သွားတယ်။ မိန်းမချော မိန်းမလှတွေကို တွေ့လိုက်ရတာနဲ့ ရာဂဉမ္မတ္တကဘုရင်ဟာ ငမ်းငမ်းတက် ဖြစ်သွားလေတော့တယ်။

“မြင်းကောင်းတွေလည်း ရှိပါသေးတယ်ဘုရား”ကျီးစည်က ဘုရင်ကို လျှောက်တင်လိုက်တယ်။

“မိန်းမကောင်းရှိရင် မြင်းကောင်း ဘာလုပ်တော့မှာလဲ”လုဘုရင်က ချက်ချင်းပဲ ပဏ္ဏာတော်များကို လက်ခံကြောင်း အကြောင်းကြားစေပြီး ရေ့တော်သွင်းစေတယ်။ ပဏ္ဏာတော် ဆောင်ယူလာသူများကိုလည်း ထိုက်ထိုက်တန်တန် ဆုတော်လာဘ်တော် ချီးမြှင့်စေတယ်။ လူယုံတော် အမတ်ကျီးစည်ကိုလည်း ဆက်သလာတဲ့ မိန်းမချော ၈၀ အနက်က ၃၀ ကို ချီးမြှင့်တော်မူလိုက်တယ်။

လက်ဆောင်တော်များ ရတဲ့နေ့ကစပြီး လုဘုရင်ဟာ အတွင်းဆောင်က ထွက်တော်မမူတော့ဘူး။ စနစ်တကျ လေ့ကျင့်သင်ကြားထားတဲ့ မိန်းမချော မိန်းမလှတွေရဲ့ အပြုအစု၊ အဖျော်အဖြေ၊ အယုအယတွေမှာပဲ နစ်မျောပြီး ညီလာခံသဘင်ကို မေ့မေ့လျော့လျော့ ဖြစ်နေတော့တယ်။ အဲဒီလို တိုင်းရေးပြည်ရေး လျစ်လျူရှုနေတာကြာတော့ ကွန်ဖြူးရှပ်ရဲ့ တပည့်များက မကျေမနပ် ဖြစ်လာကြတယ်။ တိုင်းရေးပြည်ရေးထက် အပျော်အပါးကိုသာ အလေးထားတဲ့ ဘုရင့်အပါးမှာ ဆက်ပြီး ခစားနေဖို့ မသင့်ကြောင်း ဝိုင်းပြီး ပြောကြတယ်။ ကွန်ဖြူးရှပ်က တပည့်များကို ဖျောင်းဖျပြောဆို နှစ်သိမ့်ထားရတယ်။ မကြာခင်မှာ တစ်နိုင်ငံလုံး နှစ်စဉ် ကျင်းပမြဲ ဘိုးဘွားကန်တော့ပွဲကြီး ကျင်းပရတော့မှာဖြစ်တဲ့ အကြောင်း၊ အဲဒီပွဲတော်ကြီးကို ဘုရင်ကိုယ်တိုင် ဦးစီးပြီး နှစ်စဉ် ကျင်းပရတဲ့ အကြောင်း၊ ဒီနှစ်ပွဲတော်ကို ဘုရင် ကျင်းပဖို့ သတိရမရ စောင့်ကြည့်လိုသေးကြောင်း၊ ဘုရင်က မမေ့မလျော့ဘဲ ပွဲတော်ကို တက်ရောက်လာခဲ့ပါက ဘုရင်ကို သတိပေးပြုပြင်လို့ ရနိုင်သေးတယ်လို့ ယူဆရမှာဖြစ်ကြောင်းလည်း ရှင်းပြ နှစ်သိမ့်ထားခဲ့တယ်။

ပွဲတော်ရက်ရောက်တော့ လုဘုရင် ထွက်တော်မူလာပါတယ်။ ဒါပေမယ့် ခဏလေးသာ နေတယ်။ ပွဲတော်ကို ပြီးဆုံးသည်အထိ ဦးစီးကျင်းပခြင်းမပြုဘဲ အတွင်းဆောင်ထဲ ပြန်ဝင်သွားတယ်။ အဲဒီမှာတင် ကွန်ဖြူးရှပ် စိတ်လျှော့ပြီး တပည့်များရဲ့ ဆန္ဒအတိုင်း ရာထူးက နုတ်ထွက်လိုက်တယ်။ အဲဒီနောက် တပည့်များနဲ့အတူ လုနိုင်ငံ ဘုရင့်နန်းတော်ကို စွန့်ခွာသွားတော့တယ်။



ဒီဗျူဟာက ကိုယ့်ထက် အင်အားကြီးမားတဲ့ပြိုင်ဘက်ကို ရင်ဆိုင်ရတဲ့အခါမှာ ပြိုင်ဘက်ရန်သူရဲ့ အင်အားအရင်းအမြစ်ကို ဖယ်ရှားပစ်ဖို့ လုပ်ဆောင်တဲ့ဗျူဟာ ဖြစ်တယ်။ လက်တွေ့မှန်ကန်ပြီး အသုံးဝင်တာလည်း တွေ့ရတယ်။

## စီးပွားရေးနယ်ပယ်မှာ လက်တွေ့အသုံးချပုံ

ကမ္ဘာ့စီးပွားရေးလောက ကော်ပိုရေးရှင်းကြီးတွေ တစ်ခုနဲ့တစ်ခု ယှဉ်ပြိုင်ကြရာမှာ ဦးစီးခေါင်းဆောင်လုပ်တဲ့ CEO တွေကို သူ့ဘက်က ထွက်ပြီး ကိုယ့်ဘက်ပါလာအောင် နည်းမျိုးစုံသုံးပြီး ဆွဲဆောင်လေ့ရှိကြတယ်။ လစာနဲ့ ခံစားခွင့်တွေ သွားရည်ကျလောက်အောင်ပေးပြီး ကမ်းလှမ်းခဲ့ကြတယ်။ ဒါက ပြိုင်ဘက်ရဲ့ မီးဖိုထဲက ထင်းချောင်းတွေ ဆွဲထုတ်လိုက်တဲ့ သဘောပဲ ဖြစ်တယ်။

ကွန်ပျူတာဈေးကွက်ထဲ Dell ကုမ္ပဏီ ဝင်ရောက်လာတာ ကြည့်သင့်ကြတယ်။ Dell က ရှေ့မှာ ရှိပြီးသား နာမည်ကြီး IBM၊ Compaq၊ HP စတဲ့ ကုမ္ပဏီကြီးတွေနဲ့ မျက်နှာချင်းဆိုင် ဝင်မတိုးဘူး။ ကုမ္ပဏီကြီးတွေ၊ လုပ်မြဲ ကိုယ်စားလှယ်တွေ၊ အေးဂျင့်တွေကတစ်ဆင့် ဈေးကွက်ထဲဝင်တဲ့ပုံစံ မလုပ်ဘူး။ ကုမ္ပဏီကြီးတွေ ထုတ်တဲ့လိုင်းကို မလုပ်ဘူး။ သူတို့မလုပ်တဲ့လိုင်းကိုပဲ ကိုင်ပြီး သုံးစွဲသူတွေဆီ တိုက်ရိုက်ရောင်းတဲ့စနစ် ကျင့်သုံးတယ်။ သုံးစွဲသူက ကိုယ်လိုချင်တဲ့ပုံစံနဲ့ ကိုယ့်အတွက် အသုံးတည့်ရာကို မှာကြားနိုင်တယ်။ သူတို့မှာတဲ့ပုံစံအတိုင်း Dell က ထုတ်လုပ်ပေးပြီး သူတို့ဆီ အရောက်ပို့ပေးတယ်။ ဖြန့်ချိဖို့အချိန် သိပ်မယူရတော့တာရယ်၊ ကြားလူစားတဲ့စရိတ် မရှိတော့တာရယ်ကြောင့် Dell ကွန်ပျူတာဟာ တခြားတံဆိပ်တွေနဲ့စာရင် ဈေးအများကြီး သက်သာသွားတယ်။ သုံးစွဲသူကလည်း ကိုယ့်အကြိုက်မှာပြီး လုပ်ခိုင်းလို့ရတယ်ဆိုတာကြောင့် ကျေနပ်မှု ရစေတယ်။ ပြိုင်ဘက်ကုမ္ပဏီကြီးတွေနဲ့ ထိပ်တိုက်ရင်ဆိုင်ပြီး မရောင်းဘဲ ကုမ္ပဏီကြီးတွေရဲ့ အရင်းအမြစ် သုံးစွဲသူကို သူတို့ဆီက ဆွဲထုတ်ယူလိုက်တဲ့ ဗျူဟာကြောင့် Dell ကွန်ပျူတာ ဈေးကွက်ထဲ တိုးဝင်လာနိုင်ခဲ့တာ ဖြစ်တယ်။

**စင်ကာပူက ဆေးကုသမှုလုပ်ငန်းကိုလည်း လေ့လာကြည့်သင့်တယ်။ ရှေးက စင်ကာပူ ဆေးကုသမှုလုပ်ငန်းမှာ ပုဂ္ဂလိကဆေးရုံကြီးတွေမရှိဘဲ အစိုးရဆေးရုံသာ ရှိခဲ့တယ်။ အဲဒီတော့ ထုံးစံအတိုင်း ဝန်ဆောင်မှု ညံ့ဖျင်းတာပေါ့။ စင်ကာပူသားတွေကလည်း တဖြည်းဖြည်းနဲ့ ချမ်းသာလာကြတော့ အရင် ဆင်းရဲတဲ့ ဘဝတုန်းကလို အစိုးရဆေးရုံပေါ်က ဆရာဝန်တွေ၊ ဆရာမတွေ ပြုသမျှနုကြရတဲ့အဖြစ်နဲ့ မနေကြတော့ဘူး။**

စင်ကာပူက ဆေးကုသမှုလုပ်ငန်းကိုလည်း လေ့လာကြည့်သင့်တယ်။ ရှေးက စင်ကာပူ ဆေးကုသမှုလုပ်ငန်းမှာ ပုဂ္ဂလိကဆေးရုံကြီးတွေမရှိဘဲ အစိုးရဆေးရုံသာ ရှိခဲ့တယ်။ အဲဒီတော့ ထုံးစံအတိုင်း ဝန်ဆောင်မှု ညံ့ဖျင်းတာပေါ့။ စင်ကာပူသားတွေကလည်း တဖြည်းဖြည်းနဲ့ ချမ်းသာလာကြတော့ အရင် ဆင်းရဲတဲ့ ဘဝတုန်းကလို အစိုးရဆေးရုံပေါ်က ဆရာဝန်တွေ၊ ဆရာမတွေ ပြုသမျှနုကြရတဲ့အဖြစ်နဲ့ မနေကြတော့ဘူး။ ဆရာဝန်တွေကို ပိုက်ဆံပေး အိမ်ခေါ်ပြီး ကုကြတယ်။ ဒီလိုနဲ့ ဆရာဝန်တွေရဲ့ ကိုယ်ပိုင်ဆေးခန်းတွေ ပေါ်များလာခဲ့တယ်။ နောက်တော့ ဆေးခန်းက ဆေးရုံကြီးတွေ ဖြစ်လာတော့တာပေါ့။ ဆရာဝန်တွေကလည်း အစိုးရဆေးရုံတွေမှာထက် ဝင်ငွေလေးငါးဆယ်ဆ ပိုရတဲ့ ပုဂ္ဂလိက ဆေးရုံတွေမှာပဲ အလုပ်လုပ်ချင်ကြတော့တယ်လေ။ ဒီနည်းနဲ့ စင်ကာပူမှာ ပုဂ္ဂလိကဆေးရုံအကြီးကြီးတွေ ပေါ်ထွန်းလာခဲ့တယ်။

အဲဒီအချိန်မှာ အစိုးရဆေးရုံတွေကလည်း ဒီအတိုင်း ငြိမ်မနေဘူး။ ပုဂ္ဂလိကတွေနဲ့ အပြိုင်အဆိုင်လုပ်လာတယ်။ ဆရာဝန်တွေကို နိုင်ငံခြားက ဒိတ်ဒိတ်ကြဲ ဆေးကျောင်းကြီးတွေဆီ ပို့လွှတ်ပြီး ပညာသင်စေတယ်။ ပညာသင်ပြီး ပြန်လာရင် အစိုးရဆေးရုံမှာ လေးငါးနှစ်ဆက်လုပ်ဖို့ ဝန်ခံကတိနဲ့ စေလွှတ်ပေးတာ ဖြစ်တယ်။ အစိုးရဆေးရုံတွေမှာဆိုတော့ အလုပ်တည်မြဲဖို့ အာမခံချက်ရှိရုံမက နိုင်ငံခြား ပညာသင်သွားဖို့ အခွင့်အရေးလည်း မကြာမကြာ ရတတ်တာကြောင့် အခုတော့ ဆရာဝန်တွေဟာ ပုဂ္ဂလိကဆေးရုံမှာထက် အစိုးရဆေးရုံကြီးတွေမှာပဲ ပိုပြီး လုပ်ချင်နေကြတော့တယ်။ လူနာတွေကလည်း စရိတ်စကကြီးမားလှတဲ့ ပုဂ္ဂလိကဆေးရုံကြီးတွေထက် အစိုးရဆေးရုံတွေကို ပိုပြီး ရောက်လာကြတော့တယ်။

Dell ကွန်ပျူတာနဲ့ စင်ကာပူဆေးရုံလုပ်ငန်းကြီးတွေရဲ့ လုပ်ရပ်ဟာ ဖော်ပြခဲ့တဲ့ ဗျူဟာကို ပိုင်ပိုင်နိုင်နိုင် အသုံးချနိုင်လို့ အောင်မြင်မှုရတာကို ပြသတဲ့ နမူနာကောင်း ဖြစ်တယ်။ အရင်းအမြစ်ကို ကိုင်လိုက်တာ ဖြစ်တယ်။ Dell ဟာ ကွန်ပျူတာအကောင်းစားကြီးတွေ၊ အမြင့်စားကြီးတွေ မထုတ်လုပ်ပါဘူး။ ဒါပေမယ့် ဒီနေ့ဈေးကွက်ထဲမှာ နေရာတစ်ခု ရနေပါတယ်။ အခုဆိုရင် Dell ရဲ့ အစိတ်အပိုင်းတွေဟာ ထိုင်ဝမ်မှာ ထုတ်တာထုတ်၊ တရုတ်ပြည်ကြီးမှာ ထုတ်တာထုတ်၊ မလေးရှားမှာ ထုတ်တာထုတ်ဆိုတော့ ပိုပြီးတောင် ဈေးပေါပေါ ရောင်းလို့ ရနေတယ်။ သုံးစွဲသူတွေကလည်း ဈေးသက်သာပြီး ကိုယ်လိုချင်တဲ့ပုံစံအတိုင်း ထုတ်လုပ်ပေးနိုင်တဲ့ Dell ကို တစ်နေ့တခြား ပိုပိုပြီး သုံးစွဲလာကြတာ တွေ့ရပါတယ်။

**လူထုစိန်ဝင်း**

၃၀–၈–၂၀၀၄